www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ

မျက်နှာဖုံး
နေမျိုးဆေး

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဇော်မြင့်ဝင်း (ကာလာဖုံပုံနှိပ်တိုက်)
အမှတ် ၁၈၄ (ဘီ)၊ ၃၁ လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ
ဒေါ်တင်တင်ဝင်း (ဂျူးစာပေ)
အမှတ် ၈၅၊ အထက်ကြည့်မြင်တိုင်လမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။

တန်ဖိုး
၂၈၀၀ ကျပ်

ဂျူး

# ဆုံနေရက်နဲ့လွမ်းလေခြင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၁)

နောက်ဆုံးစာကြောင်းကို ရေးပြီးချိန်မှာ လွှမ်းတစိတ်နှင့် အားငယ်စိတ်တို့ ရောယှက်လျက် စူးနစ်စွာ နာကျင်လာသည်။

ဒီစာကိုရော မောင် ဖတ်ရပ့်မလား။

ပြီးတော့ လက်မှတ်မထိုးခင်မှာ ဘာစကားဖြင့် နှုတ်ခွန်းဆက်ရမလဲ။ ဒီတစ်ခါ သတ္တိကောင်းကောင်း သို့မဟုတ် မိုက်မိုက်မဲမဲ တစ်ခါမှ မရေးဖူးသော စကားလုံးအဖြစ် 'အချစ်များစွာဖြင့်' ဟု ရေးလိုက်ရမလား။ တစ်ခါလောက် ဘဝမှာ စိတ်လွတ်လက်လွတ် ဖွင့်ချပစ်လိုက်ချင်လို့ပါ။ ကျွန်မလေ ကျွန်မ အင်ကြင်းဝေလေ ဘဝမှာ တစ်ခါလေးတော့ ရူးသွပ်သွားလိုက်ချင်သည်။

မဖြစ်ပါဘူးမောင်။ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

တစ်ခါတလေ သုံးနှုန်းဖူးသော 'ချစ်ခင်စွာဖြင့်' ဆိုတာကမှ တော်ဦးမည်။ သို့မဟုတ် သုံးနှုန်းနေကျ စကားလုံးလေးရော၊ အဲဒါပဲ ကောင်းပါတယ်။ နောက်ဆုံးတော့ 'မေတ္တာဖြင့် မမ' ဟု ရေးလိုက်တော့သည်။

စာကို သေသေသပ်သပ် မြတ်မြတ်နိုးနိုးခေါက်ပြီး အဖြူရောင် စာအိတ်လေးထဲထည့်ကာ မြန်မြန်ပိတ်ပစ်လိုက်သည်။ ပြီးတော့ စာအိတ်ကို ပလတ်စတစ်အိတ်လေးထဲ သေသေချာချာ ထည့်ပြီး ပလတ်စတစ်ကို ပိတ်၊ အပေါ်မှ စက္ကူချုပ်စက်လေးဖြင့်

www.burmeseclassic.com



ပလတ်စတစ်အစွန်းပိတ်ကို သုံးနေရာလောက် ချုပ်ပေးလိုက်၏။ မိုးရေစိုမှာကို မပူရတော့ဘူးပေါ့။ မနက်ကတည်းက ရွာနေသည့် မိုးသည် အခုအခါ နည်းနည်းတော့ စဲသွားပြီ။ သို့သော် မိုး မတိတ်သေးပါ။

လက်ဆွဲသေတ္တာကို လက်တစ်ဖက်၊ ကျောပိုးအိတ်ကို လက်တစ်ဖက်ဖြင့် ကိုင်ပြီး ကျွန်မ အခန်းထဲကထွက်တော့မည့် ဆဲဆဲ စားပွဲပေါ်မှာ ထောက်တိုင်လေးဖြင့် တင်ထားသော ဓာတ်ပုံတစ်ခုဆီသို့ လှမ်းကြည့်လိုက်မိသည်။ ဟင့်အင်း မယူနဲ့။ မှန်ပေါင်သွင်းထားတာမို့ ကွဲမှာ ရှမှာ စိုးရသည်။ အိပ်ခန်းထဲမှာပဲ နေခဲ့ပါစေတော့။ မဖြစ်သေးပါဘူး။ ယူမှ ဖြစ်မှာပါ။ ကျွန်မအနားမှာ မောင်မရှိပေမယ့် ဒီဓာတ်ပုံလေးတစ်ခု ရှိနေဖို့လိုပါသည်။ ကျွန်မ ဖျတ်ခနဲ ဆွဲယူလိုက်ပြီး ကျောပိုးအိတ်ထဲသို့ ထည့်လိုက်စဉ် ခြံရှေ့ဆီမှ ဟွန်းတီးသံတစ်ခု ကြားလိုက်ရသည်။ အငှားကား ရောက်လာပြီထင်ပါရဲ့။

ကျွန်မ အိမ်ခန်းပတ်လည်ကို တစ်ချက်ဝေ့ဝဲကြည့်လိုက်သည်။ ဘာများ လိုဦးမလဲ။ တံခါးတွေ အသေအချာ ပိတ်ပြီးပြီ။ မီးဖိုခန်း နံရံကပ်ဘီဒိုထဲမှာ မောင့်အတွက် မွေးနေ့လက်ဆောင်လေးတွေကို သူ့နေရာနှင့်သူ စီပြီး ထည့်ပေးထားပြီးပြီ။ ဒီနှစ်လက်ဆောင် အပါအဝင်ဆို အားလုံး လေးနှစ်စာပေါ့။ လေးနှစ်စာ မွေးနေ့လက်ဆောင်များသည် ကျွန်မအပြန်ကိုပဲ စောင့်နေမလား။ မွေးနေ့ရှင်က အရင်ဦးစွာ ရောက်ပြီး အမြတ်တနိုးထိကိုင်ရယူခြင်း ခံရမလား။

အိမ်မှမထွက်မီသေချာအောင် ကျောပိုးအိတ်ကို ကျွန်မ နောက်ဆုံးအကြိမ် ဖွင့်ကြည့်လိုက်သည်။ လိုအပ်သမျှ ပါရဲ့လား။ နိုင်ငံကူးလက်မှတ်၊ လေယာဉ်လက်မှတ်၊ ပြည်ပထွက်ခွာခွင့်ပြု



သည့်လက်မှတ်၊ ကျွန်မ၏ခရီးဆောင်ကွန်ပျူတာ၊ ပြီးတော့ ကျွန်မ မြတ်နိုးသည့် ဓာတ်ပုံ၊ ပြီးတော့ စာကြောင်းတိုတိုတွေ ပုံတွေဖြင့် ပြည့်နေသည့် ကိုယ်ရေးကိုယ်တာမှတ်စု(scrap book) လေး။ အကုန်ပါခဲ့ပါပြီ။

ထီးယူလာခဲ့သော်လည်း ထီးဆောင်းဖို့ လက်က မအားသဖြင့် မိုးဖွဲဖွဲအောက်မှာပင် အိမ်တံခါးကိုသော့ခတ်၊ လက်ဆွဲသေတ္တာကိုဆွဲ၊ ကျောပိုးအိတ်ကို ကျောမှာလွယ်ပြီး ခပ်သွက်သွက် လျှောက်ခဲ့သည်။ နောက်ဆုံးအဖြစ် ခြံတံခါးကို သော့ခတ်အပြီး အိတ်ထဲကစာကို ထုတ်ယူကာ ခြံတံခါးဘေး သစ်သားတိုင်တွင် မောင် မြင်သာအောင် တွဲလွဲချိတ်လိုက်သည်။

ကျွန်မကို ခွင့်လွှတ်ပါမောင်ရေ။ မောင့်မွေးနေ့မှာ မောင်လာသည်ဖြစ်စေ မလာသည်ဖြစ်စေ ကျွန်မ မောင့်ကို အိမ်ကနေစောင့်ကြိုနေကျအဖြစ်ကနေ ပထမဆုံးအကြိမ် ပျက်ကွက်ခဲ့ရပြီ။ တကယ်လို့များ ဒီနှစ် မောင်ရောက်လာခဲ့မယ်ဆိုရင်ပေါ့လေ။ ခြံသော့ကို ဖွင့်ပြီး မောင် ဝင်နှင့်ပါ။-

ဟုတ်တယ်လေ။ မောင် မရောက်လာဘူးလို့ ဘယ်သူမှ အတတ်မပြောနိုင်။

မောင်ရောက်လာခဲ့လျှင် ခြံတံခါးသော့မှ နံပါတ်လေးခုကို လှည့်ပြီး ဖွင့်ဝင်လိမ့်မည်။ ထိုနံပါတ်သည် မောင့်မွေးသက္ကရာဇ်ဖြစ်လို့ ကျွန်မတို့နှစ်ယောက်လုံး ဘယ်တော့မှ မေ့လိမ့်မည်မဟုတ်သည့် ၁၉၈၁ ဖြစ်သည်။ ခြံထဲသို့ရောက်ပြီးလျှင် အိမ်သော့ရှာရမည့်နေရာကိုလည်း မောင်ကလွဲပြီး ဘယ်သူ့ကိုမှ ကျွန်မ ပြောပြမထားခဲ့ပါ။

မောင် မရောက်လာခဲ့လျှင်ရော။

ထိုအတွေးကြောင့် ရင်ထဲမှာ စူးနင့်စွာ နာကျင်သွား၏။

www.burmeseclassic.com



မောင် မရောက်လာခဲ့လျှင်တော့ ထိုစာလေးကို အိမ်ပြန်အဝင်တွင် ကျွန်မ ရှက်ရွံ့စွာ ပြန်တွေ့ရလိမ့်မည်။

သို့သော် ဘာအကြောင်းကြားစာမှ မထားခဲ့မိလို့ မောင်ရောက်လာချိန် တွယ်ရာမဲ့ လေလွင့်စိတ်ဖြင့် မောင် နာကျင်သွားရမည့်အဖြစ်ထက် ဖတ်မည့်သူမရှိသည့်ကိုယ့်စာကို ကိုယ် ပြန်တွေ့ရလို့ ရှက်ရွံ့ နာကျင်စွာ ငိုကြွေးရသည့်အဖြစ်ကို ကျွန်မ ရွေးချယ်လိုက်ပါမည်။

ဒါဟာ အချစ်လား။

မဟုတ်ပါဘူးနော်။ ဒါဟာ မေတ္တာသာ ဖြစ်ပါသည်။

ကျွန်မ သွားတော့မည်။ ကျွန်မ၏အိမ်ပုပုပြားပြားလေးကို ကျွန်မလှမ်းကြည့်ပြီး နောက်ဆုံးနှုတ်ဆက်လိုက်သည်။ မောင့်ကို နှုတ်ဆက်ခွင့်မကြုံတော့ မောင့်အရိပ်နှင့်အငွေ့တို့ကိုသာ နှုတ်ဆက်ရတော့မည်။ မကြာပါဘူးမောင်၊ ဆယ်ရက်ပါပဲ။ ဆယ်ရက် ကြာလျှင် ကျွန်မ ပြန်လာမှာ။

အငှားကားသမားက ကျွန်မအိတ်တို့ကို နောက်ခန်းထဲထည့်နေစဉ် ကျွန်မက အိမ်ပတ်ဝန်းကျင်ရှိ စိမ်းမှောင်သောအရွက်အခက်စိပ်စိပ် ချုံပင် သစ်ပင် ပန်းပင်များကို အကျင့်ပါနေသောရှာဖွေသည့်မျက်လုံးတို့ဖြင့် ဝေ့ဝဲ ကြည့်လိုက်မိသည်။ ကျွန်မ မမြင်နိုင်သည့်တစ်နေရာရာကနေ ကျွန်မကို စောင့်ကြည့်နေဖို့ မောင် ကျွန်မနှင့်မနီးမဝေးမှာ ရှိနေလိမ့်မည်ဟု ဘာဖြစ်လို့များ ထင်နေခဲ့မိသလဲမသိ။

နောက်တော့လည်း အရာရာသည် ဟိုစဉ်ကလိုပဲ မပြည့်သည့်ဆုတောင်းများ၊ ရင်ထဲမှာ လှိုက်ဟာစေမည့် မျှော်လင့်ချက်များ၊ လစ်ဟာမှုများနှင့် နေသားတကျ ဖြစ်လျက် ကျန်ရစ်ခဲ့ပြန်တော့သည်။



ကျွန်မ သိချင်လှပါရဲ့။ မောင် ကျွန်မအပါးမှ ထွက်ခွာခဲ့စဉ်က မောင့်ခြေလှမ်းတို့ နာကျင်ခဲ့သေးသလား။ တွန့်ဆုတ်ခဲ့သေးလား၊ ဝေခွဲရခက်ခဲ့သေးလား။ နည်းနည်းလေး ဖြစ်ဖြစ်လေ။ ကိုယ့်ကိုယ်ကို မဲ့ပြုံးပြုံးလိုက်ရင်း ရှက်ရွံ့စွာ ခေါင်းတစ်ချက် ဆတ်ခါပစ်လိုက်သည့်အခါ မျက်ဝန်းတွင် ခိုတွဲလာသော မျက်ရည်တို့ လွင့်စင်သွားပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## (၂)

နံနက်ခင်း၏ ပြာလွင်သော ကောင်းကင်ထဲမှာ လွင့်မျော နေသည့် တိမ်ခိုးမျှင်တွေကို မြင်ရသည်။ အမြင့်ပေ သုံးသောင်း မှာ ဆိုတော့ တိမ်မျှင်အလွှာပါးပါးသာ ဟိုး ခပ်ဝေးဝေးမှာပေါ့။ ဒါပေမယ့် တိမ်ကတော့ တိမ်ပါပဲလေ။

ရေးလက်စမှတ်စုထဲမှာ စာကြောင်းတချို့ထပ်ဖြည့်လိုက် မိသည်။

'လေယာဉ်အမြင့်မှာတော့ ကောင်းကင်အပြာသက်သက် ပါပဲ။ တိမ်မျှင် နည်းနည်းကို ဟိုး ခပ်လှမ်းလှမ်းမှာ အမျှင်လိုက် ကျဲကျဲပါးပါး လှမ်းမြင်ရတယ်။ တိမ်တွေက မင်းနဲ့ ကိုယ်ရဲ့တိမ်တွေ လို မလှပါဘူး မောင်'

'မင်းနဲ့ကိုယ်ရဲ့တိမ်' တဲ့။ ကျွန်မလက်ရေးများကို ငေးမော ကြည့်ရင်း ပင့်သက်တစ်ချက် ရှိုက်လိုက်၏။ ကျွန်မတို့နှစ်ယောက် ၏တိမ်တွေက လှပခဲ့ပါသည်။ ထို့နောက် မင်းနဲ့ကိုယ်ရဲ့တိမ် ဟူ သော စကားစုကို ဘောလ်ပင်ဖြင့် ခြစ်ပြီး ပြန်ဖျက်ပစ်လိုက်၏။ ထို့နောက် စကားစုတစ်ခုဖြင့် အစားထိုးလိုက်သည်။

'ဦးကျော်လှိုင်ရဲ့ တိမ်ပန်းချီကားတွေလောက်' ဟု ပြင် လိုက်သည်။ မောင်သာ အနားမှာရှိနေပြီး ကျွန်မ၏မှတ်စုကို ခိုး ဖတ်နေသည်ဆိုလျှင် လှောင်ပြောင်သည့် ရယ်မောသံဖြင့် ကျွန်မ



ကို ရှုတ်ချလေမလား။ ကျနော့်ကို လိမ်သတဲ့။ မမကမှ လိမ်တာ ဟု ခနိုးခနဲ့ ရယ်မောလေမလား။ ကျွန်မ မလုံမလဲစိတ်ဖြင့် မင်းနဲ့ ကိုယ်ရဲ့ တိမ် ဟူသောစကားစုကို ဖတ်လို့မရနိုင်တော့သည်အထိ မဲနက် နေအောင် ထပ်ခါထပ်ခါ ခြစ်ပစ်လိုက်သည်။ သို့သော် ကျွန်မ၏ အာရုံထဲမှာ ပေါ်လာသည့် စကားသံတို့ကိုတော့ ဖျောက်ဖျက်ပစ် လို့ မရနိုင်ပေ။

'တိမ်ဆိုတာ အငွေ့အဖြစ် မြင်ရတဲ့ မြစ်ရဲ့ဝိညာဉ်တွေပဲ'

မောင်ပြောခဲ့သည့်စကားပါ။ သူ့ကိုယ်ပိုင်စကားတော့ ဘယ်ဟုတ်မလဲ။ ကဗျာတစ်ပုဒ်ထဲမှာ ဖတ်ထားပြီး ကျွန်မကို ပြန် ရွတ်ပြခြင်း ဖြစ်သည်။ မောင် ကဗျာတွေကို ချစ်တတ်လာသည့် အတွက် ကျွန်မကိုယ်ကျွန်မ ဂုဏ်ယူခဲ့ရပါသည်။

မောင့်ကို ကျွန်မအတွေးထဲကနေ ထုတ်ပယ်လို့ မရနိုင် တော့ဘူးလား။ တကယ်ဆိုလျှင် အခုအချိန်မှာ ကျွန်မရေးနေသည့် မှတ်စုသည် ဇူလိုင်လ၇ရက်နေ့မှာ ပြော့ရမည့် ညီလာခံအဖွင့် အမှာစကားနှင့်သက်ဆိုင်သည့် အကြောင်းအရာ ဖြစ်နေရမည်။ သို့မဟုတ်လျှင်လည်း ၈ရက် ၉ရက် ၁၀ရက် တစ်ရက်ရက်တွင် ဖတ်ရမည့် ကျွန်မ၏ စာတမ်းနှင့် သက်ဆိုင်သည့်အကြောင်းအရာ ဖြစ်နေရမည်။ အခုတော့ မောင့်အကြောင်းပဲ တွေးနေမိပြန်သတဲ့။

လေယာဉ်စီးတိုင်း မောင့်ကို သတိရစိတ်က ပေါ်လာ တတ်လို့ပါလေ။ မောင်က ဘဝမှာ လေယာဉ်တစ်ခါမှ မစီးဖူးဘူး တဲ့။ ကျွန်မက တစ်ခါလောက် ပုဂံသို့ လေယာဉ်ဖြင့်သွားရန် လိုက် ပို့ပေးမည်ဟု စီစဉ်တော့လည်း လေယာဉ်စီးရမှာ ကြောက်သတဲ့။ တကယ်တော့ လေယာဉ်ကိုကြောက်သည့်နေရာမှာ ကျွန်မက ပိုမှာပါ။

ကျွန်မက လေယာဉ်စီးတိုင်း ကြောက်နေဆဲ။ အခု ကျွန်မ

www.burmeseclassic.com



စီးလာသည့်လေယာဉ်က ပြင်သစ်လေကြောင်း Air France ဖြစ်သဖြင့် ပိုတောင် ကြောက်မိသည်။ ၂၀၀၉ခုနှစ်တုန်းက ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးလေဆိပ်မှ ပြင်သစ်နိုင်ငံ ပါရီမြို့ ချားလ်စ်ဒီဂေါလ် လေဆိပ်သို့ ပျံသန်းလာသည့် အဲဖရန့်စ် လေယာဉ်တစ်စင်း အက်တလန်တစ်သမုဒ္ဒရာထဲ ပျက်ကျခဲ့သည့်အဖြစ် ရှိထားတာကိုး။ လေယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ၂၁၆ယောက်နှင့် လေယာဉ်အမှုထမ်း ၁၂ယောက် စုစုပေါင်း ၂၂၈ဦး အကုန်လုံး သေဆုံးသွားခဲ့သည်ဟု ဖတ်လိုက်ရသည်။

ကျွန်မတို့လေယာဉ်လည်း အချိန်မရွေးပျက်ကျနိုင်တာပေါ့။ မောင့်ကို ပြန်မတွေ့ရဘဲနှင့် ကျွန်မ မသေချင်ပါ။ မောင်တစ်နေရာရာမှာ ငြိမ်းချမ်းပျော်ရွှင်စွာ ဘဝကို ဖြတ်သန်းနေသည်ဟု ကျွန်မ သိပြီးမှ သေချင်သည်။ လေယာဉ်တွေမှာ ဆင်းခါနီးအချိန် ပျက်ကျသည့်ရာခိုင်နှုန်းနှင့် တက်ပြီးခါစ ပျက်ကျသည့်ရာခိုင်နှုန်း ဘယ်ဟာက ပိုများပါလိမ့်။ နေပါဦး။ အဲဖရန့်စ် ပျက်ကျခဲ့တာကတော့ တက်ခါစလည်း မဟုတ်၊ ဆင်းခါနီးလည်း မဟုတ်။ ပျံသန်းချိန် သုံးနာရီကျော်အကြာ တစ်ဝက်တောင် မကျိုးသေးသည့် ခရီးတစ်ပိုင်းတစ်စမှာ ပျက်ကျခဲ့တာဖြစ်သည်။

အင်း အခုတော့ ကျွန်မက ဖရန့်ဖွတ်မှာ တစ်ထောက်နားပြီးမှ ပြင်သစ်လေကြောင်းဖြင့် ခရီးထပ်ဆက် ပျံသန်းလာတာမို့ အကွာအဝေး နီးပါသည်။ မိုင် ၄၉၀လောက်ပဲ။ တစ်နာရီဆယ့်သုံးမိနစ်ခန့် ကြာလိမ့်မည်ဟု လေယာဉ်မယ်က ကြေညာသွားခဲ့သည်။ ဒီအတွင်းတော့ ဘာမှ မဖြစ်လောက်ဘူး ထင်ပါရဲ့။

ဘန်ကောက်မှ ဖရန့်ဖွတ်အထိ လာခဲ့သည့်ခရီးရှည်ကြီးမှာတောင် ဘာမှ မဖြစ်ခဲ့တာ။ အခုလို ခရီးတိုကျမှတော့ ဘာမှအန္တရာယ်ကြုံမှာ မဟုတ်ပါဘူးနော်။



ကျွန်မ ခရီးထွက်တိုင်း မောင်က ကျန်ရစ်ခဲ့သည်ချည်းပင်ဖြစ်သည်။ ပြောရမည်ဆိုလျှင် အခြေအနေအရ အသက်အရွယ်အရ အလုပ်အရ အမြဲလိုလိုပင် ကျွန်မက ထားရစ်သူဖြစ်ပြီး မောင်က ကျန်ရစ်သူ ဖြစ်သည်။

ကျွန်မနှင့်မောင့်ကြားမှာ မမြင်နိုင်သောကြိုးတစ်ချောင်းရှိသည်။ မမြင်နိုင်ဘူးဆိုမှတော့ ထိုကြိုး၏အရှည်ကိုလည်း တိုင်းထွာဖို့ ခက်ခဲသည်။ သေချာတာကတော့ ထိုကြိုးသည် တိုပါသည်။ မောင် အိမ်ပြန်သွားလျှင် မောင့်နောက်ကျောကို လှမ်းကြည့်ရင်း ကျွန်မရင်ထဲမှာ နာကျင်သွားအောင် တင်းခနဲ ဖြစ်သွားသည့် ကြိုးမျိုး။ မောင်ရှိရာမြို့ကနေ ခွဲခွာရတိုင်း လွမ်းရလှပြီဟု ထင်ထားပေမယ့် ကျွန်မ မိုင်ပေါင်း ထောင်ချီပြီးထွက်သွားသည့်အခါ မောင့်အသံကို ကြားလိုစိတ်၊ မောင့်ကို မြင်လိုစိတ်က အတိုင်းအဆပမာဏ ကြီးမားလှသည်။ ကျွန်မတို့နှစ်ယောက်ကြားက ကြိုးကတင်းလှချည်ရဲ့။ သို့သော် ကျွန်မက ထားရစ်သူမဟုတ်ဘဲ ကျန်ရစ်သူ ဖြစ်ရပြီဆိုတော့မှ လွမ်းရပုံချင်း မတူပါလားဟု ကိုယ်တွေ့သိရတော့သည်။ ထားရစ်ခဲ့ရသည့်အခါ လွမ်းစိတ်သည် သေချာရေရာမှုတွေနှင့် ပိုင်ပိုင်နိုင်နိုင် ရှိ၏။ ကျန်ရစ်ခဲ့ရပြီဆိုသည့်အခါ မသေချာမရေရာသည့် တွယ်ရာမဲ့ စိုးထိတ်မှုဖြင့် လွမ်းရလေသည်။

သည်နေ့ဆိုလျှင် ဇူလိုင်လ ငါးရက်နေ့ဖြစ်ပြီ။ မနက်ဖြန်မောင့်မွေးနေ့ဖြစ်သည်။ မောင့် မွေးနေ့တွေမှာ ကျွန်မဆီကလက်ဆောင်ကို တောင်းဖို့ မောင်လာနေကျ။ မနက်ဖြန် ကျွန်မ၏စာလေးကိုဖတ်ဖို့ မောင် ကျွန်မအိမ်သို့ ရောက်သွားလေမလား။

ပျော်စရာကောင်းသည့်မွေးနေ့ ဖြစ်ပါစေဟု ကျွန်မဘယ်တော့မှ နှုတ်ခွန်းမဆက်ခဲ့ပါ။ မောင် လူ့လောကထဲ ရောက်လာသည့်နေ့သည် ပျော်စရာမှ မဟုတ်ဘဲ။ ဝမ်းနည်းကြေကွဲစရာ

www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့ကို ကြုံရသူရယ်လို့ ဒီကမ္ဘာတွင် သိပ်များများရှိမှာမဟုတ်။ ထို့ကြောင့် ကျွန်မမောင့်ကို အမြဲပြောလေ့ရှိသည့် စကားက 'မွေးနေ့မှာ ချစ်ခြင်းမေတ္တာတွေနဲ့ လွှမ်းခြုံပေးလိုက်ပြီမို့ တစ်နှစ်ပတ်လုံး ဘေးမသီရန်မခ နွေးထွေးနေပါစေ' တဲ့။ ဒါပါပဲ။ ချစ်ခြင်းမေတ္တာဆိုတာ အချစ်မဟုတ်ဘူးဟု ကျွန်မ အမြဲ ရှင်းပြပေးခဲ့ရသည်။

လေယာဉ်က နိမ့်ခနဲ စိုက်ဆင်းသွားသည်။ လေယာဉ်ဆင်းတော့မည်ထင်ပါရဲ့။

'ကျွန်မတို့လေယာဉ်ဟာ မကြာမီအချိန်အတွင်း မာဆေးပရောဗန့်စ်လေဆိပ်သို့ ဆင်းသက်ပါတော့မယ်ရှင်'

လေယာဉ်မယ်က ပြင်သစ်ဘာသာဖြင့် ကြေငြာ၏။ ကျွန်မက ပြင်သစ်စာကို ထမင်းစားရေသောက်သာ ပြောနိုင်သူဖြစ်ပေမဲ့ တချို့အသံထွက်တွေကို မှန်းဆပြီး နားလည်လိုက်သည်။

'ကွန်ပျူတာနှင့် အီလက်ထရွန်းနစ် ပစ္စည်းများကို သုံးစွဲခြင်း မပြုကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ပြတင်းမှန်များကို ပြန်တင်ပေးကြပါရန်၊ ထိုင်ခုံများကို မတ်မတ် အနေအထားသို့ ပြန်လည် ပြင်ဆင်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်'

ထိုစကားတို့ကိုပင် အင်္ဂလိပ်လို ထပ် ကြေညာချိန်တွင် လေယာဉ်က အောက်သို့ ခပ်မြန်မြန် စိုက်ဆင်းလိုက်သည်။

မကြောက်နဲ့။ ခဏနေရင် လေယာဉ်ဆိုက်တော့မှာပဲ။ ကိုယ့်ကိုယ်ကို အားပေးရင်း ပြတင်းမှ ကြည့်လိုက်သည့်အခါ တဖြည်းဖြည်းနီးလာသော မာဆေးမြို့ မြင်ကွင်းကို မြင်ရသည်။ အိမ် နိမ့်နိမ့်လေးတွေ၊ တစ်အိမ်ချင်းဘေးမှာ အပြာရောင် စက်ဝိုင်းကွက်လေးတွေ၊ လေးထောင့်ကွက်လေးတွေ၊ ဘဲဥပုံကွက်လေးတွေ။



အဲဒါလေးတွေကို အာရုံစိုက်နေပါလား။ ပထမတော့ ဘာတွေမှန်း မသိ။ နောက် တဖြည်းဖြည်း လေယာဉ်က ပိုနိမ့်ဆင်းလာတော့ မှ အိမ်တစ်အိမ်ချင်း၏ ရေကူးကန်တွေဟု သိလိုက်ရသည်။ တစ်နှစ်ပတ်လုံးမှာ ရက်ပေါင်းသုံးရာကျော် နေရောင်ခြည်ရသည် ဆိုသော မာဆေးမြို့သည် နွေရာသီမှာ တော်တော် ပူနွေးပုံရသည်။ ကြည့်ပါလား။ မြင်ကွင်းတစ်ခုလုံး နေရောင်က တောက်တောက်ပပ လင်းထိန်နေလိုက်တာ။ မြင်မြင်သမျှ အိမ်တွေတိုင်းလိုလိုမှာ အပြာရောင်ကွက်လေးတွေ တွဲလျက် ပါနေသည်။

လေယာဉ်သည် ရိပ်ခနဲ ရိပ်ခနဲ အောက်သို့ ထိုးဆင်းနေသည်။ အကြောက်ပြေဖို့ ဝင်လေထွက်လေကို မှတ်ရင်း မေမေ့ကို သတိရသွားပြန်၏။ မေမေလည်း မောင့်လိုပဲ တစ်ခါမှ လေယာဉ်မစီးခဲ့ဖူးပေ။ လေယာဉ်ဖြင့် ကောင်းကင်မှာ ပျံသန်းသွားသည့်အရသာကို မေမေ တစ်ခါမှ မခံစားလိုက်ရဘူး။ မေမေ မစီးဖူးသည့်လေယာဉ်ကို ကျွန်မ အခေါက်ပေါင်းများစွာ စီးနေခဲ့သည်။ ကျွန်မ ရင်ထဲမှာ နာကျင်သွားသလိုပဲ စူးနင့်နင့် ခံစားလိုက်ရသည်။ ကျွန်မ လိပ်ပြာမသန့် ဖြစ်မိတာလား။ မေမေ မစီးခဲ့ဖူးသည့်လေယာဉ်ကို ကျွန်မ စီးနေရလို့ စိတ်မကောင်း ဖြစ်မိတာတော့ အမှန်ပါ။

မဆိုင်ပါဘူးနော်။ ဘာမှ မဆိုင်ဘူးမဟုတ်လား။ မေမေက မြို့ငယ်လေးတစ်မြို့မှာ မူလတန်းပြဆရာမတစ်ယောက်သာပဲ။ မေမေ့ဘဝသည် တကယ်ပဲ ရိုးစင်းခဲ့ပါသည်။

လေယာဉ်ဘီးနှင့် ကွင်းမြေပြင်ကို ထိလိုက်သည့်လှုပ်ခါမှုက ငြင်သာသားပဲ။ ကွင်းထက်သို့ ဆိုက်ပြီပေါ့။ အောင့်ထားမိသောအသက်ကို အခုမှ လွှတ်ချလိုက်ရသည်။ ဘေးမသီရန်မခဘဲ

www.burmeseclassic.com

www.burmeseclassic.com



မာဆေးမြို့သို့ ရောက်ခဲ့ပြီ။

လေဆိပ်ဧည့်သည်ကြိုဆိုရာခန်းမတွင် ကျွန်မကို စောင့်နေသည့် အမျိုးသမီးတစ်ယောက်ရှိနေမည်ဟု သိပြီးသားမို့ များပြားလှသော လူအုပ်ကြားထဲမှာ ရှာဖွေကြည့်သည်။ မြန်မာအကြောင်း လေ့လာသည့် ယခုညီလာခံကို တာဝန်ခံကျင်းပသည့် အိမ်ရှင် ပရောဗန့်စ်တက္ကသိုလ်မှ ကထိက၏ဇနီးဖြစ်သူ လာကြိုနေမည် ဖြစ်ပါသည်။

တချို့လူတွေက လက်ထဲမှာ ကြိုဆိုရမည့်သူ၏နာမည်ရေးထားသည့် ကပ်ပြားလေးတွေကို ကိုင်ကာ ရပ်နေကြသည်။ ထိုကပ်ပြားတွေကို ကျွန်မ လိုက်ဖတ်ကြည့်နေမိသည်။ ကျွန်မဦးစားပေး ကြည့်တာက အမျိုးသမီးတွေကိုပါ။

လာကြိုမည့် 'လေး'သည် ကျွန်မကို တစ်ခါမှ မမြင်ဖူးပါ။ နောက်ပြီး အင်တာနက်မှတစ်ဆင့် အီးမေးလ်ဖြင့်လည်း ကျွန်မ၏ဓာတ်ပုံကို ပို့မပေးဖြစ်ခဲ့ပါ။

သို့သော် ကျွန်မကိုယ်တိုင်ပင် စာဖြင့် အဆက်အသွယ်ပြုလုပ်ခဲ့ပေမယ့် လေး၏ဓာတ်ပုံကို တောင်းမကြည့်ခဲ့မိပါ။

ဆိုက်ရောက်ခန်းမမှာ ကြိုဆိုနေသူတွေ၏ မျက်နှာတွေနှင့် လက်ထဲမှာ ကိုင်မြှောက်ပြထားသော နာမည်ကပ်ပြားတို့ကို လိုက်ကြည့်နေစဉ်မှာပင် ကျွန်မဆီသို့ လူတစ်ယောက်ရုတ်တရက်နီးကပ်လာသည်။ ကျွန်မ မျှော်လင့်ထားသလို အမျိုးသမီးတစ်ယောက် မဟုတ်ပါ။ အမျိုးသားတစ်ယောက် ဖြစ်သည်။

'မအင်ကြင်းဝေလား ခင်ဗျာ'

အပြုံးဖြင့် ကျွန်မကို မြန်မာလို မေးသည်။ ကျွန်မ အံ့သြသွား၏။ ထိုသူကို ကျွန်မ တစ်ခါမှ မမြင်ဖူးပါ။ သူ့ အသားအရေက နုညက်ဖြူဖွေးရုံမက ပန်းသွေးရောင်ပင်ထနေ၏။ အခုလို ရေခြား



မြေခြားတွင် မြန်မာစကားသံကြားလိုက်ရတာ အားတက်စရာ။

သူ့ မြန်မာစကားသည် ဝဲနေ၏။ သို့သော် ဒီလောက်ပီပီသသပြောနိုင်လျှင် သူ မြန်မာပါပဲ။

'ဟုတ်ပါတယ်'

'ကျွန်တော့်နာမည် ဉာဏ်လင်းအောင်ပါ။ မအင်ကြင်းဝေကို လာကြိုတာပါ'

ကာကီရောင်ချည်သားဘောင်းဘီ၊ ရှပ်လက်တို အဖြူရောင်နှင့် ရည်ရည်မွန်မွန် လူတစ်ယောက်ပါပဲ။ ကျွန်မထက် အသက်ငယ်လိမ့်မည်။ တော်တော် ငယ်ပါလိမ့်မည်။

'ဟုတ်လား'

ကျွန်မ၏ခရီးဆောင်အိတ်ကို အလိုက်တသိ ဆွဲယူလိုက်သဖြင့် ကျွန်မ ကျေးဇူးတင်သွားသည်။ သူက ရှေ့မှ ခြေလှမ်းခပ်သွက်သွက်ဖြင့် လျှောက်သွားသည်။ သူ့ ခြေလှမ်းကျဲလွန်းလို့ ကျွန်မမှာ အပြေးလိုက်ရလေသည်။ တကယ်တော့ ကျွန်မ၏ခရီးသည် မပင်ပန်းသော်လည်း အေးအေးသက်သာတော့ မဟုတ်ခဲ့ပါ။ လေယာဉ်တစ်စင်းမှ နောက်တစ်စင်း ပြောင်းလဲသည့် အကြိမ်တွေများသည်မို့ အလောတကြီးပြေးလွှားရတာ မဟုတ်သော်လည်း စိတ်တော့မောရလေသည်။ အခုလည်း ဘာဖြစ်လို့ ကျွန်မက သူ့နောက်ကနေ အပြေးလိုက်နေရပါလိမ့်။

'ခဏလေးရှင့် ဖြည်းဖြည်းသွားပါ'

ကျွန်မ၏ဖိနပ်သည် ထမီနှင့်လိုက်ဖက်ညီအောင် ခြေစွပ်ခွာမြင့်ဖိနပ်ဖြစ်နေသည်။ လမ်းသွက်သွက်လျှောက်လို့ရသော်လည်း အခုလို အပြေးတစ်ပိုင်းလျှောက်ဖို့တော့ အဆင်မပြေပေ။

သူက ကျွန်မ လှမ်းပြောမှ သတိပြုမိသွားသလို ကျွန်မကို စောင့်ပြီး ခြေလှမ်းလှမ်းသည်။ သို့သော် သူ့ ကြည့်ရတာ တစ်ခုခုကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်စောနေသလို။ ခပ်သွက်သွက် ခပ်လောလော။ နေစမ်းပါဦး ကျွန်မကို လာကြိုမှာက အမျိုးသမီးမဟုတ်ဘူးလား။ အခု ဘယ်လို ဖြစ်ပြီး ယောကျ်ားကြီး ဖြစ်နေတာလဲ။

'နေပါဦးရှင့်။ ကျွန်မ နားမလည်လို့။ ကျွန်မကို လာကြို မှာက ပါမောက္ခဖရောင်ဆွာရဲ့ အမျိုးသမီး မလေး ဖြစ်ရမှာပါ'

'အော် ဟုတ်ကဲ့။ အဲဒီအစ်မ မအားလို့ ကျွန်တော် လာ ကြိုရတာပါ'

လေဆိပ်အဆောက်အဦ၏အပြင်သို့ ကျွန်မတို့ ရောက် သွားကြသည်။ ကားရပ်နားကွင်းသည် လေဆိပ်ရှေ့ လမ်းမ၏ တစ်ဖက်မှာရှိသည်ကို မြင်ရသည်။ သူ့အရပ်က ရှည်သည်။ ကျွန်မ ဦးခေါင်းထိပ်ဖျားက သူ့ပခုံးလောက်မှာပဲ ရှိသည်။ သူ့ကို နောက် နားခပ်ကျကျကနေ အကဲခတ်ရင်း သူ့နောက်သို့ လိုက်လာခဲ့ရ သည်။ သူ့ကားသည် ပူဂျိုဟု ကျွန်မတို့ဆီမှာ ခေါ်သော ပါဂျို အညိုနုရောင် ဖြစ်သည်။ ကား ရှေ့ဘန်ပါမှာ လမ်းလျှောက်တော့ မလို မတ်တတ်ရပ်နေသော ခြင်္သေ့ပုံလေးကို ကျွန်မ သိပါသည်။

သူက ကျွန်မ၏ခရီးဆောင်အိတ်ကို ကားနောက်ဖုံးထဲ သို့ အရင် ထည့်သည်။ ပြီးတော့ ကျွန်မကို ရှေ့ခန်း ကားမောင်းသူ ဘေး ထိုင်ခုံမှာထိုင်ဖို့ ကားတံခါးဖွင့်ပေးသည်။ ကျွန်မ ကားထဲသို့ ဝင်လိုက်လျှင် ဝင်လိုက်ချင်း မွှေးရနံ့တစ်ခုကို ရလိုက်သည်။ ရေမွှေး နံ့ မဟုတ်ပါ။ ပန်းနံ့ ဖြစ်ပါသည်။

ကျွန်မ ထိုင်လိုက်သည့်အချိန်မှာပဲ ကားနောက်ခုံမှာ တင်ထားသော ခရမ်းပြာရောင်ပန်းစည်းကို မြင်လိုက်ရခြင်း ဖြစ် သည်။ ထိုပန်းကို ဓာတ်ပုံတွင် သို့မဟုတ် ရုပ်ရှင်ဇာတ်ကားတွင် မြင်ရတိုင်း ကျွန်မ အမြဲ ကြည်နူးတမ်းတခဲ့ရသည်။ အခုတော့ ရင်ခုန်သွားပါသည်။ ဒါ လာဗင်ဒါပန်းတွေပဲ မဟုတ်လား။



'ဟယ် လှလိုက်တဲ့ပန်းတွေ'

ကျွန်မ သူစိမ်းယောကျ်ားတစ်ယောက်ရှေ့မှာ လွှတ်ခနဲ ရေရွတ်လိုက်မိတော့ သူ ကားမောင်းသူနေရာမှာ ဝင်ထိုင်ရင်း ပြုံး လိုက်သည်။

'အစ်မ လာဗင်ဒါပန်းကို ကြိုက်လား'

ဟုတ်တာပေါ့။ ထင်တဲ့အတိုင်း ဒါ လာဗင်ဒါပန်းတွေပါ လား။ ဘဝမှာ ပထမဆုံးအကြိမ် လာဗင်ဒါပန်းကို မျက်ဝါး ထင် ထင် မြင်ဖူးခြင်းပေတည်း။

ကြည့်စမ်းပါဦး။ လာဗင်ဒါပန်းတွေတဲ့ မောင်ရေ။ မောင့် အပြုံးကို ချက်ချင်း မြင်ယောင်မိသွားသည်။ မောင် မမကို စိုက်ပေး မယ်ဆိုတဲ့ လာဗင်ဒါပန်းတွေကို အခုတော့ မမ မြင်နေရပြီ။ မွှေး လိုက်တာ မောင်ရယ်။

'အမှန်ကတော့ ဒီပန်းစည်းက အစ်မကို လာကြိုရင်း ပေး ဖို့ယူလာတာပါ။ ဒါပေမယ့် လေယာဉ် နည်းနည်းစောရင် လူချင်း လွဲမှာစိုးလို့ ကမန်းကတန်း ဆင်းပြေးလာလို့ မေ့သွားတာ'

လူချင်းလွဲမှာစိုးလို့ ဘာဖြစ်လို့ လူချင်းလွဲရမှာလဲ။ ကျွန်မ က လာကြိုတဲ့လူကို တွေ့တဲ့အထိ စောင့်မှာပေါ့။ သို့သော် ကျွန်မ သူ့ကို ပြန်ပြောလိုက်သည်က တစ်ခွန်းတည်း။

'မွှေးတယ်နော်'

သူက ခါးပတ်မပတ်မီ နောက်ခန်းက လာဗင်ဒါပန်းစည်း ကို ကျွန်မအား တရိုတသေ ကမ်းပေးသည်။ ကျွန်မ လက်ထဲမှာ ပွေ့လိုက်ရသော ပန်းစည်းသည် အရိုးတံရှည်ရှည်မှာ မရမ်းရောင် အပွင့်သေးသေးများ ပွင့်တချို့ငုံတချို့ တန်းစီစွာ လှပနေသော ပန်းခက်များ ဖြစ်သည်။

ပန်းတွေကို ရင်မှာပွေ့အပ်ရင်း တစ်ခါတုန်းက ဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ခရမ်းရောင် ပန်းလွင်ပြင်ကြီးကို လွမ်းမိသွားပါသည်။

ကြာခဲ့ပါပြီ။ လွန်ခဲ့သော ရှစ်နှစ်လောက်က ဖြစ်မှာပေါ့။

ထိုနေ့က မောင် ပိုက်ဆံထုတ်ရင်း ဘောင်းဘီအိတ်ထဲမှ ထွက်လာသော အိတ်ဆောင်အင်္ဂလိပ်စကားပြောနည်း စာအုပ်လေးကို ကျွန်မ မြင်သွားသည်။ သူ့ကို အင်္ဂလိပ်စာ ဒီထက် တော်စေချင်၏။ ထို့ကြောင့် သူဖတ်ဖို့ လိုအပ်မည့် စာအုပ်တို့ကို ကျွန်မ စားပွဲကနေ ယူပြီး ပေးလိုက်ရသည်။

'မမစာအုပ်တွေက ဗမာလိုလည်း မပါဘူး'

'ဗမာလို ပါစရာမလိုပါဘူး။ အင်္ဂလိပ်လို ရှင်းထားတာ ရှင်းရှင်းလေးရယ်'

'ကျနော်က ဗမာလို မပါရင် နားမလည်ဘူး'

ကျွန်မ သူ့ကို စိတ်ပျက်စွာ အငေးသားကြည့်မိသည်။ တောနယ်လေးမှာ နေရသည့်လူငယ်တစ်ယောက်၏ အင်္ဂလိပ်စာ လေ့လာမှု ဒီလောက်ပဲ ရှိမှာပေါ့။ ကျွန်မ သူ့ဆီက ဘာတွေများ မျှော်လင့်နေခဲ့မိတာလဲ။

'မောင် အင်္ဂလိပ်စာတော့ တတ်ချင်တယ်လား'

'တတ်ချင်တာပေါ့ မမရာ။ တချို့အလုပ်တွေက ကောင်းပါရဲ့။ ဒါပေမယ့် အင်္ဂလိပ်လို ကျွမ်းကျင်စွာ ရေးနိုင်ပြောနိုင်ရမည်တဲ့။ သေရောဗျာ'

'တတ်ချင်ရင် တတ်ပါတယ်။ တတ်အောင်လုပ်ပေးလို့ ရပါတယ်'

'တကယ်လား'

'အော် တကယ်ပေါ့။ အဲဒီ မြန်မာလို မီးနင်းတွေ ထည့်ထားတဲ့စာအုပ်ကို မင်း ဘေးဖယ်ထားလိုက်ဖို့ပဲ လိုတယ်'

ပထမဆင့်အနေဖြင့် ကျွန်မ သူ့ကို စာအုပ်ဆိုင်တစ်ခုသို့



ခေါ်သွားသည်။ အင်္ဂလိပ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည့် အဘိဓာန်တစ်ခုကို ဝယ်ပေးလိုက်သည်။ သူက သူ့ဟာသူ ဝယ်မည်ဟု ခေါင်းမာနေသေးသည်။

'မမဝယ်ပေးပါ့မယ်။ လက်ဆောင်ပေါ့'

'ဒါဖြင့် ကျနော်လည်း မမကို စာအုပ်တစ်အုပ် လက်ဆောင်ဝယ်ပေးမယ်'

'အို ဒီလိုကြီးလား။ အပြန်အလှန်ဆိုတာမျိုးလား'

'မဟုတ်ပါဘူး။ မမကို ကျနော်က လက်ဆောင်ပေးချင်လို့ပါ။ မမ ဘာစာအုပ်ကြိုက်လဲ'

'မမကြိုက်တဲ့စာအုပ်ကို မင်းကို ပြောရမှာလား။ ပြောမှ သိမှာလား'

'ဟောဗျာ' သူ ခေါင်းတစ်ချက် ကုတ်သည်။

'အေးလေ ဟုတ်ပါရဲ့။ မမကတော့ ကျနော် ဘာလိုတယ်ဆိုတာ ကျနော် မပြောဘဲ သိသိနေတာကိုး။ နေဦး ဒါဖြင့် ကျနော် မမကြိုက်မယ့်စာအုပ်ကို ရှာလိုက်မယ်'

ကျွန်မ ပြုံးရယ်မိသည်။ ကျွန်မ ဘာစာအုပ်တွေဖတ်လဲ ဆိုတာ သူသိရမည်။ ကျွန်မ သူ့ကို စာအုပ်တွေ ပေးပေးဖတ်ခဲ့တာ နည်းမှ မနည်းတော့တာ။ အုပ်ပေါင်း ရာနှင့်ချီနေမလား။ အများစုကတော့ ရသစာပေတွေပဲ ဖြစ်သည်။

ခဏကြာတော့ သူစာအုပ်တစ်အုပ်ကိုင်လျက် ကျွန်မ နားသို့ ရောက်လာသည်။

'မမ ဒီမှာ ဒီစာအုပ်လေး မမကို ဝယ်ပေးမယ်'

ခပ်ပေါ့ပေါ့သာ ပြုံးလျက် သူပြသောစာအုပ်ကို ကျွန်မ ငုံ့ကြည့်လိုက်သည်။ အို ကျွန်မ ရင်တောင် ခုန်သွားခဲ့မလားမသိ။

လှပသော ဥယျာဉ်များတဲ့။ နိုင်ငံခြားစာအုပ်တစ်အုပ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အို လှလိုက်တာ မောင်လေးရယ်။ အင်္ဂလန်ရှိဥယျာဉ် ဂျပန်ရှိ ဥယျာဉ်။ ပန်းမျိုးစုံကို သဘာဝအတိုင်း သို့သော် အနုပညာမြောက်စွာ စိုက်ပျိုးခင်းကျင်းထားသည့် ဥယျာဉ်ပေါင်းများစွာ၏ အလှအပ။

'အို ဈေးကြီးမှာ မောင်လေးရယ်'

'ကြီးပါစေ။ ကျနော် မမကို ပေးချင်တာ။ ရေနံချောင်းက မမရဲ့ဥယျာဉ်ကို ကျနော် ကူပြီး စိုက်ပေးချင်လို့ပါ'

ကျွန်မအဆောင်သို့ ပြန်ရောက်တော့ ညေ့ခန်းထဲမှာ ကျွန်မတို့နှစ်ယောက် အတူထိုင်ရင်း စာအုပ်ကို မြည်းစမ်းကြည့်ကြသည်။ လှပသော ခရမ်းရောင်ပန်းလွင်ပြင်တစ်ခုကို မြင်တော့ သူက ထိုစာမျက်နှာမှ တော်တော်နှင့်မျက်နှာကို မခွာ။

'မမ ဒါဘာပန်းလဲ လှလိုက်တာနော်'

'အေး ဖတ်ကြည့်လေ'

'ကျနော်မှ မဖတ်တတ်တာ'

'မင်း တက္ကသိုလ်တောင် တက်နေပြီ။ စာလုံးပေါင်းဖတ်'

'ဟာ ကျနော်မသိတဲ့ အင်္ဂလိပ်စာတွေ'

'စကားလုံးတွေကို မသိပေမယ့် အဲဒီစာလုံးတွေတော့ သိတယ်မဟုတ်လား။ ဖတ်'

သူ ကြိုးစားပမ်းစား စာလုံးပေါင်းပြီး ဖတ်သည်။

'အယ်လ်အေဗွီအီးအန် ဒီအီးအာရ်'

'ဟုတ်ပြီ အသံထွက်ကြည့်'

'မထွက်တတ်ဘူး'

'ရအောင်ထွက်ကြည့် မှားရင် မမပြင်ပေးမယ်။ ကိုယ်သိတဲ့စာလုံးတွေချည်းပဲ။ မင်း အဲဒီလောက် မညံ့ရဘူးလေ'

နောက်ဆုံးတော့ လာဗင်ဒါ ဟူသည့် အသံထွက်ကို သူ



ထွက်တတ်အောင် ကျွန်မ စာလုံးစု တစ်တွဲချင်း အသံထွက်ခိုင်းလိုက်နိုင်သည်။

'လာဗင်ဒါ ကျနော်သိပြီ။ ဘွားဘွားလိမ်းနေကျ ပေါင်ဒါဘူးက အဲဒီစာလုံးပဲ'

ကြည့်စမ်း။ ကျွန်မ၏မိသားစုကို တော်တော် ဂရုစိုက်မိပြီး အလေးထားတဲ့ ကလေး။

'ဘွားဘွားပေါင်ဒါက သိပ်မွှေးတာနော် မမ'

'အေး အဲဒါ လာဗင်ဒါပန်းရဲ့ အနံ့စစ်စစ်လို့ ဘွားဘွားက ပြောတာပဲ'

ကျွန်မတို့နှစ်ယောက် စာအုပ်ထဲက လာဗင်ဒါပန်းခင်းကြီးကို အားကျနေခဲ့ကြသည်။

'မမ အဲဒီပန်းတွေ သိပ်လှတယ်။ မမဥယျာဉ်ထဲမှာ ဘာလို့ မစိုက်တာလဲ'

'မောင်ကလည်း အဲဒါက မြန်မာနိုင်ငံမှာ မရှိဘူးလေ'

'ဟင် ဟုတ်လား'

'သူက ပြင်သစ်နိုင်ငံမှာ ပေါက်တာ'

'ပြင်သစ် ဟုတ်လား'

တောက်ပနေသည့် သူ့မျက်လုံးတွေ အရောင်ဖျော့သွားသည်။ မျှော်လင့်ချက်တွေ လျော့သွားသည့်မျက်လုံးမျိုး။

'မမ သိပ်စိုက်ချင်တာပေါ့။ မမ လာဗင်ဒါပန်းတောထဲမှာ သိပ်လမ်းလျှောက်ချင်တာပဲ'

စိတ်ကူးယဉ်ဖွယ်ကောင်းလောက်အောင် လှပခမ်းနားသော ခရမ်းရောင်ပန်းလွင်ပြင်ကို ကြည့်ရင်း တကယ်ပဲ ခါတ်ပုံထဲ ကျွန်မရောက်သွားသလို ကြည်နူးချမ်းမြေ့သွားသည်။

'မျိုးယူလာပြီး စိုက်ကြည့်မှာပေါ့ မမရဲ့။ မမသာ သိပ်

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ရင် အဲဒီပန်းကို မြန်မာနိုင်ငံမှာ ပေါက်အောင် လုပ်မှာပေ့ါ။ ဘယ်လိုရာသီဥတုမျိုး ဘယ်လိုမြေမျိုးမှာ ပေါက်တယ်ဆိုတာ ကျနော်တို့ လေ့လာကြည့် ကြရအောင်လေ'

ကျွန်မ ပြင်သစ်နိုင်ငံသို့ စာတမ်းဖတ်ဖို့ လာခဲ့ခြင်း ဖြစ်ပေမယ့် အခုလို လာဗင်ဒါပန်းကို မြင်တွေ့ရမည်ဟု စိတ်ထဲမှာ နည်းနည်းမှ ကြိုပြီး မျှော်လင့်မထားခဲ့မိပါ။ အခုတော့ ကားထဲမှာ လာဗင်ဒါ၏မွှေးရနံ့ဖြင့် စိတ်ကို ကြည်လင်လန်းဆန်းလျက်ရှိသည်။ မောင့်ကို လွမ်းတာတောင် နူးညံ့သာယာသည့်အလွမ်းဖြင့် လွမ်းရအောင် နာကျင်မှုကို လျှော့ချပေးနိုင်စွမ်းပါပေသည်။

'ကျွန်တော်တို့ လာဗင်ဒါကို မြန်မာနိုင်ငံမှာ စိုက်ပျိုးကြည့်သေးတယ်အစ်မ အပင်တော့ပေါက်တယ်။ အပွင့်မပွင့်ဘူး'

'ဟင် ဟုတ်လား'

လာကြိုသူက ကျွန်မ၏အတွင်းစိတ်ကို သိနေသလိုပင် ခပ်အေးအေး ပြောပြသည်။ ထို့နောက် ကားကို အာရုံစိုက်ပြီး မောင်းနေသည်။ ဟိုတယ်ရောက်လျှင် လာဗင်ဒါပန်းစည်းကို ရေဖြည့်သည့်ခွက်တစ်ခုခုထဲ ထည့်ပြီး ပန်းအိုးလုပ်ထားလိုက်လျှင် ကောင်းမည်။ ပန်းရနံ့မွှေးမွှေးဖြင့် ကျွန်မ စာတမ်းကို အစမ်းဖတ်ကြည့်ပြီး အချိန်ညှိရမည်။ ကောင်းလိုက်တာ။

'လေယာဉ်ကွင်းနဲ့ ဟိုတယ်နဲ့ ဘယ်လောက်ဝေးလဲရှင့်'

'ကီလိုမီတာ တစ်ရာနှစ်ဆယ်လောက်ဝေးတယ်အစ်မ'

ဟင် မဟုတ်တာ။ မမျှော်လင့်သောစကားကြောင့် ကျွန်မ ကြောင်သွားသည်။ ကျွန်မ မလာခင် အင်တာနက်မှာ ဖတ်ထားတာကတော့ မာဆေးမြို့ထဲသို့ လေယာဉ်ကွင်းကနေ ၁၆မိုင်လောက်ပဲ သွားရသည် ဆို။ ကျွန်မ သူ့ကို တအံ့တသြ လှမ်းကြည့်လိုက်မိသည်။ ကျွန်မ အကြည့်ကို သူ သတိပြုမိ၏။ ချက်ချင်း



ဖြေရှင်းသည်။

'အစ်မက မာဆေးမှာ တည်းရမှာမဟုတ်ဘူး။ ဆိုး ဆိုတဲ့ မြို့လေးမှာ တည်းရမှာ'

တစ်ခုခုတော့ မှားနေပြီ။ ကျွန်မ တည်းခိုရမည့်ဟိုတယ်နာမည်ကို ကျွန်မ သိသည်။ ပြင်သစ်ပါမောက္ခက ကျွန်မဆီ စာပို့ထားသည်။ ဟိုတယ်သည် မာဆေးဆိပ်ကမ်းဟောင်း ဟုအဓိပ္ပါယ်ရသော (Vieu port)ရပ်ကွက်တွင် တည်ရှိသည်။ မြေထဲပင်လယ်ကမ်းခြေနှင့်တစ်ဆက်တည်း ဆိပ်ကမ်းဘေး ဖြစ်သည်။ ဟိုတယ်အမည်က ဟိုတယ်သစ် (New hotel) တဲ့။ အင်တာနက်ထဲမှာ ကျွန်မ ရှာဖွေကြည့်ခဲ့တုန်းက လေဆိပ်နှင့် ဆယ့်ငါးမိနစ်လောက်မောင်းလျှင် ရောက်သည်ဆိုပဲ။ အခု ဘာဖြစ်လို့ ကျွန်မက ကီလိုမီတာ ၁၂၀ ဝေးသည့်နေရာသို့ သွားရမှာပါလိမ့်။

'ဒါပေမယ့် ကျွန်မတည်းရမယ့်ဟိုတယ်က ဗြားယေးပေါ်မှာ ရှိတဲ့ နယူးဟိုတယ်လို့ ကျွန်မသိထားတာ'

လာကြိုသူက လေးမဟုတ်ဘဲ အခြားတစ်ယောက်ဖြစ်နေခြင်းအပေါ် ဘယ်လိုမှ စိတ်ထဲ သံသယမဖြစ်သော်လည်း တည်းရမည့်ဟိုတယ်မဟုတ်၊ မာဆေးမြို့တောင်မဟုတ်ဘဲ တခြားမြို့လေးဟု သိလိုက်ရသည့်အခါ ကျွန်မ စိတ်မသက်မသာ ဖြစ်သွားပါသည်။

'အဲဒီဟိုတယ်မှာ ဒီနေ့အတွက် နေရာမလွတ်သေးလို့ပါ။ မနက်ဖြန်ညနေကျမှ နေရာလွတ်မှာမို့ ဒီနေ့တစ်ရက်ကို ဆိုး လို့ခေါ်တဲ့ မြို့လေးမှာ ထားပေးတာပါ။ အဲဒီကိုရောက်ရင် အစ်မသိပ်သဘောကျသွားမှာ'

'ဘာဖြစ်လို့ အဲဒီနေရာကို ကျွန်မ သဘောကျရမှာလဲရှင့်'

'ဘာဖြစ်လို့လဲဆိုတော့ အဲဒီမှာ လာဗင်ဒါပန်းခင်းတွေက

www.burmeseclassic.com

www.burmeseclassic.com



မျက်စိတစ်ဆုံး ပန်းပင်လယ်ကြီး ဖြစ်နေလို့ပေါ့'

သူ ကျွန်မဘက်သို့ လှည့်ကြည့်ပြီး ပြုံးပြသည်။ ထိုအပြုံးသည် တော်တော်ဖော်ရွေသည့်အပြုံး၊ ယုံကြည်ထိုက်သည့်အပြုံး၊ ထိုအပြုံးတွင် ကျွန်မ ရင်းနှီးသည့် တစ်ခုခုကို မြင်လိုက်ရသလိုပဲ။ ဘာမှန်းမသဲကွဲ။

'ဒီဒေသက ပြင်သစ်မှာ နေလို့ထိုင်လို့ အကောင်းဆုံးပဲ။ ဆောင်းတွင်းမှာလည်း သိပ်ကြီးမအေးဘူး။ ရာသီဥတုမျှတတယ်။ အခုလိုနွေရာသီမှာ ဒီဒေသက သိပ်စည်ကားတယ်။ တခြားဒေသက လူတွေ ဒီတောင်ပိုင်းကို အပန်းဖြေဖို့လာကြတယ်။ ရေကူးကြတယ်။ ကမ်းခြေတွေမှာ လူတွေ အများကြီးပေါ့။ ဟိုတယ်တွေလည်း ပြည့်နေတတ်တယ်'

'ဟုတ်လား'

အလိုက်အထိုက်ပြောရပေမယ့် ကျွန်မအာရုံက လွင့်သွားခဲ့ပြီးပါပြီ။

'သူတို့နွေရာသီက ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတွေဗျ။ ကျွန်တော်တို့နိုင်ငံက နွေရာသီနဲ့ အချိန်မတူဘူး'

ကျွန်မတို့သည် အဝေးပြေးလမ်းမှာ သွားနေရင်း အိမ်တွေ ကျိုးတိုးကျဲတဲရှိသော နေရာတချို့ကို ဖြတ်ကျော်ရသည်။ [illegible] အိမ်လေးများစွာကို မြင်ရသည်။ လေယာဉ်ပေါ်မှာတုန်းက မြင်ခဲ့ရသည့်ရေကူးကန်လေးတွေလား။ ပြာလဲ့နေတာပဲနော်။ ထို့နောက် နောက်ထပ်အဝေးပြေးလမ်းတစ်ခုပေါ်သို့ ရောက်ပြန်လေသည်။

'ဒီလမ်းကနေ ဆက်မောင်းရင် ဆိုး ဆိုတဲ့ မြို့လေးကို ရောက်တယ်။ မာဆေးလို မြေထဲပင်လယ်ကမ်းခြေမဟုတ်ဘူး။ သူက တောင်ပေါ်မြို့လေးပေါ့'



ထို့နောက် သူက ကျွန်မ စိတ်လိုလက်ရ ပြန်မပြောတာကို သတိထားမိပုံဖြင့် အသာပြုံးပြီး ပြောသည်။

'အစ်မ ခရီးပန်းလာတယ်ထင်တယ်။ ကျွန်တော်က စကားတွေ ပြောနေမိတယ်။ ဆောရီး။ သက်သာသလို နေပါ'

ထို့နောက် သူက သီချင်း ခပ်တိုးတိုး ဖွင့်သည်။ အဖွင့်တီးလုံးဂီတမှာကိုပင် အသံက ကောင်းလိုက်တာ။ တော်တော်ကောင်းတဲ့ စီဒီစက်ပဲဟု ကျွန်မ စိတ်ထဲက ရေရွတ်မိသည်။ ဒါမှမဟုတ် ကား၏စပီကာက ကောင်းနေတာလား။ သူ ဖွင့်သည့်သီချင်းကို ကျွန်မ မသိပါ။ ပြင်သစ်သီချင်းတစ်ပုဒ် ဖြစ်သည်။

စကားလုံးတချို့ကို သိသလိုပဲ။ နားထောင်စမ်းပါဦး။ Ces't l'amour လို့ ဆိုလိုက်သလားလို့။ ဒါ အချစ်ပဲ လို့ အဓိပ္ပါယ်ရသည်မဟုတ်လား။ အမျိုးသမီးအသံက ကောင်းလိုက်တာ။

ဒါအချစ်မဟုတ်ဘူးဟု ဘဝတစ်လျှောက်လုံး ကိုယ့်ကိုယ်ကို မကြာခဏ ငြင်းဆိုခဲ့သည့်ကျွန်မကို အဆိုတော် အမျိုးသမီး၏ ဒါ အချစ်ပဲဟု ရေရွတ်လိုက်သည့်စကားသံက စွပ်စွဲလှောင်ပြောင်နေသလိုပဲ။

မဟုတ်ပါဘူး၊ ဒါက အချစ်မဟုတ်ပါဘူးကွယ်။ ဒါက မေတ္တာသက်သက်ပါ။

ကျွန်မ ရိပ်ခနဲရိပ်ခနဲ ကျန်ခဲ့သည့် လမ်းဘေး ကွန်ကရစ်နံရံများဆီ ကြည့်နေရင်း ရှက်ပြုံးပြုံးမိသည်။

ဒီနေ့ ကျွန်မ၏ရန်ကုန်အိမ်သို့ မောင် ရောက်ချင် ရောက်လာနိုင်သည်။ ပလတ်စတစ်အိတ်ထဲ ထည့်ထားခဲ့သော စာအိတ်လေးကို မောင်တွေ့မှာပေါ့။ ပြီးတော့ ခြံတံခါးကိုသော့ဖွင့်ပြီး ဝင်ချင်ဝင်နေမှာပေါ့။ အခုအချိန်ဆို မောင် စာကို ဖတ်နေရပြီလား။ မောင် ပြုံးနေမှာလား။

www.burmeseclassic.com

www.burmeseclassic.com



'မောင်လေး

မင်း မမဆီကို ရောက်လာခဲ့တယ်ဆိုရင်ပေါ့ကွယ်။

ဒီတစ်ခါ မွေးနေ့မှာ မမ ရှိမနေလို့ စိတ်မကောင်းဖြစ်ရပါတယ်။ ခြံတံခါးသော့ရဲ့ နံပါတ်တွေက အရင်အတိုင်းပါပဲ။ အိမ်သော့ကလည်း အရင်နေရာ မှာပါပဲ။ မီးဖိုထဲက နံရံကပ်ဘီဒိုထဲမှာ မောင့်အတွက် မွေးနေ့ လက်ဆောင်ထားခဲ့တယ်။ အရင် သုံးနှစ်စာ လက်ဆောင်တွေလည်း အဲဒီမှာ မောင့်ကို စောင့်နေကြတုန်းပဲ။

မမ ဆယ့်ငါးရက်နေ့မှ ပြန်ရောက်မယ်။

ချစ်ခြင်းမေတ္တာနဲ့ လွမ်းခြုံပေးလိုက်တာမို့ ဒီနေ့ကစ တစ်နှစ်ပတ်လုံး ဘေးမသီရန်မခ နွေးထွေးနေပါစေ။

မေတ္တာဖြင့်

မမ'

ကျွန်မသိသည့်ချစ်ခြင်းမေတ္တာမှာ မောင်သိသည့်အချစ်နှင့် မတူဘူးဟု ကျွန်မ ယူဆသည်ဆိုတာ မောင် လက်ခံချင်မှ လက်ခံမှာပေါ့။

မောင်နှင့် ကျွန်မ ဝေးခဲ့ကြရခြင်း၏အခြေခံအကြောင်းကလည်း အဲဒါပါပဲ။

ကျွန်မတို့ ဘာကြောင့်ဝေးရတာလဲ။

လက်မထပ်ဖြစ်လို့ပေါ့ဟူသော ခပ်လွယ်လွယ်အဖြေကို ပေးလျှင် မောင် မဲ့ပြုံးပြုံးလေမလား။

(၃)

မွေးလိုက်တာ။ ကျွန်မ အသက်ကို ခပ်ပြင်းပြင်း ရှိုက်ပြီး ရှူလိုက်မိသည်။ ကျွန်မတစ်ကိုယ်လုံး နွမ်းနယ် ရိဝေနေသမျှ လန်းဆန်း သွားတော့သည်။

'အစ်မအင်ကြင်းဝေ ကျွန်တော် ကားတံခါးတွေချထားတယ်။ အပြင်ကို လှမ်းကြည့်လိုက်စမ်းပါဦး'

အပြင်သို့ လှမ်းမကြည့်မီ သင်းပျံ့ကြိုင်လှိုင်နေသည့် မွေးရနံ့ကို အရင်ဆုံး ရလိုက်သည်။ ထို့နောက်မှ ကားရှေ့မှန်မှ တစ်ဆင့် ဖြတ်သန်းပြီးမြင်နေရသော ခရမ်းရောင်။ ထို့နောက် ကား၏ဘယ်ဘက်မှာလည်း ခရမ်းရောင်။

ပြာလဲ့လဲ့ကောင်းကင်အောက်က ခရမ်းရောင်လွင်ပြင်ကြီး တစ်ခုအလယ်တွင် ကျွန်မတို့၏ကားကလေး ခပ်ဖြည်းဖြည်း ရွေ့လျားနေတာပါလား။

ကြည့်လေရာရာသည် မိုးကောင်းကင်မှ တစ်ပါး အားလုံး ခရမ်းရောင်။ တစ်ညီတည်း ခရမ်းရောင်။ မပြောင်းမလဲ မကွဲပြားသော ခရမ်းရောင်လွင်ပြင်တစ်ခုပါ။ မိုးကုပ်စက်ဝိုင်းအပြည့် ကြီးမားသော ပန်းချီကားတစ်ခုထဲသို့ မှော်ပညာဖြင့် ကျွန်မ ရောက်နေရသလိုပါပဲ။

လှလိုက်တာ။ လာဗင်ဒါ ပန်းခင်းကြီးတွေပါလား။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ဆွတ်ပျံ့နာကျင်စွာ နင့်လာ၏။

'ကား ခဏ ရပ်လို့ ရမလားဟင်'

'ရတာပေါ့ အစ်မရယ်'

ကားရပ်လျှင် ရပ်ချင်း ကျွန်မ ကားပေါ်မှ အပြေးဆင်းလိုက်သည်။ မြေနီလမ်းလေးသည် ကားနှစ်စင်း ရှောင်သာရုံမျှသာ ကျယ်သည်။ လမ်းကလေး၏ဟိုဘက်သည်ဘက် နောက်ပြီး မိုးကုတ်စက်ဝိုင်းအစွန်းအထိ မျက်စိတစ်ဆုံး ပန်းလွင်ပြင်ကြီးပါလား။ အို မွှေးလိုက်တာ။ ကျွန်မသည် အလိုအလျောက်ပင် မျက်စိကို မှိတ်ပစ်လိုက်မိသည်။

ရှေ့ကိုဆက်လျှောက်။ မြေနီလမ်းကနေ ဖွဲ့ဆင်းလိုက်သည်နှင့် တစ်ပြိုင်တည်း ပန်းခင်းထဲသို့ ကျွန်မ ခြေလှမ်း လှမ်းမိပြီးသား။

ဒီလိုနေ့မျိုးမှာ ဟောဒီခရမ်းရောင်လွင်ပြင်ကြီးကို မြင်ရတာ ကျွန်မအတွက် ထူးခြားမှုတစ်ခုပါ။ မင်္ဂလာတစ်ခုပါ။ ကျွန်မ ထင်တော့ ထင်နေပါရဲ့။ ဒီနှစ်မောင့်မွေးနေ့သည် ခါတိုင်းနှစ်တွေထက် ပိုပြီး ထူးခြားလိမ့်မည်။

ကျွန်မရှေ့မှာ ကျွန်မပတ်လည်မှာ ကျွန်မနောက်မှာ ရှိသမျှ ခရမ်းရောင်တို့ ယိမ်းနွဲ့ ကခုန်နေကြသည်။ ခရမ်းရောင်ပင်လယ်ဟု ပြောလျှင်မမှားနိုင်။ ဘာကြောင့်လဲဆိုတော့ ခရမ်းရောင်တို့က လှိုင်းလုံးများအသွင် အလုံးလိုက် အလိပ်လိုက်ပြည့်လျှံနေခဲ့သောကြောင့်။ လှိုင်းလုံးတွေကလည်း မြင်ကွင်းပြည့်။ လှိုင်းတစ်ခု တစ်ခု ဘယ်လောက်မြင့်မလဲဟု အတိအကျ မခန့်မှန်းနိုင်သော်လည်း ကျွန်မသာ ကလေးတစ်ယောက်ဆိုလျှင် ကျွန်မသည် လှိုင်းလုံးနှစ်ခုကြားတွင် မမြင်သာအောင် လုံးဝမြုပ် နေတော့မည်။ သို့သော် ခရမ်းရောင်သည် ရေမဟုတ်ပါ။ ပန်းပင်များ ဖြစ်ပါသည်။



ကျွန်မသည် ရုတ်တရက် နတ်သမီးပုံပြင်တစ်ခုထဲသို့ ရောက်သွားပြီဟု ခံစားလိုက်ရသည်။ ပုံပြင်ဆိုသည်က ပျော်ရွှင်ချမ်းမြေ့မှုတွေနှင့်ပဲ ဇာတ်သိမ်းတတ်သည်။

ကျွန်မတစ်ကိုယ်လုံးသည် ထိတွေ့မှုအာရုံကို သိနေသည်။ လက်ဖျားဖြင့်ထိမိသောအရာတို့မှာ နူးညံ့သော ပွင့်ဖတ်လေးများ ဖြစ်သည်။ ကျွန်မလက်မောင်း လက်ဖျံတို့မှာ ထိမိသောအရာတို့သည်လည်း ပန်းပွင့်သေးသေးလေးများ ဖြစ်သည်။ ခရမ်းရောင်ပန်းပွင့်လေးများ။ ကျွန်မ၏လွင့်နေသော အင်္ကျီအနားး ထမီအနား၊ ကျွန်မကိုယ်ခန္ဓာ၊ ကျွန်မ ခြေဖဝါး အို တစ်ကိုယ်လုံးသည် ပန်းပွင့်လေးများ ပန်းပွင့်ရိုးတံများ အရွက်များနှင့် ထိတွေ့ နေသည်။ မကြုံစဖူးမွှေးပျံ့သည့် ပန်းရနံ့ကလည်း ကျွန်မ အသက်ရှူလိုက်တိုင်း ရင်ထဲနှလုံးသားထဲထိ စူးနစ်ဝင်လာသည်။ ကျွန်မဘဝမှာ တစ်ခါမှ မျှော်လင့်မထားမိသော၊ ပတ်ဝန်းကျင် တစ်ခုလုံးကို လွှမ်းခြုံ စိုးမိုးနိုင်သည့် မွှေးရနံ့တစ်ခုဖြစ်သည်။

ကျွန်မအနားမှာ ကျွန်မချစ်သောသူတွေ တစ်ယောက်မှ မရှိဘဲ ဒီပန်းပင်လယ်ကြီးက အဓိပ္ပါယ်ပြည့်စုံနိုင်ပါ့မလား။ မဟုတ်ဘူးလေ။ ဒါသာ ပုံပြင်ဖြစ်ခဲ့လျှင် အခုလို ဇာတ်ကွက်မြင်ကွင်းသည် ကွဲကွာနေသည့် ချစ်သူတွေ ပြန်ပြီး ပေါင်းဆုံရသည့် မြင်ကွင်းမျိုး။ အဲသည်အချိန်ကစပြီး ပျော်ရွှင်စွာ နေထိုင်သွားကြလေသတည်းဟူသည့် ဇာတ်သိမ်းခန်း၏ ပြကွက်မျိုး ဖြစ်သည်။

နားထောင်စမ်းပါ။ ကျွန်မ ခေါ်သံတစ်ခုကို ကြားလိုက်သလားလို့။ မမ တဲ့။

သို့သော် ကျွန်မ စိတ်ထင်တာပဲ ဖြစ်မည်။ တစ်လောကလုံး တိတ်ဆိတ်နေတာပါ။ ခပ်ပြင်းပြင်းတိုက်ခတ်လိုက်သောလေ၏အသံ၊ ပန်းပင်များ အုပ်စုလိုက်အတန်းလိုက် လှိုင်းအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ယိမ်းနွဲ့ လှုပ်ရှားသော အသံ၊ ပန်းပွင့်တစ်ခုနှင့်တစ်ခု ထိသံ၊ အာရုံပါးလျား သူမှာမှ ကြားရမည့် ထိုအသံတို့မှတစ်ပါး အခြား ဘာအသံမှ မရှိ။

ကောင်းကင်ပြင်တွင် တဖြည်းဖြည်း အလိပ်လိုက်ရွေ့နေသော တိမ်တောင်တို့သည် ဖြူဖွေးနေရမည့်အစား မြေပြင်မှ ခရမ်းရောင် ထင်ဟပ်ပြီး ခရမ်းနုရောင်ပြေးနေသည်။ တလောကလုံး ခရမ်းရောင်။

ဤနေရာတွင် အချိန်ကာလ မရှိ။ ဤနေရာတွင် အမှားတွေ အမှန်တွေ မရှိ။ ဤနေရာတွင် မေးခွန်းတွေ အဖြေတွေမရှိ။ ဤနေရာတွင် ဖြစ်သင့်တာတွေ မဖြစ်သင့်တာတွေမရှိ။ ဤနေရာတွင် မာနတွေသိက္ခာတွေမရှိ။ ဘယ်လောက်များလွတ်လပ်လိုက်ပါသလဲကွယ်။

မွှေးပျံ့ထုံယစ်သောပန်းရနံ့ကို ကျွန်မ တအားရှိုက်သွင်းလိုက်သည့်အချိန်တွင် ကျွန်မနောက်ကျောဆီမှာ တစ်ယောက်ယောက် နီးကပ်လာနေသည့်ခံစားချက်ကို ရလိုက်သည်။

တိတ်ဆိတ်စွာ ရောက်လာသူတစ်ယောက်။

ကျွန်မဆီသို့ တစ်လှမ်းချင်း လှမ်းလာသည့် သူ့ခြေသံကို မကြားခဲ့ရသော်လည်း လာဗင်ဒါ ပန်းခင်းထဲမှာ တိုးဝှေ့လိုက်သည့် ခြေထောက်အစုံ၏အသံကိုတော့ ကြားလိုက်ရသည်။ ကျွန်မ နောက်ကျောဆီက နွေးခနဲ ဖြစ်သွားသည်။ တစ်ယောက်ယောက်က တိုက်ခတ်နေသည့် လေကို ပိတ်ဆီးကွယ်လိုက်လို့ နွေးသွားလိုက်သည့်ခံစားမှုပါ။

သူ့ အရပ်က တော်တော်မြင့်မည်။ ကျွန်မ တစ်ကိုယ်လုံး ဆံဖျားမှ ခြေထောက်အထိ လေကွယ်သွားလောက်အောင် မြင့်မားသည့်အရပ် ဖြစ်သည်။



အဲဒါ ဘယ်သူဖြစ်နိုင်မလဲ။

ကျွန်မ လှည့်ကြည့်လိုက်ချင်ပါရဲ့။ သို့သော် စိတ်ကူးယဉ်ပုံပြင်လေး ပြီးဆုံးသွားမှာစိုးလို့ ကျွန်မ လှည့်မကြည့်ရပါ။

ကျွန်မနောက်က ကိုယ်ခန္ဓာ၏ နွေးထွေးမှုသည် ကျွန်မ ပခုံးမှတစ်ဆင့် လည်တိုင်၊ ထိုမှတစ်ဆင့် ရင်ညွန့်၊ ထိုမှတစ်ဆင့် နှလုံးသားထဲသို့ စိမ့်ဝင်သွားသည်။ ထို နွေးထွေးမှုသည် နှလုံးသွေးမှတစ်ဆင့် ကျွန်မတစ်ကိုယ်လုံးသို့ ဖြာဝေစီးဆင်းသွားသည်။ ကျွန်မလက်ဖျားတွေ နွေးလာသည်။ ကျွန်မနှုတ်ခမ်းတွေ နွေးလာသည်။ ကျွန်မနှုတ်ခမ်းတွေ မသိမသာပင် ပြုံးနေမိမည်ထင်ပါသည်။

စကားမပြောလိုက်ပါနဲ့။

ဒီတစ်ခဏလေးဟာ ခမ်းနားလွန်းလို့ အသံတစ်ခုခုက ဖျက်ဆီးပစ်လိုက်မှာကို စိုးရိမ်လို့ပါ။

သူ ကျွန်မဆီသို့ နောက်ထပ်တစ်လှမ်းသာ ထပ်တိုးလာခဲ့လျှင် ကျွန်မနောက်ကျောက သူ့ရင်ခွင်နှင့် ထိတော့မည်။ သူ့ရင်ခွင်မှ နူးညံ့သည့်လှုပ်ခတ်မှုကိုတောင် ကျွန်မနောက်ကျောက ခံစားရတော့မည်။ အဲဒီလို မထိကောင်းဘူးထင်ပါရဲ့။ နေပါဦး သူဆိုတာရော သေချာလို့လား။ သေချာပါသည်။ သူ့ဆီကရသည့် ကိုယ်နံ့ကို ကျွန်မ မှတ်မိတာပေါ့။ ငယ်စဉ်ကတည်းက သူ့ကိုယ်နံ့နှင့် ကျွန်မ ရင်းနှီးခဲ့ရတာမို့ နှစ်အလိုက် ကာလအလိုက် အရွယ်အလိုက် ပြောင်းလဲသွားသည့် သူ့ ကိုယ်ရနံ့တို့ကို ကျွန်မ မှတ်မိနေပါသည်။

အခုနေ ကျွန်မ နောက်ကို ခေါင်းငဲ့မှီလိုက်လျှင်၊ ကျွန်မ ပါးနှင့်ကပ်လိုက်လျှင် ဘယ်လောက်များ နွေးထွေး လုံခြုံသွားလိုက်လေမလဲ။ တစ်ခါလောက်တော့ ထိကြည့်ချင်လှပါရဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com



ရှိုးရှိုး သားသားပါ နော် မောင်။

သူကျွန်မကို ဘာစကားမှ မပြောပါ။ ကျွန်မလည်း သူ့ကို ဘာစကားမှ မပြောပါ။ အမြင်အာရုံမှာ ခရမ်းရောင်ပန်းလွှင်ပြင်၊ အနံ့အာရုံမှာ မွှေးပျံ့ထုံသင်းသည့် ပန်းရနံ့၊ ကိုယ်အာရုံမှာ နှုတ်ခမ်းဖျားမှခြေဖျားအထိ လှိုက်ဖိုညွတ်နူး ထူးခြားသော တမ်းတမှု၊ အို မဟုတ်ဘူး။ လစ်ဟာမှုပါ။ မဟုတ်သေးပါဘူး။ လွမ်းဆွတ်မှု ရယ်ပါ။

အခုနေ ကျွန်မဦးခေါင်းကို နောက်သို့ မသိမသာ တိမ်းမှောလိုက်လျှင် သူ့ပခုံးအထက်ဆီသို့ ကျွန်မ၏ ဦးခေါင်း ထိကပ်သွားမလား။ အဲဒီလို မထိအပ်ဘူး ထင်ပါရဲ့နော်။

ကျွန်မ ဘယ်သူလဲ၊ ဒီမေးခွန်းလည်း အရေးမကြီးတော့။

အဲဒါ အချစ်လား။ ဒီမေးခွန်းလည်း အရေးမကြီး။

ဘဝမှာ ဘာဖြစ်ချင်တာလဲ။ အရေးမကြီးပါ။ အို ဘာမှ အရေးမကြီးတော့ပါ။

အရေးကြီးတာကတော့ ကျွန်မတစ်ကိုယ်လုံးမှာ သွေး တို့ နွေးထွေးစွာ စီးဆင်းဖြာဝေနေသည်။ နေရာမလပ်၊ အပ်ဖျား ထိပ်လောက်နေရာလေးပင် မကျန်။ လက်ဖျားမှာ၊ ခြေဖျားမှာ၊ ရင်ထဲမှာ၊ ဝမ်းဗိုက်ထဲမှာ၊ နှုတ်ခမ်းဖျားမှာ၊ ဆံဖျားမှာ။

ဒီနေရာဟာ ကျွန်မဘဝ၏အဆုံးသတ်သာ ဖြစ်လိုက်ပါတော့။ ကျွန်မ ဘယ်မှ မသွားတော့ဘူး။ ဘယ်နေရာကိုမှ မပြန်ဘူး။ ဘယ်ကာလဆီကိုမှ မပြန်တော့ဘူး။ ဒီနေရာမှာပဲ အဆုံးသတ်လိုက်ချင်ပြီ။ နော်။

ကျွန်မ ထိန်းချုပ်မထားနိုင်တော့ဘဲ ပြုံးခနဲ နောက်လှည့်ကြည့်လိုက်သည်။

အို...



ကျွန်မနောက်မှာ ဘယ်သူမှ မရှိပါလား။

ကျွန်မပတ်လည်မှာ ယိမ်းနွဲ့နေကြသော ခရမ်းရောင် လာဗင်ဒါပန်းများ။ ဟိုးခပ်လှမ်းလှမ်းမှာတော့ မတ်တတ်ရပ်လျက် ကျွန်မကို ပြုံးကြည့်နေရစ်သော... သူ့နာမည် ဘယ်သူပါလိမ့်။ ကျွန်မကို သူ ပြောပြခဲ့ပြီးပြီလေ။ လေဆိပ်မှာတုန်းက သူ့ကိုယ်သူ မိတ်ဆက်ပေးခဲ့သည်မဟုတ်လား။ ဘာတဲ့။ သူ့နာမည်က...။ ဉာဏ်တော့ ပါပါတယ်။

သူက ကျွန်မကို အနှောင့်အယှက်မပေးချင်ဟန်ဖြင့် ခပ်လှမ်းလှမ်းမှာ ကျန်ရစ်နေခဲ့သည်။ ကျွန်မ ဘယ်နှလှမ်း လျှောက်လာခဲ့မိတာလဲမသိ။ တော်တော်တော့ ဝေးခဲ့ပါပြီကော။ ပန်းခင်းထဲ စဆင်းလျှောက်သည့်အချိန်တုန်းက သွက်လက်ခဲ့သော ခြေလှမ်းတို့သည် ကားဆီသို့ အပြန်လမ်းတွင် နှေးကွေးခဲ့လေပြီ။

‘အစ်မ တည်းမယ့်နေရာက လာဗင်ဒါခင်းက ဒီ့ထက် လှတာကို အစ်မ တွေ့ရလိမ့်မယ်’

သူက ကားတံခါး ဖွင့်ပေးလိုက်ပါသည်။

သူပြောတာ မလွန်ဘူးဆိုတာ ကျွန်မတည်းခိုရမည့် နေရာရောက်တော့မှ လက်ခံလိုက်၏။

ခရမ်းရောင်လွှင်ပြင် လာဗင်ဒါပန်းခင်းကြီးထဲမှာ။ ခရမ်းရောင်လှိုင်းများ၏အဝေးဆီမှာ ကျောက်တုံးအရွယ်စုံ မညီမညာဖြင့် လုပနေသောစံအိမ်တစ်ခုကို လှမ်းမြင်ရသည်။ ဒါ ဟိုတယ်မှ မဟုတ်ဘဲ။ ဒါ အိမ်တစ်လုံးပါ။ စိတ်ကူးယဉ်စရာ မကောင်းဘူးလားဟင်။ ကျွန်မတည်းခိုရမှာက လာဗင်ဒါပန်းခင်း လွှင်ပြင်ကျယ်ကြီးထဲမှာရှိနေသော ရှေးဟောင်း ကျောက်တုံးအိမ်တစ်ခုမှ တဲ့။ ပုံပြင်ထဲမှာ ရောက်နေသလို ခံစားချက်သည် တဖြည်းဖြည်း ပို၍ပင်

www.burmeseclassic.com

www.burmeseclassic.com



သေချာလာ၏။

တိုက်အိမ်ဆီသို့ ရောက်ဖို့ ခြေလှမ်းသုံးလေးရာလောက် လှမ်းရပါသည်။ ကိစ္စမရှိပါ။ ပန်းရနံ့မွှေးလျက်နေသော လှပသည့် ခရမ်းရောင်လှိုင်းတွေကြားထဲမှာမို့ အိမ်ဆီ ဘယ်လောက်ပဲ ဝေးဝေး ကျွန်မ ကြည်နူးစွာ ရင်ခုန်စွာ လှမ်းသွားနိုင်ပါသည်။ ကျွန်မ၏ ခရီးဆောင်အိတ်ကို ဥယျာဉ်သုံး တွန်းလှည်းလေးဖြင့် ကိုဉာဏ်က တွန်းယူလာသည်။ သူကြည့်ရတာ ဒီအိမ်၏အရေးကိစ္စ အားလုံးအတွက် တာဝန်ရှိနေသည့် ပုဂ္ဂိုလ်လိုပဲ။ အလုပ်သမားတစ်ယောက်နှင့်မတူပါ။ အိမ်ပိုင်ရှင်လည်း မဖြစ်နိုင်။ မန်နေဂျာများ ဖြစ်မလား။

တိုက်အိမ်သည် ကျောက်တုံးတွေစီရီထားသည့် နံရံဖြင့် ညိုဝါဝါရောင်ခပ်မှိုင်းမှိုင်း။ ပန်းချီကားထဲက အိမ်တစ်ခုနှင့် တူ သည်။ မီးခိုးခေါင်းတိုင်ကလည်း အင်္ဂတေကြင်းကျောက်လို အရောင် မျိုးဖြင့် တည်ဆောက်ထားသည်။ ချစ်စရာကောင်းလိုက်ပုံက အိမ်ရှေ့ကပ်လျက် ထောင့်နားဆီတွင် သစ်ပင်ကြီးတစ်ပင် တည်ရှိနေခြင်း ပင်တည်း။ တိုက်အိမ်ရှေ့မျက်နှာစာ ဆင်ဝင်ဆီ ရောက်ဖို့ ကျောက်တုံးဒီဇိုင်းဖြင့်ဖန်တီးထားသည့် လှေခါးသုံးထစ်ကို တက်ရသည်။ ထိုလှေခါးထစ်လေးတွေကို ဘေးတစ်ဖက်တစ်ချက်မှာ တံတားသဖွယ် လက်ရန်းတွေ ကွပ်ထား၏။

ခမ်းနားလှသည့်အိမ်ပါလား။

ကျွန်မ၏တည်းခိုစရိတ်ကို ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးဌာနက အကုန်အကျခံပေးလို့သာပေါ့။ မဟုတ်လျှင်ဖြင့် ကျွန်မ ဒီလိုနေရာမျိုးသို့ ရောက်လာတည်းခိုဖို့ဆိုတာ ရင်တုန်စရာပင် ကောင်းလိမ့်မည်။

'အို ခမ်းနားလိုက်တာနော်' ဟု ကျွန်မ လွှတ်ခနဲ ရေရွတ်မိတော့ ကိုဉာဏ်က ပြုံးသည်။



'မဟုတ်ဘူး အစ်မ။ ဒါက ဟိုတယ်ကြီးအဆင့် မဟုတ်ပါဘူး။ ဒါက အိပ်ရာပါတယ်။ နံနက်စာပါတယ် ဆိုတဲ့ တည်းခိုခန်းအဆင့်ပါ။ ဘီ အင်န် ဘီ လို့ခေါ်တယ်လေ'

အံမာလေး။ ဘီအင်န်ဘီ (B&B Breakfast and Bed) အဆင့်တဲ့။

ကျွန်မတစ်ယောက်တည်း ကျန်ရစ်ခဲ့သည့်အခါ အခန်းကို စူးစမ်းလေ့လာကြည့်ရသည်။

အခန်းသည် ရှစ်ပေပတ်လည်လောက်ပဲ ရှိမည် ထင်သည်။ ကျွန်းသား ထုတ်တန်းကြီးတွေ သွယ်တန်းထားသည့် ရှေးဟောင်းမျက်နှာကျက်မှာ ပန်ကာတစ်ခု ခပ်ဖြည်းဖြည်း လည်ပတ်နေသည်။ ပြတင်းပေါက်နှစ်ခုရှိသည်။ ပြတင်း၏အပေါ်ပေါင်မှာ အဝိုင်းအခုံတွေနှင့် ကနုတ်ဒီဇိုင်းတွေနှင့် ရှေးဟောင်းအခန်း စစ်စစ်ဖြစ်သည်။

ခုတင်သည် တစ်ယောက်အိပ်ခုတင် တစ်ယောက်အိပ်မွေ့ရာ ဖြစ်သည်။ နို့နှစ်ရောင်ပေါ်မှာ ခရမ်းရောင် လာဗင်ဒါ ပန်းစည်းလေးပုံ ပန်းထိုးထားသည့်အဆင်ဒီဇိုင်းကို အိပ်ရာဖုံးအဖြစ် ခင်းထားသည်။ ရှေးဆန်ဆန် ဇာနားတပ်ခေါင်းအုံးကလည်း နို့နှစ်ရောင်အခံမှာ လာဗင်ဒါ ပန်းခက်နှစ်ခက် ပန်းထိုးထားလျက်ရှိသည်။ အခန်းကလည်း လာဗင်ဒါ ပန်းရနံ့ဖြင့် မွှေးလို့။ ပြတင်းပေါက်တို့၏ ဟိုဘက်မှာ ခရမ်းရောင်လှိုင်းလုံးကြီးတွေနှင့် လာဗင်ဒါ ပန်းခင်းအကျယ်ကြီးကို မြင်နေရသည်။

ကျွန်မ မွေ့ရာပေါ် ခြေပစ်လက်ပစ် လှဲချလိုက်မိသည်။ ကဲ ဒီနေ့တော့ အေးအေးဆေးဆေး နားနေရုံပဲ မဟုတ်လား။

ပန်းရနံ့မွှေးနေသည့် အေးစိမ့်သော အခန်းထဲမှာ နူးညံ့သည့် မွေ့ရာပေါ်မှာလှဲနေသည့်အခါ ကျွန်မ မျက်လုံးတွေက

www.burmeseclassic.com

www.burmeseclassic.com



အလိုအလျောက်ပင် မှေးစင်းလာခဲ့သည်။ ပန်းရနံ့မွှေးမွှေးက ကျွန်မကို အိပ်မွေ့ချနေတာကိုး။ နေဦး မဖြစ်သေးပါဘူး။ ကျွန်မ နေ့လည်စာ မစားရသေးဘူး။ အိပ်လို့မဖြစ်သေးဘူး။ မအိပ်နဲ့ဦး။

အသံတစ်ခုကို ကြားရသည်။ တစီစီမြည်သောအသံ ဖြစ်သည်။ ပုရစ်သံလား။ သူတို့ဆီမှာလည်း ပုရစ်ရှိသလား။

မနက်ဖြန် မာဆေးကို သွားရမည်။ မာဆေးတက္ကသိုလ်ကို သွားကြည့်ထားဦးမှ။ ဖရောင်ဆွာနဲ့ သူ့ဇနီး မလေး ဘယ်ရောက်နေလို့ ကျွန်မနဲ့ မတွေ့ရတာလဲ။

ကျွန်မ မျက်လုံးဖွင့်ကြည့်လိုက်သည်။ ကျွန်မ ခြေရင်းက ရှေးဆန်ဆန်လှပသော ကျောက်တုံးနံရံပေါ်မှာ အကောင်တစ်ကောင်ကို အခုမှ မြင်ရသည်။ ဘာကောင်လဲ။ ပုရစ်တစ်ကောင်၊ မဟုတ်ဘူး။ ပုရစ်က ဒီလောက်မကြီးပါဘူး။ အရောင်ညိုညို။ အတောင်ပံ နှစ်ဖက် ခပ်စင်းစင်း။ ခေါင်းတိုတို။ အဲဒါ ဘာကောင်ပါလိမ့်။ ကျွန်မ ထ ကြည့်မှ ဖြစ်မည်။ ဒီအခန်းသည် ရှေးအိမ်၏ အခန်းဖြစ်သဖြင့် အကောင်ပလောင်တွေ ဝင်ချင် ဝင်နေနိုင်သည်။

ထိုအချိန်မှာပဲ တံခါးခေါက်သံကို ကြားရသည်။

တံခါးဖွင့်လိုက်သောအခါ အပြင်တွင် နိုင်ငံခြားသူ အမျိုးသမီးတစ်ယောက်။ ညိုဝါရောင်ဆံပင် အခွေလိပ်လေးများ ပခုံးပေါ်ဝဲကျလျက်၊ မျက်လုံးနက်နက်၊ နှုတ်ခမ်းပါးပါးက အပြုံးကျယ်စွာ ပြုံးလျက် ရှိသည်။ မြင်လိုက်တာနှင့် ဖော်ရွေမည့်သူမှန်း သိလိုက်သည်။

'ဟယ်လို'

ကျွန်မက အင်္ဂလိပ်လို နှုတ်ဆက်ချိန်တွင် သူက ပြင်သစ်လို မင်္ဂလာပါ ဟု နှုတ်ခွန်းဆက်သည်။

'မာ့ဒ်မွာဇယ်လ်ဝေ အစစအဆင်ပြေပါရဲ့လား'



'ဟုတ်ကဲ့ အဆင်ပြေပါတယ်'

'ကျောက်တုံးစံအိမ် မှ နွေးထွေးစွာ ကြိုဆိုပါတယ်ရှင်။ ကျွန်မနာမည်က ဂျဲနက်ပါ။ ကိုဉာဏ်လင်းအောင်ရဲ့ ဇနီးပါ'

'အို ဂျဲနက် တွေ့ရတာ ဝမ်းသာပါတယ်'

'အခန်း အဆင်ပြေရဲ့လား။ ဘာများ လိုသေးလဲ။ ရေပူရေအေးရော အဆင်ပြေရဲ့လားရှင့်'

'အို အဆင်ပြေပါတယ်။ သိပ်ကောင်းပါတယ်။ ကျေးဇူးတင်ပါတယ်'

ပြောသာပြောရသည်။ ကျွန်မ ရောက်ကတည်းက အိပ်ရာပေါ် လှဲနေခဲ့တာ ရေချိုးခန်းကိုပင် အသေအချာ မကြည့်ရသေးပေ။

'လိုတာရှိရင် ပြောပါနော်'

'ဟုတ်ကဲ့။ အခန်းတစ်ခုလုံးက မွှေးရနံ့ကို သင်းနေတာပဲ'

'နောက်နာရီဝက်ဆို နေ့လည်စာစားလို့ရပြီရှင့်။ ဟောဟို စင်္ကြန်တည့်တည့်အတိုင်း လျှောက်လာခဲ့၊ ဧည့်ခန်းကျယ်ကြီးကို တွေ့မယ်။ ဧည့်ခန်းရဲ့ ဟိုဘက်အဆုံးမှာ ထမင်းစားခန်းပါပဲ'

'ကျေးဇူးပါ ဂျဲနက်'

ကျွန်မ ရေချိုးမှ ဖြစ်မည်ဟု တွေးသည်။ ရေချိုးခန်းတွင် ရေချိုးကြွေကန်မရှိပါ။ တစ်ယောက် ဝင်ချိုးနိုင်ရုံ လှပသော မှန်ခန်းလေးတစ်ခုသာ ရှိသည်။ ရေပူရေအေး ခလုပ်နှစ်မျိုး ရှိ၏။ မှန်ခန်း၏ထောင့်တွင် နှစ်ထပ် သံဇကာစင်သေးသေးလေး တစ်ခု ရှိပြီး အပေါ်စင်၌ အယ်လ်ဘာဘော့တာနီကာ(Alba botanica) ဟူသော နာမည်ဖြင့် ရေချိုးဆပ်ပြာရည်ဘူး၊ မစ်စ်ထရေးလ် လပ်ဇူရီ (Mistral luxury) နာမည်ဖြင့် မျက်နှာသစ် ဆပ်ပြာရည် ဘူးတို့ရှိသည်။ မစ်စထရေးလ် ဆိုသော နာမည်ကို ပြင်သစ်စာ

www.burmeseclassic.com

www.burmeseclassic.com



သင်ဖူးသူတိုင်း သိပါသည်။ ပြင်သစ်နိုင်ငံ၏ နာမည်ကျော် ကြမ်းတမ်းပြီး အေးမြသည့်လေကို မစ်စ်ထရေးလ်ဟု ခေါ်သည် မဟုတ်လား။ အောက်ထပ်စင်ပေါ်က ကြွေခွက်လေးထဲ၌ ဆီမွန်း ပြင်သစ် (Simone France)ဟု စာလုံးထွင်းထားသည့် ထုံးခြောက်ရောင် ဆပ်ပြာခဲတစ်ခု ရှိသည်။ ဆပ်ပြာခဲပေါ်ရှိ ထိုစာလုံးတို့က ပြယ် လွင့်စပြုနေပြီမို့ သုံးလက်စဖြစ်ဟန်တူသည်။ နမ်းကြည့်လိုက်တော့ မွှေးရနံ့ မပါ။ သဘာဝအတိုင်း ဖြစ်သည်။

နေဦး။ ဟိုဟာက မုတ်ဆိတ်ရိတ်သည့်အခါ သုံးသည့် အမွှေးရည်ဘူးမဟုတ်လား။ ယောကျ်ားသုံးပစ္စည်းတွေလေ။ ကျွန်မ အနည်းငယ် တွန့်ဆုတ်သွားသည်။ ဒါတွေက ဟိုတယ်လ် တိုင်းမှာ ထားပေးနေကျ ကော့စ်မက်တစ်တွေတော့ မဟုတ်ပေ။ ပြီးတော့ ကိုယ်ကိုချေးတွန်းသည့်ဇာပန်းပွား ခရမ်းရောင်တစ်ခုကို ပလတ်စတစ်အိတ် မဖောက်ရသေးဘဲ အသစ်အတိုင်း တွေ့ရသေးသည်။ ဧည့်သည်သုံးဖို့ ပေးထားတာ ဖြစ်မှာပေါ့။ ဒီအတိုင်းဆို ဟိုတယ်က တော်တော် ဈေးကြီးပုံရသည်။

ရေချိုးပြီးတော့ နံရံကပ်နာရီကို ကြည့်သည့်အခါ ပြင်သစ် စံတော်ချိန် နေ့လည် ၁၂နာရီ ဆယ်မိနစ်။ ထမင်းစားခန်း ကို သွားဖို့မိနစ်နှစ်ဆယ်လောက် လိုသေးသည်။

အင်တာနက်ဖွင့်ကြည့်ဦးမှ ဖြစ်မည်။ သိပ်တော့မကောင်း ဘူးဆိုသည့် အင်တာနက်ဆက်သွယ်မှုသည် မြန်မာနိုင်ငံထက် အများကြီးကောင်းလေသည်။

ဂျီမေးလ်စာတိုက်ပုံးကို ချက်ချင်းပင် ဖွင့်လို့ရသွားသည်။ ကျွန်မဆီ စာအသစ်တွေ ရောက်နေသည်။ တစ်ခုက ကျွန်မနှင့် တစ်မြို့တည်းသား ကိုဇော်လတ်ဆီက စာ၊ တစ်ခုက အရင်က တိုက်ခန်း အတူငှားနေခဲ့ဖူးသော သူငယ်ချင်းဆီကစာ၊ နောက်



တစ်ခုက ပါမောက္ခ၏ဇနီး လေးထံမှ စာ။

အခုအချိန်မှာ အရင်ဆုံးဦးစားပေးအဖြစ် လေးထံမှစာ ကို အရင်ဆုံးဖွင့်ဖတ်လိုက်သည်။

'ချစ်သောအင်ကြင်းဝေ

ရင်ခုန်ဖို့ကောင်းတဲ့ အံ့ဩစရာလေးတစ်ခုပါလား။

ဆိုးမြို့ကို မင်းသွားမယ်ဆိုတာ သိရလို့ တို့သိပ်ဝမ်းသာပါ တယ်။ အဲဒီမှာ လာဗင်ဒါ ပန်းပင်လယ်ကြီးက မင်းကို စိတ်ရွှင်လန်း အောင် ညို့ယူပါလိမ့်မယ်။ စိတ်လွတ်လက်လွတ် ကြည်နူးခံစား ခဲ့ပါ။

မနက်ဖြန်တော့ မာဆေးကို ရောက်အောင် ပြန်လာခဲ့ နော်။ ပရောဗန့်စ်တက္ကသိုလ်မှာ ညီလာခံအတွက် မှတ်ပုံတင်ဖို့ရယ် မင်းပြောရမယ့် ကီးနုတ်မိန့်ခွန်းအတွက် ကြိုတင်ညှိနှိုင်းကြဖို့ရယ်။

ဒါနဲ့ အဲဒီကျောက်တုံးစံအိမ်က ရန့်ကုထုံးဟာ ပရောဗန့်စ် နယ်တစ်ဝိုက်မှာ နာမည်ကြီးတယ်။ မင်း လက်တွေ့စမ်းသပ်ခဲ့ ကြားလား။

မနက်ဖြန် ဟိုတယ်သစ်မှာ မင်းကို လာတွေ့မယ်။
ပျော်ရွှင်တဲ့အားလပ်ရက်ဖြစ်ပါစေ။
အကောင်းဆုံးဆန္ဒမွန်များဖြင့်
ဖရောင်ဆွာ နဲ့ မလေး'

အံ့ဩစရာကောင်းလိုက်တာ။

လေး၏ စကားအသုံးအနှုန်းအရ ကျွန်မကို ဆိုးမြို့သို့ တစ်ညသွားဖို့ စီစဉ်ပေးသူသည် လေး မဟုတ်နိုင်။ ဆိုးကို သွား မယ်လို့ သိရလို့ ဝမ်းသာပါတယ် တဲ့။ ဒါဖြင့် ဘယ်သူကစီစဉ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာလဲ။ ပဟေဠိတစ်ခုကို ကြုံလိုက်ရသလို စိတ်ရှုပ်ထွေးသွား မိသည်။

နေဦး။ လေး၏စာသည် သီးသန့်စာမဟုတ်။ ပေးစာတစ်ခုကို စာပြန်ထားခြင်း ဖြစ်သည်ကို တွေ့ရသည်၊ လေး၏စာကို အောက်အထိ ဆက်ဖတ်လိုက်သောအခါ လေးဆီသို့ လိပ်မူပြီးရေးထားသည့် စာတစ်စောင်ရှိနေသည်။ ထိုစာကို ပေးပို့သူမှာ ဟင် ကျွန်မလား။

ကျွန်မ၏အီးမေးလ်လိပ်စာဖြင့် လေးဆီသို့ ရေးထားခဲ့သည့်စာကို ကျွန်မ ဖတ်မိနေခြင်းဖြစ်သည်။ ကျွန်မ ဘယ်တုန်းကမှ မရေးခဲ့ဖူးသည့်စာကို ပထမဆုံးအကြိမ် ဖတ်နေရပါကလား။

'ချစ်သောမလေးနဲ့ ဖရောင်ဆွာ

ကျွန်မ မနက်ဖြန်မနက် မာဆေးကို မလာသေးဘဲ လေဆိပ်ကနေ ဆိုးမြို့ကို တိုက်ရိုက်သွားမယ်လို့ စီစဉ်ထားတယ်။ ဆိုးမှာ ကျွန်မမိတ်ဆွေ ဇနီးမောင်နှံက လာဗင်ဒါပန်းခင်းတွေထဲမှာ ကျောက်တုံးစံအိမ်ဆိုတဲ့ မိုတယ်တစ်ခု ဖွင့်ထားတယ်။ အဲဒီမှာ တစ်ညအိပ်ပါမယ်။ နောက်နေ့နေ့လည်မှ ဟိုတယ်သစ် ဟိုတယ်ကို ဝင်ပါမယ်။ မလေးတို့ လာမကြိုနဲ့တော့။ ကျွန်မရဲ့ မိတ်ဆွေက လေဆိပ်ကို လာကြိုပေးပါလိမ့်မယ်။

အစစအရာရာအတွက် ကျေးဇူးတင်ပါတယ်။
ဇူလိုင်၇ရက်နေ့မှ မာဆေးမှာ တွေ့ကြမယ်။
ချစ်သော အင်ကြင်းဝေ'

ကျွန်မ ရင်တဒိတ်ဒိတ်ခုန်နေသည်။

ကျွန်မ ကိုယ်တိုင်တောင် ဆိုးမြို့သို့ သွားရမည်ကို အခု



နံနက်ကျမှ လေဆိပ်ရောက်မှ ကိုညာဏ်က ပြောပြလို့သိရသည်။ လေးတို့ စီစဉ်ပေးသည်ဟု အောက်မေ့ခဲ့သည်။ အခုတော့ ပြောင်းပြန်တွေ ဖြစ်နေပါရောလား။ တစ်ခုခုတော့ အကြီးအကျယ် မှားယွင်းနေခဲ့ပြီ။

ကျွန်မ မရေးသည့်စာကို ကျွန်မရေးသည့်ပုံစံဖြင့် စာပို့သူသည် ဘယ်သူလဲ။

ကျွန်မ၏အီးမေးလ်လိပ်စာကို ဘယ်သူက ဖွင့်နိုင်သလဲ။ စာတိုက်ပုံးကို ဖွင့်ဖို့ လျှို့ဝှက်စကားလုံး (Password)ကို သိမှ ဖွင့်လို့ရမှာပေါ့။ ကျွန်မ၏လျှို့ဝှက်စာလုံးတွေကို ဘယ်သူက ဘယ်လိုလုပ်ပြီး သိသွားတာလဲ။

တွေးမိသည့်အခါ ကျွန်မရင်ထဲမှာ ပူနွေးစွာ လှိုက်ဟာသွားသည်။ ဟောဒီလောကကြီးမှာ ကျွန်မ၏အီးမေးလ် လျှို့ဝှက်စကားလုံးကို သိသူက တစ်ယောက်တည်းရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၄)

ရင်တလှပ်လှပ်တုန်ရီကာ တစ်ကိုယ်လုံး အင်အားမရှိတော့သလို နွမ်းနယ်သွားသဖြင့် ကုလားထိုင်ပေါ်မှာပင် ကျွန်မ ပျော့ခွေသွားသည်။

မောင် ဟု အသံမထွက်ဘဲ ရေရွတ်ကြည့်လိုက်သည်။ မောင် ဘယ်မှာလဲ။ ကျွန်မကို တစ်နေရာရာကနေ မောင် လှမ်းကြည့်နေသလို ခံစားရသည်။

ပတ်ဝန်းကျင်သည် ချက်ချင်း ပြောင်းလဲသွား၏။ ကျွန်မကိုယ်ကျွန်မ လုံခြုံသည်ဟု ထင်ထားရာကနေ မလုံမလဲ ဖြစ်သွားသည်။ ကုလားထိုင်ပေါ် နွမ်းဖျော့စွာ ထိုင်နေရင်းကပင် အခန်းပတ်လည်ကို တစေ့တစောင်း ဝေ့ဝဲ ကြည့်နေမိသည်။

ဖြစ်နိုင်ပါ့မလား။

ကျွန်မနှင့်မောင် လွန်ခဲ့သည့်နှစ်တော်တော်ကြာကြာတုန်းက တစ်ယောက်နှင့်တစ်ယောက် မဖုံးကွယ်စတမ်းဟု အီးမေးလ် လျှို့ဝှက်စာလုံးတွေကို ပြောပြအသိပေးထားခဲ့လို့ မောင်က ကျွန်မ၏အီးမေးလ် လျှို့ဝှက်စာလုံးတွေကို သိနေခဲ့ဖူးတာတော့မှန်ပါရဲ့။ အခုအခါ ကျွန်မကို မောင် အဆက်အသွယ်ဖြတ်ထားခဲ့တာ ကြာခဲ့ပြီ။ မောင် ဘယ်ရောက်နေမှန်းပင် ကျွန်မ မသိ။ မောင် ကျွန်မစာကို ကျွန်မအဖြစ် ဟန်ဆောင်ပြီး ဘာကြောင့်ဝင်ရေးမှာလဲ။



မောင့်ဆီသို့ အင်္ဂလိပ်လို စာရေးလျှင် မောင်က သိပ်စိတ်ဆိုးတတ်သည်။ ကျွန်တော် နားမလည်လို့ မခံစားနိုင်တဲ့ အဲဒီအင်္ဂလိပ်စာတွေနဲ့ ကျွန်တော့်ကို မမ နှိပ်စက်နေတာလား။ မြန်မာလိုပဲ ရေးပါမမရဲ့။ မမကလည်း မြန်မာ ကျွန်တော်လည်း မြန်မာလေ။ နောက်ပြီး မြန်မာပြည်မှာ နေနေကြတာလေ။

မောင့်စကားကို ကြားယောင်မိသည်။

မောင်သည် အင်္ဂလိပ်စာကို အလွန်ကြောက်သူ ဖြစ်၏။ နောက်ပြီး ကွန်ပျူတာနှင့်ပတ်သက်လျှင် ကျွန်မက သင်ပေးခဲ့ရသူဖြစ်သည်။ အီးမေးလ်ဖွင့်ပုံ ဖွင့်နည်းကိုလည်း ကျွန်မကသာ သင်ပြပေးခဲ့ရတာ မဟုတ်လား။

ကျွန်မနှင့် မတွေ့ရသည့် သုံးလေးနှစ်ကာလအတွင်း သူ ဒီလောက်တောင် အင်္ဂလိပ်စာ ကျွမ်းကျင်သွားလေသလား။ ကျွန်မ ရေးမထားခဲ့သည့် ကျွန်မကိုယ်စား တစ်ယောက်ယောက် ပေးပို့သည့်စာကို ကျွန်မ ဒုတိယတစ်ကြိမ် ပြန်ဖတ်လိုက်သည်။

'ချစ်သောမလေးနဲ့ ဖရောင်ဆွာ

ကျွန်မ မနက်ဖြန်မနက် မာဆေးကို မလာသေးဘဲ လေဆိပ်ကနေ ဆိုးမြို့ကို တိုက်ရိုက်သွားမယ်လို့ စီစဉ်ထားတယ်။ ဆိုးမှာ ကျွန်မမိတ်ဆွေ ဇနီးမောင်နှံက လာဗင်ဒါပန်းခင်းတွေထဲမှာ ကျောက်တုံးစံအိမ်ဆိုတဲ့ မိုတယ်တစ်ခု ဖွင့်ထားတယ်။ အဲဒီမှာ တစ်ညအိပ်ပါမယ်။ နောက်နေ့နေ့လည်မှ ဟိုတယ်သစ် ဟိုတယ်ကို ဝင်ပါမယ်။ မလေးတို့ လာမကြိုနဲ့တော့။ ကျွန်မရဲ့ မိတ်ဆွေက လေဆိပ်ကို လာကြိုပေးပါလိမ့်မယ်။

အစစအရာရာ အတွက် ကျေးဇူးတင်ပါတယ်။

ဇူလိုင်၇ရက်နေ့မှ မာဆေးမှာ တွေ့ကြမယ်။

ချစ်သော အင်ကြင်းဝေ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနေရာကနေ ဝင်ရေးသောစာမှာ ကျွန်မ သုံးနှုန်းနေကျသဒ္ဒါအသုံး မဟုတ်ဘဲ ကွဲလွဲမှုတွေ ရှိနေသည်ကို အခုမှ သတိပြုမိသည်။ နောက်ပြီး သတ်ပုံတွေမှားနေသည်။ ကျွန်မ စာရေးလျှင် အခုမှားသည့် အမှားမျိုး ဘယ်တုန်းကမှ မမှားခဲ့ဖူးပေ။ တိုက်ရိုက် ဆိုသောစကားလုံးတွင် သတ်ပုံမှားနေသည်။ နောက်နေ့ ဆိုသော စကားလုံးတွင် နောက်ဆိုသောစကားလုံး၌ တီ စာလုံး ကျန်နေခဲ့ သည်။ လေဆိပ်မှာ လာကြိုဟူသော အသုံးအနှုန်းတွင် လာကောက်ယူဟု သုံးထားသော်လည်း proposition စကားလုံး ဖြစ်သော up မပါဘဲ ကျန်နေခဲ့သည်။

မောင်သည် ဟိုတုန်းကတည်းက မြန်မာလိုစာရေးတာတောင် စကားလုံး အကျအပေါက်တွေနှင့် သတ်ပုံအမှားတွေနှင့်။ အခုကော ဒီစာကို မောင်ရေးတာလား။ ဘယ်ကနေ ရေးတာလဲ။ ဘာကြောင့်ရေးတာလဲ။ ဘာကြောင့် ကျွန်မကို ဒီမြို့သို့ လာအောင် လိမ်လည် လှည့်ဖြား ကြိုးစားခဲ့တာလဲ။

မောင်က အခု ဘယ်မှာမို့လဲ။

ကျွန်မ ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

ကျွန်မ တစ်ယောက်ယောက်ကို တွေ့မှ ဖြစ်မည်။ တွေ့ပြီး မေးရမည်။ ကျွန်မကို ဘာဖြစ်လို့ ဒီအထိ ခေါ်လာတာလဲ။

ကျွန်မ အခန်းထဲမှ လျှင်မြန်စွာ ထွက်လိုက်သည်။ ကျွန်မ အခန်းမှ ဧည့်ခန်းဆီအထိ လျှောက်လာစဉ်တွင် အိမ်တစ်ခုလုံး တိတ်ဆိတ်နေသည်။ လူသူအသံ မကြားရ။ စောစောက ကြားနေရသော စီစီ စီစီနှင့် ပုရစ်သံတွေတောင် မကြားရတော့ပါ။ ဧည့်ခန်းသည် ရိုးရိုးရှင်းရှင်းသာ ဖြစ်သည်။ ရှေးဆန်ဆန်မီးလင်းဖိုကို တွေ့ရသည်။ မီးလင်းဖို၏အပေါ်မျက်နှာပြင်ပေါ်မှာ စာအုပ်တချို့ရှိသည်။ ဖယောင်းတိုင်ထွန်းသည့် ကလပ်လေးတွေကို တွေ့



ရသည်။ ကျွန်မနင်းရသော ကြမ်းခင်းသည် လျှာထိုးပျဉ်ခင်းဖြစ်နေပြီး အသံက တချို့နေရာတွင် တကျွိကျွိ မြည်နေ၏။ ဒါတောင် ကျွန်မ၏ခြေသံကို တစ်ယောက်ယောက် မကြားဘူးလားမသိ။ ကျွန်မဆီသို့ တစ်ယောက်မှ မလာပါ။

ကျွန်မ၏လက်ယာဘက်တွင် တံခါးခပ်ဟဟပွင့်နေသော အခန်းတစ်ခု ရှိသည်။ ထိုအခန်းမှာများ ကိုညဏ်ရှိမလား။ သူ့ကို ကျွန်မ မေးချင်လှပြီ။ ကျွန်မကို ဘယ်သူ့ဆုံးဖြတ်ချက်ဖြင့် လေဆိပ်သို့ လာကြိုပြီး ဒီနေရာသို့ ခေါ်လာရတာလဲ။

သို့သော် ကျွန်မ တံခါးအဟကြားမှ လှမ်းကြည့်တော့ အခန်းထဲမှာ ဘယ်သူမှ မရှိ။ စာကြည့်ခန်းပုံစံမျိုး။ စာအုပ်တွေကိုလည်းတွေ့သည်။ ထို့ပြင် ဖန်ပုလင်းတွေ ဖန်ဘူးတွေ ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ဖယောင်းတိုင်တွေကိုလည်း တွေ့ရသည်။ အခန်းသည် မွှေးရနံ့ဖြင့် သင်းထုံလျက် ရှိသည်။

ကျွန်မ ထိုအခန်းကနေ ပြန်လှည့်ထွက်လာပြီး ထောင့်ချိုးကိုတွေ့လိုက်သည့်အခါ မီးဖိုခန်းနှင့် တစ်ဆက်တည်းဖြစ်သော ထမင်းစားခန်းကို တွေ့လိုက်ရသည်။ အဲဒီမှာ ဂျဲနက်တော့ နေ့လည်စာကို ပြင်ဆင်နေမှာပဲ။

ကျွန်မ ထင်သည့်အတိုင်း ဂျဲနက်ကို ထမင်းစားပွဲတွင် ပန်းကန်များ အစီအစဉ်ချနေသည်ကို တွေ့ရသည်။ ကိုညဏ်ကိုတော့ မတွေ့ရ။

ဂျဲနက်က ကျွန်မကို လှမ်းနှုတ်ဆက် ဖိတ်ခေါ်သည်။

'ဟေး လာလာ နေလည်စာ အဆင်သင့်ဖြစ်ပြီ'

ကျောက်တုံးစံအိမ်၏ ထမင်းစားခန်းသည် ဟိုတယ် စားသောက်ခန်း တစ်ခုနှင့်မတူပါ။ ထမင်းစားခန်းသည် အကျယ်ကြီး ဖြစ်သည်။ နံရံသည် ကျောက်တုံးတွေကို ညီအောင် အချောသတ်

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းမဟုတ်ဘဲ အကြမ်းထည်အတိုင်း ပြင်ဆင်ထားခြင်း ဖြစ်သည်။ နံရံတွင် ကျွန်းသားဘီဒိုသေးသေးလေးများကို မြုပ်ထားပြီး ထိုဘီဒိုတွေထဲတွင် ဝိုင်ဖန်ခွက်များ၊ ကြွေထည်ပန်းကန်များကို သူ့နေရာနှင့်သူ စီရီစွာ နေရာချထားသည်။

ကိုညာဏ်နှင့်တွေ့လျှင် စိတ်လိုက်မာန်ပါ မေးလိုက်မည်ဟု ရည်ရွယ်သော်လည်း နေ့လည်စာကို ကျွန်မတို့နှစ်ယောက်ပဲ စားရမည်ဟု သိလိုက်သည်။ နှစ်ယောက်စာ ပန်းကန်ကိုပဲ ပြင်ဆင်ထားတာ တွေ့ရသည်။

'ကိုညာဏ်ရော'

'သူ ပန်းခင်းထဲမှာ ဧည့်သည်တွေနဲ့'

လှမ်းမြင်နေရသော လာဗင်ဒါ ပန်းခင်းကြီးသည် မျက်စိတစ်ဆုံး ကျယ်ပြန့်နေသဖြင့် ထိုနေရာသို့ ရောက်ရန် တော်တော် လမ်းလျှောက်ရမည်ထင်သည်။ ဂျဲနက်ရော ကျွန်မသိချင်သည်ကို ဖြေနိုင်ပါ့မလား။

'ပြင်သစ်ကို အရင်က လာဖူးသလား ဝေ'

'မလာဖူးပါဘူး။ ဒါက ကျွန်မရဲ့ ပထမဆုံးခရီးပါ'

'အလည်လာတာလား'

'မဟုတ်ပါဘူး အလုပ်ကိစ္စနဲ့ပါ'

'မင်း ဒီအချိန်လာတာ သိပ်ကောင်းတာပဲ။ နွေရာသီဆိုတော့ ပူနွေးတယ်။ ဆောင်းကာလဆို ဒီမှာ ရာသီဥတု သိပ်ကြမ်းတယ်လေ'

ကျွန်မ ဘာကိစ္စဖြင့်လာသည်ဆိုတာတောင် ဂျဲနက် မသိလျှင် ကျွန်မ ဒီကို ဘာကြောင့်ရောက်နေရသည်ကို သိနိုင်ပါ့မလား။

'ကျွန်မ မာဆေးပရောဗန့်စ်တက္ကသိုလ်မှာလုပ်မယ့် ဗမာဆိုင်ရာလေ့လာမှု ညီလာခံမှာ စာတမ်းလာဖတ်တာပါ'



'အော် ဟုတ်လား'

ကျွန်မ၏ ပြင်သစ်နိုင်ငံတွင် ပထမဆုံး နေ့လည်စာသည် မက်ဒီတာရေး နီးယန်း နေ့လည်စာ (Mediterranean lunch) ဟု ဆိုပါသည်။ မာဆေးမြို့နှင့် ပရောဗန့်စ် (Provence) တစ်ဝိုက်မှာ နာမည်ကြီးသော အထူးအစားအသောက်တွေ တဲ့။ တစ်စေ့ချင်း ဖွယ်နေသော လူးဆန်သေးသေးလေးတွေကို ပေါင်းချက်ထားသည့် ထမင်းနှင့် ငါးဟင်း။

'ဒါ ကူးစ်ကူးစ်(Couscous)လို့ခေါ်တယ်။ အာဖရိကတောဘက်မှာ စားတဲ့အစားအစာမျိုး။ ထမင်းလိုပဲပေါ့'

ဂျင်းနက်က ရှင်းပြသည်။

'ဒါကတော့ ဘွီယာဘဲစ်(Bouillabaisse) လို့ခေါ်တဲ့ ငါးဟင်းပါ။ ဒီမှာမှ ရတဲ့ အထူးစပယ်ရှယ် ငါးဟင်းပါ၊ သုံးဆောင်ပါရှင်'

ဂျဲနက်က ကျွန်မကို နွေးထွေးစွာ ဧည့်ခံလေသည်။

ငါးဟင်းသည် ဆီတော္ဘပါသည်။ သို့သော် စွပ်ပြုတ်ခပ်ပျစ်ပျစ်ပုံစံ ဟင်းရည်နှင့်ဖြစ်သည်။ ကမာကောင်လေးတွေ လည်း ပါသည်။ ဒီပင်လယ်ကမ်းခြေမှာ ကမာကောင်တို့ ခရုတို့ကို အထူးအစားအစာအဖြစ် စားကြမှာ သေချာသည်။

ငါးဟင်းကို ကျွန်မ နည်းနည်းမြည်းကြည့်သည်။ ကျွန်မထင်သလို မညှီပါ။ မွှေးပျံ့ပျံ့ ရှိပြီး အရသာလည်း ချိုပါသည်။ သို့သော် ကျွန်မ ဟုတ်တိပတ်တိ မစားနိုင်ပါ။ ကျွန်မ ရင်ထဲမှာ လှိုက်ဟာသည်နှင့်တစ်ပြိုင်တည်း ပြည့်အင့်နေသည်ဟု ခံစားရ၏။ ကျွန်မနေမထိထိုင်မသာဖြစ်နေသည်ဟု ပြောလျှင် မှားမည်မထင်။ ကျွန်မလာဖို့ မျှော်လင့်မထားသည့် နေရာတစ်ခုကိုလာဖို့ ကျွန်မဆန္ဒမပါဘဲ ကျွန်မဆန္ဒဖြစ်လေသယောင် လိမ်လည်သည့်စာတစ်

www.burmeseclassic.com

www.burmeseclassic.com



စောင်ကို မိုက်မိုက်မဲမဲ ရေးသူသည် ဘယ်သူပဲဖြစ်ဖြစ် ကျွန်မကို စော်ကားတာပဲဟု ကျွန်မ ယူဆသည်။ ဂျဲနက်သိနေသလား။ ကျွန်မ ဂျဲနက်ကို အကဲခတ်ကြည့်မိသည်။

ဂျဲနက် ကျွန်မအား ဧည့်ခံပုံသည် ဟိုတယ်မှာ တည်းခိုသည့် ဧည့်သည်ကို ဟိုတယ်ပိုင်ရှင်က နွေးထွေးစွာ ပြုစုဧည့်ဝတ်ပြုစုသည်ထက် ပိုမည်ဟု ထင်မိသည်။ ဘာကြောင့်လဲဆိုတော့ ဘယ်ဟိုတယ်ပိုင်ရှင်မှ ဧည့်သည်နှင့်အတူ ထမင်းလက်ဆုံ စားဖို့ အချိန်မယူကြဘူးမဟုတ်လား။ ကိုညာဏ့်ဧည့်သည်အဖြစ် အလေးထားပြီး ဂရုတစိုက် စောင့်ရှောက်နေသည်ထင်ပါသည်။

'နားထောင်ကြည့်စမ်းဝေ'

ကျွန်မသည် လေတိုက်ခတ်သံ ပန်းခက်တို့၏လှုပ်ငင်းသံထဲမှ အသံတစ်ခုကို ကြားရသည်။ စီစီ စီစီဖြင့် မြည်သောအသံ။ အဲ အဲဒီအသံပေါ့။ ကျွန်မ အခန်းထဲမှာ ကြားရတာ။ ဒီအသံပဲ။ ကျွန်မ နားစိုက်ထောင်နေမှန်းသိတော့ ဂျဲနက်က ပြုံးလျက် ပြောသည်။

'ကြားသလား။ အဲ့ဒါ စီကာဒါဆိုတဲ့ အကောင်လေးတွေရဲ့အသံပေါ့။ ပုရစ်လို အကောင်လေးတွေပါပဲ။ ဒီပရောဗန့်စ်နယ်ရဲ့ သင်္ကေတက စီကာဒါအင်းဆက်လေးတွေပဲ'

'အော်'

တကယ်တော့ ကျွန်မ ပုရစ်ကိုလည်း စိတ်မဝင်စားနိုင်။ စီကာဒါလည်း စိတ်မဝင်စားနိုင်ပါ။ ကျွန်မ ဒီအိမ်သို့ ဘာကြောင့် ရောက်လာတာလဲဟုသာ သိချင်သည်။

'မင်းတို့ဆီမှာ ပုရစ်ကိုစားကြတယ်လို့ ညာဏ်ကပြောတယ်'

'ဟုတ်တယ် စားတဲ့လူတွေရှိတယ်'

'စီကာဒါကို ဒီမှာ လာဘ်ကောင်းတယ်လို့ သတ်မှတ်ကြတယ် ဝေရဲ့။ အိမ်အဝင်တံခါးမှာ ပုရစ်ရုပ်တုလေးတွေကို ချိတ်



ကပ်ထားလေ့ရှိတယ်။ ပျော်ရွှင်မှုအထိမ်းအမှတ်ပေါ့ကွယ်'

ထို့နောက် ကျွန်မ ဆက်လက်မြိုသိပ်မထားနိုင်တော့ဘဲ ဂျဲနက်ကို မေးလိုက်မိတော့သည်။

'ကျွန်မကို ဒီကို ကိုညာဏ်က ဘာဖြစ်လို့ ခေါ်လာတာလဲ ဂျဲနက် သိလားဟင်'

ထိုမေးခွန်းကို ကျွန်မ မေးလိုက်မိတာ မှားသွားပြီဟု ကျွန်မ ချက်ချင်းသိလိုက်သည်။ ဂျဲနက်က ကျွန်မကို ပြုံးလျက် ကြည့်ရာမှ ကျွန်မ တကယ် အတည်မေးနေမှန်းရိပ်မိသွားသည့် အခါ တအံ့တဩ ပြီးတော့ အထိတ်တလန့် ကြည့်လိုက်သောကြောင့် ဖြစ်သည်။ ဂျဲနက် ဘာမှ သိပုံမရပါ။

'ဝေ ကျွန်မ နားမလည်ဘူး။ ဘာကို ဆိုလိုတာလဲ'

စားလက်စ ဇွန်းနှင့်ခက်ရင်းကို ပန်းကန်ပေါ် ချထားလိုက်သည့် ဂျဲနက်၏မျက်ဝန်းတွင် နားမလည်မှုနှင့် ဇဝေဇဝါဖြစ်မှုကို တွေ့လိုက်ရသဖြင့် ကျွန်မ မေးမိတာ နောင်တရသွားသည်။ သို့သော် ကျွန်မ အခုမှတော့ နောက်ပြန်မဆုတ်နိုင်တော့ပါ။ ကျွန်မ ဒီနေရာသို့ ဘာကြောင့်ရောက်နေရသလဲ။ ဘယ်သူ့ အစီအစဉ်ဖြင့်လဲ။ ကျွန်မ၏ အီးမေးလ်ကို ဘယ်သူက ဖွင့်ဖတ်ပြီး ဘယ်သူက ပိုင်စိုးပိုင်နင်း ကျွန်မကို ဒီရောက်အောင် ပို့လိုက်တာလဲ။ ကျွန်မ သိမှ ဖြစ်မည်။

'အော် ကျွန်မ ရှင်းပြပါမယ်။ ကျွန်မရဲ့မူလအစီအစဉ်မှာ ဒီကိုလာဖို့ မပါဘူး။ အခုမနက်ကျမှ လေဆိပ်မှာ ကိုညာဏ်က ရုတ်တရက် လာကြိုပြီး ခေါ်လာတာ။ ကျွန်မကို လာကြိုမယ့်သူက မာဆေးတက္ကသိုလ်က ပါမောက္ခရဲ့ဇနီးလို့ ကျွန်မ သိထားခဲ့တာ'

'အို ဒီလိုလား။ ကျွန်မကတော့ ဝေက ကျွန်မတို့ဆီ တစ်ည လာတည်းခိုတဲ့ မြန်မာနိုင်ငံက ဧည့်သည်လို့ပဲ သိထားတာ။

www.burmeseclassic.com

www.burmeseclassic.com



ဝေ ဒီမှာ တစ်ညအိပ်ပြီး မာဆေးကို ပြန်ပို့ပေးရမှာလို့ သူက ပြောတယ်။ နေဦး ကျွန်မ သူ့ကို မေးကြည့်မယ်'

ဂျဲနက်သည် လက်တွေ့ကျသူဖြစ်သည်။ သူ့စကား အဆုံးတွင် စိတ်ကို ဆုံးဖြတ်ချက်ချလိုက်ပုံဖြင့် စားပွဲမှ ထရပ်လိုက်သည်။ ထို့နောက် ပန်းကန်စင်၏ဘေးနံရံတွင် ချိတ်ထားသည့် တယ်လီဖုန်းကို မယူလိုက်ပြီး နံပါတ်တချို့ကို နှိပ်လိုက်သည်။ ထို့နောက် ဖုန်းခွက်ကို နားမှာကပ်ပြီး နားထောင်သည်။ ခဏကြာတော့ လက်က နံပါတ်တို့ကို နှိပ်နေပြန်သည်။ ဖုန်းလိုင်းချင်း ချိတ်မိဟန်မတူပါ။

ဂျဲနက်၏စိတ်ရှုပ်ထွေးသွားသော မျက်နှာကို မြင်ရတော့ ကျွန်မ စိတ်မကောင်းဖြစ်သွားသည်။ ဒုက္ခပဲ။ ကျွန်မ သူတို့ ဇနီးမောင်နှံကြားမှာ အထင်လွဲအမြင်လွဲဖြစ်အောင် လုပ်မိသွားပြီလား။

'ဂျဲနက် ကိစ္စ မရှိပါဘူး။ အရေးမကြီးဘူး။ ထားလိုက်ပါ။ ကျွန်မ ကိုညာဏ်ကို တွေ့မှ မေးကြည့်မယ်လေ၊ ထမင်းဆက်စားကြရအောင်ပါ'

ကျွန်မတို့နှစ်ယောက်လုံး ထမင်းပေါ် မှာ အာရုံမရှိကြပေ။ ကျွန်မတို့ လက်လျှော့လိုက်ကြသည်။ ကျွန်မ၏ထမင်းပန်းကန်ကို ကျွန်မကိုယ်တိုင်ဆေးဖို့ ဂျဲနက်က ခွင့်မပြု။

'ဒီပရောဗန့်စ်နယ်မှာ ထုံးစံတစ်ခုရှိတယ်။ ဧည့်သည်က ပန်းကန်ခွက်ယောက်လုဆေးရင် အဲဒီနှစ် ပန်းထွက်နှုန်းနည်းတတ်တယ်တဲ့'

'ဟင် မဟုတ်ဘဲနဲ့'

ကျွန်မ စိတ်လက်ပေါ့ပါးစွာ ရယ်နိုင်သွားပါသည်။

ကျွန်မ ထမင်းစားခန်းမှထွက်လာပြီး ကိုညာဏ်ကို ကိုယ့်ဟာကိုယ် အပြင်ထွက်ရှာဖို့ ဆုံးဖြတ်လိုက်သည်။ တွေ့ပြီး မေးချင်



လှုပြီကိုး။

ကျွန်မ အိမ်အပြင် ကျောက်တုံးလှေခါးထစ်များမှ အောက်ဘက်သို့ ဆင်းလိုက်သည့်အခါ မြေပြင်ဆီသို့ ရောက်သည်။ မွှေးပျံ့သည့် လာဗင်ဒါ ပန်းရနံ့သည် ကျွန်မ၏ စိုးရိမ်ပူပန်စိတ်များကို လျှော့ချပေးလိုက်သည်။

ပရောဗန့်စ်၏နွေနေ့လည်ခင်းသည် တော်တော်ပူပြင်းပါသည်။ လာဗင်ဒါပန်းခင်းရှိရာသို့ ခြေလှမ်းနှစ်ထောင်လောက်လှမ်းယူရသည်။ ကျွန်မ ထီးမယူလာခဲ့မိသဖြင့် ကျွန်မခေါင်းပေါ် တည့်တည့် ကျနေသော နေကို နဖူးဆီကနေ လက်ဖြင့်ကာပြီး လမ်းလျှောက်ရသည်။ အဝေးမှာ မှိုင်းပြာပြာပြာတောင်တန်းတို့ကို မြင်ရသည်။ ဖွေးဖွေးသောတိမ်တို့သည် ပြာလွင်သောကောင်းကင်မှာ အဆုပ်လိုက် အလိပ်လိုက် တောင်များသဖွယ်ကြီးမားစွာ တရွေ့ရွေ့ ရွေ့လျားလျက် ရှိသည်။

ထိုတိမ်တို့သည် ကျွန်မနှင့်မောင်၏တိမ်များကဲ့သို့ပင် ခမ်းနားစွာ လှပနေကြသည်။

သို့သော် ကျွန်မမြင်နေရသည့် ကောင်းကင်သည် ကျွန်မ မြင်ဖူးသမျှတွင် အပြာဆုံးနှင့် အကြည်လင်ဆုံးကောင်းကင်ဖြစ်၏။

ခပ်လှမ်းလှမ်းမှာ အဆောက်အဦတချို့ကို မြင်ရပြီ။ အုတ်ကြွပ်မိုး အုတ်နီတိုက်တစ်ခု၊ ပေါင်းခံအဆောက်အဦဟု မြင်သစ်လိုတစ်မျိုး အင်္ဂလိပ်လိုတစ်မျိုး ရေးထားသည့် ထိုအဆောက်အဦ၏ဘေး ကျောက်တုံးဖြင့် ပြုလုပ်သော အဆောက်အဦငယ်လေးမှာ လာဗင်ဒါ အရောင်းဆိုင်ဟု ဆိုင်းဘုတ်တပ်ထားသည်။ သူ့ဘေးမှာ အမိုးသာရှိပြီး အကာမပါဘဲ အုတ်နီတိုင်များသာ ခန့်ညားစွာ တည်ရှိသော အဆောက်အဦတစ်ခု။ ထိုနေရာသို့ သွားသည့် ကျောက်လမ်းသည် ပန်းခင်းနှစ်ခု၏ကြားက ကုန်းမြင့် ကန်သင်းရိုးလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဖြစ်၏။ လာဗင်ဒါပန်းခင်းက တပြေးညီမဟုတ်ဘဲ တစ်တန်းချင်း အလိပ်လိုက်အလိပ်လိုက် ဖြစ်နေတော့ လေပြင်းပြင်း တိုက်ခတ်လိုက်သည့်အခါ ခရမ်းရောင်အလိပ်တို့သည် လှိုင်းလုံးကြီးများ သဖွယ် ယိမ်းခါလျက် ရှိသည်။

ထိုအဆောက်အဦထဲတွင် နိုင်ငံခြားဧည့်သည်အုပ်စု တစ်စုရှိသည်။ အားလုံး ဆယ်ယောက်ကျော်မည် ထင်သည်။ ထိုလူစုရှိရာသို့ ကျွန်မ လျှောက်သွားသည့်အခါ ပြင်းထန်သော လေက ကျွန်မဆီသို့ တိုးဝှေ့တိုက်ခတ်လာသည်။ အင်္ဂလိပ်စကားသံသဲ့သဲ့ ကြားရ၏။ ဧည့်သည်တစ်စုအကြားတွင် စကားပြောနေသော ကိုညာဏ်ကို မြင်ရသည်။

နွေရာသီဖြစ်သည့်ပြင် လာဗင်ဒါရိတ်သိမ်းသည့် ရာသီဖြစ်သဖြင့် ဧည့်သည်တွေ များနေပုံရပါသည်။ ကျွန်မ သူတို့ကို မနှောင့်ယှက်ချင်သဖြင့် ခပ်ကွယ်ကွယ်မှာ ရပ်စောင့်နေရသည်။

'ဘွိုင်လာအိုးက သီးသန့် ဟိုဘက်အခန်းမှာ ထားတယ်။ ဒီမှာတော့ ကွန်ဒင်ဆာနဲ့ ရီတော့တ်ပဲ ထားပါတယ်။ ကျွန်တော်တို့ ပေါင်းခံစက်က မိသားစုတစ်နိုင်လုပ်ငန်းသေးသေးလေးပါ'

ကိုညာဏ်လင်းအောင်က ရှင်းပြနေသည့်အခါ ဧည့်သည်တချို့က လက်ထဲတွင် မှတ်စုစာအုပ်ကိုယ်စီနှင့် ရေးမှတ်နေကြ၏။ သူတို့ကို ကြည့်ရသည်မှာ အပန်းဖြေလာသည်နှင့်မတူဘဲ လေ့လာရေးခရီးထွက်သူတွေနှင့်တူသည်။ အများအားဖြင့် အမျိုးသမီးငယ်များ ဖြစ်သည်။

'လာဗင်ဒါကို ပေါင်းခံတဲ့နည်းက လေးမျိုးလောက် ရှိတယ်။ ပထမနည်းက ရေနဲ့ပေါင်းခံတာ။ သူက ပန်းခက်တွေကို ရေနဲ့ရောပြီးတစ်ခါတည်းအပူပေးပြီးကျိုတာ။ ဒါက လက်ကားရောင်းဖို့ ကုန်ကြမ်းလုပ်တဲ့နည်းပါ။ နောက်တစ်နည်းက အငွေ့



ပေါင်းခံနည်း steam distillation ပါ'

ကိုညာဏ်လင်းအောင်က ကျွမ်းကျင်စွာ ရှင်းပြနေသည်။ သူ ပြင်သစ်မှာနေတာ နှစ်တော်တော်ကြာပြီဖြစ်ရမည်။ သူ့အင်္ဂလိပ်စကားသံက ပြင်သစ်သံပင် ဝဲနေလေသည်။

'အသေးစားအဆီထုတ်မဲ့သူတွေအဖို့ ပရက်ရှာကွပ်ကာကို မီးဖိုပေါ်မှာတင်ပြီး အဖုံးဖုံး၊ အဆီထုတ်လို့ရတယ်။ ဒါပေမဲ့ တစ်ပေါင်းတစ်ပေါင်းမှာ ထွက်လာတဲ့အဆီကတော့ နည်းမယ်'

မောင် ရေမွှေးစက်ရုံမှာ အလုပ်မလုပ်ခင်က စပယ်နှင့်မြတ်လေးပန်းကနေ အဆီထုတ်ယူဖို့ ကြိုးစားဖူးသည်ကို ကျွန်မ သတိရသွားသည်။ ဟုတ်တာပေါ့။ သူလည်း ပရက်ရှာကွပ်ကာနှင့် ပေါင်းခံခဲ့တာပဲ။ သို့သော် ဘာမှားယွင်းသွားလို့လဲမသိ။ အဆီသည် ကြာရှည်မခံပေ။

'နောက်တစ်နည်းကတော့ Solvant extraction လို့ခေါ်တယ်။ အော်ဂဲနစ်ပျော်ဝင်ပစ္စည်းတွေကို သုံးပြီး အဆီကိုရောအနှစ်တွေရော ထုတ်ပြီး ပြီးတော့မှ ပြန်ခွဲခြားတဲ့နည်းပါ။ နောက်တစ်နည်းကတော့ ကာဗွန်ဒိုင်အောက်ဆိုက်ကို သုံးပြီး ဖိအားအမြင့်ပေးပြီး အဆီထုတ်တဲ့နည်းပါ'

'ပေါင်းခံတဲ့နည်းတွေထဲမှာ ဘယ်နည်းက အကောင်းဆုံးလဲ'

လေတွင် တဖျတ်ဖျတ်လွင့်နေသော အဝါရောင် ပိုးပျော့ဂါဝန်ကိုဝတ်ထားသည့် အမျိုးသမီးငယ်တစ်ယောက်က မေးသည်။

'အဲဒီလိုတော့ ပြောလို့မရဘူးဗျ။ ဘယ်လိုပစ္စည်းမျိုးကို ထုတ်မှာလဲဆိုတာပေါ်မှာ မူတည်တယ်။ ပေါင်းခံနည်းကလည်း လိုအပ်တဲ့ရလဒ်ကိုမူတည်လို့ အမျိုးမျိုးပေါ့။ မိတ်ကပ်အနှံ့ပြင်ဖို့ သုံးမှာလား။ ဟင်းချက်ဖို့အတွက် သုံးမှာလား၊ ဆေးပါဖြစ်လား၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်သန့်ရှင်းရေးအတွက် သုံးမှာလား။ တကယ်လို့ လာဗင်ဒါ စစ်စစ်ဆိုရင် အဆီတစ်လီတာရဖို့ လာဗင်ဒါခြောက် ၂၈၇ ပေါင် လိုအပ်တယ်။ လာဗင်ဒင်ဆိုရင်တော့ ၈၈ပေါင်ပဲ လိုအပ်တယ်။ အဆင့်မြင့်ရေမွှေးထုတ်ကုန်အတွက်ဆိုရင်တော့ လုပ်ရတာ တော်တော် လက်ဝင်ပါတယ်'

ဧည့်သည်တွေမှာ မေးခွန်းတွေ များသည်။ ထိုမေးခွန်း တို့ကို သူက စိတ်ရှည်လက်ရှည် ဖြေပေးနေသည်။

'လာဗင်ဒါ ပွဲတော် ရှိမှာလား'

'ဟုတ်ကဲ့ ဇူလိုင် ၁၅ရက်နေ့မှာ ဒီနားက စိုက်ခင်းတွေ အကုန်လုံး ပွဲတော်လုပ်ကြပါတယ်။ အဲဒီအချိန်ထိ နေကြမယ်ဆို ရင် ပျော်စရာသိပ်ကောင်းတာကို တွေ့ရမှာပါ'

'နေချင်လိုက်တာ'

သူတို့အုပ်စုကို စကားပြောနေရင်း သူ ကျွန်မကို မြင် သွားပါသည်။ သူ ချက်ချင်း ပြုံးပြလျက် ဧည့်သည်တွေကို ခဏ ခွင့်တောင်းကာ ကျွန်မဆီသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာ၏။

'အစ်မ ဘာလိုချင်လဲဗျ'

ထို့နောက် ကျွန်မမျက်နှာမှာ ဘာကို သတိထားမိသွားလဲ မသိ၊ အနည်းငယ် လေးနက်သည့်မျက်ဝန်းများအဖြစ် ပြောင်းလဲ သွားသည်။

'အစ်မ အင်ကြင်းဝေ'

သူ့မျက်ဝန်းတွေက စောစောကထက် ပိုပြီး နူးညံ့သိမ်မွေ့ သွားလေသည်။

'အစ်မရယ် နေပူကြီးထဲမှာ ထီးမဆောင်းဘဲ ထွက်လာရ သလား။ ဝင်ပါ၊ အထဲဝင်ပြီး နားလိုက်ဦး။ အစ်မ ဘာဖြစ်သွားလဲ ကျွန်တော် နားလည်ပြီ။ ဟောဟိုဆိုင်လေးက အေးတယ်။ အဲဒီမှာ



အစ်မ ခဏနားလိုက်၊ ဒီက ပြီးရင် ကျွန်တော် လာခဲ့မယ်နော်'

သူ့လေသံ ပြင်ပြင်သာသာကြောင့် ကျွန်မ အားနာသွား ကာ သူ့ကို ဧည့်သည်တွေနှင့်ထားခဲ့ပြီး သူညွှန်ပြသည့် ကျောက်တုံး အိမ် ဆိုင်လေးထဲသို့ ဝင်လိုက်ပါသည်။

ဝင်ဝင်ချင်း စိမ့်ခနဲ အေးသွားသည့် ခံစားချက်ကို သတိပြု မိသည်။ နောက်တော့ မွှေးရနံ့။ ပြင်သစ်သို့ ရောက်ကတည်းက ကျွန်မကို လွမ်းခြုံနေခဲ့သည့် ထုံသင်းပြီး ယစ်မူးစေသော မွှေးရနံ့။

အရောင်းဆိုင်လေးသည် သေးသေးလေးနှင့်ချစ်စရာ။ ဆိုဖာထိုင်ခုံလေးတွေ ချထားပေးသည်။ နံရံတွင် လာဗင်ဒါပန်းပုံ ပန်းချီကားများနှင့် စိုက်ခင်းပုံ ဓာတ်ပုံများကို မြင်ရသည်။ အရောင်း ဆိုင်ကို ကျွန်မက နောက်ဘက်ကနေ ဝင်သွားခဲ့သည်မို့ ရှေ့ဘက် သို့ရောက်အောင် အုတ်ကြမ်းခင်းထားသော အတွင်းစင်္ကြံအတိုင်း လမ်းလျှောက်ပြီးသွားရသည်။

မှန်ကောင်တာများရှိရာ ဆိုင်ရှေ့ဖိုင်းတွင် နွေ့ရာသီ အိမ် အပြင် အပန်းဖြေရာ ကူရှင်ဖုံးထိုင်ခုံဝိုင်း နှစ်ခု ရှိပြီး ထိုင်ခုံ တစ်ခု တွင် ကလေးငယ်လေးတစ်ယောက် ကူရှင်ပုပုဝိုင်းဝိုင်းလေးပေါ် တစ်ကိုယ်လုံးမြုပ်အောင် ထိုင်နေ၏။ အသက် လေး ငါး ခြောက် နှစ်အရွယ်၊ ဆံပင်နက်နက် လိမ်လိမ် ကောက်ကောက်၊ အသားဖြူ ဖြူ မျက်လုံးနက်နက် မျက်တောင် ကော့ကော့၊ ပါးလှပ်ပြီး ကော့နေ သော နှုတ်ခမ်းရဲရဲလေးဖြင့် ကလေးသည် ကျွန်မကို တစ်ချက်သာ မော့ကြည့်ပြီး သူဖတ်လက်စ လက်ထဲက စာအုပ်ဆီသို့ မျက်နှာ ပြန်လွှဲလိုက်သည်။

'မင်္ဂလာပါ'

ကျွန်မ အင်္ဂလိပ်လိုနှုတ်ဆက်တော့ သူ မော့ကြည့်၏။ သို့သော် စာအုပ်ဆီသို့ ပြန်ငုံ့သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်္ဂလာပါ'

ကျွန်မ နောက်တစ်ကြိမ်တွင် ပြင်သစ်လို နှုတ်ဆက်ကြည့်လိုက်သည်။ သည်တစ်ခါတော့ သူက မျက်လုံးလှန်မကြည့်တော့ဘဲ ပြင်သစ်လို ပြန်နှုတ်ဆက်ပါသည်။ စိတ်မပါတပါ။ ဝတ္တရားကျေပုံစံမျိုးပါ။

ကျွန်မ ပြုံးလိုက်မိသည်။ ဆိုင်တစ်ခုလုံးတွင် ဒီကလေးနှင့် ကျွန်မပဲ ရှိလိမ့်မည် ထင်သည်။ တခြားလူသူမမြင်ရ။

'သား ဘာတွေ ဖတ်နေလဲ'

ကျွန်မ သူဖတ်သည့်စာအုပ်ကို ငုံ့ကြည့်လိုက်မိသည်။ ဖွင့်လက်စ စာအုပ်တွင် ကျွန်မမြင်လိုက်ရသည့်ပုံလေးကြောင့် ကျွန်မ မျက်ရည်ဝဲ့လည်သွားအောင် ကြည်နူးသွားလေသည်။ နီရဲနေသည့်စထရော်ဘယ်ရီသီးလေး လေးလုံးပါ။

စာအုပ်သည် ကတ်ထူအထူစားဖြင့် တစ်အုပ်လုံးကို ပုံနှိပ်ထားသည့် ကလေးဖတ်စရာ ရုပ်စုံစာအုပ်ဖြစ်သည်။ ထိုစာအုပ်ကို ဘယ်မြို့ ဘယ်နေရာမှာပဲမြင်မြင် ဘယ်စာမျက်နှာကနေပဲ မြင်မြင် ကျွန်မ မှတ်မိသည်။

အလွန်ဆာလောင်နေတဲ့ ပိုးတုံးလုံးကောင်လေး (Very hungry caterpilla) ဆိုသည့်စာအုပ်ဖြစ်သည်။ တစ်ခုပဲ ကွာ၏။ ကျွန်မငယ်စဉ်က ရှိခဲ့သည့်စာအုပ်က အင်္ဂလိပ်ဘာသာ။ အခု ကလေးဖတ်နေသည့်စာအုပ်က ပြင်သစ်ဘာသာ။

'ဒီစာအုပ်လေးကို ဒေါ်ဒေါ်လည်း ငယ်ငယ်က ဖတ်ဖူးတယ်၊ သိပ်ကြိုက်တာပဲ'

ကလေးက တစ်ချက် မျက်လုံးလှန်ကြည့်သည်။ ကျွန်မ သူ့ကို အချိုသာဆုံးအပြုံးဖြင့် သတိထားပြီး စကားပြောရသည်။

'ဒေါ်ဒေါ် ဖတ်ပြရမလား'



ကျွန်မ၏ကမ်းလှမ်းချက်ကို ကလေးက တော်တော်ကြာအောင် စဉ်းစားနေပြီးမှ ခေါင်းညိတ်သည်။

ကျွန်မ သူ့ဘေးက လွတ်နေသည့် ထိုင်ခုံဝိုင်းပေါ်တွင် ခပ်ဆဆ ထိုင်ချလိုက်ပါသည်။ ကလေးက ခပ်ဆုတ်ဆုတ် သိပ်မယုံကြည်သေးသောမျက်နှာထားဖြင့် စာအုပ်ကို ကျွန်မအား ကမ်းပေးသည်။ မျက်နှာဖုံးက ကျွန်မသိခဲ့ဖူးသည့် ပိုးတုံးလုံး ဘောက်ဖတ်အစိမ်းလေးပါပဲ။

ဦးခေါင်းလေး နီနီ၊ အထစ်အထစ် ကိုယ်ထည် တွန့်တွန့်ရှည်ရှည်လေးက စိမ်းမှောင်လို့၊ ကျောထက်မှာ အမွေးအမြင် ပါးပါးသေးသေးလေးတွေ။ နှာမောင်းလေးနှစ်ခုက ခေါင်းပေါ်မှာ။ မျက်လုံးလေးနှစ်လုံးက စာဖတ်သူဆီသို့ လှည့်ကြည့်နေသည့် ဘောက်ဖတ်လေး။ ပိုးတုံးလုံး(Caterpillar) ကို ပြင်သစ်လို La Chenille ဟု ခေါ်မှန်း အခုမှ သိရပါသည်။ ပြင်သစ်ဘာသာ ခေါင်းစဉ်က La Chenille qui fait des trous တဲ့။ ဖတ်မပြခင် ကျွန်မ စာအုပ်ကို လှန်ပြီး ကြည့်ရသေးသည်။ မူကြိုအရွယ်နှင့် မူလတန်းအရွယ်အတွက် စာအုပ်ဖြစ်သော်လည်း စကားလုံးတိုင်းကို ကျွန်မ သိပါ့မလား။

'သားနာမည် ဘယ်လိုခေါ်လဲ'

'မောင်ရဲဇော်'

အို၊ ဒါဖြင့် ဒါ ကိုဥာဏ်တို့သားလေးများလား။

'သား မြန်မာလို ပြောတတ်လား'

'နည်းနည်း'ဟု ပြင်သစ်လို ပြောသည်။

စာအုပ်ထဲက စကားလုံးတွေကို ကျွန်မ အသံထွက်တတ်ရင် ပြီးတာပဲလေ။

ငယ်စဉ်ကာလ ထိုရုပ်စုံစာအုပ်ကို ဖတ်ပြတုန်းကအရွယ်

www.burmeseclassic.com

www.burmeseclassic.com



ထက် အခုအခါ ကျွန်မ တော်တော် ပြောင်းလဲလာခဲ့ပြီမို့ ပုံပြင်တစ်ခုသဖွယ် အသံနေအသံထားဖြင့် ဖတ်တတ်သွားလေပြီ။

'လရောင်အောက်မှာ သစ်ရွက်လေးတစ်ခုပေါ်မှာ ဥသေးလေးတစ်ခု ဥထားတယ်'

'တနင်္ဂနွေတစ်မနက်ခင်းမှာ နွေးထွေးတဲ့နေရောင်လည်းပေါ်လာရော အဲဒီဥလေးထဲကနေ ဖောက်ခနဲ ပိုးတုံးလုံးလေး အလွန်ဆာလောင်နေတဲ့ ပိုးတုံးလုံး သေးသေးလေး တစ်ကောင်ပေါက်လာပါလေရော'

ကလေး၏မျက်လုံးလေးတွေက အနည်းငယ် တောက်ပလာခဲ့သည်။

'သူစားရမယ့်အစာကို ရှာတော့တာပဲ။ တနင်္လာနေ့မှာ သူက ပန်းသီးတစ်လုံးစားလိုက်တယ်။ ဒါပေမယ့် သူ ဆာနေတုန်းပဲ'

ကတ်ထူစာမျက်နှာတွင် နီနီရဲရဲ ပန်းသီးပုံပေါ်မှာ ပိုးတုံးလုံးလေး စားသည့်သဘောဖြင့် ဖောက် ထားသည့် အပေါက်လေးရှိသည်။ ထိုအပေါက်မှတစ်ဆင့် နောက်တစ်မျက်နှာတွင် တွေ့ရမည့် ပုံကို အရောင်လေးပြထားသလိုမို့ နောက်ထပ် ဘာစားမည်ကို ခန့်မှန်းယူလို့ ရ၏။

'အင်္ဂါနေ့မှာ သစ်တော်သီးနှစ်လုံးစားတယ်။ ဒါပေမယ့် သူ ဆာနေတုန်းပဲ'

ထိုစာအုပ်ကို ရှစ်နှစ်အရွယ် ကလေးမလေးတစ်ယောက် ဖတ်ထားသည့် အသံရော သရုပ်ဖော်ပုံအရုပ်ရော ပါသည့် သုံးမိနစ်စာ ဗွီဒီယိုလေးကို ကျွန်မ ကြည့်ဖူးထားသည်။ ထိုအသံတွင် အသံနှစ်မျိုး။ ရှစ်နှစ်ရွယ်ကလေးမလေး၏ ဇာတ်ကြောင်းပြောသည့်အသံနှင့် ပိုးတုံးလုံးလေးအဖြစ် နှစ်နှစ်အရွယ်ကလေးမလေး၏အသံတို့ဖြစ်သည်။ ထိုဗွီဒီယို၏အသံကို ကလေးတို့ အလွန်ကြိုက်မှန်း ကျွန်မ



သိသဖြင့် အသံနှစ်မျိုးဖြစ်အောင် ကျွန်မ ကြိုးစားပြီး ဖတ်ပြလိုက်သည်။ ပိုးတုံးလုံးလေးအဖြစ် အသံသရုပ်ဆောင်သူ နှစ်နှစ်ကလေးလေးအသံက မပီကလာ ပီကလာ ချစ်စရာလေး။ ကျွန်မက လူကြီးမို့ သူ့လိုတော့ ပီပြင်မှာမဟုတ်။ သို့သော် မောင်ရဲဇော်လေးက အသံထွက်ရယ်သည်အထိ သဘောကျသွားလေသည်။

'ဗုဒ္ဓဟူးနေ့မှာ ဆီးသီးသုံးလုံးစားတယ်။ ဒါပေမယ့် သူ ဆာနေတုန်းပဲ'

'ဆီးသီးသုံးလုံးစားတယ်။ ကျွန်တော် ဆာနေတုန်းပဲ'

ပိုပြီး ငယ်သည့်ကလေးသံဖြင့် ကျွန်မ ထပ်ရွတ်ပြသည်။

စာမျက်နှာတစ်မျက်နှာချင်းမှာ ပိုးတုံးလုံးလေး စားသွားသည့်အစာတို့သည် နေ့ခုနစ်နေ့ကို တစ်နေ့ပြီးတစ်နေ့ ရေတွက်ပြသွားခြင်းဖြစ်ပြီး ဂဏန်းသင်္ချာ တစ် နှစ် သုံး လေးကိုပါ ရေတွက်ပြသွားခြင်း ဖြစ်သည်။

'ကြာသပတေးနေ့မှာ သူ စထရော်ဘယ်ရီလေးလုံး စားပစ်လိုက်တယ်။ ဒါပေမယ့် သူ ဆာနေတုန်းပဲ'

ကျွန်မကို မကြည့်ဘဲ စာမျက်နှာတွေပေါ်မှ လှပသော အသီးလေးများကို စူးစူးစိုက်စိုက်ကြည့်လျက် ပြုံးနေသည့်ကလေးငယ်ကို ကြည့်ရင်း ကျွန်မ မျက်လုံးတွေ မျက်ရည်ဖြင့်ဝါးသွားသည်။

ကျွန်မ ငယ်ငယ်တုန်းက ကျွန်မမှာ ဟောဒီစာအုပ်မျိုး အစ်အုပ်ရှိခဲ့သည်။ ပြင်သစ်ဘာသာမဟုတ်ဘဲ အင်္ဂလိပ်ဘာသာ စာအုပ်ဖြစ်သည်။ အခု စာအုပ်လို အသစ်စက်စက်မဟုတ်ဘဲ ခပ်နွမ်းနွမ်းနှင့် ပွယောင်းနေသည့် စာအုပ်ပါ။

ကျွန်မထက် ခုနစ်နှစ်ငယ်သော ကလေးငယ်တစ်ယောက်အား အခုလိုပင် စာအုပ်ကို ဖတ်ပြခဲ့ဖူးပါသည်။

တစ်ခါတုန်းကပေါ့။

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက

လသာသာ ကျောက်ပြင်ခင်းတယ်
နှင်းဆီဥသွေး။

ကွယ်လေးက ပျို့ကိုမှီတယ်
နှင်းဆီနံ့မွှေး။

(၁)

'သောကြာနေ့မှာ ပိုးတုံးလုံးလေးက လိမ္မော်သီး ငါးလုံး စားပစ်လိုက်တယ်။ ဒါပေမယ့် သူ ဆာနေတုန်းပဲ'

'လိမ္မော်သီးစားချင်လိုက်တာဗျာ'

'အို မင်းကလည်း သိပ်ဆာနေတဲ့ ပိုးတုံးလုံးလေးလား'

ကျွန်မ ချစ်စနိုး သူ့ပါးကိုလိမ်ဆွဲတော့ သူ ရယ်ပါသည်။

ကျွန်မတို့နှစ်ယောက်ရှေ့တွင် ရောင်စုံရုပ်ပုံလေးတွေ ပါသော ကာတ်ထူ ရုပ်စုံ ကလေးစာအုပ်လေးကို ချလျက် ကျွန်မက အသံနေအသံထားဖြင့် ဖတ်ပြစဉ်က ကျွန်မက ရှစ်တန်းကျောင်းသူ ဖြစ်ပြီး သူက တစ်တန်းကျောင်းသား ဖြစ်ခဲ့ပါသည်။

ကျွန်မ ဖတ်ပြနေသော 'အလွန်ဆာလောင်နေသော ပိုးတုံးလုံးလေး' ရုပ်စုံစာအုပ်လေး၏ ကာတ်ထူစာရွက်တို့သည် အခုအခါ ပိုထူပြီး ပိုပွယောင်းနေသည်။ အကြောင်းမှာ ရေထဲ မြုတ်ကျထားသည့်စာအုပ် ဖြစ်နေလို့ပါ။

ယခုအခါ ထိုစာအုပ်ကို ကောင်လေးအား အပိုင်ပေး လိုက်ရမလားဟု ကျွန်မ ချိတုံချတုံ စဉ်းစားနေခဲ့သည်။ ချောင်းရေ ထဲသို့ မြုတ်ကျသွားသော စာအုပ်ကို ရေထဲကနေ ပြန်ဆယ်ပေး ထားသူသည် ထိုစာအုပ်ကိုပိုင်ဆိုင်ဖို့ ထိုက်တန်သည်မဟုတ်လား။

ဇူလိုင်လဆိုလျှင်ကျွန်မတို့ သပြေအစိုးရ အလယ်တန်း

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသို့အလာ ဖြတ်သွားရသည့် အလယ်တံတားတွင် ချောင်းရေတွေ အပြည့်အလျှံ တိုးနေတတ်သည်။

ဝါဆိုဝါခေါင် ရေဖောင်ဖောင်တဲ့။ အဘွားခဏခဏ ပြောတတ်၏။ အဘွားပြောသည့် ရေဖောင်ဖောင်ကို ကျွန်မ နှစ်စဉ် လက်တွေ့ မြင်ဖူးပါသည်။ ကျွန်မတို့ ရေနံချောင်းသည် ဧရာဝတီ မြစ်ကမ်းမှာရှိပြီး ဧရာဝတီမြစ်ထဲသို့စီးဝင်သည့် ချောင်းငယ်တွေက မြို့ကို ဖြတ်စီးနေသည်။ ရေနံချောင်းရှိ ကျောင်းအားလုံးထဲတွင် ဧရာဝတီမြစ်နှင့် အနီးဆုံးက ကျွန်မတို့ သပြေတန်းကျောင်း ဖြစ်သည်။ ဇူလိုင် ဩဂုတ်လတွေမှာ မိုးတွေ ရွာလို့ ချောင်းရေတွေကျ ချောင်းရေလျှံတတ်သလို မြစ်ရေ ကြီးသည့်အခါ ချောင်းဖြတ် တံတားတွေကို ရေကျော်အောင် သို့မဟုတ် တံတားကြမ်းခင်းဆီ ရေ ထိလုထိခင်ဖြစ်အောင် ချောင်းထဲသို့ မြစ်ရေ ဝင်တတ်သည်။ ထိုနှစ်ကလည်း ဧရာဝတီမြစ်ရေ တော်တော် ကြီးပါသည်။

ထိုနေ့က ဥပုသ်ထွက်နေ့ ဖြစ်မလားမသိ။ အဖိတ် ဥပုသ်ရက် အတွင်းမှာ တက်သည့်ရေမို့ ကျွန်မတို့ မသိလိုက်ဘဲ တော်တော်များနေတာ ဖြစ်မှာပေါ့။ တံတားအဆင်း ဟိုဘက် အနိမ့်ပိုင်း လှေကားထစ်တွေမှာ ရေမြုပ်နေလိုက်တာ ကျွန်မ၏ဒူးဆစ် လောက်တောင် ရှိမလား မသိ။

ချောင်းဒီဘက် တံတားအတက်သည် ကုန်းမြင့်ဖြစ်၏။ အုတ်လှေကား သုံးထစ်လောက်နှင့် တံတားပေါ် ရောက်သည်။ ချောင်းဟိုဘက် တံတားအဆင်း မြေပြင်ကတော့ ချောင်းနှင့် တစ်ညီတည်းလောက် နိမ့်သည်။ တံတားအဆင်း အုတ်လှေကား ခုနစ်ထစ်ဆင်းပြီးမှ မြေပြင်သို့ရောက်သည်။ သပြေတန်း ရပ်ကွက်ဆီသို့သွားရာ လမ်းကြားလေးသည် အနိမ့်လမ်းလေး ဖြစ်၏။



တံတား၏ဒီဘက်လမ်းမှာ ရေမတက်ပေမယ့် တံတား ဟိုဘက် အဆင်းမှာ ရေတွေ လျှံနေပြီ။

တံတားအဆင်း အိမ်တွေမှာ ရေဝင်နေတာ တော်တော်နက်၏။ ထို့ကြောင့် ခါတိုင်းနှစ်တွေလိုပင် အိမ်တွေကြားထဲမှာ ရှိသည့် ကျောင်းအသွား လမ်းသေးသေးလေးဆီသို့ ရောက် အောင် အရေးပေါ် ယာယီဝါးတံတားထိုးထားခဲ့ပြီ။ သို့သော် ထို ဝါးတံတားလေးသည် ထုံးစံအတိုင်း ဝါးလုံးသုံးလုံးသာ စီခင်းပြီး ထိုးထားခြင်းမို့ ညွတ်ပဲ့ ညွတ်ပဲ့ ဖြစ်နေလေသည်။

တံတားဆင်းအုတ်လှေခါး၏ အောက်ခြေလှေကားထစ် တချို့ ရေမြုပ်နေပြီ။ လှေခါးထစ်ကို လှိုင်းဖြင့် ရေလာရိုက်သည့် ရေဘောင်ဘင်ခပ်နေသံကိုပင် ကြားနေရတတ်သည်။ တံတား အစွန်းမှ အောက်ဘက် အုတ်လှေကားထစ်များဆီ ဆင်းဖို့ မရဲဘဲ ရေမြုပ်နေသော ဝင်းထရံများနှင့်အတူ ဝါးတံတား လှုပ်စိစိလေးကို ငေးကြည့်လျက် ဝေခွဲရခက်နေခဲ့သည်။ ချော်ကျခဲ့ရင် ရေနစ်မှာ မပူရသော်လည်း ထမီရေစိုမှာပေါ့။

အင်းလေ ဝါးလုံးတန်း လက်ရန်းရှိတာပဲ။ ချော်ကျမှာ မဟုတ်ပါဘူး။ ဘာဖြစ်လဲ၊ လျှောက်ပေါ့။

တံတားအဆင်းသည် အိမ်တွေကြားမှ တစ်ဆစ်ချိုး လမ်းကြားကွေ့လေးဖြစ်သဖြင့် တံတားကလည်း တစ်ဆစ်ချိုး ကွေ့ထားသည်။ ထိုတစ်ဆစ်ချိုးနေရာတွင် ထောက်တိုင် ခိုင်ခိုင်ဖြင့် ဟိုဘက်ဒီဘက် ဝါးလုံးစွန်းတွေ ထပ်မိအောင် ထောင့်ချိုး ပြန်ဆက်ထားသဖြင့် ထိုနေရာသည် လူနှစ်ယောက် ရှောင်သာ အောင်ကျယ်သည်။ ထိုနေရာသို့ မျက်လုံးအကြည့်ကို ပို့ထားပြီး လျှောက်ပေါ့။

အံမယ်၊ ကျွန်မကသာ တွေဝေနေပေမယ့် ကောင်လေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကတော့ ကျွန်မဘေးကနေ ကျွန်မကို ကျော်ပြီး ဝါးတံတားပေါ် ခပ်သွက်သွက် ရောက်သွားပြီ။ မြန်လိုက်တာ။ ပိစိကွေး ကောင်လေးတစ်ယောက်ပါလား။ ကျောင်းစိမ်း ဘောင်းဘီတိုကို ဝတ်ထားပေမယ့် သူ့မှာ လွယ်အိတ်မပါပေ။ ရင်ခွင်ထဲမှာ ဘူးသီးကြီးတစ်လုံးကို ပိုက်ထားသည်။ ဈေးက ပြန်လာတာ ဖြစ်မှာပေါ့။ ဘူးသီးက သူ့ထက်တောင် ကြီးဦးမည်။

ဒီကောင်လေး သတ္တိကောင်းလိုက်တာဟု တွေးပြီး အားကျနေဆဲမှာပင် လျှပ်ပျာပျာနိုင်လှသည့် ကောင်လေးက စိုစွတ်စွတ် ချော်ကျိကျိ ဝါးလုံးတွေပေါ် ခြေချော်လဲလေသည်။

'ဟယ်'

ဘူးသီးကို ပိုက်ထားရင်း လဲတာမို့ ပက်လက်လန်သွား၏။ သူ ရေထဲ ပြုတ်မကျခင် အမီသွားထူပေးဖို့ ကျွန်မ ဝါးလုံးတန်းပေါ် တက်လိုက်သည်။ ကယ်တင်မည့် သူရဲကောင်းကလည်း ကိုယ့်ကိုယ်ကို မနိုင်ပေ။

ကျွန်မမှာ လွယ်အိတ်က တစ်ဖက်၊ လွယ်အိတ်ထဲ မဆန့်သည့် စာအုပ်ကတစ်ဖက်။ သူ့ကို ထူသည့်အချိန် ကျွန်မ ဟန်ချက်မညီမှာ စိုးရသဖြင့် စာအုပ်နှစ်အုပ်ကို ဘယ်ဘက်လက်မှာ ပြောင်းကိုင်ပြီး ညာလက်က သူ့ကို ဆွဲထူရသည်။ ဝါးလုံးလက်ရန်းကို လှမ်းဆုပ်ကိုင်ချင်သော်လည်း ကျွန်မလက်တွေ မအားပါ။ ကျွန်မ ထင်သည့်အတိုင်းပါပဲ။ ဝါးလုံးက ရေစိုခြေထောက်တွေဖြင့် ဖြတ်လျှောက်ထားလို့ ချော်ကျိကျိဖြစ်နေသည်။ ဒါကြောင့်လည်း ကောင်လေး ချော်တာပဲ။ ကောင်လေးကို ဆွဲထူလိုက်သည့် အချိန်မှာပါပဲ ကျွန်မ ခြေတစ်ချက်ချော်မလို ဖြစ်သွားတော့ လန့်သွား၏။

သူက ဘူးသီးကို ပြုတ်မကျအောင် အတင်းပိုက်ထားပြီး ပက်လက်လန်နေသည့်အချိန် ကျွန်မလက်ထဲက စာအုပ်တွေက



တော့ ရေထဲ ပြုတ်ကျသွားလေသည်။

'အမေ့ သွားပါပြီဟယ်'

ကျွန်မစာအုပ်တွေကို လိုက်မဖမ်းနိုင်။ ကောင်လေးကို မတ်တတ်ရပ်နိုင်အောင် ဆွဲထူနေရလို့ပါ။

'မောင်လေး ထ ထ. ဘယ်နာသွားသေးလဲ'

သူ့ကို ဆွဲထူလိုက်ရင်း ကျွန်မ စာအုပ်လေးတွေ ရှိရာ ရေထဲသို့ လှမ်းကြည့်လိုက်မိသည်။

မြုပ်မသွားသေးဘဲ ဖြည်းဖြည်းချင်း မျောပါနေသည်။ ဟောတော်။ ကျွန်မ တစ်ကိုယ်လုံး ထူပူသွားသည်။ စာအုပ်တစ်အုပ်က အငှမတန်းသချာ်ပုံနှိပ်စာအုပ်မို့ ရေနစ်သွားလည်း သူငယ်ချင်းဆီက ငှားကြည့်လို့ရသည်။ သို့မဟုတ် မနှစ်က ကျောင်းသားဟောင်းတွေဆီမှာ မေမေ တောင်းပေးလိမ့်မည်။ ကျွန်မ နှမြောတာက ရုပ်စုံစာအုပ်လေး။ ကတ်ထူစာရွက်ပေါ်မှာ ရောင်စုံရုပ်ပုံလေးတွေပါသော နိုင်ငံခြားစာအုပ်လေး။

ကျွန်မကိုက ဆတ်ဆော့မိသည်။ သူငယ်ချင်းတွေကို ပြချင်တာကိုး။ ကျွန်မက စာအုပ်တစ်အုပ်ကြိုက်လျှင် ကိုယ်တစ်ယောက်တည်းဖတ်ရတာအားမရဘဲ သူငယ်ချင်းနှင့်အတူ ဖတ်ချင်တာကိုး။ မေမေက ကျောင်း ယူမသွားနဲ့ဟု မှာထားတာကို မနာခံဘဲ ယူလာတာ။ အခုတော့ သွားပြီ။ မေမေ ကျွန်မကို ဆူတော့မှာပဲ။

'အင့် ဒါ ယူထား'

ကျွန်မလက်ထဲသို့ ဘူးသီးကြီးရောက်လာသည်။ အလိုလိုမှ လူက ဟန်ချက်မညီရသည့်အထဲ ကောင်လေး၏ ဘူးသီးကို ကျွန်မ ပိုက်ထားလိုက်ရတော့ လူက ယိုင်သွားသည်။

ထို့နောက် ကျွန်မ ဘာမှ မပြောနိုင်မီ သူက ရေထဲသို့

www.burmeseclassic.com



ဗွမ်းခနဲ ခုန်ချလိုက်သည်။ ဘာလုပ်တာလဲ။ အောင်မယ်လေး။ ဒီကောင်လေး ရေနစ်သွားရင် ဘယ့်နှယ်လုပ်မလဲ။ ဒုက္ခပါပဲ။ ထိုအချိန်တွင် စကားသံတချို့ကြားရ၏။ အလယ် တံတားပေါ်သို့ ကျောင်းသူကျောင်းသားတချို့ လာနေသည်။ ဝါး တံတားဆီသို့ ရောက်လာတော့မည်။ ကျွန်မရှိနေလျှင် သူတို့ ဝါးတံတားကို ဖြတ်နိုင်မှာ မဟုတ်။ လူနှစ်ယောက် ယှဉ်လျှောက်လို့ မရဘူးလေ။ ကျွန်မ တစ်ဆစ်ချိုး အကွေ့လေးပေါ် သွားပြီး မတ်တတ် ရပ်နေရပါသည်။

ရေထဲ အလောတကြီး တဗွမ်းဗွမ်း အသံမြည်အောင် လျှောက်သွားနေသောကောင်လေးဆီ ကျွန်မ လှမ်းကြည့်လိုက်သည်။ ကျွန်မ၏ စာအုပ်နှစ်အုပ်က တစ်နေရာစီမှာ ဝဲလည်လှည့်ရင်း ချောင်းမကြီးထဲသို့ ရောက်တော့မှာပါလား။ စာအုပ်တစ်အုပ်က ဘယ်ဘက်က အိမ်ဝင်းထရံရေစပ်တွင် ပေါလောမြောကာ တင်နေသည်။ ထိုစာအုပ်ဆီသို့ ကောင်လေးက လျှောက်သွားသည်။ ဟဲ့ အဲဒီစာအုပ်က အရေးမကြီးဘူး။ အရေးကြီးတဲ့ စာအုပ်က ချောင်းထဲ မျောတော့မယ်။ ကျွန်မ သူ့ကို အော်ပြောလိုက်ချင်သော်လည်း ပြောမထွက်ပေ။ ကောင်လေးက စာအုပ်ကို ဆွဲယူပြီး ကျွန်မဆီသို့ တဗွမ်းဗွမ်းမြည်အောင် ပြန်လျှောက်လာသည်။ ဘာစကားမှ မပြောဘဲ အသက်ပြင်းပြင်း ရှူရင်း ကျွန်မအား စာအုပ်ရေစိုကို လှမ်းပေးသည်။

ဒုက္ခပဲ။ အရေးကြီးတာတော့ အရင်မဆယ်ဘူး။

ရေစိုရွှဲနေသည့် အဌမတန်းသင်္ချာစာအုပ်ကို လှမ်းယူလိုက်ပေမယ့် ကျွန်မ မျက်လုံးက ရုပ်စုံစာအုပ်ဆီသို့ ရောက်သွား၏။ ကောင်လေးက ချာခနဲ ပြန်လှည့်ထွက်သွားသည်။ ကောင်လေး ရေထဲမှာ လျှောက်သွားနေတာ နှေးလိုက်တာဟု ကျွန်မ



တွေးနေမိသည်။ ကျွန်မကိုယ်တိုင် ဆင်းပြီး ဆယ်လိုက်ရမလား။ ဟင့်အင်း ရေတွေက ရေညစ်ပတ်တွေ၊ ရေအသန့် အကြည် မဟုတ်။ ရွံ့ရောင်ထနေသောရေ၊ အိမ်ကြိုအိမ်ကြားမှာ လှည့်လည် ပြီးမှ ပြန်ထွက်လာသောရေ၊ အမှိုက်တွေရော ဗေဒါပင်တွေရော မြောင်းပုပ်ရေတွေရော ရောနေသည့်ရေ။

သူ အဲဒီစာအုပ်ကို မီအောင်ဆယ်နိုင်ပါ့မလား၊ ကျွန်မ စိုးရိမ်နေသည်။ စာအုပ်က ချာလည်လည်ပြီး ချောင်းမဆီသို့ မျောနေပြီ။ ကောင်လေး ဒယိမ်းဒယိုင် လိုက်နေသည်။ တစ်ချက် ကောင်လေး စိုက်ခနဲ ယိုင်သွားသည်။ ဘုရားဘုရား။ ဘာဖြစ်တာပါလိမ့်။ ခြေချော်တာလား၊ ခြောင့်စူးတာလား။ ချောင်းမကြီးသည် ရေပြည့်လျှံနေပြီ။ ရေစီးမသန်ပေမယ့် ရေကတော့ ဧရာဝတီမြစ်ဆီသို့ စီးဆင်းနေသည်။ တကယ်လို့များ သူ ခြေချော်ပြီး ချောင်းမကြီးထဲ မျော သွားခဲ့လျှင် သို့မဟုတ် ဧရာဝတီမြစ်ထဲထိ မျောပါ သွားခဲ့လျှင်

အတွေးဖြင့် ကျွန်မ တစ်ကိုယ်လုံး ထူပူသွားသည်။

တော်ပြီ။ စာအုပ်မရရင်လည်း နေပါစေတော့။

'တော်ပြီ ဟဲ့ကောင်လေး ထားလိုက်တော့။ လာ တက်ခဲ့တော့'

ကျွန်မ လှမ်းအော်မိသည်။

သို့သော် အမှိုက်တွေကြားထဲ ဒိုက်ပင်တွေကြားထဲမှာ ငြိနေသည့်စာအုပ်ကို ကောင်လေးက အမိအရ လိုက်ဖမ်းပြီး ကျွန်မဆီ ဒယိမ်းဒယိုင် ပြန်လျှောက်လာနေပါပြီ။ ကျွန်မ ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေမိ၏။ ဒီတစ်ခါ ရင်ပူတာက စာအုပ်ရေ မှာစိုးလို့ မဟုတ်။ မတော်တဆ ကောင်လေး ရေနစ်သွားလျှင် အခက်ပဲဟု အခုမှ တွေးမိသွားလို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အင့်'

ကျွန်မကို သူ စာအုပ် လှမ်းပေးတော့ သူ့ဘောင်းဘီ တစ်ခုလုံး ရေစိုရွှဲပြီး ရေတစက်စက် ကျနေလေသည်။

ကျွန်မ သူ့လက်ထဲက ပျော့ဖတ်နေသော ရုပ်စုံစာအုပ်လေးကို နွေးကွေးစွာ လှမ်းယူလိုက်မိသည်။

မျက်တောင်ရှုပ်ရှုပ် ကော့ကော့မျက်လုံးများဖြင့် ကျွန်မကို မော့ကြည့်နေသည့်ကောင်လေး၏ခေါင်းက ကျွန်မ ပခုံးကိုပင် မမီပါ။ သေးသေးလေးပါလား။ ဆံပင်နီကြောင်ကြောင် ဖွာစင်းစင်းလေးက ကျွန်မ သူ့အရွယ်တုန်းက ကစားနေကျ ကော်ပတ်ရုပ်ဆံပင်လေးတွေလိုပဲ။ အင်္ကျီက သူနှင့် သိပ်မတော်သည့် ပုံမကျပန်းမကျ ဖားဖားဝေဝေကြီး။

သူ့မျက်လုံးက စာအုပ်မျက်နှာဖုံးကို စိုက်ကြည့်နေသည်။ စာအုပ်လေး၏အမည်မှာ အလွန်ဆာလောင်နေသော ပိုးတုံးလုံးလေး ဟူ၏။ စာအုပ်က ကပ်ထူစာရွက်တွေဖြင့် လုပ်ထားသည့် စာအုပ်ဖြစ်သည်။ ရောင်စုံရုပ်ပုံလေးတွေနှင့် သိပ်လှသည်။ စာမျက်နှာ တစ်ခုချင်းတွင် အပေါက်လေးတွေပါသည်။ ကျွန်မလို ရှစ်တန်းကျောင်းသူတောင် ထိုစာအုပ်ကို ချစ်နေလျှင် သူ့လို ပထမတန်းကျောင်းသားဆိုလျှင် သိပ်ချစ်မှာပဲ။

ဘုရားရေ သူ့ ခြေမမှာ သွေးတွေနဲ့ပါလား။

ဟောတော် ဘာဖြစ်တာလဲ။

ကျွန်မ ချက်ချင်းသိလိုက်သည်။ ရေထဲကနေ ပြောင့်စူးခဲ့ပြီထင်တယ်။

'ဟဲ့ ခြေထောက်မှာ ဘာဖြစ်တာလဲ'

ကျွန်မ သူ့ဆီအမီလိုက်သွားပြီး မေးလိုက်သည်။ ခြေမက သွေးတွေက တော်တော်များသည်။ ကျွန်မငုံ့ကြည့်နေတော့



သူကပါ လိုက်ငုံ့ကြည့်သည်။

'ပြောင့်စူးတာလားမသိဘူး' ဟု သူဖြေ၏။

သူ့မျက်နှာက ထုံပေပေ ပုံစံ။ ကြောက်သွားသည့်ပုံလည်း မတွေ့ရ။ ကျွန်မကတော့ ကျွန်မ အပြစ်ပဲဟု လန့်သွားပါသည်။ မေမေ ခဏခဏပြောသည့် အနာထဲပိုးဝင်တာတို့ဘာတို့လည်း ကျွန်မ ကြောက်သည်။

'နင့်အနာကို ဆေးထည့်မှ ဖြစ်မှာ'

'ဘာမှ မဖြစ်ဘူး။ ဖုတ်သိပ်လိုက်ရင် ရတယ်'

'အို ဘယ်ဖြစ်မလဲ'

'ခွေးနာ ပြာသိပ် လူနာ ဖုတ်သိပ်တဲ့'

အို မဟုတ်တာ

'ပေး ဘူးသီးကို ငါ သယ်ခဲ့ပေးမယ်လေ'

'ရတယ်'

'နင့်အနာကို ဆေးထည့်ရမယ်'

'ရတယ်'

သူ့ကို ဘာပြောပြော။ သူက ရတယ်ပဲ ပြန်ပြောနေပါလား။

'ရေထဲထိ ဆင်းပြီး ငါ့စာအုပ်လေးတွေကို ဆယ်ပေးတာ နင့်ကို ကျေးဇူးတင်ပါတယ်ဟာ။ သင်္ဘောက အရေးမကြီးဘူး။ ဒီရုပ်စုံစာအုပ်လေးက အရေးကြီးတာဟ'

ကောင်လေးက ဘာမှ ပြန်မပြောပါ။

'နင့်အိမ်က ဝေးလား။ အနာကို ဆေးထည့်ရမယ်။ နို့မို့ဆိုရင် အနာယဉ်းလိမ့်မယ်'

သူ ဘာမှ ပြန်မပြောပါ။

ကျောင်းဆီအတက် လမ်းကြားလေးရောက်တော့ ရေ

www.burmeseclassic.com

www.burmeseclassic.com



လွတ်သွားပြီ။ ဟိုဘက်ဝင်းထရံနှင့် ဒီဘက်ဝင်းထရံကြား လူနှစ်ယောက်ယှဉ်လျှောက်နိုင်ရုံလေးသာ ကျယ်ပါသည်။

'နင် ကျောင်းနေလား'

စပ်စပ်စုစု သူ့ကို မေးမိသည်။

'နေပါ့'

'ဘယ်နှတန်းလဲ'

'ပထမတန်း'

'ဒီကျောင်းမှာလား'

'အင်းပေါ့'

'ပထမတန်း က လား ခ လား'

'က၊ ဆရာမ ဒေါ်ခင်ခင်မေရဲ့အတန်း'

'ဟယ် ဟုတ်လား။ ဒေါ်ခင်ခင်မေက ငါ့အမေလေ'

'သိပါ့'

အို။ ကျွန်မ သူ့ကို ငုံ့ကြည့်လိုက်သည်။ သူက ကျွန်မမျက်နှာသို့ လုံးဝမကြည့်ဘဲ ဘူးသီးကိုသာ တင်းကြပ်နေအောင်ပိုက်ထားပြီး အားစိုက်ကာ ခြေလှမ်းလှမ်းနေသည်။ ချောင်းနိမ့်လမ်းကြားထဲကနေ ကျောင်းရှိရာ ကုန်းမြင့်သို့ ရောက်အောင်အမြင့်ကြီး တက်ရသည်မို့ မြေပြင်မှာ လှေကားသဖွယ် မြေကြီးအထစ်တွေ ပြုလုပ်ထားသည်။ မြေကြီးအထစ်တွေကို မိုးရေကြောင့် ပြိုမကျအောင် သစ်သားပြားရှည်တစ်ခုချင်းကို ထောင်လိုက်ထောင်ပြီး ဘောင်ပြုလုပ်ကာ ကာထားသဖြင့် လှေကားထစ်တွေအတိုင်း တက်ရတာ အဆင်ပြေပါသည်။

'နင့်အိမ်က ဘယ်မှာလဲ'

'ဟိုနားမှာ'

သူ လက်ညှိုးညွှန်ပြရာသည် ကျောင်း၏အရှေ့ဘက်နား



ဖြစ်ပါသည်။

သူ့ကို အခုမှပင် သေသေချာချာ အကဲခတ်ကြည့်မိသည်။ သူက အသားဖြူဖြူ ချောချောလေး။ ပါးဖောင်းဖောင်းလေး က ဖျစ်ညှစ်ပစ်ချင်စရာ။ မျက်လုံးလေးကလည်း မဲမဲနက်နက်။ နဖူးမှာ အိုးမဲလား ဘာလား ချေးပေနေတာ တစ်ခုပဲ။

ကျွန်မတို့ကျောင်းမှာ ခြံစည်းရိုးလည်းမရှိ။ ကျောင်းတံခါးလည်း မရှိပါ။ ဘောလုံးကွင်းဖြစ်နေသော ကျောင်းဝန်း အကျယ်ကြီးကို ဖြတ်ပြီးမှ စာသင်ခန်းတွေဆီသို့ ရောက်၏။ သူ့ကို ကြည့်နေတုန်းမှာ သူက ဘောလုံးကွင်းမှ ဖြတ်ပြီး ကပ်လျက်ရပ်ကွက်ဆီသို့ ပြေးတော့သည်။

'နင့်အိမ်ပြောပြီး ဆေးထည့်လိုက်ဦးနော်'

သူ ဂရုပြုမိဟန်မရှိပေမယ့် ကျွန်မအသံက သူ့နောက်က လိုက်ပါသွားသည်။

ခါတိုင်းရက်တွေ ထမင်းစားကျောင်းဆင်းလျှင် မေမေက ချိုင့်ကိုဆွဲပြီး ဆရာဆရာမများ နားနေရာ တန်ဆောင်းထဲသို့ သွားနှင့်တာမို့ ကျွန်မက ထမင်းအတူစားရန် ထိုနေရာသို့ လိုက်သွားရုံပဲ။ သို့သော် ဒီနေ့တော့ မေမေ့စာသင်ခန်းဆီ ကျွန်မ သွားပါသည်။ ကောင်လေး၏ သွေးထွက်နေသော ခြေမအကြောင်း မေမေသိအောင် ပြောဖို့ပါ။ ကလေးတွေ ခုနစ်ဆယ်လောက်ရှိသည့်အထဲမှ ခြေထောက်ဒဏ်ရာရနေသော ကောင်လေးကို မေမေ သတိထားမိဖို့ မလွယ်ပါ။

မေမေ့အတန်းထဲသို့ မရောက်မီပင် ကျောင်းခန်းထဲက ထွက်လာသောမနက်ကကောင်လေးနှင့် ဆုံမိသည်။ သူ့ကို ကျွန်မမှတ်မိတာက ရှေ့သွားက ယုန်သွားလို ကြီးကြီးကျဲကျဲအေးမို့။ နောက်ပြီး ထော့နဲ့ ထော့နဲ့ ဖြစ်နေလို့။ သူ့ခြေမမှာ သွေးတွေ

www.burmeseclassic.com



စွန်းထင်းနေဆဲ။ ကြည့်စမ်း။

'နင် ဆေးလည်း မထည့်ရသေးဘူး။ အင်္ကျီတွေလည်း မလဲရသေးဘူး။ ရေစိုကြီးနဲ့ နင့်အမေ မဆူဘူးလား'

သူက ကျွန်မ ရှေ့မှ ရှောင်ထွက်သည်။

ကျွန်မသူ့ကို အလွတ်မပေးပါ။ သူ့လက်မောင်းကို လှမ်းဆွဲလိုက်သည်။ ဟင် အင်္ကျီပွပွကြီးအောက်က လက်မောင်းလေးက ပိန်လိုက်တာ။

'နေဦး'

သူ အတင်း ရုန်းထွက်သည်။

ကျွန်မ သူ့ကို အတင်းဆွဲခေါ်ပြီး မေမေ့စားပွဲဆီ ခေါ်လာခဲ့တော့ သူ ယက်ကန် ယက်ကန်ဖြင့် ပါလာပါသည်။

'သမီး ဘာလဲ'

မေမေက ကျွန်မ အတင်းဆုပ်ဆွဲထားသော ကောင်လေးကို မျက်မှောင်ကြုတ်ကြည့်သည်။

'မေမေ သူ့ ခြေမမှာ ပြောင့်စူးထားတယ်။ သမီးစာအုပ်ကို မနက်တုန်းက ရေထဲကနေ သူဆယ်ပေးတာ'

'ပြစမ်း'

ကျွန်မ ကောင်လေးကို မေမေ့ရှေ့သို့ တွန်းပို့လိုက်သည်။

'အိုဟုတ်ပါ့ရော။ လာလာ မောင်သက်ဝေ ဆေးထည့်ရအောင်'

မေမေက ကောင်လေးကို လက်ဆွဲပြီး အခန်းထဲကနေ ထွက်သည်။

မောင်သက်ဝေ တဲ့။ ကျွန်မနာမည်နှင့် နောက်ဆုံးတစ်လုံး တူသည်။ ကျွန်မနာမည်က အင်ကြင်းဝေကိုး။ အင်ကြင်းဝေ၊ မောင်သက်ဝေ။



ကျွန်မဆွဲတုန်းက ရုန်းထွက်သော်လည်း မေမေ့ကျတော့ မရုန်းရဲဘဲ ကုပ်ကုပ်လေး ပါသွားသည့်ကောင်လေးကို ကျွန်မ နောက်ကနေ ငေးကြည့်ရင်း ခပ်ခွာခွာမှ လိုက်သွားသည်။

မေမေက တန်ဆောင်းထဲထိ ခေါ်သွားပြီး ကာယနည်းပြ ဆရာဦးကျော်ဝင်းမောင်၏ အကူအညီဖြင့် ကောင်လေး အနာကို ဖန်ဆေးကာ ဆေးထည့်ပေး၏။ သွေးတွေကို မြင်တော့ ကျွန်မ မူးဝေဝေဖြစ်လာသည်။ ကောင်လေးက မအော်ပေ။ နှုတ်ခမ်းကို တင်းနေအောင်စေ့ပိတ်ထားသည်။ ထုံပေပေလေးပါလား။

'တော်သေးတယ်။ ပြောင့်က အသားထဲ ကျန်မနေခဲ့လို့'

ကျွန်မအား မေမေက မျက်နှာထိ မျက်နှာထားဖြင့် လှမ်းကြည့်ရင်း မှတ်ချက်ချတော့ ကျွန်မ ပြုံး၍သာ နေပါသည်။

'နာလားကွ'

ဆရာကမေးတော့ ကောင်လေးက မျက်ရည် ရစ်ဝဲနေသည့်မျက်လုံးများကို မျက်လွှာချပစ်ကာ ဆတ်ခနဲ ခေါင်းယမ်းသည်။ မနာသူကလည်း မျက်ရည်တော့ ကျလေသည်။

ကြည့်စမ်းပါဦး။ မျက်တောင်ကော့လေးတွေမှာ တွဲလွဲခိုပြီးမှကျသွားသည့်မျက်ရည်လေးတွေ။ သနားစရာ။ အရုပ်လေး တစ်ရုပ်လိုပဲ။ တကယ့်ကလေးလေးပဲ။ ကျွန်မထက် ခုနစ်တန်း တောင်ငယ်သည့် ကလေးလေး၊ ပိစိကွေးလေး။ သူ မာန်တင်းပြီး အံကြိတ်ထားပုံကိုက ချစ်စရာ။

www.burmeseclassic.com

www.burmeseclassic.com

(၂)

ကျွန်မသည် စာရေးခြင်းနှင့် စာဖတ်ခြင်းကို မြတ်နိုးတတ်ပြီဖြစ်သော သုံးတန်းလေးတန်းအရွယ်ကတည်းက သတင်းစာတစ်စောင် ထုတ်ဝေခဲ့သည်။ ကျွန်မ၏သတင်းစာက တစ်ခါရေးလျှင် တစ်စောင်တည်း ဖြစ်ပါသည်။ မေမေပေးသော သတင်းစာအရွယ် ကတ်ထူပြားပေါ်တွင် ဖြတ်ညှပ်ကပ်သော တစ်မျက်နှာတည်းသာရှိသည့် သတင်းစာဖြစ်သည်။ ကျွန်မ၏သတင်းစာကို ကျောင်းကြီးက အတန်းဖော်တွေနှင့် ကျူရှင်က သူငယ်ချင်းတွေဝိုင်းဖတ်တတ်ပါသည်။

သတင်းစာဟု ခေါ်သော်လည်း နေ့စဉ်သတင်းစာမဟုတ်ပါ။ ရေးချင်သည့်နေ့တွင် သတင်းစာရေးပြီး မရေးချင်သည့်နေ့တွင် မရေးပါ။ ကျွန်မသတင်းစာတွင် ကျွန်မသူငယ်ချင်းများ၏မိသားစုအကြောင်း သူတို့အိမ်အကြောင်းတွေ ပါလေ့ရှိသည်။ ကောင်လေး၏အိမ်အကြောင်း ကျွန်မသိချင်သည်။

ကောင်လေး၏အိမ်သည် ကျောင်းနားမှာဆိုပေမယ့် အဲဒီရပ်ကွက်မှာပဲနေသော ကျွန်မသူငယ်ချင်းအိမ်လို သေသပ်ကျနသော သက်ကယ်မိုး ထရံကာအိမ်မျိုးမှ ဟုတ်ပါ့မလား။

ကျွန်မတို့အိမ်က မချမ်းသာပါ။ သို့သော် ဖေဖေ၏ ရုံးမှရသည့်လစာ၊ မေမေ့လစာနှင့် ဘွားဘွား၏အိမ်ဆိုင်လေးက



ဝင်ငွေတွေ ပေါင်းလိုက်တော့ ခြံဝန်းကျယ်ကျယ်နှင့် လှလှပပအိမ်လေးမှာ နေရပြီး ထမင်းလည်း ကောင်းကောင်း စားရလေသည်။ ကောင်လေး၏လက်မောင်းပိန်ပိန်လေးကို သိသွားပြီး နောက်ရက်တွေ၌ ကျွန်မ ထမင်းစားကောင်းသည့်အချိန်မှာ ကောင်လေးဘာဟင်းနဲ့ ထမင်းစားနေမှာပါလိမ့်ဟု သတိရသွားတတ်၏။

မေမေအတန်းပိုင်အဖြစ် သင်သော ကောင်လေးတို့ပထမတန်း(က)ကို နေ့လည်ထမင်းစားကျောင်းဆင်းချိန်တိုင်း မေမေ့ကို ခေါ်ဖို့ ကျွန်မ ရောက်သည်။ အတန်းထဲက ပြေးထွက်သွားသော ကျောင်းသားလေးတွေထဲမှာ ကောင်လေးကို သတိ တရရှာမိ၏။

သူ့ရုပ်လေးက ချစ်စရာကော်ပတ်ရုပ်လေးလိုပဲ ကျွန်မမှာ ညီမလေးတို့ မောင်လေးတို့ ရှိလျှင် သိပ်ကောင်းမှာဟု ခဏခဏ တွေးမိဖူး၏။ သူသာ ကျွန်မမောင်လေးဖြစ်လျှင် သူ့ပါးမှာပေကျံနေသည့် ဂျီးတွေကို အတင်း မျက်နှာသစ်ပေး၊ သူ့ခေါင်းကိုခေါင်းလျှော်ရည်ဘူးဖြင့် လျှော်ပေးလိုက်မှာပဲ။ ဖြောင့်စင်းသည့်ဆံပင်ပျော့ပျော့လေးတွေ မွှေးလာအောင်ပေါ့။ ပြီးတော့ မီးပူတိုက်ထားလို့ မွှေးနေသည့် သန့်ပြန့်သည့် အကျီဘောင်းဘီလေးတွေ ဝတ်ပေးလိုက်မည်။ ဒါဆို ဘယ်လောက်တောင်ချစ်စရာကောင်းလိုက် မလဲကွယ်။

တစ်ခါက အလွန်စားကောင်းသော စားလက်စ ထမင်းတို့ ကုန်အောင်ဆက်မစားနိုင်တော့ပေ။ သူ့အကြောင်း စဉ်းစားရင်း ထမင်းနင်သွားသလို ခံစားရသောကြောင့် ဖြစ်သည်။

ဘွားဘွားက 'ဒီကောင်မလေး ထမင်းကို လက်စကြီးထားပစ်ပြန်ပြီ'ဟု ဆူသည်။ မေမေကတော့ ကျွန်မကို ခပ်တည်တည်ကြည့်ပြီး 'ထမင်းကို မကုန်နိုင်အောင် မထည့်ရဘူးလို့ မေမေ

www.burmeseclassic.com

www.burmeseclassic.com



ပြောထားတယ်လေ'ဟု မဆူသလို ဆူသလို ပြောပြီး 'ဒါဖြင့် ကြက်သားဖတ်တော့ ကုန်အောင်စားလိုက်'ဟု ပြောပြန်သည်။ ကျွန်မသိပ်ကြိုက်သော ကြက်သားဖတ်ကိုပင် မစားချင်တော့ပေ။ ဒီအတိုင်းပဲထားပြီး လက်ဆေးလိုက်တော့ ဘွားဘွားက နှမျော တတ်သူမို့ ကျွန်မ၏ထမင်းလက်စကို လှမ်းယူပြီး ဆက်စားလေသည်။ စားရင်းလည်း ထုံးစံအတိုင်း ဆူ၏။

'ဒီထမင်း ဒီဟင်းမျိုးကို မစားနိုင်တဲ့ ဆင်းရဲသား ကလေးတွေ ပတ်ဝန်းကျင်မှာ အများကြီး။ ငါ့မြေးက အဲလို ပစ်စလက်ခတ်လုပ်တာ ဘွားဘွားမကြိုက်ဘူး၊ ထမင်းဆိုတာ တန်ဖိုးကြီးကကြီးနဲ့'ဟု ဆူသည်။

ကောင်လေးသည် ဆင်းရဲမှာပဲဟု ကျွန်မ တွေးကြည့်သည်။ ကျောင်းစိမ်းဘောင်းဘီတွေက ဟောင်းနွမ်းလို့၊ အင်္ကျီကလည်း ပေါ်ပလင်စ အဖြူ ခပ်ဝါဝါနှင့် တက်ထရွန်စ အဟောင်းလေး။ သူ့အင်္ကျီဖြူတွေက ဝါကျင့်ကျင့်ဖြစ်နေပြီ။ ရေစားကာ ပါးပြီး ဟိုဘက်သည်ဘက်တောင် ဖောက်ထွင်း မြင်ရပြီ။ အင်း သူ့ကို အင်္ကျီဖြူသစ်သစ်လေးနှင့်ပုဆိုးစိမ်းလေး လက်ဆောင် ပေးချင်ပါရဲ့။ ထိုစိတ်ကူးမျိုးကို သတင်းစာထဲ ထည့်မရေးသင့်မှန်း ကျွန်မသိပါသည်။ ဒါက ကိုယ်ရေးကိုယ်တာ စိတ်ကူးလေ။ ထို စိတ်ကူးမျိုးကို မှတ်တမ်းစာအုပ်တွင်သာ ရေးရမှာ။

ကျွန်မကသာ သတင်းစာဟု ခေါ်သော်လည်း မေမေက 'ဒါ Scrap book လို့ခေါ်တယ်'ဟု ပြောသည်။ နိုင်ငံခြား စာအုပ်တွေထဲမှာ တွေ့ရသော ကျွန်မလို ဖြတ် ညှပ် ကပ် စာအုပ်မျိုး၏ ပုံတွေကို မေမေက ကျွန်မကို ပြပါသည်။

ရောင်စုံဓာတ်ပုံတွေနှင့်၊ ရောင်စုံ မင်တွေဖြင့် လက်ရေးလှလှရေးထားသော စာမျက်နှာတွေကို ကျွန်မ အားကျသွားခဲ့၏။



ကျွန်မ၏ စာအုပ်မှာ တဖြည်းဖြည်းနှင့် ပိုလှလာသည်ဟု မေမေက ချီးကျူးပါသည်။

ကျွန်မ ရှစ်တန်းနှစ် နှစ်လည်ပိုင်းမှာရေးသည့်သတင်းစာ (မေမေ့ အခေါ်တော့ Scrap book)သည် အထူးခြားဆုံး စာရွက်တွေ ဖြစ်ခဲ့သည်။ ဘာဖြစ်လို့လဲဆိုတော့ ဩဂုတ်လ ၆ရက် မှ ၁ပြီး ကျွန်မ၏ပတ်ဝန်းကျင်သည် ပြောင်းလဲသွားသောကြောင့် ဖြစ်ပါသည်။

ထိုနေ့က စနေနေ့ဖြစ်သော်လည်း ဝါတွင်းမို့ ကျောင်းတွေ မပိတ်ပါ။ ကျောင်းတက်ခါစ တန်ဆောင်းထဲမှာ ဘုရားရှိခိုးအပြီး ကျောင်းဝန်းထဲသို့ အပြင်ကလူတွေ အပြေးအလွှားရောက်လာကြသည်။ ဘာဖြစ်တာလဲ။

ကျွန်မတို့မြို့မှာက စိတ်ပူစရာအဖြစ်တွေက များသည်။ ဟိုးအထက်ဆီက မိုးတွေရွာချလို့ ချောင်းရေတွေလျှံလာလျှင် မြို့ထဲမှာ ရေလွှမ်းမိုးတတ်သည်။ အဆိုးဆုံးက ချောင်းတိမ်သည့်ချောင်းတွေမှာ ရေလျှံလျှင် ကြောက်စရာကောင်းသည်။ ထိုအခါမျိုးတွင်လည်း မိဘတွေက သားသမီး ကျောင်းအပြန်ကို စိတ်ပူရလေသည်။

'သူပုန်တွေ ဝင်စီးတာတဲ့'

ကျွန်မတို့အတန်းထဲက တိုးအောင်နိုင်က အသံကျယ်ကျယ်ဖြင့် သတင်းထူးကို ပြောသည်။ သူပုန်ဆိုတော့ ကျွန်မ ပိုစိတ်ဝင်စားသွားသည်။ သူပုန်ဆိုတာက မါးပြထက်ပင် ကြီးကျယ်သွားပြီကိုး။ မါးပြက လူသုံးယောက်လေးယောက်ပဲ ရှိမှာ။ သူပုန်တွေက အုပ်စုလိုက် ချကြမှာ။ ကျွန်မသည် ကြည့်ဖူးသမျှ ရုပ်ရှင်တွေထဲက သူပုန်တွေနှင့် စစ်သည်တော်တွေ တိုက်ခိုက်ဖူးခုတ်ကြတာကို ပြန်မြင်ယောင်ကာ စိတ်လှုပ်ရှားမှုကြောင့် လက်ဖျား

www.burmeseclassic.com

www.burmeseclassic.com



ခြေဖျားတွေအေးလျက် စာသင်ခန်းဆီ လျှောက်လာနေသော ခြေလှမ်းတွေပင် ကတုန်ကယင်ဖြစ်နေ၏။

နေ့လည်မှာ အချိန်မတိုင်ဘဲ စောပြီး ကျောင်းဆင်းပေးလိုက်တော့မှ သတင်းအမှန်ကို သိရသည်။ အမှတ်(၁) အထက်တန်းကျောင်းတွင် ကျောင်းသားတွေက ဆန္ဒပြတာဆိုပါလား။ အမှတ်တစ်ကျောင်းဆိုတော့ ကျွန်မ ချက်ချင်းပင် ခေါင်းရင်းအိမ်က အစ်ကို ကိုဇော်လတ်ကို သွား သတိရလိုက်သည်။ ကိုလတ် ကျောင်းတက်နေတဲ့ကျောင်းပေါ့။

ကျွန်မသည် ဆန္ဒပြသည်ဟူသောစကားလုံး၏အဓိပ္ပါယ်ကို ကောင်းကောင်းသိပါသည်။ ကျွန်မတို့ သမိုင်းသင်ခန်းစာတွင် ရေနံမြေသပိတ်တို့ တောင်သူလယ်သမားအရေးတော်ပုံတို့အပြင် ကျောင်းသားသပိတ်လည်း ပါသည်။ သို့သော် အဲဒါတွေက နယ်ချဲ့အင်္ဂလိပ်အစိုးရကို မကျေနပ်လို့ ဆန္ဒပြတာ မဟုတ်လား။ အခု ဘာကို မကျေနပ်တာလဲ။ ကျွန်မ နားမလည်ပါ။ နားမလည်တော့ ကျွန်မ စပ်စုချင်စိတ်တွေပေါ် လာပါသည်။

တက္ကသိုလ်ဘုန်းနိုင်၏ ကမ္ဘာကုန်ကျယ်သရွေ့ဝယ် ဝတ္ထုစာအုပ်တွင် ရေနံမြေသပိတ်အကြောင်းကို ဖတ်ရသည်။ သက်ခိုင်၏ဖေဖေမှာ သပိတ်တပ်သားအဖြစ် ထောင်ကျသွားလေသည်။ သပိတ်ခွဲသည်ဆိုသောစကားကို ပထမတော့ ကျွန်မက ဘုန်းကြီးသပိတ်ကိုခွဲတာဟု အောက်မေ့နေခဲ့သည်။ နံပါတ်တုတ်တွေနှင့်ရိုက်၊ မြင်းနှင့်တိုက်၊ သေနတ်တွေဖြင့်ပစ်ပြီး သပိတ်မှောက်တဲ့လူတွေကို လူစုခွဲတာတဲ့။

ကျွန်မတို့အိမ်ခေါင်းရင်းက အစ်ကိုကြီး ကိုဇော်လတ်သည် အမှတ်(၁) အထက်တန်းကျောင်းမှာ ဆယ်တန်းတက်နေသူ ဖြစ်သည်။ ကျွန်မ အိမ်ပြန်ရောက်တော့ သူတို့ခြံဝန်းထဲတွင်



ထိုအစ်ကိုကို မြင်ရမလား ဟု တစ်နေ့လုံး ချောင်းနေရသည်။ ညနေရောက်တော့ သူတို့အိမ်ရှေ့ ရေဘုံဘိုင်မှာ ရေလာပြီ။ သူ ဟာလီချိုင့်ဖြင့် ရေဆွဲယူနေသည်ကို မြင်ရသည်။

'အစ်ကိုလတ် အစ်ကိုလတ်'

ကျွန်မ သူတို့ခြံစည်းရိုးနား ကပ်သွားလိုက်သည်။ သူ လှည့်ကြည့်ပြီး ကျွန်မကို မြင်တော့ ပြုံးပြသည်။

'အစ်ကို ဒီနေ့ ကျောင်းသွားလားဟင်'

'သွားတာပေါ့ဟ'

'အစ်ကိုတို့ကျောင်းမှာ ဆန္ဒပြလို့ဆို'

'အေး'

'ဘယ်သူ့ကို မကျေနပ်လို့ ဆန္ဒပြတာလဲဟင်'

'အစိုးရကို။ အစိုးရက ကောင်းမှ မကောင်းဘဲ'

'ဟင်'

'လူတွေကို ဆင်းရဲအောင်လုပ်တယ်။ သူတို့ချည်းပဲ ချမ်းသာတယ်။ ငါတို့က အာဏာရှင်စနစ်အောက်မှာ နေရ တာ။ အာဏာရှင်ဆိုတာရော သိရဲ့လား အင်ကြင်း'

'အင်း သိတယ်။ အာဏာရှင် ဟစ်တလာကို သိတယ်'

'အေး အာဏာရှင်အစိုးရဆိုတာ သူတို့ပဲ ချမ်းသာပြီး ပြည်သူတွေကို ငတ်အောင်လုပ်တာ'

'ဟုတ်လား။ အစ်ကိုလတ်တို့ ဆန္ဒပြတော့ ရဲက မဖမ်းဘူးလား'

'မဖမ်းပါဘူး'

'အစ်ကို မနက်က ဘယ်လို ဆန္ဒပြကြတာလဲဟင်'

သူက မပြောတော့ဘူးလိုလိုနှင့် ကျွန်မကို အစအဆုံး ပြောပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'တို့ကျောင်းကို ရန်ကုန်တက္ကသိုလ်က ကျောင်းသားတွေ ရောက်လာတယ်။ အဲဒီအချိန်မှာ တို့က စာတောင် သင်နေပြီ။ သူတို့ လူစုလူဝေးနဲ့ ကျောင်းဝန်းထဲမှာ လာအော်ကြတာ။ ပထမတော့ ငါတို့ မကြားဘူး။ သွားပြီး ပေါင်းရမယ်လို့လည်း မသိဘူး။ နောက်တော့ ကျောင်းဆင်းခေါင်းလောင်းသံ ကြားရတယ်။ ငါတို့ အံ့သြသွားတာပေါ့။ အခုမှ ကျောင်းတက်တာ အခု ဘာဖြစ်လို့ ကျောင်းဆင်းတာလဲပေါ့။ ငါတို့အားလုံး လွယ်အိတ်တွေ ကောက်ဆွဲပြီး အတန်းပြင် ပြေးထွက်ကြတာပေါ့။ ဆရာမကလည်း ငါတို့ကို တားချိန်မရလိုက်ဘူး။ ငါတို့လိုပဲ တခြားအတန်းက ဆယ်တန်းကျောင်းသားတွေ ကိုးတန်းကျောင်းသားတွေ ထွက်ပြီး အဲဒီ လူတွေဆီ သွားပေါင်းတာ။ သူတို့က တို့ကို လိုက်အော်ဖို့ တိုင်ပေးတော့ ငါတို့လည်း လိုက်အော်တာပေါ့'

'ဘာတွေအော်လဲဟင်'

'တစ်ပါတီအာဏာရှင်စနစ် ဖြုတ်ချရေး တို့အရေး၊ ကျောင်းသားသမဂ္ဂ ဖွဲ့စည်းရေး တို့အရေး၊ ဒီမိုကရေစီ ရရှိရေး တို့အရေး။ အရေးတော်ပုံ အောင်ရမည်။ အော်ပြီး တန်းစီ လမ်းလျှောက်ကြတာ'

အို။ သတ္တိကောင်းလိုက်တာနော်။

'ဒီမိုကရေစီဆိုတာ ဘာလဲ'

'ဒီမိုကရေစီဆိုတာ နေဦး အဲဒါက အရှည်ကြီးပြောရမှာ အင်ကြင်းဖေဖေကို မေးကြည့်ပါလား။ သူ ပြောပြလိမ့်မယ်'

ဖေဖေ့ကို ကျွန်မ သိပ် ပူးပူးကပ်ကပ်မနေခဲ့ပါ။ ပြောရမည်ဆိုလျှင် ကိုလတ်လောက်တောင် ဖေဖေ့ကို စကားမပြောရဲပါ။ နောက်ပြီး အခုတလော ဖေဖေသည် အိမ်မှာ မကပ်ပါ။

'ကျွန်တော်ရော အစ်ကိုတို့နဲ့အတူ လိုက်လို့ရလားဟင်'



'ဘာ'

သူက အသံကျယ်ကျယ်နှင့်အော်လိုက်တော့မှ ကျွန်မ ပြောလိုက်သည့်စကား၏အဓိပ္ပါယ်ကို ပြန်တွေးမိသွားသည်။

'နင်တို့က ငယ်ပါသေးတယ်'

ကိုဇော်လတ်သည် ချက်ချင်းပင် အသက်ကြီးပြီး ရင့်ကျက်သွားသလို တည်တည်ကြီး။ ထို့နောက် သူက ခြံစည်းရိုးသံဇကာကွက်ကြားမှ လက်ထုတ်ကာ ကျွန်မဆံပင်ကို ဖွလိုက်သည်။

'သွား ကိုယ့်ဟာကိုယ် စာပဲ ဖတ်နေဦး'

ထိုအချိန်မှ စပြီး ကျွန်မ ဟိုဘက်အိမ်က ခြံတံခါးအဖွင့်အပိတ် အသံကို နားစွင့်နေကာ ခြံတံခါးဖွင့်သံကြားလျှင် ပြတင်းပေါက်မှ အပြေးသွားကြည့်မိတော့သည်။ အစ်ကိုလတ် ခြံတံခါးဖွင့်ပြီး ထွက်သွားသည့်အချိန်သည် ညနေ လေးနာရီခွဲပြီးခါစဖြစ်သည်။

'ဟဲ့မောင်လတ် ဘယ်သွားဦးမှာတုန်း'

ဒေါ်ဒေါ်ကြီး ဒေါ်စိန်က သူ့သားကို လှမ်းမေးသည်။

'လမ်းထိပ်တင်အမေ၊ ချက်ချင်းပြန်လာမှာ'

ကျွန်မ သိသည်။ ကိုလတ် ချက်ချင်းပြန်လာမှာမဟုတ်။

ထို့နောက် ကျွန်မ ကိုလတ်ကိုရော ဆန္ဒပြသည့်ကိစ္စကိုရော မေ့သွား၏။ မေမေဖတ်ခိုင်းပြီး ကျွန်မ ဖတ်လို့မပြီးသေး သည့် ဝေသန္တရာဇာတ်တော်ကြီး စာအုပ်ကို ဆက်ဖတ်ဖို့ ကြိုးစားနေသည်။ သို့သော် ကိုလတ်ပြောသည့် ဆန္ဒပြသည့်ကိစ္စကိုပဲ စိတ်ကရောက်နေခဲ့၏။

စာအုပ်ထဲမှာ မဒ္ဒီဒေဝီကို နတ်တွေက ကျောင်းအခ်မ်းသို့ မပြန်ဖြစ်သေးအောင် တောရိုင်းတိရစ္ဆာန်တွေအယောင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်လျက် တားမြစ်သည့်အခန်း ဖတ်နေချိန်မှာပင် ကျယ်လောင်သော ပေါက်ကွဲသံများကို ကြားရသည်။ ဗျောက်အိုးဖောက်သလိုအသံမျိုး သို့သော် တအားကျယ်လောင်တာပဲ။ ကျွန်မ လန့်သွားသည်။ အဘွားက မေမေ့ကို 'ခင်ခင်မေ ညည်းသမီးရော' ဟု လှမ်းအော် မေးသည်။

'ဒီမှာအမေ မီးဖိုထဲမှာ'

'ငါ သေနတ်သံတွေကြားတယ်။ ညည်းသမီးကို ဘယ်မှ မသွားစေနဲ့'

သေနတ်သံ။

သေနတ်သံဆိုသောစကားကြောင့် ကျွန်မ ရင်ထဲ ဒိန်းခနဲ တုန်သွားသည်။ ကျွန်မ တုန်တုန်ရီရီနှင့် မီးဖိုထဲကနေ အဘွားရှိရာ အိမ်ရှေ့ဧည့်ခန်းသို့ အပြေးပြန်ဝင်လာမိသည်။ မေမေက လည်း လက်နှီးစုတ်ကို လက်ကကိုင်လျက်သား ကျွန်မနှင့်အတူ အဘွားထံသို့ လိုက်လာသည်။

'သေနတ်သံ ဟုတ်လားအမေ။ သေချာရဲ့လား'

'ညည်းနှယ်အေ။ ငါက ရောင်စုံသူပုန်တွေကြားထဲ အသက်ရှင်လာတာ ငါ သိတာပေါ့။ အဲဒါ သေနတ်သံ'

ကျွန်မတို့သုံးယောက် ဘာလုပ်ရမှန်းမသိ ဘယ်ကို မေးရမှန်းမသိ ဖြစ်နေချိန်တွင် အိမ်ရှေ့လမ်းပေါ်မှာ လူတချို့ မောကြီးပန်းကြီး ပြေးလွှားလာကြသည်။

'ပစ်ကုန်ပြီ ပစ်ကုန်ပြီ' ဟုလည်း အော်သွားသည်။

အဘွားက မေမေ့အား လှမ်းကြည့်သည်။ ငါမပြောဘူးလားဆိုသော မျက်နှာထားဖြစ်မှာပေါ့။

ပစ်ကုန်ပြီဆိုတော့ သေနတ်နှင့်ပစ်တာပေါ့။ လူတွေကို ပစ်တာလား။ ကျွန်မ အစ်ကိုလတ်ကို စိတ်ပူသွားသည်။



သေနတ်တွေနှင့်တောင် ပစ်နေပြီဆိုပါလား။ ကိုလတ်ကြီး သေသွားရင်တော့ ဒုက္ခပါပဲ။ ဘုရားဘုရား ကိုလတ်မသေပါစေနှင့်။

'မောင်မြင့်ဦး ဘယ်သွားလဲ။ ဒီသူငယ်ကလည်း အိမ်ကို မကပ်ဘူး။ လူအုပ်ထဲပါသွားရင် အပစ်ခံရဦးမယ်'

ဘွားဘွားပြောမှ အင် ဟုတ်ပ့ါ ဖေဖေလည်း အိမ်မှာ မရှိဘူးဟု သတိရပြီး ဖေဖေ့အတွက်လည်း စိတ်ပူသွားသည်။

အဘွားက လမ်းမှာ ဖြတ်ပြေးသွားသော လူတစ်ယောက်ကို လှမ်းအော်မေးသည်။

'ဟဲ့ ဘယ်မှာပစ်တာလဲ။ ဟဲ့ ကလေး ကိုတင်မောင့်သားလေး မဟုတ်လား။ ဘယ်မှာ ပစ်တာတဲ့လဲ'

'ရွှေဘုံသာမှာတဲ့ '

ထိုလူက ပြောပြောပြေးပြေး ဆက်ပြေးသွားလေသည်။

ညဥ့်နာရီ ပတ်ဝန်းကျင်လောကတွင် ဆန္ဒပြသူတွေက မြို့မရဲစခန်းကို မီးနှင့် ရှို့ကြလေသည်။ ကျွန်မတို့အိမ်နှင့် မြို့မရဲစခန်းက နီးနီးလေးမို့ ဆူဆူညံညံ အော်ဟစ်သံတွေကို ကျွန်မတို့ အိမ်ကပင် ကြားရ၏။ ထိုအချိန်မှာပင် ဖေဖေ သုတ်သီးသုတ်ပျာဖြင့် အိမ်ပြန်ရောက်လာသည်။ မေမေက ဖေဖေ့အား ခပ်တိုးတိုး ကြိတ်ပြီး ဆူပူသည်။

'ငါဘာမှ မဖြစ်ပါဘူး' ဟု ဖေဖေက ပြုံးလျက်ပြော၏။

၁၉၈၈ခုနှစ် အရေးအခင်းကို သူများမြို့ထက် နှစ်ရက်စောပြီး လှုပ်ရှားခဲ့သော ရေနံချောင်းမြို့တွင် ထိုနေ့ ဩဂုတ်လ၆ရက်မှာပင် လူနှစ်ယောက်သေသွားသည်ဟု သတင်းကြားရ သည်။ သေဆုံးသူသည် ကျွန်မစိုးရိမ်သလို ကိုလတ်တော့ မဟုတ်ခဲ့ပေ။

ကျွန်မ ရှစ်တန်းအရွယ်အထိ အခုလောက် ထူးသည့်

www.burmeseclassic.com

www.burmeseclassic.com



သတင်းကို တစ်ခါမှ မကြုံဖူးခဲ့တော့ ညကျတော့ ကျွန်မ ရေးကောင်းကောင်းနှင့် သတင်းစာထဲမှာ အစုံ ထည့်ရေးပါသည်။ ခေါင်းစီးတွေကလည်း သိပ်ကို စိတ်ဝင်စားစရာကောင်းပါသည်။

ရေန်ချောင်းမြို့ အမှတ်(၁)အစိုးရအထက်တန်း ကျောင်းတွင် ကျောင်းသားများ ဆန္ဒပြခြင်း၊

မြို့မရဲစခန်းကို မီးရှို့ခြင်း၊

ဆန္ဒပြလူစုအား ရဲသားများက သေနတ်ဖြင့်ပစ်ခတ်ရာ လူနှစ်ဦး သေဆုံးခြင်း၊

တွေ့လား။ ကျွန်မ၏သတင်းစာတွင် အရင်က ကျောင်းအကြောင်း၊ ခွေးရူးအကြောင်း၊ ဈေးအကြောင်းတွေရေးနေရာက အခုအခါ အရေးအခင်းအကြောင်းက စုံလင်နေတော့သည်။

သို့သော် ကျွန်မ ကြိုးစားပမ်းစားရေးသည့် သတင်းစာကို နောက်နေ့တွင် သူငယ်ချင်းတွေ မဖတ်လိုက်ရပါ။ အကြောင်းမှာ ကျွန်မတို့ကျောင်းတွေကို ဩဂုတ်လ ၇ရက်နေ့က စပြီး ရက်အကန့်အသတ်မရှိ ပိတ်လိုက်သောကြောင့် ဖြစ်သည်။

(၃)

စက်တင်ဘာလဆန်း၆ရက်နေ့ကို ကျွန်မ ဘယ်တော့မှ မမေ့နိုင်။ ကျွန်မ၏ သတင်းစာစာရွက်ကြီးမှာ နေ့စွဲနှင့်တကွ မှတ်ထားရလောက်အောင် ကျွန်မအတွက် ထူးခြားသည့်နေ့ ဖြစ်လို့ပါ။

ထိုနေ့နံနက်က ဘွားဘွား ခေါင်းမူးလို့ ဆေးခန်းသွားပြသည်။ ထိုအချိန်က ဆူပူလှုပ်ရှားမှုတွေ ရှိနေသေးသော်လည်း ပြည်သူလူထုက သွားသွားလာလာ ပြန်ပြီး နေသားကျနေကြပြီ။ ကျွန်မ ဘွားဘွားနှင့်အတူ အဖော်လိုက်သွားရသည့် ဆေးခန်းက ဈေးအရှေ့ဘက်က ဆုံတိုက်ရပ်ကွက် လမ်းမတော် လမ်းမတန်းပေါ်မှာမို့ လမ်းလယ်ကျမ်းကိုင်ဘုရားရှေ့မှ ဖြတ်သွားရသည်။ အဲဒီမှာ ထူးဆန်းသောမြင်ကွင်းတစ်ခုကို ကျွန်မ မြင်ရတော့တာပါပဲ။

ကျမ်းကိုင်ဘုရားရှေ့တွင် သူခိုးဟု စွပ်စွဲခံရသူတစ်ဦးအား လက်ပြန်ကြိုးတုပ်ကာ ဘုရားစည်းရိုးသံတိုင်မှာ တွဲချည်ပြီး နေပူလှန်းထားတာကို ကျွန်မ မြင်ရသည့်အခါ ရင်ထဲမှာ နာကျင်လျက် တုန်လှုပ်သွားမိသည်။ သူခိုးကို လူတွေ ဝိုင်းကြည့်ကြသည်။ သူခိုးက ဝါခေါင်လ၏ပူပြင်းလှသော နံနက်ဆယ်နာရီနေဒဏ် အောက်တွင် ချွေးတဒီးဒီးကျကာ မျက်နှာအောက်ချလျက် ဒူးထောက်နေရသည်။ အနားမှာ ဝိုင်းအုံကြည့်နေကြသော

www.burmeseclassic.com



လူတွေကို တွေ့ရသည်။ ဘွားဘွားက စိတ်မသက်သာလွန်းလို့ ခေါင်းတောင် ပိုမူးလာပြီဟု ပြောသည်။ ကျွန်မတို့နှစ်ယောက်လုံး ထိုမြင်ကွင်းမှ မျက်နှာလွှဲပြီး ဆေးခန်းဆီသို့ ဆက်လျှောက်ဖို့ လူအုပ်ကို ကျော်ခဲ့ရ ပါသည်။

ထိုအချိန်မှာ လူအုပ်ထဲမှ တိုးဝှေ့ပြီး ထွက်လာသည့် ကလေးတစ်ယောက်ကို မြင်ရသည်။ ကျွန်မတောင် ကြည့်ရတာ ရင်တုန်သည့်အဲဒီမြင်ကွင်းကို ကလေးလေးက ဘာဖြစ်လို့များ ဝင်ကြည့်တာလဲ။ သူ့မှာ အဘွားတွေ အမေတွေ မပါပါ။ သူ တစ်ယောက်တည်းဖြစ်သည်။ သူ့တစ်ကိုယ်လုံးမှာ ကျွန်မ မြင်ရသမျှ ကတော့ ကလေးကစားသည့် သားရေကွင်းတွေအပြည့်။

အသားဖြူဖြူ၊ ဆံပင် ဖြောင့်ဖြောင့်စင်းစင်းက နဖူးပေါ် ဝဲကျနေပြီး မျက်လုံးနက်နက် တောက်တောက်၊ မျက်တောင်ထူထူ ရှုပ်ရှုပ်၊ နှုတ်ခမ်းပါးပါး။ အို ဒီကောင်လေးကို ကျွန်မ သိတာပေါ့။ မေမေ့တပည့်လေး မဟုတ်လား။

မောင်သက်ဝေသည် သားရေကွင်းတွေကို သံကြိုးကွင်း ဆက်လို အရှည်လိုက်ကြီးဖြစ်အောင် ဆက်ပြီးတွဲထားသည့် သားရေကွင်းခါးပတ်ကို စလွယ်သိုင်းလျက်၊ လက်ကောက်ဝတ် တွေမှာလည်း သားရေကွင်းတွေကို လက်ကောက်ကွင်းလိုမျိုး အထပ်ထပ်စွပ်လျက်၊ မထီတထီမျက်နှာပေးနှင့်၊ ဘောင်းဘီတို အညိုကွက်ကျဲကျဲ ဟောင်းဟောင်း။ လူအုပ်ကြီးထဲကနေ တိုးဝှေ့ ထွက်လာသည့် မောင်သက်ဝေကို ကျွန်မ မြင်လိုက်ရတော့ အံ့သြပြီး စိုးရိမ်သွားပါသည်။ သူ ဘာဖြစ်လို့ ဒီလို အချိန်ကာလမျိုးမှာ အပြင်ရောက်နေရတာတုန်း။

'ဟဲ့ကောင်လေး'

ဈေးနားကလူသံတွေနှင့်ရောနေသဖြင့် ကျွန်မအသံကို သူ မကြားပါ။ ကြားလျှင်လည်း သူ့ကို ခေါ်သည်ဟု သိမှာမဟုတ်။

'သက်ဝေ'

ကျယ်ကျယ်အော်လိုက်တော့မှ လှမ်းကြည့်သည်။ ကျွန်မ နှင့်ဘွားဘွားကို မြင်သွားတော့ သူ အနားသို့ ရောက်လာသည်။

'ကောင်လေး နင်ဘာလုပ်နေတာလဲ'

'ကြည့်နေတာ'

'ဘာကို ကြည့်တာလဲ'

'သူခိုး တဲ့'

သူ့အသံက ခပ်တည်တည်ပင်။ ပေစောင်းစောင်း အကြည့်ကို ကျွန်မ မကြိုက်လိုက်တာ။

'နင် တစ်ယောက်တည်းလား။ အဖေအမေတွေရော'

'အစ်ကို ချစ်ညိုပါတယ်'

ကျွန်မတို့အနီးမှလူတချို့ဖြတ်သွားသည့်အခါ အနီရောင်အစကို နဖူးမှာစည်းထားသူ နှစ်ယောက်ပါသည်။ သူတို့ မျက်နှာထားတွေက တင်းတင်းမာမာ။ စိတ်ရှုပ်နေသလိုပဲ။

'ဘွားဘွား သူက မေမေ့တပည့်လေးလေ'

'ဟေ ဟုတ်လား။ ကလေး ဘာဖြစ်လို့ လမ်းပေါ်ထွက် လာတာလဲ။ ခေတ်ကြီးက ကောင်းတာမဟုတ်ဘူး။ ဘယ်မှာလဲ ငါ့မြေးအိမ်က'

'ဟိုးမှာ'

သူက လည်ပေါ်ကျောင်း၏ နောက်ဘက်တစ်နေရာရာ သို့ လက်ဖြင့်ပြလျက် ဖြေသည်။

'ဘွားဘွား သူ့အိမ်က အင်ကြင်းတို့ကျောင်းနားမှာ'

'ပြန်ပြန် လူလေး အမေမပါဘူးလား'

'အမေ မရှိဘူးဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သွားလဲ'

'အဝေးကြီးမှာ'

'ဒါဆို ခဏလိုက်ခဲ့ဦး။ ပြီးမှ နင့်အိမ်ကို ငါတို့လိုက်ပို့မယ်။ အခု ဘွားဘွားကို ဆေးခန်းပြမလို့။ လာ လိုက်ခဲ့'

'မဟုတ်ဘူး အစ်ကိုချစ်ညိုပါတယ်'

ကောင်လေးက ကျွန်မတို့နှင့်အတူ မလိုက်ချင်။ ဘွားဘွားကလည်း ကလေးငယ်လေးတစ်ယောက်တည်းကို လမ်းမှာ ထားမပစ်ခဲ့ချင်။

'ဘယ်မှာလဲ အစ်ကိုချစ်ညို'

'ဆေးသွားဝယ်နေတယ်'

ကိုချစ်ညိုဆိုတော့ ကျွန်မတို့နှင့်ဆွေမျိုးတော်သည့် အစ်ကိုပဲလားမသိဟု ကျွန်မတွေးသည်။ ကိုချစ်ညိုသည် ကန်ဇွန်းခုံကျောင်းဘေးက ရပ်ကွက်မှာနေသည်။ သူတို့အိမ်က နွားမွေးသည်။ နွားနို့လိုလျှင် ကျွန်မ ကိုချစ်ညိုတို့အိမ်သို့သွားပြီး ဝယ်နေကျဖြစ်သည်။

ကျွန်မ သူ့ကို ကျွန်မတို့နှင့်အတူ ခေါ်လာခဲ့သည်။ ဆေးခန်းရောက်တော့ လူနာတွေ လေးယောက်လောက်ကို ထိုင်စောင့်ကြရသည်။

'သူတို့ ဘာဖြစ်လို့ အဲဒီလူကို ကြိုးတုပ်ထားတာလဲဟင်'

သူက မသိနားမလည်စွာမေး၏။

'ဘာဖြစ်လို့လဲဆိုတော့ သူက သူခိုးမို့ပေါ့'

ကျွန်မအဖြေကို ကျွန်မကိုယ်တိုင်လည်း မကြိုက်ပါ။ ဒါပေမယ့် ဘယ်လို ဖြေရမှန်းလည်း မသိပါ။

'အဲဒီသူခိုးကို ဘာလုပ်မှာလဲ။ ထောင်ချမှာလား'

'မသိဘူးလေ'



'ကျွန်တော် ကိုချစ်ညိုကို သွားရှာဦးမယ်'

'မရှာနဲ့ သူက နင့်ကို လာရှာလိမ့်မယ်။ မဟုတ်လည်း ငါတို့ နင့်ကို အိမ်ပြန်ပို့ပေးမယ်'

'ဟာဗျာ'

သူက ဆော့ကစားနေသည့်ကလေးမို့ တစ်နေရာရာမှာ ငြိမ်ပြီးထိုင်နေရတာ စိတ်ညစ်နေပုံပါပဲ။

ဆေးခန်းထိုင်စောင့်ရတာ ပျင်းတော့ ကျွန်မက သတင်းစာတွေကို ယူပြီး ဖတ်သည်။ ဆေးခန်းမှာ ရှိသည့်သတင်းစာက မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတွေပဲ ဖြစ်သည်။ အိမ်မှာ ဖေဖေယူယူလာသော ဒီမိုကရေစီတို့ ရှစ်လေးလုံးတို့ ဒေါင်းတို့ သတင်းစာမျိုးတွေ မရှိပေ။

'ရော့ ပျင်းရင် သတင်းစာဖတ်နေ'

'အာ ခက်ကခက်နဲ့'

'မခက်ပါဘူး။ နင် ပထမတန်းဆိုရင် စာလုံးပေါင်းပြီး ဖတ်တတ်နေပြီလေ'

သူကြည့်ရတာ တော်တော်ကို စိတ်ကျဉ်းကြပ်နေပုံရ၏။ ကျွန်မလည်း သူ့ကို စိတ်ညစ်အောင် မလုပ်ချင်သဖြင့် အသာနေလိုက်သည်။ အဲ နေဦး။ ဘွားဘွားကို ဆရာဝန်စမ်းသပ်ဖို့ အလှည့်မရောက်ခင် သူ့ကို အိမ်ပြန်ပို့ပေးလို့ရတာပဲ။ ဒါမှမဟုတ် အပြင်ထွက်ကြည့်ရင် အစ်ကိုချစ်ညိုကို ရှာတွေ့ချင်တွေ့မှာပေါ့။

'ဘွားဘွား ခဏလေးနော် သူ့ကို အိမ်ပြန်ပို့လိုက်မယ်'

'မဖြစ်ဘူးသမီး ဘယ်မှ မသွားနဲ့'

'ဖြစ်ပါတယ် ဘွားရဲ့။ သူ့အိမ်က ကျောင်းနောက်ဘက်မှာပဲ။ နီးနီးလေး'

'သမီး အင်ကြင်း ချက်ချင်းပြန်လာနော်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါ ဘွားဘွား'

'လူစုစုတွေ့ရင် ဝင်မကြည့်နဲ့နော်'

'ဟုတ်ကဲ့ပါ ဘွားဘွား'

သူက ဆုတ်ကန်ကန်လုပ်နေသဖြင့် သူ့ကို အတင်းဆွဲခေါ်လာခဲ့ရသည်။ သပိတ်စခန်းရှိသည့် လည်ပေါ်ကျောင်းဝန်းနားသို့ ဘယ်တော့မှ မသွားနဲ့ဟု မေမေနှင့်ဖေဖေက မှာထားသောကြောင့် ကျွန်မသည် ဈေးမြောက်ဘက်တည့်တည့်လမ်းမှ အရှေ့တံတားဆီသို့ရောက်သည့်လမ်းကို ရွေးပြီး ခေါ်လာခဲ့ပါသည်။

သူက ရှေ့က၊ ကျွန်မက နောက်က။ သူ့အိမ်ကို ကျွန်မမှ မသိဘဲကိုး။ ကျွန်မတို့နှစ်ယောက် အစ်ကိုချစ်ညိုတို့ အိမ်ရှေ့သို့ ကျော်လာသည်။ ဒီနေရာမှာ လမ်းသည် လူသွားသာရုံ သေးသေး ကျဉ်းကျဉ်းလေး ဖြစ်၏။ ခြံတံခါးမရှိသော မြေတလင်း ပြောင်ပြောင် ဝန်းကျယ်တစ်ခုထဲသို့ ရောက်သွားသည်။

'အစ်မ ဖိနပ်မစီးရဘူး'

'ဩ'

ကျွန်မတို့ ဘုန်းကြီးကျောင်းဝန်းထဲသို့ ရောက်နေပါရောလား။ ကျွန်မ ဖိနပ်ကို ချွတ်ကာ မြေပြင်ပေါ်မှာ ပစ်ထားခဲ့လိုက်ပြီး ခြေဗလာဖြင့် လျှောက်သည်။ သူက တုန့်ခနဲ ရပ်ကာ ကျွန်မဖိနပ်ကို ငုံ့ကောက်၏။

'အစ်မဖိနပ်က အကောင်းလေး။ ဒီအတိုင်းမထားခဲ့နဲ့'

ဟုတ်ဘဲနဲ့၊ ကျွန်မဖိနပ်ကဖြင့် ပေါင်းနေပေါ့။ အနီရောင်လေးမို့ လှနေတာပါ။ ဒီဘုန်းကြီးကျောင်းသို့ ကျွန်မ ရောက်ဖူးသည်ဟု ချက်ချင်းသိ၏။ ဘွားဘွား လာနေကျကျောင်း။ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းကပ်တိုင်း ဆွမ်းကျွေးတိုင်း ဒီကျောင်းကိုပဲ ဘွားဘွားရွေးချယ်သည်။ ရွှေစေတီဘုန်းကြီးကျောင်း ဖြစ်ပါသည်။



ကျောင်းသည် ခြေတံရှည် သစ်သားကျောင်းကြီး ဖြစ်သည်။ အောက်ထပ်သည် အကာမပါ။ တိုင်လုံးကြီးတွေသာ ရှိပြီး အောက်ကမြေကြီးသည် တလင်းပြင်လိုပဲ ပြောင်နေသည်။ ကျွန်းတိုင်လုံးကြီးများကြားတွင် နေ့လည်နေ့ခင်း နားနေရန် သစ်သားတွပ်ပျစ် ဆင့်ကြီးများ ချထားသည်။ ကျောင်းပေါ်သို့ တက်သည့် လှေကားသည် ကြီးမားလှပပြီး နင်းရသည့် ပျဉ်ချပ်တွေက ချောမွတ်ကာ ခြေဖဝါးတွေ အေးသွား၏။ ဘုန်းကြီးကျောင်းဖြစ်နေမှန်း သိကတည်းက အိန္ဒြေရရဖြင့် ခြေလှမ်းလှမ်းနေရသည်။နောက်ပြီး ကြမ်းပြင်ပေါ် ဒူးတုပ် ထိုင်ချလိုက်ရသည်။ မထိုင်လို့ မဖြစ်၊ ကော်ဇောသေးသေးပေါ် ထိုင်နေသည့် ဘုန်းတော်ကြီးက ကျွန်မကို လှမ်းကြည့်နေပြီလေ။ မောင်သက်ဝေ ကျွန်မကို ဘယ်ခေါ်လာတာလဲဟု အဲဒီအချိန်အထိ ကျွန်မ နားမလည်။

'ကလေးမက ဘယ်ကလဲ'

'သပြေတန်းကျောင်းကပါ'

လွှတ်ခနဲ ဖြေမိပြီးမှ ဘုန်းကြီးမေးတာ အဲဒါမဟုတ်ဘူးဟု သတိရသွားသည်။

'မြို့မတောင်ရပ်ကပါ'

'အေး။ ဘယ်သူ့သမီးလဲ'

'ဆရာမဒေါ်ခင်ခင်မေ့သမီးပါ'

'အော် ဒေါ်ကြာဖြူ့မြေးပေါ့'

'ဟုတ်ကဲ့'

'ဟုတ်ကဲ့လို့ မပြောရဘူး။ တင်ပါ့ဘုရားလို့ ပြောရတယ်'

ကျွန်မဘေးမှာ မတ်တတ်ရပ်နေသော မောင်သက်ဝေက ကျွန်မကို ဆရာလုပ်သည်။ ကျွန်မ သူ့ကို မျက်စောင်းထိုးကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘဘုန်း၊ တပည့်တော် အစ်ကိုချစ်ညိုနဲ့ ကွဲသွားလို့ အစ်မက တပည့်တော်ကို လိုက်ပို့ပေးတာပါဘုရား'

အလို ဒီကောင်လေး ဘုန်းကြီးနဲ့စကားပြောတာ ဖြောင့်လို့ ဖြူးလို့ပါလား။

'အေး အေး ချစ်ညို မရောက်လာသေးဘူး မင့်ကို ရှာနေတုန်းဖြစ်မှာပေ့ါ။ နောက်ကို ငါမသိအောင် အပြင်ကို လိုက်မသွားနဲ့ ကြားလား။ ကြိမ်လုံးစာ မိမယ်'

'တင်ပ့ါဘုရား'

'မောင်သက်၊ ကျက်သရေခန်းထဲမှာ အုန်း မုန့်ကူရှိတယ် ထုတ်ပေးလိုက်။ အိမ်ကို ယူသွား ဒကာမလေး။ ဒေါ်ကြာဖြူကို ပေးလိုက်ပါ။ သူက အုန်းမုန့်ကူကြိုက်တယ်'

ဒကာမလေးတဲ့။ ကျွန်မ ရယ်ချင်သွားသည်။

ကျွန်မ ဘယ်လိုပြောရမှန်းမသိခင် 'တင်ပ့ါဘုရား' ဟု ကောင်လေးက ပြောပြီး သွက်လက်စွာ ထထွက်သွား၏။ ထို့နောက် မုန့်ထုပ်ကိုကိုင်လျက် ကျွန်မတို့နားသို့ ပြန်ရောက်လာသည်။ မောင်သက်ဝေ၏လှုပ်ရှားမှုများကို ကျွန်မ အံ့သြစွာ ကြည့်ရင်း တဖြည်းဖြည်း သဘောပေါက်လာသည်။ အော် သူက ဒီကျောင်းမှာ နေရသည့်ကောင်လေးပါလား။

ဒါနဲ့ သူပြောတော့ အိမ်ဆို။ အိမ်မှ မဟုတ်ဘဲ။ ဘုန်းကြီးကျောင်းကြီးကို။

သို့သော် ချက်ချင်းပင် သူ့ကိုကျွန်မ သနားသွား၏။

ဘွားဘွားသည် ရွှေစေတီဘုန်းကြီးကျောင်းအတွက် တစ်လ တစ်ကြိမ် ဆွမ်းဟင်းပို့ဖို့ တာဝန်ယူထားသည်။ ဘုန်းကြီးကျောင်းသားတစ်ယောက် နှစ်ယောက် ရောက်လာပြီး ဆွမ်းချိုင့်ယူတတ်တာကို ကျွန်မသိသည်။ သို့သော် အဲဒီကျောင်းသားတွေ



ထဲမှာ မောင်သက်ဝေမပါဘူးဟု ထင်ပါသည်။ သူက ငယ်သေးလို့ ထင်ပါရဲ့။ ဘွားဘွားက ဘုန်းကြီးကျောင်းသားတွေကို မုန့်တွေပါ ပေးတတ်သည်။ မောင်သက်ဝေ ပါလာလျှင် သူ မုန့်စားရမှာပဲ။

ကျွန်မ ကျောင်းပေါ်က ပြန်ဆင်းတော့ မျက်နှာငယ်လေးနှင့်ကျန်ရစ်သည့် ကောင်လေးကို ကျွန်မ ပြုံးပြီး နှုတ်ဆက်လိုက်သည်။

'မောင်လေး သန်ဘက်ခါ ဝါခေါင်လဆုတ် ဆယ့်နှစ်ရက် သိလား။ လဆုတ်ဆယ့်နှစ်ရက်နေ့တိုင်း ငါတို့အိမ်က ဒီကျောင်းကို ဆွမ်းဟင်းချိုင့်ပို့တယ်။ နင်တစ်ခါမှ အိမ်မလာဖူးဘူးနော်။ သန်ဘက်ခါ ဆွမ်းဟင်းယူရင် နင်လိုက်လာခဲ့ပါလား။ ဘွားဘွားက ကျောင်းသားတွေကို မုန့်ဖိုးပေးတယ်ဟ'

'ဟတ်လား'

သူက ဟုတ်လားဟု ပီပီသသ မပြောဘဲ ဟတ်လား ဟု ပြောလေ့ရှိတာ ကျွန်မ သတိထားမိသည်။

နောက်နှစ်ရက်အကြာ ရွှေစေတီကျောင်းက ဆွမ်းချိုင့်လာယူသည့်အခါ ဘုန်းကြီးကျောင်းသားကြီးတစ်ယောက်နှင့်အတူ မောင်သက်ဝေလေး လိုက်ပါလာသည်။ ကျွန်မ၏သတင်းစာနှစ်စောင်ကို မောင်သက်ဝေအား ပြမိပါသည်။

'မမသတင်းစာကလည်း စာရွက်ကြီး'

သူမျှော်လင့်ထားသလို မဟုတ်လို့ မကျေမနပ်ပုံစံမျိုး။

'အံမယ်။ ဒါသတင်းစာပဲလေ။ လက်ရေးနဲ့ ပုံနှိပ်စာလုံးပဲ ကွာတာ။ ကျန်တာက ဘာမှ မကွာဘူး'

'ကာတွန်းလေးတွေလည်း မပါဘူး'

ဟောတော်။ ကာတွန်းကို ထည့်ကပ်ဖို့ ကျွန်မ လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



သတိမရခဲ့ပေ။ ဟုတ်ပါရဲ့ သူတို့လို ကလေးတွေက ကာတွန်းကို ပိုကြိုက်မှာပေါ့။ ဒါဖြင့် နေဦး ကျွန်မ သူ့ကို နိုင်ငံခြားရုပ်စုံစာအုပ်လေးတွေ ပေးဖတ်လိုက်ရမလား။ ပျောက်သွားရင် ဒါမှမဟုတ် စုတ်ပြဲသွားရင် ဘယ့်နှယ်လုပ်မလဲ။ အေးလေ ပထမဆုံးတော့ သူ့ကို လိပ်ပြာဖြစ်မယ့် ပိုးတုံးလုံးလေးအကြောင်း အရင်ပေးဖတ်လိုက်မယ်။ အဲဒီစာအုပ်က ရေထဲပြုတ်ကျထားလို့ စာရွက်တွေ ပွကုန်ပြီမဟုတ်လား။ ပျောက်လည်း ဘာဖြစ်သေးလဲ။ တကယ်တော့ အဲဒါက မောင်သက်ဝေတို့အရွယ် ဖတ်ရမည့်စာအုပ်ပါ။ ကျွန်မလည်း မောင်သက်ဝေတို့အရွယ်တုန်းက ဖတ်ခွင့်ရရမည့် စာအုပ်ကို ရှစ်တန်းနှစ်ကျမှ ဖေဖေ ရန်ကုန်သွားရင်း ဝယ်လာခဲ့တာမို့ ရှစ်တန်းနှစ်ကျမှ ဖတ်ဖူးရသည်။ ဟင့်အင်း မပျောက်ရပါဘူး။ အဲဒီစာအုပ်လေးကို ကျွန်မ ချစ်တယ်။ ဒီစာရွက်ပဲ ဖတ်ပါစေဦး။ ဟိုဟာက အင်္ဂလိပ်လိုရေးထားတာလေ။ သူ ဘယ်သိမလဲ။

'မဖတ်လည်းနေပေါ့'

'ဒါက ဘာလဲ'

ကျွန်မ၏စာရွက်ကြီးတစ်နေရာသို့ သူစိတ်ဝင်စားစွာ ငုံ့ကြည့်ရင်းမေးသည်။ အမှန်ကတော့ အဲဒါကြော်ငြာဟု မေမေက ပြောသည်။ ကျွန်မကတော့ ပင်ဂွင်းငှက်လေးတွေ လှလွန်းလို့ ဖြတ်ပြီး ထည့်ထားခြင်းဖြစ်ပါသည်။

'အော် အဲဒါက မေမေ့မဂ္ဂဇင်းတစ်ခုထဲက ကြော်ငြာ။ လှလို့ ငါဖြတ်ပြီးထည့်ထားတာ'

'အဲဒါ ဘာကောင်လဲ'

'အဲဒါ ပင်ဂွင်းငှက်တဲ့။ မပျံနိုင်ဘူး။ ခြေထောက်နဲ့ပဲ လမ်းလျှောက်တယ်'

'အဆန်းပဲနော်'



'အေး'

'အဲဒီအကြောင်းပါလား'

'ပါတယ်။ ဖတ်ချင် ယူသွား။ နောက်တစ်ပတ်ကျ အသစ်ဖတ်ရမယ်'

အခုစာရွက်ကြီးတွင် ကျွန်မအကြိုက်ဆုံးသတင်းက ကိုယ်တိုင်မြင်တွေ့ခဲ့ရသော သူခိုး အကြောင်း ဖြစ်သော်လည်း သူ စိတ်ဝင်စားဆုံးက ပင်ဂွင်းငှက် ပုံတွေဖြစ်နေသည်။

သူခိုးတစ်ယောက်ကို အရေးတော်ပုံတပ်သားများက အပြစ်ပေးခြင်း ဆိုသည့်ခေါင်းစဉ်ကို ကောင်လေးက နားလည်မှာတောင် မဟုတ်ပါ။ ကိုလတ်ကတော့ ကျွန်မရေးထားတာကို ဖတ်ကြည့်ပြီး ပြုံးခဲ့လေသည်။

'ကိုလတ် ဒါက ရဲကို တိုင်ရမှာမဟုတ်လား။ ရဲက ဖမ်းရမှာပေါ့။ သူတို့က ဘာဖြစ်လို့ဖမ်းတာလဲဟင်'

'ရဲတွေမှာ ရာဇဝတ်မှုကို စီရင်ပိုင်ခွင့်အာဏာ မရှိတော့ဘူးလေ'

'ဟင်'

ဟုတ်သားပဲ။ ရဲစခန်းကို မီးရှို့ပြီးနောက် ရဲဝန်ထမ်းတွေနှင့် သူတို့ဇနီး သားသမီးတွေတောင် အိမ်နီးချင်းတွေဆီမှာ ခိုလှုံရတာ မဟုတ်လား။ ဒါဖြင့် ဘယ်အဖြစ်အပျက်ကိုမဆို တိုင်စရာ ရဲတွေ မရှိတော့ဘူးပေါ့။ အော် ဆန္ဒပြတယ်ဆိုတာ အဲဒီလိုလည်း ဖြစ်သွားတတ်သလား။ စာထဲမှာသင်ရတုန်းက အဖြစ်အပျက်တွေကို သိပ်မသိခဲ့။ အခုမှပဲ လက်တွေ့ကျကျ သိရလေတော့သည်။

ရှစ်တန်းအဆင့်နှင့်မို့ ဘာမှ သိပ်နားမလည်သေးသည့် အခါ တစ်ခါတလေ ကျွန်မထည့်ရေးသည့် စာတချို့က ကိုလတ်၏စကားတွေ ဖြစ်နေခဲ့သည်။

www.burmeseclassic.com



'နိုင်ငံရေးဆိုတာ ကိုယ့်နိုင်ငံရဲ့အုပ်ချုပ်ပုံစနစ် ကောင်းအောင်လုပ်ပေးတာပဲ' တဲ့။ ထိုစကားကို ကိုလတ်က ပြောတော့ ဟယ်တော် ကိုလတ်က သိပ်တော်တာပဲဟု အားကျ အထင်ကြီးမိပြီး ညရောက်တော့ ကျွန်မစာရွက်ထဲတွင် ထည့်ရေးပါသည်။

အစ်ကိုလတ် အိမ်လာပြီး ဖေဖေ့ဆီက စာအုပ်တွေငှားသည့်အခါ အဘွားက ကိုလတ်ကို နိုင်ငံရေးမလုပ်ဖို့ ဆုံးမ ဩဝါဒတွေ ပေးတတ်သည်။ ကိုလတ် လည်ပေါ်ကျောင်းထဲက သပိတ်စခန်းသို့ သွားသွားနေတတ်တာကို ကျွန်မတို့အားလုံး သိကြပါသည်။ သူ့သားသူ မနိုင်သည့် ကိုလတ်အမေ ဒေါ်ဒေါ်စိန်က အဘွားဆီ လာလာညည်းလေ အိမ်ရောက်လာသည့် ကိုလတ်ကို အဘွားက အမိအရ ထိုင်ခိုင်းပြီး နိုင်ငံရေးမလုပ်ဖို့ သတိပေးလေ။

မေမေက ဘွားဘွား အဲလို တားတာကို မကြိုက်ပါ။

'အမေ၊ အမေက သူများကလေးကို နိုင်ငံရေးမလုပ်နဲ့တို့ဘာတို့ သွားပြောနေ အမေ့သားမက်ကို အမေတားနိုင်လို့လား'

'အို ညည်းယောက်ျားလည်း ငါပြောသားပဲ။ ပြောလို့မှ မရတာ။ နောက်ပြီး သူက အသက်ကြီးလှပြီ။ ဟိုကလေးက ငယ်သေးတယ်။ သူ့မှာအနာဂတ်နဲ့ ဘယ်သူ့ဖြစ်ဖြစ် ငါ့မျက်စိ အောက်ရောက်နေတာတော့ အမြင်မတော်ရင် ပြောရမှာပဲအေ့၊ ပြောဖို့က ငါ့တာဝန်၊ လိုက်နာတာ မလိုက်နာတာတော့ သူတို့ အပိုင်းပေါ့'

ထိုအချိန်ကျမှ ကျွန်မသည် ဖေဖေဘာဖြစ်လို့ ကျွန်မတို့အနားမှာ အမြဲတမ်းမရှိတတ်သလဲဟု ရေးရေးသဘောပေါက်သွားသည်။ ဖေဖေသည် ကိုလတ်လိုပဲ နိုင်ငံရေးလုပ်တာလား။ ဒါဖြင့် အခု ဆန္ဒပြသည့်အရေးအခင်းမှာ ဖေဖေရော ပါနေတာလား။ ညံ့လိုက်သည့် ကျွန်မပါလား။

'ဖတ်မယ်ဗျာ'



သူစာရွက်ကြီးကို ကိုင်လျက် ကျောင်းသားကြီးနောက်က လိုက်သွားခါနီးတွင် ကျွန်မကို ပြန်လှည့်မေးသည်။

'အစ်မသတင်းစာက ဘာသတင်းစာလဲ'

'ဘာတုန်း'

'အစ်မသတင်းစာက ဘာသတင်းစာလဲလို့။ ရွှေသွေးလား။ မိုးသောက်ပန်းလား၊ မြတ်မင်္ဂလာလား'

ကျွန်မ၏သတင်းစာကို ဘာသတင်းစာလဲဟု တစ်ခါမှ ဘယ်သူကမှ မမေးခဲ့ဖူးပေ။ ကျွန်မ မောင်သက်ဝေကို တအံ့တဩငေးကြည့်မိသည်။ ဒီကလေး ဉာဏ်ကောင်းလှပါလား။ ဟုတ်တာပေါ့။ သတင်းစာဆိုတာ နာမည်ရှိရမည်။ ကြေးမုံ၊ မြန်မာ့အလင်း၊ လူထု၊ အိုးဝေ၊ အခု ဖေဖေဖတ်ဖတ်နေတဲ့သတင်းစာတွေတောင် ရှစ်လေးလုံး တဲ့။ ဒီမိုကရေစီ တဲ့။ ရေနံမြေ တဲ့။အရေးတော်ပုံ တဲ့။

ကျွန်မ မောင်သက်ဝေလက်ထဲရောက်ပြီးသည့် စာရွက်ဘတ်ထူချပ်ကို ပြန်ဆွဲယူလိုက်ပြီး စာရေးစားပွဲဆီ ပြေးသွားလိုက်၏။ ဘောလ်ပင်အနက်ရောင်ကိုရွေးပြီး ပထမဆုံး စာမျက်နှာ၏ ထိပ်ဆုံးကွက်လပ်တွင် နာမည်တစ်ခု ရေးချလိုက်သည်။

'ဂုဏ်ရောင်'

ကျွန်မတို့ရပ်ကွက်သည် မြို့မတောင်ရပ်ကွက်ဖြစ်ပြီး ကျွန်မတို့လမ်းအမည်က ဂုဏ်ရောင် ဖြစ်သည်။ မေမေက ဂုဏ်ရောင်ဟူသော နာမည်ကို သိပ်သဘောကျ၏။

'ဂုဏ်ရောင်ဆိုတာက ဂုဏ်အရှိန်အဝါမြင့်တယ်။ ဂုဏ်ကြီးမားတယ်။ ဂုဏ်ရှိတယ်။ အဲဒီအဓိပ္ပါယ်။ နာမည်နဲ့ လိုက်အောင် ဒီလမ်းမှာနေတဲ့ လူတွေကလည်း ဂုဏ်မြင့်အောင် ဂုဏ်အရောင်တောက်အောင် ကြိုးစားကြရမယ် သိလားသမီး' တဲ့။

မေမေသည် သူ့လမ်းသူ ဂုဏ်ယူချင်သူ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ ဂုဏ်ရောင် scrap book သည် အရေးအခင်းကာလတွင် သတင်းစာနှင့်တူသယောင်ရှိသော်လည်း နောက်ပိုင်းတွင် ကဗျာတွေ ပန်းတွေ ဥယျာဉ်ပုံတွေဖြင့် ပြန်ရိုးစင်းသွားပြန်သည်။ အကြောင်းမှာ ကျောင်းတွေပိတ်သည့်အခါ ကျွန်မအတွက် အပြင်စာတွေဖတ်ဖို့ အချိန် ပိုရလာသလို ကျွန်မ၏ ဥယျာဉ်လေးကို ပြုစုဖို့ အချိန် ပိုရလာသောကြောင့်ဖြစ်သည်။

ကျွန်မကိုမွေးဖွားပြီးနောက်နေ့ မေမေ လမ်းပြန်လျှောက်နိုင်ကတည်းက မေမေသည် ကျွန်မအတွက် သီးသန့် ဥယျာဉ်ငယ်လေးတစ်ခု ပြုလုပ်ပေးဖို့ ရည်ရွယ်ပြီး ခြံထဲက သီးသန့်နေရာတွင် သစ်ပင်တစ်ပင် စတင် စိုက်ပျိုးခဲ့သည်။ အဲဒါကျွန်မ၏ မွေးနေ့သစ်ပင်တဲ့။

ကျွန်မနာမည်က အင်ကြင်းဝေ ဖြစ်သော်လည်း ကျွန်မကို မွေးပြီးနောက် မေမေ ပထမဆုံး စိုက်ပျိုးခဲ့သည့်အပင်သည် အင်ကြင်းပင် မဟုတ်ခဲ့ပါ။ တစ်အိမ်လုံး ကြိုင်နေအောင် မွှေးမည့် တော်ဝင်မြတ်လေးပန်းပင် ဖြစ်သည်။ ကျွန်မနာမည် အင်ကြင်းဝေ ဖြစ်ရခြင်းမှာ ကျွန်မကိုမွေးသည့်နေ့က အိမ်ထောင့်က အင်ကြင်းပင်ကြီး ပန်းပွင့်တွေ ဝေနေအောင် ပွင့်သည့်နေ့ဖြစ်လို့ပါ တဲ့။ ကျွန်မအတွက် မေမေစိုက်ပျိုးပေးခဲ့သော ဥယျာဉ်လေးကတော့ နှစ်အနည်းငယ်နှင့်ကြီးပြင်းလွယ်သည့် သက်တမ်းတို ချုံပင် အလှလေးတွေဖြင့် ပြည့်နေပါသည်။

အပင်တွေနှင့် နေရတာပျော်လာသည့်အခါ ကစားစရာတွေကို ကျွန်မ စိတ်မဝင်စားတော့ပေ။ ထို့ကြောင့် ကျွန်မ အရင်က သိမ်းထားခဲ့သည့် ကစားစရာတွေထဲမှ ကောင်လေး သဘောကျမည်ထင်သည့် မော်တော်ကားလေးကို ကောင်လေးအားပေးလိုက်တော့သည်။

(၄)

မေမေအလွန် ဂုဏ်ယူချင်သော ဂုဏ်ရောင်လမ်းသည် တစ်ရက်မှာတော့ ဂုဏ်ရောင်မှိန်တော့မလို ဖြစ်ခဲ့သည်။

တစ်ညတော့ ကျွန်မတို့လမ်းပေါ်မှာ ညကိုးနာရီလောက် လူတစ်ယောက် အရက်မူးမူးဖြင့် အော်ဟစ်ဆဲဆိုပြီး ပြေးသွားခဲ့သည်ကို ကျွန်မ မြင်တွေ့ရသည်။ အရေးအခင်းကာလ ဖြစ်တော့ ကျွန်မက ထစ်ခနဲရှိလျှင် ထိတ်လန့်နေကျမို့ ဆူဆူညံညံ အသံကြောင့် ပြတင်းကနေ လှမ်းကြည့်မိတာပါ။ ခြံထောင့်က လမ်းမီးတိုင် ဖန်ချောင်း အလင်းရောင်အောက်တွင် မြင်ရသည့် မြင်ကွင်းကြောင့် ကျွန်မမှာ မျက်နှာတွေပူပြီး တစ်ခါမှ မမြင်ဖူးသည့်အရာကို ကြောင်ကြည့်နေခဲ့သည်ကို မှတ်မိသည်။ အဲဒီလူက ကိုယ်လုံးတီး ဖြစ်နေလို့ပေါ့။ မေမေက ကမန်းကတန်း ကျွန်မကို ဆွဲခေါ်သည်။

'သမီး ဟဲ့ သမီး။ မကြည့်နဲ့'

ကျွန်မဖြင့် ကိုယ်မှာပုဆိုးမကပ်သည့် ယောကျ်ားတစ်ယောက်ကို တစ်ခါမှ မမြင်ဖူးတော့ ရှက်လိုက်တာ မပြောပါနှင့်တော့။ မေမေက မကြည့်ကောင်းဘူးတဲ့။ ကိုယ်က မိန်းကလေးတဲ့။ နောက်ပြီး ကိုယ့်ကို မြင်သွားလို့ လှမ်းဆဲရင် ကိုယ် အရှက်ကွဲဦးမယ် တဲ့။ ခပ်တိုးတိုးပြောသည်။ မျက်နှာပူတာ ရှော်တာ သက်သာသွားတော့ ကျွန်မ အသံထွက်ရယ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'မေမေ အဲဒါ မေမေ့ ဂုဏ်ရောင်လမ်းလေ'

ကျွန်မ စနောက်မိတော့ မေမေက ကျွန်မ ဘာပြောချင်မှန်းသိပြီး မျက်စောင်းထိုးသည်။

ထိုရက်စရာကောင်းသည့်မြင်ကွင်းကို ကျွန်မ မှတ်စုထဲ ထည့်ရေးကြည့်သည်။ ကိုယ်တစ်ယောက်တည်း ဖတ်မည့် မှတ်စုစာအုပ်ထဲ ရေးတာဖြစ်ပေမယ့် စကားလုံးတွေကို ကျွန်မ တော်တော် စဉ်းစားပြီး ရွေးရသည်။ ဥပမာ ဖင်ပောင်းလောင်းဟု ရေးမည့်အစား ကိုယ်လုံးတီးဟုသာ ရေးဖြစ်သည်။ ပုဆိုးအောက်ပိုင်းတစ်နေရာက အင်္ဂါအစိတ်အပိုင်းကိုလည်း နာမည်အခေါ်အဝေါ်တောင် ထည့်မရေးရဲပေ။ နေပါဦး ကျွန်မကို အဲဒီလို ထည့်မရေးနဲ့ဟု ဘယ်သူကမှ တစ်ခါမှ မကန့်ကွက် မတားမြစ်ခဲ့ဖူးပါဘဲ ကျွန်မဟာကျွန်မ ဘာဖြစ်လို့ ကန့်သတ်ပြီး စကားလုံးတွေ ကို ရှောင်ရှားနေခဲ့ပါလိမ့်။ ပါးစပ်ကနေ သူများကြားအောင်ထုတ် မပြောသင့်သည့်စကားလုံးဟု ကျွန်မ သိသည်။ သို့သော် ဘယ်သူမှ မဖတ်ဘဲ ကိုယ် တစ်ယောက်တည်းဖတ်မည့် ကိုယ့်မှတ်စုထဲမှာ ထိုစကားလုံးကို ဘာဖြစ်လို့ မရေးခဲ့ပါလိမ့်။ ဒီစကားလုံးကို ညစ် ညမ်းသည်ဟု ကျွန်မ သတ်မှတ်ထားလို့လား။ မှတ်စုကို တခြားလူ တွေရော ဘယ်လိုရေးကြပါလိမ့်။ ထိုအချိန်မှာ မှတ်စုဆိုသော အရာကို ကျွန်မ အလေးအနက် စိတ်ဝင်စားမိလေသည်။

မေမေ မှတ်စုတွေရေးတာ ကျွန်မသိသည်။ မေမေရေးတာမြင်လို့ ကျွန်မ အားကျပြီး မှတ်စုရေးဖြစ်တာဟု ကျွန်မကိုယ်ကျွန်မ သိပါသည်။ မေမေ့မှတ်စုကို ကျွန်မ တစ်ခါမှ မဖတ်ဖူးပါ။ မေမေကလည်း တစ်ခါမှ မပြဖူးပါ။ မေမေက ကိုယ်ပိုင် သီးသန့်ဟူသောစကားကို ခဏခဏ ပြောတတ်သည်။ မေမေ့ဆီသို့



သူငယ်ချင်းတစ်ယောက်ထံမှ စာလာခဲ့လျှင် ထိုစာကို ဖေဖေ ဖွင့်ဖတ်လျှင်တောင် မကြိုက်ပေ။

'မေ့စာကို အစ်ကို ဘာဖြစ်လို့ ဖတ်တာလဲ။ မဖတ်နဲ့'

ဖေဖေ ဖောက်ဖတ်လျှင် ဖေဖေ့ကို စိတ်ဆိုးသည်။

'ဒါ မေ့ရဲ့ကိုယ်ပိုင်ကိစ္စလေ အစ်ကိုစည်းစောင့်ရမှာပေါ့'

'ဘာလဲဟ၊ တို့က လင်မယားပဲ။ ဇနီးရဲ့ကိစ္စကို ခင်ပွန်းက သိခွင့်မရှိဘူးလား'

'မရှိဘူး'

ဘွားဘွားကလည်း ဖေဖေ့လိုပဲ မေမေ့စာကို ဖောက်ဖတ်ချင်တာပဲ။ သို့သော် မေမေက ပျော့ပျော့လေး တားမြစ်၏။

'အမေ ခင်မေ့စာကို မဖတ်ရဘူးလေ'

'အလို ကျုပ်သမီးစာကို ကျုပ်မဖတ်ရဘူးလား'

'မဖတ်ရဘူး'

'ဖတ်မှာပဲအေ'

မေမေက ပေးစာတို့ဘာတို့တောင် သူများကို ပေးမဖတ်ချင်တာ မှတ်စုဆိုလျှင်တော့ ပြီးပါလေရော။ သို့သော် ကျွန်မသည် မေမေ့မှတ်စုကို သိပ်ဖတ်ချင်တာပဲ ဟု တွေးနေမိသည်။ မေမေသည် မှတ်စုထဲမှာ ဘာစကားလုံးကိုမှ မရှောင်တိမ်းဘဲ ပွင့်ပွင့်လင်းလင်း ရေးလေသလား။

ထိုသိချင်စိတ်ကြောင့် ကျွန်မ မေမေ့ မှတ်စုစာအုပ်တွေကို ခိုးဖတ်ဖို့ ကြိုးစားမိပါတော့သည်။

မေမေသည် စည်းကမ်းအလွန်ကြီးသည့်ဆရာမ ဖြစ်သဖြင့် မေမေ့မှာ ကျောင်းသင်ခန်းစာ စာအုပ်များက သပ်သပ်၊ တခြားစာအုပ်များက သပ်သပ်၊ စာအုပ်စင်ပေါ်မှာ အစီအရီ ထပ်ထားလျက် ရှိသည်။ ပထမတန်းကို မေမေက မြန်မာစာရော၊

www.burmeseclassic.com



သင်္ချာရော၊ အင်္ဂလိပ်စာရောသင်ရသည်။ ကျွန်မကို တစ်ခါတစ်ခါ သူ့စာအုပ်ယူခိုင်းလျှင် မေမေက အတိအကျ ပြောပြီး ယူခိုင်း၏။

'သစ်သားစင်ရဲ့ ဒုတိယထပ်က၊ ထောင်ထားတဲ့ စာအုပ်တန်းထဲကနော် သမီး'

အိမ်မှာ ဖေဖေ့စာအုပ်စင်နှင့် မေမေ့စာအုပ်စင် နှစ်မျိုး ခွဲခြားထားသည်။ မေမေ့စာအုပ်စင်တွေထဲမှာ သစ်သားစင်၊ ကြိမ်စင်၊ မှန်ဘီဒိုစင် စသည်ဖြင့် အမျိုးမျိုး ရှိပြီး သစ်သားစင်ထဲမှာ မှ အနီရောင် သစ်သားစင်၊ အနက်ရောင်သစ်သားစင်ဟု ခွဲခြားလို့ရသေးသည်။ ထိုစင်တွေမှာ ပညာရေးတဲ့။ အသုံးချစိတ်ပညာတဲ့။ သမိုင်းတဲ့။ ပထဝီတဲ့။ အို အများကြီး။ ဘာသာရပ်အလိုက် စာရွက်လေးတွေ ကပ်ပြီး ခွဲခြားထားပါသည်။

မေမေဈေးသွားသည့်အချိန်၊ ဘွားဘွားက ဘုရားခန်း မှာ စိတ်ပုတီးစိတ်နေချိန်၊ ထိုအချိန်ကို ကျွန်မရွေးပြီး မေမေ့မှတ်စု ကို ရှာပါသည်။

ကဲ ဘယ်စင်မှာ ရှာရမှာလဲ။ ပြဋ္ဌာန်းစာအုပ်တွေ မဟုတ်သော မေမေ့မှတ်စုတွေ ဘယ်မှာရှိနိုင်မလဲ။ ပြဋ္ဌာန်းစာအုပ် မဟုတ်၊ ဝတ္ထုတွေ မဂ္ဂဇင်းတွေ မဟုတ်။ မှတ်စုစာအုပ်။ မေမေ့ မှတ်စုစာအုပ်တချို့ကို ကျွန်မမြင်ဖူးသည်။ အနက်ရောင် သားရေဖုံးနဲ့ စာအုပ်ဖြစ်မည်။ နေပါဦး မေမေက သူ့မှတ်စုကို စင်ပေါ်မှာ ထားပါ့မလား။ အိပ်ခန်းထဲက ခေါင်းအုံးအောက်တို့ ဘာတို့...။ အဲ ... ဒါ ဘာပါလိမ့်။

ကျွန်မ ဆွဲထုတ်လိုက်သော အနီရောင်သားရေဖုံးဖြင့် စာအုပ်သည် မှတ်စုမဟုတ်ဘဲ ကလေးစိတ်ပညာ စာအုပ်ဖြစ်နေသည်။ စင်ထဲပြန်ထည့်ဖို့ ကြိုးစားစဉ်မှာပင် စင်ထဲကနေ ဗလာစာအုပ်အချို့ ပြုတ်ကျသွားသည်။ ဗလာစာအုပ် လေးအုပ်။ ပြန်



တင်ပေးဖို့ ကျွန်မကောက်ယူလိုက်သည်။ ပလတ်စတစ် အကြည်ဖြင့် သေသေသပ်သပ်ဖုံးထားသည့် ဗလာစာအုပ်တွေ။ ကျောင်းတမှတ်စုတွေဖြစ်မှာပေါ့။ ဗလာစာအုပ်လေးတွေက လှလိုက်တာ။ ပန်းရောင်၊ အစိမ်းနုရောင်၊ အပြာနုရောင်၊ နိုင်ငံခြားက လာသည့် စာအုပ်အချောလေးတွေဖြစ်သည်။ ကျွန်မ မှတ်စုရေးရန် မေမေ ပေးသည့် စာအုပ်မျိုးပေါ့။ စာရွက်ကို လက်ဖြင့် ထိကိုင် ကြည့်လျှင် ချောမွတ်နေတာ သိပ်ချစ်စရာကောင်းတာပဲ။

စပ်စုစိတ်ဖြင့် ကျွန်မ လှန်ကြည့်လိုက်သည်။

မေမေ့လက်ရေးတွေက ကျွန်မ အတုခိုးချင်ရလောက်အောင် အမြဲသေသပ်လှပနေခဲ့သည်။ မေမေသည် ဘောလ်ပင်ဖြင့် မရေးဘဲ မင်ပြာဖောင်တိန်ဖြင့် ရေးလေ့ရှိပါသည်။

'တံငါသည်နှင့်တံခါးမှူး ပုံပြင်ကို ဖတ်ပြပြီးနောက် ပြန်သည်ဆွေးနွေးသော လေ့ကျင့်ခန်း' တဲ့။

ဟုတ်ပါတယ်။ ဒါ မေမေ့ကျောင်းစာတွေ။ ကိုယ်ရေးကိုယ်တာ မှတ်စုမှ မဟုတ်ဘဲ။ ကျွန်မ နည်းနည်းကျော်ပြီး ဖတ်ကြည့်လိုက်သည်။

'မောင်ဖွဲ့နောင်သည် လာဘ်စားသည့် တံခါးမှူးကို သဘောမကျဘဲ ထိုသူကြိမ်ဒဏ်ခံရသည်ကို ကျေနပ်ဟန်ရှိသည်' တဲ့။ ထိုပုံပြင်ကို ကျွန်မ သိပါသည်။ ကျွန်မတို့ စတုတ္ထတန်းအရွယ်မှာ သင်ရတာလားလို့။ မေမေက ပထမတန်းကိုပဲ သင်တာလေ။ ပထမတန်းမှာ ဒီပုံပြင် မသင်ရပါဘူး။

ရှေ့ကစာမျက်နှာကို ပြန်လှန်ကြည့်လိုက်တော့ ကလေးသက်ရေးတစ်ခုကို တွေ့ရသည်။ ဒီစာအုပ်ထဲတွင် ရေးထားခြင်း မဟုတ်ဘဲ တစ်နေရာရာမှ စာရွက်ကို ဆုတ်ယူပြီး ဒီစာအုပ်ထဲမှာ ကော်ဖြင့် ကပ်ထားခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးမှူးသည် လူဆိုးဖြစ်ပါသည်။ လာဘ်စားပါသည်။ လာဘ်ပေးလာဘ်ယူ တို့ရန်သူ ဖြစ်ပါသည်။

ကလေးအတွေးကို ကလေးဝါကျဖြင့် ရေးထားပေမယ့် တော်တော်အဆင့်မြင့်သားဟု ကျွန်မ ပြုံးမိသည်။ ပထမဆုံး စာမျက်နှာမှာတော့ မေမေ့လက်ရေးဖြင့် အမည်နှင့် လိပ်စာ။

အမည် မောင်ဇွဲနောင်

ပထမတန်း(က) အမှတ်(၃) လည်ပေါ်အစိုးရအလယ်တန်းကျောင်း၊ ရေနံချောင်းမြို့။

မွေးသက္ကရာဇ်၊ ၁၉၈၁ခုနှစ် ဖွန်လ ၂၁ရက်။

မွေးဖွားရာဇာတိ၊ ရွာသစ်ရပ်ကွက်၊ ရေနံချောင်းမြို့။ အဖ ဦးထွန်းရွှေ၊ အမိ ဒေါ်သုဇာ မိုးခို၊ အလုပ်အကိုင် တိုင်းရင်းဆေးလုပ်ငန်း။

ဒါ မေမေ့ တပည့်မဟုတ်ဘူးပေါ့။ လည်ပေါ်ကျောင်းကို မေမေမှ စာမသင်ရဘဲ။

ထိုစာအုပ်ကို စင်ပေါ်မှာ ပြန်ညှပ်လိုက်တော့ နောက်စာအုပ်တစ်အုပ် ထွက်ကျသွားပြန်သည်။ အပြာနုရောင် စက္ကူချောမျက်နှာဖုံးနှင့် ထိုစာအုပ်ကို ကျွန်မ ကောက်ယူပြီး စင်ပေါ်က စာအုပ်တွေကြားထဲ ပြန်မညှပ်ခင် လှန်ဖတ်လိုက်သည်။ ထိုအချိန်မှာပင် ကျွန်မ ဓာတ်ပုံလေးတစ်ပုံကို မြင်လိုက်ရသည်။

တစ်လက်မအရွယ် လိုင်စင်ဓာတ်ပုံလေးဖြစ်သော် လည်း ထိုဓာတ်ပုံရှင်ကို ဘယ်လိုအရွယ်အစား ဓာတ်ပုံဖြင့် မြင်ရ မြင်ရ မှတ်မိမည်ဟု ထင်သည်။

ရောင်စုံ လိုင်စင်ဓာတ်ပုံထဲတွင် ကောင်လေးသည် ပို့ပြီး တော့တောင် ကျွတ်ဆတ်ဆတ် နိုင်နေသေးသည်။ ဆံပင်စင်းစင်းလေးတွေက နဖူးကို တစ်ခြမ်းဖုံးတော့မတတ်။ နားရွက်ကားကား



ကိုမြင်တော့ အပြင်မှာ ကျွန်မ သတိမထားမိခဲ့ဘူးဟု တွေးမိ သည်။ နှုတ်ခမ်းကလည်း ပုံထဲမှာ ပိုတောင် ပါးလှပ်နေသေး သည်။ အယ်သေသေချာချာကြည့်တော့ အောက်နှုတ်ခမ်းကသာ တစ်ဖြောင့်တည်း ဖြစ်ပေမယ့် အပေါ်နှုတ်ခမ်းက အပေါ်သို့ ကော့နေသလိုပဲ။ ပါးစပ်က စေ့ပိတ်ထားခြင်းမဟုတ်ဘဲ အပေါ်နှုတ်ခမ်းမဟတဟ ပွင့်နေသလိုလို။ အပေါ်နှုတ်ခမ်းက တိုနေတာလား။ ထိုနှုတ်ခမ်းကြောင့်လည်း မှုန်ကုပ်ကုပ် မျက်လုံးတွေက ပြေလျော့ကာ နူးညံ့ပုံပေါက်သွားရခြင်း ဖြစ်သည်။

အမည်၊ မောင်သက်ဝေ

ပထမတန်း(က) အမှတ်(၂)သပြေ အစိုးရအလယ်တန်းကျောင်း၊ ရေနံချောင်းမြို့။

မွေးသက္ကရာဇ်၊ ၁၉၈၁ခုနှစ် ဇူလိုင်လ ၆ရက်။

မွေးဖွားရာဇာတိ၊ ပင်းဝကျေးရွာအုပ်စု ညောင်ကုန်းရွာ။ အဖ ဦးသန်းကို၊ အလုပ်အကိုင် ကျဘန်း။ အမိ ဒေါ်မုန်းခင်ကွယ်လွန်။

ပင်းဝတဲ့လား။ ပင်းဘုရားနားကပေါ့။

ကျွန်မ ပင်းဘုရားပွဲ သွားစဉ်တုန်းက ပင်းဝသို့ ရောက်ဖူးပါသည်။ ပင်းဘုရား ပြုလုပ်ကျင်းပသည့် ဘုရားကုန်းရွာသည် ပင်းချောင်း၏ ဒီဘက်ကမ်းမှာ ရှိပြီး ပင်းချောင်းအကျယ်ကြီးကို ဖြတ်ကျော်လိုက်တော့မှ ပင်းဝရွာသို့ ရောက်သည်။ ကျွန်မတို့အတန်းတွင် ပင်းဝမှ ရေနံချောင်းသို့ ကျောင်းလာတက်သော မထွေးထွေး ရှိသည်။ မထွေးထွေးတို့ သူငယ်ချင်းတွေသည် အုပ်စုလိုက် ရေနံချောင်းသို့ ခြေလျင်လျှောက်လာကြရသည်။

မောင်သက်ဝေ၏ဓာတ်ပုံ (၄) ပုံ ထပ်တွေ့ရသည်။

မုတ်ဆိတ်တွေဖြာကျနေသော ညောင်ပင်ကြီးအောက်

www.burmeseclassic.com

www.burmeseclassic.com



တွင် လွှယ်အိတ် စလွယ်သိုင်းဖြင့် ကျောင်းစိမ်းဘောင်းဘီ တိုတို ပွပွနွမ်းနွမ်းဖြင့် လမ်းလျှောက်လာနေသော ပိစိကွေးကောင်လေး တစ်ယောက်ပေါ့။ မောင်သက်ဝေ၏မျက်လုံးက သူ့ကိုမာတ်ပုံ ရိုက်နေမှန်းသိနေသည့်အမူအရာ။ သို့သော် နည်းနည်းမှ မပြုံးပါ။

နောက်တစ်ပုံက အစိမ်းရောင်ပျိုးခင်းဘေးတွင် မတ်တတ်ရပ်နေသော မောင်သက်ဝေ။ သူ့လက်ထဲတွင် ပုဆိုးဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ရှိသည်။ ခေါင်းမှာ ဦးထုပ်မပါ။ နေက တော်တော်ပူနေပုံရသည်။ နဖူးကြောလေး ရှုံ့နေလေ သည်။ သူ့ဘေးမှာရော သူ့နောက်မှာရော သဲသောင်ပြင်ဝါဝါ။ ဟိုးအဝေးမှာတော့ ရေပြင်ကျဉ်းကျဉ်းတစ်ခုကို မှုန်ဝါးဝါး မြင်ရ သည်။ ဒါ ပင်းဝလား။ ကျွန်မသိသည့်ပင်းဝက အစိမ်းရောင် အပင်တွေနှင့်ပါ။ မိုးကုန်ပြီး သီတင်းကျွတ်ပြီးခါစ ရေတသွင်သွင် စီးနေသော ပင်းချောင်းရေနှင့် သဲဖြူဖြူသောင်ပြင်နှင့်။ ချောင်းရေ နှင့်နီးသော သောင်ခုံစိုစိုတွင် လက်ယက်တွင်းတိမ်တိမ် လေးတွေ နှင့်ပါ။ အခု မောင်သက်ဝေ ရပ်နေသောနေရာသည် ပင်းဝဖြစ် လျှင် ကျွန်မ မသိသည့်ပင်းဝ ဖြစ်သည်။ ခြောက်ခန်း ပူပြင်းသည်။

ကျွန်မစာအုပ်ထဲက စာမျက်နှာတွေကို အလောတကြီး လှန်ကြည့်သည်။ ထိုအခါ စာအုပ်၏စာမျက်နှာတွင် တွယ်ကပ် ထားသော တခြားစာရွက်တချို့ကို တွေ့သည်။ ထိုစာရွက်ပေါ် တွင် ရေးထားသည့် လက်ရေးသည် ကလေးလက်ရေးလေး ဖြစ် သည်။ သည်လက်ရေးက စောစောက ကောင်လေး၏လက်ရေး ထက် ပိုလှသည်။ ဒါ မောင်သက်ဝေ၏ လက်ရေးပေါ့နော်။

'တံငါသည်က လူကောင်းဖြစ်ပါသည်။ လူကောင်းက ကြိမ်ဒဏ် ရိုက်ခံရတာ မကောင်းပါ။ ငါးလာပေးတဲ့လူကို ကြိမ် နဲ့ရိုက်တာ မကောင်းပါ။ ရှင်ဘုရင် ဆိုးပါသည်။'



အို ဒီကလေး ပုံပြင်ရဲ့ဆိုလိုရင်းကို နားမလည်ဘူးပဲ။ ကျွန်မ ရယ်မိသည်။ ထို့နောက် ကလေးလက်ရေးလေးကို ဆက် ဖတ်လိုက်သည်။

'တံငါသည်က တော်တော်အပါသည်။ ဘာဖြစ်လို့ အရိုက်ခံရသလဲ။ ကြိမ်နှင့် ရိုက်တာ နာပါသည်။'

ကျွန်မ ရယ်ချင်စိတ်တွေ ပျောက်သွား၏။ ကြိမ်နှင့်ရိုက် တာ နာပါသည် တဲ့။ ကြည့်စမ်း။ သူ အရိုက်ခံရဖူးသလား။သူ့ကို ဘယ်သူက ရိုက်တာလဲ။ ဘုန်းကြီးကလား။ ဘုန်းကြီးတွေက အရိုက်ကြမ်းသည်ဟု ကြားဖူးပါသည်။

ထို့နောက် စိတ်ဝင်စားဖွယ် ကလေးပန်းချီလက်ရာတစ်ခု ကို တွေ့သွားသည်။ ရောင်စုံခဲတံဖြင့်ရေးဆွဲထားသည့် ရုပ်ပုံပန်းချီ ဖြစ်သည်။ ကောင်လေးတစ်ယောက်၏ပုံပါ။ မျက်လုံးပြူးပြူးလေး။ နှုတ်ခမ်းပါးပါးလေး။ နားရွက်ကားကားလေး။ အံ့ဩစရာ ကောင်း သည်က နောက်ခံကို သည်အတိုင်းမထားဘဲ အနီရောင် ခဲတံဖြင့် အပြည့်ခြယ်ထား၏။ အဲဒီထဲမှာ ခေါင်းပုံလေးပဲ မြင်ရတာ ဖြစ် သည်။ နဖူးပေါ်မှာ ဆံပင်က အချောင်းလေး သုံးခု။

ပုံအောက်မှာ မေမေ့လက်ရေး။ မောင်သက်ဝေ၏ ကိုယ် တိုင်ရေး ပုံတူ တဲ့။ ဟားဟား။ ကျွန်မ အသံထွက် ရယ်လိုက်မိ သည်။

'အင်ကြင်းဝေ'

ဟင်။ မေမေ့အသံ။

ကျွန်မလန့် ဖျတ်ပြီး ကျွန်မကိုင်ထားသည့်စာအုပ် လွတ် ကျသွားပါသည်။ ကျွန်မ မေမေ့ကို လှည့်မကြည့်မီ အောက်ကျ သွားသော စာအုပ်ကို ငုံ့ကောက်ပြီး စင်ပေါ်မှာ ပြန်တင်ပေးဖို့ ကြိုးစားသည်။ သို့သော် လက်က တုန်ယင်သွားသဖြင့် စာအုပ်က

www.burmeseclassic.com

www.burmeseclassic.com



*စင်ပေါ်သို့ မရောက်ဘဲ အောက်လွတ်ကျပြန်လေသည်။*

'သမီး မေမေ့စာအုပ်စင်ကို ဖွပြန်ပြီ'

ကျွန်မ မေမေ့ကို လှည့်ကြည့်လိုက်ပါသည်။ မေမေ့အသံက မာမာတင်းတင်း၊ သို့သော် မေမေ့မျက်လုံးတွေကတော့ သိပ်မမာပါ။ ကျွန်မ နည်းနည်း အကြောက်ပြေသွား၏။

'အင်ကြင်း မဖွပါဘူး။ ပြန်ပြီး စီပေးမှာပါ'

'ကိုယ်နဲ့မဆိုင်တဲ့ စာတွေကျ သိပ်စိတ်ဝင်စားတယ်။ မေမေ ဖတ်ခိုင်းတဲ့စာအုပ်တွေကျတော့ ပြီးအောင် မဖတ်ဘူး'

မေမေ ကျွန်မကို ဖတ်ခိုင်းထားသောစာအုပ်တွေက ဖတ်ရတာ စာမသွက်ပေ။ မင်းဘူးဦးဩဘာသရေး ဝေဿန္တရာ ဇာတ်တော်ကြီးတဲ့။ မဟောသဓာ ဇာတ်တော်ကြီးတဲ့။ ထိုစာအုပ်များ ဖတ်ပြီးသွားလျှင် နောက်ထပ်ဖတ်ရဦးမည့်စာအုပ်တွေကို ကြိုတင်မြင်ထားပါသေးသည်။ ဦးလတ်၏ရွှေပြည်စိုးဝတ္ထုတို့ စပယ်ပင်ဝတ္ထုတို့ ဖြစ်မှာပေါ့။ မေမေ့စာအုပ်စင်မှာ စာအုပ်တွေက တစ်ပုံကြီးလေ။ ဘွားဘွားတို့ခေတ်က စာအုပ်တွေပေါ့။

'ထုတ်လိုက်တဲ့နေရာမှာ အတိအကျ ပြန်ထားသမီး'

'ဟုတ်'

အောက်က စာအုပ်ကို ပြန်ကောက်ပြီး အခြားစာအုပ်များနှင့်အတူ စာအုပ်စင်အလယ်ထပ်တွင် ပြန်ထားလိုက်ရ၏။ မေမေ့ရှေ့ကနေ လှည့်ထွက်ဖို့ ပြင်တော့ မေမေက တားသည်။

'နေဦး သမီး'

ကျွန်မ နေရာတွင် ရပ်လျက် မေမေ့ကို မော့်ကြည့်မိ၏။ မေမေ့မျက်နှာ ပြုံးမလာသေးပါ။

'တစ်လက်စတည်း သမီးကို မေမေ ပြောစရာရှိတယ်။ စောစောက သမီးဖွင့်ဖတ်လိုက်တာ ဘာစာအုပ်လဲ'



'ဘာစာအုပ်လဲတော့ မသိဘူး။ အင်ကြင်း ခဏပဲ လှန်ကြည့်ရသေးတယ်'

'လှန်ကြည့်တော့ ဘာတွေ့လဲ'

'တံငါသည်နှင့်တံခါးမှူးပုံပြင်ကို ပြန်လည်ဆွေးနွေးခြင်းဆိုလားပဲ။ ကလေးလက်ရေးလေးတွေလည်းပါတယ်။ ကျန်တာတော့ အင်ကြင်း မဖတ်ရသေးပါဘူး'

'ဟုတ်ပြီ။ ဘယ်ကလေးတွေရဲ့စာအုပ်လဲ သမီး နာမည်တွေ မှတ်မိလား'

မေမေ့အသံက ပျော့ပျောင်း ငြင်သာလာသည်။ ကျွန်မစိတ်တွေ တင်းကျပ်နေရာက လျော့သွားပါသည်။

'မောင်ဖွဲ့နှောင် တဲ့။ မောင်သက်ဝေတဲ့'

'အေး။ မောင်သက်ဝေအကြောင်း ပြောရအောင်။ ဟိုနေ့က မောင်သက်ဝေကို သမီးရဲ့ဖြတ်ညှပ်ကပ် စခရက်(ပ်)ဘွတ်ခ်တွေ ပေးဖတ်တယ်မဟုတ်လား'

'ဟုတ်ကဲ့'

'သမီးက ဘာဖြစ်လို့ ပေးဖတ်ရတာလဲ'

မေမေ့အသံက ခပ်အေးအေးပါပဲ။

'ဟို သူ့ကို ချစ်လို့မေမေ။ သူက အင်ကြင်းစာအုပ်ကို ရုံထဲကနေ ဆယ်ပေးတော့ သူ ကြောင့်စူးတယ်လေ'

'အဲဒါနဲ့ ဘာဆိုင်လဲ'

ဘာဆိုင်လဲဟု ကျွန်မလည်း မသိ။ မဖြေတတ်ပါ။

'ပြီးတော့ ညည်းအဖေဝယ်ပေးထားလို့ ညည်း အမြတ်တနိုးချစ်လှချည်ရဲ့ဆိုတဲ့ မော်တော်ကားလေးကို အဲဒီ ကောင်လေး ပေးပစ်လိုက်တယ်ဆို။ ညည်းအဘွားက ငါ့ကို ပြန်ပြောတယ်'

'ဟုတ်'

www.burmeseclassic.com

www.burmeseclassic.com



'ပြောပါဦး ကစားစရာကိုရော ဘာလို့ပေးရတာလဲ'

'သမီးက လူကြီးဖြစ်တော့မှာလေ။ သမီးမှ မကစားတော့လာ။ ပြီးတော့ သူက ဆင်းရဲတာကိုး။ မေမေပဲ ပြောတယ်လေ။ သူများကို တတ်နိုင်သလောက် ကူညီရမယ်ဆို'

'အံမယ် ညည်းက'

မေမေ့မျက်နှာ အနည်းငယ် ပြုံးလာသည်။ ကျွန်မ အားတက်သွားကာ မေမေ့ကို မရဲတရဲ ပွေ့ဖက်လိုက်သည်။

'အင်ကြင်း သနားလို့။ သူက ဆင်းရဲတယ်မေမေ။ သူ့လက်မောင်းလေးက ပိန်ပိန်လေး။ သူ့အင်္ကျီက ချိုင်းပြဲနေတယ်'

'သူဆင်းရဲတာ ညည်းနဲ့ဘာဆိုင်လဲ။ လောကကြီးမှာ ဆင်းရဲချမ်းသာဆိုတာ ကွဲပြားနေမှာပဲ။ ညည်း ဒီကစားစရာလေး ပေးလိုက်ရုံနဲ့လည်း သူ ချမ်းသာမသွားဘူး။ နောက်ပြီး ဒီကလေးက ကိုယ့်အားကိုယ်မကိုးဘဲ သူများကို အားကိုးတဲ့စိတ် ဝင်သွားရင် တောင်းချင် ရမ်းချင်တဲ့စိတ် ဝင်သွားရင် သမီးအပြစ် ဖြစ်သွားမှာပေ့ါ။ အဲဒါမျိုး မလုပ်ရဘူး'

မေမေက ကျွန်မအား စိုက်ကြည့်နေလိုက်တာ အကြာကြီးပါပဲ။ ကျွန်မ မေမေ့မျက်လုံးတွေကို အဓိပ္ပါယ်မဖော်တတ်ပါ။ အံ့ဩသည့်မျက်လုံးတွေလား၊ အပြစ်တင်သည့်မျက်လုံးတွေလား ဒါမှမဟုတ် သနားကရုဏာမျက်လုံးတွေလား။ ကျွန်မ မသိ။

'မေမေပြောတာနားထောင်။ ဘာအကြောင်းနဲ့မှ သူစိမ်းကောင်လေးတစ်ယောက်ကို လက်ဆောင်မပေးရဘူး။ ကြား လား။ နောက် မှတ်ထားနော်။ အဲဒါ ရှက်စရာကောင်းတယ်'

'ဟင်' ကျွန်မကတော့ ဒါကို ရှက်စရာဟု မထင်ခဲ့ပါ။ နောက်ပြီး သူက ကလေးလေးပဲမဟုတ်လား။

'အင်ကြင်း၊ သမီးအသက်မငယ်တော့ဘူး၊ ဆယ့်လေး



နှစ်ရှိနေပြီ။ အပျိုလည်းဖြစ်ပြီ။ ယောကျ်ားလေးတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် မလုပ်နဲ့။ မေမေ မကြိုက်ဘူး'

ထိုစကားကျမှ ကျွန်မ ရှက်သွားရတော့သည်။ ကျွန်မပါးပြင်များ နွေးခနဲဖြစ်သွား၏။ ဟင် မေမေ ဘယ်လိုပြောလိုက်တာလဲ။ ကျွန်မ အံ့ဩလိုက်တာ။

'ဟင် မေမေကလဲ သူက ကလေးလေးပဲ'

ယောင်ဝါးဝါးပြန်ပြောလိုက်မိသည်။ မေမေက ထိုအချိန်ကျတော့ ပြုံးလျက် ကျွန်မကို ပြန်ဖက်ပွေ့လိုက်ပါသည်။

'သမီး၊ မိန်းကလေးဆိုတာ အနေအထိုင်တတ်လွန်းမှ သူများ ကဲ့ရဲ့လွတ်မှာ။ သမီးက ဖြူစင်တဲ့စိတ်ရင်းနဲ့ မောင်လေးလို ကူညီချင်ပေမယ့် တခြားလူတွေက ဒါကို တစ်မျိုး ထင်သွားရင် မကောင်းဘူး။ ကလေးကို မုန့်ပေးကြိုက်တယ်ဆိုတဲ့စကားပုံ သမီးကြားဖူးလား'

ကျွန်မ ဝမ်းနည်းသွားသည်။ ထို့ကြောင့် ခေါင်းမညိတ်ခေါင်းမခါ၊ ဒီအတိုင်း တွေပြီး ရပ်နေမိပါသည်။

'သမီး၊ မေမေ့မှတ်စုစာအုပ်တွေ သမီးယူဖတ်လိုက်တော့ အဲဒီမှာ သမီးဘာတွေ့လဲ'

ကျွန်မ ဘာပြန်ပြောရမှန်းမသိ။ မေမေက ကျွန်မ စိုးရိမ်နေတာကို ရိပ်မိ၏။ ကျွန်မပါးတစ်ဖက်ကို အသာဆွဲဖျစ်သည်။

'မေမေက ဆူမလို့မေးတာ မဟုတ်ပါဘူး။ သမီးကို မေမေ ဆွေးနွေးစရာရှိလို့ပါ'

မေမေ့စကားက ကျွန်မကို လူကြီးအရာသွင်းတော့မည့် အခြေအနေမို့ ကျွန်မ ရင်ခုန်သွားသည်။

'ပြော သမီး ယူယူဖတ်တဲ့စာအုပ်တွေမှာ ဘာတွေ့လဲ'

'အင်ကြင်း အခုမှ ဒီနေ့မှ ဖတ်ရတာပါ။ အကုန်လည်း

www.burmeseclassic.com

www.burmeseclassic.com



မဖတ်ပါဘူး'

'ဖတ်ရသမျှထဲက ဘာကို မှတ်မိလဲ'

'ပထမတန်းကျောင်းသားလေးတွေရဲ့ လက်ရေးတွေ။ ပြီးတော့ ဓာတ်ပုံတွေ။ မောင်ဇွဲနောင်က မေမေ့ တပည့်မဟုတ်ဘူး။ သူက လည်ပေါ်ကျောင်းကဆိုတော့'

'အေး သူက မေမေ့တပည့်မဟုတ်ဘူး။ တခြားကလေးတွေ မေမေ့တပည့်မဟုတ်တာတွေ အများကြီးပါသေးတယ်။ အဲဒါ အားလုံး ဘယ်နှအုပ်လဲ သမီးသိလား'

မေမေက စင်ပေါ်မှာ စီပြီး ထောင်ထားသော ဗလာစာအုပ် ဆင်တူလေးတွေကို ဆွဲထုတ်ပြီး ကျွန်မကို ပြသည်။

'ဟောဒီမှာ အားလုံးပေါင်း ဆယ့်ခြောက်အုပ်။ အဲဒါ ဘာအတွက်လဲ လို့ သမီးသိလား'

'ဟင့်အင်း'

'မေမေတက္ကသိုလ်ကနေ ဘာဘွဲ့နဲ့အောင်ခဲ့တယ် ဆိုတာ သမီးသိလား'

မေမေ့စကားတွေက ကလေးတစ်ယောက်ကို ပြောနေသည့်လေသံမျိုးမဟုတ်ပါ။ ကျွန်မကို အရွယ်ရောက်သည့် မိန်းကလေးတစ်ယောက်ဟု မေမေ သတ်မှတ်လိုက်ပြီလား။

'စိတ်ပညာနဲ့ပါ'

'ဟုတ်တယ်။ စိတ်ပညာနဲ့။ ဒီတော့ မေမေက ဒီကလေးတွေရဲ့စိတ်တွေနဲ့ ဘဝတွေကို လေ့လာပြီး စောင့်ကြည့်မလို့ စီမံကိန်းချထားတာ'

ကျွန်မ မေမေ့စကားကို သိပ် နားမလည်လိုက်ပါ။

'မေမေသမီးကို ငယ်ငယ်လေး ပိစိကွေးကတည်းက ည အိပ်ရာဝင်ပုံပြင်တွေပြောခဲ့တယ်။ ယဉ်ကျေးလိမ္မာအောင် ဆုံးမ



ခဲ့တယ်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိအောင် ပြီးတော့ စိတ်ချမ်းသာအောင်၊ ကြိုးစားချင်စိတ်ရှိအောင် စောင့်ရှောက်ထားခဲ့တယ်။ တခြားကလေးတွေ သမီးလောက် ကံမကောင်းဘူး'

မေမေဘာပြောချင်နေတာလဲဟု ကျွန်မ နားမလည်ပါ။ အဲဒါက မောင်သက်ဝေကို စာရွက်တွေပေးဖတ်သည့်ကိစ္စ ကစားစရာပေးသည့် ကိစ္စတွေနှင့် သက်ဆိုင်လာလိမ့်မည်ဆိုတာတော့ ကျွန်မ တွေးမိပါသည်။

'သူတို့ထဲမှာ မိဘ သွန်သင်ဆုံးမမှု နည်းတဲ့ကလေးတွေ ရှိမယ်။ မိဘဆင်းရဲလို့ အာဟာရမပြည့်တဲ့ကလေးတွေ ရှိမယ် ချမ်းသာပေမယ့် သားသမီးကိုဂရုမစိုက်ဘဲပစ်ထားလို့ မေတ္တာ ငတ်နေတဲ့ကလေးတွေ ရှိမယ်။ အနာဂတ်မှာဖြစ်လာမယ့် သူတို့ ဘဝဟာ ခုနစ်နှစ်အရွယ်အထိ သူတို့နေထိုင်ကြီး ပြင်းရတဲ့ အခြေအနေပေါ်မှာ အများကြီးမူတည်နေတယ်ဆိုတဲ့ စကားတစ်ခွန်း ရှိတယ်။ အသက်ခုနစ်နှစ်အတွင်း ကလေးတစ်ယောက်ကို ပြုစု စောင့်ရှောက်နိုင်အောင်လုပ်၊ အဲလိုမှဟုတ်လို့ ခုနစ်နှစ် အရွယ်ကို လွန်သွားပြီဆိုရင် အဲဒီကလေးကို ကိုယ်လိုချင်တဲ့ ပုံစံ ဝင်အောင် ပြုလို့ မရတော့ဘူးတဲ့'

မေမေ့စကားက ထူးဆန်းလှသည်။ သို့သော် ဘာကို ဆိုလိုမှန်း ထိုစဉ်က ကျွန်မ နားမလည်နိုင်ခဲ့ပါ။

'ဒီတော့ မေမေ့မှတ်စုတွေထဲက ကလေးတွေအားလုံး က မေမေ စောင့်ကြည့်နေတဲ့ကလေးတွေ။ သမီးနားလည်အောင် ပြောရရင် အဲဒီကလေးတွေနဲ့ပတ်သက်တဲ့ အချက်အလက်တွေ သူတို့အဖြစ်အပျက်တွေကို မေမေက နှစ်တိုင်းနှစ်တိုင်း မှတ်တမ်း တင်နေမှာ။ ဒါက မေမေ့ရဲ့ ဆရာမအလုပ်ရဲ့အပြင်က စိတ်ပညာ လေ့လာမှုတစ်ခုပဲ။ မေမေ နောင်ဆယ်နှစ် အနှစ်နှစ်ဆယ် အနှစ်

www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ်မှာပြုစုမဲ့ စိတ်ပညာကျမ်းအတွက် သုတေသနလုပ်ငန်း'

ကျွန်မ ကြက်သီးထသလို ခံစားလိုက်ရသည်။

မှတ်စုစာအုပ်လေးတွေနှင့်ကလေးတွေ၏ ကိုယ်တိုင် ရေးပုံတူ ခဲပန်းချီလေးတွေက မေမေပြုစုမည့်ကျမ်းဆိုပါလား။

'မေမေပြောချင်တာက အခုချိန်ကစပြီး အဲဒီ ကလေးတွေကို သူတို့ဘဝသူတို့အခြေအနေ နဂိုအရှိအတိုင်းပဲ ထားချင်တယ်။ သူတို့ဘဝကို မေမေ ဝင်ပြီး ဆုံးဖြတ်ပေးမှာ မဟုတ်ဘူး။ မေမေက မျက်ခြည်မပြတ် စောင့်ကြည့်ရုံပဲ။ တွေ့သမျှ မှတ်တမ်းပြုစုရုံပဲ။ သမီး နားလည်လား'

ကျွန်မ ယောင်ယမ်းပြီး ခေါင်းညိတ်လိုက်သည်။ အမှန်ကတော့ ကျွန်မ နားမလည်ပါ။

'ဒီတော့ မေမေ့လုပ်ငန်းကို သမီးကူညီမယ်မဟုတ်လား'

'ဟုတ်ကဲ့'

မေမေ ကျွန်မဆီက အကူအညီတောင်းမည်ဆိုတော့ ကျွန်မ ရင်ခုန်လှုပ်ရှားသွား၏။

'အေး ကူညီမယ်ဆိုရင် ဒီကလေးတွေအားလုံးနဲ့ သမီး ဝေးဝေးနေပါ'

ဟင်။

'သမီး သူတို့နဲ့ မပတ်သက်မိပါစေနဲ့။ သမီး သူတို့ကို ကူညီတာပဲဖြစ်ဖြစ် သူတို့ကို နှောင့်ယှက်တာပဲဖြစ်ဖြစ် သူတို့ရဲ့နဂို အခြေအနေကနေ ပြောင်းလဲအောင် သမီးလုပ်သမျှဟာ မေမေ့ အလုပ်ကို နှောင့်ယှက်တာပဲ'

ထိုအခါကျမှ မေမေပြောချင်သည့် အဓိပ္ပါယ်ကို ကျွန်မ နားလည်လိုက်တော့သည်။ မောင်သက်ဝေကို ကျွန်မ ဘာလက် ဆောင်မှ ပေးလို့မရတော့ဘူး။



'သမီး သူ့ကို ရုပ်စုံစာအုပ်လေးတွေ ပေးဖတ်ချင်တယ် မေမေ။ သမီး လက်ဆောင်တော့ မပေးတော့ပါဘူး'

'မပေးရဘူးသမီး။ ဘာစာအုပ်မှ ပေးမဖတ်ရဘူး'

မေမေသည် ကျွန်မ လုပ်သမျှ အကုန်သိနေပုံပါလား။

'မေမေ အင်ကြင်းကို ပေးဖတ်တဲ့စာအုပ်တွေမှန်သမျှ သူ့ကို ဖတ်စေချင်တာ'

မေမေက ကျွန်မ၏နဖူးပေါ်မှာဝဲကျနေသည့် ဆံပင်တို့ကို အသာဖွဖွ သပ်ဖယ်ပေးသည်။

'မေမေသိပါတယ်။ ဒါပေမယ့် သူ့ကို ရုပ်ရော စိတ်ရော သူ့နဂိုအတိုင်းပဲ ရှိစေချင်တယ်။ နောက်ပြီး သမီးကို မေမေ ပြောလိုက်မယ်။ အခု သူတို့အသက် ခုနစ်နှစ်ရှိပြီ။ သမီး သူတို့ကို အခုမှ ပြောင်းလဲပေးချင်လို့လည်း သမီး ထင်သလို မလွယ်တော့ ပါဘူးကွယ်။ သူတို့ဘဝက ပြဋ္ဌာန်းပြီးသား ဖြစ်သွားပါပြီ'

'ဟင်'

မဖြစ်နိုင်လိုက်တာ။ သူတို့အသက်က ငယ်ငယ်လေးပဲ ရှိသေးသည်။ ငယ်ငယ်လေးဆိုတော့ သူတို့ကို ဆုံးမပဲ့ပြင်ပေးလျှင် ရသေးတာပဲ။ မေမေက ဘာဖြစ်လို့ ယတိပြတ်ပြောနိုင်ရတာလဲ။ ကျွန်မ မေမေ့စကားကို မကျေနပ်ပါ။

'အခု သမီးဖတ်နေတဲ့ မေမေ့မှတ်စုထဲမှာပဲ သမီးတွေ့မှာပေါ့။ တံငါသည်ပုံပြင်ကို ကလေးတွေ ဘယ်လောက်နားလည် သလဲလို့ ဆွေးနွေးခိုင်းထားတာလေ။ တခြားကလေးတွေက နားလည်တယ်။ သူ နားမလည်ဘူး'

ဒါလေးတစ်ခုတည်းနဲ့တော့ ပြောလို့မရပါဘူး။ အလွန် ဆာလောင်နေတဲ့ ပိုးတုံးလုံးလေးတောင်မှ ပိုးဥလေးဘဝ၊ ပိုးတုံးလုံးလေးဘဝ၊ ဘောက်ဖတ်ဘဝ အဲဒါတွေတဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ကျော်လာမှ လှပတဲ့လိပ်ပြာလေးတစ်ကောင်ဖြစ်သွားတာလေ။ အချိန်တော့ နည်းနည်းစောင့်ရမှာပေါ့။ ပြီးတော့ ပိုးတုံးလုံးလေးလို အစားတွေလည်း အများကြီး စားရမှာပေါ့။ ဒါဆိုရင် သူ လိပ်ပြာဖြစ်သွားမှာပေါ့။

သို့သော် မေမေ့ကို ထိုစကားတွေ ဘယ်ပြောဝံ့ပါ့မလဲ။

အမြဲတမ်းမေမေ့ဆုံးမစကားတွေကို နားထောင်ခဲ့သည့် ကျွန်မ အခုတော့ စိတ်ထဲတွင် ကြိတ်ပြီး ဆုံးဖြတ်ချက် ချလိုက်သည်။ မောင်သက်ဝေကို လိမ်မာရေးခြားရှိအောင် အင်ကြင်းဝေက ပြုပြင်လို့ ရကိုရရမည်။ မေမေမသိစေရဘဲ တိတ်တိတ်လေး ခိုးလုပ်မည်။

(၅)

'အဲဒီအောက်မှာ ငရဲခန်းရှိတယ် သိလား'

'ငရဲခန်းဆိုတာ ဘာလဲ'

'ငရဲတောင်မသိဘူးလား။ ငရဲခန်းဆိုတာ ကြောက်စရာကြီးပေါ့ကွ'

'ဟိုးမှာ မြစ် မြစ်'

'အဲဒါ ဧရာဝတီမြစ်တဲ့ဟ'

'အို လှတယ်နော်'

'ငါ့ကို ဘာဖြစ်လို့ တွန်းတာလဲ'

'ခေါင်းလောင်းထိုးမယ် ခေါင်းလောင်းထိုးမယ်'

ကလေးတွေက ရွယ်တူလေးတွေ၊ အတန်းတူလေးတွေ သို့သော်လည်း ဟန်ပန်ချင်းမတူ။ ဝတ်ပုံစားပုံချင်းမတူ၊ စကားပြောပုံချင်းလည်းမတူ။ တချို့က ရဲတင်းသည်။ သွက်လက်သည်။ တချို့က မှုန်ကုပ်ကုပ်နေတတ်သည်။ တချို့က လူကြောက်သည်။ တချို့က ဂန်ကျယ်ကျယ် မျက်နှာပေးနှင့်ပေါ့။ သေချာတာက တော့ ကလေးတွေအားလုံး ပျော်ရွှင်နေကြသည်။

ပျော်မှာပေါ့။ သူတို့အဖြစ်က ပျော်ပွဲစားထွက်သလိုပဲကိုး။ တချို့က အသံကုန်ခြစ်ပြီး တခစ်ခစ် အော်ရယ်နေသည်။ မိန်းက [illegible]တွေက အရယ်သန်ပြီး ယောကျ်ားလေးတွေက အဆော့

www.burmeseclassic.com

www.burmeseclassic.com



သန့်လေသည်။ ချမ်းသာသည့်ကလေးက ဂန့်ကျယ်ပြီး ဆင်းရဲသည့်ကလေးက သေသေဝပ်ဝပ် ကုပ်ချောင်းချောင်း ဖြစ်လိမ့်မည်ဟု ကျွန်မထင်ခဲ့သော်လည်း အဲလို မဟုတ်ပါ။ ချမ်းသာသည့်ပုံစံရှိသောကောင်လေးက ဆရာဝန်၏သားတဲ့။ သူက ရှိုးရိုး ကုပ်ကုပ်လေး။ ဆင်းရဲသည်ဟု ကျွန်မသိထားသော မောင်သက်ဝေကဆော့သလားမမေးနှင့်။ ပြီးတော့ သူက ဆရာကြီး။ သူ့ဘေးမှာကောင်လေးတွေ ဝိုင်းနေအောင် သူက ထိန်းထားနိုင်သည်။ သူ့မှာရှိသောပိုင်ဆိုင်မှုတွေက သူများမှာမရှိပေ။ သူ့မှာရှိသော ပစ္စည်းတွေက သားရေကွင်းတွေ၊ ကျောက်ဒိုးတွေ၊ နွမ်းဖတ်နေသောအရုပ်ကားချပ်လေးတွေ။

'ဖိုထိုးတယ်ဆိုတာ မင်းတို့ သိကြလား။ လုံထဲထည့်ပြီးခဲတ်လုံးရအောင်လုပ်တာ။ မီးကျီးခဲရဲရဲတောက်နေအောင် ဖိုကိုလေထိုးရတာ'

သူ့ကို နားထောင်နေသည့်ကလေးတွေ ပါးစပ်အဟောင်းသားနှင့်။ သူက သူ့စကား ထိရောက်ရဲ့လားဟု အကဲခတ်လိုက်သေး၏။ ထို့နောက် ဆက်ပြောသည်။

'အဲဒီခဲတ်လုံးက သိပ်စွမ်းတယ်။ ကြေးတို့ သံတို့ကို ရွှေဖြစ်အောင် လုပ်လို့ရတယ်။ ပြီးတော့ မင်းတို့သိလား။ အဲဒီ ခဲတ်လုံးကို ရရင် မိုးပေါ်ကို ပျံသွားနိုင်တယ်'

ကလေးတွေ ဟာခနဲ ဖြစ်သွားသည်။ ရွှေဆိုတုန်းက သူတို့စိတ်မဝင်စားလှသော်လည်း မိုးပေါ်ပျံနိုင်သည့်ကိစ္စကိုတော့ သူတို့ရင်ခုန်ပုံရလေသည်။

မေမေက သူ့သူတေသနလေ့လာမှုတွင် ပါဝင်သောကလေးအားလုံးကို ခေါ်ပြီး ရေနံချောင်းမြို့ထဲတစ်ဝိုက် နေရာအနှံ့လိုက်ပို့သည့် ထိုနေ့သည် အောက်တိုဘာလ ၁၅ရက်ဖြစ်သည်။



...နေ့တွင် ကျွန်မကို တမင်ခေါ်တာဟု ကျွန်မ သိပါသည်။ မေမေ့...ငန်းကို ကျွန်မ နားလည်အောင်၊ ပြီးတော့ ကျွန်မ ဝင်မရှုပ်ရဲ...အောင် ဖြစ်မှာပါ။

မေမေနှင့်အတူ ကျွန်မတို့ကျောင်းက ပန်းချီကာယဆရာ...ကျော်ဝင်းမောင် ပါလာသည်။ ကျွန်မကတော့ ဆရာမောင့်ကို...ကြည့်ရင်း မေမေ့သုတေသနလုပ်ငန်းမှာ ဖေဖေပါလို့ရရင် ကောင်း...တာ တွေးမိပြီး ဖေဖေ့ကို လွမ်းနေသည်။ ဖေဖေသည် အရေး...ခင်းကာလမှာကတည်းက အစိုးရရဲ့ ယန္တရားထဲမှာ ခွေးသွားစိပ်...ခံ မဖြစ်ချင်တော့ဘူးဟုဆိုကာ ရေနံရုံးသို့ အလုပ်မဆင်းတော့... နောက်ပြီး စစ်တပ်က အာဏာသိမ်းသည့်နေ့ကစပြီး ဖေဖေ့... ကျွန်မ မတွေ့ရတော့ပေ။ ဖေဖေ ကျွန်မတို့အိမ်သို့ ပြန်မလာ...တော့ပေ။ ဖေဖေပြန်မလာပေမယ့် ဖေဖေ့ကို လာရှာသူတွေ...ခဏ အိမ်သို့ လာကြသည်။ ညကြီးမင်းကြီး တံခါးခေါက်ပြီး...ဦး ဒေါ်ခင်ခင်မေ ဟု လှမ်းအော်ကာ နှိုးတာလည်း ကြုံရ...သည်။ သို့သော် သူတို့ ဖေဖေ့ကို မတွေ့ပေ။ ဖေဖေ ဘယ်သွား...သည်ဟု မေမေကိုယ်တိုင်လည်း မသိပေ။ ဘွားဘွားကပြောတော့...သည် အဖမ်းခံရမှာကြောက်လို့ ထွက်ပြေးသွားတာတဲ့။...ကပြောတော့ ဖေဖေအဖမ်းခံလိုက်ရပြီတဲ့။ သေချာတာ...တော့ ဖေဖေ ကျွန်မတို့အိမ်ကနေ ပျောက်ကွယ်သွားခြင်း...တည်း။

ကိုလတ်ကတော့ ပျော်ပွဲစားနေ့က ကျွန်မတို့နှင့်တောင်...တူ လိုက်လာနိုင်သေး၏။ ကိုလတ်က သူ့သူငယ်ချင်းဆီက ငှား...သည့် ဗွီဒီယို ကင်မရာဖြင့် ကလေးတွေကိုရိုက်ပေးနေတော့...မှာ ဗွီဒီယိုကင်မရာကို ပထမဦးဆုံးအကြိမ် မြင်ဖူးသောမို့...တ် အနားမှ မခွာနိုင်။ သူ့ကင်မရာကို အလွန်စိတ်ဝင်စား

www.burmeseclassic.com

www.burmeseclassic.com



နေလို့ ဖြစ်သည်။ ကင်မရာထဲတွင် ရိုက်နေသော မြင်ကွင်းတို့ကို လည်း တစ်ချိန်တည်းမှာ မြင်နေရသည်။ ဘယ်လောက်ကောင်း လိုက်ပါသလဲ။

ကလေးတွေကို မေမေ မေးခွန်းတွေမေးနေချိန် သူတို့ တွေ ဖြေနေချိန်မှာ ကိုလတ်က ဗွီဒီယို ရိုက်ပေးနေခဲ့၏။ တချို့က ဗွီဒီယိုကင်မရာကို ကြောက်သည်။ ကင်မရာကို တည့်တည့်မကြည့် ဘဲ စောင်းငန်းစောင်းငန်းကြည့်လျက် ဖြေကြသည်။ တချို့က လက်နှစ်ချောင်းထောင်ပြီး ပိစ် peace ဆိုသည့် အမူအရာကို တောင် လုပ်ပြလိုက်သေး၏။ မောင်သက်ဝေက ခါးထောက်သည့် အိုက်တင်တောင် လုပ်လိုက်သေးတော့ ကျွန်မနှင့် ကိုလတ် တဟား ဟား ရယ်မိပါသည်။

'ကိုလတ် အဲဒါကြီးက ကိုင်ရတာ ခက်လားဟင်'

'မခက်ပါဘူး။ အင်ကြင်း ကိုင်ကြည့်ချင်လို့လား၊ ရော့ ကြည့်။ ခလုပ်နှိပ်ထားပြီးသား၊ သူ့ဟာသူ ဗွီဒီယိုရိုက်နေလိမ့်မယ်'

အို ကျွန်မ ပျော်လိုက်တာ။ ဟုတ်ပါရဲ့။ ထိုအရာက ကျွန်မ ထင်သလောက်မခက်ပါ။

ဆံပင်လိမ်လိမ်တွန့်တွန့် ပါးဖောင်းဖောင်း ကောင်လေး တစ်ယောက်ဆီသို့ ကင်မရာကိုင်လျက် ကျွန်မ လျှောက်သွား လိုက်သည်။

'မောင်လေး နာမည် ဘယ်လိုခေါ်လဲ'

ကောင်လေးက နှာတစ်ချက်ရှုတ်လျက် ဖြေသည်။

'စိုးထိုက်သူ'

'အော် နာမည်လေးက လှလိုက်တာဟယ်'

သူ ကျေနပ်သွားပုံရသည်။ မျက်လုံးဝိုင်းဝိုင်းလေးဖြင့် ပြုံးကာ လက်ပိုက်လိုက်သည်။



'မောင်လေးကြီးလာရင် ဘာလုပ်မှာလဲဟင်'

'တိရစ္ဆာန်ရုံ'

'ဘာ' ကျွန်မ နားမလည်ပါ။

စိုးထိုက်သူက မျက်မှောင်လေး ကြုတ်လိုက်သေးသည်။ ပြီးမှ စာစာက အဖြေကိုပဲ ထပ်ပေးပါသည်။

'တိရစ္ဆာန်ရုံပါဆို'

ကိုလတ်က ဝင်မေးသည်။

'ညီလေးက တိရစ္ဆာန်ရုံ ဆောက်မှာလား'

'ဟုတ်တယ်'

'တိရစ္ဆာန်ရုံကို ရောက်ဖူးလား'

'ဟင့်အင်း'

'တိရစ္ဆာန်တွေအကြောင်း ပြောပြပါဦး'

'ကျားတွေ မျောက်တွေ ဆင်တွေ။ ကျွန်တော် ဆင်ကြီး ကို ချစ်တယ်။ ဆပ်ကပ်ထဲမှာ ဆင်ကြီးပါတယ်။ ဆင်ကြီးက ကြံရိုး တွေရော စိမ်းစားဥတွေရော စားတယ်'

အို တော်တော်သွက်သည့်ကောင်လေးပဲ။ ကျွန်မ၏ သက်က ကင်မရာမှာ စောင်းလျက်ရှိနေသဖြင့် ကိုလတ်က ကိုင် ပြီး တည့်ပေးလိုက်သည်။

'ကျားရော မြင်ဖူးလား'

'မမြင်ဖူးဘူး'

ထိုအချိန်တွင် အနားကကလေးတစ်ယောက် စကားဝိုင်း ဆီသို့ လုပြီး ဝင်လာသည်။ သူက ကျောင်းသင်ခန်းစာ တစ်ပုဒ်ကို ရွက်ခြင်းဖြစ်၏။

'ကျားကြီးခြေရာကြီး၊ မေးပါများစကားရ၊ ပျော်ပျော်နေ သောခဲ၊ အကျီစားသန်က ရန်များ၏'

www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်က ထိုကလေးကိုလည်း ဆံပင်လေးဖွသပ်ပြီး အသိအမှတ်ပြုပေးရသည်။ ကောင်လေးက ကျေနပ်သွားသည်။ ဒီကောင်လေးမျက်နှာကလည်း လူလည်ရုပ်လေးပါပဲ။

'ကျားကို ချစ်လား မောင်စိုးထိုက်'

'မချစ်ဘူး။ ကျားက သမင်လေးတွေကို ကိုက်တယ်'

'ဒါဖြင့် မင်း တိရစ္ဆာန်ရုံမှာ ကျားကို ထားရင် သမင်လေးတွေကို ကိုက်ပစ်မှာ မကြောက်ဘူးလား'

'ကျားကို လှောင်အိမ်ထဲမှာ ထည့်ထားမှာပေါ့'

မေမေ ကျွန်မတို့အနားသို့ ရောက်လာသည်။

'မောင်စိုးထိုက်သူက တိရစ္ဆာန်တွေကို ချစ်တယ်သမီးရဲ့'

မေမေ့ကြည့်ရတာ တက်ကြွလန်းဆန်းလျက် မမောနိုင် မပန်းနိုင်။ ကလေးတွေကို တစ်ယောက်ချင်း အစအဆုံးသိနေ၏။

မောင်နေမင်းဦးဆိုသည့်ကလေးက နည်းနည်း ထူးခြားသည်။ သူ့ဆံပင်က နီကြောင်ကြောင် လိမ်လိမ်တွန့်တွန့်ကွေးကွေး။ သူဝတ်ထားတာကတော့ ဆူပါမင်းတီရှပ်အကျီလက်ရှည်နှင့်။

'ကျနော်က ရေငုတ်သမားလုပ်မှာ'

ကျွန်မ တော်တော်အံ့ဩသွား၏။ ရေငုတ်သမားဆိုတာကို ကျွန်မက ရုပ်ရှင်တွေထဲမှာသာ မြင်ရတာကိုး။

'မောင်လေးက ဘာဖြစ်လို့ ရေငုတ်သမားလုပ်မှာလဲ'

'ရေငုတ်တာ ပိုက်ဆံရတယ်'

ဟောတော်။ မေမေက ကျွန်မပခုံးကို အသာဖက်သည်။

'မေးကြည့် မောင်နေမင်းဦးမှာ သမီးကိုပြောစရာ ပုံပြင်တွေ အများကြီးရှိတယ်'

'ဟုတ်လား မောင်လေး ပြောစမ်းပါ။ မောင်လေးက ဘယ်သူပိုက်ဆံရတာ မြင်ဖူးလို့လဲ'



'ကျနော့်အဖေ'

'အော်'

'အဖေရေငုတ်ရင် ပိုက်ဆံတွေရတယ်။ အဖေက ရေထဲမှာ အကြာကြီးငုတ်နေနိုင်တယ်'

'ရေငုတ်ပြိုင်တာလား'

'မဟုတ်ဘူး။ ရေအောက်က သံတုံးတို့ သစ်တုံးတို့ကို ရှာပြီး ယူလာတာ'

'အော်'

မောင်နေမင်းဦးက ဧရာဝတီမြစ်ကမ်းပါး လှေဆိပ်မော်တော်ဆိပ်မှာ နေထိုင်သည်။ အလုပ်ငှားမည့်သူမရှိလျှင် သူ့ဆန္ဒနှင့်သူ ရေငုတ်ပြီး ရေထဲက ပစ္စည်းအတိုအထွာကို ရှာဖွေ ပြီးဆယ်ယူသည်။ ရောင်းစားသည်။ ပိုက်ဆံရသည်။

'ကျနော် ရေကူးတတ်တယ်။ ရေမငုတ်တတ်ဘူး'

'ညီလေး အသက်ကြီးလာရင် ငုတ်တတ်မှာပေါ့။ အခုတော့ စာကို သင်ဦးနော်။ ပညာတတ်အောင်သင်'

ကိုလတ်က ဗွီဒီယိုရိုက်ရင်း ကလေးကို အားပေးသည်။

'မောင်ဇော်လတ်ပါလာတာ သိပ်ဟန်ကျတာပဲကွယ်။ ကလေးတွေကို အဲဒီလို ဗွီဒီယိုနဲ့ မှတ်တမ်းတင်ဖို့ အန်တီမေဖြင့် တစ်ခါမှတောင် မစဉ်းစားမိပါဘူး။ ကျေးဇူးတင်တယ်သိလား'

'ဟုတ်ကဲ့အန်တီ၊ နောက်တစ်ခါ လိုရင်လည်း ပြောပါ။ ကျွန်တော့်သူငယ်ချင်းအဖေက ဗွီဒီယို ရိုက်ကူးရေးလုပ်ငန်းလေ။ အဆင်ပြေပါတယ်'

'အေးအေး အတော်ပဲ။ အန်တီမေ သူတို့လေးတွေရဲ့ အိမ်တွေမှာ တစ်ယောက်ချင်းတွေ့ပြီး ဆယ်မိနစ်စီလောက် မှတ်တမ်းတင်ချင်သေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့အန်တီမေ၊ ကျွန်တော်လိုက်ကူပေးပါ့မယ်'

'ဟုတ်ပြီ။ အန်တီမေ တွေးမိပြီ။ ဆရာမရဲ့အဖွဲ့ထဲမှာ မောင်လတ်ကို အဖွဲ့ဝင်အဖြစ် ထည့်လိုက်တော့မယ်'

ကိုလတ်က မေမေ့စကားကို နားမလည်။ ကျွန်မကတော့ မှတ်တမ်းနှင့် စာတမ်းပြုစုမည့်အဖွဲ့ပဲဟု သိပါသည်။

'ပါလိုက်လေ ကိုလတ်'

ကျွန်မက တိုက်တွန်းမိသည်။

ကိုလတ်ပါလျှင် မေမေလုပ်သမျှ ကျွန်မ သိခွင့်ရလိမ့်မည်ဟု ဘာဖြစ်လို့ ထင်မိလဲမသိ။ အဲဒီလို တွက်လိုက်မိတာတော့ အမှန်ပါပဲ။ နောက်ပြီး မေမေနှင့်ကိုလတ် အတူတူအလုပ်လုပ်လျှင် ကိုလတ် အဖမ်းခံရမည့်အရေးကနေ လွတ်နိုင်သည်ဟု မျှော်လင့်မိတာလည်း ပါမှာပေါ့။

'အန်တီမေက သုတေသနတစ်ခုလုပ်နေတယ်လေ'

မေမေက ကိုလတ်ကို သူ့သုတေသနလုပ်ငန်းအကြောင်း ပြောပြသည်။ ကိုလတ်က မေမေ့စကားကို စိတ်ဝင်စားသွား၏။

'ကျွန်တော် တစ်ခုစဉ်းစားမိတယ်အန်တီမေ။ အခု ကျွန်တော်တို့ ကင်မရာချိန်တော့ သူတို့ရဲ့ လွတ်လပ်တဲ့အပြုအမူတွေကို မရဘူး။ ဒီတော့ မှန်ဘီလူးနဲ့ ခပ်လှမ်းလှမ်းကနေ မသိမသာ ချိန်ပြီး သူတို့ သတိမထားမိတဲ့အချိန် လှမ်းရိုက်တာက ပို အဆင်ပြေလိမ့်မယ်ထင်တယ်'

'အေး အဲဒီလိုဆိုရင် သူတို့ရဲ့ နဂိုသဘာဝကို ရမှာပေါ့။ အဲဒီ မှန်ဘီလူးဆိုတာက ဈေးကြီးလား'

'နည်းနည်းတော့ ကြီးတယ်အန်တီမေ။ ဒါပေမယ့် ငှားလို့ရပါတယ်။ ရေနံချောင်းမှာတော့ မရှိဘူး။ မကွေး သွားငှားရမှာ'

'ဟေ အဲဒီလောက်တောင်ပဲလား'



'ဟုတ်ကဲ့'

'အေးလုပ်ကြတာပေါ့။ ဒါက သူတို့ဘဝအတွက်အလွန် အရေးကြီးတဲ့မှတ်တမ်းကိုး'

'သူတို့ ကြီးလာရင် သူတို့မျှော်မှန်းတဲ့အတိုင်း ဖြစ်လာကြမယ်ထင်လား အန်တီမေ'

'အင်း ခန့်မှန်းလို့တော့ရမှာပါ။ ဥပမာ ဟောဟိုက မိုးမခဆိုရင် စာ သိပ်တော်တဲ့ကလေးမလေး။ ဒိုင်ယာနာဆံပင်ပုံနဲ့လေ'

မေမေက မိန်းကလေးအုပ်စုထဲမှ ကလေးငယ် တစ်ယောက်ကို လက်ညှိုးညွှန်ပြသည်။ ကလေးမလေးက ဖြူဖြူချောချောလေး။ မျက်လုံးဝိုင်းဝိုင်း နက်နက် တောက်တောက်။ ပါးစုံ့လေးတွေက နီထွေးနေတာပဲ။

'သူက ဆရာဝန်မကြီးလုပ်ချင်တာ။ သိပ် ကြိုးစားတယ်။ ဖြစ်နိုင်ချေရှိတယ်'

အော် ဆရာဝန်မကြီး ဖြစ်ချင်သတဲ့လား။ ဂါဝန်အနီရဲရဲလေးဖြင့် လှပနေသောကလေးမလေးကို ကျွန်မ စိတ်ဝင်စားသွားပါသည်။ စာစာက ကိုလတ်နှင့်မေမေ သူတို့အုပ်စုကို ဗွီဒီယို ရိုက်နေတော့ ဟန်ပါပါဖြင့် ဆံပင်ဖွာဖွာလေးကို သပ်ကာသပ်ကာ စကားပြောသည့် ကလေးမလေးပါ။

'ဒါနဲ့ အန်တီမေ့ရဲ့ကလေးတွေက ကျောင်းတက်နိုင်တဲ့ ကျောင်းသားလေးတွေချည်းပဲပေါ့နော်'

နောက်ဆုံးမှာ ကိုလတ်က မေးသည်။

'အေးပေါ့။ အန်တီမေက ကျောင်းသားလေးတွေကို စာသင်ရင်းနဲ့ အဲဒီအတွေးကို ရလာခဲ့တာ'

'အန်တီမေက ကျောင်းသားမဟုတ်တဲ့ ကလေးတွေရဲ့ အနာဂတ်ကို စိတ်မဝင်စားဘူးလား။ မှတ်တမ်းမတင်ချင်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ ကိုလတ်စကားကြောင့် တွေသွားသည်။

'အေး မောင်ဇော်လတ်ပြောမှပဲ အန်တီမေ အဲဒီအချက်ကို ထည့်စဉ်းစားမိတော့တယ်။ အန်တီ့အနေနဲ့ ရေနံချောင်း ဝန်းကျင်က လူလတ်တန်းစားကလေးတွေကို အစုံပါအောင်တော့ ထည့်ထားပါရဲ့။ ကျောင်းမနေရတဲ့ကလေးတော့ ကျန်သွားတယ်'

'အန်တီမေထည့်ချင်ရင် ရပ့်။ ကျောင်းမနေဘဲ ဖားနှိုက် ပုဇွန်လုံးနှိုက်နေတဲ့ကလေးတွေမှ အများကြီး'

'မထည့်တော့ပါဘူး မောင်လတ်ရယ်။ အန်တီလေ့လာချင်တဲ့ရေနံချောင်းရဲ့အနာဂတ်မှာ အဲဒီပုဇွန်လုံးနှိုက်နေတဲ့ကလေးတွေက ကြီးကြီးမားမား ဩဇာလွှမ်းမိုးမှာတော့ မဟုတ်ပါဘူး'

ကျွန်မက မေမေတို့စကားပြောနေတုန်း ကလေးတွေ ဆော့ကစားရင်း လဲမှာကွဲမှာ စောင့်ကြည့်ပေးနေရသည်။ ကျွန်မ ငယ်ငယ်တုန်းက တချောင်ချောင်မှာ အရုပ်လေးတွေနှင့် ဆော့နေခဲ့သည့်အရွယ်ပေါ့။ အခုဖြင့် မျောက်တောင် အရှုံးပေးရမည်။ ကျောက်စာရုံရောက်တော့ ကျောက်စာတိုင်ပြားကြီးတွေ ကြားမှာ တူတူပုန်းတမ်းကစားကြသည်။ ကျောက်လှေကားထစ်တွေပေါ် ပြေးတက်ကြ၊ လှေကားလက်ရန်းအုတ်နံရံ နဂါးကိုယ်လုံး တစ်လျှောက် လျှောဆင်းကြ သည်။ တချို့က တောင်စောင်းပေါ် အထိ တက်ဆော့သည်။ မောင်သက်ဝေကတော့ သံတိုင်တွေကြားထဲ လက်ထိုးသွင်းပြီး နတ်ရုပ်တွေကို စပ်စပ်စုစု ကိုင်ဖို့ ကြိုးစားသည်။ ဒီတစ်ဝိုက်ကို မောင်သက်ဝေက အကျွမ်းကျင် အပိုင်နိုင်ဆုံး ဖြစ်မှာပေါ့။

နေ့လည်ထမင်းစာချိန်မှာ ကလေးတွေကို မေမေကိုယ်တိုင် ချက်ပြုတ်ပြင်ဆင်လာသော ကြက်သားခေါက်ဆွဲကြော်ကို



ကျွေးသည်။ ကလေးတွေအားလုံး အားရပါးရစားကြလေသည်။ ပျော်ကြလားဟု မေမေက မေးတော့ ပျော်တယ်ဟု အသံပြိုင် အော်ပြီး ဖြေလိုက်သောအသံတွေထဲတွင် ကျွန်မကို လှမ်းကြည့်ပြီး ဖြေလိုက်သော မောင်သက်ဝေအသံက အကျယ်လောင်ဆုံး ဖြစ်လိမ့်မည်။

ကျွန်မကိုကြည့်သည့် သူ့မျက်လုံးတွေ ခါတိုင်းထက်ပိုပြီး ရင်းနှီးချစ်ခင်သည်ဟု ကျွန်မ ထင်သည်။ မေမေ့အကဲခတ်မျက်လုံးနှင့် သတိပေးတားမြစ်သည့်အကြည့်များအောက်တွင် ကျွန်မ နေရတာ စိတ်ကျဉ်းကြပ်လို့ တစ်ဖက်သို့ မျက်နှာလွှဲလိုက်ရလေသည်။

မေမေ့အကြည့်ကို ကျွန်မသိသည်။

အင်ကြင်း။ ဒီကလေးတွေနဲ့ သမီး အရောတဝင်မနေနဲ့။ ဝေးဝေးမှာနေနော်၊ ကြားလား။

www.burmeseclassic.com

www.burmeseclassic.com

(၆)

နောက်တစ်နေ့ညမှာတော့ ကျွန်မအတွက် ဝမ်းနည်း စရာ ပြီးတော့ တုန်လှုပ်ထိတ်လန့်စရာ အဖြစ်ကို ကြုံရလေသည်။

ညသန်းခေါင်ကျော် သံပန်းတံခါးကို တဂျိုင်းဂျိုင်း ထုပြီး အော်ခေါ်သည့်အသံတွေကို ကြားရသည်။

'ဧည့်စာရင်းစစ်ပြီ ထင်တယ်' ဟု မေမေက ပြောသည်။ ဘွားဘွားက 'ဒီအချိန်ကြီးမှာလားအေ။ မထိတ်သာမလန့်သာ' ဟု အိပ်ချင်မူးတူးအသံဖြင့် ထထိုင်ဖို့ကြိုးစား၏။

'အမေ နေ နေ ကျွန်မ သွားဖွင့်လိုက်မယ်'

နောက်တော့မှ ကျွန်မတို့အိမ်ကို မဟုတ်ဘဲ ကိုလတ်တို့ အိမ်ကို လာနှိုးတာ ဖြစ်နေသည်။ လူအုပ်စုက ဒေါ်ဒေါ်စိန့်နာမည် ကို လှမ်းအော်ပြီး နှိုးနေကြခြင်း ဖြစ်သည်။ ကျွန်မတို့အိမ် မဟုတ် သဖြင့် ကျွန်မ ကြောက်စိတ် လျော့သွားသည်။ ဘွားဘွားက စိပ်ပုတီးကို လက်မှာကိုင်လျက် အခန်းထဲမှ ထွက်လာရင်း မျက်နှာ အပျက်ပျက်ဖြင့် မေမေ့ကို တိုးတိုးပြောသည်။

'မောင်လတ်ကို ငါပြောပါတယ်။ မောင်မြင့်ဦးလို သွား ရှောင်နေလို့။ ဒီကလေး ခေါင်းမာတယ်။ မပြေးဘူး'

'အမေကလည်း ဧည့်စာရင်းစစ်တာဖြစ်မှာပါ။ မောင် လတ်က ကလေးပဲ။ ဖမ်းမှာမဟုတ်ပါဘူး'



'ဧည့်စာရင်းက သူတို့တစ်အိမ်တည်း စစ်တာလားအေ။ ညည်းနှယ် မယုံကြည့်နေ လူကို ရှာချင်တာ'

ကိုလတ်တို့အိမ်မှာ လျှပ်စစ်မီးတွေ ရုတ်တရက် လင်း ထိန်သွားသည်။ ထို့နောက် ခပ်အုပ်အုပ်စကားသံတွေ၊ လေသံ မာမာဖြင့် ပြောသည့်အသံတွေ၊ ပြီးတော့ တံခါးဖွင့်သံ ပိတ်သံများ။ ထို့နောက် လူလေးငါးယောက်၏ဘွတ်ဖိနပ်ခွာသံများ၊ အုပ်စုလိုက် ခြေသံများ၊ ကျွန်မ ခေါင်းရင်းအိမ်ဘက်သို့ ကြည့်သည့် ပြတင်းပေါက်ကို ခပ်ဟဟ ပွင့်နေရာကနေ အကျယ်ကြီးပွင့်အောင် ဖွင့် လိုက်တော့ မေမေက ကျွန်မလက်ကို လှမ်းဆွဲထားသည်။

'သမီး မဖွင့်နဲ့'

ပြတင်းကို မေမေက ပြန်ပိတ်လိုက်သည့်အခါ စောစော က မြင်နေရသမျှ မီးရောင်လေးတောင် မမြင်ရတော့ပေ။

'သမီး ကြည့်ချင်တယ်'

'မကြည့်ရဘူးသမီး။ ပိတ်ထား'

ကျွန်မကို မကြည့်ရဘူးဟု တားမြစ်သောမေမေသည် သူကိုယ်တိုင်ကတော့ တံခါးဖွင့်ပြီး လမ်းဘက်သို့ ထွက်သွားသည်။

'အစ်မရေ အစ်မစိန်'

ဒေါ်ဒေါ်စိန့်ကို လှမ်းခေါ်သော မေမေ့အသံကို ကျွန်မ ကြားရ၏။

'ဆရာမရေ မောင်လတ်ကို လာခေါ်တာတဲ့' ဒေါ်ဒေါ် စိန့် အသံက ငိုသံဖြစ်နေသည်။

ထို့နောက် ယောကျ်ားသံတချို့ကို ခပ်အုပ်အုပ် ကြားရ သည်။

'အန်တီမေ ကျွန်တော် ခဏလိုက်သွားဦးမယ်။ မေမေ့ကို စောင့်ရှောက်ပေးပါနော်'

www.burmeseclassic.com

www.burmeseclassic.com



အယ်။ ကိုလတ်အသံပါ။

'အေးအေး မောင်လတ်။ ဘာမှ မပူပါနဲ့။ အန်တီမေတို့ ရှိပါတယ်'

ကျွန်မက မေမေ့ကို ဖွဲကောင်းကောင်းနှင့် စောင့်နေခဲ့သော်လည်း မေမေသည် ဒေါ်ဒေါ်စိန့်အိမ်ကနေ တော်တော်နှင့် ပြန်မလာခဲ့ပေ။ နံနက်မိုးလင်းခါနီး မေမေပြန်လာတော့ မေမေ့ မျက်တောင်စွန်းမှာ မျက်ရည်တို့ တင်ကျန်နေဆဲဖြစ်သည်။

ကိုလတ် အဖမ်းခံရလိမ့်မည်ဟု ကျွန်မ ထင်မထားခဲ့ပေ။ ထိုအဖြစ်ကို မယုံကြည်နိုင်ဘဲ ကြောက်လည်းကြောက်၊ သနားလည်း သနားခဲ့သည်။ ကိုလတ်ကို ဘာလုပ်ကြမှာလဲ။ ကျွန်မတောင် ဒီလောက်ကြောက်နေရင် ကိုလတ် ဘယ်လောက်များ ကြောက်နေလိုက်မလဲ။

ကိုလတ်မရှိသည့်အခါ ဒေါ်ဒေါ်စိန်က ပိုပြီး စကားနည်းသွားသည်။ သားအတွက် စိုးရိမ်ပူပန်စိတ်ဖြင့် တစ်နေ့တစ်နေ့ ဒေါ်ဒေါ်စိန်သည် ဘွားဘွားလိုပဲ စိပ်ပုတီးပဲ စိပ်နေမည်ဟု ကျွန်မ ထင်သည်။ သို့သော် ဒေါ်ဒေါ်စိန့်ကို နေ့တိုင်း ငိုမနေအောင် စိတ်ပြောင်းစေမည့် နည်းတစ်ခု အကြံပေးကြည့်မည်ဟု မေမေက ပြော၏။

'လူတွေမှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ အချိန်ကုန်လို့ကုန်မှန်း မသိအောင် တစ်ခုခုကို အာရုံလွှဲပြောင်းတဲ့နည်းတွေ ရှိတယ် သမီးရဲ့။ ဒေါ်ဒေါ်စိန်က စက်ချုပ်တာဝါသနာပါတော့ မေမေသူ့ကို ကူညီနိုင်မယ်ထင်တာပဲ'

ကျွန်မကတော့ ခါတိုင်းထက် ဥပုသ်စောင့်တာ အချိန်မှန်လာသော ဘွားဘွားနှင့်အတူ ရွှေစေတီကျောင်းသို့ ဥပုသ်နေ့တိုင်း





လိုက်သွားပါသည်။ မေမေမသိအောင် ရုပ်စုံစာအုပ်လေးတွေကို ဘွားဘွား၏ ယောဂီတဘက်ထဲမှာ ထည့်ထုပ်ပြီး ယူသွားတာပေါ့။ ဘွားဘွားက ဥပုသ်စောင့် ကျွန်မက စာအုပ်တွေဖတ်။

ရွှေစေတီကျောင်းဝန်းထဲက ဘကြီးစံဖိုထိုးသည့်တဲလေးသည် ကျွန်မ မောင်သက်ဝေအား စာအုပ်တွေ ဖတ်ပြသည့် နေရာဖြစ်ပါသည်။

ထိုတဲလေးသည် ဝါးကွပ်ပျစ်လေးတစ်လုံး၊ ထန်းလက်ဖြင့် ပြုလုပ်သော ပက်လက်ကုလားထိုင်ယိုင်ရွဲ့ရွဲ့တစ်လုံး။ ဖားဖိုတစ်ခု၊ ဖိုထိုးရာတွင်သုံးသည့် လုံအကောင်းတွေ၊ လုံအကွဲတွေ၊ မီးသွေးပုံတွေနှင့် ရှုပ်ပွနေသည်။ အဘစံ၏ရှေ့တွင် ရေနွေးကြမ်းအိုးနှင့် အကြမ်းပန်းကန်တစ်လုံး ပြီးတော့ ကွေရည်သုတ်သက်ဖက်အုပ်လေးတစ်ခု ရှိတတ်သည်။ အဘစံဘေးမှာ တစ်ခါတစ်ခါ ဘုန်းကြီးရှိပြီး အမြဲတမ်းတော့ မောင်သက်ဝေက ဆောင့်ကြောင့် ထိုင်လျက် ဖားဖိုကြိုးကိုဆွဲပြီး မီးတောက်အောင် လေထိုးပေး လျက် ရှိလေသည်။

ထိုတဲလေးမှာ ကျွန်မ မောင်သက်ဝေကို ပထမဆုံး ဖတ်ပြသည့် စာအုပ်မှာ အလွန်ဆာလောင်နေသော ပိုးတုံးလုံးလေး ဖြစ်သည်။ ကျွန်မသိပ်ကြိုက်သောစာအုပ်လေးတွေဆိုလျှင် သူ့ကို ဖတ်တတ်စေချင်သည်။ မဖတ်တတ်လျှင်လည်း သူ့ကို ဖတ်ပြချင်သည်။ ပိုးတုံးလုံးလေးကိုတော့ သူ ပိုပြီး ဖတ်စေချင်သည်။ သူ နေရထဲကနေ ဆယ်ပေးလို့ ပြန်ရသည့်စာအုပ်လေးလေ။ ပြီးတော့ အံ့သြစရာကောင်းသည့် လိပ်ပြာဘဝဖြစ်စဉ်လေးလေ။ ပြီးတော့ တစ်နှစ်သုံးလေး ဂဏန်းကိုသင်ပေးသည့် ဇာတ်ကြောင်းလေး၊ ပြီးတော့ တနင်္ဂနွေ တနင်္လာ နေ့တွေကိုလည်း သင်ပေးသည့် ဇာတ်ကြောင်းလေးလေ။

www.burmeseclassic.com



'စနေနေ့မှာ ပိုးတုံးလုံးလေးက ချောကလက်ကိတ်တစ်စိတ်၊ ရေခဲမုန့်တစ်ခု၊ ဒိန်ခဲတစ်စိတ်၊ ဆာလာမီငါးတစ်လွှာ၊ တုတ်ထိုးချိုချဉ် တစ်ခု၊ ချယ်ရီလမုန့်တစ်ခု ဝက်အူချောင်းတစ်ခုနဲ့ နောက်ထပ် ကိတ်တစ်ခု၊ နောက်ပြီး ဖရဲသီးတစ်စိတ် အားလုံး ကုန်အောင် စားပစ်လိုက်တယ်တဲ့'

ကောင်လေးက သဘောကျစွာ အသံထွက်ရယ်သည်။

'အစားပုပ်လိုက်တာနော် မမ'

'အေးလေ။ အဲဒါတွေ အကုန်လုံး ကုန်အောင်လည်း စားပြီးရော ပိုးတုံးလုံးလေးက ဗိုက်အင့်ပြီး ညကျတော့ ဗိုက်နာပါလေရော'

'ထင်သားပဲ ဒီကောင်တော့ ဗိုက်နာတော့မှာလို့'

'နောက်နေ့ကျတော့ တနင်္ဂနွေပြန်ဖြစ်ပြီလေ။ တနင်္ဂနွေနေ့မှာ သူက သစ်ရွက်စိမ်းလေးတစ်ရွက်ကိုပဲ စားလိုက်သတဲ့။ အဲဒါ စားပြီးတော့ သူ တော်တော်လေး သက်သာသွားသတဲ့'

'ခွေးတွေ နေမကောင်းရင်လည်း ကန်စွန်းရွက်ထောင်းပြီး အဲဒီအရည်ကို တိုက်ရတယ်မမရဲ့'

မောင်သက်ဝေက ပုံပြင်အပေါ်မှာ တော်တော် စိတ်ဝင်စားနေသည်။

ကျွန်မ နောက်စာမျက်နှာတစ်ခုကို လှန်လိုက်သည်။

'အခုတော့ ပိုးတုံးလုံးလေးက လုံးဝကို မဆာတော့ဘူး။ နောက်ပြီး ပိုးတုံးလုံးသေးသေးလေးလည်း မဟုတ်တော့ဘူး။ သူက အခုဆိုရင် ကြီးလာပြီ။ ဝတုတ်တုတ် ပိုးတုံးလုံးလေးပေါ့'

'ဟတ်လား'

'အေး အဲဒီအခါကျတော့ သူက အိမ်လေးတစ်အိမ် ဆောက်တယ်။ တို့လူတွေလိုအိမ်တော့ မဟုတ်ဘူးပေါ့။ ဒီမှာ



ကြည့် ဒါ သူ့အိမ်လေးလေ။ သူ့ကိုယ်လုံးပတ်ပတ်လည်မှာ အမျှင်တွေနဲ့ပတ်ပစ်လိုက်တယ်။ အဲဒါကို ဘောက်ဖတ်အိမ်လို့ ခေါ်တယ် မောင်လေးရဲ့။ အဲဒီအိမ်အစိမ်းလေးထဲမှာ သူက နှစ်ပတ်ဆယ့်လေးရက်တောင် ခိုအောင်းနေတာ။ အပြင်မထွက်တော့ဘူး တဲ့။ နှစ်ပတ်ကြာတဲ့အခါမှာတော့ အဲဒီ ပိုးအိမ် ဘောက်ဖတ်လေး မှာ အပေါက်သေးသေးလေးတစ်ခုကို သူက ဖောက်တယ်။ အပြင် ထွက်ဖို့ပေါ့'

သူ့ကို နောက်စာမျက်နှာတစ်ခု လှန်ပြလိုက်သည့်အခါ သူ့ မျက်လုံးလေးတွေ တောက်ပသွားသည်။

'ဟာ လိပ်ပြာလေး လှလိုက်တာ'

'အေး သူ အပြင်ထွက်လာတဲ့အခါ သူက ပိုးတုံးလုံးလေး မဟုတ်တော့ဘဲ အလွန်လှပတဲ့ လိပ်ပြာလေးတစ်ကောင် ဖြစ်နေတော့တယ်။ သူ လေထဲမှာ အတောင်ပံလေးတွေ ခတ်ပြီး ပျံသန်းသွားတော့တယ်'

'အဲဒါ တကယ်လား မမ'

'တကယ်ပေါ့ မောင်လေးရဲ့ ပိုးတုံးလုံးလေးတွေကနေ လိပ်ပြာဖြစ်တာလေ။ ငါးသေးသေးနဲ့တူတဲ့ ဖလောင်းလေးတွေကနေ ဖားဖြစ်လာတာရော မြင်ဖူးလား'

'အင်း မြင်ဖူးတယ်'

'အေး အဲဒီလိုပဲပေါ့'

ကလေးငယ်၏စိတ်ဝင်စားစွာ တောက်ပနေသော မျက်လုံးလေးများကို ကြည့်ပြီး ကျွန်မ ကြည်နူးရပါသည်။

မင်းသုဝဏ်၏ ကလေးကဗျာလေးတွေ ဖတ်ခိုင်းပြီး အဓိပ္ပါယ်နှင့် ဇာတ်ကြောင်း ကို ရှင်းလင်း ပြောပြပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်လေးရေ ထပါတော့ ရောင်နီလာလှပေါ့
တစ်ကျော့နှစ်ကျော့တေးကိုသီ ငှက်ကျားနှုတ်ပလီ
တောင်ဆီနားက ခရေပန်း ပင်အောက်ကြိုင်လို့လန်း
ဗန်းလေးယူခဲ့မောင်လေးရယ် သွားကောက်ချေစို့ကွယ်
ပန်းသည်လုပ်စို့ တပြုံးပြုံး ပန်းတွေ တကုံးကုံး။

'ရောင်နီဆိုတာ မောင်လေးသိတယ်မဟုတ်လား'

'သိပ့ါ အရှေ့ကနေ မနက်မိုးလင်းရင် နေထွက်လာတာ'

'အေး'

ဘဘုန်းတို့ကျောင်းက နံနက်လေးနာရီမှာ ရောင်နီလာချိန်၌ တုံးခေါက်လေ့ရှိသည်ဟု မောင်က ပြောသည်။

'တစ်ကျော့နှစ်ကျော့ တေးကိုသီ ဆိုတာက သီချင်းဆိုတဲ့အခါ တစ်ခါတည်းမဟုတ်ဘဲ နောက်ထပ်တစ်ခါ ပြန်သီဆိုတာကို ခေါ်တာ။ သီချင်းဆိုတာက ဘယ်သူလဲဆိုတော့ ကဗျာကို ဆက်ဖတ်လိုက်ရင် တွေ့မယ်။ ငှက်ကျား နှုတ်ပလီ တဲ့။ ငှက်ကျားလေးက သီချင်းဆိုတာလေ'

ရွှေစေတီကျောင်းထဲမှာ ခရေပင်ရှိသည်။ ခရေပင်မှာ ခရေပန်းတွေ ဖွေးနေလျှင် အောက်သို့ ချက်ချင်းကြွေတတ်မှန်း ဘုန်းကြီးကျောင်းသားလေးသိမှာပါ။

'ခရေပန်းဆိုတာ ပွင့်ပြီဆို ချက်ချင်းကြွေတာ။ ဒါကြောင့် အပင်ပေါ်မှာ ပွင့်တုန်း မွှေးကြိုင်လန်းဆန်းတာမဟုတ်ဘဲ အောက်မှာ မြေပြင်မှာ ပျံ့ကျဲနေတဲ့ပန်းလေးတွေက မွှေးနေတာကို ပြောချင်တယ်ထင်ပါရဲ့'

'ခရေပန်းတွေက မကြွေသေးခင်လည်း အပင်အောက်သွားရင် မွှေးနေတာပါပဲ မမရဲ့'



မောင်က သူသိတာကို ပြောပြတော့ ကျွန်မ အံ့သြသွားပါသည်။ ဟုတ်လား။ အဲဒီအခိပ္ပါယ်ရော ဖြစ်နိုင်လား။ ကျွန်မ မသိပါ။ သူက ပတ်ဝန်းကျင်လေ့လာမှုတော့ မဆိုးဘူးဟု ကျွန်မ အတ်မှတ်လိုက်သည်။

ခက်တာက သူ့ဆီမှာ ကျွန်မ မကြိုက်သောအမူအကျင့်တွေက တစ်ခုမဟုတ်တစ်ခု ရှိနေတာပဲ။ ဒီတစ်ခုကို ကျွန်မ မကြိုက်လို့ သူ မလုပ်တော့ပေမယ့် နောက်တစ်မျိုးလုပ်လာပြန်သည်။

ဥပုသ်နေ့မှာ ကျွန်မ ပါလာတတ်မှန်းသိလို့ မကစားပေမယ့် ကျန်သည့်ရက်တွေမှာ စာလုံးဝ မဖတ်ချင်ဘဲ ကစားနည်းမျိုးစုံကို ကလေးပေါင်းစုံနှင့် ကစားနေတာ တွေ့ရတတ်သည်။

ဒီကနေ့ သူ အရုပ်ကားထပ်တာကို ကျွန်မ စောင့်ကြည့်ရင်း သူ့လက်ထဲမှာ ဝှက်ထားသော အရုပ်ကားချပ်လေးကို ထုတ်သုံးလိုက်တာမြင်လို့ ကျွန်မက အပြန်မှာ နားရွက်ကိုလိမ်ဆွဲပြီး နောက်မလုပ်ဖို့ ပြောကြည့်။ ဟော နောက်နေ့ အရုပ်ကားတော့ ထိမ်မရိုက်ပါဘူး။ သူ့သူငယ်ချင်းကောင်လေးကို သူ့သားရေကွင်းဆွဲ တစ်ထပ်ကြီးအား သံကြိုးကွင်းဆက်ကဲ့သို့ ဆက်ခိုင်းထားပြီး သူကတော့ တစ်ကျပ်ကြေး ဒိုးထုတမ်း ကစားနေ၏။ ဟိုမှာ သူငယ်ချင်းက မန်ကျည်းပင်အောက်မှာ အကျအနထိုင် သူ့သားရေကွင်းအပုံလိုက်ကြီးကို ကွင်းဖြစ်အောင် ဆက်လို့။

'သက်ဝေ နင် ဘာဖြစ်လို့ သူများကို စီးစီးပိုးပိုး ခိုင်းရတာလဲ'

'ကျနော် မခိုင်းပါဘူး သူ့ဟာသူ လုပ်ပေးတာ'

'ဟုတ်လို့လား'

'မယုံ သွားမေးကြည့်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကလည်း သွားမေးတာပေါ့၊ ဘာရမလဲ။

'မောင်လေး ဒါ နင့်သားရေကွင်းတွေလား'

'မဟုတ်ဘူး သက်ဝေဟာတွေ'

'နင် ဘာဖြစ်လို့ လုပ်ပေးနေတာလဲ'

'ဒါတွေပြီးရင် ကျနော့်ကို သားရေကွင်းတွေ ပေးမှာ'

ဩော။ လက်စသတ်တော့ သူက သားရေကွင်းနဲ့ မျှားပြီး လုပ်ချင်အောင် ခိုင်းထားတာကိုး။

ဟုတ်တာပေါ့။ ကောင်လေးက ကစားသည့်နေရာတွင် အလွန်တော်သည်။ လက်လည်း သိပ်တည့်၏။ ဒိုးထုလျှင် ထိပ်ဆုံး ခေါင်နေရာမှာ ရှိသည့် ကျောက်ဒိုးလုံးကို တစ်ချက်တည်း မှန်အောင်ထုနိုင်သည်။ နောက်က တန်းစီနေသည့် ဒိုးလုံးလေးတွေ သူ အကုန်စားခွင့်ရတာပေါ့။ သားရေကွင်းထပ်လျှင်လည်း သူချည်းနိုင်တာပဲ။ ဒါကြောင့် သူက ဆရာကြီး။ သူ့သူငယ်ချင်း နှစ်ယောက် သုံးယောက်က သူ့နောက်သို့ တကောက်ကောက် လိုက်နေပြီး သူခိုင်းတာ အကုန်လုပ်ပေးနေသည်။ သူ့အတွက်ဆို လောက်စာလုံး လုံးပေးရတာနဲ့။ သားရေကွင်းတစ်ကွင်းချင်း အဖျားချင်းချိတ်ဆက်ကာ ဆက်တိုက် ကွင်းဆက်ကြီး ဖြစ်အောင် သီပေးရတာနဲ့။ သက်ဝေတို့ ကြီးပွားနေလိုက်ပုံ။

စာဖတ်ခိုင်းလျှင်တော့ ထစ်အ ထစ်အပေါ့။

ကျွန်မကလည်း စိတ်တိုတိုဖြင့် သူ့ကို နေရာမရွေး တွေ့သည့်နေရာမှာ ရှိသည့်စာတစ်ခုခုကို ဖတ်ခိုင်းပစ်လိုက်သည်။ လမ်းသွားရင်း ဆိုင်းဘုတ်တွေကို ဖတ်ခိုင်းသည်။ အမိပ္ပါယ်မေး ပစ်လိုက်သည်။

အဘစံ၏ကွပ်ပျစ်ပေါ်မှာ ခေါင်းရင်း၌ စာအုပ်နွမ်းနွမ်းလေး သုံးလေးအုပ် ထပ်ထားသည်။ တစ်ခါတုန်းက ကျွန်မ စပ်စုတာ လှန်လှော ဖတ်ကြည့်ဖူးသည်။ အဘစံလက်ရေးဖြင့် ကူးရေးထားသည့်စာတွေပါ။ ရှေးလူကြီးလက်ရေးဖြစ်ပြီး ညီညာနေ၏။

'အဘစံစာအုပ်ထဲမှာ ကဗျာတွေပါတယ်နော်။ သိပ် ဖတ်လို့ကောင်းတာပဲ'

အဘစံက သူ့စာအုပ်ကိုကျွန်မကြိုက်သည်ဆိုလို့ အံ့သြပြီး ဝမ်းသာသွားသည်။ သွားကျိုးတွေပေါ်အောင် ရယ်မော၏။

'ငါ့မြေးက အဲဒီကဗျာတွေကို နားရောလည်ရဲ့လားကွဲ့'

'နားမလည်ဘူး အဘ'

အဘစံက ရယ်ပြန်သည်။

'အဲဒါ ဖိုထိုးနည်းတွေ၊ ရွှေဖြစ်တဲ့နည်းတွေကို ရေးထားတာ။ စကားဝှက်နဲ့ရေးတာ။ အဲဒီနည်းတွေအတိုင်းလုပ်ရင် တစ်နေ့မှာ ရွှေဖြစ်မှာကွဲ့'

'အဘ ကျုပ်လည်းရွှေလုပ်ချင်တယ်'

မောင်သက်ဝေက လွတ်ခနဲ ဝင်ပြောသည်။

'အေး ရရမှာပေ့ါမောင်။ အဘ ရွှေဖြစ်ရင် မင်းကို ရွှေဖြစ်တဲ့နည်း သင်ပေးမှာပေါ့'

'တကယ်နော်အဘ'

သူ့မျက်လုံးလေးတွေက မျှော်လင့်ချက်ဖြင့် တောက်ပလျှက်ရှိသည်။ မျက်လုံးလေးတွေက သိပ်မမဲနက်လှသော်လည်း တောက်ပနေ၏။ မျက်တောင်က ကော့ပျံမနေဘဲ ခပ်တိုတို ခပ်စင်းစင်း။ သို့သော် မဲနက်သည်။ ဒါကြောင့် မျက်လုံးလှနေတာဖြစ်မှာ။ သူ့မျက်နှာလေးတစ်ခုလုံးတွင် ကျွန်မ အချစ်ဆုံးကတော့ အပေါ်နှုတ်ခမ်း၏အထက် နှာခေါင်းနှင့်နှုတ်ခမ်းကြားက မြောင်းရာနက်နက်လေး ဖြစ်သည်။ ထိုမြောင်းရာလေးကြောင့် သူ့အပေါ်နှုတ်ခမ်းက ကော့ပြီး မဟာတဟာလေး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'တကယ်ပေါ့မောင်ရ'

အဘစံက အားရပါးရ ပြောသည်။

'နေပါဦး ရွှေဖြစ်ရင် ငါ့မြေးက ဘာလုပ်မှာတုန်း'

'မမကို နားကပ်လေးလုပ်ပေးမလို့။ မမ နားမဖောက်ရသေးဘူး'

'ဟား ဟား ဟား'

သည်တစ်ခါတော့ အဘစံ အားရပါးရ ရယ်လေသည်။

ကျွန်မမှာ နားပေါက်မရှိခြင်းသည် ရွှေမရှိသောကြောင့် မဟုတ်ဘဲ ကျွန်မ အကြောက်အကန် ငြင်းဆန်လွန်းလို့ဟု မောင် သိပုံမရပါ။ ပြီးတော့ သူသည် ရှင်ပြုနားသမင်္ဂလာနှင့် မင်္ဂလာဆောင်တာကိုလည်း ခွဲခြားသိပုံမရဟု ကျွန်မ တွေးမိသည်။ ကျွန်မ ဘွားဘွားရှိရာ ဘုန်းကြီးကျောင်းအပေါ်ထပ်သို့ ပြန်အတက် သူ လှေကားရင်းထိ လိုက်လာချိန်မှာ သူ့ထံမှ မအပ်စပ်သော စကား တစ်ခွန်းကို ကြားလိုက်ရသောကြောင့် ဖြစ်ပါသည်။

ထိုနေ့က သီတင်းကျွတ်အပြီးမို့ ရပ်ကွက်ထဲက မင်္ဂလာဆောင်တစ်ခုရှိသည်ထင်ပါရဲ့။ အသံချဲ့စက်မှ သီချင်းသံကို နီးနီးလေးကနေ ကြားနေရသည်။ ကျွန်မတို့ဆီမှာ အသံချဲ့စက် ဖွင့်လျှင် ပထမဆုံး ရေခင်းသံတို့ ပျောညွန့်တို့ကို စဖွင့်ပြီးမှ သီချင်းတွေကို ဖွင့်ပါသည်။

အဲဒီအချိန်က သန်းသန်းဆင့်၏ မိုးဇာပျောသီချင်းကို ကြားလိုက်တာကို ကျွန်မ သတိရသည်။ မောင်သိပ်ကြိုက်သည့် သီချင်း။ မောင်သက်ဝေက မြိုင်ဆိုင်သောသီချင်းတွေကို ကြိုက် တတ်တာကိုး။ မိုးဇာပျောလို သီချင်းမျိုးလာလျှင် မောင်သက်ဝေက လှုပ်လှုပ်ရွရွ ဖြစ်လာတတ်သည်။ ယကွင်းသံ၊ ပုံသံ၊ ပျောသံနှင့် ပတ်ပေတီးပေ ပတ်ပေတီးပေ ဆိုသည့်သံစဉ်ကို ပေါ်အောင် မြိုင်



ဆိုင်စွာ တီးထားသည့် ဆိုင်းဝိုင်းသံ မဟုတ်လား။

'မမ ကျနော်မမနဲ့ မင်္ဂလာဆောင်ချင်လိုက်တာ' တဲ့။ ကောင်လေး ပြောလိုက်သည့်စကား။

ဟောတော် ဘယ်လိုပါလိမ့်။ ကျွန်မ တအံ့တသြဖြစ်သွားသည်။ ဘာအဆက်အစပ်နှင့် ပြောတာလဲ။ စောစောက ကျွန်မကို နားကပ်လေးဝယ်ပေးချင်သည်ဆိုတော့ အလှူနှင့်ဆက်စပ်ပြီး ပြောတာလား။ ဒါမှမဟုတ် သန်းသန်းဆင့်သီချင်းထဲက အလှူဆော် မင်္ဂလာကို မင်္ဂလာဆောင်ဟု မှတ်နေတာလား။

ရွှေညာမြေ ××× စခန်း××× လှမ်းလာခဲ့ပါ အင်းဝနဲ့ တစ်ဖက် ကမ်းဧယျာ အလှူတော်မင်္ဂလာ ပြုလုပ်တဲ့အခါ××× မိုးဇာပျောသံ ညံညံစာစာ ဝတီယံနန်းမြင့်ဘုံသို့သာ×××

မင်္ဂလာဆောင်ရအောင် ဆိုသည့်စကားကို ညစ်ပတ်သည်ဟု ကျွန်မ မထင်ပါ။ ကောင်လေးက ကျွန်မကို ချစ်ခင်သည့် မျက်လုံးများဖြင့် ကြည့်နေခဲ့သောကြောင့်ဖြစ်ပါသည်။ ရှစ်တန်း အရွယ်တွင် ကျွန်မသည် ကောင်လေးတွေ၏ နောက်ပြောင်သည့် မျက်လုံး၊ ညစ်ပတ်သော မျက်လုံးတို့ကို အကဲခတ်တတ်မိပြီးသား ဖြစ်သည်။ မောင်သက်ဝေမှာ အဲဒီလို မျက်လုံးမျိုးရှိဖို့ သိပ်ငယ် သေးသည်ဟုလည်း ကျွန်မ သိနေပါသည်။

သူ ကလေးစိတ်ဖြင့် ပြောတာဟု ကျွန်မသိပါလျက် အဲဒီ တုန်းကတည်းက ကျွန်မ သူ့ကို လူကြီးဟန်ဖြင့် အပြတ်ငြင်းခဲ့သည်။

'ဟာ ဘယ်ဖြစ်မလဲ မောင်ရဲ့'

'ဟင် ဘာလို့ မဖြစ်ရတာတုန်း'

'နင်က ငါ့ထက် အသက်ငယ်တယ်လေ။ အများကြီးကို ငယ်တာ။ ကောင်မလေးတွေက သူတို့ထက်ငယ်တဲ့ကောင်လေး တွေနဲ့ မင်္ဂလာမဆောင်ရဘူး တဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူပြောလဲ'

'စာထဲမှာ ဖတ်ရတာပဲ'

သူ့မျက်နှာလေး မှုန်မှိုင်းသွားလိုက်တာ။ ကျွန်မ သနားသွားပါသည်။ ထိုနေ့က ကျွန်မတို့နားမှာ အဆုပ်လိုက် အဆုပ်လိုက် ပွင့်သော ယုဇနပန်းတို့ဖြင့် မွှေးပျံ့နေခဲ့သည်။

'မယုံပါဘူး'

'အို မယုံလို့မဖြစ်ဘူး။ တကယ်ဖတ်ရတာ'

'ဘယ်စာအုပ်ထဲလဲ'

'ဟဲ့ ဘယ်စာအုပ်လဲတော့ ငါ ဘယ်မှတ်မိမလဲ။ ငါ ဖတ်တဲ့ စာအုပ်တွေက အများကြီး'

ကျွန်မက သူ့ကို အထက်ဆီးဖြင့် ခပ်မိန့်မိန့် ပြောပြလိုက်တော့ သူ စောဒက မတက်နိုင်တော့ပါ။ မျက်နှာညှိုးညှိုးဖြင့်ပင် ကျွန်မကို စွေကြည့်နေတော့သည်။ သို့သော် ထိုအချိန်မှစပြီး ကျွန်မ ဘာစာအုပ်ဖတ်သလဲဟု သူ လိုက် လိုက် စပ်စုနေတာ သတိထားမိသည်။ သူ ကျွန်မစကားကို ယုံကြည်ပုံ မရပါ။ ဒါကြောင့် ကျွန်မ ဖတ်သည့် စာအုပ်တွေထဲတွင် ကျွန်မပြောသည့်စကား မှန်မမှန် ရှာဖွေ စူးစမ်း ကြည့်ချင်တာလား။

တကယ်တော့ ကျွန်မကလည်း ထိုစကားမျိုးကို ဘယ်ဝတ္ထုစာအုပ်ထဲမှာ ဖတ်ဖူးမှန်းမသိ၊ မမှတ်မိတော့ပါ။ အမှန်အတိုင်း ပြောရလျှင် ဖတ်ဖူးခဲ့ရဲ့လားပင် မသိတော့ပါ။ ဖတ်ဖူးခဲ့ပြီးသည့် ဝတ္ထုတွေထဲမှ ဖြစ်စဉ်တွေကို စုပေါင်းနားလည်ပြီးတော့ ကိုယ့် ကိုယ်ပိုင် အဆိုတစ်ခု တီထွင်လိုက်ခြင်းလည်း ဖြစ်နိုင်ပါသည်။

ထိုစကားကြောင့်ပဲ ဖြစ်ဖြစ် ဘာကြောင့်ပဲဖြစ်ဖြစ် မောင်က ကျွန်မဖတ်သည့် စာအုပ်တွေကို အရင်ကထက် ပိုပြီး ဂရုစိုက် စပ်စုလာတာမို့ ကျွန်မ ဝမ်းသာပါသည်။



'မောင်သက်ဝေနဲ့ဝေးဝေးနေ'ဟု မေမေမှာတာကိုတော့ သူ့ကို ပြန်မပြောချင်ပါ။ ဘာကြောင့် ဝေးဝေးနေခိုင်းသည်ဆိုတာ မောင် နားလည်မှာမှ မဟုတ်ဘဲ။ သူ့ဆရာမ ဖြစ်သည့် မေမေ့အပေါ် စိတ်ခုသွားလျှင် ငရဲကြီးမှာမဟုတ်လား။

သူတို့ကို မေမေက ခုနစ်နှစ်တစ်ကြိမ် ထပ်တွေ့ပြီး သူတို့ဘဝဆက်လက် ရှင်သန်နေထိုင်ပုံအဆင့်ဆင့်ကို မှတ်တမ်းတင်သိမ့်မည်။ တစ်ချိန်ချိန်တွင် မေမေ့နေရာ၌ ကျွန်မက အစားဝင်ပြီး တာဝန်ယူရလိမ့်မည်။ ထိုအကြောင်းတွေဖြင့် ကျွန်မရှင်းပြလျှင်လည်း ကောင်လေး နားလည်မှာ မဟုတ်ပါ။ ကျွန်မက သူ့ကို သိပ်ပြာဖြစ်လာမည့် ပိုးတုံးလုံးလေးအဖြစ် သဘောထားသည်ဆိုတာကိုလည်း သူ နားလည်မည်မထင်ပါ။

www.burmeseclassic.com

www.burmeseclassic.com

(၇)

ကျွန်မတို့၏ငယ်ဘဝ ကလေးအရွယ်မှတ်ဉာဏ်တို့သည် ကျွန်မတို့အား လှည့်ဖျားတတ်သည်ဟု ဆို၏။ ကျွန်မနှင့် မင်္ဂလာဆောင်ဖို့ တစ်ခါတစ်ခါ မောင် ပူဆာတတ်သည့်အဖြစ်တွေကတော့ ကျွန်မကို လှည့်ဖျားသည့် ကလေးဘဝမှတ်ဉာဏ် မဟုတ်ခဲ့ပါ။

မောင် ကျွန်မကို ဘာကြောင့် မင်္ဂလာဆောင်ချင်ရ သလဲ ဆိုသည့် အကြောင်းပြချက်ကတော့ ရယ်စရာကောင်းခဲ့ဖူး၏။

ထိုနေ့က ဘုန်းကြီးကျောင်းမှာ ဘွားဘွားက ကထိန်ခင်းသည်။ နေ့လည်စာကို ဒန်ပေါက်နှင့်ရေခဲမုန့်ကျွေးသည်။ မောင်တို့ ဘုန်းကြီးကျောင်းသားတွေလည်း ဧည့်သည်တွေနှင့်တန်းတူ စားခွင့်ရသည်။ မောင့်ကို မေမေမမြင်အောင် ရေခဲမုန့် နောက်တစ်ခွက် ထပ်ပေးရင်း ကြိုက်လားမောင်ဟု ကျွန်မမေးမိသည်။ အဘစ် ခေါ် သလို မောင် ဟု ဘယ်အချိန်ကစပြီး ခေါ်ခဲ့မိမှန်း ကျွန်မ မမှတ်မိပါ။

မောင်က သိပ် ကြိုက်တာပဲဟု ပြောသည်။

ထို့နောက် ကျနော်နဲ့မမ မင်္ဂလာဆောင်ရင်လည်း အိုက်စ်ကလင်စားရမှာ မဟုတ်လား တဲ့။ ကျွန်မ အသံထွက်ပြီး ရယ်မိပါသည်။

အိုက်စ်ခရင်းဟူသည့် အင်္ဂလိပ်အသံထွက်ကို သူ ပီပီသ



သ ရွတ်တတ်အောင် ထိုညနေက စိတ်ရှည်လက်ရှည် ကျွန်မ သင် ပေးခဲ့သည်။

ကျွန်မက အကြီးမို့ ကျွန်မကချည်း သူ့ကို ဘာမဆို သင်ပေးရလိမ့်မည်ဟု ထင်ထားခဲ့ပေမယ့် သူက ကျွန်မကို ပြန် သင်ပေးရတာတွေလည်း ရှိ၏။ ဥပမာ စွန်လွှတ်နည်းပေါ့။

ရေနံချောင်းမြို့မှာ ကောင်လေးတိုင်း စွန်လွှတ်ဖူးသည်။ ဓရာဝတီသောင်ခုံသို့ သွားပြီး စွန်လွှတ်သည့်အုပ်စုတွေလည်းရှိပြီး တောင်ကုန်းတွေပေါ် တက်ပြီး စွန်လွှတ်သည့်အုပ်စုတွေလည်း ရှိ၏။ ကိုလတ်ကတော့ ရှစ်တန်း ကိုးတန်းအရွယ်အထိ ကျွန်မတို့အိမ် မီးဖိုဆောင်၏ အုတ်မိုးပေါ်သို့ တက်ပြီး စွန်လွှတ်နေကျဖြစ်သည်။ ကိုလတ်နှင့်အတူ ကျွန်မပါ အမိုးပေါ် လိုက်တက်ပြီး သူ့စွန်ကို ယူကိုင်ဖူးပါသည်။

'ကိုလတ် ကျနော်လည်း စွန်လွှတ်တတ်ချင်တယ်'

'မိန်းကလေးက အိန္ဒြေရရ မနေဘူး'

'အို့ မိန်းကလေး စွန်မလွှတ်ရဘူးလို့ ဘယ်သူပြောလဲ'

'ငါပြောတယ်'

'လုပ်ပါ ကိုလတ်ရယ်'

ဘယ်လောက်ပဲပူဆာပူဆာ ကိုလတ်က ကျွန်မကို အလိုမလိုက်ပါ။ ထို့ကြောင့် ကျွန်မကို စွန်လွှတ်သင်မပေးခဲ့ပါ။ ကျွန်မတို့ စွန်လွှတ်နည်း သင်ပေးခဲ့သူက မောင်သက်ဝေ ဖြစ်သည်။

သပြေတန်းကျောင်းဘောလုံးကွင်းထဲမှာ မောင်သက်ဝေ စွန်လွှတ်သည့်အချိန်များတွင် ကျွန်မက ကျောင်းဘောလုံးကွင်းကို ဖြတ်ပြီး ကိုချစ်ညိုတို့ဆီက နွားနို့သွားဝယ်ချိန် ဖြစ်တတ်သည်။ နင့်လို စွန်လွှတ်ချင်လိုက်တာ ဟု ပြောမိသည်။

'တကယ်လား။ စွန်လွှတ်တာများ လွယ်လွယ်လေးလို့' တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ကျွန်မထက် ခုနစ်နှစ်ငယ်သည့် ကောင်လေးတစ်ယောက်က စွန်လွှတ်နည်းသင်ပေးခဲ့တာကို ကျွန်မ မရှက်ပါ။ သူ့ကို ကျွန်မက စာတွေ ဖတ်ပြတယ်လေ။ သူက ကျွန်မကို စွန်လွှတ်တတ်အောင် သင်ပေးရမှာပေါ့။ အပြန်အလှန်ပေါ့။

သူလုပ်သလို သူများအကူအညီ မပါဘဲ စွန်နှင့် ဘီးလုံးကြားရှိ ကြိုးကို ခပ်ရှည်ရှည် ခပ်လျော့လျော့ထားပြီးပြေးရင်း လေထဲဆွဲတင်တတ်ဖို့ မဆိုထားနှင့်၊ သူက ခပ်လှမ်းလှမ်းမှာ ကျွန်မနှင့် မျက်နှာချင်းဆိုင်ရပ် ကျွန်မ၏ စွန်ကို ထောင်လျက် ကိုင်ပေးထားပြီး ကြိုးအလျှော့အတင်းညှိကာ အသာလွှတ်ပေးလိုက်တာတောင် စွန် လေထဲကနေ ပြန်မကျအောင် မနည်း ကြိုးစားရသည်။ ကျွန်မ စွန်ကိုင်ပုံ ဟန်မကျလျှင် မောင်သက်ဝေက လူကြီးလေးလိုပဲ ရှုတည်တည်ဖြင့် ကျွန်မကို ဟောက်သည်။

'မမကလေ သိပ်တုံးတာပဲ' တဲ့။

'မမ ဘီးလုံးကို အဲလို အတင်းဆုပ်ဆွဲမထားနဲ့။ စွန်ကို လေနဲ့အတူတက်အောင် အလိုက်သင့်လေး ဖျော့ပေးလေ။ သူ တက်ရင် မမလက်က လိုက်လျှော့ပေး'

သူပြောသည့်အလျှော့အတင်းကို ကျွန်မ တော်တော်နှင့် အထာမကျ။ အို စွန်လွှတ်တယ်ဆိုတာ သူ့ကို ကဗျာသင်ရတာထက် ပိုခက်ပါလားဟုပင် အတွေးပေါက်သွားဖူးလေသည်။

ကောင်လေးကို ကဗျာစိတ်ဝင်စားအောင် သင်ရတာလည်း တော်တော်ခက်ပါ၏။ သူက အကြမ်းပတမ်းကစားနည်းမျိုးစုံကို ကစားတတ်ပေမယ့် ကဗျာကို နည်းနည်းမှ နားမလည်တတ်ပေ။ ကောင်လေး ပထမတန်းမှာကတည်းက သူ့အား မိတ်ဆက်ပေးဖို့ကြိုးစားလိုက်ရသည့်ကဗျာတွေ၊ တစ်ဆင့်ပြီးတစ်ဆင့်။

ကျွန်မတို့မြို့သည် တောင်ကုန်းတွေ ပေါများလှသဖြင့်



ချိုင့်မြောင်များလည်း ရှိသည်။ ချောင်းတွေ မြောင်းတွေ ပေါသည်။ အများအားဖြင့်တော့ မိုးရာသီကျမှ ရေစီးဆင်းသည့် သဲချောင်းများ ဖြစ်သည်။ ရွှေစေတီကုန်းအမြင့်ကနေကြည့်လျှင် အနောက်ဘက်မှာ ဧရာဝတီမြစ်ကို အပေါ်စီးကနေ လှမ်းမြင်နေရသည်။ မြစ်ရေတက်နေသည့်အခါ မြင်မြင်သမျှ တစ်ပြင်လုံး ရေတွေ ဖွေးနေသည်မို့ ရေဖွေးဖွေးအပြန့်ကျယ်ကြီးကို မြင်တိုင်း ကျွန်မ ငယ်ငယ်က ရွတ်ခဲ့သည့် လယ်စောင့်တဲကဗျာကို သတိရမိသည်။

'မိုးရေတက်ရေ တဖွေးဖွေး၊ ကွင်းကျယ် အဝေးဝေး၊ လယ်စောင့်တဲလေး ခြေတံရှည်၊ မိုးကုတ်အောက်မှာ တည်၊ ကြာနီတစ်ပွင့် ဖြူတစ်ပွင့်၊ တဲနှင့်ပနံတင့်။ အဲဒီကဗျာ ကြားဖူးလား။ အဲဒါ မင်းသုဝဏ်ရဲ့ကဗျာ'

'မသိဘူး'

'နင် ဒီကလေးကဗျာကိုတော့ သိကိုသိရမယ်'

'မသိပါဘူး'

ပထမတန်းမှာတုန်းက မေမေသင်ပေးခဲ့သည့်ကဗျာတွေ သူ့ခေါင်းထဲမှာ မရှိတော့ဘူးလား။ ဒီတစ်ခါတော့ ဆူပူသူက ကျွန်မ ဖြစ်သွားပြီ။

'မောင် အဲလောက် မအ စမ်းပါနဲ့ဟယ်'

'မမ ပျော်လား'

'ပျော်တာပေါ့ မောင်ရ'

အဘစံပြောသလို မောင်ရ ဟု အားရပါးရ ပြောရတာ အရသာသိပ်ရှိတာပဲဟု ကျွန်မတွေးသည်။ တကယ်တော့ ကျွန်မသည် တက္ကသိုလ်ဘုန်းနိုင်၏ဝတ္ထုတွေထဲမှာ ဇာတ်လိုက်ကို သူ၏ အစ်မအရွယ်တွေက မောင်ဟု ချစ်စနိုးခေါ်တာကို အားကျနေခဲ့သူ ဖြစ်သည်။ ကျွန်မမှာ မောင်ခေါ်စရာ မောင်ငယ်မှ မရှိဘဲ။

www.burmeseclassic.com

www.burmeseclassic.com



သူက ကဗျာကို စိတ်မဝင်စားသလောက် စွန့်လွှတ်တာတော့ တော်တော် အတတ်မြန်သည်။ သူက ကစားသည့်နေရာမှာ ထူးကို ထူးချွန်တာဟု တွေးမိသည်။ သူ့စွန်နှင့် ကျွန်မစွန် နှစ်ခုလုံး ကောင်းကင်မှာ မြင့်မြင့်မားမား တက်နေသည့်အချိန်တွင်တော့ ကျွန်မ ပျော်လိုက်တာ။

'မောင်ရေ ကြည့်စမ်း မမတို့ စွန်လေးတွေ'

ကောင်လေးသည် စွန်လွှတ်ကျွမ်းကျင်ရုံမျှမက စွန်ဖြတ်လည်း ကျွမ်းကျင်လေသည်။

ကိုယ့်စွန်ကြိုးဖြင့် သူများစွန်ကို ဖြတ်မည်ဆိုလျှင် ကိုယ့်စွန်ကြိုးသည် ကြမ်းရှပြီး ထိလိုက်လျှင် ဓားသွားဖြင့် ထိလိုက်သလိုဖြစ်ရမည်။ မှန်ဇာဟု သူတို့ ခေါ်သည်ထင်ပါရဲ့ ကြမ်းတမ်းသောကြိုးရအောင် သူ ပြုလုပ်တာမှ အကျအနပါပဲ။

ရွှေစေတီဘုန်းကြီးကျောင်းအောက်က ကျွန်းတိုင်ကြီးတွေက သူ မှန်ဇာတိုက်ဖို့ အလွန်အသုံးဝင်တာကိုး။ တိုင်လုံးတွေမှာ အပ်ချည်ကြိုးတွေကို အထပ်ထပ် ရစ်သွယ်တန်းထား၏။ ပုလင်းကွဲတွေကို ညက်အောင်ထောင်း၊ ကော်တွေ အရည်ကျိုပြီး ထိုကော်ရည်ထဲမှာ ပုလင်းကွဲ မှုန့်ညက်နေတာတွေကို ရောထည့်ပြီးတော့ သွယ်တန်းထားသည့် အပ်ချည်ကြိုးတွေကို ထိုကော်ရည်တွေ လိုက်သုတ်တော့သည်။ ကြိုးတွေ ကပ်စေးနေရာကနေ ခြောက်သွေ့လာလျှင် လက်ဖြင့်ထိကြည့်လိုက် ကြမ်းရှနေတာပဲ။ ထို ကြမ်းရှပြီး မြနေသည့် စွန်ကြိုးဖြင့် သူများစွန်ကြိုးကို လိုက်ဖြတ်လေသည်။

ဒါ စိတ်ထားပုပ်တာ။ အကျင့်ယုတ်တာပဲ။ ကျွန်မ မကြိုက်လိုက်တာ။

'ဒါ ညစ်ပတ်တာပဲ။ မလုပ်ကောင်းဘူးမောင်ရ'



ကျွန်မ ဆူသည့်အခါ သူက ခပ်အေးအေးမျက်နှာဖြင့်

'လုပ်ကောင်းတယ်။ သူများတွေလည်းလုပ်နေတာပဲ' ဟု ပြော၏။ 'မမ လိုက်မေးကြည့်။ စွန်ဖြတ်တဲ့ကောင်တွေအားလုံး သူတို့ကြိုးကို မှန်ဇာတိုက်ထားတာချည်းပဲ။ မယုံရင် သူတို့ကြိုးကို သွားကိုင်ကြည့်။ မမလက်တောင် ရှသွားဦးမယ်'

ဟောဒီကလေးဟာလေ စိတ်ပုပ်စိတ်ယုတ်ကို ရှိတယ်။ ကိုလတ် စွန်လွှတ်လျှင် အဲဒီလို မဟုတ်ပေ။

'ငါက စွန်လွှတ်ရတဲ့အရသာကို ကြိုက်တာ။ စွန်ဖြတ်ရတဲ့အရသာကို ကြိုက်တာမဟုတ်ဘူး' ဟု ကိုလတ်က ပြောဖူး၏။ ယှဉ်ပြိုင်သည့်အလုပ်၊ စွန်ဖြတ်သည့်အလုပ်တွေကို မကြိုက်လို့ အများနှင့်အတူ အုပ်စုလိုက် စွန်မလွှတ်ဘဲ လူရှင်းသည့် ကျွန်မတို့ တိုက်ခေါင်မိုးပေါ် လာလွှတ်တာပေါ့။

ကိုလတ်က သူများစွန်ကို မဖြတ်ပါ။ သူ့ကို လာဖြတ်လျှင် သူက တိမ်းရှောင်ပေးသည်။ ကိုလတ်က အရှောင်အတိမ်း သိပ်ကောင်းတာပဲ။ သူ့စွန်သည် သူများစွန်နှင့် ပြေးတမ်းလိုက်တမ်း ကစားနေသလို ရှိသည်။

ကျွန်မထက် နှစ်နှစ်ကြီးသော ကိုလတ်၏လုပ်ပုံကိုင်ပုံတွေသည် ကျွန်မထက် ခုနစ်နှစ်ငယ်သော ကောင်လေးနှင့် တော်တော်ကို ကွာခြားသည်။ ကိုလတ်က စွန်ကို အိမြွေ့ရရ ကျွမ်းကျင်စွာ လွှတ်တင်သလောက် ကောင်လေးက ပျာယီးပျာယာ အလောတကြီး လွှတ်တင်ပြီး စိတ်ဆိုးမာန်ဆိုး စွန်ချင်းဖြတ်တတ်သည်။

မောင်သက်ဝေစွန်လွှတ်တိုင်း ကျွန်မ ကိုလတ်ကို သတိရတတ်ပေမယ့် ကိုလတ်က ကျွန်မအနားမှာ မရှိတော့ပါ။ ရွှေစေတီကျောင်း၏နောက်ဘက် ရွှေစေတီတောင်ကုန်းလေးပေါ်မှာ ကျွန်မတို့နှစ်ယောက် အတူတူ စွန်လွှတ်သည့်အချိန်တွင် ကိုလတ် ဘယ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေမလဲဟု တွေးမိတာ ခဏခဏ။ ကိုလတ်သင်မပေးပေမယ့် အခု ကျနော် စွန်လွှတ်တတ်နေပြီဟု ကြွားချင်တာလည်းပါ။ ကိုလတ် ရုပ်ရှင်တွေမှာမြင်ဖူးသည့် သံတိုင်တွေနောက်မှာ မျက်နှာငယ်ငယ်နှင့် ရပ်နေမည့်ကိုလတ်ကို မြင်ယောင်ပြီး လွမ်းတာလည်း ပါပါသည်။

ကောင်လေးတွေက ချာရမ်းဟုခေါ်သော အမြီး မပါသည့် စွန်ကို လွှတ်ပြီး ကျွန်မတို့ကတော့ မိန်းကလေးမို့တဲ့၊ အမြီးပါသည့် စွန်လေးကို လွှတ်ရသည်။ ကောင်လေးက အပြာရောင်စွန်ကို ကြိုက်ပြီး ကျွန်မက စွန်ဆိုလျှင် အနီရောင်မှ ကြိုက်သည်။ ကိုလတ်ကတော့ အဝါနှင့်အစိမ်း၊ အဝါနှင့်ခရမ်း စသည့် စပ်ကြားစွန်ကို သဘောကျသည်။

ကျွန်မ၏စွန်လေး အမြီးတလွင့်လွင့်ဖြင့် ကောင်းကင်မှာဝဲနေတာကို ဒီအတိုင်း စောင့်ကြည့်ရသည့်အရသာကို ကျွန်မ နှစ်သက်လာတော့သည်။ ကောင်းကင်တွင်နေသားကျသွားသည့်အခါ စွန်လေးသည် သူ့အရှိန်နှင့်သူ လေဟုန်စီးလျက် ပြန်မကျဘဲ ငြိမ်သက်နေသည်ကို စောင့်ကြည့်နေမိသည်။ အံမယ် စွန်ဘီးလုံးလေးကို မြေပြင်ပေါ်မှာ ခဏ ချထားလိုက်လို့ရသေး၏။

မောင်က လောဘတကြီး သူများစွန်တွေကို လိုက်ဖြတ်ပြီး ပြတ်သွားလို့ မြူးတူးစွာခုန်ပေါက်နေချိန် ကျွန်မက ကောင်းကင်မှာ လေဟုန်စီးနေသောစွန်လေးကို စောင့်ကြည့်ရင်း ကျေနပ်ပျော်ရွှင်နေတော့သည်။

'မမ စွန်ကို ပြန်သိမ်းတော့လေ။ ဟိုမှာ ဟိုချာရမ်းတာ မမစွန်ကို လာဖြတ်တော့မှာ'

'သူ မဖြတ်ပါဘူး'

'ဘာလို့ မဖြတ်မှာလဲ'



'အမြီးပါတဲ့စွန်က ဖြတ်ဖို့ ပြိုင်ပွဲဝင်တဲ့စွန်မှ မဟုတ်ဘဲမောင်ရဲ့။ အမြီးတပ်ထားရင် မဖြတ်ရဘူး၊ ဒါက ကောင်းကင်ရဲ့ ဥပဒေလေ'

ကိုလတ် ခဏခဏ ပြောသော စကားကို လွှတ်ခနဲ ပြန်ပြောလိုက်မိသွားသည်။

သို့သော် ကျွန်မစကားမှားသွား၏။ မရမ်းရောင်ချာရမ်းသည် ကျွန်မစွန်ကို လာဖြတ်နေပါပကော။

'ဟော တွေ့လား။ မမကသာ ကောင်းကင်ဥပဒေတွေဘာတွေပြောနေ။ ဟိုက ဖြတ်တော့မယ်။ ပေး ကျနော့်ကိုပေး'

စွန်ဘီးလုံးကို ကျွန်မဆီက အတင်းဆွဲယူကာ ရှောင်တိမ်းပေးလေသည်။

'ကဲ မောင်ရယ် ဖြတ်မှာဖြင့်လည်း ဖြတ်စမ်းပါစေ။ စွန်တစ်ခုက ဘယ်လောက်တန်မှာလဲ'

သို့သော် မောင်က အဖြတ်မခံပါ။ မောင်သည် အရှောင်အတိမ်းလည်း တော်တော် ကျွမ်းကျင်၏။ စွန်ချင်း ကြိုးငြိနေတာကို ရှုအောင် လျှော့ပေးပြီး အနားကနေ ခွာလေသည်။ ဟိုဘက်စွန်က အတင်းဆွဲလိုက် မောင်က ကျွန်မစွန်ကို အသာလေး လျှော့ပေးလိုက်။ ကြာတော့ ဟိုစွန်က ပျင်းသွားပုံရသည်၊ လက်လျှော့ကာ ပြန်ခွာသွား၏။

'မမ စွန်တစ်ခုကို ကျွန်တော်က ပိုက်ဆံနဲ့ မတွက်ဘူး။ ဒါက မမစွန်လေ။ ဘယ်ကောင်မှ မဖြတ်ရဘူး'

'ဘာလဲ ကိုယ်ကပဲ သူများကို ဖြတ်မယ်လား'

'အင်း'

မောင်က ရှက်ရယ် ရယ်ပါသည်။

မောင်က စွန်နှင့်ပတ် သက်လျှင်လည်း အလွန်အတ္တကြီး

www.burmeseclassic.com

www.burmeseclassic.com



သည့်ကောင်လေးပါ။ သူက အချိန်တန်လျှင် သူ့စွန်ဘီးလုံးမှာ သူ့ စွန်ပြန်ရောက်ရမည်ဆိုသည့် အမိဌာန်ဖြင့် စွန်လွှတ်သူ။ ကျွန်မက လွှတ်ရသည့်အရသာကို နှစ်သက်စွာ ကြည်နူးတတ်သူ။ အဲဒါကိုက ကွာတာပဲ။

ကျွန်မတို့နှစ်ယောက်သည် စွန်လွှတ်ရင်း ကောင်းကင်မှာ စွန်လေးတွေ လေဟုန်စီးနေကြချိန်တွင် အနားက မြက်ခင်းပေါ်တွင် ဘေးချင်းယှဉ် ပက်လက်လှဲကာ ကောင်းကင်ကို မော့ကြည့်ရင်း ငြိမ်သက်နေတတ်ကြသည်။ ကုန်းမြင့်အထက်မို့ လေကခပ်ကြမ်းကြမ်းတိုက်ခတ်လျှင် ကျွန်မနဖူးပေါ်က ဆံပင်တွေ ဝေ့ဝဲဖွာကုန်သည်။ ထိုအခါမျိုးတွင် ကောင်လေးက ဘေးမှာ လှဲနေရင်းက မြင်တတ်၏။ ကျွန်မနဖူးပေါ်မှာ ရှုပ်နေသော ဆံနွယ်များကို ဖယ်ပေးလိုက်သည်။ နောက်တစ်ခါ လေတိုက်တော့ ဆံပင်တွေ နဖူးပေါ်ဝဲကျ အုပ်ပြန်၏။ ဒါကို ကောင်လေးက နောက်တစ်ကြိမ် ထပ်ဖယ်ပေးပြန်၏။ ဆံနွယ်တို့ကို စိတ်ရှည်လက်ရှည် သာသာလေး ဖယ်ပေးနေသော မောင့်လက်ကလေးတွေကို ကျွန်မ ချစ်လိုက်တာ။ ဆွဲယူပြီး ဖျစ်ညှစ်မိသည်။

အို ကောင်လေးလက်တွေက ကြမ်းလှချည်လား။

သူ့လက်ဖဝါးမှာ လက်ချောင်းတို့၏အောက်ခြေနေရာ၌ အသားမာ တက်နေ၏။

'မောင် နင့်လက်တွေ ကြမ်းလှချည်လား၊ ဘာဖြစ်လို့လဲ။ ရေဆွဲရသလား။ ရေတွင်းကနေ ရေငင်ရလို့လား'

မောင်က ဘာမှ မဖြေဘဲ ကျွန်မလက်ကို ပြန်ဆုပ်ညှစ်လိုက်သည်။ ကျွန်မ စိတ်မကောင်းဖြစ်သွား၏။

မောင့်ကို သနားလိုက်တာ။



ထိုလက်လေးတွေ နူးညံ့သွားအောင် ကျွန်မ သူ့ကို ဘယ်လို ကူညီနိုင်ပါ့မလဲ။

သူ့အရွယ်လေးနှင့် သပိတ်တွေဆေးနေရတာ ရေဆွဲနေရတာ ကျွန်မ သနားသည်။ သူ့ကို ဖုံတသောသောထဲမှာ ပြေးလွှားနေမည့်အစား အဝတ်အစား ဖြူဖြူဖွေးဖွေး သေသေသပ်သပ် ဝတ်စေချင်သည်။ လက်သည်းခြေသည်းတွေ ချေးညှော်ကင်းစင်စေချင်သည်။ စာတွေ တတ်စေချင်သည်။ သူ့ကို ဘုန်းကြီးကျောင်းမှာ ဘာဖြစ်လို့ နေခိုင်းတာပါလိမ့်။ သူ့အဖေကို ကျွန်မ စိတ်ဆိုးသည်။

ဘွားဘွား ခဏခဏပြောသော 'စာတတ်အောင်သင် စာတတ်မှ သူများခိုင်းဖတ် မဖြစ်မှာ' ဆိုသည့်စကားကို သူ့ကို ကျွန်မ တစ်ဆင့် ပြန်ပြောပြပါသည်။ သူ သိပ်နားမလည်သေးပါ။

ပိုးတုံးလုံးလေး လိပ်ပြာဖြစ်ဖို့ ခွန်အားတွေ လိုသလို သူသည်း ခွန်အားတွေလိုမှာ။ သူလိုသမျှ ကျွန်မ ဖြည့်ပေးချင်လိုက်တာ။ မုန့်တွေလည်း ကျွေးချင်၏။ ဘွားဘွား ခဏခဏ အလှူလုပ်ရင် ကောင်းမှာဟု တွေးသည်။ ကျွန်မ၏ သတင်းစာစာရွက်တွေချည်း မဟုတ်ဘဲ အခြား စိတ်ဝင်စားစရာ စာအုပ်တွေလည်း ဖတ်ခိုင်းချင်သည်။ ကျွန်မအိမ်မှာကြည့်ရသည့် ကာတွန်းကားလေးတွေလည်း ကြည့် စေချင်သည်။ ဥပမာ ရေနံချောင်းမှာ ဗွီဒီယိုတွေ တင်ခေတ်စားချိန်၊ ကျွန်မ သူ့အရွယ်မှာကြည့်ခဲ့ရသည့် မောဂ္ဂလိ ကာတွန်းကား မျိုးပေါ့။ ကျွန်မ သိပ်ကြိုက်ခဲ့သည်။

ကျွန်မ သတိရသွားသည်၊ ကျွန်မကို မေမေဖတ်ခိုင်းခဲ့သော မောဂ္ဂလိစာအုပ်ရှိတာပဲ။ ထင်လင်း မြန်မာဘာသာပြန်သော မောဂ္ဂလိ တောဟောဝန်စွန့်စားခန်းများ ဆိုလျှင် ယောကျ်ားလေးတွေ ကြိုက်တတ်သည့်စာအုပ်မျိုးပါ။

တကယ်တမ်း မောဂ္ဂလိစာအုပ်ကို ကျွန်မနှင့်မောင်

www.burmeseclassic.com

www.burmeseclassic.com



အတူတူ ဖတ်ဖြစ်ခဲ့တာက ကျွန်မ ဆယ်တန်းရောက်မှပါ။ မောင်က သုံးတန်းပေါ့။ ကျောင်းတွေ အတော်ကြာကြာပိတ်ခဲ့တာမို့ ကျွန်မတို့ ကျောင်းပြန်တက်သည့်အခါ ရှိရမည့်အသက်ထက် ပိုကြီးနေတာကို ကျွန်မ ဝမ်းနည်းတတ်ခဲ့သည်။ မောင်သက်ဝေကတော့ ဘာကိုမှ မသိသည့်ကလေးမို့ ကျောင်းတက်ရမှာ ပျင်းလိုက်တာနော် ဟု ညည်းရုံပဲ။

မောဂ္ဂလိ၏တောဟောဝန်စွန့်စားခန်းများကို မေမေ ဖတ်ခိုင်းတုန်းက ကျွန်မ တကယ် ဖတ်မဖတ် သေချာအောင်လား ဒါမှမဟုတ် တွေးတတ်အောင်လားမသိ၊ မေးခွန်းတွေ မေးခဲ့သည်။ ကျွန်မ မေမေ့အတုကို ယူကာ မောင့်ကိုလည်း အခန်းတိုင်းကို တွဲခေါ် ဖတ်ပြရင်း မေမေမေးသည့်အတိုင်း မေးခွန်းတွေ မေးခဲ့ပါသည်။

'တောဟောဝန်ဆိုတာ ဘာလဲ မောင်သိလား'

'တောဟောဝန်ဆိုတာ တောပေါ့ မမရ၊ သီချင်းထဲမှာတောင် ပါသေးတယ်လေ'

ကဲ။ သူကတောင် ကျွန်မထက် ပိုသိနေသလိုပဲ။ ကျွန်မ သူ့အရွယ်တုန်းက ဟောဝန်ဆိုတာဘာလဲဟု မေမေမေးတာကို ယောင်တောင်တောင်ဖြစ်သွားလို့ မေမေက သီချင်းတစ်ပုဒ်ကို ဆိုပြခဲ့ဖူးသည်။

'ဟောဝန်စုံမြိုင်×××တောဂနိုင်ဆန်းကျယ် မမောနိုင် လှမ်းမယ် မောင်ရယ် လိုက်ခဲ့ပါလား×××ကွယ်' တဲ့။

'တောကို ဘယ်လို နားလည်သလဲ။ တောဆိုတဲ့စကားကို ကြားရင် မောင်ဘာကို မြင်မိလဲ'

'တောဆိုတာ ကြောက်စရာကြီး။ လူမရှိဘူး။ သစ်ပင်ကြီးတွေနဲ့ အကောင်ကြီးတွေ ရှိတယ်'



'တောထဲမှာ ဘာကောင်တွေ ရှိမယ်ထင်လဲ'

'ကျားတွေ ဆင်တွေပေါ့။ မြွေတွေလည်း ရှိမှာပေါ့'

'စဉ်းစားပါဦး နောက်ထပ် အကောင်တွေ ဘာတွေ ရှိဦးမလဲလို့'

မောင်က သူ့နဖူးသူ လက်ညှိုးဖြင့်ထောက်ပြီး မျက်စိကို ထောင့်ကပ်လျက် စဉ်းစားသည်။

'မြွေခွေးတွေရှိမယ်'

အံ့သြစရာပဲ။ မောင်သည် ကြောက်စရာကောင်းသော သတ္တဝါတွေကိုသာ ထည့်ပြောလေသည်။ ချစ်စရာကောင်းသော သမင်တို့ ဒရယ်တို့ ယုန်တို့ ဒေါင်းတို့ ငှက်တို့ကို ထည့်မပြောပေ။

'မမတို့ နိုင်ငံမှာ တောတွေရှိတယ်ထင်လား'

'ရှိတယ်။ ဘဘုန်းကပြောတယ်'

'တခြားဘယ်နိုင်ငံတွေမှာ တောတွေ ရှိမယ်ထင်လဲ'

ထိုမေးခွန်းကိုတော့ မောင် ချက်ချင်း မဖြေဘဲ မျက်လုံးထောင့်ကပ်စဉ်းစားပြီးမှ အိန္ဒိယမှာ ရှိမယ်ထင်တယ်ဟု ဖြေသည်။

'တောတွင်းရဲ့ဥပဒေတွေကို သိလား'

'ဘာလဲ တောတွင်းရဲ့ဥပဒေ'

'မောင်ကလည်း တို့တွေ စွန်လွှတ်တဲ့အခါ ကောင်းကင်ဥပဒေရှိတယ်လေ။ အမြီးပါတဲ့စွန်ကို ချာရမ်းနဲ့အတူတူ သဘောထားပြီး မဖြတ်ရဘူးလေ။ အဲဒါမျိုးပေါ့။ တောမှာရော ဘယ်လိုစည်းကမ်းတွေ ရှိမယ်ထင်လဲ'

'မသိဘူး'

'အေးအေး ဒီစာအုပ်ကို ဖတ်ပြီးရင် တောတွင်းမှ တိရစ္ဆာန်တွေကြားထဲမှာ ဖြစ်နေတဲ့ဟာကို မောင်နားလည်သွားမှာ'

မောဂ္ဂလိ၏ စွန့်စားခန်းတွေကို မောင် အလွန်သဘော

www.burmeseclassic.com



ကျသဖြင့် စာအုပ်ကို သုံးလေးရက်အတွင်းမှာ ဖတ်လို့ပြီးသွား၏။ လူတွေရဲ့ဥပဒေနဲ့ တောတွင်းက ဥပဒေ တူလား။ မောဂ္ဂလိ လူတွေကြားထဲမှာ ပြန်နေနိုင်မယ် ထင်လား။ သူ အဆင် ပြေမယ်ထင်လား စသည်ဖြင့် မေမေ ကျွန်မကို မေးခဲ့ဖူးသည့် မေးခွန်းတွေ သူ့ကို ထပ်မေးကြည့်တော့ မတူကွဲပြားသည့်အဖြေတွေကို ရသည်။

တံခါးမှူးနှင့် တံငါသည်ပုံပြင်ကို မောင် သိပ်နားမလည်မှန်း ကျွန်မ သိသည်။ ထို့ကြောင့် စိတ်ရှည်ရှည် ရှင်းပြဖို့ ပြင်ဆင်ထားသည်။ သို့သော် ဝမ်းသာစရာပဲ။ မောင်က မောဂ္ဂလိကို လာဘ်စားသည့် တံခါးမှူးထက်ပိုပြီး စိတ်ဝင်စားပုံရသည်။ ကျွန်မကို မောဂ္ဂလိအကြောင်း၊ ကျားကြီးအကြောင်း၊ ဝက်ဝံကြီးအကြောင်း စီကာပတ်ကုံးလည်း ပြန်ပြောနိုင်၏။ မေးခွန်းတွေကို ဖြေသည့်အခါ ဇာတ်ကြောင်းနှင့်ကိုက်ညီ၏။

ကဗျာတွေကိုတော့ သူ ချက်ချင်း နားမလည်တတ်ပေ။ ဘဘုန်းက သူ့ကို ဖတ်ခိုင်းထားသည့်စာအုပ်တွေဆိုလျှင် ပိုဆိုးသည်။ ဘဘုန်းဖတ်ခိုင်းသည့် စာအုပ်တစ်အုပ်က တော်တော်ရှေးဟောင်းကျသည့်စာအုပ်။ ရှေးခေတ် ပုံနှိပ်စာလုံးတွေနှင့်။ ကျွန်မကို မေမေ တစ်ခါမှ မဖတ်ခိုင်းဖူးပါ။ ဘယ်ဖတ်ခိုင်းမလဲ။ ဒါက ယောကျ်ားလေးတွေအတွက် သား ဆုံးမ ကဗျာကိုး။

မွေးဘလက်ရုံး မြပန်းကုံးသို့
နှလုံးဝမ်းက ချစ်နိုးလှသည်
သားလှရွှေတောင် ဖသည်းခေါင်၊
နားထောင်၍သာ စေ့စေ့နာလော့
မိရာဘရည် တည်မည်အကြောင်း
ကောင်းသောကျင့်ဝတ် စာအတတ်ကို
သားမြတ်ယခု တတ်အောင်ပြုလော့



ဗဟုသုတ မရှိကမူ
လျှောကျရေတူ လူမဟူက
ရှက်ကြီးရလိမ့်။

ဘသည်းခေါင် ဟူသော စကားလုံးကို ကျွန်မက ခံစားတတ်ပေမယ့်ကောင်လေးက ခံလည်း မခံစား၊ နားလည်း မလည်။

'ဘသည်းခေါင်ဆိုတာ ကိုယ့်ဖခင်က သူ့အသဲရဲ့ အခေါင်အထွဋ်လို သားလေးကို ချစ်မြတ်နိုးရတာကို ပြောတာဟ'

မတုန်မလှုပ်ရှိနေသောသူ့ကို သတိတရ မေးမိသည်။

'မောင်လေးအဖေက မောင်လေးကို မချစ်ဘူးလား'

မသိဘူး ဟု ဖြေလိုက်သော သူ့မျက်နှာလေးက ဘာမှထူးခြားမပြောင်းလဲ။ ချစ်သည့်အရိပ်လည်းမရှိ၊ ခါးသီးသည့်အရိပ်လည်း မမြင်ရ။ ဗလာမျက်လုံးတွေ။

'မောင်လေး အမေကရော'

'မသိဘူး'

ကျွန်မ မေးမိတာ မှားသွားပြီ။ သူ့အမေက သေပြီဆိုတော်လား။ မေမေ့မှတ်စုထဲမှာ ကွယ်လွန် ဟု ရေးထားသည်။

သူ့ဘဝမှာ ကျွန်မလောက် သူ့အပေါ် ယုယကြင်နာစွာဆက်ဆံသူ မရှိဘူးဟု ထင်သည်။ သူ့သံယောဇဉ်တွေက တဖြည်းဖြည်း တော်တော် နက်ရှိုင်းလာသည်ကို ကျွန်မ ခံစားရသည်။

'မမနဲ့ကျနော်နဲ့ တစ်အိမ်တည်းနေရရင် ကောင်းမှာနော်'

ငယ်စဉ်ကလို မင်္ဂလာဆောင်ရအောင်ဟု မပြောတော့သည့်အတွက် မောင်သက်ဝေ လူလားမြောက်လာပြီဟု မှတ်ချက်ချရမလား။

ကျွန်မကျူရှင်တက်သည့် သိန်းကောလိပ်သည် အရင်

www.burmeseclassic.com

www.burmeseclassic.com



က နေခဲ့သည့် သပြေတန်းကျောင်းနှင့်နီးသည်။ ထို့ကြောင့် မောင်နေသည့် ရွှေစေတီဘုန်းကြီးကျောင်းနှင့်လည်း နီးသည်။ အရင်နှစ်တွေက အရေးအခင်းကြောင့် ကျောင်းတွေ ပိတ်ထားချိန်မှာ မောင်ရှိရာသို့ အဘွားဉပုသ်စောင့်ရာ အဖော်လိုက်ရင်း ခဏခဏ ရောက်ဖြစ်တာက ကျွန်မ၊ အခုအခါ ကျွန်မရှိရာ သိန်းကောလိပ်သို့ ရောက်ရောက်လာတတ်တာက မောင်။ ကျွန်မ ကျူရှင် ဆင်းခါနီးအချိန်တွင် မောင်သက်ဝေက ကျူရှင်အုတ်လှေခါးအနီး သစ်တုံးတိုတစ်ခုပေါ်မှာ ထိုင်ရင်း ကျွန်မတို့ ကျူရှင်အဆင်းကို စောင့်နေတတ်သည်။

ဖြောင့်စင်းနေသည့် ဆံပင်ခပ်ရှည်ရှည်က နဖူးပေါ် ပျော့တိပျော့ဖတ် ဝဲကျလျက် ကျွန်မဆီသို့ ရောက်လာတတ်သည့် မောင်သက်ဝေသည် သေသေသပ်သပ်နေတတ်လာတော့ ရုပ်ရည်လေးသန့်ပြန့် ချောမွေ့လာပြီ။ ခါးမှာ သို့မဟုတ် လက်ကောက်ဝတ်မှာ သားရေကွင်း ကွင်းဆက်တွေ ပတ်လျက်သား မတွေ့ချင်ဘူးဟု သတိပေးထားပါလျက်နှင့် တွေ့ရလျှင် အရင်ကလို အတန်းရှေ့၊ ကျောင်းဝန်းထဲ၊ ဘောလုံးကွင်း နေရာမရှောင် သူ့ပါးကို လိမ်မဆွဲမိဖို့ ကိုယ့်ကိုယ်ကို ထိန်းရပြီ။ သူ့အရပ်က ကျွန်မပခုံးကို ကျော်လာပြီ၊ တတိယတန်းကျောင်းသားကြီးအဖြစ် သူ ရှက်တတ်လာပြီကိုး။

သူငယ်ချင်းတွေက မောင့်ကို စချင်နောက်ချင်သည်။

'သက်ဝေတဲ့လား နာမည်လေးက လှတယ်။ ကိုနေဝင်းရဲ့သီချင်းထဲကလိုပေါ့။ အစောဆုံးပြန်ခဲ့ နှင်းသက်သက်ဝေ'

စောယုမွန်က စနောက်ရုံမက ဖက်နမ်းချင်နမ်းသေး၏။ မောင်က မကြိုက်တော့ အသာရှန်းထွက်သည်။

'မလုပ်ပါနဲ့ဗျ' ဟု ခပ်တည်တည်လည်း ပြောတတ်သည်။



'စောယုမွန် သူက အယုအယ သိပ်မခံရဖူးတော့ အဲဒါမျိုးကို နေသားမကျဘူး' ကျွန်မက ရှင်းပြရသည်။ သူ အစ်မရင်းလိုချစ်သော ကျွန်မကိုတောင် တစ်ခါတစ်ခါ ရှောင်ဖယ်ဖယ် နေချင်နေတတ်တာလေ။

ကျွန်မကိုစောင့်လျှင် စာအုပ်တစ်အုပ် ထိုင်ဖတ်နေ ဟု ပြောထားသော်လည်း စာအုပ်ထက် ကစားဖို့ကို သူ ပိုစိတ်ဝင်စားသည်။ မြေပြင်ပေါ်မှာ တစ်ယောက်တည်း ဒိုးထုချင်ထုနေတတ်သည်။ ဘာလုပ်နေတာလဲဟု မေးလျှင် လေ့ကျင့်နေတာ တဲ့။

ဒိုးထုကျင့်သည့်ကောင်လေးက ကျောက်ဒိုးတွေ ဖန်ဒိုးတွေကိုပဲ ထုမည်ဟု ထင်တာပေါ့။ လူကို ထုဖို့လည်း လက်မှန်းသည့်နေမည်ဟု ဘယ်ထင်ခဲ့ပါ့မလဲ။ တကယ်တော့ ကောင်လေးသည် ထင်ထားတာထက် လက်ယဉ်သူပဲ။ ယောကျ်ားလေးတွေနှင့်ဖြစ်တတ် ဒေါသကြီးတတ်တာကို ကျွန်မ နားလည်နိုင်ပါရဲ့။ သို့သော် သူ လက်မြန်ပုံကတော့ လွန်လွန်းသည်။

တစ်ညနေက ကျူရှင်အဆင်းတက်သည့် မြတ်အေးက ကျွန်မနှင့်ကပ်လိုက်လာပြီး ကျွန်မလက်ထဲ ရည်းစားစာကို အတင်းထည့်သည်။

'ဖယ်ဟာ မလိုချင်ဘူး'

'ယူသွားပါ အင်ကြွင်းရယ် ဖတ်တော့ဖတ်ကြည့်ပါဟာ'

'ဟင့်အင်း'

ခဏနေတော့ အံမာလေးဗျာဟု အော်သံပဲ ကြားလိုက်ပြီး မြတ်အေး၏နဖူးမှာ သွေးတွေ ရဲခနဲ ဖြာဆင်းလာတာကို မြင်လိုက်ရသည်။ ကျွန်မ လန့်ပြီး အမေ့ဟု အော်လိုက်မိသည်။

'ဟာ ဒီကောင်လေး သေတော့မယ်'

မြတ်အေးက ဘယ်တုန်းက ရောက်နေမှန်းမသိသော

www.burmeseclassic.com

www.burmeseclassic.com



မောင်သက်ဝေကို လည်ကုပ်ကနေ ဆွဲပြီး လွှင့်ပစ်လိုက်တာ မြင်တော့မှ အဖြစ်အပျက်ကို နားလည်သွားသည်။ ဒီကောင်လေးက ကျောက်ဒိုးနှင့် လွှဲပြီး ပစ်ပေါက်ခဲ့တာပဲ ဖြစ်ရမည်။ မြတ်အေးက ဆွဲလွှင့်ပစ်လိုက်လို့ ကောင်လေး ကတ္တရာလမ်းပေါ် ခွေကျသွားသည်ကို မြင်သည့်အခါ ကျွန်မမျက်လုံးတွေ ပြာဝေသွားပါသည်။

'နင်ဘယ်လိုလုပ်တာလဲ အဲဒါ ငါ့မောင်လေးဟဲ့'

'နင့်မောင်လုပ်လိုက်တာလည်း ကြည့်ဦးလေ၊ ငါ့ခေါင်းကွဲသွားပြီ။ ကလေးက ကလေးလို မနေဘူး'

'ခင်ဗျားက မမအနားကပ်ပြီး မမစိတ်ညစ်အောင် လုပ်နေတာကိုးဗျ'

ကောင်လေးက လဲနေရာကနေ လူးလဲကြုံးထကာ အော်သေးသည်။

'တော်ပြီ တော်ပြီ။ နင်လည်း သွားတော့။ မောင်လေး သူများကို သွေးထွက်သံယို ဖြစ်အောင်လုပ်တာ မမ မကြိုက်ပါဘူး။ သူက မမကို ဘာလုပ်လို့လဲ'

'ဒီလူကြီးကြောင့် မမ စိတ်ညစ်နေတယ်လေ'

ကောင်လေးက နည်းနည်းမှ မလျှော့။ သူမှန်သည်ဟု တစ်ထစ်ချ ယုံကြည်ထားပုံပဲ။

'မောင်လေးရယ်။ အပျိုတွေကို လူပျိုတွေက ကြိုက်ရင် လိုက်ပြောကြတာပဲ။ မင်းလည်း အရွယ်ရောက်လာရင် လိုက်ပြောမှာပဲ။ မိန်းကလေးက အိန္ဒြေမပျက်အောင် နေရင် ပြီးတာပဲ'

'ကျနော်လား ဘယ်တော့မှ လိုက်မပြောဘူး။ ညစ်တီးညစ်ပတ်အလုပ်တွေ'

စူပုပ်သောမျက်နှာထားဖြင့် ကျွန်မကို တစ်ခွန်းမခံ ပြန်ပြောနေသည်။ ကျွန်မ စိတ်ဆိုးနေသည့်ကြားက ပြုံးချင်ချင် ဖြစ်



သွား၏။ ညစ်တီးညစ်ပတ်အလုပ်တဲ့၊ ဘုန်းကြီးကျောင်းသား ပီသလိုက်တဲ့စကားပါလား။

ဒါပေမယ့် ဒါက ဟုတ်များဟုတ်နေလား။

ပထမတန်းတုန်းက မေမေနှင့်ကလေးတွေ ပျော်ပွဲစားထွက်တုန်းက ကိုလတ်သည် ကောင်လေးတွေအား ရယ်သလိုမောသလိုနှင့် မိန်းကလေးတွေနဲ့ ခင်လား။ ဘယ်လိုကောင်မလေးမျိုးကို ရည်းစားထားချင်လဲ စသည်ဖြင့် မေးခဲ့တော့ ကောင်လေးဖြစ်သွားသည့်မျက်နှာကို ကျွန်မ မှတ်မိသည်။ ချက်ချင်း တည်ပြီးသတိထားသွားသည့် မျက်နှာ။ စိုးထိုက်သူနှင့် ဖွဲ့နောင်တို့က ရှက်ရယ်ရယ်ပြီး ဖြေကြပေမယ့် ကောင်လေးက ခပ်တည်တည်ဖြင့် ငြင်းသည်။

'ဒီလိုမေးခွန်းမျိုးကို ကျနော် မဖြေချင်ဘူး'တဲ့။ ကိုလတ်က ပါးစပ်အဟောင်းသားဖြစ်သွားခိုက် မေမေက ရယ်လေသည်။

ကျွန်မလိုချင်တာက နာခံတတ်သောမောင်လေး တစ်ယောက်။ အခု ကျွန်မ တွယ်တာနေမိတာက စိတ်တိုတတ်သော စကားကြီးစကားကျယ်တွေ ပြောတတ်သော လက်ယဉ်သော လူဆိုးကလေးတစ်ယောက်။ ထစ်ခနဲရှိလျှင် လက်ကအရင်ပါတာ ကျွန်မ မကြိုက်သည့် အမူအကျင့်ပါ။

'လူတစ်ယောက်ကို သွေးထွက်သံယိုဖြစ်အောင် လုပ် တာ အိမ်ရိုင်းတယ်'

ကျွန်မက ရင်တွေတုန်လျက် သူ့ကို မျက်နှာထားတင်းတင်းဖြင့် ဆူလိုက်သော်လည်း သူက ပန်းနှင့်ပေါက်သလိုပဲ။ အင်းပါဟု ပုံမှန်လို စကားပြောသည်။

ထို့နောက် ရုတ်တရက် ဘာစိတ်ကူးပေါက်သွားသည်မသိ။ 'မမနဲ့ ကျနော်နဲ့ တစ်အိမ်တည်းနေရရင်ကောင်းမှာနော်'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။ ကျွန်မ သူ့ကို ငုံ့ကြည့်လိုက်တော့ စောစောကလို ဒေါသတကြီးမျက်နှာတော့မဟုတ်။ သို့သော် ကျွန်မ ထင်ထားသလို ကလေးတစ်ယောက်၏ အားကိုးမျှော်လင့်သည့် မျက်ဝန်းတို့ကို လည်း မမြင်ရ။ သူ့ကြောင့် လူတစ်ယောက် ခေါင်းပေါက်သွားလို့ ဘာမှ ပြောင်းလဲမသွားသည့် မျက်ဝန်းတွေ။

ဘယ်လို ထုံပေပေကောင်လေးပါလိမ့်။

'ဘာဖြစ်လို့လဲ ကျောင်းမှာနေရတာ မင်းမပျော်ဘူးလား'

သူ ဘာမှ ပြန်မဖြေပါ။

'ထစ်ခနဲရှိ လက်ပါတတ်တဲ့မင်းအကျင့်ကို မပြင်ရင်တော့ မမျှော်လင့်လေနဲ့'

ကျွန်မ ဘာဖြစ်လို့ ထိုစကားကို ပြောလိုက်မိမှန်းမသိ။ ကလေးတစ်ယောက်ကို မျှော်လင့်ချက် ပေးလိုက်သလို ဖြစ်သွားမှန်း ထိုစဉ်က မတွေးမိခဲ့ပေ။

'တကယ် ကျနော် ဘယ်သူ့ကိုမှ ကျောက်ခဲနဲ့မပစ်ဘူးဆိုရင် ကျနော့်ကို မမအိမ်ကို ခေါ်မှာလား'

ကျွန်မ ကလေးတစ်ယောက်အပေါ် ကျွန်မ စကားမှားသွားခဲ့ခြင်းပါလား။ သို့သော် ကျွန်မ ဖြေခဲ့မိသည့် အဖြေက ပိုမှားခဲ့ပါသည်။

'အေး ခေါ်မှာပေါ့'

ကျွန်မဘဝ၏အမှားတွေ ထိုညနေကတည်းက စခဲ့ဟန်တူသည်။

အခုအခါ

အမယ်လေးဆိုတုန်းက
ပျိုပုန်း၍တွေ့သူမို့ မမေ့ဘယ်ခါ
တစ်ရက်ကြာလျှင်
ဗျာပါသည်းနင် တစ်နှစ်ထင်လို့
မရှင်တမျှော်
ရေရှင်တားလို့ ရက်အားပုံပေါ်လှချည့်

www.burmeseclassic.com

www.burmeseclassic.com

(၁)

'လိပ်ပြာလေးတွေက ပိုးတုံးလုံးလေးတွေကနေ ဖြစ်တာလို့ မေမေက ပြောတယ်'

မောင်ရဲဇော်လေးက ကျွန်မအား တစ်ထိုင်တည်းဖြင့် ရင်းနှီးခင်မင်သွားခဲ့ပြီ။ သူစိတ်ဝင်စားအောင် ပုံပြင်ကို ကလေးသံဖြင့် ဖတ်ပြခဲ့သောကြောင့် ဖြစ်မှာပါ။

'အေး ဟုတ်တယ် မောင်ရဲဇော်ရဲ့'

ဖားလေးတွေကလည်း အမြီးတန်းလန်းနဲ့ ဖားလောင်းလေးတွေကနေပဲ ဖြစ်တာ သားသိလား ဟု ကျွန်မ မေးချင်သည်။ သို့သော် ဖားဟူသောစကားကို ပြင်သစ်လို ကျွန်မသိသော်လည်း ဖားလောင်းဟူသော အသုံးအနှုန်းကို ကျွန်မ မသိပါ။ သိပ်ညံ့တာပါလားဟု ကိုယ့်ကိုယ်ကို ဒေါသထွက်သွားမိသည်။

လာဗင်ဒါအသုံးအဆောင်တွေနှင့် မလှမ်းမကမ်းမှာ သီးသန့် ဖြစ်နေသော သုံးထပ်စာအုပ်စင်လေးတစ်ခုရှိသည်။ ထိုစင်ထဲမှာ စာအုပ်တွေ အများကြီးပါပဲ။

စာအုပ်တွေ တွေ့တိုင်း ကြည့်ချင်သည့် ကျွန်မ ဝါသနာအရ စာအုပ်စင်ဆီသို့ ကျွန်မ လျှောက်သွားလိုက်သည်။ ပြင်သစ်နိုင်ငံ တောင်ပိုင်း ပရောဗင့်စ်ဒေသနှင့်ပတ်သက်သည့်စာအုပ်တွေကို တွေ့ရသည်။ Peter Mayle ၏ နာမည်ကြီး စာအုပ်ဖြစ်



သော A Year in Provence ကိုလည်း တွေ့ရသည်။ ကျွန်မ ပြင်သစ်သို့ မလာမီ ကြိုတင်ပြင်ဆင်နေသည့်အချိန်တွေတုန်းက ကိုလတ်က ကျွန်မကို ဖတ်ခိုင်းသည့်စာအုပ်တွေထဲမှာ ဒီစာအုပ်ပါတာပေါ့။ ကိုလတ်က ဘယ်လိုလုပ်ပြီး ဒီစာအုပ်ကို သိတာလဲ ဟု ကျွန်မ မေးကြည့်တော့ ကိုလတ်က ရယ်သည်။

'စာအုပ် အညွှန်းတစ်ခုမှာ ဖတ်လိုက်ရလို့ပါ။ ဒီစာအုပ်က ရယ်ရတယ်ဟ။ ပြင်သစ်လူမျိုးတွေနဲ့ သူတို့ဓလေ့စရိုက်တွေကို ဟာသအမြင်နဲ့ ရေးထားတာ။ နိုင်ငံခြားက သူငယ်ချင်းတစ်ယောက်ဆီ ငါမှာလို့ သူ ပို့ပေးတာ'

'ပြင်သစ်က သူငယ်ချင်းလား'

'နိုး အမေရိကန်က သူငယ်ချင်း'

ထိုစာအုပ်အောင်မြင်သဖြင့် ဒုတိယတွဲအဖြစ် အမြဲတမ်းပရောဗန့်စ်(Toujour Provence) ဟူသော စာအုပ်ကို ဆက်ရေးသည်။ ကျွန်မ ထိုစာအုပ်များကို မြန်မာပြည်မှာကတည်းက ကိုလတ်ဆီမှ ဖတ်ဖူးပြီးသားဖြစ်လို့ ဆွဲထုတ်ယူ မကြည့်ပါ။ အနောက်တွေကို လိုက်ကြည့်ရင်း ကျွန်မနှင့် အလွန်ရင်းနှီးသော စာအုပ်နာမည်ကို မြင်လိုက်ရသည်။

နိုင်ငံတကာ ဥယျာဉ်များတဲ့။ ထိုစာအုပ်အနောင့်ကို ဘယ်နေရာမှာပဲမြင်မြင် ဘယ်စာအုပ်စင်ကြားထဲမှာပဲ မြင်မြင် ကျွန်မ မှတ်မိပါသည်။ စာအုပ်ဆိုင်တွေမှာ မြင်ရတိုင်းလည်း ကျွန်မ ရင်ခုန်ရစမြဲ ဖြစ်ပါသည်။ ကျွန်မ လှပ်ခနဲ ရင်ခုန်လျက် စာအုပ်ကို ဆွဲထုတ်ယူကြည့်လိုက်သည်။ ကျွန်မကို မောင် ဝယ် ပေးခဲ့ဖူးသည့် စာအုပ်၊ ကျွန်မတို့နှစ်ယောက် အကြိမ်ပေါင်းများစွာ အတူတူဖတ်ကြည့်ခဲ့သော စာအုပ်။

ဒီစာအုပ် ကျောက်တုံးစံအိမ်မှာ ရှိနေတာ သွေးရိုးသားရိုး

www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်မှုတစ်ခုပဲလား။

ကျွန်မ စာအုပ်ကို အလယ်လောက်မှ ဖွင့်လှန် ကြည့်လိုက်သည်။ ကျွန်မတို့နှစ်ယောက် အိပ်မက်မက်ခဲ့ကြသော လာဗင်ဒါ ပန်းခင်းလွင်ပြင်ကြီးကို ချက်ချင်း ဖွင့်မိလျက်သား ဖြစ်သွားသည်။ မောင်ပြောတော့ ကျွန်မကို လာဗင်ဒါပန်းခင်းတစ်ခု စိုက်ပျိုးပေးမှာတဲ့။ အခု မထင်မှတ်ပါဘဲ ပြင်သစ်နိုင်ငံ တောင်ပိုင်းက လာဗင်ဒါပန်းခင်းကြီးထဲမှာ ကျွန်မ ရောက်နေပြီ။ ဒါဟာ တိုက်ဆိုင်မှုတစ်ခုတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါ။ ကျွန်မ ရင်တလှပ်လှပ်ခုန်နေပါသည်။

စာအုပ်၏တစ်နေရာမှာ စာရွက်ပိုင်းလေးတစ်ခု ညှပ်ထားတာတွေ့သည်။ နာမည်နှင့် အီးမေးလ်လိပ်စာရေးထားသော အင်္ဂလိပ်လက်ရေးများ။ ဒီလက်ရေးကို ကျွန်မ မြင်ဖူးပါသည်။

ဇော်လတ်တဲ့။ zaw8-8-88@gmail.com

ဟင်။ ဒီနာမည်နှင့်ဒီလိပ်စာက ကိုလတ်ရဲ့လိပ်စာပဲ။ ဒါ ကိုလတ်လက်ရေးမဟုတ်လား။ ကိုလတ်ရေးနေကျ မင် အနက်ရောင်။ ကိုလတ်၏လက်ရေးဖြင့် လိပ်စာက ဘယ်လိုလုပ်ပြီး ဒီက စာအုပ်ထဲ ရောက်နေပါလိမ့်။ ကိုညာဏ်နှင့် ကိုလတ်က သိနေကြလို့လား။

'အစ်မ အင်ကြင်းဝေ'

ကျွန်မအနားသို့ ကိုညာဏ်ရောက်လာသည်။ ဧည့်သည်တွေကို ရှင်းပြသည့်တာဝန် ပြီးပြီထင်ပါရဲ့။

'ကိုညာဏ် ကိုဇော်လတ်နဲ့သိသလား'

တွေ့တွေ့ချင်းပဲ ခပ်လောလောမေးလိုက်မိတော့ ကိုညာဏ် ရုတ်တရက် တွေသွားသည်။

'အရေးအခင်းတုန်းက ထောင်ကျတဲ့ကိုဇော်လတ်လေ'



'အာ ကျွန်တော် မသိဘူးထင်တယ်'

'ဒါဖြင့် ဒီစာရွက်လေးက ဘယ်လိုဖြစ်ပြီး ဒီစာအုပ်ထဲမှာ ရှိနေတာလဲ။ ဒီစာအုပ်က ဂျဲနက်စာအုပ်မဟုတ်ရင် ကိုညာဏ့် စာအုပ်လား'

'ဒီစာအုပ်က ... ...'

ကိုညာဏ်၏အသံက ခပ်ဆုတ်ဆိုင်းဆိုင်း ဖြစ် သွားသည်။ ကျွန်မကို မောင်သက်ဝေပေးခဲ့သည့်စာအုပ်နှင့်ဆင်တူ၊ ထိုစာအုပ်ထဲမှာက ကိုလတ်၏လက်ရေးဖြင့် နာမည်နှင့်အီးမေးလ်လိပ်စာ၊ ထိုနှစ်မျိုးပေါင်းလိုက်လျှင် ဖြစ်နိုင်ခြေဟု စဉ်းစားရမည့် ဘောင်က တော်တော်ကျဉ်းသွားပါပြီ။

'သက်ဝေရဲ့စာအုပ်ပါ'

ကျွန်မ သူ့ကို ငေးကြည့်နေမိသည်။ သက်ဝေ တဲ့လား။ ကိုညာဏ် ကျွန်မကိုကြည့်သည့်မျက်လုံးတို့သည် အရင်လိုပဲ သိမ်မွေ့နူးညံ့လျက်။ သို့သော် ကျွန်မကတော့ သူ့ကို အရင်က မကြည့်ဖူးသည့် မျက်လုံးမျိုးဖြင့် သတိထားပြီး တအံ့တသြ ကြည့်နေမိသည်။

'သက်ဝေ'

'သက်ဝေဆိုတာ ပင်းဝက မောင်သက်ဝေ၊ အစ်မရဲ့ မောင်သက်ဝေပေါ့'

ကျွန်မ သူ့ကို စူးစူးစိုက်စိုက်ကြည့်နေရာမှ အင်အားတွေ ယုတ်လျော့ကာ မျက်လုံးလွှဲပစ်လိုက်မိသည်။ အစ်မရဲ့ မောင်သက်ဝေ။ သူက ကျွန်မရဲ့မောင်သက်ဝေဖြစ်နေတုန်းပဲလား။

ကျွန်မ မူးနောက်နောက်ဖြစ်လာသည်။ အသက်ရှူရတာ ဝေပြန်ပါ။ ကျွန်မမျက်လုံးမှာလည်း မျက်ရည်တွေဖြင့် ချက်ချင်း ပြည့်လျှံကာ မြင်ကွင်းက ဝေဝါးလာသည်။

'အစ်မ လာလာ ဒီမှာ ထိုင်လိုက်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူဆွဲယူပေးသော ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည် အထိ အဖြစ်အပျက်ကို မယုံကြည်နိုင်သေးသလို ဇဝေဇဝါ ဖြစ်နေဆဲ။

'ကျွန်မကို ဒီကို ခေါ်လာတာ ဖရောင်ဆွာနဲ့မလေးရဲ့ ဆုံးဖြတ်ချက် မဟုတ်ဘူးနော်'

'မဟုတ်ပါဘူး'

'အစ်မ၊ ကျွန်တော် အစ်မကို လိမ်ညာမိသလိုဖြစ်သွားရင် တောင်းပန်ပါတယ်။ တကယ်တော့'

ကျွန်မ တွေးမိပါပြီ။ အခုလို ပေါက်တတ်ကရ စိတ်ကူး တည့်ရာလုပ်သည့်အလုပ်မျိုးသည် မောင်သက်ဝေမှတစ်ပါး တခြား ဘယ်သူမျှား လုပ်တတ်လို့လဲ။

'တကယ်တော့ ဒီကို အစ်မကို ခေါ်လာတာက သက်ဝေ ရဲ့ ဆုံးဖြတ်ချက်ပါ'

ကျွန်မ မအံ့ဩသင့်သော်လည်း အံ့ဩတုန်ယင်နေဆဲ။

'အခု မောင်သက်ဝေက ဘယ်မှာလဲ'

သူ့နာမည်ကို နှစ်ပေါင်းများစွာအတွင်း ပထမဆုံး ပြန် ရေရွတ်ခွင့်ရလိုက်သည့်အချိန် ကျွန်မ နှုတ်ခမ်းတွေ ထုံနေ၏။

'သက်ဝေက အစ်မနဲ့ မျက်နှာချင်းမဆိုင်ရဲလို့တဲ့။ ဒီမှာ မရှိဘူး။ သူက'

'ဒီနိုင်ငံမှာလား ဒါမှမဟုတ်'

'ဒီပြင်သစ်မှာပါ အစ်မ။ ဒါပေမယ့် ဒီမြို့မှာ လောလော ဆယ် မရှိဘူး။ အစ်မ အေးအေးဆေးဆေး ထိုင်ပါ။ ခဏနားလိုက် ပါဦး။ ကျွန်တော် သိသလောက် အစ်မကို ပြောပြပါမယ်'

ကျွန်မသည် ကုလားထိုင်တွင် ဖြေလျော့ခွေလျက် မှီကာ ထိုင်နေရင်း ရင်ထဲက တဒိတ်ဒိတ် မြန်ဆန်စွာ ခုန်လျက် ခြေဖျား



တွေ လက်ဖျားတွေ အေးစက်လာသည်။

'အစ်မ မအင်ကြင်းဝေကို ကျွန်တော်လေးစားပါတယ်။ ဒီကိစ္စမှာ ကျွန်တော်သိသမျှက အစ်မကို ဒီနေ့တစ်ရက် ဒီမှာ ပြုစု စောင့်ရှောက်ပေးရင်း သူ့ရဲ့တောင်းဆိုမှုတစ်ခုကို အစ်မကို ပြောပြ ပေးရုံပါပဲ'

'အော'

တောင်းဆိုမှု၊ ပြင်သစ်မှာ အနေကြာသော ကိုညာဏ် လင်းအောင်က စကားအသုံးအနှုန်း မပြေပြစ်တာလား။ သူ ကိုယ်တိုင်က ဒီစကားအတိုင်း ပြောခဲ့တာလား။ ရင့်လှချည်လား။ ခြေရာဖျောက် ပျောက်ကွယ်ခဲ့တာ နှစ်ပေါင်းကြာပြီးနောက်မှာ ကျွန်မဆီက သူတောင်းဆိုစရာရှိသေးသတဲ့လား။ စောစောက သက်ဝေ ဆိုသော နာမည်ကို ကြားလိုက်ရလို့ ကြည်နူးလှုပ်ခပ် သွားသော ရင်သည် အခုအခါ နဂိုကထက် တည်ငြိမ်အေးစက် သွားသည်။

'ဆောရီးအစ်မ ကျွန်တော် စကားလုံးအရွေးမှား သွား တယ် ထင်တယ်နော်။ သူပြောတာက တောင်းခံမှု၊ ရီကွက်စ်တ်'

Request ပဲ ပြောပြော၊ တောင်းဆိုမှုပဲ ပြောပြော၊ ကျွန်မ ကို သွားရမည့်နေရာမှန်မှ တိမ်းချော်သွားအောင် လိမ်ညာ ခေါ် လာခဲ့တာ အကြီးစား ပြစ်မှုမဟုတ်ဘူးလား။

ဒါကြောင့် ကျွန်မ နဂိုကတည်းက စိတ်က ထင့်နေပါရဲ့။ မာဆေးမြို့၏ ဆိပ်ကမ်းဟောင်း ပြားယေးပေါ ဟိုတယ်မှာ ကျွန်မ တည်းရမှာပါလို့။

'သူတောင်းဆိုတာကို ကျွန်မက မပေးဘူးဆိုရင်ရော ကျွန်မကို ဒီမှာ ဘယ်လောက်ကြာကြာ သူ ပြန်ပေးဆွဲထားမှာလဲ'

ကိုညာဏ်လင်းအောင် မျက်နှာပျက်သွားသည်။ သူ ခြေ

www.burmeseclassic.com

www.burmeseclassic.com



မကိုင်မိ လက်မကိုင်မိ ပြာပြာသလဲ ကျွန်မနားတွင် ဒူးထောက်ထိုင်လိုက်လေသည်။

'အစ်မ အဲလို မဟုတ်ပါဘူး အစ်မရဲ့။ အခုဟာက အစ်မကို လိမ်ညာပြီး ခေါ်လာသလို ဖြစ်နေတာတော့ ဟုတ်ပါတယ်။ အဲဒီအတွက် ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်။ ဒါပေမယ့် အစ်မကို မာဆေးကို ပြန်ပို့ပေးမှာပါ'

'သူတောင်းဆိုတာကို မလိုက်လျောရင်လည်း မာဆေးကို လိုက်ပို့ပေးမယ်ပေါ့ ဒီလိုလား'

'ဟုတ်ပါတယ်'

ကိုညာဏ်လင်းအောင်ကို အခုမှ ကျွန်မ စေ့စေ့စပ်စပ် ကြည့်မိသည်။ အသက် တော်တော်ငယ်သေးတာပဲ။ ပန်းနုရောင် အသားအရေက ဒီနိုင်ငံမှာ အနေကြာသူတို့၏ လက္ခဏာ။ ဒီလိုလူမျိုးနှင့် မောင်သက်ဝေ ဘယ်လိုများ သူငယ်ချင်းဖြစ်ခဲ့တာလဲ။

'ပြောပါဦး သူလိုချင်တာက ဘာလဲ။ ကျွန်မဆီက သူ ဘာကို တောင်းမှာတဲ့လဲ'

သူ့ကို ကျွန်မ စောင့်နေခဲ့တာ နေ့တွေ ညတွေ ထောင်နှင့်ချီပြီး ကြာခဲ့ပြီးမှ အခုတော့ သူ တောင်းဆိုစရာ ရှိသတဲ့လား။

'သူ ကိုယ်တိုင် လာမတောင်းဘူးလား။ သူ အခု ဘယ်မှာလဲ'

ထိုစကားကို ကျွန်မ အသံမတုန်အောင် မပြောနိုင်ခဲ့ပါ။ ကျွန်မ သူ့ကို စိတ်ဆိုးသွားပြီဟု သူသိစေချင်လှသည်။

'မဟုတ်ဘူး။ သူ ဒီကိုမလာပါဘူး။ ကျွန်တော်ကပဲ ပြောပေးပါလို့ပြောပါတယ်။ ကျွန်တော်က ညကျမှ အေးအေးဆေးဆေးမေးမလို့ပဲ။ ဒါပေမယ့် ကျွန်တော် အကြာကြီး လိမ်ထားရမှာ စိတ်မလုံဘူးအစ်မရယ်'



ကျွန်မတို့နှစ်ယောက် ဆိုင်လေး၏ဧည့်ခန်းတွင် တစ်ယောက်က ကုလားထိုင်မှာ နွမ်းခွေဖြေလျော့စွာ ထိုင်ရင်း နောက်တစ်ယောက်က ကုလားထိုင်ဘေးမှာ စက်ရုပ်တစ်ခုလို တောင့်တောင့်ကြီး မတ်တတ်ရပ်ရင်း စကားမပြောဘဲ အကြာကြီး ငြိမ်သက်နေခဲ့ကြသည်။

မောင် ကိုယ့်ဆီက ဘာကိုများ လိုချင်တာလဲ။ ဘာကို တောင်းမှာလဲ။ ခါတိုင်းလို ဂျစ်ကန်ကန်မျက်နှာပေးဖြင့် လက်ထပ်ချင်တယ်ဟု တောင်းဆိုနေကျ မောင့်မျက်ဝန်း မှုန်ဝေဝေကို မြင်ယောင်မိတော့ ကျွန်မနှုတ်ခမ်းတွေ နွေးပူသွားသည်။ ခြေရာဖျောက်ကောင်းတဲ့သူ အခု သူ ဘယ်မှာပါလိမ့်။

'ကျွန်တော့်မှာ မအင်ကြင်းဝေကို ပေးဖို့ သူထားခဲ့တဲ့ စာတစ်စောင် ရှိတယ်။ ကျွန်တော် သွားယူလိုက်ပါမယ်။ ခဏစောင့်ပါနော်'

စာတစ်စောင်။ သူထားခဲ့သည့် စာတစ်စောင်။

သူ့လက်ရေးကို မမြင်ရတာ လေးနှစ်လောက်ကြာခဲ့ပြီ။ အို ဘယ်ဟုတ်မလဲ။ သူ့ဆီက စာအသစ်တွေကိုသာ ကျွန်မမမြင်ရပေမယ့် သူ့စာအဟောင်းလေးတွေကို ကျွန်မ အမြဲ ပြန်ဖတ်နေကျမဟုတ်လား။ ကျွန်မနှင့် သူ့လက်ရေးက ဘယ်တော့မှ မဝေးခဲ့ပါ။ ငယ်ငယ်ကတည်းက လှခဲ့သည့်သူ့လက်ရေးသည် အခုအခါ ပြောင်းလဲသွားပြီလား။

ကိုညာဏ်လင်းအောင် ထွက်သွားချိန်တွင် ကျွန်မ ဟန်ဆောင်တင်းထားသည့် စိတ်ကို လျှော့ချခွင့်ရသွားသဖြင့် မောပန်းနွမ်းဟသွားသည်။ ကျွန်မမှာ မျက်ရည်တွေပြည့်အိုင်လာပါလား။ မြင်လွှာအောက် စာမျက်နှာတို့သည် မျက်ရည်တို့ကြောင့် ဝေဝါးသွားသည်။ အံ့သြစိတ်ဖြင့် မျက်ရည်ကျမိတာလား။ ဒါမှမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လွမ်းသည့်စိတ်ဖြင့် မျက်ရည်ကျမိတာလား။ နာကျင် ခါးသည်းမှုဖြင့် မျက်ရည်ကျမိတာလား။ မျက်ရည်တော့ ကျခဲ့ပြီ မောင်ရေ။

မောင်မသိဘူးလား။ ကိုယ် ရန်ကုန်မှာသာမက ပင်းဝနဲ့ ရေနံချောင်းမှာပါ နေရာအနှံ့ မင်းကိုလိုက်ရှာနေခဲ့တယ်ဆိုတာ မင်း မသိဘူးလား။

မင်းကို မွေးနေ့လက်ဆောင်ပေးဖို့လေ။ ဇူလိုင်လ၆ရက်နေ့တိုင်း မင်းကို ကိုယ်မွေးနေ့လက်ဆောင် ပေးနေကျ မဟုတ်လား။ ဇူလိုင်လ ၆ ရက်တိုင်း ကိုယ်ပေးခဲ့တဲ့ မွေးနေ့လက်ဆောင်တွေ ဘယ်နှနှစ်စာ ရှိခဲ့ပြီလဲကွယ်။

ဒီကနေ့ ဇူလိုင် ၆ရက်နေ့။ ပျော်ရွှင်စရာမွေးနေ့ဖြစ်ပါစေ။

(၂)

မမ

ကျွန်တော်တို့ဘဝတွေကို မမရဲ့ကိုယ်ကျိုးအတွက် လူပုံအလယ်မှာ ချခင်းမပြလောက်ဘူးလို့ ကျွန်တော် ယုံကြည်ထားခဲ့ပါတယ်။ အခုတော့ မမလုပ်ရက်တယ်။ ကျွန်တော် တကယ်ပဲ ဝမ်းနည်းရပါတယ်။

မမတင်မယ့်စာတမ်းကို ကျွန်တော် မပိတ်ပင်ရက်ပါဘူး။ ဒါပေမယ့် မမ တစ်ချက်လောက် ပြန်စဉ်းစားပေးပါလို့ ကျွန်တော် တောင်းပန်ပါတယ်။

မောင်သက်ဝေ

ကျွန်မသည် စာတိုတိုလေးကို ရင်တလှပ်လှပ်တုန်ရီစွာ ဒုတိယအကြိမ် ပြန်ဖတ်လိုက်မိ ပြန်သည်။ ဒုတိယအကြိမ်ဖတ်သော့ ပထမအကြိမ်လောက်တော့ မခံစားရတော့ပါ။

သို့သော် ...

သူ ပြောင်းလဲသွားပြီပဲ။

ဟိုတုန်းက ကျွန်မဆီ သူစာရေးလျှင် အီးမေးလ်ဖြင့်ပဲ ရေးရေး စာရေးစက္ကူပေါ်မှာပဲ ရေးရေး ချစ်သောမမ ဟု ချစ်သောသူသည့် စကားလုံးကို အမြဲထည့်ခဲ့သည်။ မောင်သက်ဝေဟု

www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ထိုးသည့်အခါတိုင်း ချစ်မြတ်နိုးစွာဖြင့် မောင်သက်ဝေဟု ရေး လေ့ရှိသည်။

အခုတော့ အပိုစကားတွေ တစ်လုံးမှ မပါဘဲ လိုရင်းကို တိုတိုရှင်းရှင်း ရေးထားသောစာတစ်စောင်ဖြစ်လေသည်။ စာ၏ ဖွဲ့စည်းပုံနှင့် အရေးအသားကို ကျွန်မ မရှင်းလင်းပါ။ မရှင်းလင်းဘူး ဆိုတာထက် လက်ခံရတာ အောင့်သက်သက် ခံစားရလို့ပါ။ သူ ကျွန်မကို 'ချစ်သောမမ' ဟု မသုံးတော့ဘူး။ ကျွန်မသည် သူ ချစ်သောမမ မဟုတ်တော့ဘူး။ 'ချစ်မြတ်နိုးစွာဖြင့်'ဟု သူ မသုံးတော့ဘူး။ သူသည် ကျွန်မကို ချစ်မြတ်နိုးနေသူ မဟုတ်တော့ဘူး။ အဲဒီလို ကျွန်မ သဘောပေါက်အောင် ထိုစကားလုံးတို့ကို သူ ရည်ရွယ်ချက်ပါပါ တမင် ချန်လှပ်ခဲ့တာမဟုတ်လား။

စာအဓိပ္ပါယ်ကတော့ ရှင်းပါသည်။ ကျွန်မ၏စာတမ်းကို မတင်စေချင်ဘူးဆိုတာပဲ။ အော် သူတောင်းဆိုချင်သည်ဆိုတာ ဒါလား။ သူ့ဆီက ကြားနေကျ တောင်းဆိုမှုတစ်ခုကို မျှော်လင့်ထားမိသော ကျွန်မအတွက် ဒါက ပြင်းထန်သော ရိုက်ချက်တစ်ခု ဖြစ်ပါသည်။ သို့သော် ကျွန်မ နားမလည်တာက ထိုစာတမ်းကို ဘာစာတမ်းဟု သူ ထင်နေခဲ့လို့လဲ။ ဘာဖြစ်လို့ မတင်စေချင်တာလဲ။ သူတို့ဘဝကို ကျွန်မက လူပုံ အလယ်မှာ ချခင်းပြမည်ဟု ဘာဖြစ်လို့ စွပ်စွဲရတာလဲ။ ကျွန်မ စာတမ်းခေါင်းစဉ်ကို သူသိနေခဲ့လို့လား။ သူက ဘယ်လို သိနေခဲ့သလဲ။

ကျွန်မစာတမ်းခေါင်းစဉ် 'Give me a child until he is seven' ဖြစ်သည်ဟုတော့ သူ သိနေခဲ့လို့ ဖြစ်မှာပေါ့။ သူ ဘယ်လို သိသွားတာလဲ။ စက္ကန့်ပိုင်းလောက် အချိန်ကာလအတွင်း ကျွန်မ၏စိတ်အာရုံတို့သည် မနားမနေ ပြေးလွှားခရီးဆန့်နေကြလေသည်။ သူ ဘယ်လို သိမလဲ။ သူ ဘယ်လိုသိမလဲ။ နေဦး



ခဏနေဦး။ ထိုခေါင်းစဉ်ကို ဘယ်လိုအကြောင်းကြောင့်ပဲ ဖြစ်ဖြစ် သူ သိလိုက်ပြီးသည့်နောက် မေမေ့မှတ်စုနှင့် မေမေ့ ဗွီဒီယိုဖိုင်တွေ စာတမ်းတွေကို သူ သတိရသွားမှာပေါ့။ မေမေ ပြုစုထားသော သူတို့ဘဝတွေကို ကျွန်မက ညီလာခံပရိသတ်ကို၊ ကမ္ဘာတစ်ခုလုံး ကို ချပြတော့မှာလားဟု သူစိုးရိမ်မိလိမ့်မည်။

ကျွန်မ ရင်ထဲမှာ နာကျင်သွား၏။ သူ ဘယ်လောက် ဒီးရိမ်ကြောင့်ကြပူပန်လိုက်မလဲဟု တွေးမိသွားရင်း တစ်ပြိုင်တည်း ကျွန်မကို အထင်သေးရက်လေခြင်းဟု ဝမ်းနည်းသွားမိလို့ပါ။

မောင်ရယ် မောင်တို့ဘဝတွေကို သုတေသနစာတမ်း အဖြစ် ထုတ်မပြဖြစ်အောင် မေမေ့ကို မမ ဘယ်လောက်စည်းရုံး ထားခဲ့ရတယ်ဆိုတာ မောင် မသိလိုက်လေခြင်းကွယ်။

ထားပါဦး။ သူ ဘယ်လိုသိသွားလဲဆိုတာကို ကျွန်မ စဉ်း စားကြည့်သည်။ မာဆေးရှိ ပရောဖန့်စ်တက္ကသိုလ်မှ တာဝန်ရှိသူ တစ်ယောက်ယောက်နှင့် သူ ခင်မင်သလား။ အဲဒီကနေ သိသွား တာလား။

သို့သော် သူက တက္ကသိုလ်နှင့်နီးစပ်သူမှ မဟုတ်ဘဲ။ ဒါဖြင့် ကိုညာဏ်လင်းအောင်က နီးစပ်သလား။

အို ကိုလတ်ဆီကနေ သိသွားတာလား။

အခုမှ သတိရသွားသည်။ ကျွန်မရေးသည့် စာတမ်းကို ခေါင်းစဉ်ပေးတာ ကိုလတ်၏အကြံဉာဏ်ပါ။

ကျွန်မက ရိုးရှင်းစွာပင် ကလေးသူငယ်နှင့်ကဗျာဟု ပေးဖို့ ချည်ရွယ်သည်။ သို့သော် ကိုလတ်က အခုခေါင်းစဉ်ကို ပေးဖို့ အတင်းအကြပ်တိုက်တွန်းသည်။

'ဒီနာမည်က သိပ်ဆွဲဆောင်တယ်အင်ကြင်းရဲ'

အပြုံးစစဖြင့် ပြောခဲ့သော ကိုလတ်ကို မြင်ယောင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လို ဆွဲဆောင်တာလဲ'

'အော် နာမည်ကို ကြားလိုက်ရတဲ့လူတိုင်းက ဘာပါလိမ့်လို့ တွေးမိသွားအောင် စာတမ်းကို ဖတ်ချင်သွားအောင် ဆွဲဆောင်တာပေါ့'

ကိုလတ်သည် ကျွန်မ ပြင်သစ်သို့ လာလိမ့်မည်ဆိုတာ မောင်သက်ဝေကို ကြိုပြောထားသလား။ သူတို့ အဆက်အသွယ်မပြတ်ခဲ့ဘူးလား။ ဒီလောက် မျက်နှာချင်းဆိုင်လို့ မရသည့် လူနှစ်ယောက်လေ။ ကျွန်မဖတ်မည့် ခေါင်းစဉ်ကိုရော ကြိုပြောထားသလား။ ကျွန်မ မရှာဖွေရဘဲ ကျွန်မဆီ မောင်သက်ဝေ ဆက်သွယ်ချဉ်းကပ်လာအောင် ဉာဏ်သုံးပြီး အကြံပေးလိုက်တာများလား။

'ပြင်သစ်ကို စာတမ်းဖတ်ဖို့သွားရမယ်ဆိုရင် နင့် အတွက် တကယ့် ကြီးမားတဲ့အခွင့်အရေးနော။ နင်ထင်တာထက် ပိုကြီးတဲ့ အခွင့်အရေးပါ။ နင် လက်မလွှတ်နဲ့။ ပြီးမှ နင် ငါ့ကို ကျေးဇူးတင်လှချည်ရဲ့လို့ ပြောမိလိမ့်မယ်'

ဟုတ်မှာပါ။ ဒါ ကိုလတ်ရဲ့ အကြံအစည်ပဲထင်တယ်။

ဒါပေမယ့် မင်းတို့ဘဝတွေကို မမ ချခင်းမပြဘူးဆိုတာ မင်း နည်းနည်းမှ မတွေးမိဘူးလားကွယ်။

'ကျွန်မ မောင်သက်ဝေနဲ့ စကားပြောချင်တယ် ဖြစ်လား'

'ရတယ်လေအစ်မ။ သူ့ဖုန်းနံပါတ်ကို အစ်မအခန်း ခေါင်းရင်းစားပွဲပေါ်က တယ်လီဖုန်းအောက်မှာ ထားပေး ထားတယ်'

အို။ ကျွန်မ မသိခဲ့လေခြင်း။

ကျွန်မခေါင်းရင်းမှာ တယ်လီဖုန်းတင်သည့်စင်လေး ရှိတာပဲ။ တယ်လီဖုန်းကို လက်ဖျားနှင့်ပင် ထိမကြည့်ခဲ့ပေ။ ကျွန်မ ဖုန်းဆက်ရမည့်လူလည်း မရှိလောက်ဘူးဟု ထင်ခဲ့တာကိုး။

ကျွန်မ အခန်းထဲပြန်သွားပြီး ရှာကြည့်တော့ ဖုန်းနံပါတ်



နှင့်နာမည်ကို တွေ့၏။ အင်္ဂလိပ်လက်ရေးများ ဖြစ်သည်။ ကိုဉာဏ်၏ လက်ရေးတွေ ဖြစ်မှာပေါ့။ သက်ဝေ တဲ့။

သူ့တယ်လီဖုန်းနံပါတ်ကို နှိပ်နေစဉ် ကျွန်မ လက်တွေ မသိမသာ တုန်ယင်နေကြသည်။ နေဦး ဒီအတိုင်းဆိုလျှင် မဖြစ်သေးဘူး။ လက်တောင်တုန်နေရင် အသံကော မတုန်ဘဲ ရှိမလား။ အခုအခါမှာ သူက ကျွန်မဖုန်းဆက်ပြီး အကျိုးအကြောင်း မေးလာမှာကို ကြိုတင်သိနေပြီး ပြင်ဆင်ထားမည့်သူ။ ကျွန်မက အခုမှ အံ့ဩတုန်လှုပ်စရာအဖြစ်ကို ကြုံလိုက်ရသည့် လူ။ ကျွန်မ စိတ်ငြိမ်အောင် ပြင်ဆင်ရဦးမှာပေါ့။ ကျွန်မ ဖုန်းကို ပြန်ချလိုက်၏။

ကျွန်မဖတ်မည့် စာတမ်းသည် သူထင်သလို သူတို့ဘဝတွေကို ချပြမည့်စာတမ်း မဟုတ်ဆိုတာ သူသိသွားစေချင်လှပြီ။

သို့သော် ကျွန်မ ခဏစောင့်နိုင်ပါသည်။ ကျွန်မစိတ် တည်ငြိမ်အောင် စောင့်ရပါမည်။ ကျွန်မ အိပ်ရာပေါ် လှဲအိပ်လိုက်၏။

ကျွန်မ ခြေရင်းက နံရံမှာ ပုရစ်လိုလို အကောင်ကြီးကြီး တစ်ကောင်။ မဟုတ်ဘူး။ တော်တော်ကြီးပြီး နံရံမှာ မလှုပ်မယှက် ကပ်နေတာမို့ အကောင်တော့ မဖြစ်နိုင်ဘူး။ အရုပ်တစ်ခု ဖြစ်မည်။ ဘာကောင်လဲ။ ဂျဲနက်ပြောသည့် စီကာဒါ အကောင်လား။ အပြင်ဘက်မှာ ပုရစ်သံလိုလို စီစီ စီစီ အသံတွေကို ကြားနေရသည်။ စီကာဒါတို့၏အသံပဲ ဖြစ်လိမ့်မည်။

မောင်ရေ နင် အခု ဘယ်မှာလဲ။

ကျွန်မက ဘယ်သူ့အပေါ် မှာမဆို စိတ်ခံစားမှုနှင့်ကြည့်တတ်သူပါ။ မေမေ့လို သုတေသနစိတ်ဖြင့်ကြည့်တတ်သူမဟုတ်။ မေမေ့လိုလည်း ကျွန်မက စိတ်ဓာတ်မမာကြောပါ။ မောင်တို့ဘဝတွေကို စာအုပ်တစ်အုပ်ရေးဖို့ အကြံအစည်ကြီးမားခဲ့သော မေမေ့ကို ကျွန်မ နည်းမျိုးစုံဖြင့် တားမြစ်နေခဲ့တာ မောင်သိစေချင်သည်။

www.burmeseclassic.com



သို့သော် မောင့်ထံသို့ တယ်လီဖုန်းမဆက်မိအောင် ကျွန်မ ထိန်းချုပ် မြိုသိပ်မှ ဖြစ်မည်။

မောင်က ကျွန်မထံမှ တယ်လီဖုန်းကို စောင့်နေပေလိမ့်မည်။ ကျွန်မကို အံ့ဩအောင် လုပ်ခဲ့နိုင်သော မောင့်ကို ကျွန်မက ပြန်ပြီး အံ့ဩစေမှ ဖြစ်မည်မဟုတ်လား။

မောင့်အသံကို ကြားချင်လှသည့်တိုင်၊ မောင့်စကားသံတို့ကို နားထောင်ချင်လှသည့်တိုင် ကျွန်မ မြိုသိပ်ရပါမည်။ နောက်ပြီး အခု လေးနှစ်အတွင်းမှာ ကျွန်မဘက်က ဘာမှ မပြောင်းလဲပေမဲ့ မောင့်ဘက်က ဘာတွေ ပြောင်းလဲနေခဲ့ပြီးပြီလဲမှ မသိနိုင်တာ။ မောင့်ကို ဖုန်းဆက်မည့်အစား သိချင်တာကို ကိုဉာဏ်လင်းအောင်ကို မေးကြည့်မှာပေါ့။ သူ့ ကြည့်ရတာတော့ သိပ်လျှို့ဝှက်မြိုသိပ်မည့်သူ မဟုတ်ပါ။

နေဦး။ ကျွန်မ မောင်နှင့်ပတ်သက်ပြီး ဘာမှ မမေးဘဲနေလို့မရနိုင်ဘူးလား။ ကျွန်မကို လေးနှစ်လုံးလုံး ခြေရာဖျောက်ထားခဲ့သည့်လူကို ကျွန်မက အစအနလေးတစ်ခုရသည်နှင့် သွေးရူးသွေးတမ်း အစ လိုက်ဆွဲတော့မလို့လား။ နေစမ်းပါစေ။ မောင့်ကို ချစ်လွန်းလို့ ကျွန်မ သေသွားစမ်းပါစေ၊ ကျွန်မ အသေသာခံလိုက်ပါမည်။

ပြီးခဲ့သည့်လေးနှစ်လုံးလုံး ကျွန်မမှာတော့ မောင် ဘယ်ရောက်နေမှန်းမသိ။ ကျန်းမာရဲ့လား အသက်ထင်ရှားမှ ရှိသေးရဲ့လား။ စိတ်တွေပူလိုက်ရတာ။ မောင့်ထံ အီးမေးလ်တွေပို့၊ ပြန်စာမလာလို့ စိတ်ပူ။ နောက်တော့ မောင့်အီးမေးလ်ကို ကျွန်မ သိနေခဲ့သော အရင်က လျှို့ဝှက်စကားလုံးဖြင့် ဖွင့်ကြည့်ပြီး ကျွန်မစာတွေကို မောင်ဖတ်ရဲ့လားဟု တိတ်တခိုး စုံစမ်းမိသည်။ မောင် ကျွန်မအနီးကနေ ထွက်သွားသည့်ကာလ အစပိုင်းတုန်းက အီးမေးလ်



လျှို့ဝှက်စာလုံးကို မပြင်သေးသဖြင့် ကျွန်မ စာပို့ပြီးတိုင်း မောင့်ဆီသို့ ရောက်ပြီလား။ မောင် ဖတ်ပြီးပြီလားဟု သိချင်လို့ မောင့်အီးမေးလ်ကို ဖွင့်ဖွင့်ကြည့်သည်။ ဖွင့်လို့လည်း ရသည်။ မောင့်ဆီမှာ ရောက်နေသည့် ကျွန်မစာတွေကိုလည်း တွေ့သည်။ ဖွင့်ဖတ်ထားမှန်းလည်း သိသည်။ ဖွင့်ဖတ်ပြီးသားစာနှင့် ဖွင့်မဖတ်ရသေးသည့်စာ အနေအထားမှ မတူဘဲကိုး။ ကျွန်မ၏စာတို့ကို မောင်ကဖွင့်တော့ ဖတ်ပါရဲ့။ ဖွင့်ဖတ်ဖော်ရသည့်အတွက် ကျွန်မ ဝမ်းသာရမှာလား။ ဖွင့်မဖတ်ဘဲ ထားတာကို မြင်ရတာနှင့်စာလျှင် ဖွင့်ဖတ်သားတာကို မြင်ရခြင်းက စိတ်ကျေနပ်ရမှာလား။ ဖွင့်ဖတ်လျက်သားနှင့် စာမပြန်တာကိုရော ဘယ်လိုတွေးရမလဲ။

တစ်စောင်ကလေးမျှပင် မပြန်လာခဲ့တာ ကျွန်မအတွက် ပြင်းထန် စူးရှသော ထိုးနှက်ချက်တစ်ခုပါ။ ခါးသီးစွာ နာကျည်းမိတာ မဟုတ်သော်လည်း နင့်သည်းစွာ နာကျင်ခဲ့ရသည်။

သို့သော် လပိုင်းအတွင်းမှာပင် မောင်က လျှို့ဝှက်စာလုံးကို ပြောင်းပစ်လိုက်တော့သဖြင့် မောင့်စာကို ကျွန်မ ဖွင့်လို့ မရတော့ပေ။ သည်တော့လည်း ကျွန်မ နောက်တစ်မျိုး နာကျင်ရ၏။ မောင်သည် ကျွန်မကို စိတ်ကောက်နေတာ မဟုတ်ဘဲ နာကျည်းစွာ ရှောင်တိမ်းနေတာဟု လက်ခံလိုက်ရတော့သည်။

သူ့အီးမေးလ် လျှို့ဝှက်စာလုံးပြင်လိုက်တာကို ကျွန်မခံစားရပေမယ့် ကျွန်မက ကျွန်မ၏လျှို့ဝှက်စာလုံးကို လုံးဝ မပြင်ခဲ့တာ ဘာကြောင့်လို့ မောင်ထင်နေလဲ။

ကျွန်မတို့နှစ်ယောက် တစ်ယောက်အီးမေးလ်ကို တစ်ယောက် ဖွင့် ကြည့်လို့ရအောင် လျှို့ဝှက်စကားလုံးကို အချင်းချင်း အသိပေးထားခဲ့တာမဟုတ်လား။ တစ်ယောက်ကို တစ်ယောက် သံသယ ဖြစ်တာ မရှိစတမ်း။ ဖုံးကွယ်မှု မရှိစတမ်း။ ကျွန်မဘက်က

www.burmeseclassic.com

www.burmeseclassic.com



မောင်မသိစေချင်သောအရာ ဘာမှ မရှိပါ။

မောင်သည် အရင်လျှို့ဝှက်စကားလုံးအတိုင်းရှိနေသော ကျွန်မ၏အီးမေးလ်ကို နေ့တိုင်း ဖွင့်ကြည့်နိုင်ပါသည်။ ကျွန်မ၏ အပြောင်းအလဲတို့ကို နေ့စဉ် ထောက်လှမ်းစုံစမ်းနေနိုင်ပါသည်။ ကျွန်မ၏ခေါင်းစဉ်ကို ကိုလတ်က မပြောလည်းမောင်သိနေမှာပါ။ သို့သော် အဲဒါဆိုလျှင်လည်း မောင် ဘာစိုးရိမ် နေစရာ ရှိသလဲ။ ခေါင်းစဉ်ကသာ 'ကလေးတစ်ယောက်ကို ခုနစ်နှစ်မတိုင်မီ ငါ့ထံ ပေးပါ' လို့ ပြောထားပေမယ့် ဒါ မောင်တို့ ဆယ့်ခြောက်ယောက်ရဲ့ အကြောင်းတွေ မဟုတ်မှန်း မောင်သိရမှာပေါ့။ 'ကလေးတွေကို ခုနစ်နှစ်မတိုင်မီမှာ စိတ်ထားနူးညံ့အောင်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိအောင်၊ လိမ်မာရေးခြားလည်း ရှိအောင် ကလေးကဗျာများကို သင်ကြားပေးခြင်းအားဖြင့် စိတ်နှလုံးနှင့် ကျင့်ဝတ်ကို မြင့်မြတ်အောင်လေ့ကျင့်ယူရမည်' အဆိုဖြင့် မြန်မာကလေးကဗျာများ အကြောင်း ပြုစုရေးသားထားသည့်စာတမ်း ဆိုတာ မောင် သိရမှာပေါ့။ ကျွန်မ ထိုစာတမ်းကို ဖရောင်ဆွာတို့ဆီသို့ အီးမေးလ်ဖြင့် ပို့ပေးခဲ့တာပဲလေ။ မောင် မဖတ်ရဘူးလား။

သို့သော် တစ်ခု စဉ်းစားမိသွားပြန်သည်။

မဟုတ်ဘူး။ စာတမ်းကို ကျွန်မ၏ ကိုယ်ပိုင်အီးမေးလ်မှ ပို့ခြင်း မဟုတ်။ ပြင်သစ်သံရုံးယဉ်ကျေးမှုဌာနမှ တစ်ဆင့် ပို့ပေးတာ။ ကျွန်မ မှတ်မိပြီ။ ကျွန်မက ရန်ကုန်မြို့ ပြင်သစ်သံရုံးကိုပဲ ပို့ရမည်ထင်ပြီး စာတမ်းကို စာရွက်ဖြင့် ပုံနှိပ်ပြီး ယူသွားခဲ့တာ။ ဟိုရောက်တော့မှ ပုံနှိပ်ပြီးစာရွက် (hard copy) မဟုတ်ဘဲ soft copy ကို ပြင်သစ်နိုင်ငံ မာဆေးရှိ ပရောဗန့်စ်တက္ကသိုလ်သို့ တိုက်ရိုက်ပို့ပေးရမည်ဟု သိခဲ့တာ။ ထို့ကြောင့် အသင့်ပါလာသော Flash drive ခေါ် အီလက်ထရွန်းနစ် မှတ်ဉာဏ်အချောင်းလေး



ထဲက စာတမ်းကို သူတို့ ကွန်ပျူတာထဲ ထည့်ပြီး ချက်ချင်း ပို့ပေးလိုက်တာ။

အခုတော့ ကျွန်မ နားလည်သွားပါပြီ။ ရှက်ရွံ့စွာလည်း နားကျင်သွားမိသည်။ ကျွန်မကသာ သူ့အကြောင်းတွေကို မသိပေမယ့် သူကတော့ ကျွန်မအကြောင်းတွေကို အကုန်သိနေခဲ့တာပေါ့လား။ ဒါကို ပဲ မသိချင်ယောင်ဆောင်ပြီး ကျွန်မဆီက စာတွေကို မရချင်ယောင်ဆောင်ပြီး ပုန်းကွယ်နေနိုင်ရက်တယ်နော်။

ရက်စက်တဲ့သူ လို့ ကျွန်မ မစွပ်စွဲရက်ပါ။ သူ့အပေါ် ရက်စက်မိတာက ကျွန်မသာလျှင် ဖြစ်သည်ဟု ကိုယ့်ကိုယ်ကို အပြစ်တင်ခဲ့မိသူပါ။ ကောက်ကျစ်သူဟုလည်း မစွပ်စွဲရက်ပါ။ သူနှင့် ပတ်သက်လျှင် ကောက်ကျစ်မိသူက ကျွန်မသာလျှင် ဖြစ်တာကိုး။ ဒါက ကျွန်မကိုယ်တိုင်သူ့ကိုပေးထားသည့် အခွင့်အရေး ကို သူ အပြည့်အဝ အသုံးချနေခဲ့တာမဟုတ်လား။ ကျွန်မ မပေးသည့် အရာတစ်ခုကို သူယူတာ မဟုတ်ဘူးလေ။ အင်းလေ ကျွန်မ ပေးသည့်အရာတစ်ခုကို ဘယ်တုန်းကမှ သူမယူခဲ့ဖူးပေ။

ကျွန်တော်တို့ဘဝတွေကို မမရဲ့ကိုယ်ကျိုးအတွက် လူပုံအလယ်မှာ ချခင်းမပြလောက်ဘူးလို့ ကျွန်တော် ယုံကြည်ထားခဲ့ပါတယ်။ အခုတော့ မမလုပ်ရက်တယ်။ ကျွန်တော် တကယ်ပဲ ဝမ်းနည်းရပါတယ်။

ကျွန်မ သူ့စာကို တတိယအကြိမ် ပြန်ဖတ်ကြည့်လိုက်၏။ ဒါ ကျွန်မသိသည့် မောင်မဟုတ်တော့ဘူး။ အလွန်ရင့်ကျက်နေသော၊ စိမ်းကား အေးစက်နေသော မောင်။

မမ မင်းကို တွေ့ချင်လိုက်တာမောင်ရယ်။ မောင် ပြုံး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် မောင့်မျက်လုံးတွေ အရင်လိုပဲ လက်ခနဲ တောက်ပသွားတုန်းပဲလား။ မောင့်အပေါ်နှုတ်ခမ်းအထက်က အချိုင့်ရာလေးက အရင်လိုပဲ ကော့ကော့လေး ထင်ရှားနေတုန်းပဲလား။ မမကို တွေ့ရင် မောင် ပြုံးနိုင်ဦးမှာလား။

ကျွန်မ မျက်စိကို မှိတ်ထားလိုက်မိသည်။

မောင် ပြင်သစ်မှာနေတာ ကြာပြီလား။ လေးနှစ်လုံး ခြေရာပျောက်နေတာ ပြင်သစ်နိုင်ငံမှာ နေနေတာလား။ ကျွန်မကိုချစ်ညိုဆီကနေ သတင်းအစအန ကြားလိုက်ရတာကတော့ မလေးရှားမှာ အလုပ်သွားလုပ်သည်ဆိုလား။ သို့သော် သူလည်း ရေရေရာရာ မသိ။

အခုတော့ မောင် ကျွန်မကို အဆက်အသွယ် လုပ်လာခဲ့ပြီ။ မောင်တို့အကြောင်းတွေကို စာတမ်းတင်မှာ စိုးရိမ်လို့ ပုန်းကွယ်နေရာကနေ ထွက်လာရတာ မဟုတ်လား။ မဖြစ်သာလွန်းလို့လေ။ ဒီနေရာမှာတော့ ကိုလတ်၏စိတ်ကူး တော်တော် မှန်တာပါလား။

မောင် စိတ်မပူပါနဲ့။ မောင်တို့တွေ သဘောမတူဘဲနဲ့ ကိုယ်က ဗီဒီယိုတွေကို လူအများရှေ့မှာ ချမပြပါဘူး။ မေမေရေးနေတဲ့စာအုပ်ကိုတောင် မောင်တို့သဘောမတူရင် နာမည်ရင်းတွေနဲ့ မရေးပါနဲ့လို့ တောင်းပန်နေခဲ့တာပါ။

အခုတော့ မောင်စိုးရိမ်နေပြီဆိုတော့ ကျွန်မ စာတမ်းကို မောင်သိအောင် ပြမှ ဖြစ်တော့မည်။ ဖြစ်နိုင်လျှင်တော့ ကျွန်မ ကွန်ပျူတာထဲကနေ အီးမေးလ်နှင့် မောင့်လိပ်စာအသစ်ဆီသို့ ထည့်ပေးလိုက်ချင်သည်။ ဒါမှ မောင် စိတ်ပူပန်ရ သက်သာသွားမှာပေါ့။ သို့သော် မောင့်အီးမေးလ်လိပ်စာအသစ်ကို ကျွန်မ မသိ။ ကိုညာဏ့်ဆီက တောင်းမှ မြန်မြန်ရမှာ။ တယ်လီဖုန်းနံပါတ်ကို ကျွန်မ



မြင်သာအောင် အလွယ်တကူရနိုင်အောင် ထားပေးခဲ့သည့် ကိုညာဏ်သည် ကျွန်မအား မောင့်အီးမေးလ် လိပ်စာ ပျော်ရွှင်စွာ ပေးချင်လိမ့်မည်။ သို့သော် ကျွန်မ မောင့်လိပ်စာကို သူတစ်ပါးဆီက မတောင်းယူချင်ပါ။ ကျွန်မကို ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ မပေးချင်လို့ လေးနှစ်လုံးလုံး အဆက်အသွယ် ဖြတ်ပြီး စိမ်းကားအေးစက်ပြတ်တောက်စွာနေခဲ့သူလေ။ သို့သော် သူ့ဆီသို့ ကျွန်မ၏ စာတမ်းကို အခုပဲ ပို့ချင်သည်။

ကျွန်မ လှဲအိပ်နေရာမှ ထလိုက်သည်။ မေ့မေ့လျော့လျော့ ထားခဲ့မိသော လက်ပ်တော့ပ် ကွန်ပျူတာလေးက ဖွင့်လျက်သားလေးပါ။ကျွန်မ ဖလက်ရှ်ဒရိုက်ဗ် မှတ်ဉာဏ်တောင့်လေးထဲသို့ ကျွန်မ၏ စာတမ်းကို ကူးယူလိုက်သည်။ ပြီးတော့ ကိုညာဏ်ကို ပေးဖို့ အခန်းထဲမှ ထွက်လာခဲ့ပါသည်။

ကိုညာဏ်ကို အခန်းတစ်ခုရှေ့မှာ တံခါးပြန်စေ့ပိတ်နေသည်ကို တွေ့ရသည်။ ကျွန်မကို မြင်တော့ ကြည်လင်စွာ ပြုံးပြသည်။

'အစ်မ။ သက်ဝေနဲ့ စကားပြောလို့ရလား'

'ကျွန်မ မပြောတော့ဘူး ကိုညာဏ်ရယ်။ ဖုန်း မဆက်တော့ပါဘူး။ ဒီမှာ သူ စိတ်ပူနေတဲ့ ကျွန်မရဲ့စာတမ်း၊ အဲဒါကိုပဲ ကိုညာဏ်က သူ့ဆီ အီးမေးလ်နဲ့ ပို့ပေးပါ'

သူ ကျွန်မကို တွေလျက် ငေးကြည့်နေသည်။ သို့သော် သူက ထင်မြင်ချက်ပေးခြင်း ဝေဖန်ခြင်း လုံးဝ မပြုလုပ်ပါ။

တော်တော်ကြာအောင် ငြိမ်သက်နေပြီးမှ ကျွန်မ ကမ်းပေးနေသော memory stick လေးကို ယူလိုက်သည်။

'ဟုတ်ကဲ့ ရပါတယ်။ ကျွန်တော် အခုပဲ ပို့ပေးလိုက်မယ်'

သူက ထွက်ခွာတော့မည်ပြင်ပြီးမှ အစ်မလည်း လိုက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါလား ဟု ခေါ်သည်။ ကျွန်မ တစ်ချက် စဉ်းစားပြီးမှ သူ့နောက် ကနေ လိုက်သွားလိုက်ပါသည်။

ကျွန်မတို့ဝင်သွားသည့်ထိုအခန်းသည် စာအုပ်စင်တွေ စီရီစွာ ခင်းကျင်းထားသည့် စာကြည့်ခန်း။ ဟင့်အင်း အဲဒါထက် ပိုသည်။ ဓာတ်ပုံတွေ ပန်းချီကားတွေ ချိတ်ထားသည့် ပြခန်း။ ဟင့်အင်း အဲဒါထက်လည်း ပိုသည်။ နံရံတွေမှာ ပန်းချီတွေရှိတာ မှန်ပါရဲ့။ စင်တွေပေါ်မှာ ပန်းပု ရုပ်တုတွေ ရှိတာလည်း မှန်ပါရဲ့။ သို့သော် နံရံမှာ ကျွန်မ မျှော်လင့်မထားသည့် အရာတွေကို မြင် လိုက်ရပါသည်။

ကျွန်မ၏ ငယ်ဘဝတွေ၊ အများကြီးပါလား။

ဒါ ဘာအခန်းလဲ။ ဘာဖြစ်လို့ ကျွန်မနှင့်ပတ်သက်သည့် အရာတွေ ဒီမှာ ရှိနေတာလဲ။ ကျွန်မရင်ထဲမှာ နွေးသွားသည်။

ကျွန်မ၏လက်ရေးတွေ။ ကျောင်းသုံးဗလာစာအုပ်၏ မှတ်စုများထဲက စာမျက်နှာတချို့။ ကျွန်မလက်ရေးက မေမေ့ လက်ရေးလောက်မလှဘူးဟု အားငယ်တတ်ခဲ့ပေမယ့် အခုတော့ ကျွန်မလက်ရေးလေးတွေက မှန်ပေါင်သွင်းထားသည့် ပန်းချီကား တွေဖြစ်နေပါရောလား။ ဒါ ဘယ်သူ့အခန်းမို့ ကျွန်မ၏ လက်ရေး တွေက ဒီမှာ ရှိနေတာလဲ။

ကိုညဏ်က ကွန်ပျူတာစားပွဲရှိရာသို့ လျှောက်သွားချိန် တွင် ကျွန်မက ဆန့်ကျင်ဘက်ဖြစ်သော နံရံတစ်ခုဆီသို့ လျှောက် သွားနေမိသည်။

ကျွန်မ အလယ်တန်းကျောင်းသူဘဝတုန်းက ရေးထား ခဲ့သည့် ကဗျာတစ်ပုဒ်ကိုတွေ့လိုက်ရလို့ဖြစ်ပါသည်။

စပယ်သုံးကုံး ညကကုံး
သုံးကုံးပြီးအောင် မောင်မလာ



ပြန်တော့မင်းရှင် မင်းညိုစင်
လုလင်ပြန်တော့ ပြန်တော့လေ။

ကျွန်မတို့ငယ်စဉ်က အလယ်တန်းကဗျာလက်ရွေးစင် စာအုပ်တွင်သင်ရိုးညွှန်းတမ်းအဖြစ် ပါခဲ့သော ကဗျာ။ ဟိုစဉ်တုန်း က ထိုကဗျာကို မောင့်ကို ဖတ်ခိုင်းခဲ့ဖူးသည်။

'မမ ဘာဖြစ်လို့ အဲဒီလုလင်ကို ပြန်ခိုင်းတာလဲ'

'စိတ်တိုတိုနဲ့ ငေါ့တာထင်တာပဲ မောင်ရဲ့'

'အော်'

'ညတုန်းက သူစောင့်နေပေမယ့် သူချစ်တဲ့ ညိုစင်တဲ့ အသားအရောင်ရှိတဲ့ မောင်ကြီးက သူ့ဆီကို ရောက်မလာဘူး။ မောင်ကြီးကို စောင့်ရင်း စောင့်တာကို လူမသိအောင် စပယ်ပန်း လေးတွေကို ဖြည်းဖြည်းချင်း အချိန်ဆွဲပြီး သီနေခဲ့တာ သုံးကုံး ပြီးသွားတဲ့အထိ မောင်ကြီးက ရောက်မလာဘူးတဲ့'

စပါးသုံးတင်း ညကနင်း
သုံးတင်းပြီးအောင် မောင်မလာ
ပြန်တော့မင်းရှင် မင်းညိုစင်
လုလင်ပြန်တော့ ပြန်တော့လေ။
ဖွဲမီးသုံးပုံ ညကပုံ
သုံးပုံကျွမ်းအောင် မောင်မလာ၊
ပြန်တော့မင်းရှင် မင်းညိုစင်
လုလင်ပြန်တော့ ပြန်တော့လေ။

'ဒါဆို ကောင်မလေးက ပြန်တော့လို့ ပြောတာက လာ ပါတော့လို့ ခေါ်တာပေါ့ ဟုတ်လား'

မောင်သည် ငယ်ငယ်က ဟုတ်လားဟု မေးလျှင် အသံ လေးလေးကြီးဖြင့် ဟုတ်လား ဟု မေးတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်'

'ဒါဖြင့် ကောင်မလေးတွေက အမှန်ကိုမပြောဘူးပေါ့။ စိတ်ထဲရှိတာကို ပြောင်းပြန်လုပ်ပြီး ပြောကြတာလားဟင်'

'အမြဲတမ်းတော့ မဟုတ်ပါဘူးဟယ်'

'မမရော စိတ်ထဲရှိတဲ့အတိုင်း ပြောလား။ ဒါမှမဟုတ် ပြောင်းပြန်ပြောလား'

အဲသည်တုန်းက ကောင်လေး ဘာကို ဦးတည်ပြီး မေးချင်မှန်းမသိ။ ကလေးပီပီ စပ်စုစိတ်ဖြင့် မေးသည်ဟုသာ ယူဆသဖြင့် 'ဒါကတော့ ဘယ်သူ့ကို ပြောနေတာလဲဆိုတာပေါ်မှာ မူတည်တာပေါ့ကွယ်' ဟု ပြန်ဖြေလိုက်ဖူးသည်။

'တကယ်လို့ ကိုဇော်လတ်ကို ပြောတာဆိုရင် မမ အမှန်အတိုင်းပြောမှာလား။ ပြောင်းပြန်ပြောမှာလား'

'အို ဘယ်က ကိုဇော်လတ်က ပါလာပြန်တာတုန်း'

'မမပဲ အသားညိုစင်တဲ့မောင်ကြီးဆို'

'ဟောတော်'

ကျွန်မ ခွက်ထိုးခွက်လန်ရယ်ခဲ့မိသည်ကို သတိရ၏။

ကျွန်မ ပြုံးနေမိသည်ဟု ကိုယ့်ကိုယ်ကို သတိပြုမိ၏။ ကျွန်မ သိပ်နှစ်သက်သည့် ထိုကဗျာကို မောင့်အား ဖတ်စေချင်ခဲ့ပါလိမ့်မည်။ စာအုပ်အတိုင်းပေးလျှင် မောင်မဖတ်မှာစိုးလို့ ကူးရေးပြီးပေးခဲ့တာ ဖြစ်နိုင်ပါသည်။

'အစ်မ ဖွင့်ပြီးပြီ။ ဖိုင်တွေက အများကြီးပဲ။ ဖိုင်နာမည်က ဘာတဲ့လဲ'

' Give me a child until he is seven တဲ့ '

'အိုကေ'



သူ ကွန်ပျူတာဆီသို့ ပြန်ငုံ့သွားသည်။

ဒီအခန်းထဲသို့ ကျွန်မကို ဝင်ဖြစ်အောင် ကိုဉာဏ် တမင်ခေါ်လာခဲ့တာ ဖြစ်ရမည်။ ဒီအတိုင်းဆိုလျှင် သက်ဝေနှင့် ကျွန်မကြားက ဆက်စပ်မှုကို ကိုဉာဏ်သည် ကျွန်မ ထင်ထားသည့်ပမာဏထက် ပိုသိနေမည်မှာ သေချာသည်။

နောက်မှန်ပေါင်တစ်ခု။ ကျွန်မ လက်ရေးတော့ ဟုတ်သည်။ သို့သော် အစစ် မဟုတ်။ မိတ္တူကူးထားသည့် စာရွက်လား။ မဟုတ်ပါ။ မင်အပြာကို မင်အပြာအတိုင်းမြင်နေရသည် ဆိုတော့ ဓာတ်ပုံရိုက်သလို စကင်ဖတ်ထားတာဖြစ်သည်။

လောင်းမြတ်ကယ်သူမွန်
ရွှေလိုဝင်းပါတဲ့ မင်းသုဝဏ်ကို
စိန်ချွန်တော်ထိ ဒုက္ခတွေ ဖိတုန်းက
ကရိကထ မိနှင့်ဖတို့ သစ္စာ့ပါရမီ
အမှန်မကွက် ပန်ပန္နက်၍ သံမြွက်ကယ်ချီ
နဒီချမ်းမြေ့ ရေယာဉ်စမ်းနှင့် ခင်တန်းကွေ့က
တမြေ့မြေ့သာ ရွှေ့ရွှေ့လာခဲ့. . .

အော် ကျွန်မ မှတ်မိပြီ။ သည်ကဗျာကို ကျွန်မ မှတ်မိပါသည်။ ကျွန်မ ပို့ပေးခဲ့သည့် ကဗျာမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီတုန်းက

ပုဆိုးဖြူမှန်ကူကွက်
မနက်လည်းခြုံ ညလည်းခြုံ
ခြုံနေရက်နဲ့ ချမ်းလေခြင်း၊

မိန့်မောင်မှာ
မနက်လည်းဆုံ ညလည်းဆုံ
ဆုံနေရက်နဲ့ လွမ်းလေခြင်း။

(၁)

၁၉၉၅ခုနှစ်သည် ကျွန်မအတွက် ထူးခြားသောနှစ်ဖြစ်သည်။

ပထမအချက်က ၁၉၉၅ခုနှစ်သည် ကျွန်မ ကျောင်းပြီးဘွဲ့ရသည့်နှစ်ဖြစ်သည်။

ဒုတိယအချက်က ကျွန်မ ပထမဆုံးအလုပ်စလုပ်သည့်နှစ်ဖြစ်သည်။ ကျွန်မ ကျောင်းဆရာမတော့ ဖြစ်ချင်ပါရဲ့။ သို့သော် မေမေ့လို ဘောင်ကျဉ်းကျဉ်းလေးထဲမှာ စာသင်ပေးရသည့် ဆရာမတော့ မဖြစ်ချင်ပါ။ ထို့ကြောင့် ကျွန်မသည် အင်္ဂလိပ်စာ ရှင်ကျောင်းတစ်ခုတွင် အလုပ်ဝင်လုပ်ပါသည်။

တတိယတစ်ချက်က ကျွန်မ ရင်ခုန်စွာ တမ်းမက်ရသူတစ်ယောက်ကို တွေ့လာခဲ့လို့ ဖြစ်သည်။

ကျွန်မ ကြီးလာလျှင် ကိုလတ်နှင့် ရည်းစားဖြစ်မလားဟု ငယ်စဉ်က မှန်းဆ စိတ်ကူးယဉ်ခဲ့မိသော်လည်း ကျွန်မဘဝ၏ ရင်ခုန်တတ်သည့်အရွယ်မှာ ကိုလတ်က သုံးနှစ်ကြာအောင် ပျောက်ကွယ်သွားခဲ့သည်။ ထောင်သုံးနှစ်ကျခဲ့သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မ ပထမဆုံးရင်ခုန်ရသူမှာ တခြားကောင်လေး ဖြစ်သွားလေသည်။

မင်းမျိုးဆက်သည် နိုင်ငံခြားရေးရုံးက အရာရှိတစ်ဦး၏

www.burmeseclassic.com



သား၊ ရန်ကုန်သားစစ်စစ်ဖြစ်သည်။ ကျွန်မ သူ့ကို တက္ကသိုလ် စာတမ်းဖတ်ပွဲတစ်ခုတွင် တွေ့ဆုံခဲ့တာဖြစ်ပါသည်။ ကျွန်မတို့ နှစ်ယောက် ဝါသနာတူကြသည်ဟု ကျွန်မ ထင်သည်။ သူက ဗိသုကာဘွဲ့ရအင်ဂျင်နီယာဖြစ်ပြီး ဗိသုကာအတတ်ပညာကို စိတ် ဝင်စားသည်။ ကျွန်မက ပညာရေးကို စိတ်ဝင်စားတာမို့ ကွာခြားမှု တော့ ရှိလေသည်။ သို့သော် သုတေသီဘဝကို မြတ်နိုးစိတ်တော့ ကျွန်မတို့နှစ်ဦးလုံးမှာ ရှိသည်။

ဘွားဘွားကို ကျွန်မ မင်းမျိုးဆက်၏ဓာတ်ပုံပြတော့ ပျော့စိစိနဲ့အေ ဟု ကဲ့ရဲ့သည်။

ဓာတ်ပုံက ကျွန်မတို့အုပ်စု တက္ကသိုလ်စာကြည့်တိုက် ရှေ့မှာ စုပေါင်းရိုက်ထားသည့်ပုံမို့ လူတွေကို သေးသေးလေးတွေ ပဲ မြင်ရတာပါ။ သို့သော် ထိုသေးသေးလေးတွေထဲမှ မင်းမျိုး ဆက်ကို ဘွားဘွားက မရရအောင် ခန့်မှန်း အကဲဖြတ်ခဲ့သည်။

'ဘွားဘွား သူ မချောဘူးလား'

'ယောကျ်ားလေးချောတာ ဘာလုပ်ရမှာလဲ မြေးရဲ့။ ကိုယ့်ဘဝအတွက် အားကိုးရမယ့်လူက ချောစရာမလိုပါဘူး။ ခန့်ညားရင်တော်ပြီပေါ့။ မြေးရဲ့ကောင်လေးကတော့ အားကိုး အားထား ပြုရမယ့်သူ ဟုတ်ပုံမလား။ သူ့ကြည့်ရတာ ကိုယ့်ကိုယ် ကို တော်တော် ဂရုစိုက်မယ့်ပုံကွဲ့'

မေမေ့ကိုတော့ ကျွန်မ ထိုဓာတ်ပုံ မပြရဲပေ။ ဘွားဘွား က ကျွန်မကို ဆူမှ မဆူဘဲ။

'သူက သိမ်မွေ့တယ်လေ ဘွားဘွား။ စာလည်း သိပ် ဖတ်တာပဲ'

ဘွားဘွားက မျက်စိပေါက်ပိတ်အောင် ရယ်မော၏။

'ကိုယ်ထင် ခုတင်ရွှေနန်းပေါ့အေ' တဲ့။



နောက်ထပ် ထူးခြားသည့်အချက်မှာ ၁၉၉၅ခုနှစ်သည် မြို့မှာ စီးပွားရေးကျပ်တည်းသောနှစ်ဖြစ်သည်။ မြို့၏ စီးပွားရေး ကို အခုအခါ ကျွန်မ အထိုက်အလျောက် နားလည်ခဲ့ပါပြီ။ ရေနံ မြေမှ ရေနံတွေကို ၁၉၈၉-၉၀ ပတ်ဝန်းကျင်တုန်းကလို တိတ် တိတ် ခိုးခပ်ယူလို့ မရတော့ချေ။ ညအခါ ရေနံမြေနှင့် နီးသော ချောက်ကွက်မှာ ရေနံထည့်ထားသည့် ပလပ်စတစ် ရေပုံးထမ်းတွေ ကိုယ်စီနှင့် ခိုးကြောင်ခိုးဝှက်အမူအရာဖြင့် လမ်းကြိုလမ်းကြားထဲ အပြေးလာသော ကလေးလူကြီးတို့ကိုလည်း မတွေ့ရတော့ပြီ။ မြို့မှ ကျွန်မတို့လို အရွယ်တွေ ရန်ကုန်မန္တလေးသို့ ရွှေ့ပြောင်းပြီး လုပ်ငန်းအလုပ်ကို လုပ်ကိုင်ဖို့ ထွက်ခွာစပြုသော အချိန်ကာလ ဖြစ်သည်။ ကျွန်မသူငယ်ချင်း တိုးအောင်နိုင်ပင် မန္တလေးသို့ ပြောင်းရွှေ့သွားခဲ့ပြီ။

နောက်အချက်တစ်ခုက ၁၉၉၅ခုနှစ်သည် မေမေ့ သုတေသနစီမံကိန်းထဲက ကလေးတွေ ကို ၇နှစ်တစ်ခါ တွေ့ဆုံ မေးမြန်းဖို့ အချိန်ကျရောက်လာသည့်နှစ် ဖြစ်သည်။

အခုအခါ မေမေ့ စီမံကိန်းထဲက ကလေးတွေသည် အသက်၁၄နှစ်ထဲ ရောက်ကြပြီမို့ အများစုက ခုနစ်တန်းတက်နေ ကြပြီ။ အမှန်ကတော့ ရှစ်တန်းဖြစ်ရမှာ။ ကျောင်းတွေ ပိတ်ထား သည့်အတွက် ကျွန်မတို့အားလုံး စာသင်နှစ် တစ်ခုစာလောက် အချိန်တွေ နှောင့်နှေးခဲ့ရသည်မို့ပါ။

ကျွန်မ သူတို့အရွယ်တုန်းက ကိုယ့်ကိုယ်ကို ကလေးဟု ထင်နေခဲ့သော်လည်း အခု ကျွန်မတို့ တွေ့နေရသည့် ကလေးမ တွေကတော့ အပျိုကြီးဖားဖားတွေ ဖြစ်နေကြလေပြီ။ ကလေး ဆယ့်ခြောက်ယောက်အနက် ကျွန်မ သဘောအကျဆုံး မိန်း ကလေး တစ်ယောက်ရှိသည်။ သူ့နာမည်က မေနှင်းဆီဟု ခေါ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျစ်ဆံမြီးနှစ်ဖက်ခွဲဖြင့် အပျိုကြီးစတိုင် ဟန်ပန်ကျကျ ထိုင်ပြီး မေးခွန်းများကို မတုန်မလှုပ်ဖြေနေသည့်ကလေးမပေါ့။ သနပ်ခါးထူထူလိမ်းထားသဖြင့် ကောင်မလေး၏ပါးပြင်နှစ်ဖက် တာ ဖွေးနေသည်။ နောက်ပြီး သနပ်ခါးနံ့က မွှေးလည်းမွှေးနေသည်။

ကျွန်မသည် ယခုအခါ အောက်ခံမိတ်ကပ်ခံပြီး သနပ်ခါးကို ပါသည်ဆိုရုံ ခပ်ပါးပါးလေး ဖုံနေအောင်လိမ်းနေပြီ ဖြစ်ပေမယ့် သူ့ကြည့်ပြီး ကျွန်မတောင် သနပ်ခါးထူထူလိမ်းချင်စိတ် ပေါက်မိသည်။ နေဦး ကောင်မလေးမှာ ကျွန်မ မကြိုက်တာတစ်ခု တော့ ရှိသည်။ ဘာပါလိမ့်။ သိပြီ၊ ရိုသေလေးစားမှုနည်းသည်ဟု ကျွန်မ ထင်၏။

'အခုဟာက စိတ်ပညာလေ့လာတာ ဟုတ်လားဟင်'

သူက မေမေ့ကို ဆရာမဟု ကြောက်ရွံ့ပုံမရ။ ပြန်ပြီး မေးခွန်းထုတ်နေသေး၏။

'အေး ဟုတ်တယ်သမီး'

'စိတ်ပညာလေ့လာတာကြီးကို သိပ်မကြိုက်ဘူး'

'အလို'

မေမေ့မျက်လုံးတွေ လက်သွား၏။ ဆရာမောင်လည်း တအံ့တသြ ပြုံးလိုက်လေသည်။ ကျွန်မနှင့်ကိုလတ် တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး မျက်ခုံးပင့်လိုက်မိကြသည်။ ကျွန်မ သူ့အရွယ်တုန်းက ဘာကို မကြိုက်ဘူး၊ ဘာကိုကြိုက်တယ်ဟု ပြောတတ်ခဲ့လို့လား။

'ပြောပါဦး သမီးက ဘယ်လို ခံစားရလို့လဲ'

ကောင်မလေးက မျက်ခုံးပင့်ပြီး စဉ်းစားသည်။

'ခြောက်တန်းတုန်းက ကျွန်မတို့မေးခွန်းတွေ ဖြေရတယ်'



မေမေက ကိုလတ်ကို ဗွီဒီယိုဆက်ရိုက်ရန် မျက်နှာရိပ် မျက်နှာကဲ ပြ၏။ ဗွီဒီယိုရိုက်သည့်အလုပ်ကို ကိုလတ်နှင့်အတူ ကျွန်မ ဝင်ကူရပါသည်။

'ကျွန်မတို့ကျောင်းကိုလေ အဖွဲ့တစ်ဖွဲ့ ရောက်လာတယ်။ ဖွံ့ဖြိုးရေး အချိန်မှာ ကျွန်မတို့ အခန်းထဲဝင်လာပြီး မေးခွန်းစာရွက်တွေ ပေးတယ်။ ပြီးတော့ အခုချက်ချင်း ဖြေရမှာတဲ့။ ကျောင်းစာနဲ့မဆိုင်တဲ့ မေးခွန်းတွေပါ'

မေနှင်းဆီ၏မျက်နှာထားက ခိုင်မာသည့်ပုံစံရှိသည်။ သူ့စိတ်ထဲမကျေနပ်သည်ကို မေမေတို့အား တိုင်နေသလိုပဲ။

'မေးခွန်းတွေကအများကြီးပဲ။ တခြား ဘာမေးခွန်းတွေ မေးပြီး ကျွန်မ ဘာတွေဖြေခဲ့မိတယ်ဆိုတာ အကုန်တော့မမှတ်မိတော့ဘူး။ ဒါပေမယ့် မေးခွန်းတစ်ခုကို မှတ်မိတယ်။ အတန်းထဲမှာ အချစ်ဆုံးလူဘယ်သူလဲ၊ အမုန်းဆုံးလူဘယ်သူလဲ တဲ့'

ကျွန်မတို့တုန်းကလည်း အဲဒီလိုမဲ့ မေးခွန်းတွေ လာလာမေးတာတော့ မှတ်မိပါရဲ့။ ဒီကောင့်မလေးလိုတော့ ဘာတွေမေးခွန်း မှတ်မထားမိပါ။

'တကယ်တော့ အဲဒီမေးခွန်းတွေထဲက မဖြေချင်တာတွေကို ဒီအတိုင်းထားလို့ရတယ်မဟုတ်လားဟင်'

'အေး ရတာပေါ့ သမီးရဲ့'

'ကျွန်မက ညံ့လိုက်တာနော်။ မေးခွန်းတိုင်းကို ဖြေရမယ်လို့ပဲ ထင်ခဲ့တာ'

မေနှင်းဆီ စကားပြောနေရာသို့ တခြားကောင်မလေး တစ်ယောက် ရောက်လာသည်။ မေမေ့ ကလေးတွေပဲဖြစ်သည်။ မေနှင်းဆီ၏အိမ်မှာပင် ချိန်းထားသည်။ သူတို့လည်း ထိုစာမေးခွန်းချက်ကို ဖြေခဲ့ရသည်။ သို့သော် မေနှင်းဆီလို အခက်အခဲမရှိခဲ့။

www.burmeseclassic.com

www.burmeseclassic.com



အမုန်းဆုံးလူ ဟူသော မေးခွန်းကို သူတို့ ကျော်ပစ်ခဲ့ကြသည်တဲ့။

'ဆရာမ သိလား။ ကျွန်မမှာ အမုန်းဆုံးလူလို့ မရှိဘူး။ အချစ်ဆုံးလူဆိုတာလည်း မရှိပါဘူး။ သူငယ်ချင်းတွေကို ဒေါသထွက်တာ၊ စိတ်တိုတာ၊ မကျေနပ်တာ ဒါတွေတော့ ရှိတာပေါ့။ ဒါပေမယ့်မုန်းတယ်ဆိုတာ ဘယ်လိုနေမှန်း မသိပါဘူး။ ဒါပေမယ့် ကွက်လပ်တွေ အကုန်လုံး မဖြည့်လို့ မရဘူးလို့ ထင်ပြီး အမုန်းဆုံးလူနေရာမှာ နာမည်တစ်ခုတော့ရေးရမယ်လို့ ထင်ခဲ့တာကိုး။ဘယ်သူ့နာမည် ရေးရမလဲ။ ကျွန်မ တော်တော် စိတ်ညစ်ခဲ့ရတာပါ'

ကျွန်မ ကိုယ့်အဖြစ်ကိုယ် ပြန်တွေးကြည့်မိသည်။ ဟုတ်ပါရဲ့။ အမုန်းဆုံးလူဆိုသည့် မေးခွန်းကို ဘာဖြစ်လို့ ထည့်ထားပါလိမ့်။ ကျွန်မမှာရော အမုန်းဆုံးလူ ရှိလား။ မရှိပါဘူး။ အတန်းထဲက သူငယ်ချင်းတွေကို မဆိုထားနှင့် ဘဝမှာကိုပဲ အမုန်းဆုံးလူဆိုတာ မရှိပါ။

'နောက်ဆုံးတော့ ကျွန်မနဲ့ စကားမပြောဖူးတဲ့ အတန်းဖော်ကျောင်းသူ အစ်မကြီးတစ်ယောက်ရဲ့နာမည်ကို ရေးထည့်လိုက်တယ်။ အခုမှ ပြန်တွေးကြည့်မိတယ်။ မခင်တာ၊ စိမ်းတာ အဲဒါတွေက မုန်းတာမှမဟုတ်ဘဲ။ ဘာမှ မဆိုင်ဘူး။ အဲဒါကို ကျွန်မ နားရောလည်ခဲ့လား မသိပါဘူး။ အဲဒီညနေကလေ အဲဒီ အစ်မက ကျွန်မ သူ့နာမည်ကို အမုန်းဆုံး ကွက်လပ်မှာ ဖြည့်ထည့်လိုက်တယ်ဆိုတာ ဘယ်လိုသိသွားမှန်းမသိ၊ သိသွားတယ်'

'ဟုတ်လား ပြောပါဦး သူက စိတ်ဆိုးသွားလား'

'ဟင့်အင်း သူ စိတ်မဆိုးဘူး။ ရန်လည်း မတွေ့ပါဘူး။ ဒါပေမယ့် ကျွန်မ မျက်နှာပူလိုက်တာ။ သူ့ကို မျက်လုံးချင်းကို မဆိုင်ရဲတော့ဘူး။ သူ ပြောတာကို ကျွန်မ ကြားလိုက်တယ်။ မေနှင်းဆီက ငါ့ကို ဘာဖြစ်လို့ မုန်းတာတဲ့လဲ တဲ့'



ပြောရင်း မေနှင်းဆီ၏မျက်နှာ ညှိုးသွားသည်။

အော် ဖြစ်မှဖြစ်ရလေ။ ခြောက်တန်းအရွယ်ကလေး တစ်ယောက်အတွက်. တော်တော်ခက်ခဲသည့်မေးခွန်းတစ်ခု ဖြစ်ပါလိမ့်မည်။ ကျွန်မသာဆိုလျှင် ဘယ်လိုဖြေမလဲ။ ကျွန်မ တွေးကြည့်သည်။ အမုန်းဆုံးလူမရှိဟု ဖြေမှာပေါ့။ ဒီကလေးကလည်း အပဲ အ နိုင်လွန်းတယ်။

'အဲဒီတုန်းက ကျွန်မ သူ့ကို ပြောချင်နေခဲ့တာပါ။ ကျွန်မ ဘာကယ်မုန်းတာမဟုတ်ဘူး။ နာမည်တစ်ခုအဖြစ်ပဲ ထည့်လိုက်မိတာလို့'

'ဒီတော့ ညီမလေးက မဖြေရှင်းခဲ့ဘူးပေါ့'

ကျွန်မ မနေနိုင်လို့ ဝင်မေးမိတော့ ကောင်မလေးက ခေါင်းယမ်းသည်။

'ဟင့်အင်း။ တောင်းပန်မယ်လို့ တွေးပေမယ့် စိတ်ထဲက တစ်မျိုးကြီးပဲ။ တောင်းပန်မလို့ အားယူနေတုန်း သူက အခန်းထဲကနေ ထွက်သွားတော့ ကျွန်မလည်း ဘာမှ မပြောဖြစ်လိုက်ဘူး။ ပြောရင်ရော သူ ယုံပါ့မလား'

'သူ ယုံမှာပါ' ဟု ကျွန်မ ဝင်ပြောလိုက်မိသည်။ မေမေက ကျွန်မအား စကားဝင်မပြောရန် မျက်နှာအရိပ်အကဲပြလိုက်သဖြင့် ကျွန်မ နောက်ဆုတ်ရပ်လိုက်ရပါသည်။

မေမေက သူ့ကို အကဲခတ်နေပြီးမှ မေးခွန်းမေးသည်။

'အခုရော တောင်းပန်ချင်နေတုန်းလား'

'အခု သူက ကျောင်းထွက်သွားပြီ'

'အော်'

'သူ ဘယ်ရောက်သွားမှန်း ကျွန်မ မသိတော့ဘူး'

'သူ့နာမည်က ဘယ်သူတဲ့လဲ'

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက မေမေ့ကို မျက်လုံးအဝိုင်းသားနှင့် မော့ကြည့်ပြီး 'သူ့နာမည်ကို မမှတ်မိတော့ဘူး' ဟု ဖြေပါသည်။

ကျွန်မ ကောင်မလေးကို ငေးကြည့်နေမိသည်။

ကျွန်မလည်း တစ်ခါတစ်ခါ တစ်ခုခုကို ပြုမူလုပ်ရှားဖို့ နောက်ကျ တွန့်ဆုတ်တတ်၏။ တောင်းပန်ဖို့လည်း နှုတ်လေး တတ်၏။ နောင်တတွေလည်း ရတတ်၏။

'ကျွန်မ သိပ်စိတ်ညစ်တယ်။ တကယ်ဆို အမုန်းဆုံးလူ မရှိဘူးလို့ ဖြေလိုက်ရမှာနော်'

ကောင်မလေးက အရွယ်နှင့်မလိုက်အောင်ပင် စိတ်ညစ်နေသော မျက်နှာဖြစ်သွားသည်။ ကျွန်မက ကောင်မလေးကို နှစ်သိမ့်ချင်လိုက်တာ။

'ကျွန်မ တစ်ခါတစ်ခါကျ ကိုယ့်ကိုယ်ကို မကြိုက်ဘူး'

မေနှင်းဆီက မျက်လွှာချလျက် ပေါင်ပေါ်တင်ထားသည့် သူ့လက်တွေကို ငုံ့ကြည့်ကာ ပြောပြီးနောက် ဘာစကားမှ မပြောတော့ဘဲ အကြာကြီး တိတ်ဆိတ်ငြိမ်သက်သွားသည်။

ကလေးစိတ်ပညာကို သိသည်ဟု ထင်နေသူများ အချက် အလက်အမှန်တွေတော့ ရပြီဟု ထင်နေသူများကို ကျွန်မ ပြောချင်လိုက်တာ။ ရှင်တို့ရသွားတဲ့ စာရင်းဇယားတွေ အချက် အလက်တွေက အမှန်မဟုတ်ဘူး။ မေနှင်းဆီလို မုန်းတယ်ဆိုတာ ဘာမှန်း မသိဘဲ လူတစ်ယောက်ရဲ့နာမည်ကို မြန်မြန်ပြီးရင် ပြီးရော ဖြည့်လိုက်သူတွေ ရှိဦးမှာပဲ။ တကယ်မမုန်းဘဲနဲ့ အမုန်း စာရင်း သွင်းခံရတဲ့သူတွေရော ဘယ်လောက် များမလဲ။ အဲဒီလူ တွေ သိသွားရင် ဘယ်လောက် အားငယ်မလဲ၊ ဘယ်လောက် ဒေါသထွက်မလဲ။

အဲဒီမေးခွန်းဟာ မေးစရာလိုလို့လား။ အချစ်ဆုံးလူ



ဘယ်သူလဲဆိုတာလည်း အန္တရာယ်ရှိသည့် မေးခွန်း။ အမုန်းဆုံး ဘယ်သူလဲ ဆိုတာက ပိုပြီးအန္တရာယ်ရှိသည် မဟုတ်လား။ အဲဒါကို သိရတော့ ဘာတွေများ ကောက်ချက်ချနိုင်မှာမို့လဲ။

တွေ့ဆုံမှုတချို့ ပြီးသွားတော့ ကိုလတ်ကို ကျွန်မ ရင်ဖွင့် မိသည်။

'ကိုလတ် အချစ်ဆုံး ဘယ်သူလဲ အမုန်းဆုံးဘယ်သူလဲ ဆိုတဲ့ မေးခွန်းက တကယ်လိုတယ်လို့ ကိုလတ်ထင်လားဟင်'

'မသိဘူးလေ' ကိုလတ်က ပြုံးစစနှင့် ဖြေပြီးမှ အတည် ဆက်မျက်နှာဖြင့် ထပ်ပြောသည်။

'ငါဆိုရင်တော့ အဲဒီမေးခွန်းမျိုးကို ပြည်သူလူထုကို မေး ချင်တာဗျ။ အဲဒီအတိုင်းပဲ၊ အမုန်းဆုံးလူ ဘယ်သူလဲ အချစ်ဆုံး လူ ဘယ်သူလဲလို့ ဖြေခိုင်းချင်တာ'

'ကိုလတ်က သိချင်တာလား'

'ဟာ သိချင်တာပေါ့။ ငါ့မေးရင်လည်း ငါ့မှာ ဖြေစရာ အဆင်သင့်။ ငါအမုန်းဆုံးလူ ဘယ်သူလဲ သိလား'

'သွား နိုင်ငံရေးတွေ လာမပြောနဲ့။ နောက်တစ်ခါ ထောင် ထဲ ပြန်ရောက်သွားလိမ့်မယ်'

ကျွန်မတို့နှစ်ယောက် စိတ်လွတ်လက်လွတ် ရယ်မောမိ ပါသည်။

မိဘတွေကို သားသမီးက သူဟာသူချစ်နေတာ အားကိုး နေ တွယ်တာနေတာ အကောင်းသားနှင့် အဖေနဲ့အမေ ဘယ်သူ့ ကို ပိုချစ်လဲဟု မေးကြတာလည်း လူကြီးတွေပဲ မဟုတ်လား။ ကျွန်မ ငယ်ငယ်တုန်းက မေမေနှင့်ဖေဖေ့ မိတ်ဆွေတွေက ကျွန်မကို ခဏ ခဏ မေးကြ၏။ အဖေနဲ့အမေ ဘယ်သူ့ကိုပိုချစ်လဲ တဲ့။

ထိုမေးခွန်း၏အကျဉ်းအကြပ်ဖြစ်မှုကို မေးခံရသူသာ သိ

www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မည်။ ကျွန်မသည် ထိုကြပ်တည်းမှု စိတ်မသက်သာမှုတို့ ခဏခဏခံစားဖူးသည်ဖြစ်ရာ ကျွန်မကြီးလာလို့ သားသမီးတွေ ရလာလျှင် ကလေးတွေကို ထိုမေးခွန်းမျိုး ဘယ်တော့မှမမေးဖို့ ဆုံးဖြတ်ထားခဲ့သည်။ တချို့အရာတို့သည် မနှိုင်းယှဉ်အပ်ဘူး မဟုတ်လား။

'နင့်မှာရော အချစ်ဆုံးလူ ရှိလား အင်ကြင်း'

ကျွန်မမျက်နှာနွေးခနဲ ပူသွားကာ ခေါင်းခါယမ်းလိုက်ရ သည်။ ထိုမေးခွန်းကို သူမေးလိုက်ချိန်တွင် ကျွန်မ မင်းမျိုးဆက် ကို သတိရသွားလို့ပါ။ ကိုလတ် ဘာဖြစ်လို့ အဲဒီမေးခွန်းကို မေး တာလဲ။ ကျွန်မ သူ့ကိုမော့ကြည့်ချင်သည်။ သို့သော် မကြည့်ရဲပါ။

'ဟားဟား ငါ အဖြေကို သိပြီ'

'ကိုလတ်နော်'

'နင် တော်တော် ပြောင်းလဲနေတာပါလား အင်ကြင်း'

ဟုတ်လား။ ကျွန်မပုံစံက အဲဒီလောက်တောင် သိသာ နေသလား။ ကျွန်မ ရင်တွေတုန်ပြီး ပူထူသွားသည်။

'အင်ကြင်း'

'ဟာ မပြောနဲ့၊ ကိုလတ် ဘာမှ မပြောနဲ့'

'မဟုတ်ပါဘူး၊ ငါအတည်ပြောမလို့'

ကိုလတ်အသံက တည်တည်ငြိမ်ငြိမ်မို့ ကျွန်မ မော့ကြည့် ရဲသွားသည်။

'ကလေးတွေမှာ တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်တတ်တဲ့ အသိ ပညာကိုတော့ လိုတယ်ဟ။ ဒီအသီးက ကောင်းလား၊ ဟိုအသီး က ကောင်းလား။ ဒီမုန့်နဲ့ဟိုမုန့် ဘယ်မုန့်က ကောင်းလဲ။ ဒီပန်းနဲ့ ဟိုပန်း ဘယ်ပန်းက ပိုမွှေးလဲ၊ ပိုလှလဲ အဲဒါမျိုးပေါ့ဟာ'

'ဟုတ်ပါတယ် ကိုလတ်ရဲ့၊ မေးပါ။ မေးစရာ ယှဉ်စရာ



အရည်းတွေ အများကြီးပါ။ ဘာကြောင့် အတန်းထဲက အချစ်ဆုံး လူလဲ ဘာကြောင့် အမုန်းဆုံးလူလဲ။ ဘာကြောင့် အဖေနဲ့အမေ ဘယ်သူ့ပိုချစ်လဲလို့ မေးကြတာလဲ။ အဲဒါတော့ ကျွန်တော် သဘောမကြိုက်ဘူး'

ဘာကြောင့်အချစ်လဲ။ ဘာကြောင့်အမုန်းလဲ။

ထိုနေ့ည ကျွန်မနှင့်မေမေ ဗွီဒီယိုရိုက်ကူးချက်များကို ပြန်ကြည့်ကြသည်။ ကိုယ်ပါဝင်ရိုက်ကူးထားသည့်အခွေကို ကိုယ် ပြန်ကြည့်ရသည့်အရသာကို ပထမဆုံးအကြိမ် သဘောကျသွား သည်။ ကလေးတို့သည် လွန်ခဲ့သည့်ခုနစ်နှစ် စနေနံနှင့် ကျောက် ဆန့်ဘုရားတို့မှာ ကျွန်မ တွေ့ခဲ့ရသည့်ကလေးများပဲ ဖြစ်ပေမယ့် သူတို့၏ဟန်အမူအရာက သိပ်မပြောင်းလဲပေမယ့် အနည်းငယ် တော့ ကိုယ့်ကိုယ်ကို ထိန်းချုပ်တတ်လာသည်ကို တွေ့ရသည်။

မေမေက ကျွန်မအား သူ့သုတေသနနှင့် ပတ်သက် သည့် နည်းကမ်းချက်ကို ပြောပြသည်။

'သူတို့ကို ကိုယ်က လေ့လာပြီး မှတ်တမ်းပဲ တင်တာ၊ သူတို့ရဲ့ခံစားချက်နောက်ကို ကိုယ်မလိုက်ရဘူး။ ပြီးတော့ သူတို့ကို အကြံဉာဏ်ပေးတာ ညွှန်ကြားတာလည်း မလုပ်ရဘူး'

'ဟုတ်ကဲ့ သမီးနားလည်ပါတယ်။ ဒါကို စမ်းသပ်စစ်ဆေး တာလို့ ခေါ်တယ်မဟုတ်လား မေမေ'

'နိုး ဒါ စမ်းသပ်စစ်ဆေးတာမဟုတ်ဘူး။ စမ်းသပ်တယ် ဆိုတာ အိပ်ပ်ကစ်ပရီးမင့်တ် experiment ပေါ့။ မဟုတ်ဘူး။ စစ်ဆေးတာလို့ အဓိပ္ပါယ်ရတဲ့ တက်စ်တ် test လည်း မဟုတ်ဘူး'

'သမီးသိပြီ ဒါကို အဆက်စ်မင့်တ် assessment လို့ ခေါ်တယ်လို့ ခေါ်ရင်တော့ ခေါ်နိုင်တယ် မဟုတ်လား'

အခုတော့ ကျွန်မ စာတွေလည်း ပိုဖတ်နိုင် ပြီ၊ ဆရာမ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် အလုပ်လည်း စဝင်နေပြီမို့ သဘောပေါက်ပါသည်။

'အင်း အဲဒီလိုလည်း ပြောလို့ မရဘူးထင်တယ်'

ကျွန်မ၏အလုပ်က ပညာရေးဆိုင်ရာဖြစ်သည်မို့ ပညာရေးနှင့်သက်ဆိုင်သော စစ်ဆေးအစီရင်ခံမှုအကြောင်း မေမေ့ကို ပြောပြမိသည်။

'သမီးသိသလောက်တော့ assessment ဆိုတဲ့ စစ်ဆေးကောက်ချက်ချခြင်းမှာ အမျိုးအစားနှစ်မျိုးရှိတယ်။ summative assessment နဲ့ informative assessment တဲ့။ မေမေ လုပ်နေတဲ့ လေ့လာမှတ်တမ်းပြုစုတဲ့အလုပ်က စာမေးပွဲဖြေသလို အမှတ်တွေနဲ့ ဆုံးဖြတ်သလိုမျိုး မဟုတ်ဘူး။ သူတော်တယ် မတော်ဘူး သူညံ့တယ် မညံ့ဘူး ကောက်ချက်ချ ဆုံးဖြတ်တာမျိုး မဟုတ်ဘူး ဒါကြောင့် ဆမ်မေးတစ်ဗ် အဆက်စ်မင့်တ် မဟုတ်ဘူး။ ဟုတ်တယ်နော် မေမေ။ ဒါပေမယ့် မေမေ့အလုပ်က အင်ဖော်မေးတစ်ဗ် အဆက်စ်မင့်တ်လည်း မဟုတ်ဘူးနော်'

မေမေက ကျွန်မအား အပြုံးဖြင့် ကြည့်၏။

'အင်း။ အင်ဖော်မေးတစ်ဗ်ဆိုရင် မေမေက သူတို့ကို သိသင့် သိထိုက်တာတွေ အချက်အလက်တွေ ပညာတွေ ဗဟုသုတတွေ ညွှန်ကြားဖြန့်ဝေပေးတယ်လို့ အဓိပ္ပါယ်ရလိမ့်မယ်။ အခု မေမေက သူတို့ကိုလေ့လာပြီး အရှိကိုအရှိအတိုင်း မှတ်တမ်းတင်ရုံပဲ။ ဘာမှ ဝင်မစွက်ဘူး။ သူတို့ဘဝထဲ ဝင်မသွားဘူး ဒါကြောင့် သမီးကိုလည်း သူတို့ဘဝထဲ မဝင်နဲ့လို့ သတိပေးထားတာ'

သို့သော် ခွင့်လွှတ်ပါမေမေ၊ မောင်သက်ဝေ၏ဘဝထဲတော့ သမီး ဝင်ပြီးသားဖြစ်နေပါပြီ။ မေမေ မသိအောင် ဟိုးတုန်းကတည်းက တစ်လှမ်းချင်းဝင်နေခဲ့မိပြီးပါပြီ။



၁၉၉၅ခုနှစ်မှာ မောင်သက်ဝေကို ပင်းဝရွာရှိ သူတို့အိမ်မှာ မေးမြန်း မှတ်တမ်းယူကြသည်မို့ ကျွန်မရော ကိုလတ်ပါ မေမေနှင့်အတူ ပင်းဝသို့ လိုက်သွားကြသည်။

အလို။ မောင်သည် အရပ်ကလန်ကလားနှင့် လူပျိုဖော်ဝင်နေပါပကော။ မောင်သက်ဝေသည် ကျွန်မအရပ်ကို ကျော်လွန်ပြီး မြင့်မားလာသည်ကို တအံ့တသြတွေ့ရသည်။ မေမေနှင့် ကိုလတ်ကို စိမ်းနေပေမယ့် ကျွန်မကို စိမ်းမနေဘဲ ရင်းနှီး လိုက်ထားသည့်အကြည့်ဖြင့် ကြိုဆိုလေသည်။ ကျွန်မနှင့် မောင်သက်ဝေ တို့တုန်းက ရေနံချောင်း လူချင်းဝေးကွာနေပေမယ့် စာချင်း တယ်လီဖုန်းချင်း အဆက်အသွယ် ရှိနေသည်ကို မေမေ မသိခဲ့ပါ။

မောင်တို့နေသည့်အိမ်သည် မောင့်အဖေ၏ ကိုယ်ပိုင်အိမ်ဟု သိရသည့်အတွက် ကျွန်မ စိတ်ထဲမှာ ကျေနပ်နှစ်သိမ့်မိသည်။ အိမ်ကလေး သေးငယ်စေဦးတော့ ဝါးထရံကာအိမ်လေး ဖြစ်စေဦးတော့ မောင့်ကို ကိုယ့်ကိုယ်ကို ယုံကြည်စိတ်တွေ ပေးနိုင်မှာပါ။

ကျွန်မ ခိုးခိုးဖတ်သော မေမေ့မှတ်စုစာအုပ်တွေထဲမှာ မောင်တို့နေသည့်အိမ်သည် မောင့်ဖခင်၏အစ်မ မောင့်အဒေါ်၏ အိမ်ဟု သိခဲ့ရဖူးသဖြင့် မောင့်ကို သနားနေမိခဲ့သည်။ မေမေက မောင့်ကို ကြီးရင် ဘာလုပ်မှာလဲ ဟုမေးတော့ လက်သမားဆရာကြီး လုပ်မှာဟု ဖြေတာကို ကျွန်မ တွေ့လိုက်ဖူးသည်။ ဘာဖြစ်လို့ လက်သမားဆရာလုပ်ချင်တာလဲဆိုတော့ အဖေ့ကို အိမ်ဆောက်ပေးချင်လို့တဲ့။

ကျွန်မ တစ်ခါမှမမြင်ဖူးသော မောင့်ဖခင်သည် အသားညိုညို ထွားထွားကြိုင်းကြိုင်း၊ ရုပ်ရည်ကြမ်းတမ်းသော်လည်း မျက်လုံးများက ရိုးသားနူးညံ့သည်။ မောင့်ဖခင်က ကျွမ်းစားထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာမှ သွားတွေကို နီရဲနေတာပဲ။ မောင်ရော ကွမ်းတွေ ဘာတွေ စားတတ်နေပြီလားဟု ကျွန်မ စိတ်ပူသွားသည်။ မောင့်သွားလေးတွေကတော့ အခုထိ ဖြူစင်လို့ပါပဲ။ မောင့်ကို ဆေးလိပ်လည်း မသောက်စေချင်။ ကျွန်မတို့နှင့်မျက်နှာချင်းဆိုင် ပွဲရုံကချာတိတ်လေးကဖြင့် အခုမှ ရှစ်တန်း ရှိသေးသည်။ ဆေးလိပ်ကိုလက်ကြားကကို မချတော့ချေ။ ဟင်း မောင်သာ ဆေးလိပ်သောက်ရဲ သောက်ကြည့် ကျွန်မ လူရှေ့ တွေ ဘာတွေ မရှောင်နိုင်တော့ဘူး။ တစ်ခါတည်း ဗိုက်ခေါက်ကို ဆွဲလိမ်ပစ်လိုက်မယ်။

မြို့ကဆရာမတွေ လိုက်လာသည်ဆိုတော့ သူ့ အဖေကစိတ်ပူပုံရ၏။ သက်ဝေ မင်း ဘာမဟုတ်တာတွေ လုပ်ထားပြန်တုန်းဟု တိုးတိုးကြိတ်ကြိတ် ဆူသံကို ကြားလိုက်ရ၏။

'ဟာအဖေကလည်း ကျုပ် ဘာမှ မလုပ်ပါဘူး'

တကယ်တော့ မောင်က သူ့ကိုယ်သူ ကျုပ်ဟု မပြောတာကြာပါပြီ။ သူ့ရွာသူ ပြန်ရောက်သွားလို့များလား။

ကိုလတ်က မောင့်ကို ဗွီဒီယိုရိုက်သည့်အခါ မောင်ကလုံးဝ မနေတတ်ဘဲ ရှက်နေသည်။ တစ်ရွာလုံးကလူတွေ မောင်တို့အိမ်ဝိုင်းထဲ ရောက်လာသလား အောက်မေ့ရသည်။ မောင့်ဖခင်ဦးသန်းကိုအား ချစ်ခင်သူတွေ ပေါသည်ထင်ပါရဲ့။ မောင့်ကိုလည်းသူတို့က မောင်သက်လေးဟု ချစ်စနိုးခေါ်ကြသည်။

'မမုန်းခင်ကြီးရှိရင်တော် ဘယ်လောက်များ ဂုဏ်ယူလိုက်မလဲ။ သူ့သားကို ဗွီဒီယိုလာရိုက်တာတော့' ဟု အားရပါးရပြောနေကြသည်။ 'သူ့သားကလည်းအေ သူ့အတိုင်း ချွတ်စွတ်ပဲချောချက်ကတော့ မှန်လို့တော်'

မောင်က ထိုအသံများ ကြားတော့ ဖြူဝင်းသောမျက်နှာမှာ နီရဲလျက်ရှိလေသည်။



နေပါဦး မောင့်နဖူးမှာ အဖုလေးတွေ ပြွတ်သိပ်လို့ ဘာဖြစ်တာပါလိမ့်။ အသားဖြူဖြူမှာ အနီဖုလေးတွေနှင့်ဆိုတော့ သိပ်သိသာထင်ရှားနေသည်။

'ဒီနှစ်ပိုင်းတွေမှာ မောင်သက်ဝေ ဘာတွေ ထူးထူးခြားခြား ဖြစ်လဲ။ ဘာတွေ တိုးတက်လဲ။ ဘာတွေ ပြောင်းလဲသေးလဲ'

ထိုမေးခွန်းကို မေမေနှင့်ဆရာမောင်က မေးတာ မဟုတ်ဘဲ မေးခွန်းတွေကို မေးတတ်သွားပြီဖြစ်သော ကိုလတ်က ဝင်မေးခြင်း ဖြစ်သည်။

'ဘာမှ မထူးခြားပါဘူး၊ ကျနော် အဖေ့ကို ကူပြီး ကြက်သွန်စိုက်ဖြစ်ပါတယ်'

မောင်က တုံးတိတိဖြေသည်။

လွန်ခဲ့သောခုနစ်နှစ်က အိမ်မှာ မေမေပျိုးထားသည့်ပန်းပင်လေးတွေထဲမှ အပင်လေးတစ်ပင်ကို သူ့ဆီ ယူသွားပေးဖြစ်သည့်နေ့ကို ချက်ချင်း သတိရမိသည်။ အဲဒီတုန်းက မောင့်ကိုကျွန်မ၏ကိုယ်ပိုင်ဉယျာဉ်လေးအကြောင်း ပြောမိတော့ မောင်ကမျက်လုံးတွေတောက်ပလာအောင် စိတ်ဝင်စားနေခဲ့လို့ဖြစ်သည်။ ဘုန်းကြီးကျောင်းဆိုတော့ မောင် မပိုင်ဆိုင်သည့်မြေ။ ထို့ကြောင့်အားပင်လေးတွေပဲ စိုက်ခိုင်းမည် ဆိုသည့် အတွေးသာ။

'အစ်မ အဲဒါ ဘာပင်လေးလဲ'

'ခရမ်းချဉ်သီးပင်လေး'

'အော်'

'ဒီအပင်လေးကို မင်း ရှင်အောင်စိုက်လို့ရရင် နောက်တစ်ခါကျ အစေ့ကနေ ပျိုးကြမယ်။ ခဏလေးနဲ့သီးတဲ့ ခရမ်းသီးတို့ ဘူးသီးတို့ စိုက်ကြမယ်။ ပြီးရင် ဈေးမှာသွားရောင်း၊ မောင်လေး မုန့်ဘိုးရမယ်'

www.burmeseclassic.com

www.burmeseclassic.com



'အင်း'

'ဟုတ်ကဲ့လို့ပြော'

'ဟုတ်ကဲ့'

'မောင်လေး မြေကျင်းတူးတတ်လား'

'တူးတတ်ပါ့။ ပင်းဝမှာ ကြက်သွန်စိုက်နေကျ'

'ဟင် ဟုတ်လား'

ကျောင်း၏နောက်ဘက် မြေဆွေးလည်းရှိပြီး အရိပ်မကျသည့်နေရာလေးတစ်ခုကို ရွေးပြီး ကျင်းတူးကြသည်။ မောင် ဘယ်လို စိုက်ခင်းမျိုးလိုချင်လဲဟု မေးသည့်အခါ သူက ခေါင်းလေးကုတ်လျက် စဉ်းစားသည်။ သူ မဖြေတတ်ပေ။ ကျွန်မ သူ့ကို ကူစဉ်းစားပေးရန် ဆုံးဖြတ်လိုက်သည်။ ကျွန်မတုန်းကလည်း ကျွန်မစိုက်ခင်းကို မေမေကူညီပြီး ပုံဖော်ပေးခဲ့တာကိုး။

ကောင်းပြီ။ ကျွန်မသည် ကြွေရည်သုတ်သံပန်းကန်ပြား အဟောင်းတစ်ခုကို ကျောင်းပေါ်မှ သွားရှာခိုင်းပြီး ထိုပန်းကန်ပြားထဲတွင် မြေဆွေးအမောက်ထည့်ကာ မြေညှိလိုက်သည်။ ထို့နောက် ပန်းကန်ပြားထဲတွင် ပန်းပွင့်လေးတွေသစ်ရွက်အသေးတွေ အကြီးတွေ သူ့စိတ်ကူးတည့်ရာ ထည့်ခိုင်းပြီး အသေးစား ဥယျာဉ်လေးတစ်ခု ဖန်တီးခိုင်းလိုက်သည်။

'မောင်လေး ဘာအရောင်နဲ့ ဘာပန်းပင်ကို ဘယ်နေရာမှာထားပြီး စိုက်ချင်လဲ ရွေးကြည့်၊ ထည့်ကြည့်၊ မကြိုက်ရင် ပြန်နှုတ်ကြည့်။ ပြီးလို့ သေချာပြီဆိုရင် အဲဒီအတိုင်း ပုံဖော်ပြီး စိုက်ကြမယ်'

ထိုကစားနည်းကို မောင်သက်ဝေ အလွန် သဘောကျခဲ့၏။ အေးလေ။ မေမေခိုင်းတုန်းက ရောင်စုံခဲတံဖြင့် ပုံတူဆွဲရာမှာ ပြောင်မြောက်သည့် ကလေးပဲ။ မြေဆွေးပေါ်မှာ ဘာပန်းပင်



ဘာရောင်စိုက်မည်ဟု ပန်းစစ်စစ်တွေနှင့် အရောင်ခြယ်ခြင်းကို မကြိုက်ဘဲ ဘယ်ရှိပါ့မလဲ။ သို့သော် သူက စိတ်တော့ တော်တော်များ၏။ ဘယ်လောက်များ သူ စိတ်မပြတ်သားလိုက်သလဲဆိုလျှင် ဒီကနေ့ သူ စီစဉ်ပြီးသွားသော ဥယျာဉ်ပုံစံလေးကို အဟုတ်မှတ်ပြီး ကျွန်မက မျိုးစေ့တွေရွေးယူလာ။ သူက နောက်နေ့ကျ ဒါ မကြိုက်တော့ဘူး ဟု ပြန်ပြင်။ နှစ်ခါသုံးခါတောင် ပန်းကန်ပြားဥယျာဉ်ကို ပြန်ပြန် ပြင်တာ။ ထိုအခါ ကျွန်မ စိတ်တိုတိုနှင့် သူ့ကို ငေါက်မိသည်။

'မောင် နင်ဘယ်လိုဖြစ်နေတာလဲ။ စိတ်က ပြောင်းလို့ပဲ မပြီးတော့ဘူးလား။ နင်အသက်ကြီးလို့ မိန်းမယူရင် ယူပြီးမှ အဲလိုပဲ ခဏခဏ ပြောင်းနေမှာလား'

ထိုအခါ မောင်က ရှုတည်တည်ဖြင့်

'မိန်းမတော့ မပြောင်းပါဘူး။ တစ်ယောက်ပဲယူမှာ' ဟု ပြောလေသည်။ အဲသည်တုန်းကတော့ ကျွန်မ တောင်တောင် အီအီ ဘာမှမတွေးမိဘဲ မျက်စောင်းသာ ထိုးခဲ့မိသည်။

အခုအခါ မောင့်ကို ကြည့်ရတာ စိတ်အိုက်နေပုံရ၏။ အိမ်က သေးသေး၊ ဧည့်သည်က များများ၊ ရေနံချောင်းက လာ အာကချည်း လေးယောက်၊ အိမ်နီးချင်းတွေနှင့် ဆွေမျိုးတွေနှင့် အိမ်ကြမ်းခင်းမှာ ညှတ်တောင်ညှတ်လုမတတ်။ မိုးက ရွာတစ်ချက် ရွာတစ်ချက်။ မောင့်ဖခင်က မိုး စိုစိုစွတ်စွတ်မှာ ကျွန်မတို့ ဧည့်သည်တွေစားဖို့ အိမ်နီးချင်းတွေဆီကနေ ပဲကြော် လက်ဖက် သွားယူလာသည်။

'ပြောင်းတာပေါ့မောင်ရာ အခု ကိုယ်ပိုင်အိမ်လေးနဲ့ နေနေကြပြီပဲ။ ဒါ ပြောင်းတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက တအံ့တသြ ဝိုင်းကြည့်ကြတော့မှ သွားပြီဟု ပူထူသွား၏။ ကျွန်မ မောင့်ကို လူပုံအလယ်မှာ အထူးသဖြင့် မေမေ့ ရှေ့မှာ မောင်ဟု လွှတ်ခနဲ ခေါ်လိုက်မိပါပြီကောလား။

ကျွန်မလေ ကိုယ့်ကိုယ်ကို ပါးကို သုံးလေးချက်လောက် ဆင့်ပြီးရိုက်ပစ်ချင်သည်။ ဘာဖြစ်လို့ အဲဒီပါးစပ်က ထွက်ရတာလဲ။ မေမေက ကျွန်မကို တစ်ချက်ကြည့်လိုက်သလို ကိုလတ်ကတော့ မျက်မှောင်တောင် ကြုတ်သွားသည်ထင်ပါရဲ့။ မောင်ကတော့ ဘာမှ မထူးခြားသလိုပဲ။ မောင်ကြားနေကျ အသုံးအနှုန်း မဟုတ်လား။

'အိမ်က သေးသေးလေးပါ'

မောင့်ပုံပန်းသွင်ပြင်ကတော့ တော်တော် ပြောင်းလဲနေပြီကိုတွေ့ရသည်။ အသိသာဆုံးကတော့ အသံပေါ့။ ကြီးကောင်ဝင်လာသည့် မောင့်အသံပါ။ ကလေးသံလေးကနေ ဂွတီးဂွကျရယ်စရာ အသံသြသြလေးအဖြစ် ပြောင်းလဲလာတာ ကျွန်မသတိထားမိသည်။ ချောင်းဆိုးပြီး အသံဝင်ပြီးခါစ ကလေးတစ်ယောက် လိုပဲ။

'အဲ ပြောင်းတာတွေတော့ ရှိတယ်။ ကျွန်တော့် သူငယ်ချင်း တစ်ယောက် နွေတုန်းက သေသွားတယ်'

ထိုအဖြစ်ကို မေမေ့ဆီမှ စာအရှည်ကြီးကို ဖတ်ထားခဲ့ပြီးလို့ ကျွန်မသိနေပါသည်။ မေမေ့သူတေသနအုပ်စုဝင် မဟုတ်ပေမယ့် မေမေ့တပည့်ဟောင်းဖြစ်သည့် ခုနစ်တန်းကျောင်းသူလေးတစ်ယောက် သေဆုံးသွားခြင်း အဖြစ်သည် သူနှင့် နီးစပ်ရာဆယ်ကျော်သက်လူငယ်လေးများအပေါ် ကြီးစွာသော ထိခိုက်မှုဖြစ်ခဲ့သည်။

(၂)

ကျွန်မတို့ရေနံချောင်းမှာ အသုဘချလျှင် အသုဘစင်ကို သူတွေရှေ့နောက် ဝိုင်းထမ်းပိုးကြပြီး အသုဘအိမ်မှ သုသာန်သို့ ခြေလျင်လျှောက်လျက် လိုက်ပါပို့ဆောင်ကြသည်။ ထိုအခါမျိုးတွင် ကြေးစည်တနောင်နောင်ထုပြီး တိတ်ဆိတ်စွာ ပို့ကြသည့် သာမန်အသုဘမျိုး ရှိသလို ဝါးတွေ စည်တိုတွေ ခေါက်ပြီး မြိုင်ဆိုင်စွာ ဆူညံဆွတ်စရာ လိုက်ပါပို့ဆောင်သည့် အသုဘတွေလည်း ရှိသည်။ ထိုအသုဘမျိုးမှာ တွင်းရိုးတွင်းစားများ၏ မိသားစုဝင်တို့ သေဆုံးလျှင် ကျင်းပသော ထုံးစံတစ်ခု ဖြစ်သည်။ ထိုဂီတ အမျိုးအစားကို ချိုင်းတောင်ခေါက်သည်ဟု ခေါ်ကြသည်။

တင့်တင့်သည် တွင်းစားကြီး ဦးဘိုးဟန်၏ သမီးအငယ်ဆုံးဖြစ်၏။

၁၉၉၅ခုနှစ် နွေရာသီသည် မိုးမခနှင့် တင့်တင့် သူငယ်ချင်းနှစ်ယောက် ရှစ်တန်းစာမေးပွဲ ဖြေအပြီးကာလ ဖြစ်သည်။ စကားပြောလို့မဝ၊ လျှောက်လည်လို့မဝ အချိန်ကာလပေါ့။ မိုးမခတို့သည် သွားနေကျ ရွှေဘုံသာ လမ်းတွေ ဘက်သို့ မလှည့်ဘဲ မြို့၏တစ်ဖက်စွန်း မြေနီခင်တို့ လက်မှတ်ကုန်းတို့မှာရှိသည့် ဘုရားတွေဆီ အထူးအဆန်း သွားလည်ကြသည်။

ဦးဘိုးခင်ဘုရားတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ချုံနွယ်ပိတ်ပေါင်းတွေ၏ဘေးက လူသွားလမ်းပြေပြေလေးကို စက်ဘီးတစ်စီးနှင့် မိုးမခတို့ သွားခဲ့ကြသည်။ တကယ်တော့ ရေနံချောင်းမြို့သည် စက်ဘီးစီးဖို့ တော်တော်ကို အဆင်မပြေသောမြို့ဖြစ်သည်။ မြို့မှာ ကုန်းအဆင်း ကုန်းအတက်တွေဖြင့် အနိမ့်အမြင့် အကွေ့အကောက်တွေ ထူလှသည်။ သို့သော် ရေနံချောင်းမှာ စက်ဘီးဖြင့်သွားကြသူတွေ အများကြီးရှိပါသည်။ တင့်တင့်က စက်ဘီးစီးကျွမ်းကျင်သည်။ မိုးမခက သူ့ထက် ကိုယ်လုံးသေးသူမို့ တင့်တင့်က မိုးမခကို စက်ဘီးမနင်းစေခဲ့။ သူကသာ အသွားအပြန်နင်းပြီး မိုးမခကို နောက်က ကယ်ရီယာခုံပေါ်မှာ လိုက်စေခဲ့သည်။

ထိုနေ့သည် မိုးမခကြုံတွေ့နေကျ သာမန်နေ့တစ်နေ့ပဲ ဖြစ်သည်။ သစ်ရွက်တွေက လေတိုက်တိုင်းကြွေသည့် နွေနေ့ တစ်ခုသာပါပဲ။ လေတိုက်သည့်အခါ ကြွေပြီးသားသစ်ရွက်တွေကလည်း ရုပ်တိုက်ပြေးလွှား ယောက်ယက်ခပ်နေကြသည်။ နီ တချို့ ဝါတချို့၊ ညိုတချို့ သစ်ရွက်ကြွေများ။ ပြန်တွေးကြည့်တော့ တစ်ခုခု ကြီးကြီးကျယ်ကျယ် ဖြစ်သွားတော့မည့် အတိတ်နိမိတ်ဟူ၍လည်း ဘာမှ မပေါ်လာခဲ့သည့်နေ့ ဖြစ်သည်။

တစ်ခု ပြောစရာရှိသည်မှာ တင့်တင့်၏ခေါင်းလျှော်ပြီး ဖြန့်ချထားသော ဆံပင်ရှည်တို့က လေတိုက်တိုင်း ဝဲလွင့်နေသဖြင့် မိုးမခ၏ မျက်နှာဆီသို့ ခဏခဏရောက်လာသည်။ ထိုဆံပင်မျှင်တွေကို မိုးမခက လက်ဖြင့် သပ်ဖယ်နေရတာ ခဏခဏ။ အထူးသဖြင့် ကုန်းအဆင်း ဘရိတ်ကိုလွှတ်ပြီး အရှိန်ဖြင့်ဆင်းသည့်အခါ ဝှစ် ဝှစ် ဝှစ် ဝှစ်နှင့် မျက်နှာကို တရှိန်တိုး လေတိုးသည့်အခါများတွင် ပိုဖြစ်သည်။

'ကိုင်ထားနော် မိုး'



'အေး'

သူတို့ အသဲတအေးအေးဖြင့် အသံကို ခြစ်ပြီး အော်မိသည်အထိ စိတ်လှုပ်ရှားစွာ ပျော်ခဲ့ကြသည်။ တစ်မြို့လုံးကြားလောက်သည့် ရယ်မောသံများဖြစ်ပါလိမ့်မည်။ ထိုရယ်မောသံများသည် မိုးမခတို့နှစ်ယောက်၏ နောက်ဆုံးချမ်းမြေ့ခြင်းဂီတ ဖြစ်ခဲ့သည်။

ရေနံချောင်းမြို့၏ ကုန်းဆင်းများတွင် နာမည်အကြီးဆုံး မြစိမ်းရောင်တံတားအဆင်း ရှိသည်။ မြစိမ်းရောင် ရုပ်ရှင်ရုံ နားမှာ ရှိသည်။ တွင်းကုန်း၊ လက်မှတ်ကုန်း၊ မြေနီခင် ရပ်ကွက်တွေမှ တစ်လျှောက်လုံး ဆင်းလာသော အဝေးပြေး ကားလမ်းသည် မြစိမ်းရောင်တံတားဆီသို့ အဆင်းမှာတော့ အတော်လေး မတ်စောက်သည့်အဆင်းဖြစ်သွားသည်။ ထို့ကြောင့် ထိုနေရာတစ်ဝိုက်တွင် အဆင်းလမ်းနှင့်အပြိုင် တစ်ဖက်မှာ အတက်လမ်း အတိုတစ်ခု ပြုလုပ်ထားခဲ့သည်။ ဆင်းသည့်လမ်းက မတ်စောက်ပြီး တက်သည့်လမ်းက ပိုပြေသည်။ သို့သော် တံတားကတော့ တစ်ခုတည်းဖြစ်သည်။ မြို့ထဲဖက်ကနေလာသည့် လမ်းကလည်း မြစိမ်းရောင်တံတားဆီချဉ်းကပ်သည့်အခါ အဆင်းလမ်း ဖြစ်နေတာ ပါပဲ။ မြစိမ်းရောင်တံတားသည် ဟိုဘက်ဒီဘက် ကုန်းမြင့်နှစ်ခုကြားမှာ ရှိသည့် ချောင်းနက်နက် ချောက်ကမ်းပါး နှစ်ခုကို ဆက်ပေးထားသည့် တံတားဖြစ်သောကြောင့်တည်း။

မိုးမခတို့က မြေနီခင်ဘက်ကနေ မြစိမ်းရောင်တံတား ဆီသို့အဆင်း တစ်ဖက် မြို့ထဲဘက်ကနေ ဆင်းလာသည့် ကုန်ကားကြီး တစ်စီးနှင့် မျက်နှာချင်းဆိုင်မိကြသည်။

မြစိမ်းရောင်တံတားသည် ကျဉ်းကျဉ်းလေးဖြစ်၍ ကားတစ်စီးသာ သွားလို့ရသည်။ မြင်းလှည်းကောင် နှစ်စီး

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်မသွားနိုင်။ တစ်စီးပြီးမှ တစ်စီးရှောင်မောင်းရသည်။ မိုးမခတို့ စက်ဘီးသည် ကားကြီးနှင့် တံတားပေါ်တွင် မျက်နှာချင်းဆိုင်ဆုံလို့မဖြစ်။ ထို့ကြောင့် လုပ်ရမှာက နှစ်လမ်းပဲရှိသည်။ စက်ဘီးကို ဘရိတ်အုပ်ပြီး လမ်းဘေးဆင်းရပ်ချင် ရပ်။ သို့မဟုတ် ကားကြီးထက်အရင် ကိုယ်က တံတားပေါ်ဖြတ်မိအောင် ဘရိတ်ကိုလွှတ်ပြီး အရှိန်နှင့် ပြေးဆင်းပေတော့။

ကားကြီးကလည်း တစ်ဖက်မှ ဆင်းလာနေတာမို့ အရှိန်တော့ မနည်းပေ။ ကုန်ကားမို့ သူ့အလေးချိန်က များသည်။ မိုးမခတို့ စက်ဘီးက ပေါ့ပါးသည်။ နောက်ပြီး မိုးမခတို့အဆင်းက ပိုပြီးမတ်စောက်သည်။ ထို့ကြောင့် တံတားသို့ မြန်မြန်ရောက်ဖို့ သေချာသည်။ တင့်တင့်က စက်ဘီးနင်းလာသူမို့ သူပဲ ဆုံးဖြတ်သည်။

'မိုး မြဲမြဲကိုင်ထားနော်'

အလေးအနက် သတိပေးသည့်စကားသံ။ မိုးမခက နည်းနည်းကြောက်နေလို့ အေး ဟုတောင် အသံပြန်မပေးနိုင်ခဲ့။ တင့်တင့်ရယ် ရပ်လိုက်ပါလားဟု အကြံပေးချင်သည်။ သို့သော်နှုတ်က ဆွံ့နေခဲ့၏။ နှလုံးခုန်သံမှာ တဒိုင်းဒိုင်းနှင့် ကိုယ်တိုင်ကြားရလောက်အောင် ကျယ်လောင်လှသည်။

အဲသည်တုန်းက မိုးမခသာ စက်ဘီးနင်းသူနေရာမှာ ရှိခဲ့လျှင် ဘာလုပ်မိမှာလဲဟု အခု ပြန်စဉ်းစားကြည့်တော့ မသေမချာပါပဲ။ စက်ဘီးကို ဘရိတ်အုပ်ပြီး ဘေးကင်းရာလမ်းဘေးမှာ ရပ်လိုက်မိမှာလား။ မသေချာပါ။

တင့်တင့်ကတော့ ဆုံးဖြတ်ချက် ပြတ်သားသည်။ မိုးမခကို မြဲမြဲကိုင်ထားဖို့ သတိပေးပြီးသည့်နောက် စက်ဘီးကို တံတားဆီသို့ ဆင်းသွားသည်မှာ စက္ကန့်ပိုင်းသာ ကြာခဲ့သည်။ တစ်စက္ကန့်လား နှစ်စက္ကန့်လား။ သူတို့စက်ဘီးသည် ဝုန်းခနဲ မြန်ဆန်သော



အရှိန်ဖြင့် တံတားပေါ်ရောက်သွားသည်။ ထို့နောက် တံတားအစပ်သို့ အချိန်မီရောက်သွားသည်။ ထိုအချိန်မှာ ဟိုဘက်ကဆင်းလာနေသောကားကြီးက မိုးမခတို့နှင့် မျက်နှာချင်းဆိုင် တွေ့လေသည်။

ပုံမှန်အတိုင်းသာဆိုလျှင် သူတို့ လွတ်ပြီ။

မိုးမခသာ ဒီ့ထက်ပိုပြီး သတ္တိကောင်းခဲ့လျှင်၊ မိုးမခသာဒီ့ထက်ပိုပြီး သွေးအေးခဲ့မည်ဆိုလျှင်၊ မိုးမခသာ တင့်တင့်စကားကို နားထောင် ခဲ့မည်ဆိုလျှင်၊ မိုးမခတို့နှစ်ယောက်လုံး အခုအချိန်မှာ ပျော်ရွှင်ချမ်းမြေ့သည့်သူငယ်ချင်းတွေအဖြစ် ဆက်လက် တည်ရှိနေလိမ့်မည်။ သို့သော် မိုးမခသည် ထိုကားကြီးနှင့် စက်ဘီး ပွတ်မိသွားမှာကို ကြောက်နေမိခဲ့သလား။ တင့်တင့် မိုးမခ၏ကိုယ်ခန္ဓာအလေးချိန်ကိုပါ သယ်နေရသည့်အတွက် စက်ဘီးကို ထိန်းရခက်လိမ့်မည်ဟု ထင်နေခဲ့လို့လား။ သူခုန်ချလိုက်လျှင် တင့်တင့်သည်ပို၍ ပေါ့ပါးသောစက်ဘီးကို လိုသလိုထိန်းနိုင်မည် ဟု မိုးမခ ထင်ခဲ့မိလို့လား။

တစ်ခါတစ်ခါ မိမိလုပ်လိုက်သည့်အလုပ်ကို ဘာကြောင့်ဟု မသိလိုက်ဘဲ လုပ်မိလုပ်ရာလုပ်လိုက်မိတာတွေ ရှိမှာပါ။ မိုးမခသည် တံတားဟိုဘက်အဆင်းရောက်တော့ ကားကြီးကို ရုတ်တရက် အနီးကပ်ကြီး ရင်ဆိုင်လိုက်ရသည့်အခါ မျက်လုံးတွေ ပြာဝေသွားပြီး ခုန်ဆင်းချလိုက်သည်။ မိုးမခ ခုန်ဆင်းချလိုက်ရာသည် ကတ္တရာလမ်းပေါ်ဖြစ်ပြီး အရှိန်ဖြင့် လဲကျသွားသည်။ တစ်ကိုယ်လုံးမှာ ပူခနဲနာကျင်မှုကို ခံစားလိုက်ရ၏။ ထို့နောက် ခေါင်းက ကတ္တရာလမ်းအမာပေါ်သို့ ကျသွားသည်။ ဦးခေါင်းသည် ပူထူနာကျင်သွားသည်။

သို့သော် ချက်ချင်း သတိလစ်မသွားခဲ့။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ ဘယ်တော့မှ မမေ့နိုင်တော့မည့် ကြောက်မက်ဖွယ် မြင်ကွင်းတစ်ခုကို မျက်စိဖြင့် တပ်အပ်မြင်လိုက်ရသည်။

တင့်တင့်စက်ဘီးသည် အရှိန်ဖြင့်လာနေသော ကားကြီး၏ဘေးကိုယ်ထည်နှင့် ပွတ်တိုက်သွားပြီး တင့်တင့်ရော စက်ဘီးပါ လဲကျသွား၏။ လဲကျသွားသည်မှာ ကားကြီး၏ဘီးများ အောက်ဆီသို့ ဖြစ်၏။

အသံနက်နက်ဖြင့် ကြောက်လန့်တကြားအော်သံသည် တင့်တင့်ဆီကလား၊ သူ့ဆီကလား၊ မိုးမခ မသဲကွဲခဲ့။ မိုးမခ အော်လိုက်မိတာလည်း ဖြစ်မည်။ တင့်တင့်အသံကိုလည်း သူ ကြားလိုက်ရသလိုပဲ။ ကျွီခနဲ အသံကျယ်ကြီး ဘရိတ်အုပ်သံနှင့်အတူ ကားကြီးသည် စက်ဘီးကို နင်းချေပစ်လိုက်တော့သည်။

'အမလေး'

မိုးမခ မျက်စိတွေမှိတ်သွားအောင် ချက်ချင်း သတိလစ်သွားလျှင်ဘယ်လောက်ကောင်းမလဲ။ သို့သော် မိုးမခ ပြူးကြောင်ကြည့်နေမိသည့် မြင်ကွင်းသည် အထင်အရှား။ သဲလွမ်းသည့် မြေပြင်၊ ဖုံ၊ သွေး၊ ဆံပင်ရှည်များ၊ တဆတ်ဆတ် လှုပ်ခါ နေသော ဖြူဖွေးသည့်ခြေထောက်လေး။ ထို့နောက် ...

မိုးမခ သတိပြန်ရလာသည့်အချိန်တွင် ဆေးရုံခုတင်ပေါ်မှာ ပက်လက်ဖြစ်နေသည်။ သူ့ဘေးနားမှာ တင့်တင့်ကို တွေ့ရမည် မဟုတ်မှန်း မိုးမခ သတိရရချင်း သိနေခဲ့သော်လည်း ပထမဆုံး မိခင်ကို ပြောမိသောစကားမှာ တင့်တင့်ရော ဟူသည့် မေးခွန်းဖြစ်သည်။

'သမီးနေကောင်းအောင်နေ တင့်တင့်လည်း နေကောင်းသွားမှာပါ'

မိခင်က မျက်ရည်အပြည့် မျက်လုံးများဖြင့် မိုးမခကို



ကြင်နာစွာကြည့်ရင်းနှစ်သိမ့်သည်။

တကယ်တော့ ထိုနေ့တွင် တင့်တင့်သည် ဆေးရုံကြီး၏ ရေခဲတိုက်ထဲတွင် ငြိမ်သက်စွာ လဲလျောင်းလျက် ရှိပြီ။

မိုးမခအိပ်ပျော်နေစဉ် သူငယ်ချင်းတွေ ခုတင်နားသို့ ရောက်လာကြသည်။ အိပ်နေမိသလား နိုးနေမိသလား မသေချာသည့် အိပ်မက်မှုံရီ အသိစိတ်မပျောက်တပျောက် အချိန်တို့တွင် သူတို့ ပြောစကား လေသံတိုးတိုးကို သူ မကြားတစ်ချက် ကြားတစ်ချက်။

'နင်ငါ့ကို မယုံဘူးလား လို့ ပြောရင်းသေသွားတာတဲ့'

'သူခုန်ချလို့ ဖြစ်တာလား'

'ဟုတ်မှာပေါ့။ တွေ့လိုက်တဲ့လူတွေက ပြောတာတဲ့။ နောက်ကကောင်မလေးသာ ခုန်မချရင် လွတ်မှာတဲ့'

တင့်တင့်ကိုသင်္ဂြိုဟ်သည့်နေ့တွင် သူငယ်ချင်း၏ နောက်ဆုံးခရီးကို မိုးမခကလွဲပြီး အားလုံး လိုက်ပို့ခဲ့ကြသည်။ မိုးမခသည် ခေါင်းကိုထိသွားသောဒဏ်ရာဖြင့် သတိလစ်လိုက် ပြန် သတိရလိုက် ဖြစ်နေခဲ့ချိန်တွင် တစ်နေရာတွင်တော့ ဗျိုင်းတောင် ခေါက်သွက် စည်ကားသိုက်မြိုက်စွာဖြင့် အသုဘချနေချိန် ဖြစ်သည်။

တင့်တင့်၏အလောင်းထည့်ထားသော အသုဘ ခေါင်းကို သူငယ်ချင်းတွေ ဝိုင်းထမ်းပိုးကြသည့်အထဲမှာ တစ်တန်းတည်းသား သက်ဝေလည်း ပါသည်။ ကျောင်းမတူသည့် ဖွဲ့နောင်လည်း ပါသည်။ ကျောင်းမတူသော်လည်း မေမေ၏ သုတေသနအတွက် အင်တာဗျူးတွေ့ဆုံခြင်းတွေက ကလေးတွေကို ခင်မင်ရင်းနှီးအောင် ဖန်တီးပေးလိုက်သောကြောင့် သူတို့ချင်း မကြာခဏ ဆုံတွေ့ဖြစ်ကြသည်။

တင့်တင့်အသုဘစည်ကားရခြင်းမှာ တွင်းစားကြီးသမီးမို့

www.burmeseclassic.com



အသိုင်းအဝိုင်းကြီးလို့လည်း ပါသည်။ သေဆုံးပုံက မြို့သူမြို့သားတွေ သတ်မှတ်နေကျ အစိမ်းသေဖြစ်သောကြောင့် စိတ်ထိခိုက်ဖွယ် ထူးဆန်းမှုတစ်ခု ဖြစ်နေသောကြောင့်လည်း ပါသည်။ တင့်တင့်က ငယ်ရွယ်သေးသည့် ဆယ်ကျော်သက်ကလေးတစ်ဦး ဖြစ်နေတာလည်း ပါသည်။ အသုဘသည် ရေနံချောင်းတွင် အစည်ကားဆုံး အသုဘတွေထဲမှာ ပါတာပေါ့။

တင့်တင့်၏အသုဘမှာ ထုံးစံအတိုင်း ယပ်တောင်ကမ်းရုံ အပြင် တင့်တင့်ရေးဆွဲသည့် ပန်းချီ ပုံတူစာရွက်လေးတွေလည်း ကမ်းသည်။ ကျွန်မဆီသို့ မေမေလှမ်းပို့လိုက်သည့်စာရှည်ထဲတွင် ပါလာသည့် ထိုပန်းချီသည် မြို့မတောင်ရပ်ကွက်က အိမ်ခေါင်မိုးတွေကို စနေနံဘုရားပေါ်မှ အပေါ်ဆီးကနေ မြင်တွေ့ရသည့် မြင်ကွင်းနှင့်တူသည်ဟု ကျွန်မ ခံစားရသည်။ အိမ်ခေါင်မိုးလေးတွေချည်းပဲ ထူးထူးဆန်းဆန်း ရေးဆွဲထားသည့် ရေဆေးပန်းချီကားလေး ဖြစ်သည်။ အသုဘပို့ပရိသတ်သည် တင့်တင့်ရေးဆွဲသည့် ပန်းချီပုံလေးကို ကြည့်ပြီး မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရသည်။

အလောင်းကိုမြေချခါနီး သပြေတန်းကျောင်းမှ တင့်တင့်၏ အတန်းပိုင်ဆရာမ ဒေါ်သီတာလှိုင်က အမိန့်ပြန်တမ်းကို ဖတ်တော့ ပရိသတ်ထဲမှ ငိုရှိုက်သံတချို့ကြားရသည်။ တင့်တင့်မိခင်ကတော့ သတိလစ်ပြီး လဲကျသွားတော့သည်။

ထိုအချိန်မှာ သတိလစ်သွားလိုက် အိပ်ပျော်သွားလိုက် နိုးလာလိုက်ဖြင့် မူးယစ်ဝေရီနေသော မိုးမခသည် တင့်တင့်၏ အသံကိုသာ ထပ်ခါထပ်ခါ ကြားနေခဲ့သည်။ မိုးမခအနားမှာ တိုးတိုးလေးကပ်ပြီး လာပြောနေသည့်အသံ။ မေးခွန်းတစ်ခုမေးနေသောအသံ။ သူ့ကို တုန်ယင်သည့်အသံဖြင့် မေးနေသည့် မေးခွန်း



တစ်ခု။

'မိုး နင်ဘာဖြစ်လို့ ခုန်ချလိုက်ရတာလဲ။ နင် ငါ့ကို မယုံဘူးလားဟင်'

မိုးမခ တစ်ကိုယ်လုံး မီးလောင်မြိုက်ခံလိုက်ရသလို ပူထူသွားပြီး ကြောက်လန့်တကြားအော်ဟစ်ပစ်လိုက်သည်။

'သမီး ဘာဖြစ်လို့လဲ မေမေရှိတယ်လေ။ မေမေရှိတယ်'

သူ့လက်ကို မိခင်ကတွေးဆုပ်ထားသည်။

မိုးမခ၏ကြောက်လန့်စိတ်တို့ ပြယ်မသွားခဲ့ပါ။

သူကြောက်ရွံ့သည့်အခါတိုင်း မိခင်က မိုးမခလက်ကို ဆွေးဆုပ် ဖျစ်ညှစ်နှစ်သိမ့်လိုက်လျှင် ကြောက်ရွံ့မှုတွေ ပျောက်ကွယ်သွားမြဲပါ။ သို့သော် အဲဒီတစ်ခါကတော့ မိခင်သည် မိုးမခ၏စိတ် တည်ငြိမ်သွားအောင် ဖြေသိမ့်မပေးနိုင်တော့ပြီ။ တင့်တင့်သည် သူ့ကို မိခင် လက်လှမ်းမမီသည့်နေရာသို့ ဆွဲခေါ်သွားခဲ့ပြီ။

မိုးမခ ဘာဖြစ်လို့ ခုန်ချလိုက်တာလဲ။

တင့်တင့်သည် မိုးမခ ခုန်ချလိုက်လို့ ဟန်ချက်ပျက်ပြီး တားအောက်သို့ ရောက်သွားတာလား။ ထိုအတွေးသည် မိုးမခအား ကမ္ဘာလောကကနေ ချက်ချင်းပျောက်ကွယ်သွားလျှင် ကောင်းမှာ ဟု နောင်တကြီးစွာ ပူပန်သောကရောက်စေခဲ့သည်။

သူသာ ခုန်မချခဲ့လျှင် သူသာ တင့်တင့်ကိုယုံကြည်ခဲ့လျှင်။

ထိုနေ့၏နောက်တွင် မိုးမခသည် အရင်တုန်းကမိုးမခ ပြန်မဖြစ်တော့။ ဘယ်တော့မှ ပြန်မဖြစ်တော့ပေ။ သူ့ကိုယ်သူ သူငယ်ချင်းကို သေစေခဲ့သော မကောင်းဆိုးဝါးတစ်ကောင်၊ အပြစ်ကြီးလို့ ငရဲကိုသွားဖို့အချိန်ကျအောင်စောင့်နေရသူအဖြစ် နောင်တတွေနှင့် ကြောက်ရွံ့မှုတွေနှင့်နစ်မွန်းလျက် ရှိသည်။ သူပြောသမျှ စကားတိုင်း ခြေလှမ်းတိုင်းသည် သူ့အတွက်ဘာမှ မထူးခြား

www.burmeseclassic.com

www.burmeseclassic.com



တော့ပြီဟု သူ ခံစားနေရသည်။

ကျွန်မတို့ သွားတွေ့သည့်အချိန်တွင် မိုးမခသည် မကွေးတိုင်းဆေးရုံက စိတ်ရောဂါကုဆရာဝန်၏ ကြပ်ကြပ်မတ်မတ် ကုသမှု အောက်မှာ ရှိနေဆဲ လူနာ ဖြစ်သည်။

မေမေသည် သူ့ကိုတော့ ခပ်လှမ်းလှမ်းမှ မသိမသာပဲ ဗွီဒီယိုရိုက်ပါဟု ကိုလတ်ကို ကြိုတင်ပြောထားသည်။ ကျွန်မစိတ်အလိုအရဆိုလျှင်တော့ ထိုညီမလေးကို ဗွီဒီယိုလည်း မရိုက်စေချင် အင်တာဗျူးလည်း မလုပ်စေချင်။ သွားလည်း မတွေ့စေချင်သေးပေ။ သူ နေကောင်းသည်အထိ စောင့်စေချင်သေးသည်။

ကလေးမလေးသည် ထစ်ခနဲရှိလျှင် ထိတ်လန့်တုန်းဝမ်းနည်းကြေကွဲတုန်း အသံဆူဆူညံညံဆိုလျှင် ကြောက်လန့်တုန်း ဖြစ်သည်။ မိဘတွေသည် ကလေးမလေးကို အရိပ်တကြည့်ကြည့် နှင့် ပူပန်စွာစောင့် ရှောက်နေရသည့်အဖြစ်သို့ ရောက်နေရသည်။

တကယ်တော့ ထိုညီမလေးသည် အတန်းထဲမှာ ပထမအမြဲတမ်းရသည့် စာအတော်ဆုံးကျောင်းသူလေး ဖြစ်ခဲ့သည်။ အခုနှစ်မှာတော့ သူသည် ကျောင်းကိုတောင် မတက်တစ်ချက် တက်တစ်ချက်၊ သူ့ဘဝသည် တစ်ဆစ်ချိုး ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

မိန်းကလေးက ဖြူဖြူနွဲ့နွဲ့ ချောချောလှလှလေး။ ချစ်စရာသနားချင်စရာလေးပါ။ ဆိုဖာဆက်တီလေးပေါ်မှာ ကျုံ့ကျုံ့လေးထိုင်ပြီး ခေါင်းကို ငုံ့စောင်းလျက်မှီထားသည့် ကလေးမလေးသည် မျက်ရည်များဝေ့လည်နေတုန်း။ သူစကားပြောသည့်အခါ တိုးတိုးဖွဖွလေး။ ကျွန်မ သူ့ အသံကို မနည်းအားစိုက်နားထောင်ရသည်။

ထိုညီမလေး၏မိခင်က သမီးကို နွားနို့တစ်ဖန်ခွက်တိုက်ရင်း ကျွန်မတို့အုပ်စုကိုလည်း ကော်ဖီခွက်များ လာချပေးသည်။



ထိုနေ့က မိုးမခ စကားနည်းနည်းပဲ ပြောသည်။ တင့်တင့်က အိပ်မက်တွေထဲထိလိုက်လာပြီး သူ့ကို အပြစ်တင်သည် ဆိုတာနဲ့ ထပ်ခါထပ်ခါပြောနေခဲ့သည်။

အိမ်ပြန်ရောက်တော့ မေမေ့ကို မေးမိသည်။

'မေမေ တင့်တင့်က သူ့ကို တကယ်ပဲ အိပ်မက်ပေးတာများလားဟင်'

မေမေက အလိုမကျသလိုမျက်မှောင်ကြုတ်လျက် ကျွန်မအား ခြေဆုံးခေါင်းဆုံး ကြည့်လေသည်။

'သမီးက ဘွဲ့ရလို့ အလုပ်တောင် ဝင်နေပြီနော် သမီး'

ကျွန်မ မေးလိုက်မိတာ မှားသွားပြီဟု ချက်ချင်းသိလိုက်ပါသည်။

'အိပ်မက်ပေးတာတို့ ဘာတို့၊ အဲဒါတွေ သမီးခေါင်းထဲဆောက်နေတာ မေမေအံ့ဩတယ်။ ဒါ စိတ်ကြောင့်ဖြစ်တာလေ။ ဒီတာ ဥပါဒါန်အစွဲလေ၊ သမီး ဒါလေးတောင် မသိဘူးလား'

မေမေသည် တပည့်မလေး၏အဖြစ်ကြောင့် မေးရင်းစိတ်ထိခိုက်သလို ဖြစ်တာ ခဏပါပဲ။ ပြီးတော့ ထိုအကြောင်းကို မှတ်စု ရေးနေတော့သည်။ မိုးမခ၏လှုပ်ရှားပြောဆိုပုံကို ဗွီဒီယိုရိုက်ချက်အနည်းငယ်သာရသည်။ ကိုလတ်ကလည်း အလိုက်တသိဓာတ်ကို ပိတ်ထားလိုက်သောကြောင့် ဖြစ်သည်။ သို့သော် နေ့လည်က မြင်ကွင်းနှင့်အတူ ကျွန်မ မမြင်လိုက်သော အသုဘမြင်ကွင်းနှင့် ရောပြီး မှန်းဆကြည့်တော့ ကြေကွဲဖွယ်ရာ ဗွီဒီယိုပြကွက်များလိုပဲ ထင်ရှားစွာ မြင်ယောင်လာခဲ့သည်။

တကယ်တော့ သူ ခုန်ဆင်းလိုက်လို့သာ သူလွတ်သွားတာ မဟုတ်လား။ သူသာ ခုန်မဆင်းလျှင် တင့်တင့်နှင့်အတူ သူပါအသက်သေဆုံးရမှာ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မေမေ့အမြင်ကတော့ ကျွန်မနှင့်ဆန့်ကျင်ဖက် ဖြစ်ပါသည်။

'သူခုန်ဆင်းလိုက်လို့ စက်ဘီးက ဟန်ချက်ပျက်သွားတာ ဖြစ်နိုင်တယ်သမီးရဲ့။ မိုးမခသာ ခုန်မဆင်းဘူးဆိုရင် သူတို့ ကားနဲ့ လွတ်လောက်တယ်'

ကျွန်မ မေမေ့ကို တအံ့တသြ ကြည့်မိသည်။

'ဘာလဲ သမီးက မေမေ့စကားကို မယုံဘူးလား။ သမီး စက်ဘီးမစီးတတ်တော့ ဟန်ချက်အကြောင်း ဘယ်သိမလဲ"

'ဒီလိုရော မဖြစ်နိုင်ဘူးလား မေမေ၊ မြစိမ်းရောင် အဆင်းက သဲတွေနစ်နေတာ။ သဲတွေကြောင့် စက်ဘီးကို မထိန်းနိုင်ဘဲ ခါသွားတာ မဖြစ်နိုင်ဘူးလား'

'သမီးက တော်တော် အကောင်းမြင်တတ်တာပဲ။ စိတ်တော့ ဖြေသာမှာပေါ့သမီး။ ဒါပေမယ့် လောကကြီးမှာ အကောင်းမြင်ဝါဒ တစ်ခုတည်းနဲ့ အလုပ်မဖြစ်ဘူး။ အမှန်ကို မြင်ရဲမှရမယ်။ အမှန်တရားဆိုတာ နည်းနည်းတော့ ရက်စက်တာပေါ့လေ'

ကျွန်မ မေမေ့ကို ငေးကြည့်နေမိသည်။ မေမေ့ စိတ်ဓာတ်မျိုးကို ကျွန်မ လိုချင်လိုက်တာ။

ညမေမေအိပ်သည့်အချိန် ကျွန်မ မအိပ်နိုင်သေးဘဲ နှစ်ရက်သုံးရက်အတွင်း အင်တာဗျူးမေးချိန်မှာ ရိုက်ကူးထားသည့် ဗွီဒီယိုခွေတို့ကို ကြည့်နေမိသည်။

အဖေနှင့်အတူ ကြက်သွန် တွေစိုက်နေပြီဖြစ်သည့် မောင်သက်ဝေသည် ငယ်ငယ်ကလို လက်သမားလုပ်မယ် ဟု မဖြေတော့ဘဲ ကြက်သွန်စိုက်ပျိုးသည့် အတွေ့အကြုံကို ခမ်းခမ်းနားနား ပြောပြနိုင်နေပြီ။



'ကျွန်တော် ကြီးလာရင်လည်း အဖေ့ကိုကူပြီး လယ်စိုက်တော့မယ်။ အဖေက ကျွန်တော့်ကို ပညာတတ်စေချင်တယ်။ ကျွန်တော်က ပညာတတ်မဖြစ်ချင်ဘူး'

'ဟေ ဘာဖြစ်လို့ ပညာတတ် မဖြစ်ချင်တာလဲ'

မေမေက တအံ့တသြမေး၏။

'ပညာတတ်တွေက ဟန်ဆောင်နေတာပဲ။ စိတ်ထဲက တစ်မျိုး အပြင်ကတစ်မျိုး။ သူများကိုလည်း နှိမ်တတ်ကြတယ်။ စာမတော်ရင်လည်း နှိမ်တာပဲ။ ပိုက်ဆံမရှိရင်လည်း နှိမ်တာပဲ'

သူ့မျက်နှာလေးက အနည်းငယ် တည်တည်တင်းတင်း ဖြစ်နေသလိုပဲ။ တခြားကလေးတွေထက် မောင်သက်ဝေက ပိုပြီး မျက်နှာတည်နေသည်။

ဘယ်သူ့ကိုမှ ဖွင့်မပြောဘဲ ထားသော ခံစားချက်တွေ သူ့ မှာ ရှိလိမ့်မည်ဟု ကျွန်မ တွေးမိသွားသည်။ မောင့်မှာ ကျွန်မကိုပင် မပြောဘဲထားသည့် ဖုံးကွယ်မှုတွေ ရှိနေပြီလား။ သူ့ အတွင်းစိတ်ကို ကျွန်မ မြင်နိုင်လျှင် သိပ်ကောင်းမှာပဲ။

ဗွီဒီယိုမြင်ကွင်းမှာတောင် ထင်ထင်ရှားရှား မြင်နေရ သည့် မောင့်မျက်နှာပေါ်က ဝက်ခြံဖုလေးတွေကို ငေးလျက် စိတ်ပူနေမိသည်။ ကျွန်မလည်း ငယ်ငယ်က ဝက်ခြံဖု ပေါက်ဖူးပါသည်။ သို့သော် ကျွန်မက ပါးပြင်မှာပဲ ပေါက်တာ။ သူက ပါးရော နဖူးရော အကုန်လုံးပေါက်တာ။ အဖုသေးသေးလေးတွေမှ ပြွတ်နေတာပဲ။ ဟုတ်မှဟုတ်ရဲ့လား။ ဆရာဝန် သွားပြခိုင်းရမှာလား။

'မောင် နင့် မျက်နှာက ဝက်ခြံတွေ များလွန်းတယ်။ ဆရာဝန်လေးဘာလေး ပြကြည့်ပါလား။ ရေနံချောင်းကို လာခဲ့ဦးလေ။ ဒေါက်တာသိန်းထွန်းနဲ့ ပြကြည့်ရအောင် နော်'

မောင်ကတော့ သူ့ဝက်ခြံဖုတွေကို လုံးဝ စိတ်မဝင်စားဘဲ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရန်ကုန်မှာ နေထိုင်ရသည့်နေ့စဉ်ဘဝကို စိတ်ဝင်စားနေခဲ့သည်။

'မမ ဘယ်သူနဲ့နေတာလဲဟင်'

'မမက အဆောင်မှာ နေတာ။ မိန်းကလေးတွေ ဆယ်ယောက်လောက် စုပြီး နေကြရတဲ့ အဆောင်။ မင်းတို့ ဘုန်းကြီးကျောင်းမှာ နေကြသလိုပေါ့။ မမတို့ကတော့ ကိုယ့်ခုတင်နဲ့ကိုယ် ကိုယ့်အခန်းနဲ့ကိုယ် နေကြတယ်။ ထမင်းဟင်း ချက်စားလို့ရတယ်'

'အဲဒီမှာ မမက ဘာလုပ်နေတာလဲ'

'မမက ကျောင်းပြီးလို့ အလုပ်လုပ်နေပြီမောင်ရဲ့'

'ဘာကျောင်းလဲ'

'နိုင်ငံခြားဘာသာတက္ကသိုလ်မှာ အင်္ဂလိပ်ဘာသာကျောင်းတက်တာ။ အင်္ဂလိပ်စာတော်အောင် သင်တန်းတွေလည်း ထပ် တက်ရသေးတယ်။ ပြီးတော့ စာကြည့်တိုက်တစ်ခုမှာ လုပ်အားပေး ဝင်လုပ်တယ်။ အခုတော့ အင်္ဂလိပ်စာကျောင်း တစ်ကျောင်းမှာ ဆရာမဖြစ်နေပြီ'

'အော်'

'မောင်လေး ပညာသင်ဖို့ သိပ်အရေးကြီးတယ်နော်။ မှတ်ထား။ ကြိုးစားသင်၊ ပညာတတ်မှ လိမ်မာရေးခြားရှိတာ။ ပညာတတ်တော့ အမှားနဲ့အမှန်ကို ခွဲခြားသိတယ်။ ပညာတတ်တော့ ကျင့်ဝတ်သီလမြဲအောင် စောင့်ထိန်းတတ်တယ်'

ပညာကို ကျွန်မတန်ဖိုးထားသလို မောင့်ကိုလည်း တန်ဖိုးထားစေချင်သည်။ ပညာနှင့် ပတ်သက်ပြီး တူးတူးခါးခါး ဖြစ်နေသည့်မောင့်အမြင်တွေကို ပြင်ပေးချင်သည်။

'ရှေးတုန်းက ဆုံးမစာတွေထဲမှာ ပညာကို ဗလငါးတန်ရဲ့ ထိပ်ဆုံးမှာ ရှိတယ်လို့ တစ်ခမ်းတနား ဖွဲ့ထားကြတာ မောင်ရဲ့'



ကျွန်မ မောင့်ကို လောကသာရပျို့ထဲက ဆုံးမစာ ကဗျာကို ရွတ်ပြလိုက်သေးသည်။

'အင်ငါးမည်တွင် အထွတ်တင်သား
မျက်ရှင်အလား ပညာအားလျှင်
စီးပွားမြင်နိုင်၊ အခေါင်တိုင်၏။
ပြည့်လှိုင်ကျေးဇူး၊ အထူးထူးတွင်
အမျိုးစင်စစ်၊ ရွှေ့သွားဖြစ်လျက်
အပြစ်ခွာရှောင်၊ အကျိုးဆောင်သား
တတ်ခေါင်ပညာ၊ မတ်လိမ္မာကို
စေပါသုံးစွဲ၊ ကိုယ်၌မြဲက
ငရဲမလား၊ ရှေးရှုသွားလျက်
မြတ်ဖျားနိဗ္ဗာန်၊ ခရီးညွန်ရှင့် တဲ့'

မောင်က ကျွန်မစကားကို ခပ်ပြုံးပြုံး နားထောင်နေရုံပဲ။ အင်း လည်း မပြော ဟင့်အင်းလည်း မပြော။

'ပညာတတ်ရင် အပြစ်ကို မလုပ်မိဘူး ကောင်းကျိုးချမ်းသာကိုပဲ လုပ်ဖြစ်တယ်။ ပညာတတ်ရင် ငရဲမလားဘူး။ နိဗ္ဗာန်ကို ရောက်မယ်။ ပညာက အဲဒီလောက်ထိ ဘဝမှာ အရေးကြီးတယ်'

မောင်သည် ပိုးတုံးလုံးလေးဘဝကနေ လှပသောလိပ်ပြာလေး ဖြစ်မှ ဖြစ်လာပါ့မလားဟု စိုးရိမ်မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

(၃)

ကျွန်မ၏ ပညာနှင့်ပတ်သက်သည့် ဆုံးမစကားတို့ကို သူ နားဝင်မည်ဟု ထင်မိတာ မှားသွား၏။

ကိုးတန်းနှစ်ရောက်တော့ ကျွန်မတို့အိမ်နှင့် မျက်စောင်းထိုးက ကြက်သွန်အာလူး သိုလှောင်ပြီး ပြန်ရောင်းသည့် သမ္ဘာပွဲရုံမှာ သူ နေနေတာကို သိလိုက်ရသည့်အခါ ကျွန်မ တော်တော်စိတ်ညစ်သွားခဲ့ရလေသည်။

ထိုအိမ်သည် သပြေတန်းကျောင်းတုန်းက ကျွန်မနှင့် အတန်းတူ သူငယ်ချင်း ဖြစ်ခဲ့ဖူးသော စန္ဒာမောင်တို့အိမ်ဖြစ်၍ ပိုတောင် စိတ်ညစ်ရသည်။ စန္ဒာမောင်သည် သူငယ်ချင်းကိုပင် အဖက်မတန်သလို အထက်ဆီးက အမြဲ ဆက်ဆံတတ်သူမှန်း ကျွန်မ သိတာကိုး။

'ဘာဖြစ်လို့ သမ္ဘာမှာ လာနေတာလဲ။ မောင်လေးနဲ့ အမျိုးလား'

'မတော်ပါဘူး။ ကျနော်က ဒီမှာ အလုပ်လာလုပ်တာ'

'ဘာ'

'ကျနော်က ဒီမှာ စာရေးလည်းလုပ်တယ်။ ကူလီလည်း ထမ်းတယ်လေ'

အမလေး ဖြစ်မှ ဖြစ်ရလေ။



ကူလီ ဟူသောစကားလုံးကို ကျွန်မ ငယ်ငယ်ကတည်းက ကြားရတာ နားကလောခဲ့သည်။ သူ့နှုတ်ဖျားမှ ပေါ့ပေါ့လေး ပြောထွက်ပေမယ့် ကျွန်မနားထဲမှာ ပူလောင်စွာ ခါးသီးစွာ ဝင်ရောက်သွားခဲ့တာပါ။ တင်ထွေးဘာသာပြန်သော ကူလီ ဟူသော ဝတ္ထုတစ်ပုဒ်၏ ကြော်ငြာကို ဘွားဘွားဖတ်ဖတ်နေသည့် မဂ္ဂဇင်းဟောင်းတွေထဲမှာ မြင်ဖူးသည်။

အသက်ဆယ့်ငါးနှစ်အရွယ် ကိုးတန်းကျောင်းသားလေး တစ်ယောက်ကို သူများအိမ်မှာ ကူလီအဖြစ် အလုပ်ခိုင်းသည့် သူ့ဖခင်ကို ကျွန်မ မုန်းလိုက်တာ။ လှည်းပေါ်က ကြက်သွန်အိတ်တွေကို သူ ထမ်းပိုးပြီး တိုက်ထဲ သယ်ယူနေချိန်မှာ ကျွန်မအိမ်ဘက်ကနေမြင်နေရတော့ မကြည့်ရက်လို့ မျက်နှာလွှဲနေခဲ့ရသည်။ ဒါ့ထက်ပိုဆိုးတာက စန္ဒာမောင်က ဈေးဝယ်သွားလျှင် မောင်က ဈေးခြင်းတောင်း ဆွဲဖို့ နောက်ကနေ တကောက်ကောက် လိုက်ရသည့် မြင်ကွင်းပေတည်း။

မောင်သက်ဝေသည် အလှမ် မအားလိုက်နှင့် အားလိုက်လျှင် ဘွားဘွားဆီ ရောက်လာတော့တာပဲ တဲ့။ မေမေက ကျောင်းသွားနေချိန်၊ ကျွန်မက ရန်ကုန်မှာ ကျောင်းတက်ရင်း အလုပ်လုပ်နေချိန်၊ ဖေဖေက နယ်စပ်ကနေ တခြားနိုင်ငံသို့ ထွက်သွားပြီ။ အိမ်မှာက အသက်ခုနစ်ဆယ်ကျော် အဘွားပဲ ကျန်ရစ်ခဲ့တာမို့ အဘွားကို အဖော်လာလုပ်ပေးသည်ဟု အဘွားက ယူဆသည်။

မေမေကတော့ ဘယ်သူ့ကိုမှ မယုံကြည်သူပီပီ မောင်သက်ဝေ အဘွားဆီခဏခဏလာနေခြင်းကို သတိထားဖို့ အဘွားကို မှာသည်။

'တစ်ချက်တွန်းလိုက်ရင် လဲကျသွားမှာ အမေ၊ အိမ်မှာရှိသမျှ ရွှေတွေငွေတွေ အကုန်ပါသွားတာ ကိစ္စမရှိဘူး၊ အမေ့

www.burmeseclassic.com



အသက်အန္တရာယ်ကို ထိခိုက်မှာတော့ ကျွန်မ စိုးရိမ်တယ်။ တံခါး ပိတ်ထားပါ အမေရယ်။ ဘယ်သူလာလာ ဖွင့်မပေးပါနဲ့'

'ဟဲ့ မခင်မေ အဲဒါ ညည်းတပည့်ရင်းလေး လေ'

ဘွားဘွားက မောင်သက်ဝေဘက်ကနေ မခံနိုင်သလို မေမေ့ကို မျက်လုံးပြူးပြီးအော်သည်။

'အို တပည့်ဖြစ်ခဲ့တာက တစ်တန်းတုန်းကပဲ။ အခုသူတို့ မှာ ဖြစ်နေတဲ့စိတ်တွေ အမေသိနိုင်လို့လား ဘယ်သူမှ မသိနိုင်ဘူး'

မေမေသည် သူများကို တော်တော်ကို မကောင်းမြင် တတ်သူပဲဟု ကျွန်မ တိတ်တိတ်တွေးပြီး စိတ်ထဲမှာ နာကျင်မိ၏။

ကျွန်မ မောင်သက်ဝေကို ယုံကြည်သည်။ သူ့စိတ် နှလုံး သားကို ဖြူစင်မြင့်မြတ်လှချည့်ဟု ကျွန်မ မထင်ပါ။ သို့သော် သူတပါးဒုက္ခရောက်အောင် နှိပ်စက်လိုသူတော့ မဟုတ်ဟု ကျွန်မ သိ၏။ မေမေ၏အဲဒီသံသယမျိုးကို သူ့ကို အရိပ်အမြွက်လေး တောင် ပြန်မပြောဖြစ်အောင် ကျွန်မ ထိန်းသိမ်းရသည်။ ဒီကလေး များပြန်သိသွားလျှင် ဘယ်လောက်တောင် နာကျင်လိုက်မလဲ။

ကျွန်မ ရေနံချောင်းသို့ ပြန်ရောက်နေခိုက် အချိန်တွေ မှာ သတိထားမိတာကတော့ ကောင်လေးသည် ကျွန်မတို့အိမ်သို့ လှမ်းမြင်ရသော စာရေးစားပွဲလေးဘေးမှာ အမြဲလိုလို ရှိနေတတ် ခြင်းပင်တည်း။ လက်တိုလက်တောင်း ခိုင်းသည့်အလုပ်မှန်သမျှ ကို ပေါ့ပါးစွာ ပြေးလွှားလုပ်ကိုင်ပေးရာကနေ နည်းနည်း အားပြီ ဆိုလျှင် ထိုစားပွဲလေးနားမှာ လာထိုင်ပြီး စာအုပ်တစ်အုပ်ကို ဖတ် နေတတ်သည်။

ပထမတန်းနှင့် တတိယတန်းတုန်းက စာဖတ်ရတာ ပျင်း သည့် မောင်သက်ဝေသည် အခုအခါ အားသည့်အချိန်မှာ စာတွေ ဖတ်နေပါ့လား။ သူ့ကို စာဖတ်တတ်အောင် ပြုပြင်ပြောင်းလဲ



ပေးလိုက်တာ အဘစံနှင့် ဘဘုန်းလား၊ ကျွန်မလား။ ဘယ်သူ့ ဖြုပြင်မှုက ပိုပြီး ရာခိုင်နှုန်းများပါလိမ့်နော်။

'အမလေးတော် နင့်ကို ခေါ်ထားတာ အလုပ်လုပ်ဖို့ဟဲ့။ အိပ်လိုက်စားလိုက် ဝတ္ထုလေးဖတ်လိုက်နဲ့ ဇိမ်ကျနေဖို့မဟုတ်ဘူး။ သွား အိမ်သာထဲမှာ ရေမရှိဘူး။ သွားဖြည့်ချေစမ်း'

ရုပ်လေးလှသလောက် အသံ ကြမ်းတမ်းစူးရှသည့် စန္ဒာ မောင့်အသံသည် ကျွန်မအိမ်ဘက်အထိ လွင့်ပျံ့လာတတ်လေ သည်။ ကျွန်မနှင့်မောင်သက်ဝေတို့ကြားက သံယောဇဉ်ကို သူ သိထားလို့ ကျွန်မကြားအောင် အသံမြှင့်ပြောနေတာများလား။

တစ်ညချမ်းအချိန် ထမင်းစားပြီးခါစ ကျွန်မတို့အိမ်ရှေ့ က အုတ်လှေကားထစ်ပေါ်မှာ သူလာထိုင်တုန်း ကျွန်မ အိမ်ရှေ့ ထွက်သွားကာ ခဏထိုင်ပြီး သူနှင့် စကားပြောဖြစ်သည်။

'မောင် နင် လခဘယ်လောက်ရလို့လဲ။ နင် ပိုက်ဆံ ဘယ် လောက်လိုချင်လို့လဲ'

ကျွန်မ မချင့်မရဲမေးမိသည်။ သူက ဘာမှ မဖြေပေ။

'လောကမှာ လုပ်စရာအလုပ် ဒီလောက်ရှားသလား။ သူများအိမ်မှာ ကူလီလုပ်ရသလား၊ နင့်ကျောင်းစရိတ်ကို ငါပေး မယ်။ အဲဒီအိမ်မှာ မနေနဲ့တော့'

'ကျနော် ပိုက်ဆံမလိုပါဘူး။ ဘဘုန်းက ကျနော့်ကို ကျောင်းစရိတ် အမြဲထောက်နေကျ'

'ဒါဖြင့် ဘာဖြစ်လို့ စန္ဒာမောင့်အိမ်သွားပြီး ကျွန်ခံချင်ရ တာတုန်း'

ကျွန်မ စိတ်ပေါက်ပေါက်ဖြင့် စကားလုံးတွေ ကြမ်းတမ်း သွားသည်။ သူ့ကို မေးရင်း နာကျင်စိတ်ဖြင့် မျက်ရည်တွေ စီးဝိုင်း လာခဲ့သည်။ သူက ကျွန်မမျက်ရည်တို့ကို ညအချိန် လမ်းမီးတိုင်

www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ မမြင်တာပဲလား။ ကျွန်မကို မတုန်မလှုပ် ငေးကြည့်လျက် ငူငူကြီး နှုတ်ဆိတ်နေခဲ့သည်။

'ဘုန်းကြီးကျောင်းက ရေတွင်းကနေ ရေတွေခပ်ပါ၊ မန်ကျည်းတနိုင် ချိုင့်ကြီးတွေဆွဲပြီး ဆွမ်းဟင်းတွေ သယ်ပါ။ အဘစံရဲ့ဖားဖိုကို နေ့တိုင်း မီးတောက်ပြင်းအောင်ဆွဲပြီး ကူညီစမ်းပါ၊ ကျောင်းထဲက မြေလွတ်မှာစိုက်ထားတဲ့ စားပင်တွေကို ရေလောင်း ပေါင်းသင် မြေဆီလွှာထည့်ပြီး ရှင်အောင်စိုက်စမ်းပါ။ ရတဲ့ အသီးအနှံတွေကို ရောင်းလိုက်စမ်းပါ။ နင့်ကို အဲဒီအလုပ်တွေနဲ့ မြင်ရတာ ငါဒီလောက် စိတ်မဆင်းရဲပါဘူး။ အခုတော့ ဒီလောက်စီးပိုးတဲ့ စန္ဒာမောင့်အိမ်မှာမှ နင် အလုပ်လုပ်ရသလား'

'ကျနော် မပင်ပန်းပါဘူး'

'နင်မပင်ပန်းပေမယ့် နင့်ကို အဲလို မြင်ရတာ ငါပင်ပန်းတယ်ဟဲ့ သက်ဝေရဲ့'

'ဟောဗျာ မမကလည်း'

သူက ခေါင်းကို ပွရှုပ်နေအောင် ကုတ်တော့သည်။

'ဒါဖြင့် မမ ကျနော့်ကို အလုပ်ခန့်လေ'

'ဘာလုပ်ချင်လို့လဲ'

'ဘာပဲလုပ်ရလုပ်ရ၊ ရေခပ်ရမလား၊ မမရဲ့ ဥယျာဉ်ထဲမှာ မာလီလုပ်ပေးရမလား။ ဘွားဘွားအတွက် လက်ကတုံး တောင်ဝှေး လုပ်ရမလား'

ကျွန်မ ပြုံးမိသည်။ ခေါ်ထားချင်ပါရဲ့မောင်လေးရယ်။ ခိုင်းဖို့မဟုတ်ပါဘူး။ မောင်လေးဘဝမြင့်မားအောင် အားတဲ့အချိန်မှာ စာအုပ်တွေဖတ်စေချင်လို့ မေမေ့ဆီက ဆုံးမစကားတွေ ကြားစေချင်လို့၊ ဘွားဘွားနဲ့မေမေ့ရဲ့ မေတ္တာအကြင်နာတွေနဲ့ မောင့်နှလုံးသားလေးကို နူးညံ့အောင် ပြင်ဆင်ပေးချင်လို့။



စာပေနှင့်ဂီတသည် ကလေးတစ်ယောက်၏နှလုံးသားကို နူးညံ့အောင် သိမ်မွေ့အောင် ဖန်တီးပုံသွင်းပေးနိုင်မည်ဟု ကျွန်မ ယုံကြည်သည်။ ငယ်စဉ်ကတည်းက အခုချိန်ထိ သူ့ကို ပေးဖတ်ခဲ့ဖူးသည့် ကဗျာစာအုပ်လေးများ မဂ္ဂဇင်းနှင့်ဝတ္ထုစာအုပ်များသည် အလဟဿတော့မဖြစ်နိုင်ပါဘူးနော်။ အခုအခါ ဘွားဘွား၏ ခွင့်ပြုချက်ဖြင့် မေမေ့စာအုပ်စင်နှင့် ဖေဖေ့စာအုပ်စင်သည် သူ့အတွက် အချိန်မရွေး ရှာဖွေယူနိုင်သည့် ရတနာသိုက်ကြီးတွေ ဖြစ်နေပေပြီ။

တစ်နည်းတော့လည်း ကောင်းပါတယ်လေ။ ကျွန်မအိမ်မှာ စာအုပ်စာပေ ရတနာသိုက်ကြီးနှင့် နီးနီးနားနားမှာ အလုပ်လုပ်ရတော့ သူ့ဘဝလေး တိုးတက်ဖို့ မျှော်လင့်ချက်တွေ ပိုမိုပြင်လာတာပေါ့။

သို့သော် စန္ဒာမောင့်အိမ်မှာ မောင်သက်ဝေ ကြာရှည်မခံပါ။ တစ်နှစ်မပြည့်မီမှာပင် ထိုအိမ်မှ နှင်ချခံရလိုက်ရသည်။

တရားခံက ကျွန်မတို့ရပ်ကွက်ရှိ ငါးမျက်နှာဘုရား အခြေမှာ ညသန်းခေါင်ချိန် လောင်သည့်မီးပေါ့။

ရေနံချောင်းသည် မိုးနည်းရေရှားရပ်ဝန်းတွင် ရှိသဖြင့် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြစ်ရာ နွေရာသီတွင် မီးခဏခဏ လန့်သည်။ အကြီးအကျယ် မီးလောင်တာကတော့ သုံးခါလောက် ဖြစ်သည်။ ကျွန်မကို မမွေးခင်က မေမေတို့အိမ် မီးထဲပါခဲ့ပြီး လက်ရှိအိမ်ကို ဆောက်ထားတာ ဖြစ်သည်။ ကျွန်မဘဝတွင်တော့ မီးလောင်လို့ လွတ်ရာကို ပြေးရသည့် အတွေ့အကြုံဆိုလို့ သည်တစ်ကြိမ်က ပထမဆုံး ဖြစ်သည်။

ဘွားဘွားကတော့ မီးလောင်သည်ဟု ကြားရုံနှင့် ဒူးတွေတုန်လာတတ်သည်ဟု မေမေ ပြောသည်။ ဖေဖေရှိတော့

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ယောက်ျားသားရယ်လို့ အိမ်မှာ အားကိုးရာမရှိတော့ မေမေကပဲ ကြိုတင်စီမံခန့်ခွဲရသည်။ မေမေက အလွန်စည်းစနစ်ကျနသူမို့ နေ့ရာသီဆိုလျှင် မီးလန့်လျှင် အလွယ်တကူ သယ်ယူရမည့် အထုပ်အပိုးတို့ကို အဆင်သင့် ပြုလုပ်ထားသည်။

မေမေ့အဖေ ဘိုးဘိုး အမြဲမှာကြားသည့် စကားတစ်ခွန်းရှိသတဲ့။ မီးလောင်လျှင် အိမ်မှာ ရှိသည့် အဖိုးတန်ပစ္စည်းတို့ကို သယ်ယူပြီး ပြေးရတာဖြစ်လို့ ဘာက အဖိုးတန်ဆုံးလဲဟု ရွေးတတ်ဖို့လိုသည်။ အိမ်မှာ ကိုးကွယ်ထားသော ဘုရားဆင်းတုတော်စေတီတို့ကို ရိုသေစွာ ရှိခိုးကန်တော့ပြီး အဝတ်ဖြူဖြင့် ပတ်၊ မိမိအိမ်ခင်အို ဖခင်အိုတို့ကို အရင်ဦးဆုံး မီးလွတ်ရာ ခေါ်ဆောင်ပြေးသလိုပဲ ဘုရားကို စိတ်ကရည်မှန်းပြီး မီးလွတ်ရာကို ပင့်ဆောင်ပါတဲ့။ မေမေက ဘုရားဆင်းတုတော်တွေကို တစ်ဆူချင်း ထည့်ဖို့ကတ္တီပါအိတ်အနီလေး ချုပ်ထားသည်။ ထိုကတ္တီပါအိတ်ထဲသို့ ဘုရားတွေထည့်ပြီးတော့ ဘွားဘွားကို ဆွဲပြေးဖို့ စီစဉ်ထားသည်။ အဝတ်အစားတွေ၊ စာအုပ်တွေ သေတ္တာတွေထဲထည့်ထားလျှင်တောင် ဘွားဘွားကို တစ်ဖက်က ဆွဲရမည့်မေမေ့အတွက် မသယ်နိုင်ပေ။ မသယ်နိုင်သည့်အတူတူ သံယောဇဉ်ကို ဖြတ်ထားတာ ကောင်းသည်။ အရေးကြီးစာရွက်စာတမ်းနှင့် ရွှေထည်အချို့ကို ဇစ်တပ်ထားသည့်အဝတ်လွယ်အိတ်ထဲမှာထည့်၊ စလွယ်သိုင်းလွယ်ပြီး ပြေးရုံပဲ တဲ့။

ထိုင်းမျက်နှာဘုရားမီး လောင်ချိန်မှာ ကျွန်မ ပြန်ရောက်နေတုန်းဖြစ်လို့ တော်ပါသေးသည်။ အိမ်နှင့် သိပ်နီးသဖြင့် အလုံးတညီးညီး မီးတောက်တွေကို ကြောက်မက်ဖွယ် မြင်နေရသည်။ ပိုဆိုးတာက ထိုနေရာတွင် ရေနံဆီပေပါတွေ လှောင်ပြီး ရေနံဆီ မာတ်ဆီရောင်းသည့်အိမ်တစ်အိမ် ရှိနေတော့ ထိုဆီပေပါများတို



မီးလောင်ပေါက်ကွဲသံက ညသန်းခေါင်မှာ ဟိန်းထွက်နေသည်။ ဘောင်းကင်တစ်ခုလုံး နီရဲပြီး လင်းထိန်နေကာ နေ့အလင်းလိုပင်ဖြစ်နေသည်။

'သေချာတယ် လေကအနောက်ရမ်းလေ၊ အိမ်ဘက်ကိုလာမှာပဲ။ လွတ်နိုင်စရာမရှိဘူး။ သမီး ဘွားဘွားကိုတွဲ'

သူများတွေက မီးသတ်ဥဩသံကို ကြားလျှင် ဘယ်လိုနေမလဲမသိပေမယ့် ကျွန်မကတော့ မီးသတ်ဥဩသံကြားလျှင် ပိုပြီးရင်တုန်သည်။ တည်ငြိမ်အောင်ကြိုးစားထားရသည့် စိတ်ကလှုင့်စင်ကာ တုန်လှုပ်သွားတော့သည်။ ကျွန်မက ဆုရထားသည့်ဓာတ်ကားဖောင်တိန်လေးနှင့် ပြင်သစ် ဝတ္ထုစာအုပ်လေးတွေကို အယောင်ယောင်အမှားမှားဖြင့် ကောက်ထည့်နေချိန် မေမေက ကျွန်မအား ရွှေထည့်သည့်အိတ်ကို အတင်း ထိုးပေးသည်။

'သမီး ဘာတွေလဲ စာအုပ်တွေလား'

'ဟုတ်'

'အို စာအုပ်က ပြန်ဝယ်လို့ရပါတယ် အဲဒါ ထားလိုက်'

ဟင့်အင်းမေမေ။ ဒီစာအုပ်က ပြန်ဝယ်လို့မရဘူး၊ မြန်မာနိုင်ငံမှာ မရှိဘူး။ သို့သော် ဘာမှ ပြောမနေဘဲ မေမေလှမ်းပေးသည့်အရာကို ယူလိုက်သည်။

'ရော့ဒီမှာ သမီးအဖေရဲ့ပုံတွေပါတဲ့ မိသားစု အယ်လ်ဘမ်လေး။ ဒါလေးကိုထည့်ဦး'

မေမေကတော့ ဘုရားထည့်ထားသည့် ကတ္တီပါအိတ်ကိုသည်းလွယ်၊ သုံးယောက်လုံးအတွက် အဝတ်အစားတချို့ကို သူ့အိတ်ထဲ ကောက်ထည့်ကာ မီးကို အကဲခတ်ရင်း အပြင်ထွက်ဖို့တံခါးကို အဖွင့်၊ တံခါးဝမှာ တဒုံးဒုံးထုပြီး ရောက်လာသူက မောင်သက်ဝေ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မမ မမ၊ ဆရာမ။ ကျနော် ဘာသယ်ပေးရမလဲ'

'အလို မောင်သက်'

ဘွားဘွားက မောင်သက်ဝေကို မြင်တော့ မျက်ရည်တွေ ကျလျက် အားကိုးတကြီးဖက်လေသည်။

'အမလေး မောင်မင်းကြီးသားလေး ရောက်လာပြီ။ ရှေ့ ရှော့ ဒီအထုပ်လေးတွေဆွဲပေးပါ'

'သား ဆရာမတို့ နိုင်တယ်။ မင်းအဘွားကိုပဲ တွဲတော့'

'စာအုပ်တွေ စာအုပ်တွေ'

ကောင်လေးက စာအုပ်စင်တွေဆီ ပြေးသွားကာ အော် နေ၏။ စာအုပ်တွေကိုမသယ်ဘူး။ ထားခဲ့။ မေမေက အော်သည်။ အဘွားက ဟဲ့ ငါ့ဘယားအိတ်လေး အခန်းထဲမှာ ကျန်ခဲ့ပြီ။ လုပ်ပါဦး ဟု ပျာယီးပျာယာပြောပြန်သည်။

ပေါက်ကွဲသံတွေနှင့်အတူ မီးအပူရှိန်တောင် ကျွန်မတို့ဆီ ဟပ်လာပြီမို့ ချွေးတွေပြန်လာပြီ။ ဘွားဘွား၏ပိုက်ဆံအိတ်ကို ပြန်ယူဖို့ ကျွန်မ အလှည့် မေမေက ကျွန်မ လက်ကို ဖမ်းဆွဲ၏။

'တော်ပြီ သမီး။ အဘွားနဲ့အတူ ပြေးတော့ လူအုပ်ကြီးနဲ့ လမ်းအပြင် ရောက်အောင် မနည်းတိုးရမှာ။ သမီး အချိန်မရှိဘူး နော်'

'ရတယ်မေမေ။ မောင်လေး အဘွားကိုတွဲ'

မေမေ့ရွှေငွေအိတ်အရေးကြီးသလို အဘွားက ဘယား အိတ်ဟုခေါ်သော ပိုက်ဆံအိတ်လည်း အရေးကြီးတာ ကျွန်မ သိသည်။ ထိုပိုက်ဆံအိတ်ထဲမှာ အဘွား တန်ဖိုးထားသည့် အရာ တွေ ရှိသည်။ လယ်မြေစာချုပ် ဟောင်းတွေ၊ အဘွားရွှေဝယ်သည့် ဘောက်ချာစာရွက်တွေ၊ ရွှေစေတီ ဘုန်းကြီးက စွန့်ထားသည့် ဗုဒ္ဓဂါယာကပင့်လာသည့် ဗောဓိညောင်ရွက်လေးတွေဖြစ်သည်။



အရေးကြီးပစ္စည်းတွေ စုံပြီဟု ကျွန်မတို့ အိမ်ပြင်ပြေး ထွက်ကြသည့်အခါ ဒေါ်ဒေါ်စိန်လည်း အထုပ်အပိုးမနိုင်တနိုင် ဖြင့် ကျွန်မတို့နှင့်အတူ ပြေးဖို့ ရောက်လာသည်။

'ဆရာမရေ မီးတွေက ပြေးလာနေပြီတော့၊ သွားစို့'

ဒေါ်ဒေါ်စိန့်ကို မြင်တော့မှ ကိုလတ်မရှိပါလားဟု သတိ ရသွားသည်။ ကိုလတ်ကမေမေ့အတွက် အထောက်အကူရဖို့ တဲ့။ ရန်ကုန်မှာ ဗွီဒီယိုတည်းဖြတ်သင်တန်း သွားတက်နေပါသည်။

အဘွားက ခြေလှမ်းကို လုံးဝမလှမ်းနိုင်။ တဆတ်ဆတ် တုန်သောဒူးတွေဖြင့် ညွတ်ကျနေလို့ မောင်သက်ဝေက ပွေ့ချီ လိုက်ရသည်။

ကျေးဇူးတင်လိုက်တာ မောင်လေးရယ်။

ကျွန်မသည် မေမေနှင့် ဒေါ်ဒေါ်စိန် ခြေလှမ်းလှမ်းရာသို့ လိုက်ပါပြေးနေရပေမယ့် ဘယ်ကိုလဲဟု အသေအချာ မသိ။ ဘကယ်တော့ ဧရာဝတီမြစ် သောင်ပြင်ထိအောင် ပြေးကြရခြင်း ဖြစ်သည်။ ရပ်ကွက်တွေက တစ်ခုနှင့်တစ်ခု ကပ်နေပြီး အိမ်တွေ အများစုက သက်ကယ်မိုးတွေဖြစ်ရာ မီးကူးဖို့လွယ်သည်။ မီးလွတ် ရှိ အသေချာဆုံးမှာ ဧရာဝတီမြစ်ကမ်းသောင်ပြင် ဖြစ်သည်ဟု ဘွားဘွားက ခဏခဏ ပြောဖူးတာ သောင်ပြင်သဲပေါ် ခြေနင်းမိ တော့မှ ကျွန်မ သတိရသွားသည်။ ဟုတ်တာပေါ့။ သောင်ပြင်စပ် မှာ ကျွန်မတို့အရင် လူကြီးတွေ ကလေးတွေ တော်တော်များများ ရောက်နေကြပြီ။

ကျွန်မတို့ မီးလောင်ရာမှ လွတ်ပြီဟု စိတ်ချရသောအခါ မောင်သက်ဝေက မမ ဒီမှာနေခဲ့ဦးနော်။ ကျနော် ပြန်သွားလိုက် ဦးမယ်ဟု ခပ်တိုးတိုး ပြောပြီး လှစ်ခနဲ ပြန်ထွက် ပြေးသွားသည်။

'မောင်သက်ဝေ၊ မီးတောက်တွေနား မသွားရဘူးနော်'

www.burmeseclassic.com

www.burmeseclassic.com



မေမေက လှမ်းအော်တော့ သူ ခေါင်းညိတ်ပြခဲ့သည်။

'တို့ တံခါးတွေ ပိတ်မှ ပိတ်ခဲ့ရဲ့လားမသိ မခင်မေရေ့ ငါတို့ပစ္စည်းတွေတော့ သူများတွေ ဝင်ဆွဲကုန်တော့မှာပဲ'

အဘွားက သူ့အသက်ကို စိတ်ချရပြီဆိုတော့ သူ့ပစ္စည်းတွေကို သံယောဇဉ်အမျှင်တန်းနေပြန်၏။ ထိုနေရာတွင် ဘွားဘွားသည် မေမေလောက် တရားမရှိဟု ကျွန်မ ယူဆသည်။ မေမေက ဘွားဘွားလက်ကို ဆုပ်ညှစ်ကာ အားပေးသည်။

'အမေ၊ မီးတောင် လောင်ရမယ့်ဟာ သူများယူနိုင်ရင် ယူပါစေလား။ မဟုတ်လည်း ကျွန်မတို့ရှိသမျှ စည်းစိမ်ဥစ္စာတွေ မီးလောင်ပြီး ပြာဖြစ်မှာပဲလေ။ ကျွန်မ တမင် ဝင်းတံခါးကို ဖွင့်ပစ်ခဲ့တာ။ ယူပါစေ'

နံနက်လေးနာရီကျော်မှာ မီးငြိမ်းသွားပြီဟု သိရတော့ ကျွန်မရင်ထဲမှ စိုးရိမ်သောက အလုံးကြီးကျသွားသည်။ ကျွန်မတို့ ရင်တထိတ်ထိတ်ဖြင့် ကိုယ့်အိမ်ဆီသို့ ပြန်ကြသည်။

မေမေ့အထင် မှားသွား၏။ မီးလောင်ကျွမ်းသွားသည့် အိမ်တွေထဲတွင် ကျွန်မတို့အိမ် မပါခဲ့ပါ။ ကျွန်မတို့အိမ်ကို နံနက်အရုဏ်တက် အလင်းရောင်ပျပျတွင် ဘေးမသီရန်မခမြင်လိုက်ရတော့ ကျွန်မပျော်လိုက်တာ။ ကိုလတ်တို့အိမ်လည်း မီးထဲမပါခဲ့ပေ။

အဲ ဒါပေမယ့် ရေတွေက တစ်အိမ်လုံး ရွှဲစိုလို့ပါလား။ ကျွန်မတို့ အုတ်ကန်တွေထဲမှာ ရေတွေ မရှိတော့ဘဲ အိမ်ခေါင်မိုးပေါ်မှာ အိမ်နံရံတွေမှာ ရေတွေစိုရွှဲနေပြီ။ ကျွန်မတို့အိမ်သည် သမံတလင်းခင်းဖြစ်ပေမယ့် အိမ်မကြီးက ထရံကာ သက်ကယ်မိုးဖြစ်သည်။ မီးဖိုဆောင်နှင့်ရေချိုးခန်းအိမ်သာအတွဲ အဆောင်တာသာ အုတ်တိုက် အုတ်အမိုးပြား ဖြစ်သည်။ ဒါကြောင့် အိမ်မီးကူးမည်ဟု မေမေက ကြိုတင်ပြီး လက်လျှော့ထားခဲ့ခြင်းဖြစ်သည်။



ကျွန်မတို့အိမ်ကို မီးမကူးအောင် ရေဖြင့် ပက်ဖျန်းပေးသူမှာ ဘယ်သူရှိရမလဲ။ မောင်သက်ဝေပေါ့။ အုတ်ကန်နှစ်လုံးထဲမှာ သိုလှောင်ထားသည့်ရေတွေ ကုန်သွားအောင်ပင် ရေဖျန်းနေခဲ့သည်ဟု နောက်တော့မှ သိရသည်။

နံနက်မိုးလင်းပြီးမှ မီးခိုးမှိုင်းတွေ၊ လွင့်လာသည့်ပြာတို့မှ ပေကျံနေသည့် မဲညစ်သည့်ရေတွေကို ဆေးကြောပစ်ရသည့် အချိန်တွင် ငိုအားထက် ရယ်အားသန်ရသည်။

'အမလေးတော် ငါ့စာအုပ်တွေလည်း ရေတွေစိုလို့ပါတလား'

မေမေက အော်သည့်အချိန် မောင်သက်ဝေကတော့ အနားမှာ မရှိတော့ပြီ။

သမ္မတပွဲရုံက မီးနှင့်ပိုနီးသည်။ လမ်းခြားပြီးမှ ကျွန်မတို့အိမ်ဆိုတော့ မီးကူးလျှင် သမ္မတကို ကူးပြီးမှ ကျွန်မတို့ကို ကူးမှာ။ သို့သော် မောင်သက်ဝေသည် သမ္မတပွဲရုံမှာ အလုပ်လုပ်ပါလျက် သူ့ပွဲရုံ မီးမကူးအောင် ကူညီ ရေဖျန်းမည့်အစား သူ့ဆရာမ ဒေါ်ခင်ခင်မေ့အိမ် မီးမကူးအောင် ရေဖျန်းပေးနေခဲ့သည်။ ဘယ်လောက်ရယ်ဖို့ ကောင်းလိုက်ပါသလဲ။

သမ္မတသည် တိုက်ခံအိမ်ဖြစ်ပါလျက် တစ်ပိုင်းတစ်စ မီးကျွမ်းသွားသည်။ အနီးမှာကပ်နေသည့် ဂုဏ်ရောင်ပွဲရုံနှင့်ဦးမြဒင်တို့ပွဲရုံတွေလည်း အနည်းအကျဉ်းတော့ မီးဟပ်ခံရသည်။ သမ္မတကတော့ အများဆုံးပေါ့။

သူ့မိဘတွေ အေးဆေးသလောက် စိတ်ဆတ်ပြီး ဒေါသဖြစ်လွယ်သော စန္ဒာမောင်သည် မောင်သက်ဝေကို အိမ်မှ နှင်ထုတ်လိုက်သည်။ အပြစ်က သူ့အလုပ်သမားဖြစ်လျက်နှင့် သူ့အိမ်ကို မကူညီလို့တဲ့။ တာဝန်မသိတတ်သူ၊ ခေါင်းရှောင်သူ၊ စိတ်ထားပုပ်

www.burmeseclassic.com

www.burmeseclassic.com



သူ၊ အို စွပ်စွဲလိုက်သည့်စကားလုံးတွေ မိုးမွှန်နေတာ ကျွန်မအိမ်ကနေ အတိုင်းသား ကြားရသည်။ မိဘတွေကို ကျော်လွန်လျက်ဘာမဆို ဆုံးဖြတ်ချက်ချသော စန္ဒာမောင်သည် မောင်သက်ဝေ၏ကျောပိုးအိတ်ကို လွှင့်ပစ်လိုက်တာများ လမ်းလယ်ခေါင်တောင်ရောက်၏။ မောင်သက်ဝေသည် ခပ်တည်တည်မျက်နှာဖြင့်သူ့အထုပ်သူကောက်ကာ တိတ်ဆိတ်စွာပင် ထွက်သွားလေသည်။

ကျွန်မ သိသည်။ သူ ရွှေစေတီကျောင်းကို ပြန်မှာပဲ။

'မခင်မေ ဘယ့်နှယ်ရှိစ၊ ဟိုကလေးကို ငါ့အိမ် အနှုကြမ်းစီးမယ့်သူလို့ ထင်တုန်းပဲလား'

ဘွားဘွားက မေမေ့ကို ခပ်ငေါ့ငေါ့လေသံဖြင့် စကားနာထိုးသည်။ မေမေက ပြုံးသည်။

'အင်း ဒါကတော့ အမေရယ်'

ဘွားဘွားကြည့်ရတာ သူ့အိမ် မီးမလောင်လို့ ကျေနပ်သည့်အထဲ မောင်သက်ဝေနှင့်ပတ်သက်သည့် သူ့ယုံကြည်မှု မှန်သွားလို့ ပိုပြီး စိတ်ချမ်းသာနေပုံရပါသည်။

အလုပ်ထုတ်ခံလိုက်ရသည့် ကောင်လေးသည် စိတ်ညစ်နေသည့်ပုံစံ မရှိ။ သမ္မတပွဲရုံကနေ ရွှေစေတီသို့ ပြန်လာသည့်အဖြစ်သည် သူ့အတွက် ဘာမှ ထူးခြားဟန်မရှိ။ စိတ်အနှောင့်အယှက်လည်း ဖြစ်ပုံမရ။

'မင်းကို ကလေးကချေလို နှင်အထုတ်ခံရတာတော့ မမနာတယ်။ ဒါပေမယ့် မင်း အဲဒီမှာ အလုပ်မလုပ်ရတော့လို့ မမဝမ်းသာတယ် သိလား'

သူက ကျွန်မကို ပြုံးကြည့်လျက် ဘာမှ မပြောချေ။

သိပ္ပံတွဲအဓိက ကိုးတန်းကျောင်းသားအဖြစ် အမှတ်(၁) အစိုးရ အထက်တန်းကျောင်းမှာ တက်နေရသူအတွက် ရွှေစေတီ



ဘုန်းကြီးကျောင်းသို့ နေ့လည် ကျောင်းဆင်းချိန် ထမင်းပြန်စားရတာ နည်းနည်းတော့ ပိုဝေးတာပေါ့။ သမ္မတကနေကျောင်းတက်ရသလောက်တော့ မနီးပေ။ သို့သော် ယောက်ျားလေးခြေလှမ်းပဲ။ သပြေတန်းက မိန်းကလေးတွေတောင် ဒီလိုပဲ နေ့စဉ် ထမင်းပြန်စားနေတာပဲ။

'အခု ကိုယ့်စိုက်ခင်းကို ပြန် ဂရုစိုက်တော့မောင်'

သူ့မျက်နှာမှာ ဝက်ခြံတွေမရှိတော့ပေမယ့် အသားကငယ်ငယ်ကလို နုဖတ်မနေတော့ဘဲ နည်းနည်း ကြမ်းလာသလိုပဲ။ အသားဖြူတဲ့လူ အရေပြားကြမ်းတယ်ဆိုတာ ဟုတ်လားမသိဘူး။

'ကျနော် နောက်ထပ် အလုပ်တစ်ခု ရှာနေတယ်'

'ဘာပြောတယ်။ ဘာအလုပ်လဲ'

'ဂုဏ်ရောင်ပွဲရုံမှာ သွားလုပ်ရမလားလို့'

'ဟင် ဒီကောင်လေး လုပ်ပြန်ပြီ'

သူက ကျွန်မကို စိုက်ကြည့်ကာ ပြုံးလျက် ရှိသည်။ သူ့အပြုံးက တစ်မျိုးပဲ။ ငယ်ငယ်ကလို - သူ့ရင်ထဲ ဘာရှိလဲ ကျွန်မ မခန့်မှန်းနိုင်တော့ဘူးဟု ခံစားရသည်။

'ဂုဏ်ရောင်ပွဲရုံက နင့်ကို အလုပ်ခန့်ပါလိမ့်မယ် အားကြီး၊ သမ္မတက နင့်ကို ဘာလို့အလုပ်ထုတ်ပစ်လိုက်လဲ လူတိုင်းသိတယ်'

'ဂုဏ်ရောင်က မခန့်လည်း ဦးမြဒင်တို့ပွဲရုံက ခန့်မှာပေါ့'

သူ ဘာဖြစ်လို့များ ဒီပွဲရုံတွေမှာပဲ လုပ်ချင်နေရတာလဲ။ ကျွန်မ သူ့ကို မျက်စောင်းထိုးပစ်လိုက်မိသည်။

'မောင် ကိုးတန်းနှစ်က ဆယ်တန်းနှစ်ရဲ့အခြေခံမို့ အရေးကြီးတယ်နော်။ မပေါ့နဲ့။ စာတွေကလည်း အသစ်တွေ။ ဓာတုဗေဒ ရူပတွေ၊ ဘိုင်အိုတွေ၊ စာတွေမလိုက်နိုင်ဘဲ နေမယ်။ ဘာအလုပ်မှ လုပ်ဖို့ မစဉ်းစားနဲ့။ မမ မောင့်ကို လစဉ် မုန့်ဖိုး ထောက်ပံ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



'မလိုချင်ပါဘူး'

အသံခပ်ပြတ်ပြတ်ဖြင့် ချက်ချင်းငြင်း၏။

'မမ အလုပ်ဝင်နေပြီလေ။ မမမှာ ကိုယ်ပိုင်ပိုက်ဆံ ရှိပါတယ် မောင်ရဲ့'

'ကျနော် ပိုက်ဆံမလိုပါဘူး။ စုထားတာတွေတောင် ရှိတယ်။ မမကိုတောင် ပြန်ပေးလို့ရတယ်'

'အံ့မယ်'

ဟုတ်ပါရဲ့။ ကျွန်မ သတိထားမိပါသည်။ မောင်သည် သူ့ကို ကျွန်မ မုန့်ဖိုးပေးဖို့ ကြိုးစားတိုင်း ငြင်းပယ်လေ့ရှိသည်။ သူ့ကို ပေးလို့ရတာက မွေးနေ့လက်ဆောင်တွေပဲ ဖြစ်သည်။

သူက မွေးနေ့လက်ဆောင်ကလွဲပြီး ဘာကိုမှ ကျွန်မထံမှ မယူချင်အောင် မာနကြီးသည့်ကလေးမို့ မွေးနေ့လက်ဆောင်တွေ တစ်နှစ်တစ်ခါ မှန်မှန်ပေးဖြစ်ခဲ့ပါသည်။

အေးလေ။ သူ့ကို လက်ဆောင်ပဲပေးမှပါ။ ကျောင်းလခ တို့ဘာတို့ သွားမပြောနဲ့။ သူမကြိုက်ဘူး။

နေစမ်းပါဦး။ သူမကြိုက်တာတွေကို ကျွန်မ သိပြီး ရှောင်ကြဉ်နေခဲ့ပေမယ့် ကျွန်မ မကြိုက်တာကျတော့ ဘာဖြစ်လို့ ဒီကလေး မရှောင်တာလဲ။ ကျွန်မက ကူလီအလုပ် အလုပ်သမား အလုပ်ကို မလုပ်စေချင်ပါဘူးဟု အလေးအနက် ပြောသည့်ကြားက ဦးမြင့်၏ ပွဲရုံမှာ သူလုပ်ဖြစ်အောင်လုပ်ခြင်းသည် ကျွန်မကို မနာခံခြင်း မဟုတ်လား။

'နင် ငါ့ကို လုံးဝ ဂရုမစိုက်ဘူးပေါ့ ဟုတ်လား။ ငါ့စကားကို နင် ဘယ်တော့မှ နားမထောင်ဘူး။ သွား နင်ငါ့ဆီလည်း မလာနဲ့။ နင့်ကို ငါ စိတ်ကုန်သွားပြီ'

ကျွန်မ တကယ်စိတ်ဆိုးသွားမှန်းသိသဖြင့် ကျွန်မရန်ကုန်



ပြန်သည့်နေ့က ကားဂိတ်သို့ ကောင်လေး အပြေးအလွှား ရောက်လာပြီး နှုတ်ဆက်ဖို့ ကြိုးစားသည်။

မီးလောင်ပြီးကတည်းက မေမေ သူ့အပေါ် အနည်းငယ် အရေးတယူ ဆက်ဆံလိုက်သည့်အခါ ကောင်လေးသည် ခါတိုင်းလို သူ့ဆရာမ မမြင်အောင် ခပ်လှမ်းလှမ်း သစ်ပင်အောက်တို့ ရွှေပန်းထိမ်ဆိုင်တို့ဆီကနေ ပုန်းလျှိုးကွယ်လျှိုး စောင့်ကြည့်ရင်း နှုတ်ခမ်းတုန်ရင်း [illegible]

နိုးကြောင်ခိုးဝှက် လာနှုတ်ဆက်စရာ မလိုတော့ပေ။ ကျွန်မဆီသို့ ပြောင်ပြောင်တင်းတင်း ဝမ်းသာအားရ လာနှုတ်ဆက်ခွင့်ရသွားသည်။ ကျွန်မ စားဖို့တဲ့ ပဲကြော် ပဲလှော်ထုပ်၊ ပြီးတော့ ထူးထူးဆန်းဆန်း သနပ်ခါးတုံးတစ်တုံး။ သနပ်ခါးတုံးနှင့် သူနှင့် ဘာဆိုင်လို့တုန်း။ ကျွန်မစိတ်တွေ ပြေချင်ချင်။

'အမယ် ဒီသနပ်ခါးတုံးက ဘယ်ကရတာလဲ'

မောင်က ခပ်တည်တည်ပဲ။

'ကျွန်တော် ဈေးက ဝယ်ထားတာပေါ့'

'နင့်ဟာက အစစ်ကော ဟုတ်ရဲ့လား'

'မသိဘူးလေ။ ဈေးသည်ကို အကောင်းဆုံးရွေးပေးပါလို့ ပြောလိုက်တာပဲ'

အင်း တော်တော် အဝယ်ကောင်းပါ့လား။ ဈေးသည်နှက်သမျှ ခံရမည့်သူပဲ။

'ဟောဒီကလေးဟာလေ ကိုယ်နဲ့မဆိုင်တဲ့အလုပ်ကို တော်တော်လုပ်ချင်တယ်။ သနပ်ခါးတုံးဝယ်တာ နင့်ကိစ္စမှ မဟုတ်ဘဲ'

'မသိဘူး။ မမက အမြဲတမ်း သနပ်ခါးမလိမ်းဘဲ မျက်နှာပြောင်နဲ့နေတာကိုး၊ သူများတွေလို သနပ်ခါးလေးမှုန်နေစေချင်လို့'

အဲဒီတော့ ကျွန်မ ဟက်ဟက်ပက်ပက် ရယ်မိသည်။ ဒီတလေး ဘာမှလည်း နားမလည်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမယ် ကြည့်စမ်းမောင်၊ မမ သနပ်ခါးလိမ်းမထားဘူး'

'မလိမ်းဘူးလေ။ အဲဒါကြောင့်'

'နေဦး အခု မမ လှလား'

'အန်'

မောင်က စိတ်ရှုပ်သွားပုံဖြင့် မျက်မှောင်ကုတ်လျက် ကျွန်မကို စေ့စေ့ကြည့်သည်။ ထို့နောက် ဝင်းပသောမျက်လုံးဖြင့်

'မမက အမြဲလှနေတာဥစ္စာ' ဟု မထူးဆန်းသလို ဆို၏။

'အဲဒါ ပြောမလို့။ မမ သနပ်ခါးမလိမ်းပေမယ့် မိတ်ကပ် လိမ်းထားတယ်'

'ဗျာ'

'မိတ်ကပ်လေ မိတ်ကပ် မသိဘူးလား'

ကျွန်မ သနပ်ခါးကို ချေးတင်လို့ မကြိုက်တတ်ဘူးဟု မောင့်ကို မပြောရက်ခဲ့ပါ။ သူ့ကို ငယ်စဉ်ကတည်းက သနပ်ခါးဘူး လေးဝယ်ပေးနေကျ။ သူ့ခမျာ စတုတ္ထတန်းအထိတော့ လိမ်းခဲ့ရှာ သား။ ငါးတန်းလည်းရောက်ရော သနပ်ခါးလိမ်းရမှာ ရှက်သလေး ဘာလေး စကားကြီးစကားကျယ်တွေ ပြောတတ်လာရော။ သနပ် ခါးအစား ခေါင်းလိမ်းဆီကိုတော့ ရွှဲနေအောင် လိမ်းချင်လေသည်။

'ဒါဆို မမက သနပ်ခါးမလိမ်းဘူးလား။ ဘယ်တော့မှ မလိမ်းဘူးလား'

သူ့မျက်နှာလေးက နည်းနည်းညိုချင်ချင်။

'မောင်ပေးတဲ့သနပ်ခါးတုံးကိုတော့ မမ လိမ်းမယ်'

သူ့မျက်လုံးတွေ ချက်ချင်း တောက်ပသွားသည်။

'ဒါပေမယ့် မောင်'

ကျွန်မ သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်၏။

'ဦးမြဒင်ပွဲရုံကနေ အလုပ်ထွက်တဲ့နေ့မှာ မမ လိမ်းမယ်



ကြားလား'

သူတစ်ခဏတော့ ကြောင်သွား၏။ ချက်ချင်း စကားပြန် မပြောဘဲ ခပ်ကြာကြာအသံတိတ်နေသည်။ ဒါဖြင့် အခုထွက် လိုက်မယ်လေဟု သူ ပြန်ပြောဖို့များ ကျွန်မ မျှော်လင့်ထားမိခဲ့လေ သလား။

'အေးလေ မမက သနပ်ခါးမလိမ်းလည်း လှပါတယ်'

ထိုစကားကို အသံခပ်တိုးတိုးဖြင့် အိန္ဒြေကြီးစွာ သူဆို၏။

ဟင်။

အဲဒါ ဘာအဓိပ္ပါယ်လဲ။ ဘာအဓိပ္ပါယ်လဲဆိုတော့ မမ အဲဒီသနပ်ခါးကို လိမ်းချင်လိမ်း မလိမ်းချင်နေ ကျနော် ဂရုမစိုက် ဘူး။ ကျနော်ကတော့ ပွဲရုံကနေ အလုပ်မထွက်နိုင်ဘူး။ ဒါပဲ။

အဲဒီအဓိပ္ပါယ်မဟုတ်ဘူးလား။ ကျွန်မ ကိုယ့်အတွေးနှင့် ကိုယ် ရင်ထဲမှာ ပူလောင်နေအောင် ဒေါသထွက်သွားသည်။

ကျွန်မ သူ့ကို ခပ်မာမာ စိုက်ကြည့်ပစ်လိုက်ပြီး ကားပေါ် သို့ ခြေလှမ်း လှမ်းလိုက်ပါသည်။ ပွဲထမတော့ ဘာမှ မပြောတော့ ဘဲ ကားပေါ် တက်တော့မလို့ပါပဲ။ သို့သော် ကျွန်မကို မနာခံခြင်း သည် ကျွန်မကိုအရှက်ခွဲလိုက်တာပဲဟု ခံစားမိသည်။

ကားဂိတ်မှာ ခရီးထွက်မည့်သူကို မြို့မှာကျန်ရစ်သူက လိုက်ပို့ဖို့ လာကြသူတွေအများကြီး။ ကိုယ့်အချင်းချင်း စကားတွေ ပြောနေကြတာမို့ ကျွန်မတို့ စကားကို သူတို့တွေမကြားနိုင်ဟု ကျွန်မ သိပါရဲ့။ သို့သော် ဘယ်သူ မကြား ကြားကြား ကျွန်မကို မနာခံတာတော့ လုံးဝ မကြိုက်။ ထို့ကြောင့် သူ့ကို လှည့်ကြည့်ပြီး ပြောပစ်ခဲ့သည်။

'မမ မင်းကို မကြိုက်တဲ့အချက်တွေ အများကြီးပဲ မင်း သိတယ်မဟုတ်လား။ အဲဒီအထဲက တစ်ချက်က မင်း မမစကား

www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်တော့မှ မနာခံတဲ့အချက်ပဲ။ အဲဒါ သိပ်ရိုင်းတာပဲ’

ကျွန်မ ကားပေါ် အတက်မှာ သူ့ခြေထောက်အောက်သို့ ရောက်အောင် သနပ်ခါးတုံးကို ပစ်ပေါက်ပေးလိုက်သည်။

သူ ဘယ်လိုမျက်နှာနှင့် ကျန်ရစ်သလဲ ကျွန်မ မသိချင်။ ထို့ကြောင့် သူ့ကို လုံးဝကို လှည့်မကြည့်ဘဲ မျက်နှာလွှဲထားလိုက်သည်။ ကားထွက်သည်အထိ လှည့်မကြည့်တော့ဘူးဟု ဆုံးဖြတ်သည်။ နင်ပဲ တင်းနိုင်မလား ငါပဲ တင်းနိုင်မလား။ ကြည့်ကြသေးတာပေါ့။

ကလေးတစ်ယောက်အပေါ်မှာ လူကြီးက စိတ်ကောက်မိတာ ရှက်စရာဟု ကျွန်မ မတွေးမိ။ လူကြီး၏စေတနာကို ကလေးက စော်ကားသည်ဟုသာ ကျွန်မတွေးသည်။ ကျွန်မထက် ခုနစ်နှစ်ငယ်သည့် ပိစိကွေးချာတိတ်တစ်ယောက်က ကျွန်မစကားကို နားမထောင်ဘဲ စိန်ခေါ်သည်ဟုသာ ကျွန်မ ခံစားရသည်။ ထို့ကြောင့် ဒီတစ်ခါတော့ ကျွန်မ ပျော့ပြောင်းလိုက်လျှောဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးဟု ကျွန်မ သိသည်။

သည်နေ့ကျမှပဲ ကားက တော်တော်နှင့်မထွက်။ ကျွန်မ တမင်မျက်နှာလွှဲထားရသူမို့ စိတ်ပင်ပန်းလှသည်။ မျက်လုံးထောင့်ဆီကနေ သူဝတ်ထားသည့် အပြာရောင် ဂျင်းအကျႌကို ခပ်ရိပ်ရိပ် မြင်နေဆဲဟု ထင်သည်။ ကောင်လေး ပြန်မထွက်သေးဘူး။ ကျွန်မ သူ့ကို ဘယ်တော့လှည့်ကြည့်မလဲလို့ စောင့်နေတာဖြစ်မှာပေါ့။ ဟားဟား ဝေးပါသေးတယ် ချာတိတ်ရယ်။

ခဏကြာတော့ သူ ကျွန်မ၏ ကားပြတင်းနားသို့ ရောက်လာသည်ကို ကျွန်မသိလိုက်သည်။ ဘယ်လိုသိလဲ။ အပြာရောင်တစ်ခု ကျွန်မ ပြတင်းသို့ ကပ်လာလို့လား။ သို့မဟုတ် သူ့ဆံပင်ဆီကနေ ကျွန်မ မွှေးနေ့လက်ဆောင်ပေးထားသည့်ခေါင်းလိမ်းဆီ



အနံ့ကိုပဲ ရလိုက်လို့လား။

‘မမ’

ကျွန်မ လှည့်မကြည့်ချင်ပါ။ သူ့အသံက နဂိုကတည်းက လုပ်ျဖော်ဝင်စကလေးတစ်ယောက်၏ ပြောင်းလဲခါစ အက်ကွဲကွဲ အသံမို့ လောလောဆယ် စိတ်ထိခိုက်မှုကြောင့် အက်ကွဲနေတာ ဟုတ်ဘူးဟု ကျွန်မ ယုံကြည်သည်။

‘မမ တစ်နေ့ကျရင်တော့ ဂုဏ်ရောင်လမ်းက ပွဲရုံတွေမှာ ဘာဖြစ်လို့ ကျွန်လာခံသလဲဆိုတာ ကျနော် ပြောပြမယ်’

အလို။ ဒါ ဘာစကားလဲ၊ နောက်ပြီး ဘာအဓိပ္ပါယ်လဲ။

ကျွန်မ သူ့ကို ကြည့်ချင်သွား၏။ သို့သော် စိတ်ကို တင်းထားလိုက်သည်။ မကြည့်နဲ့။ သူ့အသံကို ကြည့်လေ။ တောင်းပန်တိုးလျှိုးတဲ့အသံလား။ ဟုတ်မှမဟုတ်ဘဲ။ ခပ်တည်တည်နဲ့ အိခြေမျက်နှာပြောတဲ့လေသံပဲ။

မင်းကို မမလုံးဝ သဘောမကျဘူး သိလား။

ထိုနေ့က ကျွန်မ အောင့်မြင်ခဲ့သည်။ ကားထွက်လာချိန် အထိ သူ့ဖက်သို့ လုံးဝလှည့်မကြည့်ဘူးဟု သူ သိစေခဲ့သည်။

သို့သော် ခပ်လှမ်းလှမ်းရောက်တော့ ပြတင်းမှန်မှ ကန့်လန့်ကာကို ကွယ်ပြီး သူရှိရာသို့ အသာလှည့်ကြည့်မိသည်။

ကောင်လေးက နေရာတွင် မြဲမြဲစွာ ရပ်လျက် ကားဆီသို့ ငေးကြည့်လျက် ကျန်ခဲ့သည်ကို မြင်ရသည့်အခါ မျက်ရည်တစ်စက် လွင့်စင်ကျသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၄)

'မမ၊ ကျနော် ဦးမြဒင်ရဲ့ပွဲရုံမှာ ကျွန် မလုပ်တော့ပါဘူး။ မမ ကျနော့်ကို စိတ်မဆိုးပါနဲ့တော့'

ကျွန်မဆီသို့ သူ စာတစ်စောင်ရေးလာသည်။ စိတ်ကောက်နေသည့်အစ်မကို ချော့သည့်စာမို့လားမသိ။ လက်ရေးလေးက တော်တော်လှနေတာပါလား။ ကျွန်မ သူ့ အခုလက်ရေးကို ချစ်သွားမိသည်။ ငယ်စဉ်က သူ လက်ရေးလုံးဝမမှန်ခဲ့ပေ။ သူ လက်ရေးလှအောင် ကျွန်မမှာ လေးကြောင်းမျဉ်းစာအုပ်လေး တွေ သူ့ကိုပေးပြီး နေ့စဉ် စာတစ်မျက်နှာ အရေးကျင့်ခိုင်းခဲ့ရသည်။ ဒါတောင် အမြန်ရေးလျှင် တအားသော့ကာ နေ့နေ့နှင့် အချိန်ယူရေးလျှင် လက်ရေးက ကြီးကြီး။ အခုတော့ ဘယ်လို အချိန်ယူပြီး ရေးထားလဲ မသိ။ လက်ရေးက တစ်ညီတည်း။ သူ့လက်ရေးသည် ညာဘက်သို့ စောင်းသည်။ ဝဆွဲကို အဝိုင်း မဆွဲဘဲ ပုံနှိပ်စာလုံးထဲကလို ဘြိဂံပုံ ဆွဲလေ့ရှိသည်။

'ဒါပေမယ့် အမှန်အတိုင်း ပြောစရာတော့ရှိတယ်။ ကူလီ မလုပ်ပေမယ့် သူတို့အိမ်ကိုတော့ နေ့တိုင်းရောက်တယ်။ အဘွား ငွေကို နွားနို့ပို့ရင်း ဦးမြဒင်ရဲ့မိန်းမ အမေရီကိုပါ နွားနို့ပို့ပေးတာလေ။ နွားနို့စစ်စစ်ပေါ့။ နွားနို့နေ့တိုင်းရအောင် ကိုချစ်ညိုတို့ဆီမှာ ကျနော် နွားတစ်ကောင် မွေးထားတယ်လေ'



ကျွန်မ ပြုံးမိသွားသည်။

'ဘာဖြစ်လို့ ဂုဏ်ရောင်လမ်းက ပွဲရုံတွေမှာ ကျွန်ခံချင်ရတာလဲဆိုတော့ ဂုဏ်ရောင်လမ်းမှာ မမရဲ့အိမ် ရှိလို့ပေါ့'

ဒါပေမယ့် အခုဆို ကျွန်မက အိမ်မှာ အမြဲတမ်း ရှိမနေတော့ဘူးလေ။ ဘွားဘွားကို စောင့်ရှောက်မယ်ဆိုတဲ့ အကြောင်း ဖြချက်လား။ အကြောင်းရင်းကို မေးလျှင် သူ ဖြေချင်မှဖြေမည်။ သူမဖြေမည့် မေးခွန်းကို သွားမေးမိလျှင် မေးသည့်လူက အရှက်ကွဲဦးမည်။

'အမေရီကိုရော ဘာဖြစ်လို့နွားနို့ပို့ပေးလဲ မမ မေးမှာလား။ အမေရီက အစာအိမ်ရောဂါရှိလို့ နွားနို့ပဲ အဓိကသောက်နေရတာမို့ပါ။ ပြီးတော့ အမေရီ့သား ခိုင်ဦးမှာ ဂီတာရှိတယ်လေ။ အမေရီ့ကို နွားနို့ပို့ပေးရင်း ဂီတာတီးလို့လည်း ရတယ်။ ခိုင်ဦးက ကျနော့်ကို ဂီတာတီးတောင် သင်ပေးတယ်'

ဟုတ်ပါရဲ့။ ယောက်ျားလေးသဘာဝ အပျင်းပြေ ဂီတာတီးချင်လိမ့်မယ်လို့ ကျွန်မ တစ်ခါမှ မတွေးခဲ့မိပါလား။

သူ့မွေးနေ့ အထိမ်းအမှတ်ဖြင့် ဂီတာလက်ဆောင် ပေးသည့်နေ့က သူ့ကို ဘုန်းကြီးကျောင်းမှာ မတွေ့ရ။ အဘစလည်း မရှိ။ အဘစံသည် ကျန်းမာရေး မကောင်းသဖြင့် အိမ်ကနေ ဘယ်ကိုမှမထွက်တာ ကြာပြီဟု ဘုန်းဘုန်းက ပြောသည်။ အဘစံ၏အိမ်တာ ဝက်ကုန်းဘက်မှာ ဖြစ်သည်။ အော် အဘစံနေမကောင်းဘူး ဆိုလျှင် ကျွန်မ သွားဖြစ်အောင် သွားဦးမှပါ။ အဘစံ ဘာလိုသလဲ။ ဘာလုပ်ပေးရမလဲ။ မောင့်ကို ခေါ်ပြီး သွားကြမည်။

မောင့်ကို ကျောင်းဝန်းကျောင်းပြင် နေရာအနှံ့ ရှာတာ ရှာမတွေ့။ နောက်တော့မှ စဉ်းစားမိသည်။ ရွှေစေတီတောင်တန်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ရှိနေမှာပဲ။ လူတွေနှင့်မတွေ့ချင်လျှင် သူရှောင်နေကျ နေရာလေ။

ရွှေစေတီတောင်ကုန်းပေါ်သို့ ကျွန်မ ရောက်သွားသည့် အချိန်မှာ အနောက်ဘက်ဆီ၌နေလုံးသည် ဧရာဝတီမြစ်ပြင်ပေါ် ထိ ဆင်းနေပြီ။ ဆောင်းအဝင်မို့ မြောက်ပြန်လေ တဖြူးဖြူးတိုက် ခတ်သည့်အခါ စိမ့်စိမ့်အေးမလို ရှိသည်။

ကျွန်မတို့ နှစ်ယောက် ထိုင်နေကျ ထနောင်းကိုင်းသည် အောက်ခြေအထိညွတ်ကျနေပြီး အနီးက စေတီတံတိုင်းလေးပေါ် ထိလုထိခင် ဖြစ်နေသည်။ ညနေနေဝင်ခါနီးဖြစ်လေတော့ အထေ တစ်ခွင်မှာ မြူတွေ ဆိုင်းနေလေသည်။

သူက တုံးလုံးလဲနေသည့် အကိုင်းပေါ်မှာ ထုံးစံအတိုင်း ထိုင်လို့။ သူ့လက်ထဲမှာ စာအုပ်တစ်အုပ်ကို ကိုင်လို့။ သို့သော် ထိုစာအုပ်မှာ ကျောင်းစာမဟုတ်ကြောင်း ကျွန်မ ဘယ်သူနှင့်မဆို ဘာကြေးမဆို လောင်းရဲသည်။ သူ စာကျက်နေခြင်းမဟုတ်ပါ။ သူကိုင်ထားသည့်စာအုပ်က ဝတ္ထု ကဗျာ မဟုတ်။ တက်ကျမ်းတူ ကျွန်မတို့ အလွယ်ခေါ်ကြသည့် အောင်မြင်ရေး လမ်းညွှန်စာအုပ် တစ်အုပ် ဖြစ်သည်။

'မောင်ရေ၊ မောင်လေး'

ကျွန်မ မောင်ရှိနေရာ ကုန်းအတက် ထနောင်းပင် အခြေ သို့ ခပ်သွက်သွက်လှမ်းတက်ခဲ့သည်။ စိတ်စောနေတော့ မမော ပန်းပါ။ မွေးနေ့လက်ဆောင် ပေးချင်လှပြီကိုး။ ထိုလက်ဆောင်ကို သူ့မွေးနေ့ ဇူလိုင် ၆ရက်နေ့ကတည်းက ဝယ်ထားခဲ့၏။

'မောင် ဒီမှာ ဘာလဲ ကြည့်စမ်း'

ကျွန်မအသံကို မောင်ကြားသွားသည်။ လှည့်ကြည့်၏။

'မမ'



သူ ကျွန်မကိုမြင်တော့ မှုန်မှိုင်းနေသည့် သူ့မျက်လုံးတွေ ပွင့်သွား၏။ ဖျတ်ခနဲ ထရပ်လိုက်ပြီး ကျွန်မဆီ ခပ်သွက်သွက် လျှောက်လာသည်။ ဟင် သူ့မျက်နှာ ခါတိုင်းလို မဟုတ်ဘဲ နွမ်းလှ ချည်လား။ ကျွန်မလာလို့ ပျော်နေရမည့်သူ့မျက်လုံးက သိပ် မတောက်ပပေ။ သူအလွန်လိုချင်နေသော ဂီတာကိုရလို့လည်း ရှင် သိပ်ခုန်ပုံမရပေ။ ကြည့်စမ်း။ ကျွန်မမှာတော့ ရန်ကုန်ကနေ ရေနံချောင်းသို့အလာ တစ်လမ်းလုံး သူ့ကိုယ်စား ရင်တွေခုန်နေ ခဲ့သည်။ ဒါက သာမန်ဆိုင်ကဝယ်လာတာမဟုတ်။ နာမည်ကျော် ပေါ့ပ် အဆိုတော်တစ်ဦး ဖွင့်ထားသည့်ဂစ်တာဆိုင်မှ ဝယ်လာ ခြင်းဖြစ်သည်။ အမှတ်တရလေ။

'မောင်လေး ဒီမှာလေ မောင့်ဖို့ မမ ဝယ်လာတာ'

သူ ကျွန်မဆီက ဂီတာကို လှမ်းယူစဉ် သူ့လက်နှင့် ကျွန်မ လက် ထိသွားသည်။ သူ့လက်တွေ အေးနေ၏။

'မမရာ ဈေးကြီးမှာပေါ့'

'မကြီးပါဘူး။ ဟောဒီမှာ မလက်ထရမ်လေးပါ ညှပ်ထား ပေးတယ်'

သူ ဂီတာကို လှမ်းယူလိုက်ပြီး လက်ထဲမှာပွေ့လိုက်သည့် ဟန်ပန်က မြတ်မြတ်နိုးနိုး ပွေ့ပွေ့ပိုက်ပိုက် ရှိလှတာမို့ ကျွန်မ တျေနပ်သွားပါသည်။ သို့သော် သူ့မျက်နှာမရွှင်လန်းတာကိုတော့ သတိထားမိသည်။

'မောင် နေကောင်းလား'

'ကောင်းပါတယ်'

'မောင် ဘာဖြစ်နေလဲ'

'ဘာမှ မဖြစ်ပါဘူး။ လာ ထိုင်။ မမကို ကျနော် သီချင်း တစ်ပုဒ် တီးပြမယ်။ ကြိုးညှိထားပြီးသားလား'

www.burmeseclassic.com



'အို ကြံ့ကြံ့ဖန်ဖန်'

ဂီတာတစ်လက်သယ်ပြီး အိမ်ပြန်ရောက်လာသည့် သမီးကို မေမေ မျက်စိစပါးမွေးစူးသွားပုံရသည်။ ကျွန်မ ဂီတာ မတီးတတ်တာ မေမေ အသိဆုံးကိုး။ ကျွန်မမောင့်အတွက် ဝယ်လာတာဟု မေမေ့ကို ပွင့်ပွင့်လင်းလင်း ပြောပြလိုက်ပါသည်။

မေမေက ကျွန်မကို မေးခွန်းတစ်ခု မေးခဲ့သည်။ တစ်ချိန်ချိန်မှာ မေမေ မေးလာနိုင်သည်ဟု ကျွန်မ ကြိုတင်မျှော်လင့်ခဲ့သည့် မေးခွန်းဖြစ်သည်။ ဘယ်အချိန်မေးလာမည်လဲသာ ကျွန်မ မသိရသည်။ မေးတော့မေးမှာပဲ။ ယခုလောက်ထိ စောင့်နေခဲ့တာတောင် အံ့သြရပါသည်။

'သမီး မောင်သက်ဝေကို ကြိုက်နေပြီလား'

ကျွန်မ ထိုမေးခွန်းကို သူငယ်ချင်းတွေဆီမှ မကြာခဏ ကြားခဲ့ဖူးသည်။ ပြောင်သလို စသလို မေးခဲ့သည့်မေးခွန်းတွေ။ မောင်လေးဆိုရင် ငါ့ကိုပေးပါလားယောင်းမရယ် ဆိုတာမျိုး ခနဲ့တဲ့တဲ့စကားမျိုးတွေ။ ကျွန်မ မထူးခြားသည့်မျက်နှာထားဖြင့် ဖြေရယ်ခဲ့ပါသည်။ မေမေ့ထံမှ မေးခွန်းကိုလည်း ကျွန်မ ကြိုတင်ပြင်ဆင်ထားခဲ့တာ ကြာပြီ။ အကြိမ်ပေါင်းများစွာ ကိုယ့်ဟာကိုယ် ဖြေကြည့်ခဲ့ပြီးသား။ အခုလည်း အဲဒီအတိုင်းပဲ ဖြေလိုက်သည်။

'မကြိုက်ဘူးမေမေ၊ သူ့ကို သမီး မောင်လေးအရင်းလိုပဲ ချစ်တာပါ'

သူ ဂီတာကြီးကို ပျင်းရိပျင်းတွဲ ညှိနေတာကို ကျွန်မ ငေးကြည့်မိသည်။ ဟုတ်တယ်။ ကျွန်မ မောင့်ကို မကြိုက်ပါဘူး။ မောင့်မှာ ကျွန်မ မကြိုက်တာတွေ အများကြီး။

ကျွန်မစကားကို ဘယ်တော့မှ မနာခံတာကို ကျွန်မ မကြိုက်ဘူး။ ငယ်ငယ်ကတည်းက ဒိုးပစ်တာ သားရေကွင်းထပ်



တာကစားသမျှ သူများကို မနိုင်နိုင်အောင် အကြံအဖန်လုပ်တာမျိုးတွေ ကျွန်မ မကြိုက်ဘူး။ အရေးအကြီးဆုံးက သူ ကျွန်မထက် အသက် ခုနစ်နှစ်တောင်ငယ်တယ်မေမေ။ အဲဒါ မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေးတစ်ယောက် ဘယ်တော့မှ မနီးစပ်နိုင်လောက်အောင် ခိုင်မာတဲ့အကြောင်းရင်း မဟုတ်ဘူးလား။

သူ ဂီတာကို သံစဉ်တစ်ခုဖြစ်အောင် စတင် တီးခတ်လိုက်လေသည်။ ဒီသံစဉ်ကို ကျွန်မ ကြားဖူးသည်။

'အရေတွေပျော့ကုန်ပြီ ဦးနှောက်အပိုင်းအစတွေ နှလုံးသားနေရာတွေ ရိုးသားချင်တာတွေ ရည်ရွယ်တာတွေနဲ့ အချစ်ရဲ့ နှင်းပွင့်ကလေးများ အားလုံး အရေပျော့ ပျောက်ရှ သွားကြတယ်'

ကျွန်မ သူ့ကို တအံ့တသြ ကြည့်မိသွားတော့သည်။ အဲဒါ သူ့အသံတဲ့လား။ ပိစိကွေးကောင်လေးတစ်ယောက်ရဲ့ လူပျိုဖော်ဝင်ခါစအသံသြသြလေးဟာ အခုတော့ ဝါရင့်အဆိုတော်ဟန်နဲ့ ဟန်ကျပန်ကျ ဆိုနေပြီကော။ ဆိုမယ့်ဆိုတော့ အချစ်သီချင်းတစ်ပုဒ်ပါလား။

ဘုရားရေ။ ကျွန်မ မထင်တာတွေ ဖြစ်နေပါလား။

'အရေတွေပျော့ကုန်ပြီ ကိုယ့်ရဲ့စိတ်ဓာတ်တွေ မေရယ် သေးမကူညီကွယ်'

တယ်ဟုတ်ပါ့လား။ သူ့ကို ဒီလောက် ဌာန်ကရိုဏ်းကျကျ သီချင်းဆိုတတ်လိမ့်မည်ဟု မထင်ခဲ့မိပေ။ ကျွန်မ ပထမတော့ ရယ်ချင်နေ၏။ ဒီကောင်လေးငယ်ငယ်လေးက ဇော်ဝင်းထွဋ်၏ အချစ်သီချင်းကို ထဆိုလိုက်တော့ ဟားချင်စိတ်တွေပေါ် သွားခဲ့တာကိုး။ သို့သော် တဖြည်းဖြည်း သူ့အသံထဲမှာ ကျွန်မ နစ်ဝင်သွားသည်။ သူ့အသံက သီချင်းနှင့် လိုက်ဖက်အောင် ဆွေးဆွေးနင့်နင့် ရှိလွန်းလှပါ။

www.burmeseclassic.com

www.burmeseclassic.com



'ရင်ခုန်သံတွေအားလုံး အိပ်မက်ကလေးများအားလုံး ကိုယ့်မနက်ဖန်တွေအားလုံး ပျောက်ရှကုန်ပြီကွယ် မျှော်ရည်တာတွေလည်း အဆုံးထိ အသဲမှာစွဲမြဲ ပေးဆပ်ချင်တယ် ကိုယ့်ရဲ့ အသက်ဆက်ထား××× အရေတွေပျော်ကုန်ပြီ ကိုယ့်ရဲ့စိတ်ခတ်တွေ မေရယ် ဖေးမကူညီကွယ်'

မေရယ် တဲ့။ မေရယ်ဟု ညည်းလိုက်သည့်အသံသည် ကိုးတန်းကျောင်းသားတစ်ယောက်၏အသံမဟုတ်တော့ပါလား။ နှုတ်ဖျားကနေ ညည်းတာမဟုတ်။ ရင်ထဲမှ မောမောပန်းပန်း နွမ်းနွမ်းလျလျ ညည်းလိုက်သည့်အသံပါ။

ကျွန်မရင်ထဲမှာ သိမ့်ခနဲ နာကျင်သွားသည်။ ဘာဖြစ်လို့ နာကျင်သွားမှန်းမသိ။ ကျွန်မ သူ့ကို ငေးကြည့်ရာကနေ တစ်ဖက်သို့ မျက်နှာလွှဲလိုက်မိသည်။

ဘယ်ပြောနိုင်မလဲ။ တစ်ချိန်ချိန်မှာ ဒီကလေး အဆိုတော်မဖြစ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။ မောင်များ အဆိုတော်ဖြစ်လိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲနော်။ ကျွန်မသည် မောင့်ကို အခုချိန်ထိ ဘာဖြစ်စေချင်မှန်း မသိ။ မောင် ဘာဖြစ်လျှင် ကျွန်မ အပျော်ဆုံးဖြစ်မလဲဟု မသိ။ မောင့်ကို ထူးချွန်ထက်မြက်သော ပန်းချီဆရာလည်း ဖြစ်စေချင်ခဲ့သည်။ ဒါကြောင့်လည်း ရေဆေးဘူးလေးတွေနှင့် ပုံဆွဲစာအုပ်ကို လက်ဆောင်ပေးခဲ့ တာပေါ့။ မောင့်ကို ဆရာဝန်ကြီးလည်း ဖြစ်စေချင်သည်။ မောင်သည် ရုပ်ရည်က ချောမောပြီးသားပဲ။ ဆရာဝန်ဖြစ်လျှင် အားကိုးချင်စရာ ခန့်ညားသွားမှာ။ ကျွန်မ ဘယ်လောက်များ ပျော်လိုက်ရ လေမလဲ။

မေမေ ခဏခဏ ညည်းသော တင်တင်မြ၏ သားမောင်မောင် သီချင်းကို သတိရမိသည်။

မေ့သားကြီးရင် တီးကာမှုတ်လို့ ဂီတသမားလုပ်မလား



မောင် မေးတော့ပြုံးယောင်ယောင် ××× ဒေါင်ဒေါင်ဒင်ဒင် ခေါင်းလောင်းတီးလို့ ဆရာကြီးများလုပ်မလားမောင် မေးတော့ ပြုံးယောင်ယောင် ××× ဒီလိုဆိုရင် မြင်းကို စီးလို့ စစ်ဗိုလ်ကြီးများလုပ် မလားမောင် မေးတော့ ပြုံးယောင်ယောင် ×××

ကျွန်မ မောင့်ကို ဘာပဲဖြစ်ဖြစ် ကန့်ကွက်စရာမရှိသော်လည်း စစ်ဗိုလ်ကြီးတော့ မလုပ်စေချင်ပေ။

'မမ ပြန်ချင်ပြီမဟုတ်လား'

'အင်း'

'ပြန်ကြစို့လေ။ ကျနော် လိုက်ပို့ပေးမယ်။ ဂီတာကို ကျောင်းပေါ် ဝင်ထားခဲ့မယ်'

ရွှေစေတီကျောင်းဝင်းထဲသို့ နောက်ဖေးဘက်မှ လှည့်ပြီး ကျွန်မတို့ ဝင်ကြသည်။ ကျောင်းဝန်းထဲမှ ပြန်ထွက်လာသောအခါ လမ်းကြားထဲမှ ခွေးတစ်ကောင်က ဆွဲဆွဲငင်ငင် အူလျက်ကြီးဆိုနေသည်။

'တယ် ဒီခွေးက ကျက်သရေမရှိ အူနေပြန်ပြီ'

မောင်က ခွေးကို ရုတ်တရက် ခြေထောက်နှင့် လှမ်းကန်လိုက်သည်။ အလို ဒီလေသံ ဒီဟန်ပန်က တကယ့်လူငယ်ကောင်လေးတစ်ယောက် အလိုမကျ ဖြစ်နေပုံပါပဲလား။ ကျွန်မ ပြုံးလိုက်မိ၏။ မောင်က ကျွန်မကို လှည့်ကြည့်သည်။

'မမ ဘာပြုံးတာလဲ'

'အော် ခွေးက သူ့ဟာသူ အူတာ။ မောင်က လှမ်းကန်လိုက်လို့ပါ။ မောင်လေးရယ် ခြေထောက်များ လှမ်းဟပ်လိုက်ရင် ခွေးရူးကာကွယ်ဆေး ထိုးနေရပါဦးမယ်ကွယ်'

'ခွေးရူးရင် အဲဒီလိုမနေဘူးမမရဲ့။ ခွေးက ရူးရင် အမြီးကုပ်ပြီး သွားရေတွေ ကျလာတာ'

www.burmeseclassic.com

www.burmeseclassic.com



'အို အခုမရှူးသေးလည်း ကိုယ့်ကိုက်ပြီးမှ ရူးမှန်းသိရင်လည်း ကိုယ့်ကို ကူးတာပဲ မောင်'

'ဟာ ဟုတ်လို့လား'

'အော် မောင်သက်နှယ်။ ငါက မဟုတ်ဘဲ ပြောပ့ါမလား ကိုးတန်းကျောင်းသားကြီးက ဗဟုသုတ တယ်နည်းတာကိုး။ ကိုယ့်ကို ကိုက်ထားတဲ့ခွေး ရူးလားမရူးလား စောင့်ကြည့်ရတယ်လေ။ ဆယ်ရက် ရက်နှစ်ဆယ်၊ တစ်ခါတလေများ လနဲ့ချီပြီးမှ ကိုယ့်မှာ ခွေးရူးရောဂါ ပေါ်ချင်ပေါ်တာ'

'ဟာ'

ကောင်လေး နည်းနည်းတော့ ကြောက်သွားပုံရသည်။

'ဒီတော့ ခွေးနား သိပ်သိပ်မကပ်နဲ့ ရှောင်ပါ။ ဒီခွေးတွေက ကာကွယ်ဆေးထိုးမထားဘူးမဟုတ်လား'

မောင်သည် ခွေးကို ကာကွယ်ဆေးထိုးရသည်ဟုလည်း မသိပေ။ ကျွန်မ ပြောသည့်စကားတွေကို အကုန်အံ့သြနေသည်။

'မောင်နေခဲ့တော့၊ မမကို အိမ်အထိမပို့နဲ့၊ မမ ကိုယ့်ဟာကိုယ် အေးအေးလေးလမ်းလျှောက် သွားချင်တယ်'

'မရဘူး မမကို အိမ်အထိလိုက်ပို့မှာ'

'မပို့နဲ့ဆို'

'ပို့မှာပဲ။ ကျွန်တော် ဆရာမ မြင်အောင် မပို့ပါဘူး။ မမတို့ အိမ်ရှေ့ထိ မပို့ပါဘူး'

'မရဘူး နေခဲ့'

'ဘာလဲ မမ ကျွန်တော်မလိုက်စေချင်တာ အကြောင်းတစ်ခုခုတော့ ရှိရမယ် ပြောစမ်းပါ။ မမ ဘယ်သူနဲ့ ချိန်းထားလို့လဲ'

'ဟင်။ ဟဲ့ကောင်လေး ဒါ နင်ပြောစရာလား'

သူ့ပခုံးကို ကျွန်မ လှမ်းရိုက်ပစ်လိုက်မိသည်။ အရင်



တုန်းကလိုသာဆို သူ့ခေါင်းကို ဒေါင်ခနဲ ခေါက်လိုက်ပြီပေ့ါ။ အခုတော့ သူ့ခေါင်းကို ကျွန်မ ခေါက်ဖို့ မမီတော့ပြီဖြစ်သည်။

'မမ ကျွန်တော့်ကို ခေါင်းခေါက်ချင်တယ်မဟုတ်လား။ ရတယ်။ ရော့ ခေါက်'

သူက ကျွန်မကို ခေါင်းငုံ့ကိုင်းပေး၏။ သူ့ခေါင်းနှင့် ကျွန်မ ရင်ခွင်ကို တိုးဝေ့တော့မည့်ဟန်မို့ ကျွန်မ ကမန်းကတန်း နောက်သို့ ဆုတ်လိုက်ရသည်။ သူ့အရပ်က မိုးထိုးနေပြီ။ လူကောင်ကလည်း ကြီးနေပြီ။ ကျွန်မနှင့်သူ အခုလို ပူးပူးကပ်ကပ်နေဖို့ မသင့်။

'အင်ကြင်း'

အို။ ရုတ်တရက် ကျွန်မရှေ့မှ မားမားကြီးရပ်လိုက်တာက ကိုလတ်ပါလား။ ကိုလတ်က ကျွန်မတို့ ရှေ့နားမှာ မတ်မတ်ရပ်သွက်၊ ကျွန်မကို ခပ်စိမ်းစိမ်းကြည့်လျက်။

'အယ် ကိုလတ် ဘယ်လာတာလဲ'

'နင့်ဆီလိုက်လာတာပေ့ါ။ နင် ဘာလို့ ဒီလောက်မိုးချုပ်အောင် လည်ရတာတုန်း။ ပြန်လာတုန်းခဏမှာ ကိုယ့်အိမ် ကိုယ်နေတာမဟုတ်ဘူး'

ကိုလတ်၏မျက်နှာထားက တင်းလှချည်လား။ ကျွန်မ ကိုလတ်ကို တစ်ခါမှ ဒီလောက် ကြောက်မသွားဖူးပေ။ ကိုလတ်သည် မောင်သက်ဝေကို တစ်ချက်သာ လှမ်းကြည့်ပြီး ကျွန်မကို ခပ်စူးစူးကြည့်သည်။

'နင့်အမေ နေမကောင်းတာ နင်မသိဘူးလား'

'ဟင် ဘာဖြစ်တယ်'

'ဆရာမ မူးလဲသွားလို့ စောစောက ငါ ဆေးခန်းလိုက်ပို့လိုက်ရတယ်။ အရေးထဲမှာ နင်က အနားမှာ မရှိဘူး။ လျှောက်လည်နေတယ်။ နင့်အမေ တစ်ခုခု ဖြစ်မှ နင် နောင်တရမယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



ဘုရား ဘုရား။ ကျွန်မ ရင်တဒိတ်ဒိတ် ခုန်လာသည်။ လက်ဖျားခြေဖျားတွေ အေးစက်လျက်။ ခေါင်းထဲမှာ မိုက်ခနဲ တောင်မူးဝေသွားသလိုပဲ။ ကျွန်မ မျက်လုံးတွေ မျက်ရည်ကြောင့် လား ဝေဝါးလာခဲ့သည်။ ကျွန်မ ကိုလတ်အနားသို့ ဖြုန်းခနဲ တိုးကပ်သွားလိုက်မိသည်။

'အခုရော မေမေ ဘယ်လိုနေလဲဟင်'

ကိုလတ်က သူ့မျက်နှာထားကို ချက်ချင်းပင် ပြန်ပြင်လိုက်ပါသည်။

'အခုတော့သက်သာပါပြီ။ စိတ်မပူရတော့ပါဘူး။ ဒါပေမဲ့ အင်ကြင်း နှင် ခဏတဖြုတ် အိမ်ပြန်ရောက်တုန်း အမေနဲ့အဘွားကို ပစ်ပစ်သွားတာ မကောင်းဘူးထင်တယ်'

'အင်ကြင်း သိမှ မသိဘဲ။ အင်ကြင်းထွက်လာတုန်းက အကောင်းကြီးကို'

'အေးပါ အေးပါ ကဲ လာလာ'

သူ့အသံက ပြန်ပျော့ပျောင်းသွားသည်။ ကျွန်မ ခပ်သွက်သွက် ရှေ့ဆက် လှမ်းခဲ့ပြီးမှ မောင့်ကို သတိရသွားသဖြင့် ပြန်လှည့်ကြည့်လိုက်သည်။

အို မောင်က ကျွန်မနား ကပ်ကပ်လေးရပ်လျက် ရှိ၏။

မောင့် မျက်နှာမှာ ထူးခြားသည့်အရိပ်တစ်ခုခု တွေ့ရသည်။ ဘာပါလိမ့်။ စိတ်ပူပန်သွားသည့်အရိပ်လား။ ဟင့်အင်း။

အိုးတိုးအန်းတန်း အားနာသည့်အရိပ်အယောင်လား။ မဟုတ်ပါ။ သူ ကျွန်မကို လှမ်းငေးနေတာ ကလေးတစ်ယောက်၏ အမူအရာမဟုတ်ပါ။ ရင့်ကျက်သည့် လူငယ်တစ်ယောက်၏ ဟန်ပန်သာ ဖြစ်သည်။

ကျွန်မကို စိတ်မချသည့်မျက်နှာထားဖြစ်သည်။ ကြင်နာ



သည့် မျက်နှာထားဖြစ်သည်။

'မမ သွားတော့လေ။ အကူအညီလိုရင် ဘဘုန်းဆီကို ဖုန်းဆက်လိုက်နော်မမ။ ကျွန်တော် နောက်နေ့ ကျောင်းပြန်ကျမှ အိမ်ဝင်လာခဲ့မယ်'

ကြည့်စမ်း။ မောင်သည် သူ့ရှေ့မှာ ကိုလတ်ရှိနေတာကို သတိမထားမိသည့်ပုံပါပဲ။ မောင်သည် ကျွန်မကိုသာ မျက်နှာတည့်တည့် ဆုံအောင် ကြည့်နေပြီး ကိုလတ်ကို နည်းနည်းမှ ဂရုမစိုက်သလိုပါလား။

မောင့်မျက်လုံးတွေက စောစောကလို နွမ်းနေဆဲလား။ ဒါမှမဟုတ် ကိုလတ်ကိုတွေ့လိုက်လို့ စိုးရိမ်ထိတ်လန့်သွားသလား။ ဒါမှမဟုတ် မေမေနေမကောင်းဘူးဆိုလို့ စိတ်မကောင်းဖြစ်သွားသလား။ နေဝင်ပြီးချိန် အမှောင်ပျိုးနေချိန်မှာမို့ မောင့်မျက်လုံးတို့ကို ကျွန်မ အတိအကျ ကောက်ချက်မချသာတော့ပါ။

ကျွန်မ ကိုလတ်နှင့် ယှဉ်လျှောက်လိုက်ရင်း မောင့်ဆီမှ ထွက်ခွာလာချိန်တွင် မောင် ရပ်လျက် ကျန်နေရစ်မှာ ကျွန်မ သိ၏။

နဖူးပေါ် ဝဲကျနေသည့် ဖြောင့်စင်းသည့်ဆံပင်အုပ်က မောင့်ကို ကလေးတစ်ယောက်အဖြစ်မှ လူငယ်အဖြစ်သို့ တွန်းပို့လိုက်သလိုပဲ။ မောင်သည် ချက်ချင်းပင် လူငယ်တစ်ယောက်ဖြစ်ခဲ့ပြီ။ ပြီးတော့ ကျွန်မ စိုးရိမ်နေသလိုပဲ မောင်သည် မကျေနပ်မှုကို ဟန်မဆောင်တတ်သော သို့မဟုတ် ဟန်မဆောင်ချင်သော၊ မဖုံးကွယ်ချင်သော ခပ်ရိုင်းရိုင်း လူငယ်လေးတစ်ယောက် ဖြစ်လာခဲ့ပါပြီတောလား။

www.burmeseclassic.com

www.burmeseclassic.com

## (၅)

ကုမုဒြာကြာပွင့်သည့် ညတစ်ညအကြောင်း ကျွန်မ ဘယ်တော့မှ မှတ်စုထဲမှာ ထည့်မရေးတော့ဘူးဟု ဆုံးဖြတ်ခဲ့သည်။ သို့သော် ထိုညကို ဘယ်တော့မှ မေ့မှာမဟုတ်တော့ပေ။

ထိုညက လမသာပါ။

ကျွန်မ၏ ဥယျာဉ်လေးသည် ကြယ်ရောင်မှိန်မှိန်တွင်ပင် ရောင်စုံပန်းများဖြင့် ခမ်းနားနေသည်။ ကောင်းကင်မှာ လမရှိသလို တိမ်တွေလည်းမရှိ။ နက်ပြာရောင် ကြည်စင်နေသောကောင်းကင်တွင် ကြယ်မှုန်မှုန်လေးတွေသာ လက်နေခဲ့သည်။

ညမိုးချုပ်အချိန်ကျမှ မောင်က ရောက်လာခဲ့သည်။ အိမ်ရှေ့မှာ စက်ဘီးဒေါက်ထောက်ရပ်သံကိုတော့ ကြားလိုက်သား။ သို့သော် ကိုယ့်အိမ်ရှေ့ဟု မထင်ခဲ့ပေ။ ထို့ကြောင့် မေမေ့ကို ဆေးတိုက်ပြီး မေမေ့ခုတင်ဘေးမှာပဲ ဆက်ထိုင်နေခဲ့သည်။

နောက်တော့ ဘွားဘွားက လှမ်းအော်လိုက်သည်။

'အင်ကြင်းရေ လာဦး။ ဒီမှာ ဧည့်သည်ရောက်နေတယ်'

ဧည့်သည်ဆိုလို့ အပြေးလာခဲ့တာ မောင့်ကို ဧည့်ခန်းမှာ အစိမ်းရောင်ငှက်ပျောဖက်ထုပ်တစ်ဖက် ပလတ်စတစ်အိတ်ထဲ တစ်ဖက်ကိုင်လျက် ရပ်နေတာကို တွေ့လိုက်သည်။ စံကားဝါပန်းနံ့က မွှေးကြိုင်နေတာပဲ။



'ဟယ် မောင်လေး မိုးချုပ်လိုက်တာ'

'ဟုတ်တယ်မမ။ ကျောက်ပန်းတောင်းက ပြန်လာတဲ့ သူငယ်ချင်းကို စောင့်ပြီး စကားဝါပန်းတွေယူရတာမို့။ ဆရာမ နေကောင်းလား မမ'

သူ့လက်ထဲက အထုပ်တွေကို ကျွန်မအား ကမ်းပေးရင်း မေးသည်။

'အေး သက်သာပါတယ်။ ဒီနေ့လည်း ဆေးခန်းသွားခဲ့တယ်လေ။ သွေးပေါင်ချိန်ကျသွားပါပြီ။ ဒါပေမယ့် ဆေးတော့ ဆက်စားနေရဦးမှာတဲ့'

'ဒါက မမ ဘုရားတင်ဖို့။ ဒါက ဆရာမအတွက် အိုဗာတင်းနဲ့ ဟောလစ်။ ဆရာမရော'

'မေမေ အခန်းထဲမှာ ဝင်ချင်လား မောင်လေး၊ မှိန်းနေတာ ဆိုတော့ ခဏထိုင်စောင့်လိုက်ဦးလေ'

'အင်းအင်း စောင့်လိုက်မယ်လေ'

'ငါ့မြေးကလည်း မစောင့်ခိုင်းနဲ့လေ။ မောင်သက်ဝေ အပြန် နောက်ကျနေမယ်။ ပင်းဝအထိ ပြန်ရမှာ မဟုတ်လား'

ဘွားဘွားက ကျွန်မတို့အတွက် ဝင်ပြီး ဆုံးဖြတ်ပေးသည်။ ဟုတ်တာပေါ့။ ပင်းဝထိ ပြန်ရမည်ဆိုတာ ကျွန်မ မေ့သွားခဲ့သည်။

'အေး ဟုတ်တယ်တော့ ပြန် ပြန်။ နောက်နေ့မှ စောစောလာ' ဟုပြောရသည်။

သို့သော် မောင်သက်ဝေက ခေါင်းမာသည်။

'ရတယ်ဘွားဘွား။ ကျွန်တော် ပင်းဝ မပြန်ဘူး။ ဘဘန်းတော့်ကျောင်း ပြန်မှာ။ ကျွန်တော် ခဏ ထိုင်စောင့်လိုက်မယ်နော်'

'ကဲ ဒါဆိုလည်း စောင့်ပါတော်။ ထိုင်စောင့် အဘွား

www.burmeseclassic.com



ဘုရားပန်းအိုး လဲလိုက်ဦးမယ်'

ဘွားဘွားက ကျွန်မတို့ကို ထားခဲ့ပြီး ဘုရားခန်းနှင့် အိမ်ရှေ့အုတ်ကန်ကြား ကူးချည်သန်းချည် အလုပ်ရှုပ်နေလေသည်။ အဲဒါ ဘွားဘွားမို့ပေါ့။ မေမေသာဆိုလျှင် အခုလို ထိုင်စောင့်ခိုင်းမှာမဟုတ်။ ပြန်ခိုင်းမှာပဲ။

မောင်သက်ဝေနှင့် မျက်နှာချင်းဆိုင်ခုံမှာ ကျွန်မ ဝင်ထိုင်သည်။ မောင်သည် စားပွဲပေါ်မှာ အဆင်သင့်တွေ့သော ဂျာနယ်တစ်စောင်ကို ကိုင်ထားသော်လည်း စိတ်ဝင်စားပုံမရချေ။ ခဏကြာတော့ စာစောင်ကို စားပွဲပေါ် ပစ်ချလိုက်သည်။

မောင့်ကို ကျွန်မ မကြိုက်သည့်အချက်တွေထဲမှာ တစ်ခုက မောင်သည် ရိုသေလေးစားသည့်ဟန်ကို မပြတတ်ခြင်းပင်။

ကျွန်မရှေ့မှာ စာစောင်ကို စားပွဲပေါ်ပြန်တင်လိုပါလျှင် ငြင်ငြင်သာသာ တင်ပေါ့။ ဘာဖြစ်လို့ ပြန်းခနဲ ပစ်ချသလဲ။ အဲဒါ ကျွန်မကို မလေးစားတာမဟုတ်လား။ ကျွန်မ ဝေါက်လိုက်လျှင် အိပ်ခန်းထဲက မေမေကြားသွားမည်စိုးသဖြင့် တေးထားလိုက်သည်။ သို့သော် မျက်နှာအမူအရာကိုတော့ သဘောမကျသည့်အသွင် ပြဖြစ်အောင် ပြလိုက်သည်။ ကျွန်မ၏မျက်နှာကို အရိုင်းလို အကဲခတ်နေသူမို့ မောင်က ကျွန်မ ဘာဖြစ်သွားမှန်း သိ၏။

'ဆောရီးမမ'

တွေ့လား။ သူ လူလည်ပါ။ သူစားပွဲပေါ် ပစ်တင်လိုက်တာ ကျွန်မ မကြိုက်မှန်း သူချက်ချင်း သဘောပေါက်သည်။

'ကျွန်တော် ပြောရမယ့်စကားကို စိတ်လောနေမိလို့ပါ'

'ပြော'

ကျွန်မ အသံပြတ်ဖြင့် သူ့ကို ပြောလိုက်သည်။

'မမ ကျွန်တော် ဒီနှစ်အောင်ရင် ရန်ကုန်မှာ ကျောင်းလာ



တက်မလို့'

'ဟင်'

ကျွန်မ အံ့ဩသွားမိသဖြင့် သူ့ကို ငေးကြည့်လိုက်မိသည်။ သူကတော့ ရင့်ကျက်တည်ငြိမ်သည့် လူငယ်တစ်ယောက်၏ ဟန်အတိုင်းလက်ဖဝါးနှစ်ဖက်ကို တစ်ခုနှင့်တစ်ခု ဆုပ်ထွေးလျက် သူ့စကားကို ကျွန်မ ဘယ်လို တုန့်ပြန်မလဲ အကဲခတ်နေသည်။

'ဘာကျောင်းတက်မှာမို့လဲ'

'ဘာကျောင်းပဲဖြစ်ဖြစ် ရန်ကုန်ကို တက်လို့ရတဲ့ကျောင်းပေါ့။ ကျွန်တော် မမနဲ့ နီးနီးနားနား နေချင်တယ်'

ဘာ။ တော်တော် ရည်ရွယ်ချက် ကြီးမားပါလား။

'မမရော မကွေးကောလိပ်မတက်ရဘဲနဲ့ ရန်ကုန်မှာတက်လို့ရအောင် ဘယ်လို လုပ်လဲဟင်'

'မမက အိုင်အက်ဖ်အယ်လ်ဆိုတဲ့ နိုင်ငံခြားဘာသာသင်ကျောင်းမှာ တက်လိုက်တာကိုး။ အဲဒါက ရန်ကုန်တစ်မြို့တည်းပဲရှိတာလေ'

'အဲဒါဆို ကျနော်လည်း အဲဒီကျောင်းကို တက်မယ်'

'နင် အရေမရ အဖတ်မရ ဘာတွေလုပ်ဦးမလို့လဲ'

ကျွန်မ မေမေနှင့် ဘွားဘွားမကြားအောင် တိုးတိုးကြိတ်ပြီး မာန်မဲရ၏။ သူက မဖြုံပါ။

'ကျွန်တော်အခု ပိုက်ဆံစုနေတယ်လေ။ နွေမှာ စာမေးပွဲဖြေအပြီး ကြက်သွန်နှုတ်ပြီးရင် ကျွန်တော် ငွေထပ်ရမယ်။ အဲဒါဆိုရင် ရန်ကုန်မှာ အဆောင်တော့ ငှားလို့ရမှာပဲ။ နော် မမ။ ကျွန်တော် ကျောင်းလာတက်မယ်'

'မဖြစ်ပါဘူး။ နင် ရန်ကုန်မှာ ဘယ်လို ဝင်ငွေရှာမှာလဲ။ နင် ဘာလုပ်တတ်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'လူကို အထင်မသေးပါနဲ့မမရဲ့။ ကျွန်တော် ယောကျ်ား ပဲ။ ငွေရဖို့ဆိုရင် လက်ဝှေ့ပဲ ထိုးရထိုးရ'

'အဲဒီလို ပစ်စလက်ခတ် မပြောစမ်းနဲ့ကွာ'

'ကျနော်ဆယ်တန်းအောင်ရင် အလုပ်တော့ လုပ်ရမှာပဲ လေ မမ'

'အေး လုပ်လေ။ ရွာမှာပဲလုပ် ဒါမှမဟုတ် ရေနံချောင်း မှာပဲလုပ်'

'ရေနံချောင်းမှာ ကျွန်တော် ဘာလုပ်ရမလဲမမ။ ဦးမြဒင် ဆီမှာ ကုန်ထမ်းရမှာလား'

ကျွန်မ ဘာမှ ပြန်မပြောနိုင်။

'ရန်ကုန်မှာဆိုရင် ကျွန်တော် အလုပ်ပေါင်းစုံ ရွေးလို့ ရမှာ။ ကျွန်တော် ရေနံချောင်းမှာနေရတာထက် ရန်ကုန်မှာ နေရင် ပို တိုးတက်မယ်လို့ မမ မထင်ဘူးလား။ ကျွန်တော့်ကို မမ မတိုးတက်စေချင်ဘူးလား။ မအောင်မြင်စေချင်ဘူးလား'

'အဲလိုတော့ ဘယ်ဟုတ်မလဲ မင်းကို အောင်မြင်စေချင် တာပေါ့ကွယ်။ ဒါပေမယ့် မင်း ရန်ကုန်လာမယ့် ရည်ရွယ်ချက်ကြီး ကို ကြားရတာ အမိပွါယ် မရှိလွန်းလို့ပါ'

'ဆောရီးမမ ကျွန်တော် အပြောမှားသွားတာ။ တကယ် တော့ ကျွန်တော်က ရန်ကုန်မှာ ပညာလည်း ဆက်သင်ချင်တာ တိုးတက်ချင်တာ။ သူများတွေ မလေးရှားသွားပြီး အလုပ်လုပ်တာ လည်း အဆင်ပြေကြတယ် မမရဲ့။ တချို့ဆို ရွာမှာ တိုက်တောင် ဆောက်ပြီးသွားပြီ'

ကျွန်မ မောင့်ကို မျက်စောင်းထိုးမိသည်။ မောင်က ပြုံးပြုံး ဖြီးနှင့်။ အေးလေ အစကတည်းက အဲဒီလိုပြောပါလား။

ထိုအချိန်မှာ ဘွားဘွားက ဘုရားပန်းအိုးလဲပြီးသွားပြီမို့



ကျွန်မတို့ရှိရာ ဧည့်ခန်းသို့ရောက်လာသည်။ ဘွားဘွား လာထိုင် လျှင် ဒီကောင်လေး စကားကောင်း ပြောမှာပဲ။ သို့သော် မောင် သည် ဉာဏ်နီဉာဏ်နက်တော့ တော်တော် များသား။ ဘွားဘွား ရောက်လာတော့ စကားလမ်းကြောင်းကို ချက်ချင်း လွှဲပစ်လိုက် သည်။

'မမပြောတဲ့ မမရဲ့ ဥယျာဉ်လေးဆိုတာကို ကျနော် သေ သေချာချာ မတွေ့ဖူးဘူး။ နောက်ဖေးဘက်ကိုလည်း တစ်ခါမှ မသွားဖူးဘူး။ မမဥယျာဉ်မှာ အခုဆို အပင် ဘယ်နှမျိုးလောက် ရှိပြီလဲဟင်'

ကျွန်မကိုမွေးဖွားပြီးနောက်နေ့ မေမေ လမ်း ပြန်လျှောက် နိုင်ကတည်းက မေမေသည် ကျွန်မအတွက် သီးသန့် ဥယျာဉ်ငယ် လေးတစ်ခု ပြုလုပ်ပေးဖို့ ရည်ရွယ်ပြီး ခြံထဲက သီးသန့်နေရာတွင် သစ်ပင်တစ်ပင် စတင် စိုက်ပျိုးခဲ့သည်။

ကျွန်မနာမည်က အင်ကြင်းဝေဖြစ်သော်လည်း ကျွန်မ ကို မွေးပြီးနောက် မေမေ ပထမဆုံး စိုက်ပျိုးခဲ့သည့်အပင်သည် အင်ကြင်းပင် မဟုတ်ခဲ့ပါ။ တကယ်တော့ ကျွန်မကို အိမ်ထောင့်က အင်ကြင်းပင်ကြီး ပန်းပွင့်တွေ ဝေနေအောင်ပွင့်သည့်နေ့မှာ မွေးခဲ့ သတဲ့။ ကျွန်မအတွက် မေမေစိုက်ပျိုးပေးခဲ့သော ဥယျာဉ်လေးက တော့ နှစ်အနည်းငယ်နှင့် ကြီးပြင်းလွယ်သည့် သက်တမ်းတို ချုံပင် အလှလေးတွေဖြင့် ပြည့်နေပါသည်။

မောင်နှင့် ကျွန်မ ကလေးသဘာဝ ရင်းနှီးခင်မင်သွားချိန် တွင် ကျွန်မဥယျာဉ်မှာ အပင်မျိုးပေါင်း ၁၄မျိုး ရှိနေပြီ။ ကျွန်မ နှစ်နှစ်အရွယ်ကတည်းက ကျွန်မ၏မွေးနေ့ တစ်ကြိမ်ရောက်တိုင်း မေမေနှင့်ကျွန်မ အပင်တစ်ပင် အတူတူ စိုက်ပျိုးလာခဲ့သည်။

'အခုတော့ မမရဲ့ဥယျာဉ်မှာ အပင် နှစ်ဆယ်ရှိပြီပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ထူးထူးခြားခြား ဘာပင်တွေရှိလဲဟင်မမ'

ထိုအချိန်မှာ ဘွားဘွားက ကျွန်မတို့စကားဝိုင်းထဲ ဝင်လာတော့သည်။

'ထူးဆန်းတဲ့အပင်တစ်ပင်ရှိတယ် မောင်သက်ရဲ့။ညမှာပွင့်တဲ့ ကုမုဒြာပန်းဆိုတာလေ မွှေးလိုက်တာလည်း ထုံအီနေတာပဲ သူက မနက်ဆိုမပွင့်ဘူး ညမှာမှ ပွင့်တာ။ ဟဲ့ အတော်ပဲ မနေ့ညက အဲဒီပန်း ပွင့်တယ်လေ အင်ကြင်း'

'ဟုတ်လား ကျွန်တော် မမြင်ဖူးသေးဘူး'

ထိုအပင်က မေမေ အလွန်ဂုဏ်ယူသည့်အပင်။ အပင်ကြီးတစ်ခု၏ပင်စည်တွင် တွယ်ကပ်ပြီး ပေါက်သည့် ကပ်ပါးပင်မျိုးပါပဲ။ သူက အဖြူရောင် အပွင့်ကြီးတွေကို ညမှာ ပွင့်သည်။ နံနက်လင်းလျှင် တဖြည်းဖြည်း ငုံသွားတတ်သည်။ ရနံ့ကလည်း သင်းသင်းမွှေးနေ၏။

'အော် ဟုတ်သားပဲ။ ဒါပေမယ့် သူက ညသန်းခေါင်မှ အပြည့်ပွင့်တာ အခုချိန်ဆို ငုံရုံလေးပဲ'

'အဲဒီ ငုံတာလေး ကြည့်လို့မရဘူးလားဟင် မမ'

'မြေး လိုက်ပြလိုက်။ အငုံတော့ မြင်ရမှာပဲ'

ကျွန်မနှင့်မောင်သက်ဝေ နောက်ဘက်ခြံထဲသို့ ဆင်းလာခဲ့ရသည်။ ကျွန်မတို့ နောက်ဖေးခြံသည် မေမေနှင့်ဘွားဘွား၏ ဝီရိယစိုက်ထုတ်မှုကြောင့် ပေါင်းမြက်မရှိ။ စိုက်ပျိုးပင်များဖြင့် ဝေဆာလှပနေမြဲ ဖြစ်သည်။

လသည် အရှေ့ဘက်ကောင်းကင်ဆီကနေ ထွက်ပေါ်လာပြီမို့ ဝါဝင်းသော လရောင်က ပန်းပင်များသစ်ရွက်များပေါ်သို့ ဖြာကျလျက် ရှိသည်။

'ဒါက ဘာပင်လဲ မမ'



'ဒါက ဇီဇဝါပန်းပင်လေ ပွင့်တဲ့အချိန်ဆိုမွှေးနေတာပဲ'

နို့နှစ်ရောင်လိုလို အဖြူပွင့်တွေ ပွင့်သည့်အချိန်တွင် ကျွန်မ သိပ်ချစ်ရသည့် ပန်းပင်ပေါ့။

'ဒါကရော'

'ဒါက ယုဇနပင်'

ယုဇနပန်းတို့သည် အဖူးအငုံများ ဖြစ်နေသည်။ နောက်တစ်ပတ်ဆိုလျှင် ပွင့်မည်ဟု မျှော်လင့်ရသည်။

'အော် သိပြီ ဇော်ဝင်းထွဋ်ရဲ့သီချင်းထဲက ယုဇနပင် ဆိုတာ ဒါလား'

'အဲဒါတော့ မမမသိဘူး။ ဘယ်အပင်တွေကို ယုဇနလို့ ခေါ်သေးလဲ မသိဘူးလေ။ မမသိတဲ့ ယုဇနကတော့ သစ်ပင်ကြီး မဟုတ်ဘူး။ ဟောဒီလို ချုံပင်အကြီးစားပဲ၊ ဇော်ဝင်းထွဋ်က နောက်မှ ဆိုတာပါ။ မူရင်းဆိုတုန်းက မင်းမင်းလတ်လေ'

'မင်းမင်းလတ် ဟုတ်လား။ ကျနော် မသိပါဘူး'

ကျွန်မ သူ့ကို မျက်စောင်းထိုးလိုက်မိပေမယ့် ကျွန်မ၏ မျက်လုံးအမူအရာကို ညမှာ သူမြင်မည် မထင်ခဲ့။

'မျက်စောင်းမထိုးပါနဲ့မမရဲ့။ ကျနော်မှ မသိတာကို'

ဒီကောင်လေး ဒီဂျာကင်အင်္ကျီကို ဘယ်တုန်းက ဝယ်လိုက်ပါလိမ့်။ တရုတ်ဖြစ် ဆိုပေမယ့် ပုံပန်းကျကျ သူနှင့် တော်တော် လိုက်ဖက်ပါသည်။ သူ့ကို ညတွေမှာ သိပ်မတွေ့ဖူး ပါဘူး။ ညနေတွေမှာပဲ တွေ့ရတတ်တာဟု မဆီမဆိုင်တွေးမိ၏။အခုလို ညမှာတွေ့ရတော့ အိပ်မက်တစ်ခုနှင့်တူနေသည်။

ဒီကောင်လေး ဆံပင်တွေ ရှည်နေပြီ။ နဖူးပေါ်တင်မှာ ငုံ့လိုက်သည့်အခါ မျက်ခုံးမွေးပေါ်တောင် ဖုံးနေပြီ။ ငယ်ငယ်တုန်းက ကျွန်မဆံပင်ညှပ်နေကျဆိုင်သို့ သူ့ကို ခေါ်သွားတာ ဆံပင်

www.burmeseclassic.com

www.burmeseclassic.com



ညှပ်ပေးခဲ့သည့်အဖြစ်ကို သတိရမိသည်။ အဲသည်တုန်းက သူက ပိစိလေးမို့ ဆံသထိုင်ခုံမှာ ခုံထပ်ခုပြီး ထိုင်ခိုင်းရတာ။ အခုတော့ ကြည့်ပါဦး။ ကျွန်မ မော့်ကြည့်နေရသည့် အရပ်။

အိမ်ထောင့်က မီးသီး၏အလင်းက သူ့မျက်နှာတစ်ခြမ်းကိုပါ လင်းစေတာမို့ အမှတ်တမဲ့ကြည့်လျှင် စကျင်ကျောက်တို့ ထုဆစ်ထားသော ကျောက်ဆစ်ပန်းပုမျက်နှာတစ်ခုလိုပဲ။ အရင်နှဲ့စာလျှင် သူ့မျက်နှာက လေးထောင့်မေးရိုးဖြစ်လာသလားလို့။

'ဟာ ဒီအပင်ကိုသိတယ်။ မြတ်လေးပင်လေ။ ကျောင်းမှာ ရှိတယ်လေ မမ။ မြတ်လေးပင်လေး တော်တော် ပွင့်နေပြီပဲနော်'

ကျွန်မ၏ဥယျာဉ်သည် မွှေးသောပန်းများပန်းပွင့်သည့် ချုံပင်ကြီးအမျိုးအစားတွေ များသည်။ ကျွန်မက ပန်းပွင့်သည့် အပင်ကို ကြိုက်သည်။ မွှေးသောပန်းကို ပိုကြိုက်သည်။

'လာ မောင်လေး ဒီဘက်လာ။ ကုမုဒြာက ဒီဘက်မှာ'

သရက်ပင်တစ်ပင်၏ ပင်စည်မှာ တွယ်ကပ်ပြီးစိုက်ထားသည့် ကုမုဒြာပင်၏ အရွက်ရှည်တို့ကို လက်ဖြင့် ကိုင်ပြီး အရွက်တွေအောက်မှ ပန်းပွင့်အငုံကို သူ့ကို ခေါ်ပြလိုက်ပါသည်။

ကုမုဒြာပန်းသည် အဖြူရောင်ပွင့်ချပ်များက ငုံအာလျက် ရှိသေးသည်။ သူ ပွင့်လျှင် အဖြူရောင်ပွင့်ချပ်တွေ ပွင့်ကားလာပြီး လက်ဖက်ရည်ပန်းကန်ပြား အကြီးစားလောက်ထိ စက်ဝိုင်းကျယ်လာတတ်သည်။ အဖူးသုံးလေးဖူး ရှိသည်။

သူ ကျွန်မနားသို့ တိုးကပ်လာသည်။ သူ့ဂျာကင်အကျႌက ကျွန်မပခုံးနှင့်ထိပြီ။ သူ့ ဆံပင်က ကျွန်မ ပါးပြင်သို့ပင် လာထိပြီ။ သူ့ဆီမှ ခပ်မွှေးမွှေးရနံ့တစ်ခု ရလိုက်သည်။ ဆပ်ပြာနံ့လား။ ခေါင်းလိမ်းဆီနံ့လား။

'မောင် တွေ့လား ဒီမှာ'



'တွေ့တယ်။ လှတယ်နော် မမ'

'အေး'

'မမ မမကို ကျနော် ချစ်တယ်'

အလွန်တိုးတိတ်သောအသံဖြင့် ကဗျာကရာ ပြောလိုက်သည့် သူ့စကားကို ကျွန်မ ရုတ်တရက် နားမလည်လိုက်။

'ဘာ'

'မမကို ကျနော် သိပ်ချစ်တယ်လို့ ပြောတာ'

သူ့နှုတ်ခမ်းမှ ထွက်လာသည့်လေက ကျွန်မပါးပြင်သို့ပင် ထိကပ်တိုးတိုက်သွားသည်။

'ဟင်'

ကျွန်မ နှလုံးက ဒိန်းခနဲ ဆောင့်ခုန်သွားလေသည်။

'အင်ကြင်းရေ'

ဘွားဘွား အသံ။ အိမ်နောက်ဖေး တံခါးဝမှာ မတ်တတ်ရပ်ရင်း လှမ်းခေါ်ခြင်း ဖြစ်သည်။

သူ ကျွန်မအနီးမှ ဖျတ်ခနဲ ပြန်ခွာလိုက်၏။

'လာပြီဘွားဘွား' ဟု ဘွားဘွားကို အော်ပြောရင်း ကျွန်မ အိမ်ဘက်သို့ လျှောက်သွားလိုက်ပါသည်။

ကျွန်မ ရင်တွေ တဒိတ်ဒိတ်ခုန်လျက်၊ နှုတ်ခမ်းတွေ ထူပူလျက် ကျွန်မ ခြေလှမ်းလှမ်းရတာ နှေးကွေးနေသည်။ မြေကြီးမှာ အမြစ်တွယ်နေသလိုပဲ စွဲမြဲနေသည်။ တစ်လှမ်းမှ လှမ်းလို့မရတော့မှာလိုလို။ သူ နောက်ကနေ လိုက်ပါမလာဘဲ တော်တော် ကွာပြီး ကျန်ခဲ့သည်ကို သတိပြုမိသည်။ ဘယ်လိုက်လာမလဲ။ သူသည် အလွန်ကြီးမားသော အပြစ်ကို ပြုမူလိုက်မိသူဖြစ်နေသည်ပဲ။

'ညည်းအမေ နိုးနေပြီ ညည်းကို မေးနေလို့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မေမေ့အခန်းထဲဝင်လိုက်ရသည်။

'မေမေ'

မကြာမီ မောင်သက်ဝေက ဘွားဘွားနှင့်အတူ မေမေ့အခန်းထဲသို့ လိုက်ဝင်လာသည်။ ခုတင်ခြေရင်းမှာ ဒူးထောက်ထိုင်ဖို့ ဘွားဘွားက သူ့အား မျက်နှာရိပ်မျက်နှာကဲ ဖြင့် ပြောမှ သူ သတိရဟန် တူ၏။ မေမေ့ခုတင်ဘေးမှာ ထိုင်လျက် မေမေ့ကို ကန်တော့လိုက်လေသည်။

'မောင်သက်ဝေ အလကား ဒုက္ခရှာလို့ကွယ် ဆရာမ ဘာမှ ဖြစ်တာမဟုတ်ဘူး။ ဘဘုန်းကိုပဲ လှူပါ'

မေမေက ခပ်တိုးတိုး လေသံသဲ့သဲ့ဖြင့် ပြောတော့ မောင်က ကမန်းကတန်း ငြင်း၏။

'ကျနော် ဘဘုန်းကိုလည်း လှူမှာပါ ဆရာမရဲ့။ အခု ဆရာမ နေမကောင်းလို့ ဆရာမကို အရင်လာ ကန်တော့တာပါ'

ကျွန်မ သူ့ကို မျက်နှာထား တင်းတင်းဖြင့် လှမ်းကြည့်မိ အားယူလို့ ရသွားသည်။ သူ ကျွန်မကို လုံးဝ မော့မကြည့်ခဲ့ပါ။

သူ ပြန်ထွက်သွားသည့် အချိန်အထိ ကျွန်မ မေမေ့ခုတင်ဘေးမှာ အရုပ်တစ်ရုပ်လို ထိုင်နေခဲ့မိသည်။

ကျွန်မမှာ ဘာအာရုံမှ မရှိဘဲ ရင်ထဲမှာ ဟာလာဟင်းလင်းကြီးဖြစ်နေသည်။ ပြတင်းပေါက်မှ မြင်ရသည့် ကောင်းကင်မှာ ကြယ်တွေစုံနေသလား မော့ကြည့်မိပေမယ့် ကျွန်မ ဘာကိုမှ မမြင်သလိုပဲ။ ဘာသံမှလည်း မကြားတော့သလိုပဲ။ မောင့်အသံက လွှဲလို့ပေါ့။

'မမကို ကျွန်တော် ချစ်တယ်'

ဟင့်အင်း။

ဒါ သူ ငယ်ငယ်ကလိုပဲ စိတ်ကူးပေါက်ရာ ပြောတာဖြစ်



မှာပါ။ ဘာ ထွေလီကာလီစိတ်ကူးမှ မရှိဘဲ ပြောလိုက်တာပါ။ မဟုတ်ဘူး။ ဒါက ငယ်ငယ်ကလို သွေးရိုးသားရိုး လွတ်ခနဲ ပြောတာ မဟုတ်ဘူး။ ဒီစကားကို ပြောချင်လို့ တမင်အကွက်ဆင်ပြီး ခြံထဲကိုခေါ်တာ။ ကျွန်မ ရင်တွေ တဆတ်ဆတ်ခုန်ကာ တုန်နေဆဲ ဖြစ်သည်။ ကျွန်မ တုန်လှုပ်နေခဲ့တာလား။

သူ့ကို တကယ့်မောင်နှမတွေလို စိတ်က ယူဆထားခဲ့တာမို့ အခုလို သူ့ချစ်စကားကို ကြားလိုက်ရတော့ ထိတ်လန့် တုန်လှုပ်လို့ ရင်ခုန်သွားခဲ့တာ မဟုတ်လား။

မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကို မညာပါနဲ့။ တကယ်တော့ ကျွန်မ ကြည်နူးသွားခဲ့တာပါ။ ဟုတ်တယ်မဟုတ်လား။ ပါးပြင်တွေနွေး။ နှုတ်ခမ်းတွေနွေး။ ရင်ထဲက တလှုပ်လှုပ်နှင့် အပင်ပေါ်တာသစ်ရွက်လေးတွေ လေဖြင့်လှုပ်ခတ်တာတောင် ကိုယ့်ရင်ထဲ ထိလာပြီး ထိခိုက်လာသေးတာ။ အဲဒါ ကျွန်မ ကြည်နူး တမ်းမက်သွားလို့မဟုတ်လား။ လက်စသတ်တော့ မောင့်အချစ်ကို ကျွန်မတာ ကြာမြင့်စွာသော အချိန်ကာလကတည်းက တိတ်တခိုး မျှော်လင့်နေခဲ့တာပါလား။

ဟင့်အင်း။ မဟုတ်ဘူး။ ကျွန်မ မောင့်ကို မောင်လေး အရင်းလိုပဲ ချစ်တာပါ။ ကျွန်မထက် အများကြီးငယ်တယ်လေ။ နောက်ပြီး ကျွန်မ သူ့ပုံစံကို နည်းနည်းမှ မကြိုက်ဘူးလေ။

မမ မောင့်ကို ချစ်သူလို မချစ်နိုင်ပါဘူးကွယ်။

'သမီး မောင်သက်ဝေ အကြာကြီးနေသွားတာလား'

'နာရီဝက်လောက် ဖြစ်မယ်ထင်တယ်မေမေ။ မေမေ အိပ်နေလို့ သူ စောင့်နေတာ'

ပြတင်းပေါက်မှ လရောင်သည် မေမေ့ခုတင်ခေါင်းရင်း

www.burmeseclassic.com

www.burmeseclassic.com



သို့ ဖြာကျနေသည်။ မေမေ့ခေါင်းအုံး အဖြူရောင်သည် လရောင်ကြောင့် ပြာလဲ့လဲ့ဖြစ်နေသည်။ ခေါင်းအုံးစွပ်တွင် ထိုးထားသည့် ပျော်ရွှင်စရာမွေးနေ့ပါ ဟူသည့် Happy Birthday စာလုံးသည် အပြာရောင်ဖြစ်သည်။ ဒါက မေမေနှင့်ဖေဖေ ဆင်တူ ခေါင်းအုံးအုံးဖို့ မေမေကိုယ်တိုင်ထိုးထားခဲ့သည့် လက်ရာတစ်ခုပါ။ ဟုတ်ပါရဲ့ မေမေ့ဆီက ပန်းထိုးပညာကို ကျွန်မ သင်ချင်သေးပါသည်။

ကျွန်မတို့သားအမိ ညဥ့်နက်သည်အထိ အိပ်မပျော်ခဲ့ကြ။ မေမေက ဆရာမပီပီ ပြောချင်သည့်စကားဆီသို့ ရောက်အောင် သိုင်းဝိုင်းပြီး ဆွဲခေါ်တတ်သူမို့ ထိုညကလည်း ကျွန်မ၏ နှလုံးသားကိုအကဲခတ်ဖို့ ပန်းမြိုင်လယ် ယိုးဒယားသီချင်းကနေ စခဲ့သည်။

'သမီးမှတ်မိလား ငယ်ငယ်တုန်းက သမီးကိုပန်းမြိုင်လယ် သီချင်း ဆိုပြတုန်းက သမီးပြောခဲ့တာလေ'

မေမေက တင်တင်မြသီဆိုသော ပန်းမြိုင်လယ်သီချင်းကို ကက်ဆက်လည်းဖွင့်၊ ကိုယ်တိုင်လည်း ခဏခဏညည်းတတ်တာ ကျွန်မ မှတ်မိပါသည်။ သို့သော် ကျွန်မ ဘာပြောခဲ့မိပါလိမ့်။

မေမေက ပန်းမြိုင်လယ်သီချင်းကို ခါးလယ်မှ ဖြတ်ပြီး ခပ်တိုးတိုး ညည်းပြသည်။

'ရိပ်ဝင် ငယ်လေး ခိုကြောင်းရေး ပျော်ယောင်သာ စက်မေး ဆွေးဖွယ်ကိုပင် သုကျိတ် မျှော်ရှုဆင်ခြင်'

လသာသာနှင့် ယိုးဒယားတေးသွား သီချင်းကြီး၏ သံစဉ်ခပ်တိုးတိုးက လိုက်ဖက်နေသည်။

'ညီနောင်မူရာ သူသာမြင် သည်တွင် ရွှေဘဝင် လွန်လှိုက်လှဲ ပူလောင်ကြေကွဲ ငိုယောင်ဆည်လည်းသည်သဲ ပြေဘဲ



အောင်သာ သွယ်ကာငွေနှင်း မျက်ရည်ဖြာဆင်း ရင်တွင်းဝယ်သာ ရာမင်းငယ်မှာ စက်ခါပျော်ဆဲနိုး'

မေမေ့အသံကအကောင်းကြီးမဟုတ်ပေမယ့် သံစဉ်ကို ပိုင်နိုင်သူမို့ နားထောင်လို့ကောင်းပါသည်။ နားထောင်ရင်း တောတောင်ရေမြေကို မြင်လာ၏။

'အဲဒီအမိပ္ပါယ်တွေကို သမီးသိတယ် မဟုတ်လား'

ကျွန်မ ရယ်လိုက်မိသည်။ မောင့်ကို ကဗျာခက်ဆစ်အဓိပ္ပါယ်တွေ မေးလွန်းလို့ အခုတော့ ကျွန်မ ဝင့်လိုက်ပြီ။

'သိပါတယ် မေမေရဲ့။ သစ်ပင်အရိပ်အောက်ကို ခိုဝင်ပြီး ရာမနဲ့လက္ခဏ ညီနောင်နှစ်ပါး ခဏနားတာ။ မှေးခနဲ အိပ်တဲ့အချိန် သစ်ပင်ပေါ်မှာ သုကျိတ်မျောက်မင်းက သူ့ဒုက္ခနဲ့သူ'

ဝပ်လျှိုး မျောက်မွန် ကြောက်ဝှန် ကြက်သီးမိုး ရှိခိုးမြင်သော် ညွှန်သော်ရွှေလက်ညှိုး ဟု ဆိုထားသည်။

'ရာမညီနောင်ရဲ့မေတ္တာကိုမြင်ပြီး အော် သူတို့ညီအစ်ကိုများကျတော့ ချစ်လိုက်ကြတာ တဲ့။ သူမျက်ရည် ကျရတော့တာ။ သူမှာတော့ အစ်ကိုရဲ့နှိပ်စက်ခံနေခဲ့ရတာကိုး။ သူ ဆွေးရပြီပေါ့'

မျက်ရည်ကျမိပုံကို ရေးဖွဲ့ထားတာက သွယ်ကာငွေနှင်း မျက်ရည်ဖြာဆင်း တဲ့။ ငွေနှင်းကဲ့သို့ မှုန်ဝေပြီးမှ ထိုမျက်ရည်တို့ ပါးပြင်ပေါ် ဖြာဆင်းလာသည်ဟု ဆိုလိုလေသလားမသိပါ။

မျက်ရည်တို့ ရာမ၏ပါးပြင်ပေါ် သို့အကျ ရာမက လန့်နိုး၊ မျောက်ကိုမြင်တော့ လေးနှင့်ချိန်သည့်အခါ သုကျိတ်မျောက်မင်းက ဆင်းလာပြီး ဝပ်တွား ခယ ရှိခိုးလေသည်။

'အဲဒီတုန်းက အင်ကြင်းက ဘာပြောခဲ့တာလဲမေမေ'

'သမီးပြောတာက နောက်တစ်ပိုဒ်ပါ။ စုံဆယ်ဖြာအပိုဒ်၊ စုံဆယ်ဖြာ ပန်ထွာဦးတင် ဖူးမြင် သက်လွှတ်ကြောင်း'

www.burmeseclassic.com

www.burmeseclassic.com



မေမေက အသံတိုးတိုးဖြင့် ထပ်ဆိုပြသည်။

'ထံတော်ပေါင်း သောင်းမြေပိုင် ရာမင်းဦးကိုင် ဘုန်းဘုန်းညွန့်လိုင် ပြည်ကိန္နာ နန်းမြိုင်ဆီမှာ ဘာလီ သူမင်းမူ ပူဇော်ဘယ်မငြိမ်း သိမ်းယူငယ်သာ ဖော်ကွာမယ်သုဘဒ္ဒါ'

သုဘဒ္ဒါဆိုသည့်နာမည်ပါတော့ ထိုအချိန်က ကျွန်မဘာ တွေတွေးခဲ့မိလဲဟု ပြန်သတိရသွားပါပြီ။

'အော် ဟုတ်တယ်။ မှတ်မိပြီမေမေ သုဘဒ္ဒါဆိုမှပဲ အဲဒီအကြောင်းကို အင်ကြင်းမှတ်မိတော့တယ်'

လက်ဆယ်ဖြာစုံမိုးလျက် တောင်းပန်တိုးလျှိုး အသက်ကိုချမ်းသာပေးပါမည့်အကြောင်း ဘုန်းတန်ခိုးကြီးလှစွာသော ရာမမင်းအား ဦးတင်လျှောက်ထားပါသည်။ မိမိတိုင်းပြည် ကိန္နာ တောရပ်မြိုင်နန်းမှာ အစ်ကိုဘာလီက ထီးနန်းကို အဓမ္မတိုက်ခိုက် သိမ်းယူရုံမက မိမိဇနီး သုဘဒ္ဒါကိုပင် သိမ်းယူပြီး မိဖုရားမြှောက်ထားပါသည်တဲ့။

ငယ်ငယ်တုန်းက ကျွန်မ မျောက်မင်းကို သနားခဲ့သည်။ သူ့ခမျာ စစ်လည်းရှုံး၊ ထွက်လည်းပြေးရ၊ မိန်းမကိုလည်း အသိမ်းခံရကိုး။ သို့သော် စစ်နိုင်သူက စစ်ရှုံးသူရဲ့မိန်းမကို သိမ်းပိုက်တာ ရှေးကတည်းက ထုံးစံပဲ ဟု မေမေက ကျွန်မကို ရှင်းပြခဲ့ပေမယ့် ကျွန်မ ဘဝင်မကျခဲ့ပါ။ စစ်နိုင်သည့်မျောက်က စစ်ရှုံးသည့်မျောက်၏ဇနီးအား သိမ်းယူတာထားပါတော့၊ တိရစ္ဆာန်ကိုး။ လူဘုရင်တွေက စစ်ရှုံးသူ၏ ဇနီးမယားကို သိမ်းပိုက်တာတော့ လွန်လွန်းသည်ဟု ကျွန်မ ယူဆသည်။ မိန်းမတွေခမျာ ခေတ်အဆက်ဆက်ကုန်ပစ္စည်းအဖြစ် အသုံးတော်ခံရတာကို ကျွန်မ မကျေနပ်ခဲ့။

'သမီးပြောခဲ့တဲ့စကားလေ။ မိန်းမတွေက ခေတ်အဆက်ဆက် ကုန်ပစ္စည်းအဖြစ် အသုံးတော်ခံရတာပဲနော် တဲ့'



ဟုတ်တယ်။ အခုပြန်တွေးလျှင်လည်း အဲဒီအတိုင်းပဲခံစားနေရတုန်းပါပဲ။

'မေမေက အဲဒီစကားကို ကြားတော့ သမီးကို နည်းနည်းမျှော်လင့်ခဲ့သေးတာ။ သမီးက စိတ်ဓာတ်ခက်ထန်တဲ့ အမျိုးသမီးလွတ်မြောက်ရေးဝါဒီများ ဖြစ်လာမှာလားလို့။ အဲဒီအချိန်တုန်းက သမီးက ရှစ်တန်းလေ'

'အို'

ကျွန်မ ရယ်မောမိသည်။

'ဘာလို့ မျှော်လင့်မိလဲဆိုတော့ အိန္ဒိယက ဒေါင်ဝီထုံးစံတိုလည်း သမီး မခံချင်စိတ်တွေ ဖြစ်ခဲ့တာ မေမေ သိတာကိုး'

ကျွန်မ မှတ်မိပါသည်။ မမှတ်မိဘဲ ဘယ်ရှိပါ့မလဲ။ ကျွန်မ၏ဂုဏ်ရောင် သတင်းစာထဲမှာတောင် ထည့်ရေးထားခဲ့တာလေ။

အိန္ဒိယနိုင်ငံမှာ အသက် ၂နှစ်ကနေ ၄နှစ်အတွင်း မိန်းကလေးငယ်တွေသေဆုံးနှုန်းက ရွယ်တူယောကျ်ား ကလေးငယ်တွေထက် နှစ်ဆ ပိုများတယ်။ မိန်းကလေးရှင်က ခင်ပွန်း မိသားစုကို မင်္ဂလာစရိတ်ပေးရတဲ့ ထုံးတမ်းစဉ်လာကြောင့် မိန်းကလေးတွေကို အရွယ်မရောက်ခင်မှာ အသတ်ခံရတာတဲ့။ ကြောက်စရာအစဉ်အလာကြီးပါ။

ကျွန်မ ထိုအဖြစ်ကို ဘယ်သတင်းထဲမှာ ဖတ်လိုက်မိသလဲမသိ။ ထိုအချိန်က သတင်းတစ်ခုမှာ သို့မဟုတ် ဝတ္ထုတစ်ပုဒ်မှာ ဖတ်လိုက်မိတာဖြစ်နိုင်ပါသည်။ ကျွန်မ ပြောခဲ့သည့် စကားကို အခုတော့ မှတ်မိသွားပါသည်။

'အံမာလေး ဒေါင်ဝီမပေးနိုင်တာများ မပေးနိုင်ရင် မယူဘူးပေါ့။ အင်ကြင်းဆိုရင် အပျိုကြီးလုပ်ရမှာတောင် သဘောကျသေးတယ်။ အင်ကြင်းအတွက်ဖြင့် မေမေ စိတ်မပူနဲ့သိလား'

www.burmeseclassic.com

www.burmeseclassic.com



ရယ်ကျဲကျဲပြောခဲ့တော့ မေမေက ခေါင်းခါယမ်းသည်။

'မဟုတ်သေးဘူး။ နယ်တစ်နယ်မှာ နေတဲ့လူတွေဟာ အဲဒီနယ်ရဲ့ ထုံးတမ်းစဉ်လာနဲ့မကင်းနိုင်ဘူး။ အားလုံးက ဝိုင်းပြီး ပြစ်တင်ရှုတ်ချလို့သိမ်ငယ်ရတဲ့ဒဏ်ကို မခံနိုင်ကြဘူး။ ယောကျ်ား မယူနိုင်ရင် အဲဒီမိန်းကလေး လူပုံအလယ်မှာ ကဲ့ရဲ့ခံရသေးတယ်။ အခေါ်အပြော မလုပ်ချင်ကြဘူး။ အမဲစက်ကြီးနဲ့ပေါ့' တဲ့။

ထိုစဉ်က ပြောစကားများကို အခုပဲ ကျွန်မ သတိရနေသေးပါသည်။ သို့သော် မေမေ ဘာအဓိပ္ပါယ်ဖြင့် အခုမှ ဒါတွေကို ပြန်ပြောနေတာပါလိမ့်။ ကျွန်မကို အိမ်ထောင်ပြုစေချင်ပြီလား သို့မဟုတ် အိမ်ထောင် မပြုစေချင်ဘူးလား။

'မေမေ အိန္ဒိယမှာ အင်ကြင်းကို မွေးလို့ အဲဒီနယ်တွေမှာ ရောက်နေရတယ်ဆိုရင်တောင် အဲလိုကဲ့ရဲ့တာကို ခံနိုင်မယ်လို့ ထင်တာပဲ။ အခုထိ ထင်နေတုန်းပဲ။ မေမေကော မခံနိုင်ဘူးလား'

မေမေ့လက်ကို ကျွန်မ ဆုပ်ကိုင်လျက် နောက်သလို ပြောင်သလို မေးမိသည်။ မေမေက ပြုံးပါသည်။

'အို မေမေလည်း ခံနိုင်မှာပေါ့။ ယောင်နောက်ဆံထုံးပါ ဆိုတဲ့ စည်းမျဉ်းကို ချိုးဖောက်ခဲ့လို့ သမီးကို မေမေတစ်ယောက်တည်းကပဲ အခုချိန်ထိ ခုနစ်နှစ် ရှစ်နှစ်ကြာအောင် ပြုစုစောင့်ရှောက်လာခဲ့တယ် မဟုတ်လား'

ဟုတ်ပါရဲ့။ ကျွန်မ ကိုးတန်းနှစ်တုန်းက ညကြီး မင်းကြီး ဖေဖေ အိမ်သို့ တိတ်တဆိတ် ရောက်လာခဲ့ချိန်သည် ဖေဖေ့ကို နောက်ဆုံးတွေ့လိုက်ရ ခြင်းဖြစ်၏။ ထို့နောက် ဖေဖေ နယ်စပ်မှ ထွက်ပြေးသွားခဲ့သည်။ ဖေဖေ အခုချိန်မှာ အမေရိကန်သို့ ရောက်သွားပြီ။ ဖေဖေ နိုင်ငံခြားမှ လှမ်းခေါ်ချိန်တုန်းက မေမေ လိုက်မသွားခဲ့ပါ။ ခဏလေးတောင် မလိုက်နိုင်ဘူးတဲ့။



'မေမေ့ဘဝက ဒီမှာလေ။ မေမေ့မှာသမီးနဲ့အဘွား ရှိတယ်။ တပည့်လေးတွေလည်းရှိတယ်။ မေမေ့သုတေသနလည်း ရှိတယ်။ မေမေ ဘယ်လိုက်နိုင်မလဲ။ ဖေဖေ့ကို မချစ်ဘူးလား ဆိုတော့ ချစ်ပါတယ်။ ဒါပေမယ့် အချစ်ကို ဘဝမှာ သိပ်နေရာ ပေးသင့်ဘူး' ဟု မေမေ တည်ငြိမ်စွာ ပြောခဲ့သည်။

မေမေ ပြောချင်တာက ကျွန်မကိုလည်း အချစ်ကို သိပ်နေရာမပေးနဲ့ လို့ ပြောချင်တာလား။

ထို့နောက် မေမေက ကျွန်မအား အနီရောင် စာအုပ်စင်အပေါ်ဆုံးထပ်က ဘူးတစ်ခုကို သွားယူခိုင်းသည်။ မေမေ့ကို ယူလာပေးတော့ မေမေက ကျွန်မကိုပဲ ဖွင့်ကြည့်ခိုင်းသည်။

'သမီးဖေဖေ လှမ်းပို့လိုက်တာ။ ဘီဘီစီက ရိုက်ထားတဲ့ မှတ်တမ်းခွေတွေတဲ့။ သူတို့ဆီမှာ ကလေးအုပ်စုလေးတစ်စုကို ခုနစ်နှစ်အရွယ်ကစပြီး မှတ်တမ်းတင်ထားတာ။ အခုဆို ကလေးတွေက အသက် နှစ်ဆယ်ကျော်သုံးဆယ်နီးပါး ရှိနေပြီ သမီးရဲ့'

'ဟင် ဟုတ်လား။ မေမေ့လိုပဲပေါ့'

'အေး မေမေဒီသုတေသနလုပ်ဖို့ ဘယ်သူ့ဆီကစိတ်ကူးရခဲ့တယ်ထင်လဲ'

'ဖေဖေ့ဆီကလား'

'အစစ်ပေါ့။ သမီးဖေဖေက နိုင်ငံရေးနဲ့ လူမှုရေးကို သိပ်စိတ်ဝင်စားတယ်လေ'

'မေမေ၊ တကယ်တော့ မေမေ့အလုပ်က ဒီကလေးတွေကို ကူညီလို့လည်းမရ။ ဒီအတိုင်းကြီး မှတ်တမ်းပြုစုတယ်ဆိုတာ သွေးအေးလွန်းပါတယ်'

'မေမေစာသင်ရင်း တပည့်တွေကို ကူညီနေတာပဲလေ။ ခုလိုလေ့လာတဲ့အလုပ်ကလည်း အရေးကြီးတာပဲ။ ဒီကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့နဂိုအတိုင်း ဘယ်လိုကြီးပြင်းကြမှာလဲ။ အနယ်နယ်က တခြားကလေးတွေလည်း ဒီလိုပဲ ကြီးပြင်းလာမှာပဲ။ အဲဒါ နောက် အနှစ်နှစ်ဆယ်ကြာရင် တို့တွေ့ရမယ့် အမှန်အကန် မြန်မာနိုင်ငံပဲ'

မေမေနှင့်ကျွန်မ အတွေးချင်းမတူမှန်း ကျွန်မ ရှစ်တန်းကတည်းက သဘောပေါက်ခဲ့ပြီးသားပါ။ ကျွန်မက ဘယ်အဖြစ်အပျက်တွင်မဆို ခံစားတတ်သူသာ ဖြစ်ပြီး မေမေကတော့ ဘေးကနေ သွေးအေးအေး ထိုင်ကြည့်ပြီး ခွဲခြမ်း စိတ်ဖြာ လေ့လာနိုင်သူ ဖြစ်သည်။ ကျွန်မသည် အခုအသက်အရွယ်သာ ရောက်လာရော၊ ရှာဖွေတွေ့ရှိခြင်း Discovery ဆိုသည့် ရုပ်မြင်သံကြား လိုင်းမှ ထုတ်လွှင့်သော အဖြစ်အပျက်တို့ကိုပင် မတုန်မလှုပ် စောင့်ကြည့်ရဲသူ မဟုတ်။ ကျားက၊ ခြသေ့်က၊ သမင်ကိုလိုက်တာမျိုး၊ မြင်းကျားကို လိုက်တာမျိုး၊ မြွေက ဖားကို လိုက်တာမျိုး၊ ထို အဖြစ်မျိုးတို့ကို စောင့်ကြည့်ရတာ စိတ်မသက်သာပေ။

'ကျွန်တော်သာ ဓာတ်ပုံရိုက်နေတဲ့လူဆိုရင် ခြသေ့်ကို ချောက်ထုတ်မိမှာပဲ။ မြွေကိုက်မခံရအောင် ဖားကိုလည်း ချောက်ထုတ်ပစ်မိမှာပဲ။ သနားပါတယ်မေမေရယ်' ဟု ပြောမိခဲ့ဖူးသည်။

'ခြသေ့်ကို သမီးက ဘယ်လို ချောက်ထုတ်မှာလဲ'

မေမေမေးတော့ ကျွန်မ မဖြေတတ်ပြန်ပါ။ ဘယ်လို ချောက်ထုတ်ရမလဲ။ သေနတ်သံပေးပြီး မောင်းထုတ်ရမလား။

'တိရစ္ဆာန်လေးတွေတော့ ထားပါတော့မေမေရယ်။ လူတွေကိုတော့ သူတို့ဘာဖြစ်ဖြစ် ဘေးကနေ ထိုင်ကြည့်နေတာမျိုး မလုပ်နိုင်ပါဘူး။ သူတို့အန္တရာယ်ကျတော့မှာကို မြင်ရင် ပြောပေးဖို့ ဝတ္တရားရှိတယ်လို့ အင်ကြင်းယူဆတယ်'

ကျွန်မ ဘာကိုဆိုလိုသည်ဟု မေမေ့ကို တိုက်ရိုက်မပြောသော်လည်း မေမေသိလိုက်မှာပေါ့။ မေမေက ပြုံးရယ်သည်။



'လောကကြီးမှာ ကိုယ်ဝင်ကူလို့မရတဲ့ အဖြစ်ဆိုးတွေ အန္တရာယ်တွေ အများကြီးပဲ သမီးရဲ့'

'ဟင့်အင်း အင်ကြင်းတော့ မျက်စိရှေ့မှာ အဲလိုကြီး ဖြစ်နေတာကို ကြည့်မနေနိုင်ပါဘူး'

မေမေက ကျွန်မစကားကိုငြင်းဆန်ဖို့ စိတ်လှုပ်ရှားလာမှ အိပ်ရာပေါ်မှ ထထိုင်လိုက်လေသည်။ ပြီးတော့ ကပိုကယို ကျနေသောဆံပင်ကို လက်ဖြင့် အသာသပ်သိမ်းလိုက်သည်။ ပြီးတော့ ကျွန်မကို စေ့စေ့ကြည့်သည်။

'သမီးကသာ ကြည့်မနေနိုင်ဘူးပြောပေမယ့် ဒီလိုပဲ ကြည့်နေလိုက်ရတဲ့အဖြစ်တွေ ရေနံချောင်းမှာလည်း ဖြစ်ခဲ့တာပဲ။ မဟုတ်ဘူးလား။ သေနတ်နဲ့ပစ်မယ့်သူကို မပစ်နဲ့လို့ သမီးချောက်ထုတ်လို့ရခဲ့လား။ ခေါင်းဖြတ်တဲ့ရက်စက်မှုကိုရော သမီး တားနိုင်ခဲ့လို့လား။ သမီးသာ မသိလိုက်မမြင်လိုက်ပေမယ့် အဲဒါတွေက ဖြစ်နေရာမှာ ဖြစ်နေခဲ့ပြီ။ သိပ်ဆိုးတဲ့အဖြစ်တွေလေသမီး။ သမီး ချောက်ထုတ်ချင်မယ့် ရက်စက်မှုတွေလေ'

အင်း မေမေပြောတော့လည်း ဟုတ်တာပါပဲ။ ကျွန်မ ဖြစ်စေချင်ပေမယ့် တားလို့မရခဲ့တာတွေ။

'သမီးရယ် လောကကြီးမှာ ကိုယ်မထိန်းနိုင်တဲ့အရာတွေ အများကြီး။ အဲဒီထဲက ကိုယ်ထိန်းနိုင်တာကိုတော့ ထိန်းချုပ်ပါ'

တကယ်တော့ မေမေ ကျွန်မကို အဓိကပြောချင်သည့် စကားက အခုမှ လာတော့တာပါကလား။

'သမီးကို မောင်သက်ဝေနဲ့ ဝေးဝေးနေပါလို့ မေမေ ပြောခဲ့တယ်။ သမီးက မေမေ့စကားကို နားမထောင်ဘူး။ နားမထောင်တဲ့အပြင် ပိုတောင် နီးကပ်အောင် ကြိုးစားယူလိုက်သေးတယ်'

မေမေ သွေးတိုးရသည့်အကြောင်းရင်းမှာ ကောင်လေး

www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်နေမလားဟု ကျွန်မ ရင်ထဲမှာ ပူပန်သွားသည်။ မေမေ အသက်ကြီးလာပြီ။ မေမေ့အသက် ခြောက်ဆယ်နားနီးနေပြီ။ မေမေ ပင်စင်ယူရခါနီးပြီ။ မေမေ့ကို ကျွန်မ တစ်ပြန်တစ်လှည့် လုပ်ကျွေးပြုစုရတော့မှာပါလား။ မေမေ့အနားမှာ တတ်နိုင်သမျှ နေရမည့်အချိန်သို့ ရောက်ပြီ။

'သမီး အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီးကတည်းက မေမေ ဘာများ တားမြစ်ခဲ့လို့လဲ။ အမှားသေးသေးလေးတွေကို မှားခွင့် ရှိပါတယ်။ အချိန်တန်ရင် သမီးသိပြီး ပြင်လာမှာ။ တစ်ခုပဲ။ အဲဒီ အမှားက ပြင်မရတဲ့ အမှားဖြစ်သွားမှာကို မေမေစိတ်ပူတယ်။ မောင်သက်ဝေအကြောင်း သမီးဘယ်လောက်သိလဲ။ သူ့အဖေ သူ့အမေအကြောင်းရော သမီး ဘယ်လောက်သိလဲ'

ကျွန်မ သိပ်မသိပါ။ သိပ်သိစရာရော လိုလို့လား။

'မောင်သက်ဝေအမေက မောင်သက်ဝေကို မွေးတဲ့နေ့ မှာပဲ သေသွားတာ သမီးသိလား။ သူ သမီးကို ပြောလား'

ကျွန်မ သိခဲ့တာ ကြာပါပြီ။ မောင်သက်ဝေက ပြောပြလို့ တော့ မဟုတ်။ မေမေ့မှတ်စုထဲကနေ ခိုးဖတ်ထားလို့ သိခဲ့တာပါ။

'ဟုတ်'

'သူ့ကို ရွှေစေတီကျောင်းမှာ ကျောင်းအိပ်ကျောင်းစား ထားတာရော ဘာဖြစ်လို့လဲ သိလား'

'ပင်းဝက ဝေးတာကိုး မေမေရဲ့'

'မဟုတ်ဘူး။ ပင်းဝက ဝေးပေမယ့် ပင်းဝနဲ့ရေနံချောင်း နေ့တိုင်းသွားပြန်ပြီး ကျောင်းတက်နေတဲ့ကလေးတွေ အများကြီး'

အင်း။

'ဘာဖြစ်လို့လဲဆိုတော့ သန်းကိုက လူပျင်း။ မိဘအိမ်ထိုင်း ထဲတောင် အိမ်လေးတစ်လုံးဆောက်နိုင်တဲ့ အရည်အချင်းမရှိဘူး



ဒီတော့ အစ်မအိမ်မှာ ကပ်နေရတယ်။ အစ်မက သူတို့ကို သိပ် နှိမ်တယ်။ သူ့ကလေးတွေက မောင်သက်ဝေကို အနိုင်ကျင့် တယ်။ မောင်သက်ဝေက ငယ်ငယ်တည်းက အရိုက်အနှက်ခံလာ ရလို့ ထုံပေပေ ဖြစ်နေတာ။ အခုဆို ပိုဆိုးတော့မယ်။ သူ့အဖေ အခုလဆန်းကပဲ နောက်မိန်းမယူလိုက်ပြီ။ မောင်သက်ဝေက သူ့ အဖေနဲ့အကြီးအကျယ် ရန်ဖြစ်ပြီး နောက်မိန်းမကို လက်သီးနဲ့ ထိုးလိုက်တာ သမီးသိလား'

ကျွန်မ မျက်လုံးတွေ ပြာဝေသွားသည်။ ဟင့်အင်း။ မဖြစ် နိုင်ဘူး။ မောင် အဲဒီလောက် မရိုင်းနိုင်ပါဘူး။

သို့သော် ကျွန်မ ခွန်အားတွေ ယုတ်လျော့သွားသည်။ ဖြစ်နိုင်တာပေါ့။ တတိယတန်းအရွယ်မှာတောင် ကျွန်မကို စာ လိုက်ပေးသည့် မြတ်အေးကို ကျောက်ခဲဖြင့် ထုရဲတဲ့ကလေး။

'မောင်သက်ဝေဟာ မျိုးရိုးမကောင်းဘူးလို့ မေမေ ပြော ချင်တာလား'

'မျိုးရိုးကောင်းတာ မကောင်းတာတော့ မေမေမသိဘူး။ အကဲလည်း မဖြတ်တတ်ဘူး။ ဒါပေမယ့် သမီးနဲ့မထိုက်တန်ဘူး လို့ ပြောချင်တာ'

ကျွန်မ ရင်ထဲမှာ စူးစူးနင့်နင့် နာကျင်သွားသည်။ မေမေ့ မှာ အဲဒီလို အဆင့်အတန်းခွဲသည့်စိတ်မျိုး ရှိနေလိမ့်မည်ဟု ကျွန်မ သိသားပဲ။ နောက်ဆုံးတော့ မေမေသဘောမတူနိုင်တာက မောင် သက်ဝေဟာ အခြေအမြစ်မရှိတဲ့ကလေးမို့လို့။

'ဒါပေမယ့် သမီး။ မောင်သက်ဝေကို သမီးယူမှာ စိုးရိမ် လို့မဟုတ်ဘူးနော်။ သမီး သူ့ကိုမယူနိုင်ဘူးဆိုတာ မေမေသိတယ်'

မေမေသည် တစ်ခါတစ်ခါကျတော့ သူ့ကိုယ်သူ ယုံကြည်မှု လိုအပ်တာထက် ပိုနေသလိုပဲဟု ကျွန်မ တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'မယူနိုင်တာက တစ်ကဏ္ဍ၊ လူပြောခံရမှာက တကဏ္ဍ။ မေမေ့စိုးရိမ်စိတ်ကို ဒီအချိန်မှာ သမီး နားလည်ဦးမှာမဟုတ်ဘူး'

'အင်ကြင်းနားလည်ပါတယ်မေမေ။ သမီး အမှားမခံပါဘူး။ မေမေ စိတ်ချပါ'

မေမေက မယုံသလိုပင် နှုတ်ခမ်းတွန့်ကာ ပြုံးသည်။

'မောင်သက်ဝေတစ်ယောက်တည်းမဟုတ်ပါဘူး။ သမီးမှာ နောက်ထပ် မှားနိုင်တဲ့အခြေအနေတစ်ခု ရှိသေးတယ်။ ဥပမာ မောင်ဇော်လတ်'

ကျွန်မ မေမေ့ကို နားလည်သည်ဟု ထင်ထားခဲ့တာ။ တကယ်တော့ ဘယ်မှာ နားလည်လို့လဲ။ အံ့ဩလိုက်တာ။ ကျွန်မ မေမေ့လက်ကို ဖွဖွ ဆုပ်ညှစ်ပြီး လှုပ်ရမ်းလိုက်မိ၏။

'ကြည့်စမ်း အင်ကြင်းက မေမေ သမီးကို ကိုလတ်နဲ့ သဘောတူမယ်ထင်နေတာ'

'အလို မရွှေအင်ကြင်း၊ ရှင့်ကို ကျုပ် နောက်ထပ် ခင်ခင်မေ တစ်ယောက် ဖြစ်စေချင်ပါ့မလား'

ကျွန်မနှင့်မေမေ ဟက်ဟက်ပက်ပက် ရယ်မိကြသည်။ မေမေ့ကြည့်ရတာ စောစောကထက် ပိုပြီး နေသာထိုင်သာ ရှိသွားသလိုပဲ။ ကျွန်မတို့သားအမိကြားမှာ စောစောက ရှိနေသော စိမ်းကားမှုနှင့် အနေရခက်မှုက ပြယ်လွင့်သွားသည်။

'သမီးရယ်။ မေမေက သမီးကို စိတ်ချမ်းသာအောင် ထားနိုင်မယ့် ခင်ပွန်းတစ်ယောက်ယောက်နဲ့ တွေ့စေချင်တာပါ'

မေမေ့အလိုအရ မောင်ရော ကိုလတ်ရောသည် ကျွန်မကို စိတ်ချမ်းသာအောင် ထားနိုင်မည့်သူတွေမဟုတ်ဘူးပေါ့။

'အင်ကြင်း စိတ်ဝင်စားတဲ့သူက ရေနံချောင်းမှာ မရှိဘူး မေမေ။ ရန်ကုန်မှာ'



ကျွန်မသည် ပြင်သစ်စာ အတူတူတက်နေသော မင်းမျိုးဆက်အကြောင်းကို မေမေ့အား ဖွင့်ပြောလိုက်သည်။ သို့သော် မေမေ အံ့ဩမသွားပါ။

'မေမေ သိတယ်။ ဘွားဘွားက မေမေ့ကို ပြောပြတယ်'

'ဟင် ဒါနဲ့များတောင် မေမေရယ်'

'သမီး အဲဒီကောင်လေးကို ချစ်တယ်လို့ ထင်နေတာပါ သမီး စိတ်ကစားနေတာပါ။ တကယ်သံယောဇဉ်မရှိပါဘူး'

မေမေက သေချာပေါက် အသံဖြင့် မှတ်ချက်ချသည်။

'မေမေ ဘယ်လိုလုပ်သိနိုင်မှာလဲ'

'သမီးရယ် မေမေက သမီးအမေပါ။ သမီးရင်ထဲမှာ ဘာရှိတယ်ဆိုတာ မေမေသိတယ်။ သမီးထက်ပိုပြီးတော့တောင် မေမေ သိနေပါတယ်'

ကျွန်မကတော့ ကျွန်မရင်ထဲမှာ ဘာရှိသည်ဆိုတာ နောက်ကျမှ သိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၆)

မောင် ပထမဆုံး ရန်ကုန်သို့ ရောက်လာသည့်နေ့က ကျွန်မ ကိုလတ်ဗီဒီယိုတည်းဖြတ်ရာ ရုံးခန်းသို့ ကိုလတ်နှင့်အတူ လိုက်သွားသည့်နေ့ ဖြစ်သည်။ ထိုနေ့က ကိုလတ် မုတ်ဆိတ်မွေး တွေ ရိတ်ထားသည်။ ကိုလတ်သည် မုတ်ဆိတ်မွေး မရိတ်ဘဲ နှစ်ပတ်လောက်နေချင်နေတတ်တာမို့ သူ မုတ်ဆိတ်ရိတ်ထားသည့် အခါ တော်တော်သေသပ်သည်။ မျက်မှန်ကြီးတစ်ခုပဲ ရှုပ်နေတာ။

'ကိုလတ်ရယ် ကိုလတ်မျက်မှန်က ရှုံ့ပွဲလိုက်တာဗျာ၊ မျက် ကပ်မှန်လေးဘာလေးတပ်ပါလား'ဟု မြောက်ပေးမိ၏။ ကိုလတ် က ခါးခါးသီးသီး ငြင်းသည်။

'မျက်ကပ်မှန် ငါတပ်ဖူးပါတယ်။ မဖြစ်ဘူး။ ငါတို့က ဘတ်စ်ကားစီးရတဲ့လူလေ။ ဟိုလူကတိုး ဒီလူကတိုးနဲ့'

'ဟင် မျက်စိကို ဘယ်သူက တိုးမှာလဲ'

'အေး နင်က တပ်မှမတပ်ဖူးဘဲ ဘယ်သိမလဲ။ မျက်နှာ ကို အတိုးခံလိုက်ရရင် မျက်စိကိုအောင့်သွားတာပဲ။ နောက်ပြီး အလုပ်သိပ်ရှုပ်တယ်လေ။ ညကျ ပြန်ဖြုတ်၊ ဆေးရည်ထဲစိမ် မနက်ကျ ပြန်တပ်။ မဖြုတ်ဘဲ အိပ်ပျော်သွားရင် ပြီးပါလေရော'

အော်။ ကိုလတ် မျက်ကပ်မှန်တပ်ဖူးတာကိုး။ ကျွန်မနှင့် မတွေ့ဖူးလို့ဖြစ်မည်။ ကိုလတ်ကို မျက်မှန်ကြီးဖြုတ်ပြီး ကျွန်မ



မြင်ချင်လိုက်တာ။ တပ်တုန်းက ဘယ်လိုစိတ်ကူးဖြင့် တပ်ဖြစ် သွားတာပါလိမ့်။ အေးလေ သူလည်း မျက်မှန်ကြီးနဲ့ရှုပ်နေတာကို ခလိုချင်လို့ပေါ့။ ကျွန်မအတွေးကို ကိုလတ်က သိသွားသလိုပဲ အပြုံးစစဖြင့် သူ့ဟာသူ ပြောရှာ၏။

'ထားပါဟာ ပြီးခဲ့တဲ့ကာလတစ်ခုကပေါ့။ လူတွေမှာ ရူး ကြောင်ကြောင်ဖြစ်တဲ့ကာလတွေလည်း ရှိတတ်တယ်ဟ'

သူ့မျက်နှာကြီးက ရှက်သွားတဲ့မျက်နှာလားမသိ။

'တကယ်တော့ ငါတို့တွေ လိုချင်တဲ့ပန်းတိုင်ကိုရောက်ဖို့ အဝေးကြီးလိုသေးတာ။ ရှေ့မှာ ရင်ဆိုင်ရမယ့်အခက်အခဲတွေ ဆင်းရဲဒုက္ခတွေက အများကြီး' သူ့ဟာသူ ပြန်တရားချလေသည်။

အင်း မမမပြောတာ သိပ်မှန်တာပဲ။ ကိုလတ်ကိုမျှား သူမိရင် နောက်ထပ် ခင်ခင်မေတစ်ယောက် ဖြစ်မှာ သေချာပါ သည်။ အို နေစမ်းပါဦး။ ကိုယ့်ဖက်ကချည်း စိတ်ကူးနှင့် ပယ်နေ လိုက်တာ။ ကိုလတ်က ဘာများ ကမ်းလှမ်းလာလို့လဲ။ အရိပ်အ ယောင်လေးတောင် မပြပါဘူး။

ကိုလတ်သည် စနစ်တစ်ခု ပြောင်းလဲဖို့အတွက် တော် လှန်ရေးကို ပြည်တွင်းမှာနေပြီး လုပ်တာက အန္တရာယ်ကြီးပေမယ့် ပိုထိရောက်သည်ဟု ယုံကြည်သူဖြစ်သည်။ ဖေဖေ့လိုတော့ ပြည်ပ ကနေ တော်လှန်ရေးလုပ်ဖို့ စဉ်းစားမှာမဟုတ်။

မေမေရေ ခင်ခင်မေနဲ့ အင်ကြင်းဝေနဲ့ အဖြစ်ချင်းတော့ တူမှာမဟုတ်ဘူး။ ခင်ခင်မေက အမေရိကန်ကနေ တိတ်ခွေတွေ ရော စာအုပ်တွေရော ရနေတယ်။ အင်ကြင်းဝေကတော့ သရက် တောင်ပဲ သွားရမလား မြစ်ကြီးနားထောင်ပဲသွားရမလားမသိ။ ကိုလတ်ကို ထောင်ဝင်စာတွေ့ဖို့လေ။ ကိုယ့်ဟာကိုယ် အစ်သိ အတန်းကြီး စိတ်ကူးကာ ခစ်ခနဲ ရယ်မိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်သည် သူ့ရုံးနားနီးနီးတွင် သူငယ်ချင်းနှင့်အတူ တိုက်ခန်းတစ်ခန်း စပ်တူငှားနေ၏။ ကျွန်မနှင့် သိပ်တော့မနီးပေ။ ကျွန်မက လှည်းတန်းမှာနေပြီး သူက သုံးဆယ့်ငါးလမ်းမှာနေ၏။ အားလပ်ရက်တွေမှာ ကျွန်မနှင့်ချိန်းပြီး အမေရိကန် ယဉ်ကျေးမှုဌာန စာကြည့်တိုက်တို့ ဗြိတိသျှကောင်စီစာကြည့်တိုက်တို့သို့ သွားပြီး စာအုပ်တွေငှားဖတ်ကြ၊ ဟောပြောပွဲတွေ လိုက်နားထောင်ကြမို့ ခဏခဏတော့ တွေ့ဖြစ်သည်။

တစ်ခါတော့ ကျွန်မနှင့်တွဲနေသည့် မင်းမျိုးဆက်ကို လိုက်ပြီး အကဲခတ်ပေးပါဟု ပြောမိသည်။

'အကဲခတ်ပေးစေချင်ရင် ငါရှိတဲ့နေရာကို ခေါ်လာပေါ့'

'ခက်တာပဲ ကျွန်တော်တို့နှစ်ယောက်က အတိအလင်းချစ်သူတွေ မဖြစ်ကြသေးတော့ ကိုလတ်ဆီ ဘယ်လို ခေါ်လာရမှာလဲ'

'နင် တုံးတာလား။ တုံးချင်ယောင်ဆောင်တာလား'

တကယ်ပဲ ကိုလတ်က မျက်မှောင်ကုတ်ထားပြီး ဘာအကြံဉာဏ်မှ မပေးတော့ပေ။

နောက်တော့ ကျွန်မ၏ကျောင်းကနေ အပြန်မှာ မင်းမျိုးကိုလည်း ဆိုင်တစ်ခုမှာ ချိန်း၊ ကိုလတ်ကိုလည်း စာအုပ်တစ်အုပ်ပေးဖို့ အကြောင်းပြချက်ဖြင့် ထိုဆိုင်သို့ ချိန်းလိုက်သည်။ မင်းမျိုးက ထိုနေ့က စပို့ရှတ်ဒေါနရောင်ဖြင့် ထုံးစံအတိုင်း သားသားနားနား၊ နေကာမျက်မှန်တောင် တပ်ထားသည်ထင်၏။

မင်းမျိုးနှင့် ကိုလတ် စကားပြော အပေါက်အလမ်းမတည့်နိုင်ဘူးဟု ကျွန်မ ကြိုတွေးမထားခဲ့မိပေ။ မင်းမျိုးဆက်သည် ဖခင်က နိုင်ငံခြားရေး ရုံးအရာရှိ ဖြစ်သလို သူကိုယ်တိုင်ကလည်း နိုင်ငံခြားရေးရုံးမှာ အလုပ်လုပ်ဖို့ စီစဉ်နေသူဖြစ်သည်။



ကိုလတ်က အစိုးရဝန်ထမ်း မှန်သမျှကို အမြင်စောင်းစောင်းဖြင့်ကြည့်တတ်သူ ဖြစ်သည်။ မင်းမျိုးက နိုင်ငံခြားမှာ နိုင်ငံခြားရေးရုံးဝန်ထမ်းအဖြစ် အလုပ်သွားလုပ်ဖို့ နိုင်ငံခြားတိုင်းပြည်တွေကိုလှည့်ပတ်ပြီး နေထိုင်ဖို့ စိတ်ကူးနေသူဖြစ်ပြီး ကိုလတ်က မြန်မာနိုင်ငံမှာ ငါးနှစ်အောက် ကလေးသေနှုန်း မြင့်နေတာ၊ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်နိမ့်တာ၊ ဆင်းရဲနွမ်းပါးတာတွေက အစိုးရညံ့လို့ပဲဟု အစိုးရကို ပြောင်းပေးချင်နေသူမို့ အတွေးချင်း ဘယ်လိုမှ မတူနိုင်။

သို့သော် ကိုလတ်ကို ချုပ်တည်း မြိုသိပ်နိုင်လိမ့်မည်ဟုထင်ထားခဲ့လို့သာ မင်းမျိုးကို အကဲခတ်ဖို့ ခေါ်မိခဲ့တာပါ။ အခုတော့ ကိုလတ်သည်လည်း မောင်သက်ဝေလိုပဲ နည်းနည်းမှ ဟန်မဆောင်တတ်သူပါလား။ ကိုလတ်က အစိုးရယန္တရားကိုလည်းဆဖန်ပြီး မေ့လွယ်ပျောက်လွယ် အမှတ်မရှိသည့် ပြည်သူပြည်သားတချို့ကိုလည်း ဝေဖန်သည်။ ဘယ်လိုလုပ်ပြီး သူတို့ စကားပြောအပေါက်အလမ်းတည့်တော့မလဲ။

နောက်တော့ ကိုလတ်က ကျွန်မကို အပြစ်တင်သည်။

'အင်ကြင်း နင့်ဟာနင် ဘယ်လိုကောင်တွေနဲ့တွဲတွဲ နောက်တစ်ခါ ငါနဲ့တွေ့မပေးနဲ့။ အလကား ရေပေါ်ဆီတွေ'

'အင်ကြင်းလည်း နောက် တွေ့မပေးပါဘူး။ ကိုလတ်က သိပ်ရိုင်းတာပဲ'

ကိုလတ်သည် ထောင်မကျခင် နူးညံ့သိမ်မွေ့သလောက် ထောင်ကထွက်လာမှ စိတ်ဓာတ်တွေ ခက်ထန်မာကျောကာ ပိုရိုင်းသာသည်ဟု ကျွန်မ စွပ်စွဲမိသည်။

'ဟုတ်မှာပေါ့။ ထောင်ထဲမှာ တွေ့ခဲ့ရတဲ့အတွေ့အကြုံတွေက လူတစ်ယောက်ကို ဘဝပြောင်းသွားစေတဲ့အထိ ခါးသီး

www.burmeseclassic.com

www.burmeseclassic.com



တယ်လေ။ နင်မှ မကြုံဖူးဘဲ’

ကျွန်မ ဖတ်ဖူးသည့် တစ်ကျွန်းစံ၏အပြန်လမ်းဆိုသော ဝတ္ထုတစ်ပုဒ်ကို သတိရသည်။ အေဂျေကရိုနင်၏ဝတ္ထုလားမသိ။ ဘာသာပြန်သူကတော့ ထင်လင်းပါ။ ထိုဝတ္ထုသည် ကျွန်မငယ်စဉ်က ဖတ်ရပြီး အခုထိအာရုံထဲ မကြာခဏပြန်ပေါ်နေအောင် ကျွန်မကို လွှမ်းမိုးနိုင်ခဲ့သည့်စာအုပ်ဖြစ်သည်။

သူ တကယ်မသတ်သည့် လူသတ်မှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျသွားသော လူရိုးလူအေးတစ်ယောက် ထောင်ထဲမှာသူရှိနေစဉ် မိသားစုက သူအပြစ်မရှိသည့်အကြောင်းကို သက်သေပြဖို့ အချိန်ကာလများစွာ ငွေကြေးများစွာ စိုက်ထုတ်ပြီး အပြင်းအထန်ကြိုးစားနေရသည်။ နှစ်ပေါင်း တော်တော်ကြာတော့မှ အပြစ်မရှိပါ ဟူသည့် ကောက်ချက်ကို ရပြီး ထောင်ကနေ ပြန်လွတ်လာသည်။ မိသားစုက ဝမ်းသာကြည်နူးစွာ ကြိုဆိုကြသည်။ တစ်ကျွန်းစံလူအေးကြီးသည် ထောင်ထဲဝင်သွားတုန်းကပုံစံ မဟုတ်တော့ဘဲ ခါးသီးမှုများဖြင့် မာကျောခက်ထန်ပြီး ကြမ်းတမ်းသော လူကြီးတစ်ယောက် ဖြစ်လာသည်။ မိသားစု၏ နွေးထွေးမှုကို ရှောင်ဖယ်သော စိမ်းကားသော လူတစ်ယောက် ဖြစ်လာ၏။ ဘယ်လောက်များ နာကျင်စရာကောင်းလိုက်ပါလိမ့်။

ကိုလတ်ရော အဲဒီလိုပဲလား။ ကိုလတ် ထောင်ထဲမှာ ဘာတွေ ဖြစ်ခဲ့လဲဟု ကျွန်မ မေးဖို့ ကြိုးစားတိုင်း ကိုလတ်က စကားလွှဲလွှဲပစ်ခဲ့လေသည်။

မောင်သက်ဝေလိုက်လာသည့်နေ့က ကိုလတ်က ထူးထူးခြားခြား ကျွန်မအဆောင်သို့လိုက်ပို့ပေးသည့်နေ့ ဖြစ်သည်။ ညနေမိုးချုပ်ပြီမို့ လမ်းမီးတိုင်တွေလင်းနေပြီ။ ကျွန်မတို့အဆောင် ရှိရာလမ်းထဲသို့ အဝင် လမ်းထိပ်တွင် လမ်းဘေး ဈေးဆိုင်လေးတွေဖွင့်တူခင်းကျင်းကာ စည်ကားနေကြပြီ။ လမ်းဘေး ဈေးဆိုင်တစ်ခုနားမှာ မတ်တတ်ရပ်စောင့်နေသော မောင်သက်ဝေကို ကျွန်မ သတိ မထားမိ။ သူ့အနားကနေ ကပ်ပြီး ဖြတ်ကျော်လာခဲ့တော့မလို့။ ကိုလတ်က မြင်သွားခြင်း ဖြစ်သည်။



‘အင်ကြင်း ဟိုမှာ နင့် အရှုပ်ထုပ်လေးပါလား’

ကိုလတ်က အရှုပ်ထုပ်ဟု ခေါ်သူမှာ ကမ္ဘာလောကကြီးတွင် မောင် တစ်ယောက်တည်း ရှိပါသည်။

ပထမတော့ ကိုလတ် နောက်နေသည်ဟု ထင်၏။ သူ ရန်ကုန်ကို လာကောင်းလာနိုင်သည်ဟု နေ့စဉ်တွေးမိပေမယ့် သူ ရောက်လာချိန်ကတော့ သူ့ကို တွေးမနေခဲ့သည့်အချိန် ဖြစ်သည်။

တကယ်ပဲ ကျွန်မတို့နှစ်ယောက်ဆီသို့ လျှောက်လာနေသော ချာတိတ်ကို တအံ့တသြ မြင်တွေ့လိုက်ရသည်။ ကျွန်မ သိသိသာသာ ရင်ခုန်မသွားဘူးဟု လုံးဝ သေချာပါသည်။ အနည်းငယ် ဝမ်းသာလှိုက်လှဲမှုတော့ ရှိခဲ့တာပေါ့။

‘ဟယ် မောင်လေး’

ရေနံချောင်းမှာတုန်းက ငယ်ရွယ်ပြီး နုနယ်သော ကောင်လေးသည် ရန်ကုန်မှာတော့ အရွယ်ရောက်ပြီးသည့်လူငယ် တစ်ယောက်ပုံစံ ချက်ချင်းပြောင်းသွားသည်။

သူဝတ်နေကျ ဂျာကင်အကျႌပဲ။ သူဝတ်နေကျ အပြာနုဂျင်းဘောင်းဘီပဲ။ သို့သော် ဆံပင်က ဖွာဆန်ကျဲနေလို့လား။–သူ့မျက်လုံးတွေကပဲ ရင့်ကျက်သွားလို့လား။ ကျွန်မသိသည့် ချာတိတ်ထက် ငါးနှစ်လောက် ပိုကြီးနေသည့် လူငယ်လေးတစ်ဦးပါ။

‘မမ’

တွေ့လား။ မောင်သက်ဝေ လူမှုရေးညံ့တာ။ ကိုလတ်ကို နှုတ်ဆက်လိုက်တော့ ဘာဖြစ်မှာမို့လဲ။ လောကကြီးမှာ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းကိုပဲ လူထင်သည်ဟူသည့် အဓိပ္ပါယ်လား။ ကိုလတ်ကို မျက်စိတော့ ရှုန်းကြည့်လိုက်၏။ သို့သော် သူ့မျက်လုံးက ကျွန်မဆီမှာပဲ စူးစိုက်နေသည်။ သူ ကိုလတ်ကို မမှတ်မိလို့များလားဟု ကျွန်မ သူ့ဖက်ကနေ ဖြေပြီး တွေးပေးလိုက်သည်။

'မောင်သက်ဝေ မမှတ်မိဘူးလား။ မမတို့ခေါင်းရင်းအိမ်က ကိုဇော်လတ်လေ'

'အော် ဟုတ်ကဲ့ဗျ'

'အေး မောင်သက်ဝေ ရန်ကုန်ကို လာလည်တာလား'

'ဟုတ်တယ်'

'အခု ဘယ်မှာတည်းလဲ'

'ကျနော် ရွှေစေတီဘုန်းကြီးကျောင်းမှာ တည်းတယ်'

'ရွှေစေတီ ဟုတ်လား။ ရန်ကုန်မှာ ရွှေစေတီကျောင်းခွဲတွေ ရှိလားကွ'

'ရှိတယ်ဗျ မင်္ဂလာဒုံဘက်မှာ'

'အော် အေးအေး။ မင်း အဆင်မပြေရင် ငါ့ဆီလာ တည်းလို့ရတယ်။ ငါ မြို့ထဲမှာ နေတယ်'

'မောင်လေး မင်းလက်ထဲက ပဲကြော်ထုပ်တွေလား'

'အင်း'

'ကိုလတ် ပဲကြော်စားချင်တယ်ဆို တစ်ထုပ်ယူသွားလေ'

ကိုလတ်က ခေါင်းယမ်းဖို့ ပြင်ဆဲမှာ မောင်သက်ဝေက 'အဲဒါတွေက မမအတွက်' ဟု ဖြုန်းခနဲ ပြောလိုက်လေသည်။

ဟောတော်။ ဘယ်လို အလိုက်ကမ်းဆိုးမသိတတ်တဲ့ ကောင်လေးပါလိမ့်။ ကျွန်မ စိတ်တိုသွားသည်။

ဟန်မဆောင်နိုင်သည့် သူ့ကိုပဲ စိတ်ဆိုးရမလား။ သူ့အကြောင်းကို သိနေရက်သားနဲ့ဟု ကိုယ့်ကိုယ်ကိုပဲ စိတ်ဆိုးရမလား။



ကျွန်မမျက်နှာ မအီမလည် ဖြစ်သွားပုံရသည်။ ကိုလတ်က ကျွန်မ ခေါင်းကို လက်ဝါးဖြင့် အသာဖိလျက် ဆံပင်ကို ဖွသပ်ကာ ခပ်အေးအေး ပြုံးနေသည်။

ကိုလတ်သည် ကျွန်မနှင့်အတူ အဆောင်အထိ လိုက်ဖို့ အစီအစဉ်ကို ဖျက်လိုက်ပြီး နေရာမှာတင်ကျန်ရစ်ခဲ့သည်။

တကယ်တော့ မောင်သည် ရန်ကုန်သို့ အလည်လာတာတော့။ အလုပ်လုပ်ဖို့ လာတာဖြစ်သည်။ ဘုန်းကြီး ဦးမာဝိတတို့ သူ ပူဆာလို့ ဘုန်းကြီးက ရန်ကုန်ရောက်နေသည့် ရေနံချောင်းသားအသိဒါယကာတစ်ဦးကို မိတ်ဆက်စာရေးပေးပြီး လွှတ်လိုက်ခြင်း ဖြစ်သည်။ မင်္ဂလာဒုံမှာ ရွှေစေတီဘုန်းကြီးကျောင်း ရှိတယ်ဆိုတာလည်း ညာပြောခြင်းသာ ဖြစ်သည်။ သူက ဒဂုံမြို့သစ်မှာ တည်းခိုနေတာ ဖြစ်သည်။ ဒါတွေကို ကျွန်မ သိရသည်က သူ ရန်ကုန်ရောက်ပြီး လေးငါးခြောက်ရက်ကြာမှ ဖြစ်ပါသည်။

'မမ မော်ဘီကို သွားချင်ရှင် ဘာကား စီးရမှာလဲ'

'မမ အရောင်းမြှင့်တင်ရေးဝန်ထမ်းဆိုတာ ဘာအလုပ်တွေ လုပ်ရတာလဲ'

'မမ ကားမောင်းသင်ဖူးလား။ ကားမောင်းသင်ချင်ရင် ဘယ်မှာသင်ရတာလဲ'

သူ့ဆီက မေးခွန်းတွေ တစ်မျိုးပြီး တစ်မျိုးတိုးလာတာကို ကြည့်ခြင်းအားဖြင့် သူ ရန်ကုန်မှာအလုပ်လုပ်တော့မည်ဟု သိရခြင်းဖြစ်သည်။

သူနှင့်ဝေးနေစဉ်တုန်းက သူ့အကြောင်းကို ကျွန်မ သိသည်ဟု ထင်ခဲ့၏။ အခုလို လူချင်းနီးသည့်အခါကျမှ သူ့အကြောင်းကို ကျွန်မ တကယ်မသိပါလား ဟု ခံစားရသည်။ သူတည်းခိုနေသည့်

www.burmeseclassic.com

www.burmeseclassic.com



ဒဂုံမြို့သစ်က အသိအိမ်ကို ကျွန်မအား တော်တော်နှင့် လိပ်စာ မပြောပေ။ ဘာလဲ မမဆီ ကျနော် လာမှာပေါ့။ ကျနော်တာ ယောက်ျားလေးပဲ။ မမက လာစရာမှ မလိုပဲဟု ကျွန်မကို အကြောင်းပြသည်။ နောက်တော့ သူ အဲဒီမှာ နေနေတာရော ဟုတ်ရဲ့လားဟုပင် ကျွန်မ သံသယ ဖြစ်သွားသည်။

ဘာပဲဖြစ်ဖြစ် အင်္ဂလိပ်စာတော်မှ ဖြစ်မည်ဟု သူ့ကိုယ်သူ သိသော မောင့်ကို ကျွန်မ သည့်ထက်မက တတ်မြောက် စေချင်သဖြင့် ကျွန်မစာသင်သည့် ကျောင်းမှာ ကျောင်းအပ်ပေးလိုက်၏။ ကျောင်းလခက နည်းနည်းများတော့ သူ့မှာ ပါလာသည့်ငွေ မလောက်သဖြင့် ကျွန်မ စုထားသည့်ငွေထဲကနေ စိုက်လိုက်သည်။

'ကျနော် လခထုတ်ရင် ပြန်ပေးမှာနော် မမ'

'အေး နေစမ်းပါဦး မင်းလခ ဘယ်လောက်ရမှာလဲ'

'မမကို အကြွေးဆပ်တာထက် နည်းနည်းတော့ပိုမှာ'

တွေ့လား။ မေးခွန်းတစ်ခုကို သူဖြေပုံကိုက လျှို့ဝှက်မှုတွေ အဖုံးအပိတ်တွေနဲ့။

'အတော်ပဲ မမကျောင်းမှာ ဆိုတော့ မမကို ကျောင်းသွား ကျောင်းပြန် အဖော်လိုက်ပေးလို့ရပြီ'

'ဘယ်ဖြစ်မလဲ။ နင် စာသင်ရမယ့်အချိန်က တစ်ချိန်တည်းရယ်။ မမက စာသင်ချိန်တွေ အများကြီးမို့ မင်းနဲ့ အချိန် မတူဘူး'

သို့သော် သူ့အလုပ်ချိန်နှင့်တိုက်နေတာများပါသည်။

'မောင်လေး နင် ထမင်းစားတော့ ဘယ်မှာစားလဲ'

'ကြုံသလိုပဲ'

'ကြုံသလိုဆိုတာ ဘယ်လိုမျိုးလဲ'



'အော် ခေါက်ဆွဲသုပ်တို့ ထမင်းဆီဆမ်းတို့ပေါ့'

'ထမင်းချိုင့်မယူဘူးလား'

'မယူဘူးလေ။ ဘယ်သူက ချက်ပေးမှာလဲ'

မောင် ကျွန်မနှင့်နီးနီးလေးမှာ နေထိုင်ဖို့ တိုက်တွန်းမိခဲ့သူက ကျွန်မပါ။ ဝန်ခံပါသည်။ သို့သော် ကျွန်မ၏စေတနာက မောင့်ကို အန္တရာယ်ကင်း သန့်ရှင်းပြီး အာဟာရပြည့်သည့် အစားအစာတွေ စားစေချင်လို့ပါ။ ကျွန်မက နံနက်တိုင်း ကိုယ့်ထမင်းကိုယ် ချက်ပြီး ကျောင်းသို့ ထမင်းဘူးထည့်ယူသွားနေကျမို့ သူ့အတွက် ထမင်းဘူးတစ်ခု ထပ်ပိုလို့ ထူးခြားပြီး အချိန်ကုန်မှာမှ မဟုတ်ဘဲ။ ကျွန်မက ဒီလောက်ပဲ တွေးပြီး တိုက်တွန်းခဲ့တာ။ သို့သော် ကျွန်မ ကြိုတင်မတွေးခဲ့မိသည့် အကျိုးဆက်တွေက အများကြီးပါလား။ အထူးသဖြင့် လျှို့ဝှက် ဖုံးကွယ်တတ်သည့် မောင့်အတွက် ကျွန်မ၏မျက်စိအောက်မှာ နေရတာ စိတ်ကျဉ်းကြပ်နေလိမ့်မည်ဟု မတွေးခဲ့မိပေ။ ငယ်စဉ်တုန်းက ကျွန်မအိမ်နှင့် နီးချင်လို့ ဂုဏ်ရောင်လမ်းမှာ ရှိသည့် ပွဲရုံတွေမှာ ကူလီထမ်းခဲ့သည့် ကောင်လေးသည် ကျွန်မ အနီးသို့ ပျော်ရွှင်စွာ ပြောင်းရွှေ့လာလိမ့်မည်ဟုပဲ ထင်ခဲ့တာပေါ့။

သူ့အလုပ်လုပ်နေတာက သူပြောထားသလို အချိုရည်စက်ရုံ မဟုတ်ဘဲ ဘီယာစက်ရုံဟု အမှန်အတိုင်း ကျွန်မသိစေချင်မှာမဟုတ်။ အဝတ်အစားတွေကို မလျှော်ဘဲ ဝတ်ပြီးသားတွေကို တစ်လှည့်စီ ပြန်ဝတ်နေတာကို ကျွန်မ သိစေချင်မှာမဟုတ်။ လကုန်ရက်တိုင်း ရန်ကုန်လာဖို့ သူချေးငှားလာခဲ့သော ပိုက်ဆံ၏ အတိုးကို သူ့အဖေကတစ်ဆင့် လှမ်းလှမ်းပို့နေရတာကို ကျွန်မ သိစေချင်မှာမဟုတ်။

ကျွန်မမသိစေချင်သော အကြောင်းတွေကို သူဖုံးကွယ်

www.burmeseclassic.com

www.burmeseclassic.com



ထားသော်လည်း ပိပိရိရိ လိမ်တတ်သူလည်း မဟုတ်။ စကားပြော ရင်း တစ်စွန်းတစ်စ ထွက်လာတာကို ဖိပြီး မေးလျှင်ပေါ်ရော ဒီ့ထက်ဆိုးတာက ရှေ့ကဖုံး နောက်ကပေါ် တစ်ခုနှင့်တစ်ခု ဆန့် ကျင်ဘက်တွေ ဖြစ်ကုန်တာမျိုး။ ပထမတော့ ဒီကလေးနှယ်နော် ဟု ရယ်မိသည်။ နောက်တော့ တဖြည်းဖြည်း ဖုံးကွယ်မှုတွေ ပေါ် ပေါ်လာတာ များလွန်းတော့ ကျွန်မ မရယ်နိုင်တော့ပေ။

'နင်ဟာလေ ငယ်ငယ်တုန်းက ပန်းသီးလေးတစ်လုံးပဲ။ အခွံကို ခွာလိုက်ပြီးရင် ဘယ်နေရာမှာမဆို ချိုတာချည်းပဲ၊ အခွံ ကလည်းပါးပါးလေး။ အခုတော့ နင် သလဲသီးတစ်လုံး ဖြစ်နေပြီ'

'ဟာ သလဲသီးတော့ ကျနော် မကြိုက်ဘူးမမရယ်။ ပန်းသီးပဲ လုပ်ပါ'

သူက အပြုံးစစဖြင့် ကျွန်မစကားကို လမ်းလွှဲဖို့ ကြိုးစား သည်။

'အခွံကလည်း ထူသလားမမေးနဲ့။ အတွင်းကို မြင်ရဖို့ တော်တော် ခွာရတယ်။ လက်နာအောင် ခွာယူရတယ်။ အတွင်း ကို မြင်ရပြီလို့လည်း ဝမ်းသာလို့မရဘူး။ နောက်ထပ် အကန့်တွေ တစ်မျိုး။ တစ်ကန့်ပြီးတစ်ကန့်၊ အကန့်တွေခွဲထားလိုက်တာ။ တစ်ကန့်ပြီးမှတစ်ကန့် လူတွေကို ထုတ်ပြတာ။ မင်းက လျှို့ဝှက် လွန်းတယ်။ သိပ်ဖုံးကွယ်လွန်းတယ်။ မမအကြောင်းဆိုရင် မင်း မသိတာ ဘာရှိလဲ။ ဘာမှ မရှိဘူး။ အဲဒါကို မင်း ဘာပြောမလဲ'

'မမက စိတ်ကို ထိန်းချုပ်နိုင်စွမ်း နည်းသေးတယ်လို့ ကျနော် ပြောမှာပေါ့'

သူက ကျွန်မကို အပြုံးမပျက် ဖြေပါသည်။

(၇)

သစ်တပွေသည် ရေနံချောင်းမြို့၏ မော်တော်ဆိပ်တွေ ထဲမှ လက်ရှိအသုံးပြုနေကြသော မော်တော်ဆိပ်ဖြစ်သည်။

ဧရာဝတီမြစ်သည် ရေနံချောင်းဘက်ဖြစ်သော အရှေ့ ဘက်ကမ်းတွင် ရေတိုက်စားမှု နုံးတင်မှုတို့ ပြောင်းလဲဖြစ်ပေါ် လာသဖြင့် သင်္ဘောဆိပ်တို့ တရွေ့ရွေ့နေရာ ပြောင်းရသည်။ ရှေးတုန်းက လှေသင်္ဘောများ ဆိုက်ကပ်ရာ သပြေတန်းဆိပ်ကမ်း၊ နောက်တော့ သစ်တပွေဆိပ်ကမ်း၊ နောက်တော့ ညောင်လှဆိပ် ကမ်း စသည်ဖြင့် ဧရာဝတီမြစ်ကြောင်းကိုလိုက်ပြီး အသုံးပြုသည့် သင်္ဘောဆိပ်ကမ်းတွေ ပြောင်းနေရသည်။ အခုအခါ ကျွန်မတို့ ရောက်နေသည်မှာ သစ်တပွေဆိပ်ကမ်း ဖြစ်သည်။

လှေ၊ မော်တော်တို့ ဆိုက်ကပ်ရာ ဧရာဝတီမြစ်ဘေး တူးတို့ဆိပ်ကမ်းသည် အရိပ်ရသစ်ပင်ကြီးများဖြင့်အေးချမ်းနေ၏။ ရာသီဥတုက အအေးမပြယ်တပြယ် ဆောင်းကုန်ခါနီးရာသီ ဖြစ်သ ဖြင့် မြစ်ကမ်းဘေးမှာ လေတဟူးဟူး တိုက်ခတ်ပြီး အေးနေဆဲ။ တွမ်းယာဆိုင်၊ အကြော်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ ထမင်းဆိုင်စသည်ဖြင့် ဆိုင်သေးသေးလေးတွေကို အနှံ့အပြား တွေ့ရသည်။ ကူးတို့ဆိပ်တွင် ခရီးသည်တို့ဖြင့် စည်ကားနေပြီ။

၂၀၀၂ခုနှစ်တွင် မေမေ့ကလေးတို့သည် အသက် ၂၁နှစ်

www.burmeseclassic.com



အရွယ်သို့ရောက်ကြပြီ။ ခုနစ်နှစ်ထပ်ကြာသွားပြီမို့ မှတ်တမ်း ထပ်ယူရမည့်ကာလ ဖြစ်သည်။ သည်တစ်ခါ ကလေးတွေက အရင်လို ရေနံချောင်းတစ်မြို့တည်းမှာ တစ်စုတည်းမရှိကြတော့ဘဲ အဝေးမှာ တက္ကသိုလ်သွားတက်သူ၊ နယ်ပြောင်းသူ စသည်ဖြင့် နေရာတွေ မတူကြ။ နေရာအနှံ့လိုက်ရမှာမို့ မေမေ ပင်ပန်းမည်။ အဝေးနေရာတွေကို မေမေ့ကိုယ်စား ကျွန်မတို့က မှတ်တမ်းယူကြပါသည်။

အခု နေမင်းဦးကတော့ မိုးမခနှင့် အခြားကလေး သုံးလေးယောက်လိုပင် ရေနံချောင်းမြို့မှာပဲ နေထိုင်သည်။ သူငယ်ချင်းတင့်တင့် သူ့ကြောင့်သေရသည်ဟု စိတ်ဝေဒနာဖြင့် အသက်ရှင်နေထိုင်နေရသူ မိုးမခက ဘုရားကုန်းရွာမှာ မူလတန်းပြဆရာမလေး ဖြစ်နေပြီ။ မိုးမခကို မနက်ဖြန်မှ သွားတွေ့မည်။ သည်ကနေ့ နေမင်းဦးကို မေမေကိုယ်တိုင် တွေ့ဆုံမေးမြန်းမည်။

သစ်တပွေရွာထဲက သစ်ပင်တွေပတ်လည်ဝိုင်းနေသော ခပ်သင့်သင့် ပျဉ်ထောင်အိမ်လေးဆီသို့ ကျွန်မတို့ရောက်ချိန်တွင် နေမင်းဦးက အိမ်မှာမရှိတော့ပါ။ နံနက်စောစော ဆွမ်းခံမကြွမီ အချိန်ကတည်းက သူ အလုပ်လုပ်ရာ ကမ်းနားသို့ သွားပြီဟု သူ့မိခင်က ပြောသဖြင့် ကျွန်မတို့အုပ်စု ကမ်းနားသို့ လိုက်သွားရသည်။နေမင်းဦးတို့ဆိုင်က လေထိုးကျွတ်ဖာ ဆိုင်တဲ့။ ကွမ်းယာဆိုင်လေးဘေးက အမိုးသာပါပြီး အကာမရှိသော တဲလေးဖြစ်သည်။

ဆိုင်နာမည်မရှိ။ လေထိုးမည့်ပလတ်စတစ်ပိုက် သေးသေးရှည်ရှည်တစ်ခုကို ခွေပြီး မန်ကျည်းပင်ခွကြားမှာ ချိတ်ထားသည်။ ဆိုင်ထဲမှာ ဓာတ်ငွေ့ထည့်ထားသည့် လေအိုးကြီးတစ်ခု ရှိနေသည်။ နောက်ပြီး လေထိုးတာနှင့်ဆိုင်လား၊ မဆိုင်လား မသိနိုင်သည့် မော်တာတွေ၊ သံထည်ပစ္စည်းတွေကိုလည်း တွေ့ရသည်။ သစ်တပွေရွာထဲကအိမ်တွင် သူနေတာ နည်းပြီး မော်တော်ဆိပ်မှာ



ဆောက်ထားသည့် အခုယာယီတဲလေးတွင် တစ်နေ့တာကို ကုန်ဆုံးလေ့ရှိသည်ဟု ဆိုသည်။

နေမင်းဦးကိုတွေ့တော့ ကျွန်မ အံ့ဩသွားသည်။ ပခုံးနှင့် လက်မောင်းမှာ ကြွက်သားအပြည့်နှင့် အရွယ်ရောက်ပြီးသော ယောက်ျားတစ်ဦး ဖြစ်နေလေသည်။ လူလားမြောက်လာသည့် မေမေ့ကလေးတွေထဲမှာတော့ မောင်နေမင်းဦးက လူကြီးနှင့်အတူဆုံး ပါပဲ။ မောင်နေမင်းဦးသည် မိသားစုတာဝန်ကို ဖခင်နှင့်အတူ ဦးဆောင်သူ ဖြစ်လာခဲ့ပြီ။

‘ဆရာမ’

မောင်နေမင်းဦးက ကျွန်မတို့ကို မြင်တော့ အားရပါးရ နှုတ်ဆက်သည်။

မေမေ့ကလေးတွေထဲတွင် ငယ်ငယ်တုန်းက ကြွေးကြော်ထားသည့်ရည်မှန်းချက်အတိုင်း တစ်သွေမတိမ်း ဖြစ်လာသူက တော်တော်ရှားသည်။ အဲသည်လူတွေထဲမှာ နေမင်းဦးပါဝင်သည်။

ငယ်ငယ်တုန်းက ရေငုတ်သမား ဖြစ်ချင်တယ်ဟု ပြောခဲ့သည့် သူ့စကားကို ကျွန်မ ဗွီဒီယိုတွေ ပြန်ကြည့်ရင်း တွေ့ရသော်လည်း ဒါကို အလေးအနက်တော့ မယူဆခဲ့မိပေ။ အခုအခါ သူသည် သူပြောသည့်အတိုင်းပင် ဖြစ်လာခဲ့ပြီကို မြင်တွေ့ရသည်။

မေမေက သူ အလုပ်လုပ်သည့်နေရာထိ လိုက်သွားပြီး မေးမြန်းချင်သည်ဆိုလို့ ကျွန်မတို့ သူ့မော်တော်လေးနှင့် လိုက်သွားကြပါသည်။

ကျွန်မ စိတ်ထဲတွင် ရေငုတ်သမားဆိုလျှင် ရုပ်ရှင်တွေထဲမှာ တွေ့မြင်ရတတ်သည့် ရေငုတ်ဝတ်စုံတွေ၊ မျက်နှာဖုံးတွေနှင့် ကျောမှာအောက်ဆီဂျင်ဘူးကို ပိုးထားသည့်လူတွေကိုသာ မှန်းဆမြင်ယောင်ခဲ့၏။ အခုတော့ မောင်နေမင်းဦး ရေငုတ်သည်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဘာပစ္စည်း ဘာကိရိယာမှ မပါဘဲ လူချည်းသက်သက် ရေငုတ်ခြင်း ပါတကား။

ရေငုတ်သည့်အခါ သူ့အဖေက ခါးတောင်းကျိုက်ဖြင့် ငုတ်ပြီး သူက ဘောင်းဘီတိုနှင့်ငုတ်သည်။ ဒါပဲ ကွာသည်။ ကျန်တာတွေကတော့ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကအတိုင်းပါပဲ ဘာမှ မပြောင်းလဲပါဘူးဟု နေမင်းဦးက ပြောသည်။

'ကျနော်က အကျႌကို တီရှတ်အလတ်စ်တစ်စမျိုးကို ရွေးပြီးဝတ်တာပေါ့။ ချည်လိုလည်း ရေထဲမှာ မလေးဘူး။ ရေက အေးနေရင်လည်း အအေးဒဏ်ကို သိပ်မခံရဘူးလို့ ထင်တာပဲ'

ကျွန်မတို့ခြောက်ယောက် အသေးစားစက်လှေလေးဖြင့် မြစ်လယ်သို့ ထွက်လာကြသည်။ သို့မဟုတ် မော်တော်ဟု ပြောရမလား။ ပဲ့ထောင်ဟု ပြောရမလား။ ကျွန်မတို့ရေနံချောင်းကတော့ စက်တပ်ထားသည့် အလတ်စားရေယာဉ်ဆိုလျှင် မော်တော်ဟု ခေါ်ကြတာပါပဲ။ နေမင်းဦးရယ်၊ သူ့ဖခင်ရယ်၊ သူ့ညီလေးရယ် ပြီးတော့ ကျွန်မ တို့သုံးယောက်ရယ်။

မြစ်သည် ရေနံချောင်းတစ်ဝိုက်တွင် သဲသောင်ခုံတွေများစွာ ပေါ်ထွန်းနေပြီမို့ ကျွန်မတို့ စက်လှေလေးသည် မြစ်ထိုသည်ဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ တိုက်ရိုက်မောင်းရတာမျိုး မဟုတ်ဘဲ အလျားလိုက်မောင်းလိုက်၊ ကန့်လန့်မောင်းလိုက်၊ နောက်တစ်ခါ အလျားလိုက်ပြန်မောင်းလိုက်ဖြင့် သောင်ခုံတွေကို ကျော်လိုက် ကွေ့လိုက် ရှိသည်။

'ကျနော် ရေငုတ်ရင်း မြစ်အောက်ခြေမှာ တွေ့ထားတဲ့ သံသေတ္တာတစ်လုံးရှိတယ်ဆရာမရဲ့။ ကျနော် ဘယ်သူ့ကိုမှ မပြောဘဲ ထားတာ။ ဒီနေ့ အဲဒါကို ဖော်မှာ'

ကျွန်မ မော်တော်ပြေးလွှားနေရာ ဧရာဝတီမြစ်ရေပြင်ကို



ငုံ့ကြည့်လိုက်သည့်အခါ ရေသည် ဘာကိုမှ ထွင်းဖောက်မမြင်ရအောင် နောက်ကျိနေသည်ကို မြင်ရသည်။ သံသေတ္တာကို သူ ဘယ်လိုလုပ်ပြီး မြင်တွေ့ရပါလိမ့်။

'သံသေတ္တာကို ဘယ်လိုတွေ့တာလဲ'

မေမေက မေးသည်။

'ကျနော်ရေငုတ်ရင်းနဲ့ မြစ်ကြမ်းပြင် ကျောက်စရစ်ခဲတွေကြားမှာ အင်္ဂလိပ်ခေတ်က ဒင်္ဂါးပြားဟောင်းတစ်ခုကို သွားတွေ့တယ်လေ။ ဒါနဲ့ အနားတစ်ဝိုက် အခေါက်ခေါက်အခါခါ ရေငုတ်ပြီး ရှာလိုက်တာ။ သံသေတ္တာကိုတွေ့ရော'

'သံသေတ္တာတော့ဟုတ်ချင်မှ ဟုတ်မှာပါဗျာ။ ဒီကောင်က သူဖြစ်ချင်တာတွေ ပြောနေတာ။ မြစ်ကြမ်းပြင်မှာ နုံးထဲမှာ မြုပ်နေတာဆိုတော့ ဘာရယ်လို့ မသိနိုင်ဘူး'

သူ့အဖေက အနည်းငယ် မျက်မှောင်ကြုတ်လျက် ဝင်ပြောလေသည်။

'အဖေကလည်း အဲဒါ သံသေတ္တာဗျ။ လောင်းမလား။ ကျနော် ထိုးဆွကြည့်ခဲ့သေးတယ်။ သံသေတ္တာမှာ ထွင်းထားတဲ့ စာလုံးတောင် ကျနော် မြင်ခဲ့တယ်လေ။ ဝိုင်စာလုံးလားမသိဘူး'

နေမင်းဦးက စိတ်လှုပ်ရှားနေသလောက် သူ့အဖေကတော့ တည်တည်ငြိမ်ငြိမ်ပါပဲ။ မြစ်ကြမ်းပြင်ဆီသို့ သူတစ်သက်မှာ အခေါက်ပေါင်းများစွာ အခါခါ ဆင်းခဲ့ဖူးပေလိမ့်မည်။ မျှော်လင့်ချက်တို့လည်း နည်းမျိုးစုံဖြင့် ပျက်စီးပျောက်ကွယ်ခဲ့ဖူးပေလိမ့်မည်။

'ရေထဲကဆယ်ဖို့ လေးမှာပေါ့။ ကြိုးနဲ့ဆွဲယူမှာလား'

'ဟုတ်တယ်။ ဒါပေမယ့် ရေထဲမှာ ပစ္စည်းတွေကို မရှင်းလေထဲမှာထက် ပိုပေါ့တယ်လေ အစ်မ'

'အော် အေး'

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဘာနိယာမပါလိမ့်။ ကျွန်မ တစ်ချက်စဉ်းစားဆဲ ကိုလတ်က အာခိမိဒိစ်နိယာမလေ အင်ကြင်းတဲ့။ ကျွန်မ နည်းနည်း ရှက်သွားသည်။ ကျွန်မက ကိုလတ်လို ရူပဗေဒဖြင့် ဘွဲ့ရထားသူမှ မဟုတ်ဘဲ။ ကျွန်မက အင်္ဂလိပ်စာအဓိကလေ။ ကျွန်မက ကဗျာတွေကို ပိုပြီး မှတ်မိတတ်သူပါ။

'အောက်ဆီဂျင်ဘူးမပါဘဲ မင်း ရေငုတ်နိုင်တယ်ပေါ့'

ကျွန်မ တအံ့တသြမေးတော့ သူက ရယ်ပါသည်။

'အစ်မကလည်း ငုတ်နိုင်တာပေါ့။ ကျနော် ငါးမိနစ် ကြာအောင် ရေငုတ်နိုင်တယ် ယုံလား'

ငါးမိနစ်။ စက္ကန့်သုံးရာ အို မနည်းပါလား။

'ကျနော်တို့ငယ်ငယ်က မြစ်ထဲဆင်းရေချိုးရင်း ရေငုတ်ပြိုင်နေကျလေ။ ကျနော် အမြဲတမ်းနိုင်တယ်။ အခု အဖေ့စံချိန်တို့ ကျနော် ချိုးနိုင်အောင် ကြိုးစားနေတယ်'

တက်ကြွစွာပြောနေသည့်ကောင်လေး၏ ညိုမောင်း သော ပါးပြင်တို့ကို ကျွန်မ ငေးကြည့်နေမိသည်။

ကားမောင်းတဲ့လူရဲ့အသက်အန္တရာယ်ထက် ရေငုတ်တဲ့ လူရဲ့အသက်အန္တရာယ်က ၉၆ဆ ပိုများတယ်တဲ့။ ဘယ်စာအုပ် ထဲမှာလဲမသိ၊ ကျွန်မ ဖတ်ဖူးသည်။ ရေငုတ်သူမှာ ရေထုဖိအား ကို ခံနေရသည်မို့ ရေနက်နက်ငုတ်လေ ဖိအားပိုများလေ ဖြစ်မှာ ပေါ့။

ကမ္ဘာ့ရေငုတ်ချန်ပီယံကြီးတွေကတော့ ရေထဲမှာ အသက်အောင့်ပြီး ငုတ်နိုင်တဲ့အချိန်ကို ၈မိနစ်ဟု ဆိုသည်။ ဒီကောင်လေးက ငါးမိနစ်ရတယ်ဆိုတော့ ဘယ်ဆိုးလို့လဲ။ ရေအနက်မီတာပိုများလေ စံချိန် တင်နိုင်လေ ဖြစ်မည်။

'ရေထဲကနေ ဘာပစ္စည်းတွေ ရတတ်လဲ' ဟု ကိုလတ်အား



မေးသည့်အခါ 'အစုံပဲ' ဟု ပြောပြီး နေမင်းဦးက ရယ်ပါသည်။

'တစ်ခါတစ်ခါ အဖိုးတန်ပစ္စည်းမှတ်လို့ ဆယ်လာတာ ရေပေါ်ရောက်တော့မှ သံထည်အစုတ်ကြီး ဖြစ်ချင်ဖြစ်နေတာ'

'ဘာဖြစ်လို့ ရေငုတ်ချင်တာလဲ'

မေမေတို့ မမေးပေမယ့် ကျွန်မ သိချင်သဖြင့် မေးလိုက် မိခြင်း ဖြစ်ပါသည်။

'ရေထဲကရတဲ့ပစ္စည်းတွေကို သွားရောင်းရင် ပိုက်ဆံရ တယ်လေ'

'ဒါပဲလား'

'ဒါပဲပေါ့'

'မဟုတ်သေးပါဘူး။ ရေထဲမဆင်းဘဲ အပြင်မှာ တခြား အလုပ် လုပ်လည်း ပိုက်ဆံတော့ရတာပဲ မဟုတ်လား'

ကောင်လေး နည်းနည်းတွေသွားသည်။

'မင်းပဲ ပြောတယ်လေ။ တစ်ခါတစ်ခါ မှန်းချက်နဲ့ နှမ်းထွက်နဲ့မကိုက်ဘူးဆို။ ရေထဲမှာ နွံတွေ နုံးတွေကြားထဲမှာ တွေ့ရတဲ့ ပစ္စည်းကို အဖိုးတန်တယ်ထင်မိပေမယ့် တကယ်တော့ အဖိုး မတန်ဘူးဆို'

'အင်း အဲဒါတော့ ဟုတ်တယ် အစ်မ။ ဒါပေမယ့် ရေထဲ ကနေ ဆယ်လာတဲ့ပစ္စည်းတွေကို ဝယ်မယ့်လူမရှိလည်း ကျနော်က ဒိုတောင် သဘောကျနေသေးတယ်။ အဲဒါတွေကို ကျနော် သိမ်း ထားတာပေါ့'

'ဘယ်လိုပစ္စည်းမျိုးတွေ မရောင်းရလို့ သိမ်းထားရလဲ'

'သစ်တုံးတို့ ဘွတ်ဖိနပ်အဟောင်းတို့ မီးခွက်ဟောင်းတို့ ဈည်ဆန်ခွံတို့ ဗုံးဆန်တို့'

'ဟင်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလန့်သွားတော့ ကိုလတ်က ရယ်သည်။

'နင်ကလည်း နင့်အိမ်မှာ ဘွားဘွား ပန်းကပ်နေတဲ့ ကြေး ပန်းအိုးက ပုံးဆန်ခွံအဟောင်းလေ'

'အော် အင်း'

ကျွန်မတို့စက်လှေက ရေလယ်ခေါင်သို့ ရောက်လာ၏။ တကယ်တော့ ကျွန်မ ရေကို ကြောက်ပါသည်။ ကျွန်မ ရေမကူး တတ်ပါ။ မေမေလည်း ရေမကူးတတ်ပါ။ သို့သော် မေမေက ရေကို မကြောက်ပါ။ အင်းလေ မေမေက ရေကိုမှ မဟုတ်၊ ဘာကိုမှ မကြောက်ပါ။ ကိုလတ်၏ စိတ်ကူးဖြင့် ကျွန်မနှင့်မေမေ အသက် ကယ်အင်္ကျီတွေကို ဝတ်ထားကြသည်။

သီတင်းကျွတ်ပြီးခါစမို့ ရေက ကျဆင်းခါစပဲ ရှိသေး၏။ ရေနံချောင်းတွင် မိုးမရွာတော့သည်မှာ တစ်ပတ်တော့ ကျော်ပြီ။ သို့သော် ဒီအချိန်သည် တကယ်တမ်း ရေငုတ်လို့ကောင်းသည့် အချိန်တော့ မဟုတ်သေးဟု နေမင်းဦးက ပြောခဲ့ပါသည်။ ဆောင်းအခါက မြစ်ရေသည် ပိုပြီးကြည်လင်သည်ဟု ပြောသည်။ မြစ်လယ်တွင် ခပ်ကြမ်းကြမ်းတိုက်ခတ်သည့်လေကြောင့် ပိုပြီး လှိုင်း ထန်လာသည်ဟု ကျွန်မ ထင်သည်။

'ဟောဒီနားလောက်မှာပဲအဖေ'

စက်လှေပေါ်ကနေ ရေထဲငုံ့ကြည့်တော့ ရေလှိုင်းတွေထ လွဲလို့ ကျွန်မ ဘာမှ မမြင်ရပါ။

နေမင်းဦးသည် အထွေအထူးကိရိယာ တစ်ခုမှ မပါဘဲ ရေထဲဆင်းရန် ပြင်နေသည်။

'ခြေထောက်မှာ ရေယက်တို့ဘာတို့လည်း မတပ်ဘူးပေါ့ ဟုတ်လား'

နေမင်းဦးတို့ သားအဖသုံးယောက်က ရယ်မောပြီး ခေါင်း ခါယမ်းကြသည်။ သို့သော် နေမင်းဦးက သူ့လွယ်အိတ်ထဲမှ တစ်စုံ တစ်ခုကို ထုတ်ယူလိုက်၏။ အပြာရောင်။

'ကျွန်တော့်မှ ဒါတော့ ရှိတယ်ဗျ'

ရေကူးသမားတွေ သုံးတတ်သည့် မျက်မှန်မျိုးပါ။ အလို။ ဒီမျက်မှန်ကို ကျွန်မ သိပါသည်။ မောင်နှင့်ကျွန်မ အားကစားဆိုင် တစ်ခုမှာ သွားဝယ်သည့် ရေငုတ်မျက်မှန်မဟုတ်လား။ မောင်သက် ဝေက စက်တင်ဘာလတုန်းက ရေငုတ်မျက်မှန်တစ်ခုလောက် လို ချင်လို့ ဟု ကျွန်မအား ဆိုင်လမ်းညွှန်မေးခဲ့တော့ ကျွန်မပဲ လိုက်ပို့ ခဲ့ရတာ။ အပြာရောင်ကို သူက ရွေးတော့တောင် ကျွန်မက မင်းနဲ့ ဆို အဝါရောင်ကပိုလိုက်တယ်ဟု ပြောခဲ့သေးတာ။ သူက အပြာပဲ ကြိုက်သည်ဟု အပြာပဲ ဝယ်ခဲ့သည်။ ဟောဒီ မျက်မှန်ပဲ ပေါ့။

အင်း ဟုတ်ချင်မှ ဟုတ်မှာပါ။ ဆင်တူနေတာ မဖြစ်နိုင် ဘူးလား။ နေမင်းဦးအတွက် ဝယ်တာဆိုလျှင် သက်ဝေက အမှန် အတိုင်းပြောမှာပေါ့။ ဘာဖုံးကွယ်လျှို့ဝှက်ထားစရာလိုလို့လဲ။

'ဒီမျက်မှန်မျိုး ရေနံချောင်းမှာ ဝယ်လို့ရလား'

စိတ်ထဲ မြိုသိပ်မထားနိုင်လို့ ကျွန်မ မေးလိုက်မိသည်။ နေမင်းဦးက ရိုးသားစွာ ဖြေပါသည်။

'မရဘူးအစ်မ ရန်ကုန်ကသူငယ်ချင်းက ပို့ပေးတာ။ ရေ ငုတ်တဲ့အခါ မျက်မှန်တပ်ရတယ်လို့ သူပြောတယ်။ အထူးသဖြင့် မြစ်ရေက ပိုပြီး ညစ်ပတ်တယ်တဲ့။ အော် သက်ဝေကို အစ်မ သိမှာ ပေါ့။ သူ ဝယ်ပြီး ပို့ပေးလိုက်တာလေ'

ကဲ ကျွန်မ မှန်းတာ မှန်သွားပြီ။

'ကျနော်တို့က ရေငုတ်ရင် အများအားဖြင့် နှစ်ယောက် အတူတူ ငုတ်ကြတယ်။ အဖေနဲ့ကျနော်ပေါ့။ တခြားရေငုတ်တဲ့ ကောင်ဒါတွေ ရှိပါတယ်။ အဖေနဲ့က ပိုပြီး ဘက်ညီတယ်။ တစ်

www.burmeseclassic.com



ယောက်အထာကို တစ်ယောက် ပိုသိတယ်ပေါ့'

သူ့အဖေအား ရေနံချောင်းတစ်ဝိုက်ရှိ ရှေးခေတ်သင်္ဘောပျက်တစ်စီး ဆယ်ယူရေးစီမံကိန်းအတွက် ရေငုတ်အဖွဲ့ ဖွဲ့ပေးရန် လုပ်ငန်းရှင်တစ်ယောက်က ကမ်းလှမ်းနေသည်ဟု ဆိုသည်။ သူ့အဖေက ငွေလိုချင်ပေမယ့် အသက်ကြီးပြီမို့ စဉ်းစားနေသည်တဲ့။

'နေမင်းဦး၊ ပင်လယ်ကမ်းခြေမှာ ဧည့်သည်တွေစည်ကားတဲ့နေရာတွေမှာ ခရီးသွားကုမ္ပဏီတွေက ရေငုတ်အဖွဲ့တွေ ဖွဲ့ပေးထားတာ နင်သိလား။ အဲဒီမှာ ရေငုတ်ရင် ဒီမှာ ငုတ်သလို မဟုတ်ဘူးဟ။ အပျံစား။ ရေငုတ်ဝတ်စုံနဲ့ ခြေထောက်မှာလည်း ရေယက်နဲ့။ အောက်ဆီဂျင်ဘူးနဲ့။ နင် လုပ်ချင်လား။ ရန်ကုန်မှာ ငါ့အသိရဲ့ ခရီးသွားကုမ္ပဏီတစ်ခု ရှိတယ်'

'ပိုက်ဆံများများရလား'

'ရမှာပေါ့ဟာ'

မေမေက ကျွန်မ လက်မောင်းကို သတိပေးသလို အသာတို့လိုက်သော်လည်း အရှိန်က လွန်သွားပြီ။

'ငါ နင့်ကို မပြန်ခင် သူငယ်ချင်းရဲ့ ဖုန်းနံပါတ်ပေးခဲ့မယ်။ နင်စိတ်ဝင်စားရင် လှမ်းဆက်ပြီး မေးကြည့်'

သူတို့ သားအဖနှစ်ယောက် ရေထဲသို့ ဆင်းသွားချိန်တွင် ကျွန်မအား မေမေက ဆူပါသည်။

'သမီး၊ မေမေ ပြောရပေါင်းလည်း များပြီ။ သမီးက တယ် အကြံဉာဏ်တွေ ပေးချင်တာကိုး။ ဟိုစပ်စပ် ဒီစပ်စပ်နဲ့။ မေမေ့ အလုပ်ကို အမြဲပဲ နှောင့်ယှက်တယ်'

'ဟင် သမီး ဘာနှောင့်ယှက်လို့လဲ'

ကျွန်မ အနည်းငယ် အောင့်သက်သက်ဖြစ်သွားပါသည်။

'မေမေ့ မှတ်တမ်းက အရှိကိုအရှိအတိုင်း မှတ်တမ်းတင်



တာလို့ သမီးကို ဘယ်နှခါပြောရမလဲ။ ဘာမှ အကြံဉာဏ်မပေးနဲ့။ ဘာမှ အကူအညီမပေးနဲ့။ ဘေးကနေပဲ အသာ လေ့လာကြည့်ပြီး မှတ်ထားရမှာပါဆို'

ဟုတ်ပါရဲ့။ ဒီလောက်လေးတောင် ကျွန်မ အကြံဉာဏ်ပေးခွင့်မရှိဘူးဆိုတာကို ကျွန်မ သိခဲ့ပါသည်။ ဒါပေမယ့် မေ့မေ့သွားတတ်၏။ ဒါမျိုးက ကျွန်မလို အသိပညာပေးချင်သူတွေနှင့် နည်းနည်းမှ မကိုက်ညီမှန်း ကြာလေ သေချာလာလေ ဖြစ်သည်။ ကျွန်မသည် တစ်စုံတစ်ယောက်ကို ပိုပြီး သက်သာအောင် ပိုပြီး ပညာတော်အောင် ပိုပြီးအောင်မြင်အောင် အကြံဉာဏ်ပေးဖို့ စာတွေသင်နေသူ ဖြစ်သည်။

သူတို့သားအဖဆီ ပါသွားသော ရေငုတ်ပစ္စည်း ကိရိယာတွေက သိပ်မများပါ။ မြားတံလို ခပ်ရှည်ရှည် ချွန်ချွန်အရာလေးတွေ၊ လက်နှိပ်ဓာတ်မီး၊ သံလိုက်အိမ်မြှောင်၊ ပြီးတော့ နေမင်းဦးမှာ ရေငုတ်မျက်မှန်။ ဒါပဲ။ ဒါတွေကလွဲပြီး ကျွန်မ မမြင်လိုက်မိပါ။ ရေထဲတွင် တန်းလန်းချထားသည့် ကြိုးတစ်ချောင်းရှိလိမ့်မည်ဟု ကျွန်မ မျှော်လင့်ထားခဲ့သော်လည်း အခုတော့ ထိုကြိုးမျိုးတောင် မပါဝင်ပေ။

သူတို့ ဒိုင်ဗင်ထိုးချသွားသော ရေပြင်သည် ပြာလဲ့လဲ့ အရောင်၊ သို့သော် မှန်သားကဲ့သို့ ဖောက်ထွင်းမြင်ရသည့်ရေပြင်တော့ မဟုတ်ခဲ့။ ခပ်နောက်နောက် ရေလှိုင်းတွေကြားဖြစ်သဖြင့် ကျွန်မ ရင်ခုန်နေသည်။ တော်တော်အန္တရာယ်ကြီးတဲ့အလုပ်ပါပဲ။

ငါးမိနစ်ငုတ်နိုင်သည်ဆိုတာ တကယ်ပဲ မှန်၏။ ပထမဆုံး ရေထဲကနေ ခေါင်းတစ်လုံး ပြန်ပေါ်လာချိန်က ငါးမိနစ်ပဲ။ အဲဒါ နေမင်းဦး။ နောက်ထပ် တစ်မိနစ်လောက်ကြာမှ သူ့အဖေ ပြန်တက်လာသည်။ သူတို့နှစ်ယောက် ရေပေါ်ပြန်တက်ပြီး အသက်

www.burmeseclassic.com

www.burmeseclassic.com



ဝအောင် ရှုကာ နောက်တစ်ကြိမ် ပြန်ငုတ်ကြပြန်သည်။

နေစမ်းပါဦး။ အောက်ဆီဂျင်ဘူးနှင့် အောက်ဆီဂျင်ပိုက်တွေကိရိယာတွေက ဘယ်လောက်များ ဈေးကြီးတာမို့လို့ သူတို့ မသုံးနိုင်တာလဲ။ အန္တရာယ်ပိုနည်းအောင် မလုပ်သင့်ဘူးလား။

'ကိုလတ် ရေငုတ်ကိရိယာတွေက ဈေးကြီးလားဟင်'

'သိပ်ကြီးတာပေါ့မမလေးရယ် ဘယ့်နှယ်ပြောပါလိမ့်'

ကိုလတ်က ခပ်ငေါ့ငေါ့ ဖြေ၏။

'နင်က ရေအောက်ဇာတ်ကားတွေထဲက စွန့်စားခန်းတွေကို ကြည့်ပြီး စိတ်ကူးယဉ်အိပ်မက်တွေ မက်နေတာထင်တယ်။ သူတို့သုံးတဲ့ကိရိယာတွေအစုံသာ ဝယ်မယ်ဆိုရင် အနည်းဆုံး သိန်းငါးဆယ် သိန်းခြောက်ဆယ်တော့ ရှိမှာဗျ'

'ဟင် အဲဒီလောက်တောင်လား'

'ဒို့ထက်တောင် ပိုဦးမယ်'

'နာရီလို လက်မှာပတ်လို့ရတဲ့ သံလိုက်အိမ်မြှောင်တောင် တစ်သိန်းလောက်ရှိသတဲ့'

အာပါးပါး။ ကျွန်မ ပခုံးတွန့်မိသည်။

ဟုတ်မှာပေါ့။ အသင့်အတင့် ရေငုတ်မျက်မှန်တောင် နှစ်သောင်းကျော်ပေးရတာပဲ။

ထိုအချိန်မှာပင် ရေထဲမှ ပြန်ပေါ်လာသော ဦးခေါင်းတို့ မြင်ရသည်။ ထိုဦးခေါင်းမှ မျက်နှာဘွားခနဲ ပေါ်လာသောအခါ နေမင်းဦး။ နေမင်းဦးသည် စက်လှေဆီသို့ လက်ဝှေ့ယမ်းပြရင်း တစ်ခုခုကို လှမ်းအော်၏။ ဟော သေတ္တာကို တွေ့ခဲ့ပြီထင်တယ်။ သို့သော် သူ့မျက်နှာက ဝမ်းသာသည့်မျက်နှာမဟုတ်။ သူ အော်ပြောနေတာ ဘာပါလိမ့်။

'ဟာ အဖေ အဖေ'



နေမင်းဦး၏ ညီလေးက ကြိုးတစ်ချောင်းခါးမှာ ချိတ်ဆွဲလျက် ရေထဲသို့ ဝုန်းခနဲ ခုန်ဆင်းပြီး လိုက်သွားသည်။

ထို့နောက် သူတို့နှစ်ယောက်လုံး ရေထဲသို့ ငုတ်လျှိုးသွားကြသည်။ သူတို့အဖေ ပြန်တက်လာသည်ကို မတွေ့ရ။ ရေများ နစ်သလား။ ရေနစ်တာတော့ မဖြစ်နိုင်။

'ဘာဖြစ်တာလဲမသိဘူးမောင်လတ်ရေ'

မမေက စိုးရိမ်ပူပန်သည့် အကြည့်ဖြင့် သူတို့ရေငုတ်သွားရာသို့ လှမ်းမျှော်ကြည့်နေသည်။ ဗွီဒီယိုရိုက်ကူးနေသော ကိုလတ်သည် ဗွီဒီယိုကို ရပ်လိုက်ပြီး အိတ်ထဲပြန်ထည့်လိုက်၏။

ယခုအခါ စက်လှေပေါ်တွင် ကျွန်မတို့ သုံးယောက်သာ ကျန်တော့သည်။ လှေသည် စက်ရပ်ထားပေမယ့် လေနှင့် ရေလှိုင်းအရှိန်ကြောင့် တလှုပ်လှုပ်ဖြင့် ရွေ့လျားနေလေသည်။ လှေပေါ်မှ ကြိုးသည် ရေပြင်တွင် တန်းမနေဘဲ ရေထဲသို့ ခပ်စောင်းစောင်း စိုက်ကျနေသည်။ ထိုကြိုးလှုပ်နေသည်။ မိနစ်ပိုင်းမျှသာ ကြာပြီး ရေပေါ်တွင် ဦးခေါင်းနှစ်ခု ပြန်ပေါ်လာ၏။ ထို့နောက် နောက်ထပ်တစ်ခု။ အဲဒါ သူတို့အဖေဖြစ်မည်။ သူတို့နှစ်ယောက်က သူတို့အဖေကို တွဲလျက် ရေကူးလာနေကြသည်။ နေမင်းဦးညီလေး၏ခါးဖြင့် ဆက်ထားသောကြိုးကို အခုအခါ သုံးယောက်လုံးက အားပြုကိုင်ထားသည်ဟု ထင်သည်။ စက်လှေသည် သူတို့ဆီသို့ တရွေ့ရွေ့နီးလာနေသည်။

စက်လှေပေါ်သို့ သူ့အဖေရောက်အောင် သူတို့ ညီအစ်ကိုအား ကိုလတ်က ဝင်ကူညီရသည်။ သူ့အဖေသည် မျက်လုံးကို ဖွင့်လို့မရပါ။

'အဖေ အဖေ'

သူ့အဖေ ချောင်းတဟွတ်ဟွတ်ဆိုးနေပြီး လက်ကာပြ၏။

www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့။ သတိတော့ လစ်မနေပါ။ သို့သော် သူတစ်ကိုယ်လုံး ရွှံ့တွေ ပေကျံနေသည်။ ရေထဲမှာ ငုတ်နေရင်း သတိလစ်သွားတာဟု နေမင်းဦးက ပြောသည်။

‘တစ်ခါမှ မဖြစ်ဖူးပါဘူး။ အဖေ ဘယ်လိုဖြစ်တာပါလိမ့်။ ကျန်းမာရေးလည်း အကောင်း။ အအိပ်အစားလည်း မပျက်ဘူး’

နေမင်းဦးက တတွတ်တွတ်ပြောရင်း သူ့အဖေအား ပုဆိုးစုတ်တစ်ခုဖြင့် ရေသုတ်ပေးသည်။ ထို့နောက် လှေပေါ်မှာပါလာသည့် ချည်ကြမ်းအကျႌကို သူ့အဖေအား ဝတ်ပေး၏။ ထိုအချိန်မှာ မေမေက နေမင်းဦးအဖေကို လက်ကောက်ဝတ်မှာ သွေးတိုးစမ်းကြည့်လိုက် ရင်ဘတ်ကို လက်ဖြင့် ဖိကြည့်လိုက် စမ်းသပ်နေသည်။

‘အဖေ နေကောင်းပြီလား။ ဘာဖြစ်သွားတာလဲဟင်’

လူနာက မျက်လုံးဖွင့်မကြည့်ဘဲ ခပ်အက်အက်အသံဖြင့် စကားစပြောသည်။

‘ငါ အသက်ရှုလို့မရတော့ဘဲ မေ့မြောသွားတာပဲကွ’

ထို့နောက် နှာတစ်ချက်ချေလိုက်သည်။

‘တော်ပြီ။ အဖေ နောက်ကို ရေမငုတ်နဲ့တော့ ကျနော်နဲ့ နေဝင်းပဲ လုပ်မယ်’

‘အံမာ ငါ ဘာမှ မဖြစ်တော့ပါဘူး။ သီချင်းတောင် ဆိုလို့ရသေးတယ်။ ဆိုပြမယ်’

ထို့နောက် နေမင်းဦးအဖေက ခပ်ယိုင်ယိုင် ထထိုင်ကာ သီချင်းတစ်ပုဒ်ကို အော်ဆိုလိုက်သည်။

‘မောင့်မေတ္တာ သီတာမြစမ်းရေ မြောက်ပြန်လေ ဆော် အသွေးမှာ ဆောင်ယူပေးပါလို့ အဝေးသို့ စေလိုစေ သိပါလေစေ မောင့်မမပန်းနွယ်ရေ’

သူ့အသံက စစချင်းမှာ နည်းနည်း အက်ကွဲတိမ်ဝင်နေ



ပေမယ့် တဖြည်းဖြည်း အသံက ကြည်လင်လာကာ အသံပိုပိုကျယ်လာ၏။ သူတို့ညီအစ်ကိုနှစ်ယောက် ပြုံးရယ်လာကြသည်။

‘ဟား အဲဒါမှ တို့အဖေကွ’

သားအဖသုံးယောက် ပြုံးပျော်လာကြတော့မှ ကျွန်မ၏ ထိတ်လန့်တုန်လှုပ်မှုတွေ တဖြည်းဖြည်း လျော့ပါးသွားသည်။ သူ့အဖေများ သေသွားလို့ကတော့ ကျွန်မတို့ ဘယ်လိုမှ ဖြေသာနိုင်မည်မထင်ပေ။

ပြန်ခါနီးနှုတ်ဆက်ကြတော့ မေမေက နေမင်းဦး၏အဖေအား ဒီညနေ ဆေးခန်းသို့ သွားပြရန် တိုက်တွန်းနေခဲ့သည်ကို ကျွန်မ ကြားရသည်။ မေမေက ကလေးတွေကို မကူညီရဘူးလို့လည်း ပြောသေးတယ်။ သူကကျတော့ ဟိုဦးလေးကို ဆေးခန်းပြဖို့ တိုက်တွန်းနေသေးတယ်။ ကျွန်မဖြင့် သိပ်နားမလည်တော့ပေ။ မေးလျှင်လည်း မေမေက တစ်ခုခု ဆူပူမှာစိုးသဖြင့် ကျွန်မ မမေးဘဲ နေလိုက်သည်။

သူတို့တွေ့ထားသည်ဆိုသော သံသေတ္တာလည်း ဘယ်ရောက်သွားမှန်းမသိ။ ကျွန်မတို့ သုံးယောက်လည်း စကားမစပ်၊ သူတို့လည်း စကားမစပ်ကြပေ။

နောက်နေ့ မိုးမခရှိရာ ဘုရားကုန်းမူလတန်းကျောင်းသို့ သွားကြသည်။ တင့်တင့် သူ့ကြောင့် သေဆုံးရသည်ဟု စွဲလမ်းကာ စိတ်ရောဂါကုဆရာဝန်ကိုပြနေခဲ့ရသော မိုးမခက ဘုရားကုန်းရွာမှာ ကျောင်းဆရာမလေး ဝင်လုပ်နေပြီ။ စာအလွန်တော်သော မိုးမခကို သူ့မိဘတွေရော သူ့ဆရာမဖြစ်ခဲ့ဖူးသည့်မေမေနှင့် အခြားဆရာမတွေရော ဆရာဝန်ဖြစ်ဖို့ မှန်းခဲ့ကြသည်။ သို့သော် မိုးမခသည် ဆယ်တန်းမှာ ဂုဏ်ထူးတစ်ခုမှ မပါခဲ့ပေ။ ဘုရားကုန်းသည်

www.burmeseclassic.com

www.burmeseclassic.com



ပင်းဝ၏သည်ဘက်ကမ်း အထင်ကရ ပင်းစက္ကလံပဘုရားပွဲကျင်းပသည့် ရွာဖြစ်သည်။ ဘုရားကုန်းကနေ ပင်းချောင်းတိုဖြတ်ကျော်လိုက်လျှင် မောင့်ဇာတိ ပင်းဝရွာသို့ ရောက်သည်။

ထို့ကြောင့် မိုးမခရှိရာ ဘုရားကုန်း မူလတန်းကျောင်းတွင် မောင်သက်ဝေရောက်နေတာ အံ့ဩစရာ မဟုတ်ပါ။

သူ့တွေ့တွေ့ချင်း နေမင်းဦး၏မျက်မှန်ကို သတိရသွားကာ ဒေါသဖြစ်သွား၏။ ဘာမှ ဖုံးကွယ်စရာမရှိသော အကြောင်းတစ်ခုကို သူ ဘာကိစ္စ ဖုံးကွယ်ချင် ကွယ်ချင်ရတာလဲဟု နားမလည်သောကြောင့် ဖြစ်သည်။ ကျွန်မ မောင့်ကို မကျေနပ်ပါ။

'နေမင်းဦးကို မမ သိတယ်ဆိုတာ ကျနော် မေ့သွားလို့ပါ။ စကားစပ်ပြီး ပြောနေရင် မမ စိတ်ရှုပ်မှာစိုးလို့။ တကယ်ပါ မမရဲ့။ မမ စိတ်မရှုပ်စေချင်တဲ့စေတနာပါ'

ကျွန်မ သူ့ကို မျက်စောင်းထိုးလိုက်မိသည်။ မေမော မိုးမခ၏ပြောစကားကို နားထောင်နေစဉ် ကိုလတ်က ဗွီဒီယိုရိုက်နေစဉ်မို့ ကျွန်မ မောင်နှင့် စကားကြာကြာ ပြောဖြစ်သွားသည်။

'အယ် ဒါနဲ့ နေမင်းဦးရဲ့ အဖေလေ သေတော့မတို့သိလား။ ရေထဲမှာ မေ့မြောသွားတာတဲ့ဟယ်'

'ဟာ ဟုတ်လား။ ဘာနဲ့ခိုက်မိလို့လဲ'

'ဘာနဲ့မှ မခိုက်မိဘူးထင်တယ်။ သူ့ဟာသူ ရေငုတ်နေရင်းဖြစ်တာတဲ့။ သူတို့ ညီအစ်ကိုနှစ်ယောက် တွဲပြီးဆယ်လာရတာပေါ့။ ကံကောင်းလို့ မသေတာ'

မောင်က မျက်မှောင်ကြုတ်ပြီး တစ်ချက် စဉ်းစားသည်။

'ကျနော့်အထင်တော့ သူ အောက်ဆီဂျင် ပြတ်သွားတာဖြစ်မှာပေါ့။ သူတို့ အောက်ဆီဂျင်ဘူးတွေ မသုံးဘူး မဟုတ်လား'

'ကြံ့ကြံ့ဖန်ဖန် မောင်ရယ်။ ဒါပေမယ့် သူ့အဖေက သူတို့



ထဲမှာ ရေအောက်မှာ အကြာကြီး ငုတ်နိုင်ဆုံးတဲ့။

'ဒါဖြင့် ဓာတုဗေဒနဲ့ဆိုင်မယ် ထင်တယ်မမရဲ့'

'မြစ်ကြမ်းပြင် ရေအောက်ထဲမေ့မြောတာ ဓာတုဗေဒနဲ့ဆိုင်လို့လား'

'ဘွိုင်းလ်စ်နိယာမလေ မမ'

ကျွန်မက အင်္ဂလိပ်စာအဓိကဖြင့် ပညာရေးကို ဘွဲ့လွန်တက်ဖို့ အာရုံထားနေသူ ဖြစ်သော်လည်း သူပြောသည့် ဘွိုင်းလ်စ်နိယာမကို ကောင်းကောင်း မမှတ်မိတော့ပေ။

'ဘွိုင်းလ်စ် နိယာမ နေဦး မမ စဉ်းစားကြည့်လိုက်ဦးမယ်'

'သတ်မှတ်ထားတဲ့ အပူချိန်မှာ အရည်တစ်ခုရဲ့ ထုထည်နဲ့ ဖိအားက ပြောင်းပြန်အချိုးကျတယ်တဲ့ ရူပဗေဒ ဗျ'

'ဟယ် ဟုတ်တယ် ဟုတ်တယ်'

ဒီကောင်လေး မှတ်ဉာဏ်ပဲ ကောင်းတာလား။ ဓာတုတို့ ရူပဗေဒတို့ကိုပဲ စိတ်ဝင်စားလို့လား။ ကျွန်မဘဝတွင် ပထမဆုံးအကြိမ် မောင့်ကို အထင်ကြီးသွားမိ၏။ သူက ခပ်မိန့်မိန့် ပြုံးနေရင်းက ဟက်ခနဲ တစ်ချက်ရယ်ကာ ကျွန်မ၏ ပခုံးကို လက်သီးဖြင့် ဖွဖွ ထိုးသည်။

'မမ အထင်မကြီးနဲ့။ ကျနော် မနေ့တစ်နေ့ကမှ ရုပ်ရှင်တစ်ခု ကြည့်ထားလို့။ အဲဒီထဲမှာ ရေငုတ်သမားတစ်ယောက် သိသင့်တယ်ဆိုတဲ့ ဘွိုင်းလ်စ်လောအကြောင်းပါလို့ မှတ်မိနေတာ။ ဟား ဟား'

'ဟင် ကြည့်စမ်း။ ငါက အဟုတ်မှတ်လို့'

ကျွန်မ နောက်တစ်ကြိမ် မျက်စောင်းထိုးရင်း ရယ်မိပြန်လေသည်။

'ဦးလေးစု ဘာဖြစ်သွားသေးလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူလဲ ဦးလေးစု'

'နေမင်းဦး အဖေလေ'

'အော်။ မင်းနဲ့ ခင်လို့လား'

'ဟာ ခင်တာပေါ့ မမကလည်း။ ကျနော်တို့ ငယ်ငယ်ကတည်းက ခင်တာလေ'

'အင်း ပြန်ကောင်းသွားပါတယ်။ အံမယ် သီချင်းတွေ ဘာတွေတောင် ဆိုပြလို့'

'ဟုတ်လား။ တော်သေးတာပေါ့ မမရယ်။ အဲဒီဦးလေးစု က သိပ်သဘောကောင်းတာ'

'အေး တွံတေးသိန်းတန်လား ဟသ်ာတထွန်းရင်လား ဆိုတဲ့သီချင်းထင်တာပဲ။ မောင့်မေတ္တာသီတာမြစ်မ်းရေ မြောက်ပြန်လေအသွေးမှာ အဲဒီသီချင်း။ မမ ကြားဖူးတယ်'

'အော် ကျနော်သိတယ်။ အဲဒါ တွံတေးသိန်းတန်ရဲ့ ကျနော် ငယ်ငယ်တုန်းက အဖေဆိုဆိုနေတာနဲ့ ကျနော်တောင် အလွတ်ရနေပေါ့။ ဆိုပြရမလား'

'အံမာလေး နေပါစေတော်'

'မဟုတ်ဘူး ဒီလို ပင်းဝတို့ ဘုရားကုန်းတို့လို ပတ်ဝန်းကျင်မှာ ဒီသီချင်းမျိုးက သိပ်လိုက်တာ။ အသံကုန်အော်လို့ရတယ်။ ကျနော်တော့ ရွာမှာနေတဲ့ရက်တွေတုန်းက မမကို လွမ်းရင် အော်ဆိုလိုက်တာပဲ'

'ဟောတော် မမနဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့။ မမက အဝေးကြီးမှာ။ ဘယ်နေရာမှန်းမသိ ဘယ်တော့ပြန်လာမှန်းမသိ။ ကျနော့်ဆီလည်း စာမရေး။ ကျနော်လွမ်းရတဲ့ရက်တွေမှ အများကြီးရယ်'

'ဟယ် ဒီကောင်လေး ရှူးပေါ်ပေါ်နဲ့ ဘာတွေလျှောက်ပြော



မှန်းမသိ'

ထို့နောက် ကျွန်မ တားနေသည့်ကြားမှ သီချင်းတစ်ပုဒ်ကို အသံခပ်ကျယ်ကျယ်ဖြင့် ဆိုပါလေတော့သည်။

'မျှော်လေတိုင်း ဆိုင်းဆိုင်းဆို့ဆို့ မှိုင်း ပြာပြာဝေ××× စိုးခါသာ ငွေဇာကွန့်တို့×××လေမှာလွန့်လို့ လှုပ်ရှားနေ××× နှင်းအတူ နှင်းမြူဝတ်ကယ်နှင့်မချွတ်ညီပါပေ×××မောင့်မေတ္တာသီတာမြစ်မ်းရေ မြောက်ပြန် လေဆော်အသွေးမှာ ခေါ်ယူပေးပါလို့ အဝေးသို့စေလို စေ သိပါလေစ မောင့်မမ ပန်းနွယ်ရေ'

တောသီချင်းကြီး။ နည်းနည်းမှ ရင်ခုန်စရာမကောင်းဘူး။

ကျွန်မ မေမေတို့ဆီသို့ လှမ်းကြည့်လိုက်သည်။ မိုးမခသည် ယခုအခါ ယူကြုံးမရဟန်အမူအရာနှင့် ကြောက်လန့် တုန်လှုပ်နေသော ရှစ်တန်းကျောင်းသူလေး မဟုတ်တော့ပေ။ ဖြူဖွေးဖွေး မျက်နှာလေးက အိမ့်ဖြေရရ၊ သို့သော် မျက်လုံးလေးတွေမှာတော့ အားငယ်သည့် အရိပ်အယောင်တို့ လွှမ်းခြုံနေသလိုလို။

ပင်းဘုရားပွဲပြီးခါစမို့ ဆိုင်ခန်းတချို့ မဖျက်ရသေး။ ဇာတ်ပွဲတသည့် သက်ကယ်မိုး ဝါးထရံကာ ဇာတ်ရုံကြီးလည်း မဖျက်ရသေး။ နွေမရောက်သေးပေမယ့် ဆောင်းမှာကိုပဲ သစ်ရွက်တို့ ကြွေစပြုပြီကို တွေ့မြင်ရသည်။ လေဖြင့် ရှပ်တိုက်ပြေးလွှားသော သစ်ရွက်ကြွေတို့ကို ကြည့်ရင်း ကျွန်မတို့၏ ငယ်ဘဝများဆီသို့ ပြန်သတိရမိသည်။ ပင်းဘုရားပွဲတော်၏ အစည်ကားဆုံးရက် သီတင်းကျွတ် လပြည့်ကျော် ၈ရက် ဥပုသ်နေ့တစ်ခုတွင် ကျွန်မ အဘွားနှင့်အတူ ပွဲဈေးတန်းလျှောက်နေစဉ် မောင့်ကို ပွဲဈေးတန်းမှာ မမျှော်လင့်ဘဲ တွေ့ရဖူးသည်။ ဘယ်နှခုနှစ်ပါလိမ့်။ မှတ်တမ်းထဲမှာတော့ အတိအကျ ကျွန်မ ရေးထားသည်။ ၁၉၉၁ခုနှစ်ထင်ပါရဲ့။ အဲသည်တုန်းက မောင့်ကို အဘွားက ဘင်ခရာတီးလို့ရသည့် ဘင်လေး

www.burmeseclassic.com



တစ်ခုဝယ်ပေးခဲ့သည်။ မောင်က ပျော်လိုက်တာ။ မျက်နှာလေးကို တောက်ပ ရွှင်လန်းလျက် တက်ကြွနေတာပဲ။

မောင့်အဖေ စိုက်ပေးထားသည့် မောင့်ကြက်သွန်ခင်းတို့ကို ပင်းစက္ကူလံဘုရားကုန်းပေါ်ကနေ လှမ်းမြင်နေရသည်။ ချောင်းထဲက ကြက်သွန်ခင်းသည် စိမ်းနုနုလေးသာ ရှိနေဆဲ။ ဆောင်းအခါဖြစ်သဖြင့် ပင်းချောင်းအပြန့်ကျယ်ကြီးမှာ သဲပြင်ကြီးသာဖြစ်နေပြီး ချောင်းစပ် အစွန်ဖျားလေးတွင်သာ သေးငယ်သော ချောင်းလေးအဖြစ် စီးဆင်းနေသည်။ ကျန်သည့် နေရာတွေမှာတော့ အစိမ်းရောင် ကမ္ဗလာလွှမ်းခြုံစပြုသည့် ကြက်သွန်ခင်းတွေချည်း။ လှပသော ချောင်းပြင်ကျယ်မှာ ဟိုတစ်ကွက် သည်တစ်ကွက်။ တချို့နေရာတွေမှာတော့ ကြက်သွန်ခင်းမဟုတ်ဘဲ ချုံနွယ် အရိုင်းပင်တွေ။ အစိမ်းရောင်ရင့်ရင့်တောင် ဖြစ်နေကြပြီ။

'လှလိုက်တဲ့ ကြက်သွန်ခင်းတွေကွယ် လွမ်းစရာကောင်းလိုက်တာ။ မောင်လတ်ရေ အဲဒီနားမှာ ကင်မရာကို ချိန်လိုက်လာ မောင်သက်ဝေ ဒီဘက်လာ'

ကုန်းတော်ပေါ်သို့ ချောင်းပြင်မှ ဖြတ်တိုက်လာသော မြောက်ပြန်လေသည် မောင့်ဆံပင်တို့ကို ဖွာဆန်ကျဲသွားအောင် ဖျက်ဆီးပစ်လိုက်၏။ သူ့ဆံပင်တို့ လွင့်နေသည်ကို မောင်က သိမ်းသူ့လက်ဖြင့် ခဏခဏ သပ်ဖယ်သိမ်းနေသည်။ အရာရာကို သူ့ခြေဖဝါးအောက်တွင် ထိန်းချုပ်ထားနိုင်ပြီဟူသည့် ယုံကြည်စိတ်ချမှုမျိုးဖြင့် ရင့်ကျက်သော လူငယ်တစ်ယောက် ဖြစ်ခဲ့ပြီ။

'ကျနော်လား နိုင်ငံခြားသွားပြီး အလုပ်လုပ်ချင်တာ။ ကျနော်တို့ရွာမှာ မလေးရှားသွားပြီး အလုပ်လုပ်တဲ့လူတွေ အများကြီးပဲ။ ကြီးပွားနေကြတယ်။ ဒါပေမယ့် နိုင်ငံခြားထွက်ဖို့က အရင်းအနှီးလိုသေးတယ်။ ဒါကြောင့် ကျနော် ကြက်သွန်စိုက်ထားတယ်။



ကျနော်ယူတာက ဓာတုဗေဒအဓိက။ ကျနော် လုပ်နေတာက စက်ရုံတစ်ခုမှာ။ ဘဝကတော့ ရယ်စရာကြီး'

မောင်သည် ကြက်သွန်ခင်းကို သူကိုယ်တိုင် စိုက်ထားတာကျနေတာပဲ၊ စွတ်ပြောနေသည်။

'ကြက်သွန်က တစ်သီးပဲ စားရတာပါ။ သီတင်းကျွတ်လဆန်းဆို စစိုက်ကြတာပဲ။ မျိုးစေ့နဲ့စိုက်တာပါ။ မျိုးစေ့က သေးသေးလေးတွေပေါ့'

မောင့်မျက်လုံးက ဗွီဒီယိုရိုက်နေသည့် ကိုလတ်ဆီမှာ မရှိ ကျွန်မဆီသို့ လှမ်းကြည့်နေသည်။ မောင်က ကျွန်မကို အစစအရာရာ ရှင်းပြနေသည့်ဟန်မျိုးပါ။ ထို့ကြောင့် ကျွန်မ မောင်တို့အနားကနေ ဝေးရာသို့ မသိမသာ နေရာရွှေ့လိုက်သည်။

ကိုလတ်က မေးသံ။

'ဘယ်နှဧကလောက်စိုက်တာလဲ'

'အာ ကျွန်တော်က အခုမှ လုပ်ငန်းစလုပ်တာ။ အဖေ့ဆီက ကျွန်တော် မတောင်းဘူး။ ကျွန်တော့်မှာ စုထားတဲ့ပိုက်ဆံဒါအကုန်ပဲ။ တစ်ဧကစာပဲ စိုက်နိုင်တယ်'

'တစ်ဧကကို ကြက်သွန်ဘယ်နှအိတ်လောက်ရလဲ'

'နေဦးဗျ၊ ပိသာလေးထောင်လောက် ထွက်မှာပေါ့'

'ဘဝမှာ ဘာကအရေးကြီးဆုံးလို့ထင်လဲ'

'အရေးကြီးဆုံးက စားဝတ်နေရေးပေါ့'

'စားဝတ်နေရေးပြည့်စုံပြီဆိုရင်ကော'

'အဲဒါဆိုရင်တော့ ကိုယ်ချစ်တဲ့သူ သူငယ်ချင်းတို့ ချစ်သူတို့နဲ့ အတူနေရဖို့က အရေးကြီးဆုံးပါပဲ'

'ချစ်သူကော ရှိပြီလား'

ကြည့်စမ်း။ ဒီမေးခွန်းကို မေးခံရသည့်အခါ ဘာဖြစ်လို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဆီ သူလှမ်းကြည့်ရတာလဲ။ ကျွန်မ မျက်နှာပူနွေးသွားသည်။ စိတ်ဆိုးလိုက်တာ။ နင် ဘာသဘောနဲ့ ငါ့ကို လှမ်းကြည့်တာလဲ။

'ရှိတယ်လို့ ထင်တာပဲ' ခပ်လေးလေး လေသံဖြင့် မရေမရာ ဖြေလေသည်။ တကယ်ဆိုလျှင် ထိုအဖြေသည် ရယ်စရာကောင်းသည့်အဖြေဖြစ်၏။ အားလုံး ဝိုင်းရယ်ကြရမည့် အဖြေမျိုးဖြစ်၏။ ကိုယ့်မှာ ချစ်သူရှိသလား မရှိဘူးလား အတိအကျ မသိသည့်လူရယ်လို့ လောကမှာ ရှိလို့လား။ ရယ်စရာကြီးမဟုတ်ဘူးလား။ သို့သော် သူ့စကားကို သူလည်း မရယ်။ ကျွန်မလည်း မရယ်။ ဘယ်သူမှလည်း မရယ်ကြပါ။ အားလုံး တစ်ခဏ အသံတိတ်ဆိတ်သွားကြပါသည်။

ပထမဆုံး စကားစပြောသူက မောင်သက်ဝေ ဖြစ်သည်။

'ကျနော်တို့ တခြားအကြောင်းပြောရအောင်ပါ'

'ဒါဖြင့် ပင်းဝရဲ့ လူမှုအဆင့်အတန်းကို ပြောကြရအောင်

ထင်သားပဲ။ မေမေ မေးတာမဟုတ်ဘဲ ကိုလတ်မေးတာဆိုကတည်းက နိုင်ငံရေးတော့ ပါမှာပဲလို့။

'ပင်းဝက ကျန်းမာရေးဆေးခန်းမှာ ဆေးမပြည့်စုံဘူးဆိုတော့ တစ်ချိန်ချိန်မှာ ပြည့်စုံလာမယ် ထင်လား'

'မသိဘူးလေ'

'ပင်းဝရဲ့ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး တိုးတက်လာဖို့အတွက် ဘယ်သူတွေက ဘာတွေ လုပ်ပေးနိုင်မယ်လို့ထင်လဲ'

'လူကြီးတွေက ထောက်ပံ့ပေးရင် ရမှာပေါ့'

ရှင်းရော။ သူတို့မှာ အဲဒီလောက်အထိ စိတ်ကူးမြင့်မြင့်တွေ ရှိမနေပါ။ ကိုလတ်၏မျှော်လင့်ချက်တွေက သိပ်မြင့်လွန်းသည်ဟု ကျွန်မ ထင်သည်။ သူတို့ကို မဆိုထားနှင့် ကျွန်မမှာလည်း



အဲဒီ စိတ်ကူးမျိုး ရှိမနေပါ။ ကျွန်မ အလုပ်လုပ်ရာ အင်္ဂလိပ်စာကျူရှင်ကျောင်းမှာ ကျွန်မ ကြာရှည်မလုပ်ဘဲ ကိုယ်ပိုင် မူလတန်းစာသင်ကျောင်းလေးတစ်ခု တည်ထောင်ဖို့ ကျွန်မ မျှော်လင့်သည်။ ပြီးတော့ ထိုကိုယ်ပိုင်ကျောင်းကို တစ်ဆင့်ပြီးတစ်ဆင့် တက်သွားစေချင်သည်။ ကျောင်းမှာ သင်ရိုးညွှန်းတမ်းကို အသစ် တီထွင်ချင်သည်။ စာမေးပွဲအောင်ဖို့ အဓိကမဟုတ်ဘဲ ကျောင်းသားတွေ တကယ်တတ်မြောက်ဖို့၊ ဖန်တီးတီထွင်ဉာဏ်နှင့်ပြည့်စုံဖို့ အခြေအနေတွေ ဖန်တီးပေးချင်သည်။ မေမေ အငြိမ်းစားယူလျှင် ကျွန်မ၏ကျောင်းမှာ ကျောင်းအုပ်အဖြစ် လုပ်ပေးဖို့ တောင်းဆိုကြည့်ချင်သည်။ ဒါပဲ ကျွန်မ၏ မျှော်လင့်ချက်က ဒါပါပဲ။ ကျွန်မ၏ မျှော်လင့်ချက်ထဲမှာ ရေနံချောင်းမြို့ ပိုကျန်းမာအောင် ပိုပြီး ကြွယ်ဝအောင် စိတ်ချမ်းသာအောင် ဘာကူညီပေးနိုင်မလဲဆိုတာမျိုး မပါခဲ့ပေ။

ကျွန်မတို့ ဘုရားကုန်းမှအပြန်တွင် မောင်သည် မိုးမခနှင့် အတူတူ မတ်တတ်ရပ်လျက် ညောင်ပင်ကြီးအောက်ကနေ သက်ပြ ကျန်ရစ်ခဲ့သည်။ မောင်တို့သည် ငယ်စဉ်ကတည်းက တစ်တန်းတည်း အတူတူ ကြီးပြင်း လူလားမြောက်ခဲ့ကြသည်ဆိုတော့ ဘယ်လောက်ထိ ရင်းနှီးပွင့်လင်းကြသလဲ ကျွန်မ မသိ။ တကယ်တော့ မောင့်ကို ကျွန်မ မသိတာတွေ အများကြီးပါ။ သိုက်ဖက်ညီသည့် လူငယ်လေးတွေပဲဟု တွေးမိသည်။ ကျွန်မ၏ ဥယျာဉ်ထဲမှာ ကျွန်မကို ချစ်တယ်ဟု ခိုးကြောင်ခိုးဝှက် ပြောသွားခဲ့သည့် မောင်၊ ကျွန်မကိုလွမ်းတိုင်း သီချင်းတွေ အော်အော်ဆိုတာပဲ ဆိုသည့်မောင်သည် မိုးမခကိုလည်း သံယောဇဉ်ကြီးသားပဲ။

ဘုရားကုန်းနှင့် ရေနံချောင်းကြားရှိ ဧရာဝတီမြစ်ဘေးသည်းလမ်းတွင် ညောင်မုတ်ဆိတ်ပင်ကြီးတွေ ကမ်းပြိုလို့ အိုက်အား ခံနေရပြီ။ အပင်ကြီးတွေ လဲကျကုန်နိုင်သည်။ ဧရာဝတီ မြစ်

www.burmeseclassic.com

www.burmeseclassic.com



ကမ်းပါး မြေပြိုသည့်နှုန်းက တစ်နှစ်ထက်တစ်နှစ် ပိုများလာသည်။ လမ်းခုလတ်က ညောင်ပင်သာတို့ ရွာသစ်ကလေးတို့ ရွာလေးတွေ နောက်ငါးနှစ်မှ ခံနိုင်ပါ့မလား။

မိုးမခဆီမှအပြန် လမ်းတွင်မြင်ရသောအိမ်လေးတွေသည် ဟိုတုန်းကထက်ပိုပြီး ဟောင်းနွမ်းသွားသလိုပဲဟု ကျွန်မခံစားရသည်။ တချို့အိမ်လေးတွေသည် ပြိုခါနီးကမ်းပါးအစွန်းမှာ နေနေတာ ပါလား။ သဘော်မန်ကျည်းပင်ကြီးတစ်ပင်ဆို ရေတိုက်စားလို့ အမြစ်တွေတောင် ပေါ်ကုန်ပြီ။ မကြာခင်မှာ မိုးသဲသဲမဲမဲ ရွာချလိုက်လျှင် အမြစ်မှကျွတ်ပြီး လဲကျသွားနိုင်သည်။ ငယ်ငယ်တုန်းကဆိုလျှင် ဒီလိုအိမ်လေးတွေမှာ နေနေကြတာ မကြောက်ဘူးလားမသိ ဟု ကျွန်မ တွေးတတ်သည်။ အခု အသက်ကြီးမှပဲ သိတော့သည်။

(၈)

'အင်း'ဆိုတဲ့အဖြေနဲ့ 'ဟင့်အင်း'ဆိုတဲ့အဖြေနှစ်ခုရဲ့ ခြားနားမှုကြောင့် ဘဝတစ်ခုလုံးပြောင်းလဲသွားနိုင်တဲ့ တစ်ခဏ မော်ဝင်ချိန်လေးကို သတိရနေမိတယ် တဲ့။ ဘရာဇီးလ် စာရေးဆရာ ခေါ်လို ကိုအယ်လို၏ ပြေဒရာမြစ်ကမ်းစပ်မှာ ကျွန်မ ထိုင်ငိုမိတယ်ဆိုသည့် ဝတ္ထုထဲမှာ ဖတ်လိုက်ရဖူးသည်။

ကျွန်မ သူ့ကို ဆန်းဆန်းပြားပြား တွယ်ငြိမိပြီလားဟု တိုယ့်ကိုယ်ကိုသံသယဝင်ရသည့် ညတစ်ညအကြောင်း စဉ်းစားမိတိုင်း ထိုဝတ္ထုထဲက စာသားကို သတိရသည်။

ထိုနေ့က မောင် ရုံးကနေအပြန် ကျွန်မအခန်းသို့ တိုက်ရိုက် ဝင်လာတာမို့ စက်ဘီးမပါလာခဲ့။ ခါတိုင်းဆိုလျှင် ညနေစောင်း ညမိုးချုပ် ကျွန်မဆီလာတိုင်း စက်ဘီးလေးစီးလျက် လာတတ်သည်။ မောင့်စက်ဘီးက ဂျပန်ဘီးအဟောင်းကို ပြန်ဝယ်ပြီး နည်းနည်း ပြင်ဆင်ခြယ်သ ထားတာ။ ထိုစက်ဘီးဖြင့် နံနက်စောစောတွေမှာ ကျွန်မကို ဘုရားသို့ လိုက်ပို့တတ်သေးသည်။

အဆောင်မှာ မနေတော့ဘဲ တိုက်ခန်းတစ်ခုကို သူငယ်ချင်း နွေးနှင့်စပ်တူ ငှားပြီး နေမိသည်မှာ မောင် လာလည်ရတာ လွယ်ကူဖို့ နောက်ပြီး မောင့်ကို ထမင်းဟင်းချက်ကျွေးရတာ အဆင်ပြေအောင်လို့ ဖြစ်သည်။ မောင် ကျွန်မဆီက စာအုပ်တွေ

www.burmeseclassic.com



ကို ကိုင်တွယ် ရွေးချယ်ပြီး လွတ်လပ်စွာ ငှားဖတ်စေချင်လို့ ပြီး တော့ မောင်နားမလည်သည့် အင်္ဂလိပ်စာတွေကို အသေအချာ ရှင်းပြရာတွင် ဘယ်သူ့မျက်လုံးတွေအောက်မှာမှ မောင့်ကို စိတ် မကျဉ်းကြပ်စေချင်လို့ ဖြစ်ပါသည်။

ထိုနေ့က ကျွန်မ တိုက်ခန်းသို့ ရောက်လာသည်မှာ သူ့ လက်ပ်တော့ ကွန်ပျူတာထဲမှာ ဗိုင်းရပ်စ်တွေ များနေလို့ ကျွန်မ အား လာရှင်းခိုင်းခြင်း ဖြစ်သည်။ ထိုကွန်ပျူတာလေးသည် သူ့ကို ၂၀၀၄ခုနှစ်တုန်းက ကျွန်မ ပေးထားသည့် မွေးနေ့လက်ဆောင် ဖြစ်သည်။ စက်ရုံမှာ အလုပ်လုပ်သည့် ချာတိတ်တစ်ယောက် ကွန်ပျူတာ ကိုင်စရာမလိုဘူးလို့ ဘယ်သူပြောမလဲ။ အင်္ဂလိပ်စာ လေ့ကျင့်ဖို့ ကွန်ပျူတာတစ်လုံးတော့ ဘယ်သူမဆို လိုချင်ကြမှာ ပဲ။ ထို လက်ပ်တော့ ကွန်ပျူတာလေးရစဉ်က သူ ပျော်ရွှင်ကျေနပ် နေသည်ကို ကျွန်မ ဘယ်တော့မှ မမေ့နိုင်ပါ။ သူ့ဘဝမှာ အသက် ၂၃နှစ်အရွယ်အထိ တကယ်ပဲ အပျော်ဆုံးအချိန် ဖြစ်ခဲ့လေ သလား မသိပါ။

'မောင် မင်း အပျော်ဆုံးအချိန်ပဲလား'

'အခုထိတော့ ဟုတ်တယ်'

'နောက်ထပ် ဒီလောက်ပျော်စရာရှိဦးမှာလား'

'ရှိဦးမှာပေါ့ မမရဲ့'

'ဘယ်လိုအခါမျိုး ဖြစ်မလဲ'

'မမနဲ့ ကျနော်နဲ့ မင်္ဂလာဆောင်တဲ့နေ့'

ကြည့်စမ်း။ သူမို့ ပြောထွက်လေခြင်း။

မေးမိသည့် မေးခွန်းကို ပြန်နုတ်ယူလို့ရလျှင် နုတ်ယူ လိုက်ချင်ပါရဲ့။ သူ့မျက်နှာက ပြုံးစစမို့ သူ နောက်နေတာလား အလေးအနက် ပြောနေတာလား ခွဲခြားသိဖို့ ခဲယဉ်းသည်။ သို့သော်



ကျွန်မကတော့ သူ နောက်နေတာလို့ပဲ ကောက်ချက်ချလိုက်ပါ သည်။

သူ့ကွန်ပျူတာထဲက ဗိုင်းရပ်စ်တို့ကို ကျွန်မ စိတ်ရှည် လက်ရှည် သတ်ပေးနေခဲ့သည်။ ဗိုင်းရပ်စ်သတ်သည့် ပရိုဂရမ်ကို ဖွင့်ထားပေးပြီး နာရီပိုင်းကြာအောင် ကျွန်မတို့ စောင့်ကြရသည်။ ပထမတော့ ကျွန်မတို့ ရယ်ရယ်မောမောပဲ။ ဗိုင်းရပ်စ်လေးတွေကို အသံထွက်အောင် လုပ်ထားသဖြင့် ဗိုင်းရပ်စ်လေးတွေကို တိုက် သည့်အခါ သနားစဖွယ်အသံလေးတွေဖြင့် အော်သည့်အသံကို ကြားတော့ သူက စိတ်မချမ်းသာဘူးတဲ့။

'မမ သနားပါတယ်၊ အော်နေလိုက်တာ' ဟု သူက ပြော သည်။ 'ဟာ ဒါက အသံထည့်ထားလို့လေ၊ မောင်ကလည်း မကြောင်စမ်းနဲ့။ တကယ်အသက်ရှိတဲ့အကောင်မဟုတ်ပါဘူး'

သူ့လက်ပ်တော့ကွန်ပျူတာထဲမှာ ဗိုင်းရပ်စ်ပိုးတွေ ပွား နေလိုက်တာ အကောင်ပေါင်း ခုနစ်ရာလောက် ရှိသည်။

'ကဲ အချိန်တန်ရင် အကုန်ရှသကုန်လိမ့်မယ်။ မင်း စောင့် နေတော့ ကြားလား'

ညစာမစားရသေးသည့် မောင့်ကို ကျွန်မတို့နှင့်အတူ စားဖို့ ဖိတ်ခေါ်လိုက်သည်။ ရေနံချောင်းအိမ်မှာ မေမေ့ရှေ့မှာ မောင့်ကို ထမင်းကျွေးလျှင် စိတ်ကျဉ်းကြပ်ရသည်ချည်းပင် ဖြစ် ၏။ အခုတော့ ကျွန်မကို မျက်နှာရိပ်မျက်နှာကဲဖြင့် ဟန့်တားမည့်၊ ချုပ်ချယ်မည့် မေမေ ကျွန်မအနားမှာ မရှိ။ ကျွန်မ သူငယ်ချင်းနွေး တာတော့ ကျွန်မကို နားလည်ခဲ့သည် ဟုထင်သည်။

ကျွန်မတို့အတွက်ဟင်းက ငါးဖယ်ဆုပ်ချက်နှင့် ကြက် ဟင်းခါးသီးကြော်။ သို့သော် မောင် ငါးမကြိုက်တတ်မှန်း သိသာ မို့ မောင့်အတွက် ဘဲဥချဉ်ရည် အနှစ်များများ ဆီပြန် ဟင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက်ကို မြန်မြန် ချက်လိုက်သည်။ မောင်က ငယ်သံပါအောင် အော်နေသည့် ဗိုင်းရပ်စ်လေးတွေကို နားထောင်ပြီး စိတ်မသက်မသာ ရယ်မောနေချိန်မှာ ကျွန်မက ဘဲဥဟင်းချက်လို့ပေါ့။ ဘဲဥဟင်း ချက်လိုက်မယ်ဟု သူသိသွားလျှင် မောင်က လက်ခံမှာ မဟုတ်။ အလုပ်မရှုပ်စမ်းပါနဲ့ အပြင်ရောက်မှစားမယ်ဟု ပြောမှာ။ ဆိုင်တွေ ပိတ်မည့်အချိန်ဖြစ်နေလျှင်တောင် ကျွန်မကို ဆွဲဖယ်တားမြစ်မှာမို့ မောင်မသိအောင် တိတ်တိတ်လေး ချက်နေခဲ့သည်။

ကျက်ပြီဆိုတော့မှ 'Voila' (ဟောဒီမှာတွေ့လား)ဟု ပြင်သစ်စကားဖြင့် သူ့ကို ပြလိုက်၏။ မောင်က ပြင်သစ်စကားဆို ဘာမှန်းတောင်မသိ။ သို့သော် ဝမ်းသာစရာ အံ့ဩစရာကို သုံးနှုန်းသည့် စကားလုံးမှန်းတော့ သူရိပ်မိဟန်တူသည်။ ကျွန်မ အပင်ပန်းခံပြီးချက်ထားသည့်ဘဲဥဟင်းကို ကောင်းလိုက်တာ ဟု မောင်က ပြောပြီး စိတ်ပါလက်ပါစားနေတော့ ကျွန်မမှာ ပျော်လိုက်တာ။

ထိုညက သူ့ကို ကျွန်မအခန်းမှာ အိပ်ဖို့ ကမ်းလှမ်းခဲ့သည်မှာ သူငယ်ချင်းနွေးလည်း ဟိုဘက်အခန်းမှာ ရှိနေလို့ တကယ်ပဲ တကယ်ပဲ သွေးရိုးသားရိုးစိတ်ပါ။ သူ့အဆောင်သည် ကျွန်မတိုက်ခန်းနှင့် ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်လောက် စက်ဘီးစီးသွားရသည့် ခရီးအကွာအဝေးမှာ ရှိသည်။ စက်ဘီးမပါလာသည့်ညမို့ သူခြေလျင် ပြန်ရမှာကိုး။

ကျွန်မအိပ်ခန်းမှာ သူ့အတွက် နေရာပေးဖို့ စိတ်ကူးလိုက်၏။

ကျွန်မနှင့်နွေးသည် တစ်ယောက်တစ်ခန်း အိပ်ကြပြီး ခြင်ထောင် ခေါင်းအုံး အပို မရှိပါ။ အခုကျွန်မက နွေးအခန်းထဲသို့ ပေါင်းပြီး အိပ်လိုက်မည်။ ရှောစောင်ထူထူတစ်ထည်ကို



အိပ်ရာဘေးမှာ ထုတ်ထားလိုက်သည်။ လိုအပ်လျှင် စောင်အဖြစ်ခြုံမည်။ ရန်ကုန်ဆောင်းက တကယ်တမ်း အေးမှ မအေးဘဲ။

'ဟာ မအိပ်ပါဘူး။ ကျွန်တော် ပြန်မှာ၊ မပြီးလည်း ကွန်ပျူတာကို ထားခဲ့မယ်လေ'

'ဒီအချိန် ဘယ်က ကားရမှာလဲ'

'ရတယ်။ တက်ကစီတွေရှိတယ်'

'မရှိပါဘူး ဆယ်နာရီခွဲတော့မယ်'

ကျွန်မ မောင့်ကို အခန်းဆီ လိုက်ပြမည်လုပ်တော့ မောင်က ကမန်းကတန်းထရပ်သည်။

'ပြန်မှာ။ အလုပ်မရှုပ်နဲ့'

'အလုပ်မရှုပ်ပါဘူးကွယ် အသာနေစမ်းပါ'

'မဟုတ်ဘူးမမ ကျွန်တော်ပြောမယ်'

မောင် ငြင်းရင်း ငြင်းရင်းကနေ ကျွန်မ မျက်နှာမှ ဘာအရိပ်ကိုတွေ့ သွားလဲမသိ။ ခါးခါးသီးသီးမငြင်းတော့ဘဲ ကျွန်မခေါင်းက ဆံပင်ကို အသာ ဖွသပ်လိုက်ပြီး 'မမ' ဟု ငြင်ငြင်သာသာ ခေါ်လေသည်။ မောင့်မျက်လုံးတွေ သည်တစ်ခါလောက် နူးညံ့ သိမ်မွေ့တာ ကျွန်မ မကြုံဖူးပါ။ မောင့်မျက်လုံးကို အမိပ္ပါယ် မဖော်တတ်သော်လည်း ချစ်စဖွယ်ညီမငယ်လေးကို ကရုဏာသက်စွာကြည့်လိုက်သည့် အစ်ကိုတစ်ယောက်၏ ကြင်နာ မြတ်နိုးသည့် အားမလိုအားမရအကြည့်ဟု ကျွန်မ ကောက်ချက်ချလိုက်သည်။

ထိုညက ဘယ်လိုဖြစ်ပြီး မောင့်ပခုံးကို မှီနွဲ့မိသွားသလဲ။ မောင်က ဆွဲယူပွေ့ဖက်လိုက်တာလား။ ကျွန်မကပဲ ယိမ်းယိုင်ကျွတ်ကျသွားတာလား။ ကျွန်မ မသိလိုက်။ သတိရသည့်အချိန်မှာ ကျွန်မပါးပြင်က မောင့်ရင်ညွှန့်ဆီမှာ ကပ်နေမိပြီ။ မောင့်ရင်ခွင်

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒီလောက်ထိနွေးထွေးပြီး ချောမွေ့စွာ နူးညံ့နေလိမ့်မည်ဟု လည်း တစ်ခါမှ မမျှော်လင့်ခဲ့မိပေ။ ကျွန်မပါးနှင့် မောင့်ရင်ခွင် ကြားမှာ မောင့်အကျႌတစ်လွှာ ခြားမနေသလိုပဲ။ မောင့်နှလုံးသား ရှိရာမှာ တစ်စုံတစ်ခု သိမ်မွေ့စွာ နွေးကွေးစွာ လှုပ်ခုန်လျက်ရှိ သည်ကို သတိထားမိသည်။

ကျွန်မဆံပင်ကို မောင်က ဖွဖွသပ်ပေးပြီး ကျွန်မ၏ ကျောကိုလည်း လက်တစ်ဖက်ကအသာထိကပ်လိုက်တော့ ဘာ ကြောင့်မှန်း မသိ၊ ကျွန်မ ငိုချင်လိုက်တာ။ အဲဒီလိုလား။ တစ် ယောက်ယောက်ရဲ့ရင်ခွင်မှာ မှီခိုဝင်လိုက်ရရင် ကျွန်မတို့အားလုံး ငိုချင်သွားကြတာပဲလား။ ဘာဖြစ်လို့ ငိုချင်သွားတာလဲ။ ဒီနွေး ထွေးမှုဟာ ကျွန်မဘယ်တုန်းကမှ ဘယ်သူ့ဆီကမှ မမျှော်လင့်ခဲ့ သည့်အရာလေ။ အခု ကျွန်မ ရလိုက်ပြီ။ ကျွန်မ ပျော်ရွှင်သွားမိ သလား။ ဒါဟာ အိပ်မက်မဟုတ်ပါ။ ကျွန်မကို မောင်က နွေးထွေး သည့် သူ့ရင်ခွင်မှာ ဖက်မှီခွင့်ပေးထားတာ ဒါ အိပ်မက် မဟုတ်ပါ။

'မမ'

ကျွန်မကို မတွန်းဖယ်လိုက်ပါနှင့်ဦး။ ခဏလောက်တော့ ဒီအတိုင်း ငြိမ်သက်ပြီး မှီနေပါရစေဦး။

ရင်ထဲမှာ လှုပ်ခုန်စွာ ကြည်နူးကျေနပ်နေမိသည့် တစ်ချိန်တည်းမှာ မောပန်း နွမ်းလျနေတာလည်း ခံစားရသည်။ ဘယ်လိုပါလိမ့်။ အဲဒီ မောပန်းနွမ်းလျမှုကလည်း စွဲလမ်းစရာ ဖြစ်လေသည်။ အဲဒီတစ်ခဏလေးကို တစ်ဘဝလုံး ကြာသွားစေ ချင်သည်။ မောင့်ကိုလည်း ဒီကနေ မပြန်စေချင်၊ ကျွန်မကိုလည်း ရင်ခွင်မှ ထုတ်ဖယ်မပစ်စေချင်။ မောင့်ရင်ခွင်ဟာ ကျွန်မအတွက် သည်လောက် ပြည့်စုံခမ်းနားလိမ့်မည်ဟု ကျွန်မ ဘယ်လို တွေးခဲ့ မိမှာလဲ။ အခုတော့ ကျွန်မသည် အဲဒီရသကို မိန်းမူးစွာ စွဲလမ်း



မိနေလေပြီ။ အဲဒီရင်ခွင်ကနေ မခွာပါရစေနဲ့။ မခွာပါရ စေနဲ့ဦး ကွယ်။

ကျွန်မ မောင့်ကို မဖက်ခဲ့ပါ။ ကျွန်မလက်တွေက မောင့် ကို မဖက်ခဲ့ပါ။ ညီမလေးတစ်ယောက်က သူ့ကို ဖက်ပွေ့ယူသည့် အစ်ကိုကို ပြန်ဖက်ဖို့ သတိမရသလိုပဲဖြစ်မည်။ ကျွန်မလက်တွေ က ကျွန်မကိုယ်နှင့် မောင့်ကိုယ်ခန္ဓာနှင့်ကြားမှာ ကပ်လျက် ညပ် နေခဲ့သည်။ ကျွန်မပါးကသာ မောင့်ရင်ညွှန့်မှာ အပ်ထားခဲ့တာ ကိုး။ မောင့်ကို မဖက်ဘဲ မောင့်ရင်ခွင်ထဲမှာ တစ်ကိုယ်လုံး မြုပ်နေ ရတာ အဲဒါကိုက ကျွန်မ မမေ့နိုင်သည့် နွေးထွေးလုံခြုံမှုပါပဲ။

'မမ ကျွန်တော့်ကို ချစ်လားဟင်'

အဲဒါ မောင့်အသံလား။ တကယ်ပဲ မောင့်အသံလား။

မောင့်နှုတ်ဖျားက တကယ် တိုးတိုးတိမ်တိမ်လေး ထွက် သွားခဲ့သည့်မေးခွန်းပါ။ ခွန်အားမရှိ နွမ်းလျနေသည့်အသံတစ်ခု နှင့်တူသည်။ စကားပြောရသည့်လှုပ်ရှားမှုကိုတောင် မလုပ်ချင်ရ လောက်အောင် ယစ်မူးသည့်ရသကို စွဲငြိစွာ ဖက်တွယ်ထားသူ တစ်ယောက်၏ လှုပ်လှုပ်ခတ်ခတ် မေးခွန်းပါ။

ကျွန်မ ပြန်မဖြေပါ။

'မမ'

မချင့်မရဲ ညည်းညူသည့်အသံမျိုးဖြင့် မောင် တိုးတိတ် စွာ တဖွဖွရေရွတ်ခဲ့သည်က မမဆိုသည့် စကားလုံးတစ်ခုသာပါပဲ။ မောင် ထပ်ခါ ထပ်ခါ ရေရွတ်သည့် မမ အသံတွေက တစ်ခါ တစ်ခါ တိုးတိုး၊ တစ်ခါတစ်ခါ ကျယ်ကျယ်။ တစ်ခါတစ်ခါ လေသံ မျှ။ တစ်ခါတစ်ခါ အားမလိုအားမရ။

'မမ'

ထို့နောက် မောင် ကျွန်မနဖူးကို နမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အို မဟုတ်ပါဘူး။ တကယ်တမ်းတော့ မောင်သည် ကျွန်မ၏နဖူးစပ်က ဆံဖျားလေးကိုသာ နမ်းခဲ့ပုံပေါ်ပါသည်။ ဘာကြောင့်လဲဆိုတော့ မောင့် နှာခေါင်း၊ မောင့်နှုတ်ခမ်းတို့ ကျွန်မ နဖူးကိုလာထိသည်ဟု မခံစားခဲ့ရ၊ မသိခဲ့ရသောကြောင့်ပါ။ နမ်းလိုက်သည့်လှုပ်ရှားမှုကိုသာ သိလိုက်ရတာ။ ဒီတော့ မောင် ကျွန်မ နဖူးကိုတောင် မနမ်းခဲ့ဘူးပေါ့။ အဲဒီအချိန်မှာ ကျွန်မ သတိရသွားတာပါ။ ကျွန်မ နောက်ဆုတ်ဖို့ သတိရသွားခဲ့တာပါ။

ကျွန်မမှ နောက်မဆုတ်လျှင် မဖြစ်တော့ဟု သတိရသွားလို့ပါ။ မောင်ကတော့ ဘယ်တော့မှ နောက်ဆုတ်မှာမဟုတ်ပေ။

'မောင်ပြန်တော့'

ထိုစကားကို ကျွန်မ မပြောချင်ဘဲ ပြောလိုက်ရသည်။ ထို စကားသည် ကျွန်မ ပြောရသမျှ စကားလုံးတို့အနက် နှုတ်က ထွက်ဖို့ အခက်ခဲဆုံးစကားဖြစ်သည်။ အားယူရတာ အချိန် အကြာဆုံးဖြစ်သည်။ ဘယ်လောက်တောင် ကြာခဲ့သလဲဆိုလျှင် မောင့်အနမ်းကြောင့် ကျွန်မဆံပင်မှာ မောင့်ကိုယ်နံ့ စွဲထင်သွားအောင် ကြာခဲ့သည်။ မောင့်လက်ဖဝါးတို့ကြောင့် ကျွန်မကျောပြင်မှာ ပူနွေးလာအောင် ကြာခဲ့သည်။ ကျွန်မပါးနှင့်ထိကပ်နေသည့် မောင့် နှလုံးသားဆီမှ တဆတ်ဆတ်မြန်ဆန်နေသည့် နှလုံးခုန်သံတို့ ရက်ပေါင်းများစွာ ကျွန်မရင်ထဲထိ ထိုးဖောက်ဝင်ရောက်နေခဲ့လောက်အောင် ကြာမြင့်ခဲ့ပါသည်။

'မောင် ပြန်တော့'

မိန်းကလေးနှင့်ယောကျ်ားလေး ညတစ်ညမှာ လွတ်လပ်စွာ အတူတူရှိနေကြဖို့ မကောင်းဘူးဟူသည့်အတွေးကို ကျွန်မ အဲသည်အချိန်ကျမှ တွေးခဲ့မိသတဲ့။ ဘယ်လောက်များ မိုက်မဲလိုက်သည့် အင်ကြင်းဝေပါလိမ့်။



မဟုတ်ပါဘူး။ နှစ်ယောက်တည်း မဟုတ်ဘူးလေ။ ဟိုဘက်ခန်းမှာ နွေးရှိတယ်လေ။

ကျွန်မ နောက်ဆုတ်ပြီး ရှုန်းထွက်လိုက်တော့ ပြန်ဆုတ်ဖယ်ပေးသည့် မောင့်ကို ကျွန်မ ချစ်မြတ်နိုးစွာ ကျေးဇူးတင်မိခဲ့ပါသည်။ မောင်က ကျွန်မမျက်နှာကို မရမက ငုံ့စိုက်ကြည့်ဖို့တော့ ကြိုးစားသည်။ ကျွန်မ မျက်နှာလွှဲလိုက်သည်။ တစ်ဖက်သို့ လှည့်လိုက်သည်။ ကျွန်မမျက်လုံးတို့ကို မောင့်ကို မမြင်စေချင်ပါ။ ထိုအခါကျမှ မောင်က ပင့်သက်တစ်ချက်ရှိုက်ကာ ကျွန်မ ဆံပင်ရှည်၏ဆံဖျားလေးတွေကို လက်ဖြင့်ဆွဲယူကာ နှုတ်ခမ်းဖြင့် ထိကပ်နမ်းလိုက်သည်။

ဗိုင်းရပ်စ်ပိုးလေးတွေကို မောင် သည်အတိုင်းထားခဲ့ပြီ။ ရင်တဒိုင်းဒိုင်းခုန်လျက် ဒူး ညွတ်ခွေကာ ဧည့်ခန်းရှေ့မှာပဲ ကတုန်ကယင်ကျန်ရစ်ခဲ့သည့်ကျွန်မလည်း ဗိုင်းရပ်စ်တွေကို သတိမရတော့ပေ။

ထိုညက ကျွန်မ ဘာဝေဒနာမှန်း မသိသည့် လှိုက်မောကြေကွဲမှုဖြင့် ဝမ်းပမ်းတနည်းမျက်ရည်ကျခဲ့ရသည်။ ဒီလိုညမျိုး နောက်ဘယ်တော့မှ ထပ်မကြုံမိစေရဟု အဲသည်ကတည်းက ကျွန်မ ဆုံးဖြတ်ချက်ချခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၉)

ဟုတ်ကဲ့။ ကျွန်မ မောင့်ကို ငြင်းခဲ့ပါသည်။ မောင့်ကို ကျွန်မ လက်မထပ်နိုင်ပါ။ လက်မထပ်နိုင်သည့် မောင့်ကို ချစ်တယ်ဟု ပြောဖို့လည်း စိတ်မလုံပါ။

သို့သော် ကျွန်မနှင့် နီးနီး အခန်းငှားဖို့ သူငယ်ချင်းတွေ စုပြီး အခန်းရှာနေသည့်မောင့်ကို မတားမြစ်ဘဲ စိတ်ထဲက ကြိတ်ပြီး ကျေနပ်ကြည်နူးနေခဲ့မိသည်။ မောင်တို့ စုငှားလိုက်သည့် တိုက်ခန်းနှင့်နီးနီး တစ်ထပ်အိမ်လေးတစ်ခုကို ကျွန်မစုထားသော ငွေဖြင့် ဝယ်ယူနိုင်လိုက်တော့ သူငယ်ချင်းကိုတောင် အားနာစရာ မလိုတော့ဘဲ မောင့်ကို ကျွန်မအိမ်သို့ တံခါးမရှိ ဝင်ထွက်ခွင့် ပေးနိုင်ခဲ့သည်။ ကျွန်မနှင့်မောင် တော်တော်နီးသွားတော့ မောင့် ခုတင်နှင့်စားပွဲလေးကို ကျွန်မကိုယ်တိုင် မွမ်းမံ ပြင်ဆင် ပေးချင်ခဲ့ သည်။ မောင် နီးလာမှာကို မကာကွယ်ခဲ့မိလို့ သို့မဟုတ် ကိုယ် တိုင်က နောက်မဆုတ်ခဲ့မိသည့်အပြင် ရှေ့တောင် တိုးခဲ့မိလို့ ကျွန်မကိုယ်ကျွန်မ ယူကြုံးမရ ဖြစ်ခဲ့မိပါသည်။ ဒါတွေအားလုံး ကျွန်မ အပြစ်ပါပဲ။

မောင့်ကို မွေ့ရာပါးပါးလေးပေါ် အိပ်စေချင်ခဲ့လို့ မွေ့ရာ နှင့် အိပ်ရာခင်းကို ကျွန်မကိုယ်တိုင် အရောင်ရွေးပြီး ရှာ ဝယ်ကာ ကိုယ်တိုင်ခင်းပေးခဲ့တာ။ မောင့်အတွက် စာအုပ်စင်



လေးကို ရှာ ဝယ်ပေးခဲ့တာ။ ထိုစာအုပ်စင်ပေါ်မှာပဲ မောင် ဖတ်စေချင်သည့် အင်္ဂလိပ်စာအုပ် ခပ်လွယ်လွယ်တို့ကိုပါ ဖြည့် ပေးခဲ့တာ။ မောင့်အတွက် ကော်ဖီမတ်ခွက်၊ ရေနွေးကျိုသည့် လျှပ်စစ်ကရား ထမင်းချက်ဖို့ လျှပ်စစ်ပေါင်းအိုး၊ ဒါတွေလည်း တဖြည်းဖြည်း စုဆောင်းပေးခဲ့တာ။ မောင့်ဆီသို့ တံခါးမရှိ ဓား မရှိ ဝင်ထွက်ရုံမက ကျွန်မ အခန်းကိုလည်း မောင့်အတွက် အမြဲ တမ်း တံခါးဖွင့် ကြိုဆိုနေခဲ့တာ။

ဘီယာစက်ရုံမှာ လုပ်နေတာကို ကျွန်မ မနှစ်မြို့သဖြင့် မောင်က ရေမွှေးထုတ်သောကုမ္ပဏီတစ်ခုသို့ ပြောင်းရွှေ့ရန် ကြိတ် ပြီး ကြံစည်နေရာက အလုပ်ရသွားသည့် တစ်လပြည့်နေ့မှာတော့ ကျွန်မတို့ အမှတ်တရ အခမ်းအနားလေးတစ်ခု ကျင်းပခဲ့ကြသည်။

'မမရယ် သူတို့ပြောတဲ့ အမွှေးနံ့က အတုတွေပါ။ ကျနော် သိတယ်။ တကယ့်နှင်းဆီကနေ ထုတ်ယူထားတာ မဟုတ်ဘူး။ အမွှေးဆီတွေ အမျိုးမျိုးပဲရှိတယ်လေ'

သူ ဘွဲ့ရခဲ့သည့် ဓာတုဗေဒဘာသာရပ်နှင့်သက်ဆိုင် သော အလုပ်ကို ရသွားတာမို့ ကျွန်မ တော်တော် ကျေနပ်ဝမ်းသာ နေခဲ့ပါသည်။ ငါ့ကို အလုပ်ဝင်တာ တစ်လပြည့်မှ ဖွင့်ပြောရ သလားဟု စိတ်တိုချင်သော်လည်း တကယ်တော့ ကျွန်မ မောင့်ကို စိတ် မဆိုးရက်ခဲ့ပါ။

'ခေါင်းလျှော်ရည်စမ်းတာ အခုထိ သူတို့ မအောင်မြင် သေးဘူးတဲ့ မမရဲ့။ ရေနဲ့ထိလိုက်တာနဲ့ ပုပ်စော်နံနံသွားသတဲ့။ ပညာရှင်တွေ ဦးနှောက်ခြောက်နေကြတယ်ခြောကြေယ်'

သူ့အလုပ်သစ်မှ အတွေ့အကြုံတွေကို သူ သိထားသမျှ ကျွန်မအား ပြောပြနေခဲ့သည်။

'မမ ဘယ်ရေမွှေးအမျိုးအစားကို အကြိုက်ဆုံးလဲ ဟင်'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်အမျိုးအစားလို့ ပြောတော့ အဲဒီနာမည် မင်းသိမှာ မို့လား'

'အော် မသိလို့ မေးပါတယ်ဆိုမှဗျာ'

'ရေမွှေးဆိုတာက ကုမ္ပဏီတစ်ခုတည်းက ထုတ်တာ တောင် အမျိုးအစားကွဲရင် အနံ့က ကွဲသေးတာ၊ ကုမ္ပဏီတွေက လည်း အများကြီး'

'မမ ဘာအမျိုးအစား ကြိုက်လဲလို့ မေးနေတာ'

'အေးလေ မမလည်း ပြောမလို့ပဲ။ မမနိုင်ငံခြားက ပြန် လာပြီးမှ ဘဝင် နည်းနည်းမြင့်လာတော့ အက်စ်တေး လော်ဒါတို့ လန်ကွန်းတို့ ဒီအောတို့က ထုတ်တဲ့ရေမွှေးမှ ကြိုက်တော့တယ်'

သူ ရယ်မလားဟု စိတ်ပူသွားပေမယ့် သူ မရယ်ပါ။ အင်း လေ ကိုလတ်သာဆိုလျှင် ဟားတိုက်ပြီး လှောင်ရယ်ရယ်မှာပေါ့။ မောင်ကတော့ ဘယ်ရယ်မလဲ။

'ဒါတောင်နော် သူတို့ထုတ်သမျှ တံဆိပ်တိုင်းကိုတော့ ကြိုက်တာမဟုတ်ဘူး။ သူ့အမျိုးအစားနဲ့သူ ရှိတယ်'

'ဥပမာ'

'အင်း ဥပမာ လန်ကွန်းက ထုတ်တဲ့ မီရာကယ်လ် အမျိုး အစားပေါ့'

'အော်'

'ဘာဖြစ်လို့မေးတာလဲ'

'မမ ကြိုက်တဲ့ရေမွှေးမျိုး တစ်ချိန်ကျရင် ကျနော် ထုတ် နိုင်အောင် ကြိုးစားမလို့'

'အို ကြီးကျယ်ခမ်းနားလိုက်တဲ့အိပ်မက်'

ကျွန်မ ရယ်မောမိသည်။

'အနည်းဆုံး မမတစ်ယောက်တည်းအတွက်ပေါ့ဗျာ'



အဲဒါက ပိုတောင် ရယ်စရာကောင်းသေးသည်မဟုတ် လား။ ကမ္ဘာမှာ ရေမွှေးကို တစ်ယောက်တည်းအတွက် ထုတ်လုပ် တယ်ဆိုတာ ကြားမှ မကြားဖူးဘဲ။

ကျွန်မတို့ ရေမွှေးအကြောင်း၊ ပန်းတွေအကြောင်း ရောက်တတ်ရာရာပြောနေတုန်းက အကောင်း။ သူက မေးခွန်း တစ်ခုကို ကောက်မေးလိုက်တော့မှ ပြဿနာက စတော့သည်။

'ကျွန်တော်တို့နှစ်ယောက် ဒီလိုပဲ နေသွားကြရတော့မှာ လား ဟင်'တဲ့။

သူ့မေးခွန်းကို ကျွန်မ အတိအကျ နားလည်ခဲ့သည်။ တစ်နှစ်တစ်ခါဆိုသလို မေးခွန်းတွေ တစ်ခုပြီး တစ်ခု မရိုးနိုင် အောင် မေးတတ်သည့် ကောင်လေး။

ကျွန်တော်တို့ လက်ထပ်ကြမလား ဟု မေးတာက တစ်မျိုး။

မမ ကျနော့်ကို ချစ်လားဟု မေးတာက တစ်မျိုး။

မချစ်ပါဘူးမောင်ရယ်

မမ ကျနော့်ကို ချစ်တယ်မဟုတ်လား

မချစ်ပါဘူး။ မမ မောင့်အပေါ်မှာ မေတ္တာရှိတာပါ။ အချစ်နဲ့ မေတ္တာနဲ့ မတူဘူးမောင်

ကျနော့်အတွက်တော့ အတူတူပဲ။ မမ ကျနော့်ကို ချစ်တယ် ဟုတ်တယ်နော်

ပြောပြီး ပြုံးရယ်ကာ သူ့ဟာသူ ကြည်နူးနေတတ်သော ကောင်လေးသည် အခုတော့ စိတ်ပျက်လက်ပျက် ပုံစံမျိုးနှင့် အတည်ပေါက် မေးခွန်းကို မေးလေပြီ။

'မမ ကျနော်တို့ ဒီလိုပဲ နေသွားကြရတော့မှာလား ဟင့်'

'ဒီလိုပဲပေါ့ ဘယ်လိုနေချင်သေးလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကျွန်မတို့နှစ်ယောက် လှပစွာခိုင်ခန့်သော သစ်သားအလှဆင် တိုက်အဆောက်အဦဖြစ်သော ကော်ဖီဆိုင်လေးထဲမှာ ထိုင်နေခဲ့ကြသည်။ သူက အမေရိကန်နို့ကော်ဖီကို သောက်ပြီး ကျွန်မက ကက်ပူချီနိုကော်ဖီကို သောက်နေခဲ့သည်။ ကျွန်မတို့စားပွဲသည် သစ်သားပွတ်လုံး အိမ်လက်ရန်းတစ်ခု၏ ဘေးတွင် ရှိသည်။ လက်ရန်း၏ဟိုဘက်တွင် ခြံဝန်းကျယ် ရှိသည်။ ခြံဝန်းထဲတွင် အုန်းပွားပင်များ မြင့်မြင့်မားမား စိမ်းစို ယိမ်းနွဲ့နေကြသည်။ မြက်ခင်းပြင်သည် နေ့စဉ်စက်ဖြင့် ညှိထားသည့်ပုံစံဖြင့် စိမ်းစိုညီညာနေသည်။ ခြံဝန်းစည်းရိုးနေရာသည် တရုပ်စံကားပင်တို့ စီတန်းနေခြင်းဖြစ်ပြီး အဖြူရောင်အဆုပ်လိုက်ပွင့်သော ပန်းတို့သည် အပင်ပေါ်မှာရော မြက်ခင်းပေါ်မှာပါ စီရီဖြာဝေနေကြသည်။

ပတ်ဝန်းကျင်သည် စိတ်ကူးယဉ်ဖွယ်ကောင်းသည်။ သို့သော် 'ဒီလိုပဲ' ဟူသည့်စကားလုံးသည် တော်တော်ယေဘုယျကျသည်ဟု ကျွန်မထင်၏။ ဒီလိုပဲ တစ်ယောက်နှင့်တစ်ယောက် နီးလာလိုက် ဝေးသွားလိုက်၊ ဒီလိုပဲ တစ်ယောက်စီက တစ်ဘဝစီ ဒီလိုပဲလေ။

'မမရဲ့ ဒီလိုပဲက ဘယ်လိုလဲ'

'မင်းမေးတဲ့ဒီလိုပဲကကော ဘယ်လိုလဲ'

ကျွန်မ သူ့ကို ပြုံးစစဖြင့် မေးမိသည်။

'ကျနော့်ရဲ့ဒီလိုပဲက အခုလိုပဲ လဖက်ရည်ဆိုင်လေး ထိုင်လိုက် ကော်ဖီဆိုင်လေး ထိုင်လိုက်၊ ကျနော့် အလုပ်အကြောင်း ပြောလိုက် မမရဲ့ စာတမ်းဖတ်ပွဲတွေအကြောင်း ပြောလိုက်၊ မမ နိုင်ငံခြားထိ သွားတဲ့အခါ ကျနော်က လွမ်းလိုက် အဲဒီလိုနဲ့ ဘဝ နေဝင်ရတော့မှာလားလို့ ပြောတာ'



'ဟဲ့အခုမှ ဘဝနေထွက်ချိန်ပဲ ရှိသေးတယ် နေမဝင်နဲ့ဦး'

'မမ မလျှောင်နဲ့ဗျ'

သူ စိတ်နည်းနည်းတိုနေသည်။

'မမပြောချင်တဲ့ ဒီလိုပဲကရော အဲဒါပဲမဟုတ်လား ကော်ဖီဆိုင်ထိုင်မယ် ကျနော့်ကို အိမ်ခေါ်ပြီး မုန့်တွေကျွေးမယ်'

'ဘယ်ဟုတ်မလဲ မမရဲ့ဒီလိုပဲက ပိုပြီး အဆင့်မြင့်တယ်။ မမရဲ့ဒီလိုပဲဆိုတာက ဘယ်တော့မှ မဝေးကြစတမ်းလို့ ဆိုလိုတာ။ အခုလိုပဲ တွေ့ကြမယ်။ အကြံဉာဏ်တွေပေးကြမယ်။ နှစ်သိမ့်မှုတွေပေးကြမယ်'

'အော် ဒါပဲလား'

'အင်းလေ'

'ဒီ့ထက်ပိုစရာမလိုဘူးပေါ့'

'ပိုဦးမှာပေ့ါ။ တခြားနေရာတွေလည်း ပါဦးမှာပေ့ါ။ ဥပမာ မင်း ရေမွှေးကုမ္ပဏီတစ်ခု တည်ထောင်နိုင်သွားရင် မင်းရဲ့ ရုံးခန်းမှာ၊ မင်းရဲ့ ဓာတ်ခွဲခန်းမှာ မင်း စမ်းသပ်မှုတွေကို မမ စောင့်ကြည့်မယ်။ အားပေးမယ်။ မမခြံတစ်ခု ဝယ်ပြီးတဲ့အခါ မင်းပဲ လာဗင်ဒါ စိုက်ခင်းဖြစ်အောင် ကြိုးစားပေးမယ်ဆို။ မမက အပင်တွေ စိုက်၊ မင်းက အဲဒီအပင်တွေကနေ အမွှေးဆီထုတ်။ တို့တွေ ဘဝ ဘယ်လောက် ပြည့်စုံလိုက်မလဲမောင်ရယ်'

သူ မပြုံးပါ။

'မြစ်ကမ်းပါးတို့ ပင်လယ်ကမ်းစပ်တို့ တောင်ခြေ တောအုပ်လေးတို့မှာ တို့နှစ်ယောက် အတူ စကားတွေပြော၊ ကဗျာတွေရွတ် မင်းက ဂစ်တာတီးပြီး သီချင်းဆို'

သူ့မျက်လုံးတွေ တောက်ပမလာဘဲ နွမ်းနယ်နေဆဲ။ ကျွန်မ ပင့်သက်ရှိုက်လိုက်မိ၏။ သူ ဘာကိုလိုချင်သည်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သိလျက်သားနှင့် မသိချင်ဟန်ဆောင်ရတာ ခက်ခဲလှပါသည်။

'ဒါမှ မဟုတ် မင်း အိမ်ပိုင်လာတဲ့အချိန်မှာ မင်းရဲ့ စာကြည့်ခန်းကို စာအုပ်တွေနဲ့ မမ ပြင်ဆင်ပေးမယ်။ အဖြစ်နိုင်ဆုံးက မင်းနဲ့မမနဲ့စပ်တူနောက်ထပ် ခြံကျယ်ကျယ်လေးဝယ်မယ်။ တစ်ခြံဝန်းတည်းမှာ အိမ်လေးဆောက်ပြီး အတူနေကြမလား။ အဲလိုဆိုရင် တို့နှစ်ယောက်လုံး ပိုင်တဲ့အိမ်မှာပေါ့'

သူ ကျွန်မကို ခပ်စူးစူးတစ်ချက် စိုက်ကြည့်သည်။

'အမှန်အတိုင်း ပြောရမလား မမ'

'အေး ပြောလေ'

ကျွန်မ သူ့ကို ပြုံးကြည့်လျက် ခွင့်ပေးလိုက်ပါသည်။

'မမပြောတဲ့ အဲဒီစကားတွေရဲ့အဓိပ္ပါယ်ကို ကျနော် မသိဘူး။ မမရော သိလား'

သူ့မျက်နှာထားက ခပ်တင်းတင်း။

'ကျနော်တို့နှစ်ယောက် တစ်အိမ်တည်းတော့ အတူနေလို့ရတယ်။ ဒါပေမယ့် လက်ထပ်လို့မရဘူး အဲဒီလိုလား'

'ဘာ'

ကျွန်မ မျက်နှာနွေးခနဲ ပူသွားသည်။

'မဟုတ်ဘူး။ မမကို စော်ကားတာ မဟုတ်ဘူး။ ကျနော် တကယ် နားမလည်ဘူး။ ဒါမှမဟုတ် မမ ဒေါသထွက်သွားတယ်ဆိုတော့ မောင်နှမလို မေတ္တာမပျက် သွေးရိုးသားရိုး အတူတူနေဖို့ တကယ် စိတ်ကူးယဉ်နေတာလား'

သူ့ကြည့်ရတာ ကျွန်မသိခဲ့သည့် အပြစ်ကင်းစင်သည့် မောင်သက်ဝေလေး မဟုတ်တော့ပါလား။ တကယ့် ယောကျ်ားတစ်ယောက်ကို ကျွန်မ မြင်တွေ့နေရတာလား။

ထို့နောက် သူ ဟက်ခနဲ တစ်ချက်ရယ်သည်။ သူရယ်ပုံက



မထေမဲ့မြင် ရယ်ပုံမျိုး။ ကျွန်မ ရင်ထဲမှာ ကျင်ခနဲနာသွား၏။

'မမ သိပ်ရိုးနေတာလား။ ဒါမှမဟုတ်လည်း သိပ်ခေတ်မီဆန်းပြားနေတာ များလား'

ကျွန်မ သူ့ကို ငေးကြည့်နေမိသည်။

'ဒါဖြင့် ကျနော်က အိမ်ထောင်မပြုရတော့ဘူးလား။ မမကလည်း ယောကျ်ားမယူတော့ဘူးဆိုတဲ့အဓိပ္ပါယ်လား ဟင်။ ကျနော် မမကို တကယ် နားမလည်ဘူး'

'အိမ်ထောင် ဟုတ်လား။ ရှုပ်ကရှုပ်နဲ့ မောင်လေးရယ်။ မမဘေးမှာ မင်းရှိတယ်။ မင်းဘေးမှာ မမရှိတယ်။ ဘယ်သူ့ကို ထပ်လိုဦးမှာလဲ'

'ဘယ်သူလိုသေးလို့လဲဟုတ်လား။ မမ အဲဒီမေးခွန်းကို ကျနော် မဖြေတတ်ဘူးဗျာ တကယ်ပဲ'

သူ ကျွန်မထံက မျက်နှာလွှဲလျက် တခြားနေရာတွေသို့ ငေးမောကြည့်နေတာ အကြာကြီးပါ။ သူကြည့်ရာသို့ ကျွန်မ လိုက်ကြည့်သည်။ မျက်နှာကျက်မှ အလှတပ် သစ်သား ပန်ကာရွက်ကြီးသုံးခု။ ပြီးတော့ အုန်းပွားပင်ပေါ်မှာ ပျံဝဲနေသော လိပ်ပြာ အဝါလေးဆီလား။ ပြီးတော့ ကျွန်မကော်ဖီအပေါ်ယံမှာ အမြှုပ်လေးတွေဖြင့် ဖန်တီးပြုလုပ်ပေးထားသောအသဲပုံ အဖြူရစ်လေးလား။ သူ ကြည့်နေသည်ဟု ထင်သော ထိုအရာတွေကို ကျွန်မ ငေးမိသည်။ ထို့နောက် အားတင်းကာ စကားတစ်ခွန်းပြောမိသည်။

'မမကတော့ ယောကျ်ားမယူဘူး'

သူ ငြိမ်သက်နေသည်။ ကျွန်မကို မကြည့်ပါ။

'မောင် မမပြောမယ် နားထောင်။ မမဖတ်ဖူးတဲ့ ဝတ္ထုတစ်ပုဒ်ရှိတယ်။ အဲဒီဝတ္ထုထဲမှာ အိမ်ထောင်ရေးအကြောင်းကို မှတ်ချက်ချထားတဲ့ စကားတစ်ခွန်းရှိတယ်။ သိပ်ကောင်းတာပဲ။

www.burmeseclassic.com



မောင့်ကို ပြောပြမယ်'

သူ့ကို ပျော်အောင်စတော့မည့် ခပ်နောက်နောက် မျက်နှာထားကို ကျွန်မ ပြုံးယူလိုက်သည်။

'အိမ်ထောင်ရေးဆိုတာ လိမ်ညာထားတဲ့ ကြည့်ချင်ပွဲ တစ်ခုပဲတဲ့။ အထဲကိုရောက်ပြီးတဲ့လူက ဘာမှလည်း မကောင်းပါ ဘူးကွာ လို့ ညည်းညူပြီး ပြန်ထွက်လာတဲ့အချိန်မှာ ဝင်မကြည့်ရ သေးတဲ့လူတွေက အပြင်က ဝင်ပေါက်မှာ အထဲဝင်ဖို့ တိုးဝှေ့နေ ကြတုန်းတဲ့။ သိလားမောင်'

သူ နှုတ်ခမ်းတွန့်ကွေးကာ ပြုံးသည်။ ထိုအယူအဆကို သူလက်ခံမှာမဟုတ်။

'ဝတ္ထုနာမည်တော့ မမ မေ့သွားပြီ'

'မမေ့ပါနဲ့မမရဲ့။ အဲဒီဝတ္ထုအကြောင်းကို ကျွန်တော့်ကို ကျွန်တော် ဆယ့်လေးနှစ်သားကတည်းက မမ ပြောပြဖူးခဲ့တာပါ လီယိုတော်စတွိုင်းရဲ့ ခရူဇာဆိုနာတာ မဟုတ်လား'

'ဟယ် ကြည့်စမ်း မောင်လေးက မှတ်ဉာဏ်သိပ်ကောင်း တာပါလား။ အေးအေး ဟုတ်မှာပေါ့။ အဲဒီစကားကို မင်း ဘယ်လို သဘောရလဲ'

'ဘယ်လိုသဘောရလဲ ဟုတ်လား'

သူ ကျွန်မကို ဗလာမျက်လုံးများဖြင့် ခပ်ကြာကြာငေး စိုက် ကြည့်နေပြီးမှ

'ကျွန်တော် မမကို ပြောချင်တဲ့စကားတွေ အများကြီး ရှိတယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ မမကို စကားတစ်ခွန်းမှကို မပြောချင်တော့အောင်လည်း စိတ်ပျက်လက်ပျက် ဖြစ်မိတယ်' ဟု ပြောသည်။

မောင့်ကို ကျွန်မ နားလည်ပါသည်။ မောင်သည် ဘဝ တွင် တစ်ယောက်တည်း နေခဲ့ရတာ များသည်။ သူ ငယ်စဉ် တတည်းက ချစ်ခြင်းမေတ္တာနှင့် ဝေးခဲ့ရသည်။ အယုယ အကြင်နာ ဆိုတာကို ကျွန်မနှင့်တွေ့မှ ရခဲ့သည်။ သူ့ဘဝတွင် ကျွန်မသည် မိခင်အစားထိုးပြီး ရလာခဲ့သည့် မေတ္တာရှင် ဖြစ်သည်။ သူ စွဲလမ်း ပေမပေါ့။



သူ့ကို ကျွန်မချစ်မြတ်နိုးပါသည်။ ချစ်မြတ်နိုးမှုတစ်ခု တည်းဖြင့် ကျွန်မ သူ့ကို လက်ထပ်နိုင်ဖို့ လုံလောက်ပြီလား။ ဘဝ တွင် အခက်ခဲဆုံးမေးခွန်းများမှာ သူများမေးသည့်မေးခွန်း မဟုတ် ဘဲ ကိုယ့်ကိုယ်ကို မေးရသော မေးခွန်းများ ဖြစ်နေပါရောလား။

'မမကို ကျနော် မညာမတာ ဝေဖန်ခွင့်ရှိလား'

'အို ရှိပါ့တော် ရှိပါ့ ဝေဖန်စမ်းပါ'

'မမက ကိုယ့်ကိုယ်ကို ညာနေတာပဲ'

ကျွန်မ မျက်နှာနွေးခနဲဖြစ်သွားပါသည်။ သူ့ကို မျက်လုံး ချင်း ဆိုင်ကြည့်ဖို့ ကျွန်မ မနည်းအားယူရသည်။ မဖြစ်ဘူး။ သူ့ စကားကို ကျွန်မ တုန်လှုပ်လို့ မဖြစ်ဘူးလေ။

'မင်း မင်း မမကို ဒီစကား ပြောရဲတယ်ပေါ့'

ကျွန်မ သူ့ကို မျက်နှာထားဖြင့် ငေါက်ငမ်းလိုက်သည်။

သို့သော် ကျွန်မ၏အသံက အဖျားဆွတ်ကာ တုန်ရီသွား သည်။ ကျွန်မ ခဏကြာလျှင် ပုံလျက်သား လဲကျသွားတော့မည်။

'ပြောရဲလို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ကျနော် မမ ကို လက်ထပ်ဖို့ခွင့်တောင်းခဲ့တာ နှစ်တွေလည်းမနည်းတော့ဘူး။ မမ အမြဲတမ်း ငြင်းခဲ့တယ်။ အကြောင်းပြချက်တွေကလည်း အမျိုး မျိုးပဲ။ ဒီနှစ် အကြောင်းပြချက်က တစ်မျိုး။ နောက်နှစ် အကြောင်း ပြချက်က တစ်မျိုး။ ချစ်လားဆိုတော့လည်း မချစ်ဘူး တဲ့။ ဒါပေ မယ့် ကျွန်တော့်ကို မမနားမှာ တစ်ချိန်လုံး ရှိနေစေချင်တာလည်း

www.burmeseclassic.com

www.burmeseclassic.com



မမပဲ။ အဲဒီတော့ ကျွန်တော်က ဘာလဲ မမရဲ့။ ကျွန်တော် ဘာလဲ'

သူက အံတင်းတင်းကြိတ်ထားလျက်က အသက်မရှူဘဲ စကားတွေ တောက်လျှောက်ပြောသွားသည်။

'မောင် တို့နှစ်ယောက် မောင်နှမတွေအဖြစ် နီးနီးလေးမှာ အတူတူ နေသွားလို့ မရဘူးလား'

သူဒေါသကြီးလာပြီဆိုတော့ ကျွန်မ သူ့ကိုလေသံဖျော့ဖျော့လေးဖြင့် ဖျောင်းဖျဖို့ ကြိုးစားမိသည်။

'ကျနော် ပြောပြီးပြီပဲ ။ ကျနော် မနေနိုင်ဘူးမမ။ ကျနော် ဘယ်လောက်ပင်ပန်းဆင်းရဲရတယ်မှတ်လဲ။ မမ အနားမှာ အဖြစ်ကင်းကင်းလေးနဲ့ သူတော်စင်လေးတစ်ယောက်လို နေနိုင်ဖို့ ကျနော် ဘယ်လောက် ပင်ပန်းရလဲ။ မမ မသိဘူး'

ဘုရားဘုရား။ အဲဒါ တကယ်ပဲ မောင်သက်ဝေ ပြောလိုက်တဲ့ စကားတဲ့လား။ ကျွန်မ သူ့ကို ငေးမောကြည့်လျက် ဘာမှ မပြောနိုင်တော့ပါ။ မောင် ဘာတွေ ပြောနေတာလဲ။ မမကို အဲလို စကားတွေ မပြောပါနဲ့လား။

'မမ ကျနော့်ကို တစ်ခုခုဆုံးဖြတ်ပေးပါ။ ကျနော့်ကို မမ လက်ထပ်မှာလား။ ဒါမှမဟုတ် ကျနော် မမ အနားကနေ ထွက်သွားရမှာလား'

မောင့်မျက်နှာထားက နည်းနည်းထန်နေသည်။ ကျွန်မ ရင်ထဲမှာ ခါးသက်စွာ နာကျင်သွား၏။

အော။ မင်းက ရာဇသံပေးတဲ့သဘောလား။

ကလေးဘဝကတည်းက ရှင်သန်လာတဲ့ ဖြူစင်တဲ့ မေတ္တာလေးတွေကို မင်း ဖျက်ဆီးချင်နေတာ။ ဒါကို ငါက အလိုလိုက်ရမတဲ့လား။ ဘယ်ဖြစ်မလဲ။ လုံးဝ မဖြစ်နိုင်ဘူး။



'မမကတော့ မင်းကို မနှင်ဘူးနော်'

ကျွန်မ အသံမတုန်အောင် ထိန်းပြီး ပြောလိုက်၏။

'ဟုတ်တယ် မနှင်ပါဘူး။ မမ ကျနော့်ကို အပျင်းပြေ ခေါ်ထားချင်ဦးမှာပေါ့။ အနားမှာ နေစေချင်ဦးမှာပါ။ ဒါပေမယ့် ကျနော် ပြောလိုက်မယ်။ ကျနော် မမအနားမှာ မမရဲ့ခင်ပွန်း အဖြစ်ကလွဲလို့ ဘယ်လို ယောကျ်ားအဖြစ်မျိုးနဲ့မှ မနေနိုင်ဘူးမမ'

'ဟင်'

ကျွန်မ တစ်ကိုယ်လုံး ပူရှိန်းသွား၏။

အဲဒီလောက် ပြောဖို့လိုလို့လား။ သူ ကျွန်မကို အဲဒီလောက် ရိုင်းပျဖို့ လိုလို့လား။ မမျှော်လင့်ဘဲ ကျွန်မလက်က စားပွဲပေါ်မှ ကျော်လျက် သူ့မျက်နှာကို ခပ်ဆတ်ဆတ် ရိုက်ထည့်လိုက်မိတော့သည်။

မောင့်ပါးပြင်နှင့် ကျွန်မ၏လက်ဖဝါးထိခတ်သံသည် ကျယ်လောင်လှသည်။ ဖြူဝင်းသော ပါးပြင်က ချက်ချင်းပန်းသွေးရောင် ရဲသွားသည်။

မောင်က ကျွန်မ သူ့ကို ရိုက်လိုက်မည်ဆိုတာ ကြိုသိနေသလိုပဲ။ အံ့ဩဟန်မပြ။

သို့သော် မျက်လုံးတွေမှာ နာကျင်မှုကို မြင်ရသည်။ ပြီးတော့ ဝမ်းနည်းမှု။ မောင့်မျက်လုံးအိမ်မှာ မျက်ရည်တွေ ချက်ချင်း ရစ်ဝဲ လျှံတက် လာခဲ့သည်။

မောင် နာသွားမှာပါ။ ပါးလည်း နာကျင်မှာ၊ နှလုံးသားက ပို၍ပင် နာကျင်သွားမှာပါ။

သို့သော် မောင်က မျက်နှာကို ချက်ချင်း လွှဲပစ်လိုက်တော့ မောင့်မျက်လုံးနှင့် နှုတ်ခမ်းကို မမြင်ရတော့ပါ။

မောင်က ဝုန်းခနဲ ထိုင်ရာမှ ထထွက်သွား၏။ သူ ထိုင်

www.burmeseclassic.com

www.burmeseclassic.com



နေသည့် ကုလားထိုင်ကိုလည်း ခလုပ်တိုက်သွားသည်။ စားပွဲပေါ်က လက်သုပ်စက္ကူခေါက်လေးကိုလည်း လက်ဖြင့်တိုက်သွားသည်။

ရိုက်လိုက်မိလို့ သနားသွားသည့်စိတ်ကို မိုက်ရိုင်းလှချည့်ဟု ဒေါသဖြစ်စိတ်က လွှမ်းမိုးသွားသည်။ လူရှေ့သူရှေ့မှာ ကျွန်မတို့ အိမ်ခြေပျက်ခဲ့ကြရတာ ရှက်စရာကြီးဟု ကျွန်မ မျက်နှာပူနေသဖြင့် ဆိုင်ထဲကနေ တော်တော်နှင့် ပြန်မထွက်မိ။ ကျွန်မ၏ ဆူဝေနေသည့်ရှက်စိတ်နှင့်ဒေါသစိတ်ကို မြိုချနေရသောကြောင့် ဖြစ်သည်။

နောက်နေ့ သူ မရောက်လာပါ။ ဖုန်းလည်း မဆက်လာပါ။ နေပေါ့။ သူကများ စိတ်ကောက်ရတယ်ရှိသေး။ မင်းပဲ နေနိုင်မလား၊ ငါပဲ နေနိုင်မလား။

နောက်တစ်နေ့။

နောက်ထပ်တစ်နေ့။

ကျွန်မ စောင့်ရတာ လုံလောက်ပြီဟု သတ်မှတ်လိုက်သည်က တစ်ပတ်တိတိအကြာတွင် ဖြစ်သည်။ သူ့ဆီက တယ်လီဖုန်းမလာလို့ သူ့ကို ဖုန်းဆက်ဖို့ကလည်း သူ့မှာ တယ်လီဖုန်းမရှိ။ အရေးပေါ် ခေါ်လို့ရအောင် ဟု သူပေးထားသည့်ဖုန်းသည် သူတို့ တိုက်ခန်း၏ အောက်ဆုံးထပ်က သယ်န်းတိုက်မှ ဖုန်းဖြစ်သည်။ သူ ရုံးပြန်ရောက်ချိန် မှန်းပြီး ထိုဖုန်းကို ခေါ်ပြီး သူ့ကို ခေါ်ပေးခိုင်းတော့ သူ လာ မကိုင်ပါ။

သူတို့သူငယ်ချင်းတစ်စု ငှားထားသည့် အခန်းသို့ ကျွန်မ အကြိမ်ပေါင်းများစွာ ရောက်ခဲ့သည်။ သူ့ကို ဘယ်တော့မှ မတွေ့ရ။ သူငယ်ချင်းတွေက သူ ပြန်မလာတာ ကြာပြီဟု ဖြေတော့



ကျွန်မမှာ ပူပန်သောကစိတ်တွေဖြင့် ငိုလိုက်ရတာ။

သူ့အလုပ်ကို သွားဖို့လည်း သူက ကျွန်မကို သူ့အလုပ်သစ်၏ နာမည်နှင့်လိပ်စာ အပြည့်အစုံကို ပြောခဲ့တာမဟုတ်။ ဘယ်ကို လိုက်လို့လိုက်ရမှန်းမသိ။ သူ့မှာ အခင်မင်ဆုံးသူငယ်ချင်းရော ရှိရဲ့လား။ သူခံစားရသမျှကို ရင်ဖွင့် ပြောပြ ပေါက်ကွဲရမည့် သူငယ်ချင်းစစ်စစ် ရှိမှ ရှိရဲ့လား။

လနှင့်ချီပြီး သူ ပျောက်ကွယ်နေသည့်အခါ ကျွန်မ ရေနံချောင်းသို့ ပြန်ရသည်။ ရွှေစေတီဘုန်းကြီးကျောင်းကိုတော့ မောင် အဆက်အသွယ် ဖြတ်မှာမဟုတ်ဘူးဆိုသည့် မျှော်လင့်ချက်ဖြင့် ဖြစ်သည်။

သို့သော် ဘုန်းဘုန်းကလည်း မောင့်ထံမှ စာမလာတာ ကြာပြီဟု ဆိုပါသည်။

မိုးမခဆီသွားသည်။ မိုးမခ မသိဘူးဆိုတော့ နေမင်းဦးဆီ သွားမေးသည်။ နေမင်းဦးလည်း မသိဘူးဆိုတော့ ဇွဲနောင်ဆီ သွားမေးသည်။ ထို့နောက် စိုးထိုက်သူ၊ မေနှင်းဆီ... မေမေ့ကလေးဆယ့်ငါးယောက်လုံးကို ကျွန်မ ဆက်သွယ်ပြီး မေးကြည့်သည်။ သူတို့အားလုံး မောင်သက်ဝေ ဘယ်ရောက်နေမှန်း မသိပါတဲ့။

ကျွန်မ အံ့သြစွာ မျက်ရည်ကျမိသည်။

ကျောင်းဝေဖယန် လောင်းဝေသန့်တို့ ဆောင်းနွေစံကာ
ချိုချဉ်ငယ်မှိုးလို့ သစ်သီးရှာ
မယ်ဂဏ္ဍာနှင့်ဇာလီမောင်နှမ
သနားစဖွယ် ကစားရှယ်ကို
ပဏ္ဏားဝယ် သတုန်းက ချွန်းချကာငို
မဒ္ဒီလဲတဲ့ သဲမိုမိုကို

www.burmeseclassic.com

www.burmeseclassic.com



ပင်ကိုယ်နတ်ကယ် အရှာငယ်ကျူးပါလို့
ရောက်ဖူးတယ်။

ဦးကြော့၏ စုံနံ့သာမြိုင် ကဗျာရှည်ကြီးကို တစ်ခါတုန်းက မေမေ ဖတ်ခိုင်းသည့်အခါ အနည်းငယ်ငြူစူခဲ့မိတာကို မှတ်မိသည်။ အခုအခါ မှတ်စုထဲမှ ထိုကဗျာတစ်ပိုင်းတစ်စကို ဓာတ်ပုံရိုက်သလို စကင်ဖတ်ပြီး မောင်ဖတ်လား မဖတ်လား မသိနိုင်တော့သည့် အီးမေးလ်လိပ်စာဆီသို့ ဖိုင်တွဲလျက် ထည့်ပို့ပေးလိုက်သည်။

အော် အခုမှပဲ ကျွန်မသည် မဒ္ဒီလဲသည့် သဲမိုမိုသို့လည်း ရောက်ခဲ့ဖူးပြီကော။

ဟုတ်တယ်။ ကျွန်မ မောင့်ကို လေးနှစ်လုံးလုံး မသိမသာ ရှာဖွေနေခဲ့တာ။ နေရာအနှံ့ပါပဲ။ သုဝဏ္ဏသာမ မြားမှန်ပြီးနောက် အမိအဖနှင့်သူ သစ္စာဆိုခဲ့သည့် နဒီချမ်းမြေ့ ရေယာဉ်စမ်းနှင့် ခင်တန်းကွေ့မှာလည်း ကျွန်မ တမြေ့မြေ့နှင့် ရွှေ့ရွှေ့ ရှာဖွေခဲ့ဖူးသည် ဟု ဆိုပါစို့။

ကျွန်မကို တမ်းတမ်းတတ အားကိုးတကြီး လိုအပ်နေသူဟု ကျွန်မ ယုံကြည်ထားခဲ့သည့် မောင်တစ်ယောက် အခုလို ကျွန်မဘဝထဲကနေ ပျောက်ကွယ်သွားလိမ့်မည်ဟု တစ်ခါမှတောင် တွေးမကြည့်ဖူးခဲ့ပေ။

အခုအခါ

ပန်ပါတဲ့ပန်ပါ၊
ရွှေမင်းဝံတောင်ပေါ်ရိုးက
ပန်းချိုးလို့လာ။

အပွင့်ရယ်ဝါ
အညာမှာ ရွှေရည်လူးတယ်၊
ပန်ဝံ့ပြီဘူး။

www.burmeseclassic.com

www.burmeseclassic.com

(၁)

ပထမတော့ ကျွန်မ မြင်နေရသည့် အခန်းတစ်ခုလုံး၏ မြင်ကွင်းကို ကျွန်မ၏ငယ်ဘဝဟု ထင်ခဲ့၏။ တကယ်တော့ ကျွန်မ၏ငယ်ဘဝမဟုတ်။ မောင့် ငယ်ဘဝသာ ဖြစ်၏။ မောင်အသက် ခုနစ်နှစ်သားအရွယ်ကနေ ကျွန်မနှင့်နောက်ဆုံးတွေ့သည့် ၂၀၀၆ ခုနှစ်အထိ မောင်သိမ်းဆည်းထားခဲ့သော ကျွန်မနှင့်ပတ်သက်သမျှ မောင့် ငယ်ဘဝတွေ ဖြစ်ပါသည်။

မှန်သေတ္တာလေးထဲထည့်ထားသော လက်ပတ်နာရီ လေး တစ်လုံးလည်းပါ၏။ အို၊ နာရီလေးကိုမြင်လိုက်တော့ ကျွန်မ လှပ်ခနဲ ရင်ခုန်သွားသည်။ ကျွန်မ မှတ်မိတာပေါ့။ ရွှေရောင်ဒိုင်ခွက် အဝိုင်းလေးနှင့် ရောမ ဂဏန်းစာလုံးတွေနှင့် လက်ပတ်ကြိုးက အညိုရင့်ရောင်လေ။ သူ ရှစ်တန်းနှစ်က ကျွန်မပေးခဲ့သည့် သူ့ အတွက် မွေးနေ့လက်ဆောင် တစ်ခုပေါ့။ သိပ် တန်ဖိုးမကြီးပါ။ ကျွန်မ၏ပထမဆုံးဝင်ငွေဖြင့် မီသလောက်ပဲ ဝယ်ပေးနိုင်သည့် ပါလ်ဆာ နာရီလေးပါ။ မောင် ဒါကို အမြတ်တနိုး သိမ်းထားခဲ့ တယ် ပေါ့။ မောင်ရယ်။

ကျွန်မ သူ့အတွက် သက်သက် အချိန်ယူပြီး ပြုလုပ်ပေး ထားသည့် scrap book လေးကို ကျွန်မ ပြုလုပ်ပေးထားသည့် ကတ်ဘူးလေးဖြင့် စားပွဲမြင့်လေးတစ်ခုပေါ်မှာ တွေ့မြင်လိုက်ရ



ချိန်တွင် ကျွန်မ မျက်ဝန်းမှာ စိမ့်အိုင် ရစ်ဝဲလာသော မျက်ရည် တို့က ကြည်နူးစွာ လွမ်းဆွတ်ခြင်းကြောင့် ဖြစ်နိုင်ပါသည်။

ကျွန်မ မှတ်မိတာပေါ့။ အပြာနုရောင်ကတ်ဘူးသည် ကျွန်မကိုယ်တိုင် ဖန်တီးပြုလုပ်ထားသည့် လက်ရာ။ အပြာရောင် ကတ်ဘူးပေါ်တွင် ကျွန်မ ကိုယ်တိုင် ဆေးခြယ်ပေးထားသည့် ဂစ်တာလေးနှင့် လိပ်ပြာပုံလေးကို ကျွန်မ ဘယ်လိုလုပ်ပြီး မေ့နိုင် ပါ့မလဲ။ အနည်းငယ်တုန်ယင်သော လက်များဖြင့် ကတ်ထူဘူး ကို ဖွင့်လိုက်သောအခါ အတွင်းမှာ ဗလာစာအုပ်ထူထူ တစ်အုပ် နှင့် သီချင်းကူးထားသည့် စီဒီချပ်များကို မြင်လိုက်ရသည်။ ဗလာစာအုပ်ကိုဖုံးထားသည့် မျက်နှာဖုံးစာရွက်၏ ပန်းချီပုံလေးကို မြင်လိုက်တော့လည်း ကျွန်မ ပြုံးမိသည်။ တိုင်းမ်မဂ္ဂဇင်းဟောင်း တစ်ခုထဲမှ ဖြုတ်ယူထားသော ရေနွားဲ၏ပန်းချီလက်ရာ ပုံတစ်ခု ပါသည့် စာရွက်ဖြင့် ကျွန်မ စိတ်ရှည်လက်ရှည် မျက်နှာဖုံး ဖုံးပေး ထားခဲ့တာကိုး။

ကျွန်မ မျက်ရည်တို့ဖြင့် ဝေဝါးလျက်က ထိုစာအုပ်လေး ကို လက်ညှိုးဖြင့် ထိကြည့်လိုက်သည်။ အဲသည်နေ့က အခုလိုပဲ ဇူလိုင် ၆ရက် သူ့မွေးနေ့ဖြစ်သည်။ သို့သော် လွန်ခဲ့သည့် ခုနစ်နှစ် က မို့ ၂၀၀၃ခုနှစ် ဇူလိုင် ၆ရက်ဖြစ်ပါသည်။

'မမ ဒီနေ့ ကျွန်တော့်မွေးနေ့၊ မွေးနေ့လက်ဆောင် ပေးပါ'

ထိုနေ့က တနင်္ဂနွေနေ့ဖြစ်သည်။ ထိုညနေမှာ ကျွန်မဆီ သို့ ရောက်လာပြီး ကလေးမုန့်တောင်းသလို လာတောင်းနေသည့် မောင့်ကိုကြည့်ရင်း ရယ်လည်းရယ်ချင်၊ သနားလည်း သနား။

'အို ပေးမှာပေါ့ ပေးမှာပေါ့'

အသက်က ၂၂နှစ်အရွယ်။ စက်ရုံတစ်ခုမှာ ဝန်ထမ်း။ မောင့်ရုပ်ရည်က ချောမွေ့တာမို့ မောင် ဘယ်နေရာပဲရောက်ရောက်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်တော့ ရှားမှာမဟုတ်ဘူးဟု ကျွန်မကြိုသိခဲ့သည်။ မောင့်ကို သေသေသပ်သပ်လေး ဝတ်စားဆင်ယင် စေချင်သည်။

'လာ မမနဲ့ လိုက်ခဲ့'

ကျွန်မ မောင့်ကို ဆူပါမားကက်တစ်ခုသို့ခေါ်သွားပြီး အဝတ်အစားတစ်စုံ ဝယ်ပေးဖို့ပြင်တော့ သူ မျက်နှာပျက်သွား၏။

'ကျွန်တော် မမဆီက မွေးနေ့လက်ဆောင်လိုချင်တာ။ အဝတ်အစားလိုချင်တာ မဟုတ်ဘူး'

'ဟောတော်။ မွေးနေ့လက်ဆောင်ဆို ပြီးရောပေါ့။ ဘာ ချေးများနေရတာလဲ။ ရော့ ဒီဘောင်းဘီကို ဟိုဖက် ဖစ်တင်းရွမ်း မှာ သွား ဝတ်ကြည့်ချေ'

'နိုး'

သူ ဘယ်အချိန်ကစပြီး ကျွန်မထက် ခေါင်းမာသွားပါ လိမ့်။ ထိုနေ့က ကျွန်မ ဇွတ်ဝယ်တော့မည့် အရိပ်အယောင်တွေ့ သည့်အခါ သူ ချာခနဲ လှည့်ပြန်သွားလေသည်။ ကျွန်မ နားလည် ရ ခက်သွားသည်။

ကျွန်မ တိုက်ခန်းပြန်ရောက်တော့ တိုက်ခန်း တံခါးဝ လှေခါးထစ်ပေါ်မှာ သူ ကျကျနန ထိုင်စောင့်နေသည်။

ကျွန်မ သူ့ကိုစိတ်ဆိုးနေသဖြင့် ဘာစကားမှ မပြောချင်၊ တိုက်ခန်းတံခါးကို သော့ဖွင့်၊ အခန်းထဲဝင်ပြီးသည့်အခါ တံခါးကို အသံမြည်အောင် ဆွဲပိတ်ပစ်ခဲ့သည်။ သို့သော် ချက်တော့မချခဲ့၊ သူ လိုက်ဝင်လာမှာကို သိနေတာကိုး။

သူက တိုက်ခန်းထဲသို့ လိုက်ဝင်လာပြီး ကျွန်မကို ချော့ မော့ ပါသည်။

မမ ကျနော်လိုချင်တာက အမှတ်တရတစ်ခုခုပါ။ မွေးနေ့ ကတ်ပြားလေးဖြစ်ဖြစ်။ လက်ကိုင်ပုဝါလေးတစ်ထည် ဖြစ်ဖြစ်



ဦးထုပ်လေးတစ်ခုဖြစ်ဖြစ်'

ကျွန်မက သူ့ကို လွှတ်ခနဲ ပြောလိုက်မိတော့မလို့။ လက်ကိုင်ပုဝါပေးရင် ကွဲရတတ်သတဲ့။ သို့သော် အဲဒီစကားကို ပြောဖို့ ကျွန်မတို့နှစ်ယောက်မှာ ပြောရေးဆိုခွင့်မရှိခဲ့ပေ။ ကျွန်မတို့ နှစ်ယောက်သည် ချစ်သူတွေ မဟုတ်ကြပေ။ အထူးသဖြင့် ကျွန်မ မှာ ထိုစကားကို ပြောခွင့်မရှိပေ။ မောင်က စိတ်ကို ဖွင့်ဟသူ။ ကျွန်မက စိတ်ကို ဖုံးကွယ်သူ၊ သို့မဟုတ် ထိန်းချုပ်သူ။ ဟင့်အင်း မဟုတ်ပါဘူးနော်။ ကျွန်မ၏စိတ်ရင်းအမှန်ကိုက မောင့်ကို မောင် လေးတစ်ယောက်လို မေတ္တာထားနေတာမဟုတ်လား။

ကျွန်မကို ချစ်စကားပြောထားသော်လည်း ကျွန်မက ထိုစကားကို ဘယ်တုန်းကမှ မကြားဖူးခဲ့ရသလိုပဲ လစ်လျူရှုထားခဲ့ သည်။ မောင်ကလည်း ကျွန်မကို ကြောက်လို့လား ရှိန်နေလို့လား။ ထပ်မမေးရဲတာ တော်တော်ကြာခဲ့သည်။

အင်းလေ။ ထိုနေ့ ညနေအထိပေါ့။

'မမ ကျွန်တော် မနှစ်က မွေးအောက်တိုဘာတုန်းက ပြောခဲ့ တဲ့စကားကို မမ ဘာမှ ထင်မြင်ချက်မပေးသေးဘူး'

'ဘာစကားလဲ'

ကျွန်မ ချက်ချင်းသိလိုက်သော်လည်း မသိချင်ယောင် ဆောင်ခဲ့ပြီး မထူးခြားသည့် လေသံဖြင့် မေးမိသည်။ သူ့အတွက် ကော်ဖီဖျော်ရင်း သူကြိုက်သည့် ခရွားဆွန့်ပေါင်မုန့်ကို ပန်းကန်ထဲ ပြင်ဆင်ရင်း သူ့မျက်နှာကို လှည့်မကြည့်ဘဲ နေမိ၏။

'မမက မေ့ချင်ယောင် ဆောင်နေခဲ့တာမဟုတ်လား။ မမတို့ လူကြီးတွေဟာ တော်တော် ဉာဏ်များတယ်နော်'

သူက မလိုတမာအသံဖြင့် ခပ်ဆတ်ဆတ်ပြောသည်။

'အိုကေ မင်း သဘောပေါက်သားပဲ။ မမက လူကြီး

www.burmeseclassic.com

www.burmeseclassic.com



မင်းက ကလေးဆိုတာ မင်းလက်ခံပြီးသားပဲ မဟုတ်လား'

'ဟာ သွားပါပြီ'

သူ စကားမှားသွားမှန်း သူ့ဟာသူသိပြီး နဖူးကို လက်ဝါးဖြင့် ရိုက်ကာ ရယ်တော့သည်။

ထိုညနေက ကျွန်မပေးခဲ့သည့် မွေးနေ့လက်ဆောင်ကို သူတော်တော် နှစ်သက်ကျေနပ်သွားခဲ့ပါသည်။ အချိန်အားရလျှင် ရသလို ကျွန်မ သူ့အတွက် ပြုလုပ်ပေးထားသည့် လက်ဆောင်မှာ အင်္ဂလိပ်သီချင်းတွေ၏စာသားတွေကို လက်ရေးဖြင့် စိတ်ရှည်လက်ရှည် ကူးရေးပေးထားသည့်စာအုပ် ဖြစ်သည်။ ထိုစာအုပ်တွင် သီချင်းအပုဒ်တိုင်း၏ဘေး နေရာလွတ်တွင် ကျွန်မနှစ်သက်ရာ ပုံလေးတွေကို ငယ်ငယ်တုန်းကလိုပင် ဖြတ် ညှပ် ကပ် လုပ်ထားသည်မို့ အရောင် အသွေးစုံစုံနှင့် လှပဝေဆာနေလေသည်။

ကျွန်မ၏ရည်ရွယ်ချက်က အင်္ဂလိပ်သီချင်းတွေကို သူ နားထောင်သည့်အကျင့်ရဖို့၊ နားထောင်ရင်း အင်္ဂလိပ်စာကို ပိုပြီး နားလည်လာဖို့၊ အသံထွက်တွေ လေယူလေသိမ်းတွေကို ခန့်မှန်းတတ်ဖို့၊ စကားအသုံးအနှုန်းကို မှတ်မိနိုင်ဖို့၊ ပြီးတော့ ဂီတဖြင့် စိတ်အမောတွေ ဖြေတတ်စေဖို့ စသည်စသည် မျှော်လင့်ခြင်းတို့ဖြင့် ပေးခဲ့သည့်လက်ဆောင်ဖြစ်ပါသည်။

စာအုပ်လေးတွင် ကျွန်မ၏ မြတ်နိုးမှုကို ဘယ်သူမဆို မြင်တွေ့နိုင်မှာပါ။ ကျွန်မ၏ လက်ရေးတို့သည် ညီညာလျက် သေသပ်လျက် ရှိသည်။ သီချင်းတို့သည် ကျွန်မအကြိုက် သီချင်းတွေချည်း ဖြစ်ပေမယ့် အတတ်နိုင်ဆုံး အမျိုးသားသီဆိုသည့် သီချင်းတွေ များများပါဝင်ဖို့ ကျွန်မ ကြိုးစားရှာဖွေခဲ့သည်။ သီချင်းအပုဒ်ပေါင်း တစ်ရာနီးပါး ရှိသည့်အထဲတွင် နားထောင်ရလွယ်ကူသော သီချင်းလေးတွေကို အရင်ရေးပေးပြီး တဖြည်းဖြည်းနှင့်



ခက်ခဲသော သီချင်းတွေဆီသို့ ရွှေ့ပြောင်းသွားပါသည်။

လွယ်ကူသောသီချင်း ကာပင်းတားစ် (Carpenters) အဖွဲ့၏ ကမ္ဘာရဲ့ထိပ်ဆုံး (Top of the World) မှစပြီး ထည့်ပေးထားသည်။ နောက်တော့ ယောကျ်ားလေးတွေ နှစ်သက်နိုင်မည်ဟု ယူဆရပြီး နားထောင်ရတာလည်း အလွန်လွယ်သည့် Westlife ၏ My Love သီချင်း၊ Backstreet Boys ၏ မင်းကိုယ့်ကို ချစ်နေသရွေ့ (As Long As You Love Me) သီချင်းတွေလည်း ကူးရေးပေးထားသည်။

ဗာနက်ဆာ ကာလ်တန် (Vanessa Carlton) ၏ မိုင်ပေါင်းတစ်ထောင် (A Thousand Miles) သီချင်းမှာ ထိုစဉ်က ကျွန်မ ရေးပေးသည့်အထဲတွင် ခေတ်အမီဆုံးသီချင်းတွေထဲမှာ ပါ၏။ ၂၀၀၂ခုနှစ်မှာ ထွက်သည့် ဆင်ဂယ်လ် အယ်လ်ဘမ်မို့ပါ။ မောင်သိစေချင်သည့် အကြောင်းအရာတချို့ရှိလျှင် သီချင်းအောက်ဘက် နေရာလွတ်တွင် မှတ်စုလေးရေးပေးထားသည်။

'ဗာနက်ဆာ ကာလ်တန်၏မိခင်သည် စန္ဒယားဆရာမ ဖြစ်သည်။ ဗာနက်ဆာသည် အသက်နှစ်နှစ်အရွယ်ကတည်းက စန္ဒယားတီးနိုင်ခဲ့သည်။ မိုင်ပေါင်း တစ်ထောင်သီချင်းဗွီဒီယိုတွင် သူကိုယ်တိုင် စန္ဒယားတီးပြီး သရုပ်ဆောင်ခဲ့သည်'

ခေတ်နောက်ကျနေပြီဟု ထင်ရသော်လည်း ဘယ်တော့မှ မရိုးနိုင်သည့် တယ်ရီဂျက်ခ်စ် Terry Jacks ၏ နေရောင်အောက်က ရာသီများ (Seasons in the Sun) သီချင်းကိုလည်း ရှေ့ပိုင်းတွင် ထည့်ပေးထားသည်။ ထိုသီချင်းက ကမ္ဘာကျော်သည့် သီချင်းဖြစ်သည့်အပြင် စာသားကလည်း ဇာတ်လမ်းတစ်ပုဒ်လို စိတ်ဝင်စားစရာကောင်းပြီး နားထောင်ဖို့ အလွန်လွယ်ကူသောကြောင့် ဖြစ်ပါသည်။ သီချင်းဘေးတွင် တယ်ရီဂျက်ခ်စ်

www.burmeseclassic.com

www.burmeseclassic.com



၏ ခါတ်ပုံကို ကပ်ပေးထားသည်။ မူရင်းအဆိုတော်ကို မောင် သိစေချင်လို့ပါ။ မောင်အလွန်ဆုံးသိလျှင် ဝက်စ်တ်လိုက်ဖ်အဖွဲ့ ပြန် ဆိုသည့် သီချင်းကိုပဲ သိမှာပေါ့။ သီချင်း၏ အောက်နားတွင် ကျွန်မ လက်ရေးဖြင့် မှတ်ချက်တစ်ခုကို မြန်မာဘာသာဖြင့် ထည့် ရေးပေးထားခဲ့သည်။

'တယ်ရီဂျက်ခ်စ်သည် မူရင်း ပြင်သစ်သီချင်း Le Moribond ကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆို ခံစားထားခြင်း ဖြစ် သည်။ မူရင်း ပြင်သစ်ဘာသာ၏စကားလုံးတချို့ကို ပြန်ပြင်ထား သည်။'

ကျွန်မက အပုဒ်ရေ တစ်ရာပြည့်မှ သူ့ကို လက်ဆောင် ပေးမည်ဟု စဉ်းစားထားသဖြင့် အပုဒ် ကိုးဆယ်ပင် မပြည့်သေး သည့် ထိုစာအုပ်ကို ပေးဖို့ စိတ်မကူးသေးခဲ့ပေ။ သို့သော် မွေးနေ့ လက်ဆောင်နှင့်ပတ်သက်ပြီး မောင် ဂျီကျနေလေတော့ မပြီး သေးသည့် ထိုစာအုပ်ကိုပဲ အချိန်မတိုင်မီ ကျွန်မ ပေးလိုက်ရ၏။

ထိုစာအုပ်လေးကို တအံ့တဩ ခပ်ရှရှလေး လှန်ကြည့် ရင်း မောင့်မျက်လုံးတွေ တဖြည်းဖြည်း တောက်ပလာတာကို မြင် ရသည့်အခါ ကျွန်မ သိပ်ပျော်သွားခဲ့သည်။ ဂီတာတီးဖို့ ဝါသနာ ထုံသည့် မောင့်အတွက် တစ်ယောက်တည်း ကြိတ်ပြီး ကူးနေခဲ့ သည့် သီချင်းတွေကို မောင်နှစ်သက်သည်ဟု သိရတော့ ကျွန်မဖြင့် ရင်တောင်ခုန်နေခဲ့သေး၏။

'ဟား ကောင်းလိုက်တာမမရယ် မမ တော်တော် စိတ် ရှည်တာပဲနော်'

သူ တဖွဖွပြောလို့ မဆုံးတော့ပေ။

တစ်ညနေတည်းမှာပင် စာအုပ်ထဲက သီချင်းတွေနှင့် ပုံ တွေကို တသသ ကြည့်လို့ မဝသလို ထပ်ခါထပ်ခါ ကြည့်နေသည်။



'ကျေးဇူးတင်ပါတယ် မမရယ်။ ဒါမျိုးကမှ မွေးနေ့လက် ဆောင်မမရဲ့။ အကျီတို့ ဘောင်းဘီတို့က မွေးနေ့လက်ဆောင် မဟုတ်ဘူး'

ကျွန်မ မှန်ကန်သောလက်ဆောင်ကို ပေးလိုက်မိလေပြီ ဟု ကြည်နူးသွားရပါသည်။

'တောသီချင်းတွေချည်း အော်အော်ဆိုနေမှာစိုးလို့ပါ'

'ဘာလဲ မောင့်မမပန်းနွယ်လိုသီချင်းမျိုး မဆိုရဘူးလား'

ကျွန်မတို့နှစ်ယောက် နှစ်ခြိုက်စွာရယ်မောနိုင်ခဲ့ကြသည့် ညနေခင်းတစ်ခုပေါ့။

အထဲက သီချင်းတစ်ပုဒ်တွင် ဩစတြီးယန်းလူမျိုး ပန်းချီဆရာ ဂုစ်တော့ဗ် ကလင့်(မ်)(တ်)၏ နာမည်ကျော် ပန်းချီ လက်ရာဖြစ်သည့် အနမ်း ဟူသည့် ပန်းချီကားပုံကို သရုပ်ဖော်ပုံ အဖြစ် ထည့်ထားပေးသည်။ လှပသောရွှေဝတ်ရုံလွှာဖြင့် လွှမ်းခြုံ ထားသည့် ချစ်သူနှစ်ဦး နမ်းနေသည့်ပုံကို သိမ်မွေ့စွာ ရေးဆွဲထား သည့် ပန်းချီကားဖြစ်သဖြင့် မောင့်ရှေ့မှာ ကျွန်မ ထိုပန်းချီကား စစ်စစ်ကို ကြည့်ရမည်ဆိုလျှင်လည်း ကြည့်ဝံ့ပါလိမ့်မည်။ သို့သော် မောင်က ထိုစာမျက်နှာကို အချိန်ကြာကြာ ကြည့်နေခဲ့ပေမယ့် ကျွန်မကို ထိုပုံအကြောင်း စကားမစပ်ခဲ့ပါ။

သီချင်းက ဘာတီဟစ်ဂင်စ် (Bertie Higgins) ၏ ကာဆာဗလန်ကာ (Casablanca) သီချင်းဖြစ်သည်။

တကယ်ဆိုလျှင် မောင်သာ ဉာဏ်နီဉာဏ်နက် သုံးလိုပါ က ထိုပန်းချီကားအကြောင်းကို ကျွန်မ သိသည်ဖြစ်စေ မသိသည် ဖြစ်စေ ကျွန်မအား မေးလို့ရသည်။ ပန်းချီက သာမန်အတိုင်း ဆီဆေးသက်သက်ဖြင့် ရေးဆွဲတာမဟုတ်ဘဲ အိဂျစ်တို့ထံမှရ သော နည်းဖြစ်သည်တဲ့။ ရုပ်လုံးကြွမဟုတ်ဘဲ အပြားလိုက် နံရံ

www.burmeseclassic.com

www.burmeseclassic.com



ဆေးခြယ်သည့်ပန်းချီနည်းနှင့် ရွှေနှင့်အပိုင်းအစများကို ရောထားသော ၁၃ရာစု ဘင်ဇန်တိုင်း ရောမအင်ပါရာခေတ် အနုပညာတို့ကို ပေါင်းစပ်ထားသည့် ထူးခြားသောပန်းချီရေးနည်းဟု ကျွန်မဖတ်ထားသည့်စာတွေကို ရှင်းပြရမှာပေါ့။

သူ ကျွန်မကို ယောက်ျားတစ်ယောက်အနေနှင့် မဟုတ်ဘဲ ထူးဆန်းသော ပန်းချီကို မြင်ရသူ ပရိသတ်တစ်ယောက်အနေနှင့် ထို 'အနမ်း' ပန်းချီကားပုံကို မေးပြီး မြှူဆွယ်ခွင့် ရှိပါသည်။ ထိုပန်းချီ၏ ထူးခြားဆန်းသစ်မှုက ပန်းချီကို ကြည့်သည့် မည်သူ့ကိုမဆို အခွင့်အရေး ပေးထားပါသည်။ သို့သော် သူ ထို အခွင့်အရေးကို လုံးဝ မယူခဲ့ပါ။

ကျွန်မသည် အခုအခါ မြင်တွေ့နေရသော စာမျက်နှာပေါ်က ဖြတ် ညှပ် ကပ် အနမ်း ပန်းချီကားပုံလေးကို ကြည့်ရင်း ကြည်နူးစွာ ပြုံးလိုက်မိသည်။

အမှတ်တရ ပစ္စည်းများစွာသည် မောင်နှင့်ကျွန်မ အတူဖြတ်သန်းခဲ့ရသည့် အတိတ်ကာလတွေပေါ့။ ထိုအတိတ်ကာလတွေထဲမှာ အရုပ်ဆိုးအကျည်းတန်သည့်အရာမျိုး၊ ကိုယ့်ဟာကိုယ်ပြန်မကြည့်ဝံ့မည့်စာမျိုး မပါခဲ့သည့်အတွက် ဂုဏ်ယူရမှာလား။

ဟောတော့။ သူ့ဆီရေးခဲ့သည့်စာတွေရောပဲ။

'မောင်ရေ

ညတုန်းက မောင့်ကိုအိပ်မက်မက်လို့။ မောင် နေကောင်းရဲ့လား။ အိပ်မက်ထဲမှာ မောင့်မျက်နှာတွေ ညိုးနေလိုက်တာ။ ညမိုးချုပ်ကို အုတ်ကန်ရေ မချိုးနဲ့နော်။ ဆောင်းတွင်းမှာ အုတ်ကန်ရေက အေးစိမ့်နေတာ။ နေ့လည်နေ့ခင်းမှာလည်း ရေတွင်းရေကိုပဲ တိုက်ရိုက်ချိုးပါ။ နောက်ပြီး အဖေ့ကိုလည်း သိပ်ဒေါသမထွက်နေနဲ့နော်။ ဒီအရွယ်အထိ အိမ်ထောင်မပြုဘဲ



သားအတွက် အသက်ရှင်ခဲ့တဲ့ အဖေကို မောင် စိတ်မကွက်ရဘူးကြားလား'

ကြည့်စမ်း။ စာတွေကို ပြပွဲတစ်ခုသဖွယ် ပေါင်ဖြင့် အလှဆင်ပြီး နံရံမှာ ချိတ်ထားတာပါလား။ စာတွေ စာတွေ နေ့စွဲတွေနှင့် ကျွန်မ၏စာတွေ။ အလယ်တန်း ကျောင်းတုန်းကစာ၊ အထက်တန်း ကျောင်းတုန်းကစာ၊ တက္ကသိုလ်တုန်းကစာ၊ ရန်ကုန်မှ ပင်းဝသို့ ရေးသည့်စာ၊ ရန်ကုန်မှ ရေနံချောင်းသို့ ရေးသည့်စာ။

မောင့်ဆီရေးသည့် ကိုယ်ရေးကိုယ်တာစာတွေမှာ ကျွန်မပြန်ကြည့်တိုင်း မျက်နှာပူနွေးရမည့် ဆန်းပြားသည့်စာမျိုး မပါသည့်အတွက် ကျွန်မကိုယ်ကျွန်မ ကျေနပ်ရမလား။

ဟောဒီအခန်းပတ်လည်မှာ ကျွန်မစာတွေ ထောင်နှင့်သောင်းနှင့် ရှိနေပါစေဦးတော့ အဲဒီထဲမှာ အင်ကြင်းဝေ၏ နှလုံးသားကို သူတစ်ပါး မြင်နိုင်မည့်စာ တစ်စောင်မှ မပါခဲ့ပါ။ ကျွန်မ လုံးဝစိန်ခေါ်ရဲပါသည်။ ပေးစာထဲမှာ ဖွင့်ဟ မရေးခဲ့ရုံသာမက ကျွန်မ၏ကိုယ်ပိုင်မှတ်စုတွေထဲမှာလည်း တစ်ခွန်းတစ်ပါဒ မျှ ဖွင့်ဟမရေးခဲ့ပါ။ သေချာလား။ ဟုတ်ကဲ့။ သေချာပါသည်။ လုံးဝ သေချာပါသည်။

အဲဒီတော့ရော ဘာဖြစ်လဲ။ ဘာဖြစ်သွားမှာလဲ။

ဒီစာတွေကို ကိုဉာဏ်လင်းအောင် ကြည့်လို့ရတယ်လေ။ မြန်မာစာဖတ်တတ်သူတိုင်း ကြည့်လို့ရတယ်။ အဲဒီမှာ မြင်ကြရမှာပေါ့။ ကျွန်မရဲ့ ရိုးသားဖြူစင်သည့်မေတ္တာကို မြင်ကြရမှာပေါ့။

တွေ့လားမောင်။ မောင့်အပေါ်မှာ ကျွန်မ ဖြူစင်တဲ့ မေတ္တာနဲ့ ချစ်ခဲ့တယ်ဆိုတာ လက်တွေ့ တွေ့ပြီမဟုတ်လား။

သို့သော် ကျွန်မ အာရုံထဲမှာ တစ်နေရာရာဆီအနေ မောင့်ရယ်သံကို ကြားလိုက်ရသလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



မောင့်ရယ်သံ တိုးတိုး ဖွဖွ။ မထိတထိ ခနိုးခနဲ့ ရယ်လိုက်သည့် အသံမျိုး။ အသံသိပ်မထွက်ဘဲ မရယ်ဖို့ ထိန်းချုပ်ထားရင်းက ရယ်လိုက်မိသည့်ရယ်သံမျိုး။

အဲဒီတော့ဘာဖြစ်လဲမမရဲ့။ အဲဒါကို ဘယ်သူက ဂရုစိုက်မှာမို့လဲ။

မောင် သရော်လိုက်တဲ့အသံလားလို့။

ကျွန်မ ရင်ထဲက လှိုက်ဟာစွာ ပူနွေးသွားသည်။

တန်လို့လား။ ကျနော်တို့နှစ်ယောက်ရဲ့တစ်ဘဝလုံး စိတ်မချမ်းမြေ့မှုတွေနဲ့ လဲယူရလောက်အောင် အဲဒီဂုဏ်သိက္ခာက တန်လို့လား။ တန်တယ်လို့ထင်လား။

မောင်ကများ မေးလာခဲ့ရင်...

ကျွန်မ မသိတော့ပါဘူးမောင်ရယ်။

(၂)

ကျွန်မ မောင့်ကို စိုက်ငေးကြည့်နေခဲ့သည်မှာ တစ်နာရီမက ကြာခဲ့ပြီ။

အပြင်ဘက်မှာ အမှောင်ထုလွှမ်းမိုးနေ၏။ ကောင်းကင်ကို အခန်းထဲမှ တစ်ဝက်တပြက် လှမ်းမြင်ရသလောက်တော့ ကြယ်ရောင်ပျပျသာ လင်းလျက် လကို လုံးဝမမြင်ရ။ လကွယ်ခါနီးလပဲ။ ညဉ့်နက်မှ လထွက်မှာပေ့ါ။ သူတို့ ပြင်သစ်အခေါ်ကတော့ ဒီလိုလမျိုးကို လအဟောင်း vieille lune တဲ့။ လပြည့်ကနေလွန်ပြီး တဖြည်းဖြည်း ပြန်ငယ်သွားတဲ့လ တဲ့။ ဒီတော့ အခု ဇူလိုင်၆ရက်နေ့ည မောင့်မွေးနေ့ညမှာ ညဉ့်နက်နက်မှာ ကျွန်မ အပြင်ထွက်ရင် လအဟောင်းကို တွေ့ခွင့်ရမည်။

အခုတော့ မောင့်ထံမှ တယ်လီဖုန်းကို စောင့်နေရင်း စားပွဲပေါ်မှာ ထောင်ထားသောမောင့်ဓာတ်ပုံကို ကျွန်မ ငေးစိုက်ကြည့်နေပါသည်။ ဒီဓာတ်ပုံက ကျွန်မ ဘယ်နေရာသွားသွား ပါလာမြဲ ဓာတ်ပုံလေးပါ။ အနံ့ငါးလက်မ အလျားခုနစ်လက်မ အရွယ်ပါ။ မှန်ပေါင်ဆိုလျှင် ခရီးဆောင်သယ်ရတာ လေးမှာစိုးလို့ တွဲမှာစိုးလို့ ဂျပ်စက္ကူပေ့ါပေ့ါလေးနှင့် ပေါင်သွင်းထားသည့် ဓာတ်ပုံ။

မောင်က ကျွန်မကို ပြုံးမယောင်ယောင်နှုတ်ခမ်းပါးလေးတော့ပွဲလျက် မပြုံးသလို ပြုံးသလို မထိတထိ မျက်လုံးတို့ဖြင့် စိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသည်။ ကျွန်မအိမ်ကို လာတုန်းက ကျွန်မ ရိုက်ထားခဲ့သည့် ဓာတ်ပုံ။ ကင်မရာအလွယ်တကူမရှိလို့ အံဆွဲထဲအထိလည်း သွားရှာမနေနိုင်တော့လို့ စိတ်ကူးရတုန်း တယ်လီဖုန်းဖြင့် အမှတ်မထင် ရိုက်ယူလိုက်သည့်ပုံ။

ကျွန်မတို့ ထိုအချိန်က ထမင်းစား စားပွဲမှာ ထိုင်နေကြသည်။ မောင်က ကော်ဖီသောက်ချင်သည်ဆိုလို့ မောင့်အတွက် ကော်ဖီဖျော်မည်ပြုတုန်း မောင်က ဘာစိတ်ကူးပေါက်သည်မသိ စားပွဲပေါ်သို့ လက်ဖျံနှစ်ဖက်ကို တစ်ခုနှင့်တစ်ခု ယှက်လျက်သား အလျားလိုက်ချပြီး လက်ဖမိုးတစ်ခုပေါ်မှာ မေးတင်လျက် ကျွန်မကို လှမ်းကြည့်နေခဲ့သည်။ မောင့်မျက်လုံးတွေကသာ ကျွန်မ၏ လှုပ်ရှားမှုနောက်သို့ လိုက်ပါကြည့်နေသော်လည်း မောင့်မျက်နှာက လုံးဝနေရာမရွေ့ မောင့်ဦးခေါင်းက လုံးဝ နေရာမရွေ့။ ဖျင်းရိဖျင်းတွဲ ဖြေဖြေလျော့လျော့ ထိုဟန်အမူအရာလေးကို ကျွန်မက ကြည့်ရင်းနှင့် ချစ်သွားကာ အနားမှာ အလွယ်တကူ ရှိသည့် တယ်လီဖုန်းကို ကိုင်လျက် ချိန်လိုက်သည်။

'မောင် မလှုပ်နဲ့နော် အဲဒီအတိုင်းနေ'

မောင်က မလှုပ်ပါ။ အနည်းငယ်တော့ ရယ်ချင်သလို ပြုံးယောင်သန်းသွားသည်။

'မရယ်နဲ့'

မရယ်နဲ့ဟုပြောတော့ သူ မရယ်ပါ။ သို့သော် မနေတတ် တာကို အတင်း မာန်တင်းထားသဖြင့် ရယ်ချင်သလို မထိတထိ နှုတ်ခမ်းလေးတော့ ကော့ပျံသွားလိုက်သေး၏။

အဲဒီပုံလေးသည် ကျွန်မ ရိုက်ကူးခဲ့သမျှ မောင့်ပုံတွေထဲ တွင် ရှောင်တခင်မို့ သဘာဝ အကျဆုံးနှင့် ဆွဲဆောင်မှုအရှိဆုံး ဖြစ်လာခဲ့သည်။



မောင် ယုံနိုင်ပါ့မလား။ ထိုဓာတ်ပုံကို ကျွန်မ ကော်ပီများစွာ ကူးထားသည်။ သေးသေးလေးတွေ၊ ကြီးကြီးလေးတွေ၊ ကျွန်မ၏ မှတ်စုစာအုပ်ထဲမှာ။ ကျွန်မ၏ တစ်နှစ်တာ အစီအစဉ်တွေ မှတ်သည့် planner စာအုပ်ထဲမှာ၊ နောက်ပြီးတော့ ကျွန်မ၏ ကွန်ပျူတာမျက်နှာပြင်ပေါ်မှာ။ မေမေ တွေ့သွားနိုင်သည့်နေရာတွေဖြစ်လျှင်တောင် ကျွန်မ မထိန်းချုပ်တော့ပါ။ မေမေ မေးလာလျှင်လည်း ဖြေလိုက်ရုံပါပဲ။ ဟုတ်ပါတယ်မေမေ။ လူက အင်ကြင်း အနားမှာ မရှိတော့ပါဘူး။ ဓာတ်ပုံလေးပဲ ကျန်ပါတော့တယ်လို့။

မောင် ဘယ်အချိန်မှာ ဖုန်းဆက်လာလေမလဲ။ ညနေက ကိုညာဏ်လင်းအောင် ပြောတာတော့ စာတမ်းကို လက်ခံရရှိပြီး ပါပြီ။ ညကျရင် ဖုန်းဆက်မယ်လို့ပြောပါတယ် တဲ့။

မောင့်ဖုန်းနံပါတ်ကို ကိုညာဏ်လင်းအောင်က စားပွဲပေါ်က မှတ်စုစာအုပ်တွင် ရေးပေးထားသော်လည်း ကျွန်မ မခေါ်ပါ။ မနက်တုန်းကတော့ ဒင်းကတောင် ငါ့ကို ထားခဲ့သေးတာ ဟု မာန ဖြင့် မခေါ်ခဲ့တာ။ အခုညကျတော့ မခေါ်ရမှာ အားနာနေမိတာပါ။

လေးနှစ်လုံးလုံး ကျွန်မကိုမတွေ့ချင်လို့ သို့မဟုတ် မတွေ့သင့်တော့ဘူးထင်လို့ ခြေရာဖျောက် ပုန်းကွယ်နေခဲ့သူကို ကျွန်မက ဖုန်းနံပါတ်သိလိုက်လို့ ခေါ်လိုက်ရင် သူ့ ကိုယ်ရေးကိုယ်တာကို ချဉ်းနင်း ချိုးဖောက်ရာ ကျလေမလားဟု ကျွန်မ တွေးမိသွားလို့ပါ။

မောင် ဘာဖြစ်သွားခဲ့သည်ဆိုတာ အခုတော့ ကျွန်မသိပြီ ဟု ထင်ပါသည်။

တယ်လီဖုန်းကို စောင့်နေသည့်အချိန်မှာ ကျွန်မ၏နှလုံးက တဒိတ်ဒိတ်ခုန်သံသည် တိုးဖျော့နေသည်။ ခွန်အားမရှိသည့် နှလုံးခုန်သံ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံကို ကျွန်မ စောင့်နေသည်။ ခုတင်ပေါ်မှာ အသာ လဲလျောင်းနေရင်းက အားမလိုအားမရဖြစ်ကာ ထထိုင်ပြီး စောင့်ခဲ့၏။ ပြီးတော့ စားပွဲအနီးသို့ ကိုယ်ကို တိုးကပ်ပြီး ခေါင်းအုံးပေါ် တတောင်ထောက်ကာ ထိုင်တစ်ဝက် လှဲတစ်ဝက် အနေအထားဖြင့် စောင့်နေခဲ့၏။

မောင် ဘယ်တော့ ဖုန်းဆက်မှာလဲ။ ခုတင်ခေါင်းရင်းက တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်သည်။ ညကိုးနာရီ ထိုးတော့မည်။ ခုတင်ခြေရင်းမှာတော့ စီကာဒါ ပုရစ်ရုပ်လေး။

လေအငွေ့တွင် ပန်းရနံ့က အခန်းထဲသို့ လွင့်ခနဲ တိုးဝင်မွှေးကြိုင်လာ၏။ လာဗင်ဒါက စိတ်ကို ကြည်လင်စေသည်။ နောက်ပြီး အကောင်းမြင်စိတ်ကို ပေးသည်။ ထို ပန်းရနံ့ကြောင့် ကျွန်မ စိတ်လန်းဆန်းသွားပြီး သူ ကျွန်မဆီ တယ်လီဖုန်း ဆက်ကို ဆက်မှာဟု ယုံကြည်စိတ် ဝင်သွားသည်။

တယ်လီဖုန်းမြည်သံ...

ဟုတ်ပါသည်။ တယ်လီဖုန်းမြည်သံ။ တိတ်ဆိတ်သော အခန်းထဲမှာ တယ်လီဖုန်းမြည်သံကို မျှော်လင့်နေခဲ့သော်လည်း တကယ်မြည်လာသည့်အခါ ကျွန်မ ပျာရာခပ်သွားပါသည်။

သူပဲဖြစ်မှာ။ ဒီမှာ ကျွန်မကို ဖုန်းဆက်မည့်သူမှ မရှိတာ ချက်ချင်းကိုင်ရမလား။ နည်းနည်း အချိန်စောင့်ရဦးမလား။

တွေးနေဆဲမှာ လက်က ဖုန်းခွက်ဆီသို့ ကိုင်မိပြီးနေပြီ။

'မမလား'

မောင်။ မောင့်အသံကို ကြားရပြီပေါ့။

လပေါင်းများစွာ မျှော်လင့်နေခဲ့သည့်မောင့်အသံကို အခု တော့ ကျွန်မ ကြားရပြီ။

'မမ'



မောင့်အသံကိုကြားရတော့မှ သူ့အသံကို ဘယ်လောက်ထိ တမ်းတနေမိသလဲဆိုတာ သိသွားသည်။ နှလုံးသားထဲက သွေးကြောမျှင်တွေထဲက တစိမ့်စိမ့်စီးဆင်းနေတဲ့ သွေးတွေထဲက နေ တမ်းတနေမိခဲ့တာပါ။

မောင်ဟု ခေါ်မည့်နှုတ်ခမ်းကို တစ်စုံတရာက ထိန်းချုပ်ထားလိုက်သည့်အခါ လွယ်ကူသောစကားလုံးတစ်ခုသာ လွှတ်ခနဲ ထွက်သွားပါသည်။

'ဟဲလို'

'မမ နေကောင်းတယ်နော်'

ကျွန်မ စိုးရိမ်ထားခဲ့သလို စိမ်းကား အေးစက်မှုမပါ။ ခါတိုင်းလိုပင် နွေးထွေးနူးညံ့သည့် နှုတ်ခွန်းဆက်စကား။ ကျွန်မ ချစ်မြတ်နိုးခဲ့ရသည့် မောင်လေးပါပဲ။ ဘာမှ မပြောင်းလဲသော အသံပါ။ မနေ့ကအထိ ပုံမှန် နေ့စဉ် တွေ့နေခဲ့ကြသူနှစ်ယောက်ကြားထဲက နှုတ်ခွန်းဆက်စကားမျိုးအတိုင်းပါပဲ။

နေကောင်းပါတယ်။

ကျွန်မအသံက လုံးဝမထွက်လာပါ။ ရင်ထဲက တလှပ်လှပ် တုန်လာပြီး တစ်ကိုယ်လုံး နွမ်းခွေလာသည်။

ဘုရား ဘုရား။ ကျွန်မ မျက်ရည်တွေတွေ ကျနေမိပါရော လား။ မင်း မမကို ဒဏ်ပေးပုံ ရက်စက်လှချည်ရဲ့မောင်ရယ်။

'ကျွန်တော် မမရဲ့အလုပ်ကို နှောက်ယှက်မိတာ တောင်းပန်ပါတယ် မမ'

ကျွန်မ ခေါင်းကို ခပ်သွက်သွက်ခါယမ်းလိုက်မိ၏။

'မမ'

ကျွန်မ ကိုယ့်ကိုယ်ကို ရင့်ကျက်လှပြီဟု ထင်ခဲ့တာ။ အခုတော့ လုံးလုံးကို မှားယွင်းနေပါပြီကော။ ကျွန်မ၏ လည်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းတွေ နာကျင်လာသည်။ နှုတ်ခမ်းတွေက စကားပြောလို့မရအောင် တဆတ်ဆတ်တုန်လာကြသည်။ ပိုဆိုးတာက ကျွန်မ၏ ရင်ထဲက လှိုက်တက်လာသောဆို့နင့်မှုကို ဘယ်လိုမှ မထိန်းနိုင်။ ကျွန်မ၏ ရှိုက်သံတို့ကို ကျွန်မ မထိန်းနိုင်။

'မမရေ'

ဟင့်အင်း။ ကျွန်မ စကားပြောလို့မရပါဘူး။

ကျွန်မ ကလေးငယ်တစ်ယောက်လိုပင် ဝမ်းပန်းတနည်း ငိုကြွေးမိတော့သည်။

'အော် မမရယ်'

မင်းက အခုမှ မမနေကောင်းလားလို့ မေးရသလား။ မမကဖြင့် မင်းအတွက် စိတ်ပူလိုက်ရတာ ဘယ်နှရက် ဘယ်နှလ ရှိပြီလဲ။ ပြီးတော့ လွမ်းလိုက်ရတာ နံနက်ခင်းပေါင်း များလှပြီ။

'ကျွန်တော် စိတ်ပူလိုက်တာ။ မမ အဆင်ပြေရဲ့လား'

သူ့အသံမှာ စိုးရိမ်မှု ရောစွက်လာသည်။ မင်းမရှိတဲ့ ကွက်လပ်ကလွဲလို့ မမဘဝမှာ အစစအရာရာ အဆင်ပြေပါရဲ့။ စကားပြန်ပြောဖို့က ကိုယ့်ရှိုက်သံကို ကိုယ် ထိန်းချုပ်နေရလို့ တော်တော်နှင့်အသံမထွက်ပါ။

'ကျွန်တော်လိုက်လာဖို့လိုလားမမ'

ဟင်။ လိုက်လာဖို့လိုလား။ အခုမှ... ၊ ဘာအတွက်လဲ။

'ရတယ်'

အခုတော့ အသံကို မထိန်းနိုင်သေးပေမယ့် စကားသံထွက်သည်အထိတော့ ကျွန်မ ကြိုးစားယူလို့ရသွားပါပြီ။

'ကျွန်တော် မမကို တောင်းပန်ပါတယ်။ မမရဲ့စာတမ်းအပေါ် အထင်မှားမိတဲ့အတွက်ရယ်'

ကျွန်မ ခေါင်းခါယမ်းလိုက်မိပြန်သည်။



'ဟင့်အင်း'

ကျွန်မက ခုတင်ပေါ်မှာ ဒူးကွေးထောက်လျက်သားထိုင်ပြီး စကားပြောနေရာကနေ ကျုံ့ကျုံ့ထိုင်သည့် အနေအထားသို့ ပြောင်းလိုက်သည်။

'ပြီးတော့ မမကို ကြားကဖြတ်ပြီး ခေါ်ထားမိတဲ့ အတွက်ရယ်'

သူ၏ နေ့စဉ်တွေ့နေကျကဲ့သို့မထူးခြားသည့် ပုံမှန်အသံကြောင့်လားမသိ ကျွန်မ နေရထိုင်ရတာ နည်းနည်းတော့ ပေါ့ပါးလာသည်။ ကြားကဖြတ်ပြီး ခေါ်ထားတယ်ဆိုတဲ့ စကားလုံးထက်ပိုသင့်တော်တဲ့စကားအသုံးအနှုန်းရှိတယ်။ ပြန်ပေးဆွဲတယ် ဆိုတဲ့ စကားလုံး။ ဒါပေမယ့် မောင်ရေ ပြန်ပေးဆွဲခံရတဲ့ မားစာခံတွေထဲမှာတော့ ကိုယ်က အဆင့်အမြင့်ဆုံး ထင်တာပဲ။

ကျွန်မအတွေးဖြင့်ကိုယ့်ဟာကိုယ် ပြုံးမိသည်။ အခုတော့ ကျွန်မ ပြုံးတောင် ပြုံးနိုင်ပါပြီကောလား။

'မနက်ဖြန်ကျရင် ဘဏ်လွင်အောင်က မမကို မာဆေးထိ ပြန်လိုက်ပို့ပေးပါလိမ့်မယ်။ ကျွန်တော် ရိုင်းသွားခဲ့တဲ့အတွက် ခွင့်လွှတ်ပါနော်မမ'

ကျွန်မ ပါးပေါ်က မျက်ရည်စတွေကို လက်ဖမိုးဖြင့် ကမန်းကတန်း သုတ်ဖယ်ပစ်လိုက်သည်။ ကျွန်မ တစ်ခုခုတော့ ပြန်ပြောရလိမ့်မည်။ သို့သော် ဘာစကားပြောရပ့်။ ပြောချင်တာတွေများပြီး မပြောသင့်သည့်စကားတွေချည်း ဖြစ်နေလေသည်။

မင်း အခု ဘယ်မှာ ဘာလုပ်နေတာလဲ။ အခု ဘယ်သူနဲ့နေလဲ။ မင်း ဘယ်လိုလုပ်ပြီး ပြင်သစ်ကို ရောက်လာတာလဲ။ မင်း မမကို ဘာဖြစ်လို့ ပြတ်ပြတ်တောက်တောက် ဖြတ်ပစ်ခဲ့တာလဲ။

သို့သော် ကျွန်မ ဘာမေးခွန်းမှ မမေးဖြစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



'မမ တစ်ခုခု ပြောပါဦး'

သူ့အသံ မပြောင်းဘူးလို့ ထင်နေတာ။ ပြောင်းတာပေါ့။ သူ့အသံသည် တည်ငြိမ်ရင့်ကျက်သော လူကြီးတစ်ယောက်၏ အသံ ဖြစ်နေပြီပဲ။ ကျွန်မနှင့်ဝေးနေသည့် လေးနှစ်ကာလကို သူ ဘယ်လို ကျော်ဖြတ်ခဲ့သလဲ ကျွန်မ သိချင်လိုက်တာ။

'ပျော်ရွှင်စရာမွေးနေ့ပါ'

ရည်ရွယ်မထားဘဲ အင်္ဂလိပ်လို နှုတ်ခွန်းဆက်လိုက်မိ၏။

ဒီနေ့ကစပြီး မေတ္တာတွေနဲ့ လွှမ်းခြုံပေးလိုက်ပြီမို့ တစ်နှစ်ပတ်လုံး လုံခြုံနွေးထွေးစွာ ချမ်းမြေ့ပါစေဟု ကျွန်မ ဆုတောင်းလို့ မဖြစ်တော့ပါ။ ကျွန်မမေတ္တာကို မောင်က မလိုချင်တော့ဘူးဆိုမှ တော့။ ကျွန်မမေတ္တာသည် မောင့်အတွက် ပင်ပန်းဆင်းရဲခြင်း အတိ ဖြစ်ခဲ့ပြီဆိုမှတော့။ ကျွန်မ မေတ္တာသည် မောင့်အတွက် ပူလောင် ကျွမ်းမြေ့စေခဲ့ပြီ ဆိုမှတော့။

'ကျေးဇူးတင်ပါတယ်မမ'

မောင့်အသံမှာ သူစိမ်းဆန်သည့်အရိပ်တွေလား။ မောင် တော်တော်နှင့်စကားမပြောဘဲ ငြိမ်နေခဲ့သည်။ မောင့်ဘက်က နောက်ဆုတ်လိုက်ပေမယ့် ကျွန်မဘက်ကနဂိုအနေအတိုင်း ချစ်လှ စွာသောအစ်မအဖြစ်ရှိသေးသည်ဆိုတာ မောင့်ကို ပြောချင်သည်။

'မောင်သက်ဝေအတွက် မွေးနေ့လက်ဆောင်ကို ရန်ကုန် အိမ်မှာ ထားခဲ့တယ်။ ခါတိုင်းနှစ်တွေတုန်းက မွေးနေ့လက်ဆောင် တွေကို သိမ်းပေးထားတဲ့ နေရာမှာပဲ မမ ထားခဲ့တယ်'

ကျွန်မ ဝါကျတစ်ခုချင်း အားယူပြီး ပြောလိုက်ပါသည်။

'ကျွန်တော် လာမယူတော့ဘူးလေ မမ'

သူ့အသံက တိုးတိုးငြင်သာ။ ကျွန်မမခံသာမည့် စကား ကို ကျွန်မ ခံသာမည့် လေယူလေသိမ်းဖြင့် နူးနူးညံ့ညံ့ တောင်း



တောင်းပန်ပန် မောင် ပြောတတ်ပါပေသည်။ ကျွန်မ ရင်ထဲမှာ ကျင်ခနဲ နာသွားသည်။

'မမ သိပါတယ်'

မမရဲ့အသိစိတ်ထဲမှာ၊ မသိစိတ်ထဲမှာ၊ မမရဲ့နှလုံးသားထဲမှာ ဇူလိုင်ဖြရက်နေ့ဟာ မောင့်မွေးနေ့ဆိုတာကို မေ့ပျောက် မသွားမချင်း မောင့်အတွက် မွေးနေ့လက်ဆောင်တွေ မမ ဝယ်ပြီး သိမ်းထားပေးနေဦးမှာပါပဲ။

ထိုစကားကိုတော့ ကျွန်မ မပြောလိုက်တော့ပါ။ သို့သော် ကျွန်မရင်ထဲက စကားသံကို မောင် ကြားလိုက်ဟန်တူသည်။ ပင့်သက်ရှိုက်သံကို သဲ့သဲ့ကြားလိုက်ရသည်။

ကျွန်မ စကားတစ်ခွန်းအတွက် မောင်လေး အနေရ မခက်ပါစေနှင့်။

ကျွန်မ ရှေ့မှာ မထိတထိ ပြုံးနေသည့် မောင့်ကိုသာ ငေးစိုက်ကြည့်မိသည်။ ဟောဒီမောင့်ကိုတော့ မမ ပိုင်ဆိုင်တယ် နော်။ စားပွဲမျက်နှာပြင်နှင့်တန်းလျက် လက်ထောက်ပြီး ဆန့်ချ ထားလျက် ထိုလက်ဖမိုးတွေပေါ်မှ မေးထောက်ပြီး ကြည့်နေသော မောင်၊ ဒါကတော့ ကျွန်မ ဘေးမှာ အမြဲလိုက်ပါနေမည့်မောင်။

'လာဗင်ဒါပန်းတွေက သိပ်လှတာပဲ'

မောင့်ကို ပြောချင်တာတွေ ပြောလို့မရတော့ ဘာမှ အဆက်အစပ်မရှိပေမယ့် အန္တရာယ်ကင်းသော စကားကိုသာ ပြောဖြစ်တော့သည်။ ရှိုက်သံတစ်ဝက်တပြက်ဖြင့် ပြောလိုက် သည့်စကားမို့ ကျွန်မ ကိုယ့်ကိုယ်ကို အားမရပါ။ ကျွန်မ မရင့် ကျက်သေးဘူးနော်။

ထိုအခါ တစ်ဖက်က ခပ်ဖွဖွ ရယ်မောသံကို ကြားလိုက် ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'မမက အဆက်အစပ်မရှိတဲ့စကားကို ရွှေးပြောတော့ ကျွန်တော်လည်း အဆက်အစပ်မရှိတဲ့စကားကို ပြောဦးမယ်။ ကွန်ဂရက်ကျူလေးရှင်းစ် မမ။ မမရဲ့စာတမ်းက သိပ်ကောင်းတာပဲ။ ကျွန်တော် ညနေက ထိုင်ဖတ်နေခဲ့တာ'

'အော်'

ကျွန်မစာတမ်းကို သူ ကြိုက်သတဲ့လား။ ကျွန်မ၏ ကလေးကဗျာအကြောင်းစာတမ်းကို မောင် ကြိုက်သည်ဆိုတော့ ကျွန်မ ကြည်နူးသွားပါသည်။ ထိုစာတမ်းကို ပြုစုနေသမျှ တစ်ချိန်လုံးတွင် မောင့်ကိုချည်း အရွယ်စုံအဖြစ် မြင်ယောင်နေခဲ့တာတို့တော့ မောင့်ကို ပြောမပြတော့ပါ။ သည်စာတမ်းသည် မောင့်တို့ ချစ်သည့် အချစ်၏ အထိမ်းအမှတ်တစ်ခုပါ။ အခုမှ ချစ်ရသည့် မောင် မဟုတ်။ ကလေးဘဝအရွယ်ကတည်းက ချစ်ခဲ့ရသည့် မောင်သက်ဝေလေးအတွက်။ နောင်မွေးဖွားလာမည့် မောင်သက်ဝေ လေးပေါင်းများစွာအတွက်ပါ။

'မမ ပါဝါပွိုင့်ဆလိုက်တော့ မသုံးတော့ဘူးလား'

'ကဗျာအကြောင်းဆိုတော့ ကဗျာစာလုံးတွေကိုတော့ ဆလိုက်ထဲမှာ ပြမလားလို့ စဉ်းစားထားတယ်။ အကုန်တော့ မထည့်ရသေးဘူး'

'မမကို ပထမဆုံးအကြိမ် ဆရာလုပ်ကြည့်ချင်တယ် ရမလား'

ပထမဆုံးအကြိမ်တဲ့။ ဟုတ်လား။ မင်း မမကို တစ်ခါမှ ဘာအတွက်မှ ဘာအကြံဉာဏ်မှ မပေးခဲ့ဘူးလား။ ကျွန်မ ပြန်တွေးကြည့်မိသည်။ သူ မှန်ပါသည်။ အမြဲတမ်း ကျွန်မကချည်း အကြံပေးသူပါ။

'အေး'



ကျွန်မ ဝမ်းနည်းလှိုက်ဟာမှုတွေ နည်းနည်း သက်သာသွားပြီး ပုံမှန်စကားပြောနိုင်သွားပါသည်။

'မမ မင်းသုဝဏ်ရဲ့ ဓာတ်ပုံတို့ ငွေတာရီရဲ့ဓာတ်ပုံတို့ တင်မိုးရဲ့ဓာတ်ပုံတို့ ထည့်ပြီး ပါဝါပွိုင့်ဆလိုက်လေးတွေနဲ့ ပြရင် ဘယ့်နှယ်လဲ။ သူတို့မွေးဖွားရာ နယ်ရဲ့ ဓာတ်ပုံလေးတွေရောပေါ့'

'အင်'

ကျွန်မ တစ်ချက်တွေခနဲ ဖြစ်သွားသည်။

'သူတို့ ကဗျာဆရာတွေကို မြင်ရဖို့ စိတ်ဝင်စားမှာပါ'

အင်း ဖြစ်နိုင်ပါသည်။ ကျွန်မတို့၏ ကဗျာဆရာကြီးများ ကဗျာဆရာမကြီးများနှင့် သူတို့ မွေးဖွားကြီးပြင်းရာ တောနယ်၏ သဘာဝများကို ထည့်လို့ရတာပဲလေ။ ဟုတ်ပါတယ်။

'ဥပမာ မမရယ် မမရေးထားတဲ့ ဝက်ပါဆိုတဲ့ကဗျာ အကြောင်းဆိုရင် အဲဒီကဗျာရဲ့ မူရင်းသရုပ်ဖော်ပုံလေးရှိတယ်လေ။ မမ သိမှာပါ'

'အင်း ဦးဘရင်ကလေးရဲ့ သရုပ်ဖော်ပုံလေး'

'အဲ ဟုတ်တယ်မမ အဲဒါလေးနဲ့ပြလိုက်ရင် သိပ်ကောင်းမှာပဲလို့ ကျွန်တော် ခံစားရတယ်။ ကလေးငယ်လေးရဲ့ ဟန်လေးကလည်း ချစ်စရာလေး၊ လက်ရေးကလည်း ရှေးလက်ရေးမှုနဲ့မို့ ထူးခြားနေတယ်လို့ မမ မထင်ဘူးလား'

'သိပ်ကောင်းတာပဲ'

ကျွန်မ အံ့ဩတကြီး ကျေနပ်သွားသဖြင့် ခပ်တိုးတိုး ပြောမိသည်။ ကျွန်မအသံက ရှိုက်သံပါးလျက် အနည်းငယ် ငြိမ်လာပါသည်။

'ကျွန်တော် ဒီမှာ အနေကြာလာတော့ လွမ်းတဲ့အရာတွေထဲမှာ ကဗျာတွေပါတယ်မမ။ မမ ကျွန်တော့်ကို အတင်းအတင်း

www.burmeseclassic.com

www.burmeseclassic.com



ပေးဖတ်တဲ့ကဗျာတွေလေ။ အဲဒီကဗျာတွေက အခုတော့ ကျွန်တော့်အတွက် သိပ်ကောင်းတဲ့ ဘဝခရီးဖော်တွေ ဖြစ်လာပြီ'

'အော်'

မောင့်မှာ တခြားခရီးဖော် မရှိသေးဘူး ဆိုတဲ့ အဓိပ္ပါယ်လား။ မမေးနဲ့။ ဘာမှတ်ချက်မှလည်း မပေးနဲ့။ အသာပဲ နားထောင်နေပါ။ ကျွန်မသည် မောင့်ဘဝနှင့် မပတ်သက်တော့သူ ဖြစ်နေပြီဆိုတာ ကိုယ့်ကိုယ်ကို သဘောပေါက်ပါ။ ကျွန်မဘဝထဲကနေ သူ အပြီးအပိုင်ထွက်ခွာသွားလိုက်ပြီ။ သူ ပြန်မဝင်လာတော့ဘူး။

'အခု မမနေတဲ့အခန်းက ကျွန်တော့်အခန်း'

'အို'

သူ့အခန်းဆိုခါမှ အခန်းသည် ကျွန်မအတွက် နွေးထွေးလိုက်လဲ့မှုအတိ ဖြစ်သွားသည်။ ကြည့်စမ်း စောစောက ခြောက်သွေ့နေသည့်အခန်းသည် အခုအခါ အသက်ဝင် လှုပ်ရှားလာပါပြီကောလား။ အခန်းနံရံသည် အဝါနုရောင်ဖျော့ဖျော့။ ပြတင်းပေါက်တွေက ပြင်သစ်ရှေးဟောင်းပုံစံ အမိုးခုံးတွေ။ ခန်းဆီးက အဝါနုရောင်ပေါ်မှာ ခရမ်းရောင် လာဗင်ဒါပန်းခက် ကျဲကျဲ ဒီဇိုင်းဖြင့်။ ခန်းဆီးတွေကို ကျွန်မ ပြတင်းပေါက်အဆုံးထိ ဘေးသို့ ဆွဲဖွင့်ထားသဖြင့် မှန်ကိုဖြတ်လျက် အပြင်ဘက်က လာဗင်ဒါပန်းခင်းကို မြင်နေရသည်။ ညအမှောင် ကြယ်အလင်းအောက်မှာဆိုတော့ ပန်းခင်းသည် အမှောင်သန်းသည့် ခရမ်းရောင် ရင့်ရင့်။ ခင်မောင်တိုး၏ဝေးခဲ့ပြီပန်းခရမ်းပြာ ဆိုသည့်သီချင်းကို သတိရသွားသည်။

'မမပြန်ရင်ယူသွားဖို့ ကျွန်တော် အမွှေးဆီပုလင်းတွေနဲ့ ရေချိုးဆပ်ပြာရည်ဘူးတွေ ထားပေးခဲ့တယ်မမ။ ပြတင်းပေါက်ဖေါ်ကို လှမ်းကြည့်လိုက်'



ပြတင်းပေါင်။ အုတ်နံရံတွင် အုတ်ပေါင်အတိုင်း ထွင်းထားသည့် ပြတင်းမို့ ပေါင်က တစ်ပေလောက်တောင် ကျယ်သည့် အုတ်မျက်နှာပြင်တစ်ခု ဖြစ်နေသည်။ ထိုမျက်နှာပြင်ပေါ်တွင် ပုလင်းလေးတွေ အစီအရီတင်ထားသည်ကို အခုမှ မြင်မိသည်။

'တွေ့လား မမ'

'အင်း'

'အဲဒါတွေအကုန်လုံး မမအတွက်ပဲ။ ရေချိုးကြွေကန်ထဲ ထည့်ဖို့လည်းပါတယ်။ ညအိပ်ရာဝင်မှာ လိမ်းဖို့ အမွှေးဆီလည်း ပါတယ်။ အညောင်းအညာပြေမယ်။ အကြောအခြင်တွေ လျော့မယ်။ တစ်နေ့တာ ပင်ပန်းသမျှ စိတ်ဖိစီးမှုတွေ ပျောက်သွားမယ်။ သက်တောင့်သက်သာ ပျော့ပျော့ပျောင်းပျောင်းနေလို့ ရသွားမယ် အရေးအကြီးဆုံးက အိပ်မက်လှလှမက်မယ်'

အော်။

'မမ မြင်လား။ အသေးဆုံးပုလင်းလေးက လာဗင်ဒါအော်ဒီကိုလုံး။ သူက ရိုးလ်အွန် ပုံစံနဲ့ ထုတ်ထားတာ။ မမ ခေါင်းကိုက်ရင် အဲဒီအနံ့လေးကို ရှူလို့ရတယ်။ ဇက်ကြောကို နည်းနည်း လိမ်းလို့ရတယ်။ သူ့ဘူးထိပ်က အလုံးလေးအတိုင်း အသာလေး လှိမ့်ပွတ်လိုက်ရင်ရတယ်။ သွေးပြန်ကြောရှိတဲ့နေရာကို အကြော အလျားအတိုင်း ပွတ်ဆွဲပေးလိုက် နော်'

သူပြောနေပုံက အရောင်းစာရေးမလေးတစ်ယောက် မျက်နှာလိမ်း ကော့စ်မက်တစ်ကို ဈေးဝယ်သူအား အားတက်သရော ရှင်းပြနေသလိုပါပဲလား။ ကျွန်မ ငိုချင်စိတ်တွေ လျော့သွားပြီး ပြုံးချင်လာသည်။

'မင်းလေသံကလည်း အချိုရည်အရောင်း မြှင့်တင်ရေး ဝန်ထမ်းကျနေတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



မောင်က ပထမဆုံးအကြိမ်အဖြစ် ဟက်ဟက်ပက်ပက် ရယ်လိုက်ပါသည်။

'အခုဟာကတော့ မမကို လက်ဆောင်ပေးနေတာပါ'

'အဲဒီအဆီတွေ ရေမွှေးတွေကို မမ သုံးဖြစ်လိမ့်မယ်လို့ မင်း ဘာဖြစ်လို့ ထင်နေတာလဲ'

'မမ ဘာလိုတယ်ဆိုတာ ကျွန်တော်သိပါတယ်။ မမ အတွက် ဘာအမွှေးဆီက အဆင်ပြေမယ်ဆိုတာလည်း ကျွန်တော် သိပါတယ်'

'အလို မင်းက ဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ'

'ဘယ်လို သိနိုင်မလဲဆိုတော့ ကျွန်တော်က နာမည်ကြီး ရနံ့ကုထုံးပညာရှင်လေ'

'ဘာရယ်'

သူပြောလိုက်သည့် Aromatherapist ဆိုသော စကား ကို ချက်ချင်း နားမလည်လိုက်ပါ။

'ဉာဏ်လင်းအောင် မပြောဘူးလား'

'ဟင့်အင်း'

'ထားလိုက်ပါတော့။ မမ စိတ်ချလက်ချသုံးပါ။ ဒါတွေက ပူးလေးတွေ ကြွက်လေးတွေနဲ့စမ်းသပ်ပြီးသား၊ ဘာအန္တရာယ်မှ မရှိပါဘူး'

ထို့နောက် နှစ်ယောက်သား တစ်ယောက်ကို တစ် ယောက် မထိခိုက်မိမည့် စကားကို ရွေးချယ်နေရသဖြင့် တစ်ခေါ ငြိမ်သက်သွားကြပါသည်။

အလုပ်သဘော မေးခွန်းတချို့မေးရမလား။

မင်း မေမေ့ရဲ့သုတေသနစီမံချက်ထဲကနေ ထွက်လိုက် ပြီလား။ ဟင့်အင်း။ ဒါ မေးဖို့မလိုဘူး။ သူ ထွက်လိုက်ပြီပဲလော



မနှစ်က ၂၀၀၉ခုနှစ်မှ သူနှင့်ရွယ်တူ ကျန်သည့် လူငယ် တွေ အားလုံးကို တွေ့ပြီး ခုနစ်နှစ်အတွင်း ဖြစ်ပျက်သည့် အပြောင်းအလဲများကို မေးမြန်းမှတ်တမ်းတင်ခဲ့သည်။ သူကလွဲပြီး အားလုံးကို ဆက်သွယ် စုံစမ်းလို့ရခဲ့၏။ သူတို့ကတော့ နေရာ ပြောင်းလျှင်တောင်မှ လိုက်ရှာလို့ရအောင် အဆက်အသွယ်တွေ ကျွန်မနှင့်ကိုလတ်အတွက် ထားပေးခဲ့ကြလေသည်။

ကျန်တဲ့ကလေးတွေနဲ့ အဆက်အသွယ်ရသေးလား။ ဟင့်အင်း။ ထိုမေးခွန်းလည်း မေးဖို့မလိုပါ။ မနှစ်က သူတို့တွေနှင့် တွေ့တော့ ဘယ်သူမှ သက်ဝေအကြောင်းမသိကြပါ။ မိုးမခနှင့် နေမင်းဦးတောင် သက်ဝေ ဘယ်ရောက်နေမှန်းမသိခဲ့ပါ တဲ့။

'မမ ဒီမှာနေတုန်း လိုအပ်တဲ့အကူအညီရှိရင် ဉာဏ် လင်းအောင်ကို ပြောနော်။ အားနာစရာမလိုဘူး။ ကျွန်တော်နဲ့ သူနဲ့က စီးပွားအတူတူပဲလို့ ပြောလို့ရတယ်။ မာဆေးမှာ လည်ချင် တဲ့နေရာတွေ ရှိရင်'

'စိတ်မပူပါနဲ့။ မမ ဘာမှမလိုပါဘူး မောင်လေး'

ကျွန်မတို့နှစ်ယောက် တိတ်ဆိတ်သွားကြပြန်သည်။

အခု ပြောစရာတွေ ကုန်သွားပြီလား။ သို့မဟုတ် ပြော သင့်သည့်စကားတွေ ကုန်ပြီလား။ ဒါဆိုရင် ပြဿနာက ဘယ်သူ က အရင်ဖုန်းချမှာလဲ။ သူက ဆက်လာသည်မို့ သူ ဖုန်းချတာက ပိုပြီး မှန်ကန်လိမ့်မည်။ သူ ဖုန်းအချရ ခက်နေလား။ ကျွန်မကို အားနာနေသလား။ ကျွန်မကပဲ စပြီး ဖုန်းချဖို့ နှုတ်ဆက်လိုက် ရမလား။

တော်တော်လေးကြာသွားမှ သူ ပြောသင့်သည့်စကား ရှာမရဘူးဟု ကျွန်မ ရိပ်မိသွားသည်။ ဖုန်းမချခင် ကျွန်မ စပြီး စကားပြောရမည့်အလှည့်ဟု သတ်မှတ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဂါးထရုစတိန်းက ပြောတယ်။ ဘယ်သူကမှ မေးခွန်းတစ်ခုမှ မမေးဘူးဆိုပါစို့။ ဒါဆိုရင် အဖြေက ဘယ်လိုလုပ်ပြီး ရမလဲတဲ့။ ဂါးထရုစတိန်းကို မောင်လေး သိလား'

'မသိဘူး'

'စာရေးဆရာမပေါ့'

'မမ ဘာပြောချင်တာလဲဟင်'

'အော် မမကို မောင်လေး ဘာမေးခွန်းမှ မမေးတော့ဘူးလား'

'ကျွန်တော်. . .'

သူ တွန့်ဆုတ်ဆုတ်လေသံဖြင့် စဉ်းစားနေသည်။ ပြီးတော့မှ 'မမေးတော့ပါဘူးမမရယ်' ဟု ပင့်သက်တစ်ချက်ဖြင့် ညည်းပြောပြောသည်။

သူ့မျက်ဝန်းတွေ ဝေမှိုင်းသွားမည်ဟု ကျွန်မ စိတ်ကူးယဉ်ကြည့်နေမိသည်။ ဟင့်အင်း။ မဟုတ်သေးပါဘူး။ သူ့ဘေးနားမှာ သူ တယ်လီဖုန်း ပြောအပြီးကို စိတ်မရှည်စွာ မျက်နှာအမူအရာ အမျိုးမျိုးဖြင့် ပြုံးပြပြီး စောင့်နေသော ချစ်စဖွယ်မိန်းကလေးတစ်ယောက်လည်း ရှိနေနိုင်တာပဲနော်။ ထိုအဖြစ်ကို ချစ်စနိုး ပြုံးပစ်လိုက်ချင်သော်လည်း ကျွန်မမှာ ပြုံးဖို့ ခွန်အား မရှိပါ။

'မင်း မမေးပေမယ့် မမကတော့ မေးစရာမေးခွန်းတစ်ခု ရှိတယ်မောင်လေး'

'ကျွန်တော်. . .မဖြေဘဲနေလို့ ရလားမမ'

သူ ခပ်ဆဆမေးလာတော့ ကျွန်မ နင့်သည်းစွာ ရယ်လိုက်မိသည်။

'ရပါတယ်မောင်လေး။ မဖြေဘဲ နေလို့ရပါတယ်။ ဒါဆိုမယ့် စိတ်မပူနဲ့နော်။ မမ မေးမယ့်မေးခွန်းက မောင်လေး ဖြေရခက်တဲ့မေးခွန်းမျိုးမဟုတ်ပါဘူး မမ ကတိပေးပါတယ်'



'မေးပါ မမ'

'မောင်လေး မြန်မာနိုင်ငံကို ပြန်လာဖို့ စိတ်ကူးရှိလား'

သူ တိတ်ဆိတ်သွားသည်။ သူ မျှော်လင့်ထားသည်က ထိုမေးခွန်း ဟုတ်ပုံမရပါ။ သူ ဘာမေးခွန်းမျိုးမျှော်လင့်ပြီး စိတ်ကျဉ်းကြပ်သွားသလဲဟု ကျွန်မ ရိပ်မိပါသည်။

ကျွန်မ သူ့တိတ်ဆိတ်မှုကို အခွင့်ကောင်းယူလိုက်ရ၏။

'ဖြေစရာမလိုပါဘူးမောင်လေး။ မေးရုံပဲ မေးတာပါ။ အိပ်တော့နော်။ ကောင်းသောညပါ။ ချမ်းမြေ့တဲ့မွေးနေ့မင်္ဂလာပါ။ မောင်လေး ဘဝတစ်လျှောက်လုံးမှာ မေတ္တာအပြည့်နဲ့ လုံခြုံပါစေ'

ကျွန်မ အသံကို တည်ငြိမ်အောင် အားတင်း ထိန်းချုပ်ပြောပြီးနောက် မဟန်နိုင်တော့သဖြင့် တယ်လီဖုန်းကို လျှင်မြန်စွာ ချလိုက်ရသည်။

ထို့နောက် ခေါင်းအုံးပေါ် မျက်နှာမှောက်အပ်လျက် သည်းသည်းထန်ထန် ရှိုက်ငင် ငိုကြွေးမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၃)

မာဆေးမြို့သည် ပြင်သစ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ ဖြစ်ပြီး ယဉ်ကျေးမှုမြို့တော်အဖြစ် သတ်မှတ်ထားသောမြို့လည်း ဖြစ်သည်။ ကျွန်မတည်းခိုရသည့် ဟိုတယ်သစ်သည် လူသွားလူ လာ များသော မြို့အလယ်ဗဟို ဆိပ်ကမ်းဟောင်းနေရာမှာ ရှိ သဖြင့် ဟိုတယ်အနီးမှာ ဖြတ်သွားဖြတ်လာ လူတွေ၊ ဆိုင်ကယ်စီး သူတွေ များသည်။

ရှေ့တည့်တည့်မှာ နိုင်လွန်ကတ္တရာဖြင့် ချောမွေ့ ပြောင် လက်စွာ မဲနက်နေသော ရင်ပြင်လေးတစ်ခု ရှိသည်။ ထိုရင်ပြင်ကို ဖြတ်သွားလျှင် ခြေလှမ်း ဆယ့်လေးငါးလှမ်းအတွင်းမှာ မေထရိုဘူ ဆိုင်းဘုတ်ချိတ်ထားသော မြေအောက်ရထားဘူတာသို့ ရောက် သည်။ ဘူတာသို့ အဆင်းနှင့်အတက် စက်လှေခါးတွေကို မြေ အောက် ဝင်ပေါက်ဆီ၌ လှမ်းမြင်နေရသည်။

မြေအောက်မေထရိုဘူတာတိုင်းတွင် နံရံတွေကို ဆေး ရောင်လှပစွာခြယ်ထားသည်။ ပန်းချီလက်ရာတွေလိုပဲ။ ဂရက်ဖ် တီ ပန်းချီမျိုးတော့ မဟုတ်။ ကျွန်မရောက်သွားတော့ ရထားမလာ သေး။ အပြာရောင်လိုင်း နံပါတ်၁၊ လာရိုဇ်သို့ ဟု မြားပြထားသော သံလမ်းဘက်သို့ ကျွန်မ ခပ်သွက်သွက်လျှောက်ခဲ့သည်။ ဟိုတယ် မှ မထွက်ခင် မြေပုံကို သေသေချာချာကြည့်ပြီးမှ ရထားစီးထား



ဖြစ်လို့ အနီရထားနှင့်အပြာရထား မှားစရာအကြောင်းမရှိပါ။ အသွားနှင့်အပြန်လည်း မမှားနိုင်။ ကျွန်မစီးသည့်ဘူတာက ဒီဘက် ဂိတ်အဆုံးဘူတာလေ။ ကျွန်မက လာရိုဇ်ဘူတာ ရှိသည့် ဘက်သို့ ဦးတည်သောရထားကို စီးရမှာ ဖြစ်သည်။

သူတို့ ဘူတာတွေမှာ ကလေးတွေအလုပ်လုပ်နေတာမျိုး၊ ရေသန့် ဘူးခွံ လိုက်ကောင်းတာမျိုးမရှိဘဲ ရှင်းလင်းနေသည် ဟု တွေးမိတွေးရာ တွေးမိသည်။ မြင်ရသမျှမှာ ကိုယ့်ခရီးကိုယ် အာရုံ စိုက်နေကြသော လူတွေချည်းပါပဲ။

ဆိုက်ရောက်လာမည့် နောက်ရထားများဟု နီယွန်မီးဖြင့် စာတမ်းထိုးထားသည်ကို ကျွန်မ လှမ်းဖတ်လိုက်သည်။

နောက်ရထားများ၊ ၀၁မိနစ်၊ ၀၇မိနစ်ဟု ပြင်သစ်လို စာတမ်းထိုးထားပါသည်။ ဒါဖြင့် ၆မိနစ်တစ်ကြိမ် ရထားထွက် သည်ပေါ့။

မာဆေးမြို့တွင်းသည် ၂၄၀ စတုရန်းကီလိုမီတာခန့် ရှိပြီး လူဦးရေ ရှစ်သိန်းခွဲကိုးသိန်းသာ ရှိသည်။ သို့သော် မာဆေး မြို့ပြ ဝန်းကျင်ကတော့အကျယ်ကြီးဖြစ်သည်။ လူဦးရေ ဆယ့်လေးသိန်း မှ ဆယ့်ခြောက်သိန်းထိ ရှိသည်ဟု ဆိုသည်။ ထိုလူ ဦးရေသည်ပင် ရန်ကုန်မြို့၏ငါးပုံတစ်ပုံလောက်ပဲ ရှိမည်ထင်ပါသည်။ လူဦးရေ နည်းပါးခြင်းအကြောင်းနှင့်အတူ ၆မိနစ်တစ်ခါ မြေအောက် ရထား အပြာရောင်တစ်စင်း ထွက်သောကြောင့် ယခု ဘူတာတွင် လူ များများစားစား မမြင်ရခြင်းဖြစ်လေသလား။

အမျိုးသမီးတစ်ဦးက ခရီးဆောင်သေတ္တာကို ပလက် ဖောင်းပေါ် ချလျက် မတ်တတ်ရပ်ကာ ရထားစောင့်ရင်း လက်ကိုင် တယ်လီဖုန်းကို ငုံ့ကြည့် ခလုပ်နှိပ်နေသည်။

ခဏရပ်စောင့်နေပြီးတော့ ရထားရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနှင့်အတူ ရထားထဲသို့ ဝင်မည့်လူ လေးငါးယောက်ပဲ ရှိသည်။ အားလုံးသည် ပြင်သစ်လူမျိုးများ ဖြစ်ကြသည်။ မြန်မာမဆိုထားနှင့် အရှေ့တိုင်းသားဟူ၍ပင် တစ်ယောက်မှ မပါသော ရထားတွဲပါလား။ ကိစ္စမရှိပါဘူးလေ။ တက္ကသိုလ်ထဲရောက်သည့်အခါ အပြည်ပြည်ကလာသော မြန်မာတွေကိုလည်း တွေ့မည်။ မြန်မာပြည်မှလာသော အခြား မြန်မာတွေကိုလည်း တွေ့မှာပဲ။

ကျွန်မ ရထားပေါ်သို့ ခပ်သွက်သွက်တက်လိုက်သည်။ ရထားက နေရာအချောင်ကြီးပဲ။ ထိုင်ခုံတွေများ ထိုင်မည့်သူပင်မရှိ။ ထိုင်ခုံက ကော်ခုံ၊ အတွဲလိုက် အဝါရောင်လေးတွေဖြစ်သည်။ ရထားနံရံ၏ ခရီးသည်ဦးခေါင်းအထက်နေရာတွင် တယ်လီဖုန်းအားသွင်းဖို့ ပလပ်ပေါက်လေးတွေ နေရာချထားပေးသည်။

ရထားတွဲထဲသို့ ဝင်လိုက်သောအခါ စိမ့်ခနဲအေးသွားသည်။ ရထားတွဲနံရံတွင် ဘူတာတွေနှင့်လမ်းကြောင်းပြ မြေပုံကို ဒီဇိုင်းဖြင့် မြင်ရသည်။ ဘူတာတစ်ခုသို့ ရောက်တိုင်း မီးလုံးလေးက နေရာရွှေ့လျက် ပြပေးနေသည်။ မမှားဘူး။ တော်ပါသေးရဲ့။ နောက်ဘူတာဆိုရင် ကျွန်မ ဆင်းရတော့မှာ။

စန့်ရှားလ်ဟု ပြင်သစ်တွေအသံထွက်ခေါ်ကြသော စီနို ချားလ်ဘူတာရုံသို့ ရထားဆိုက်တော့ နေ့လည် သုံးနာရီထိုးခါနီးပြီ။ မြေအောက်မှ ဘူတာပေါ်သို့ စက်လှေကားဖြင့်တက်လာရ နေးသည်ထင်ပြီး လှေကားကို တစ်ထစ်ပြီးတစ်ထစ် တက်လာသည်။ မြေပုံထဲမှာတော့ ပရောဗန့်စ်တက္ကသိုလ်ဟာ စန့်ရှားလ်ဘူတာရဲ့ လက်ဝဲဘက်မှာ ရှိတာပဲ။ ဟောဟိုက အဆောက်အဦးပဲ ဖြစ်ရမယ်။

တက္ကသိုလ်ဝင်းဆီသို့ အပြေးနီးပါး လမ်းလျှောက်လာ ခိုက်မှာ ကျွန်မကို တက္ကသိုလ်ထဲကနေ တစ်ယောက်ယောက်



ကြိုလင့်နေလိမ့်မလားဟု စိတ်ကူးယဉ်မိသည်။ မဖြစ်နိုင်မှန်းလည်း သိပါရဲ့။

ညီလာခံခန်းမဆီသို့ မြားပြထားသော အမှတ်အသားတွေမှတစ်ဆင့် လမ်းလျှောက်လာခဲ့ချိန်တွင် ကျွန်မနှင့်ဘဝတူ ညီလာခံသို့တက်မည့်သူများဟု ထင်ရသည့် သူစိမ်းအမျိုးသမီး အမျိုးသားများကို တွေ့သည်။ သူတို့လျှောက်ရာသို့ လိုက်လျှောက်သည့်အခါ နောက်ဆုံးတော့ ကျယ်ဝန်းသော လှေခါးထစ်တွေရှိရာ အဆောက်အဦသို့ ရောက်သည်။ ထိုရင်ပြင်တွင် လူတွေ အများကြီး စုရုံးနေတာကို မြင်ရသည်။

ကျွန်မနှင့်သိသူတွေလည်း ပါ၏။ မသိသူတွေကတော့ ပိုများတာပေါ့။

ဖွင့်ပွဲအခမ်းအနားက သုံးနာရီမှာ စမည်။ သုံးနာရီက ထိုးနေပြီ။ လူတော်တော်များများက အပြင်မှာပဲ မိတ်ဟောင်းဆွေဟောင်းအချင်းချင်း နှုတ်ဆက်ရင်း ရယ်မောဆဲ။

ခပ်လှမ်းလှမ်းမှာ ခန်းမကျယ်ကြီးရှိပြီး သူ့မနီးမဝေးတွင် အခန်းငယ်နှစ်ခုသုံးခုနှင့် ရှေ့တွင် စားပွဲများ စာရွက်စာတမ်းများ ချထားသည်ကို တွေ့ရသည်။ ဒါကတော့ ညီလာခံတက်သူတိုင်း ချက်စ်အင်ခေါ် မှတ်ပုံတင်သည့်နေရာပဲ။

ကျွန်မက ဖွင့်ပွဲတွင် စကားဆယ်မိနစ်လောက် ပြောရမည်မို့ အတွင်းသို့ ဝင်တော့မှ ဖြစ်မည်။ ခန်းမကြီးရှိရာသို့ လျှောက်လာစဉ်မှာ ကျွန်မကို နောက်တစ်နေရာရာမှ တစ်ယောက်ယောက်က ကြည့်နေသည်ဟု ခံစားရသည်။ စောစောကအတွေးမျိုး ပေါ်လာပြန်ပြီ။ ကျွန်မ မလုံမလဲ နောက်လှည့်ကြည့်လိုက်သည်။

ဘယ်လိုလူအုပ်ကြားမှာပဲ ဖြစ်ဖြစ် အများနှင့်မရောဘဲ ထွဲပြားစွာ သီးသန့်ထင်ရှားနေသောလူမျိုးရှိသည်ဆိုလျှင် အဲဒါ

www.burmeseclassic.com



မောင်ပဲဖြစ်ရမည်။ မောင့်ကို လူအုပ်နှင့်အတူ အအေးဖန်ခွက်များချထားရာစားပွဲနား၌ မတ်တတ်ရပ်လျက် တွေ့ရသည်။

အဲဒါ မောင်ပါပဲ။

မောင့်ကို သည်တစ်သက်မှာ ပြန်မတွေ့ရတော့ဘူးလားဟု မနက်ကအထိ စိတ်ထင့်နေခဲ့သည်။ မောင်သည် အကျိုးသင့်အကြောင်းသင့်ဖြင့် တွက်ချက်ခန့်မှန်းလို့မရနိုင်လောက်အောင်ကြံ့သလို ပြုမူ လှုပ်ရှား တတ်သူဖြစ်သည်။ မောင် လာချင်လည်းလာမည်။ လာချင်မှလည်း လာမည်။ ကျွန်မ ကြိုတင် စိတ်လျှော့ထားပြီးသား။

မောင်သည် လွန်ခဲ့သည့်လေးနှစ်ကထက် ပိုပြီး လူကြီးလူကောင်းပုံစံဖြစ်လာပြီ။ အရင်လို ပိန်ပိန်ကိုင်းကိုင်းလေး မဟုတ်တော့ဘဲ အနည်းငယ် ပြည့်လာပြီ။ အသားကတော့ နဂိုကထက်တောင် ပိုပြီး စိုဝင်းလျက် ဖြူနေသည်။

ဘယ်သူနှင့်မှ ရောမသွားဘဲ သီးသန့် တည်ရှိနေသည်ဆိုပေမယ့် မောင့်ဆံပင်ပုံစံက သူများထက် ပိုပြီး ထူးခြားနေတာမဟုတ်။ ရှုတ်အင်္ကျီလက်ရှည်ကိုလည်း သူများတွေဝတ်သလိုပဲကော်လာကို အပေါ်ဆုံး လည်ပင်းကျယ်သီးဖြုတ်ထားတာပါပဲ။ ရှုတ်အင်္ကျီလက်ကို တတောင်ဆစ်အောက်နားမှာ အများလိုပဲသေသေသပ်သပ်ခေါက်ထားတာပါပဲ။ ဒါနှင့်တောင် တစ်ခုခု ထူးခြားနေသလို ဝင်းပကာ မြင်လွယ်သည့် လူမျိုးလား။

အင်း တစ်ခုတော့ရှိသည်။ မြန်မာပုဆိုးကို ဝတ်ထားတာကိုး။ ပိုးတွဲချည်ကွက် စိပ်စိပ်ပုဆိုးနှင့် ခြေညှပ်ကတ္တီပါဖိနပ်နှင့်ဆိုတော့ သူများထက်ထူးတာပေါ့။ ကျွန်မ မောင့်ကို အလွယ်တကူပြုံးပြနိုင်လိုက်သည်။ တကယ်ပါ။ မောင့်ကို ဒီလောက် သေသေသပ်သပ်ပုံစံဖြင့် ဘဝမှာ တစ်ခါမှ မမြင်တွေ့ရဖူးပါ။



မောင်က ကျွန်မနှင့်မောင့်ကြားမှာ ဘာမှ နာကျင်စရာအတိတ်တွေမရှိခဲ့သလို မနေ့တစ်နေ့ကမှ ပုံမှန်တွေ့ခဲ့ကြသေးသူတွေလို၊ မနက်ဖြန်လည်း တွေ့ကြဦးမှာလိုလို မထူးဆန်းသည့်အပြုံးမျိုးပြုံးလျက် ကျွန်မရှိရာသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာပါသည်။

အင်း မောင့်အပြုံးကတော့ အရင်နှင့်မတူပါ။ အရင်ကကျွန်မကိုတွေ့လျှင် မျက်လုံးများ တောက်ပရွှန်းလက်ပြီး မိခင်ကိုသားက တွေ့လိုက်ရသလို အူယားဖားရားပြေးလာသည့် ဟန်အမူအရာမျိုး မောင့်မှာ မရှိတော့ပေ။ တည်ငြိမ်သော လေးနက်သောရင့်ကျက်သောလူငယ်တစ်ယောက်။

'ဘယ်လိုဖြစ်ပြီး ဒီကို ရောက်လာတာလဲ'

'မမတောင် ဒီနိုင်ငံရောက်နေတဲ့အချိန်မှာ ဒီနိုင်ငံမှာရှိနေတဲ့ ကျွန်တော်က မမကို လာမတွေ့ဘဲ နေကောင်းလို့လားဗျာ'

မောင့်စကားအသုံးအနှုန်းတွေ တော်တော် ရင့်ကျက်လာပြီပဲဟု ကျွန်မ သတိပြုလိုက်မိသည်။

သုံးရက်ကာလအတွင်း ညီလာခံကို ဧည့်သည်အဖြစ် ဝင်ရောက် လေ့လာဖို့ နောက်ကျစွာ မှတ်ပုံတင်လိုက်ပြီးပြီဟု မောင်တပြောပါသည်။ ဒါများကွယ် ဟိုနေ့ညက မမကို ပြောလိုက်ရောပေါ့။

'မမရဲ့ အဖွင့်နှုတ်ဆက်စကားကို နားထောင်ဖို့ ဒီနေ့အမီလိုက်လာတာပါ'

ပြင်သစ်ယဉ်ကျေးမှုနှင့် ပြင်သစ်ထုံးစံမို့ သိပ် ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားကြီး လုပ်မနေပေ။ ရိုးစင်းစွာပင် သီယေတာ ခန်းမကြီးထဲမှာ ဖွင့်ပွဲကို ပြုလုပ်ကျင်းပသည်။ စင်ရှေ့ကနေ ဟိုးနောက်ဘက်အထိ တဖြည်းဖြည်း မြင့်တက်သွားသော

www.burmeseclassic.com

www.burmeseclassic.com



သီယေတာ ခန်းမကြီးမှ အားလုံးကို မော့ကြည့်ပြီး မြင်ရသည်။ မောင်က နောက်ဆုံးတန်း၏ထောင့်တစ်နေရာမှာ ထိုင်ပါသည်။ စကားပြောမည့်ပုဂ္ဂိုလ်သုံးယောက်အပြီး ကျွန်မက နောက်ဆုံး စတုတ္ထမြောက်ပြောသူဖြစ်သည်။ အားလုံးက ပြင်သစ်လိုမပြောဘဲ အင်္ဂလိပ်ဘာသာဖြင့်ပဲ ပြောကြပါသည်။

'ဂုဏ်သရေရှိ အမျိုးသမီးနဲ့ လူကြီးမင်းများရှင့်'

'ပထမဦးဆုံးတော့ ဒီ မယ်ဒီတာရေးနီးယန်း ပင်လယ် ကမ်းခြေကို ကျွန်မရောက်လာဖို့ ပြီးတော့ အခုလို ကိုးကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဗမာညီလာခံကိုတက်ရောက်ဖို့ ကျွန်မကိုဖိတ် ခေါ်ခဲ့တဲ့ အရှေ့တောင်အာရှ သုတေသနတက္ကသိုလ်နဲ့ ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးဌာနကို ရက်ရောတဲ့ကြင်နာမှုအတွက် အထူး ပဲ ကျေးဇူးတင်ကြောင်း ပြောပါရစေ'

'ထူးချွန်ပြောင်မြောက်တဲ့ပညာရှင်တွေနဲ့အတူ မြန်မာ နိုင်ငံ အကြောင်းလေ့လာဆွေးနွေးသုံးသပ်မှုတွေကို နားထောင်ခွင့် ပါဝင်ဆွေးနွေးခွင့်ရမှာမို့ ကျွန်မ သိပ် ဝမ်းမြောက်မိပါတယ်'

'ကျွန်မဟာ ပညာရှင်တစ်ယောက်မဟုတ်ပါဘူး။ ကျွန်မ က ပညာသင်ပေးသူနဲ့ကျောင်းဆရာမသာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မဟာ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေတွေအားလုံးကို ထင် ဟပ်ပြောပြနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်မနိုင်ငံနဲ့ ထိ သက်တဲ့ ပြဿနာတွေ၊ ဖြေရှင်းဖို့ နည်းလမ်းတွေနဲ့ အဖြေတွေကို လေ့လာစူးစမ်းချင်တဲ့စိတ်နဲ့ ရောက်လာတာပဲဖြစ်ပါတယ်'

မေမေသာ ရှိလျှင် ကျွန်မ၏ အဖွင့်စကားကို သည့်ထက် ကျစ်လစ်ပြီး ပြည့်စုံခမ်းနားအောင် ကူညီပေးနိုင်လိမ့်မည်။ အခု တော့ ကျွန်မဘဝထဲမှာ မေမေ မရှိတော့ပါ။ အခုလို ပြင်သစ်နိုင်ငံ မှာ အထူးဧည့်သည်တော်အဖြစ် ညီလာခံအဖွင့်စကားကို ပါဝင်



ပြောပေးရသည်ကို မေမေများ မြင်ခွင့်ရလျှင် မေမေ ကျွန်မအတွက် ဘယ်လောက်များ ဂုဏ်ယူလိုက်လေမလဲ။ ကျွန်မ မေမေ့ကို သတိရ သွားသဖြင့် မျက်ရည်စတွေဝဲလာကာ မြင်ကွင်းက နည်းနည်းဝါး သွားသည်။

အခုအခါ မောင်သည် ညီလာခံပရိသတ်အဖြစ် ဟိုး အထက် နောက်ဆုံးတန်းမှာ နားထောင်နေသည်။ ကျွန်မကို စောင့်ကြည့်နေသည်။ မောင့်ဘေးနားမှာ ဘယ်သူမှ မရှိ။ မောင့် မျက်လုံးတွေက ဘယ်ကိုမှ မကြည့်။ ကျွန်မဆီသို့သာ အာရုံစူးစိုက် လျက် ရှိသည်။

'မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ဆောင်ရွက်စရာတွေ အများ ကြီးရှိပါတယ်။ အခုရောက်လာကြတဲ့ပုဂ္ဂိုလ်တွေအနေနဲ့ မိမိ တတ် နိုင်သမျှကို ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ ဒီ့ထက်ပိုကောင်းလာ အောင် ကူညီပါဝင်ပေးနိုင်မယ်ဆိုတာ ကျွန်မယုံကြည်ပါတယ်'

'ကျောင်းဆရာမတစ်ယောက်အနေနဲ့ရော ပညာပေး အပ်သူအနေနဲ့ရော ဘဝတစ်လျှောက်လုံးစာဖတ်မယ့်သူ အနေနဲ့ ရော စာပေရဲ့ လူတွေအပေါ် လွှမ်းမိုးဩဇာသက်ရောက်မှုကို ကျွန်မ ယုံကြည် အားထားပါတယ်'

'ကိုရီးယန်းကဗျာဆရာ ပါ့က်ယီမွန်းရဲ့စကားတစ်ခုကို ကိုးကားပြီးပြောပါရစေ။ အခြားဘယ်လိုအရာတွေကမှ ဖြည့်မပေး နိုင်တဲ့ ကွက်လပ်မျိုးကို ဖြည့်ပေးဖို့ စာပေဟာ တည်ရှိခြင်း ဖြစ်ပါ တယ်တဲ့။ ဒါ ကျွန်မယုံကြည်တဲ့ ဘဝအမြင်တစ်ခုလည်း ဖြစ်ပါ တယ်ရှင်'

ဖွင့်ပွဲသည် အချိန်တိုအတွင်း ပြီးသွားပါသည်။ ဖွင့်ပွဲတွင် မှတ်တမ်းဗွီဒီယိုကားတိုလေးနှစ်ကားလည်း ပါဝင်ခဲ့သည်။ ဒါက မြန်မာနိုင်ငံအတွက် မိတ်ဆက်သဘောပါပဲ။ မနက်ဖြန်မှစပြီး

www.burmeseclassic.com

www.burmeseclassic.com



သုံးရက်တိုင်တိုင် အခန်းပေါင်းများစွာတွင် ပညာရှင်နှင့် သုတေသီပေါင်းများစွာက ကိုယ့်လေ့လာမိသမျှ မှတ်တမ်းနှင့် အမြင် အယူအဆ၊ မှတ်ချက်တို့ကိုဖွင့်ပြဆွေးနွေးကြမည် ဖြစ်ပါ သည်။

မြန်မာလူမျိုးတွေကို ဆယ်ယောက် ဆယ့်ငါးယောက်မက တွေ့ရသည်။ မုန့်အနည်းငယ်နှင့် အအေးဘူးများ၊ အအေးဖန်ခွက်များကို ကိုယ်တိုင်ယူစနစ်ဖြင့် မြည်းစမ်းရင်း စကားလက်ဆုံကျနေကြပြန်သည်။ မြန်မာကိုချစ်သော သို့မဟုတ် မြန်မာကို စိတ်ဝင်စားသော နိုင်ငံခြားသားအများစုသည် တစ်ဦးနှင့်တစ်ဦး သိနေကြတာ များ၏။ ကြည့်ရတာ နှစ်နှစ်တစ်ခါပြုလုပ်သော ယခုလို ဗမာ ဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံတွင် စာတမ်းဖတ်နေကျ တက်ရောက်နေကျ လေ့လာဆွေးနွေးနေကျ ဖြစ်ပုံရပါသည်။ တစ်ယောက်က တခြားတစ်ယောက်ကို သူ့မိတ်ဆွေနှင့် ထပ်မံမိတ်ဆက်ပေးနေတာမျိုးလည်း များစွာတွေ့ရသည်။

'အင်ကြင်း'

မောင့်ကို ကျွန်မ တစ်နေရာရာတွင် ညစာသွားစားဖို့ ခေါ်သင့်မခေါ်သင့် စဉ်းစားနေဆဲ ကျွန်မ အနီးသို့ လူတစ်ယောက် ရောက်လာသည်။ မြန်မာသံပီပီသသနှင့်ခေါ်လိုက်သော ကျွန်မနာမည်။

ကျွန်မ လှည့်ကြည့်လိုက်၏။

အသားဖြူဖြူ အရပ်ခပ်ပျပ်ပျပ်၊ ခပ်ဖိုင့်ဖိုင့် ရင်းနှီးသည့် မျက်နှာသွင်ပြင်မျိုးနှင့် အသက်ကြီးကြီး လူတစ်ယောက်။

'သမီး အင်ကြင်းဝေနော်'

'ဟုတ်ကဲ့'

နိုင်ငံခြားသားတွေအလယ်တွင် မြန်မာစကားဖြင့် အားရပါးရ ပြောလိုက်ရတာမို့ အရသာရှိလိုက်တာဟု တွေးလျက်



ပြန်ပြုံးပြဆဲ သူက ကျွန်မအား ရင်းနှီးကျွမ်းဝင်စွာ ကြည့်သည်။ ဟင် အဲဒီအကြည့်ကို ကျွန်မ သိတာပေါ့။

'သမီးက တော်တော်ကို အရွယ်ရောက်လာပြီပဲ။ သမီး မေမေရော နေကောင်းလား'

သမီးမေမေရော နေကောင်းလားဟူသည့်စကားအသုံးအနှုန်းကို ကြားလိုက်ရချိန်တွင် ကျွန်မ ရင်ထဲမှာနွေးခနဲ လှိုက်ဖိုသွားသည်။ ဖေဖေပါလား။

ကျွန်မရှေ့မှာ ရှိနေသူသည် ဆံပင်က အနက်တွင်မီးခိုးစွက်နေပြီ။ နဖူးက ခပ်ကျဉ်းကျဉ်း မျက်ခုံးပါးပါး။ သို့သော် မျက်လုံးက ထူထူတန်းတန်း။ ပြုံးလိုက်လျှင် မျက်လုံးတို့ သိမ်မွေ့သွားတတ်သော ကျွန်မ ဖေဖေ။

'ဖေဖေ'

မတွေ့ရတာ ဘယ်နှနှစ်တောင် ကြာခဲ့ပြီလဲ။ ယခင်က ဖေဖေသာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့လျှင်ဟု စိတ်ကူးယဉ်ပြီး ကာလအတော်ကြာကြာ တိတ်တခိုးစောင့်မျှော်နေခဲ့ဖူးသည်။ နောက်ဆုံး မေမေက ကျွန်မအား ညည်းအဖေက အစိုးရကို ပုန်ကန်ပြီး အပြင် ရောက်သွားတဲ့သူ။ သူ ဘယ်တော့မှ ဒီကိုပြန်လာလို့ မရတော့ဘူး။ မျှော်မနေနဲ့ ဟု ယတိပြတ် ပြောတော့မှ ကျွန်မ ဝမ်းနည်း ကြေကွဲစွာ မျှော်လင့်ချက်ကို စွန့်လွှတ်ခဲ့ရသည်။

ရှစ်တန်းနှစ်မှ စပြီး ဖခင်မပါဘဲနှင့် ကျွန်မ ကြီးပြင်းခဲ့သည်။ မိခင်၏ စောင့်ရှောက်မှုဖြင့် ကျွန်မ ရင့်ကျက်ခဲ့ရသည်။ အခုအခါ ကျွန်မဘဝတွင် ဖခင်ဆိုတာ မရှိလျှင်လည်း ကျွန်မဘဝဘာမှ ပြောင်းလဲသွားမှာ မဟုတ်တော့ပါ။

'နေကောင်းလားဖေဖေ။ ဖေဖေ ဒီကိုလာတာ ဒီပွဲကို လာတာလား'

www.burmeseclassic.com

www.burmeseclassic.com



'အေး။ ဖေဖေက အမေရိကမှာနေတာသမီး၊ သမီး ဒီပွဲမှာ စာတမ်းဖတ်မယ်ဆိုတာ ကြားလို့ ဖေဖေ ဒီကို လိုက်လာတာ။ သမီးမေမေ နေကောင်းလား'

'မေမေ မရှိတော့ဘူး ဖေဖေ။ မေမေ အခုနှစ် သင်္ကြန်တွင်းက ဆုံးသွားခဲ့ပါပြီ'

'ဟာ'

ဖေဖေ့မျက်နှာမှာ ချက်ချင်းပင် အိုမင်းရင့်ရော်သွားသလို ထင်ရသည်။ ဖေဖေ့နှုတ်ခမ်းတို့သည် ဖြူဖျော့သွားသည်။

ကျွန်မတို့သားအဖသည် တစ်ယောက်နှင့်တစ်ယောက် ခပ်စိမ်းစိမ်းဖြစ်နေကြသည်။ မေးခွန်းတစ်ခုကို မေးဖို့ ကျွန်မ နှုတ်ဖျားမှ စကားလုံးတို့ မထွက်လာဘဲ အကြာကြီးအားယူနေရသည်။ နောက်တော့မှ ခပ်ဆဆ မေးလိုက်ရပါသည်။

'ဖေဖေ့ဇနီး မပါဘူးလား'

ဖေဖေ ခပ်ဆွေးဆွေးအပြုံးဖြင့် ခေါင်းယမ်းသည်။

'မပါဘူး'

မေမေ မသိလိုက်သည့်အရာဟူ၍ ဘာမှ မရှိအောင် ဖေဖေက သူ နောက်အိမ်ထောင်ပြုမည့်အကြောင်း မေမေ့ကို အရင်ဆုံး တိုင်ပင်သည်ဟု မေမေက ဂုဏ်ယူစွာပြောစဉ်က ကျွန်မ မေမေ့ကို တအံ့တသြ ငေးကြည့်နေမိခဲ့သည်။ မေမေ လိုက်သွားရင် ရရဲ့သားနဲ့။ မေမေ ပင်စင်ယူလိုက်ပြီပဲ။ ဖေဖေ နောက်ကို မေမေ လိုက်သွားလေ။ မေမေက ခပ်ပြုံးပြုံးဖြင့် ခေါင်း ခါယမ်းပါသည်။

'သမီး ဘယ်မှာတည်းလဲ'

'အင်ကြင်း ဗြားယေးပေါ်မှာ တည်းတယ်။ နယူးဟိုတယ်တဲ့ ဖေဖေ'



'အော် ဖေဖေကတော့ ဒီစန့်ရှားလ်က ဟိုတယ်တစ်ခုမှာပဲ တည်းတယ်။ သမီးနဲ့ ညစာစားရင်း စကားပြောချင်တယ်'

ကျွန်မ မောင့်ကို လှည့်ကြည့်လိုက်သည်။ မောင်သည် ကျွန်မနှင့် ခပ်လှမ်းလှမ်းမှာ နိုင်ငံခြားသူတစ်ယောက်နှင့် စကားလက်ဆုံကျနေ၏။

'ဖေဖေ အင်ကြင်း စာတမ်းအတွက်ပြင်ဆင်စရာ ရှိသေးလို့ နောက်နေ့မှ ညစာစားလို့ရမလားဟင်'

'ရတာပေါ့သမီးရယ်။ ဒါဆို ဖေဖေ မိတ်ဆွေတွေနဲ့ ဒီညတွေ့လိုက်မယ်'

ကျွန်မ မောင့်အနားသို့ ခပ်သွက်သွက် လျှောက်သွားလိုက် ပါသည်။ မောင်က စကားပြောနေပေမယ့် ကျွန်မ ရောက်လာတာကို သိ၏။ စကားဖြတ်လျက် ကျွန်မဘက်သို့ လှည့်လိုက်ပါသည်။ မောင့်စကားသံ တစ်စွန်းတစ်စကို ကြားရသည်။ မောင် မြင်သစ်လို ကျွမ်းကျွမ်းကျင်ကျင် ပြောနေခဲ့တာပါလား။ ကျွန်မ အံ့သြသွားပါသည်။ ဆိုးမှာရှိသည့် ကျောက်တုံးစံအိမ်သို့ ရန်ကုထုံးကို စမ်းသပ်ခံယူဖို့ ဖိတ်ခေါ်နေခဲ့တာဟု ကျွန်မ ထင်သည်။

'မမ ညစာအတွက် မမဘယ်သူနဲ့ချိန်းထားပြီးပြီလဲ'

'ငြိမ်းငြိမ်းထွန်းကိုတော့ စောစောက လူအုပ်ထဲမှာ မြင်လိုက်တယ်။ သူနဲ့ ညစာအတူစားမလားလို့။ ဒါပေမယ့် အခု သူ့ကို မတွေ့တော့ပြန်ဘူး'

'ကျွန်တော် မမကို မာဆေးက အကောင်းဆုံးဆိုင်မှာ ညစာကျွေးမယ်လေ'

မောင်က ကျွန်မကို ဘယ်တုန်းကမှ မနာကျည်းခဲ့ဖူးသလို ခပ်သာသာပြုံးလျက် ပြောသည်။

'ကျွေးလေ'

www.burmeseclassic.com

www.burmeseclassic.com



'ညစာစားပြီးရင် မမရဲ့စာတမ်းအတွက် ပါဝါပွိုင့်မှာသုံးဖို့ ဓာတ်ပုံတွေထည့်ယူလာတာ ပေးမယ်။ ကျွန်တော်ပါဝါပွိုင့် ကောင်းကောင်း လုပ်ပေးတတ်တယ်။ မမကို ကျွန်တော် ကူညီလို့ရလား'

ပါဝါပွိုင့်။ မောင်သည် အချိုရည်စက်ရုံကနေ ရေမွှေးထုတ်သည့် ကုမ္ပဏီသို့ ပြောင်းပြီး အလုပ်လုပ်သည့်ကောင်လေးအဖြစ်မှ အခုအခါ ဉာဏ်ရည်နှင့်အလုပ်လုပ်သော ရန်ကုန်ထုံးပညာရှင်တစ်ယောက် ဖြစ်သွားခဲ့ပြီတဲ့။ အံ့ဩစရာပါလား။

ကျွန်မ တစ်ချက် ရယ်လိုက်မိသည်။

'ဒါပေမယ့် မင်းရဲ့အရည်အချင်းကို ဘယ်လိုယုံကြည်ပြီး မင်းလက်ထဲ လွှဲရမှာလဲ'

'အဲဒါ မမ တွေ့မှာပေ့ါ။ ခိုင်းကြည့်ပါ။ ယုံမှ အပ်ပါ'

'အိုကေ ကြည့်သေးတာပေ့ါ။ ဒါနဲ့ ညစာကို နောက်မှ စားလို့ရမလား။ မမ အလုပ်ကို အရင်လုပ်ချင်တယ်'

ကျွန်မအတွက် ညစာက အရေးမကြီးပါ။ မောင်နှင့်အတူ မျက်နှာချင်းဆိုင်စားရမည်ဆိုစေဦးတော့ ထိုညစာက အရေးမကြီးပါ။ ကျွန်မ ပုံသွင်းဖို့ကြိုးစားခဲ့သည့် ဖယောင်းတုံးလေး ဘယ်လောက် ရုပ်လုံးကြွနေပြီလဲ ကျွန်မ၏ ကူညီမှု ဘယ်လောက်ပါပြီး သူ့ အားထုတ်မှုက ဘယ်လောက်ပါလဲ ဆိုတာ တစ်ခဏလောက်တော့ အကဲခတ်ကြည့်ခွင့်ရမည်ဟု မျှော်လင့်မိသည်။

'ရတာပေ့ါ မမ'

ဥရောပ၏ နေရာကျဉ်းကျဉ်း စျေးကြီးကြီးထုံးစံကြောင့် ဟိုတယ်ဧည့်ကြိုဌာနက ကျဉ်းကျဉ်းလေး။ ဓါတ်လှေခါးက ရှေးဟောင်း ဘာဂျာသံဆွဲတံခါးတပ် ဓာတ်လှေခါး၊ ဧည့်ကြိုဌာနမှာ ထိုင်ခုံက ဆိုဖာရှည်လေးတစ်ခုနှင့် ကုလားထိုင်နှစ်လုံး။ ဒါပဲ ရှိသည်။



ကျွန်မအခန်းသည် တတိယထပ်မှာ ရှိသည်။ အများအားဖြင့်တော့ ကျွန်မ ဓာတ်လှေကား မသုံးဘဲ ရိုးရိုးလှေကားဖြင့် တက်တာ များပါသည်။ လှေကားသည် ပျဉ်လှေကားဖြစ်သည်။ ကော်ဇောအနီရောင် ခင်းပေးထားသည်။ တချို့နေရာတွင် ခြေနင်းသည့်အခါ တကျွီကျွီ မြည်တတ်သည်။

အခန်းက ခပ်ကျဉ်းကျဉ်းပါပဲ။ ရေချိုးခန်းမှာ ရေချိုးကြွေကန်ပါသည်။ ဒီနေ့ညတော့ မောင့်လက်ဆောင် ရေချိုးဆပ်ပြာရည်ကို ကြွေကန်ထဲသို့ ရေနှင့်အတူ အမြှုပ်တွေတဖွားဖွားထွက်အောင် ထည့်ပြီး တစ်ကိုယ်လုံး ရေနွေးပူပူ စိမ်ပစ်လိုက်မည်ဟု စဉ်းစားထားခဲ့တာ။ အခုတော့ ဧည့်သည်မပြန်မချင်း ကျွန်မ ဇိမ်ကျကျ ရေမချိုးနိုင်တော့ဘူးပေ့ါ။

မောင်သည် မြန်မာနိုင်ငံမှာတုန်းက ကျွန်မတိုက်ခန်းသို့ ပြီးတော့ ကျွန်မ အိမ်ဝယ်လိုက်တော့လည်း အိမ်သို့ နံနက် တော်တော်များများနှင့် ညနေတိုင်း လာနေကျပါ။ ကျွန်မအိမ်သည် သူ့စားအိမ်သောက်အိမ်ဖြစ်နေသည်ဟု ပြောလို့ရသည်။ သို့သော် ကျွန်မအိပ်ခန်းထဲသို့ မောင့်ကို တစ်ခါမှ မဖိတ်ခေါ်ဖူးချေ။ ပစ္စည်းတစ်ခုခု ဝင်ယူခိုင်းတာမျိုးလည်း ကျွန်မ ဘယ်တုန်းကမှ မလုပ်ခဲ့တာမို့ မောင်သည် ကျွန်မအိပ်ခန်းနှင့် ကျွန်မ ခုတင် ကျွန်မမှန်တင်ခုံ စသည်တို့ကို မြင်ဖူးစရာ အကြောင်းမရှိပေ။

ယခုအခါ ကျွန်မတည်းသည့်ဟိုတယ်ခန်းမို့ ကျွန်မ၏ အိပ်ခန်းပဲပေ့ါ။ ကျွန်မ၏ခုတင်ရှိသည်။ ခုတင်ပေါ်မှာ ဘာများ အမြင်မတော်တာတွေရှိဦးမလဲဟု ဓာတ်လှေခါးဟောင်းကြီးထဲမှာ မောင်နှင့်အတူတက်လိုက်လာနေရင်း အပြေးအလွှား စဉ်းစားနေမိသည်။ ဟင့်အင်း ဘာမှ မရှိပါဘူး။ ကျွန်မသည် မေမေနှင့် အဘွား၏ တင်းကျပ်သည့်စည်းကမ်းများအောက်တွင် နေလာခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သူမို့ ဘယ်လောက်ပဲ အရေးတကြီးသုတ်သီးသုတ်ပျာ ဖြစ်ပါစေ၊ ကျွန်မ အခန်းကို ရှုပ်ပွအောင် မထားတတ်တာ အကျင့်ဖြစ်နေပါပြီ။

သို့သော် ဘုရားရေ။ ကျွန်မ မေ့သွားတာတစ်ခု ရှိ၏။

စားပွဲပေါ်မှာ ထောက်တိုင်ဖြင့် တင်ထားသော မောင့်ဓာတ်ပုံ။

အို မောင် အခုလို မာဆေးကို လိုက်လာလိမ့်မယ်ဟု လည်းမထင်။ နောက်ပြီး ဟိုတယ်ခန်းအထိ လိုက်လာလိမ့်မယ်ဟု ပိုလို့တောင် မထင်ခဲ့မိပေ။

မဖြစ်ဘူး။ အဲဒီဓာတ်ပုံကို မောင်မြင်သွားလို့ မဖြစ်ဘူး။

မဟုတ်သေးပါဘူး။ သူ ကျွန်မစိတ်ကို ဟိုတုန်းကတည်းက ရိပ်မိခဲ့ပြီးပြီပဲ။ ဘာဖုံးကွယ်စရာလိုလဲ။

မဟုတ်သေးဘူး။ ဟိုတုန်းက ရိပ်မိပြီးခဲ့တာက လေးငါးနှစ်တောင်ကြာခဲ့ပြီ။ အတိတ်က အတိတ်မှာ ကျန်ခဲ့ပြီလေ။ ခုချိန်ထိ တသသ တမ်းတ လွမ်းမက်နေဆဲဆိုတာတော့ သူသိဖို့ မလိုဘူး။ မဟုတ်ဘူး။ သိကို မသိသင့်တာ။

ဘယ်လို လုပ်ရပါ့မလဲ။

အို လွယ်ပါတယ်။ ကျွန်မက အရင်ဝင်ပြီး သူ့ကို ခဏစောင့်ခိုင်းလိုက်ပေါ့။ သူ ကျွန်မစကားကို နာခံပါ့မလား။ အတင်းလိုက်ဝင်လာရင်ကော။ ဟင့်အင်း မဖြစ်နိုင်ဘူး။ သူ လိုက်လာမှာ မဟုတ်ပါဘူး။ သူက အခုဆို ပိုပြီးတောင် လူကြီးလူကောင်းနဲ့တူလာသေးတယ်။ သော့ကိုဖွင့်လိုက်ပြီးနောက် ကျွန်မ သူ့ကို ခပ်တည်တည် လှည့်ကြည့်လိုက်၏။

'မောင်လေး ခဏနေဦး။ မမခုတင်ပေါ်မှာ ရှင်းစရာလေးတွေ ရှင်းရဦးမှာမို့ တစ်မိနစ်ပဲ။ တစ်မိနစ်ကြာမှ လိုက်ဝင်ခဲ့'



'ဟုတ်ကဲ့'

တွေ့လား။ ဘယ်လောက် အဆင်ပြေလိုက်သလဲ။ ကျွန်မ အပြေးအလွှား သွားပြီး ဓာတ်ပုံကို ကောက်ယူကာ အံဆွဲထဲသို့ ထည့်လိုက်၏။

အံဆွဲငယ် လေးခု အတန်းလိုက် တစ်ညီတည်းပါသော စာရေးစားပွဲလေးနှင့် ဆိုဖာတပ် မတ်တတ်ကုလားထိုင်နှစ်လုံးရှိသည်မို့ အတော်ပဲ၊ မောင်က တစ်လုံးထိုင်၊ ကျွန်မကတစ်လုံးထိုင်လို့ ရသည်။ နံရံကပ်မှန်ကလည်း စားပွဲရှေ့တည့်တည့်မှာ။ ကျွန်မ၏ လက်ပ်တော့ကွန်ပျူတာက စားပွဲပေါ်မှာ ချလျက်သား။

ကျွန်မတို့နှစ်ယောက် စားပွဲရှေ့မှာ ရပ်မိတော့ မှန်ထဲမှာ အတူတူ ယှဉ်လျက်မြင်ရသည်။

မောင့်အရပ်က အမြင့်ကြီးပါပဲ။ ဆံပင်က ဟိုတုန်းကလို နဖူးပေါ်မှာ ဖြောင့်စင်းပြီး ဝဲကျနေသည့်ခပ်ရိုင်းရိုင်း ဆံပင်တွေ မဟုတ်တော့ဘဲ ဘယ်ဘက်မှာ ခွဲကြောင်းဖြင့် သေသေသပ်သပ် ဖြီးသင်ထားသည်။ ဒီပုံစံမျိုးကို ကျွန်မ နှစ်ခါသုံးခါပဲ တွေ့ဖူးသည်။ တစ်ခါက ရေနံချောင်းမှာ။ ဆယ်တန်းကို ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်တော့ ဆုပေးပွဲမှာ ဆုယူတုန်းက သိမ်မွေ့ယဉ်ကျေးသော လူလိမ်မာလေးပုံစံပေါ့။ နောက်တစ်ခါက ရန်ကုန်မှာ အင်တာဗျူး ဖြေသွားတုန်းက။

ကျွန်မမောင့်ကို မှန်ထဲမှာ ကြည့်လိုက်သလိုပင် မောင်က လည်း ကျွန်မကို မှန်ထဲကနေ လှမ်းပြီး ပြုံးပြပါသည်။

မောင်ယူလာသည့် memory stick ထဲမှ ဓာတ်ပုံများကို ကျွန်မ ကွန်ပျူတာထဲမှာ အရင် ကူးထည့်သည်။ ပြီးတော့မှ ကျွန်မ ပြင်ဆင်ထားသော ပါဝါပွိုင့်ဆလိုက်ချပ်များကို အတူတူ ကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့လည်း ကျွန်မ မနေ့ညက ငိုရင်းရှိုက်ရင်း အိပ်ပျော်သွားတာမို့ စာတမ်းကို ပါဝါပွိုင့်ဖြင့်ပြဖို့ ပြင်ဆင်ချိန် မရခဲ့ပါ။ ရန်ကုန်မှာတုန်းက စိတ်ကူးပေါက်ရာ လုပ်ထားပြီး တစ်ဝက် တပြက်ဖြင့် စာအတိုင်းပဲ ပြောပြတော့မည်ဟု စိတ်ကူးလိုက်သည်မို့ ပြီးအောင်ဆက်မလုပ်ဖြစ်တော့ပါ။ အခုမှ မောင်က ပါဝါပွိုင့် ဆလိုက်ကို တိုက်တွန်းအားပေးနေလို့ ပြင်ဆင်ရမှာပါ။

'ပါဝါပွိုင့်ဆလိုက်ကို တကယ်တော့ ကျွန်တော်လည်း မကြိုက်ပါဘူးမမရယ်။ ဒါပေမယ့် ကိုယ့်ဟာကိုယ်ပြောမယ့် အကြောင်း အရာကို မမေ့အောင်လည်း အရေးကြီးတာကိုး။ စာတို ဖတ်ပြရတာမျိုးဆိုရင်တော့ ဘာအရေးလဲ။ အခုဟာက စာတမ်းကို ဖတ်ပြတာထက် ပြောပြတာက လူ ပိုအထင်ကြီးတယ်လေ'

ကျွန်မ သူ့ကို တအံ့တသြကြည့်မိသည်။

'မမသိသလောက်တော့ မောင်သက်ဝေက အဲဒီအလုပ် မျိုးနဲ့ မနီးစပ်ဖူးလားလို့'

'ကျွန်တော် ရန်ကုန်မှာကတည်းက နောက်ပြောင်းတဲ့ အလုပ်က ထုတ်ကုန်ပစ္စည်း ကြေငြာတဲ့ မန်နေဂျာအလုပ်ပေါ့ ကျွန်တော် ကုမ္ပဏီတွေမှာ အမြဲ ပါဝါပွိုင့်နဲ့ပြပြီး ကိုယ့် ကုန်ပစ္စည်း ကိုယ် ရောင်းဖို့ ကြိုးစားရတာ မမရဲ့။ ကျွန်တော့်ကို ယုံပါ'

ကျွန်မ ခေါင်းကိုသာ ခါယမ်းမိတော့သည်။ ရန်ကုန်မှာ ကတည်းက မောင်သည် ကျွန်မ မသိလိုက်သည့်ဘဝတွေ ရှိနေပြီ လားဆိုတာ အစောကတည်းက ကျွန်မသဘောပေါက်ခဲ့ပါရဲ့လေ။

'ပါဝါပွိုင့်နဲ့ဆိုတော့ အင်္ဂလိပ်လိုပြောတဲ့အခါ ကိုယ့်အသံ ထွက် ကိုယ့်လေယူလေသိမ်းကို သူတို့ သိပ်မကျက်မိရင်တောင် မြင်ရတဲ့ ဆလိုက်လေးတွေက သူတို့နားလည်အောင် အထောက် အကူပြုမယ်လို့ ကျွန်တော်ထင်တယ်'



ကျွန်မ ခေါင်းညိတ်လိုက်သည်။

သူ ကူးယူပေးသည့်ပုံများမှာ တော်တော် ကောင်းသည်။ ကျွန်မဟာကျွန်မဆိုလျှင် သူများနိုင်ငံမှာ ရောက်နေချိန် ရှာဖို့ မလွယ်သည့်ခေတ်ပုံတွေနှင့် စာအုပ်မျက်နှာဖုံးတွေ သရုပ်ဖော်ပုံ တွေ ဖြစ်သည်။

ကျွန်မ သူ့ကို စာတမ်းပေးဖတ်လိုက်တာ မှန်သွားသည်။ ဘာကြောင့်လဲဆိုတော့ စာတမ်းထဲမှာပါသော ကဗျာများနှင့် ကဗျာဆရာများ၏ပုံတွေကို သေသေသပ်သပ် လှလှပပ စကင် ကောက်ပြီး ကူးယူထားခြင်းဖြစ်သည်။

'ဟယ် ကောင်းလိုက်တဲ့ပုံတွေ'

မောင် ပြောပြသည့် မင်းသုဝဏ်၏ ဝက်ပါကဗျာ သရုပ် ဖော်ပုံလေးလည်း ပါသည်။ ဦးဘရင်ကလေး၏ တစ်ကြောင်းဆွဲ ကောက်ကြောင်းပန်းချီလေးတွင် ကလေးလေး၏ပုံက ချစ်စရာ ကောင်းလှသည်။

အေးရိပ်သာတဲ့ ပညောင့်ညို
ဥသြတွန်သံချို
ဒိုးယိုစီးတဲ့နဒီတွင်း
သမင်ရေသောက်ဆင်း

ထိုကဗျာကို မောင့်ကို ပေးဖတ်ခဲ့သည့် လွန်ခဲ့ပြီးသော နှစ်တွေက ကာလတစ်ခုကို သတိရမိသည်။ မောင်ကတော့ သိပ် ငယ်လွန်းသေးတာမို့ သတိရချင်မှ ရပါလိမ့်မည်။ အဲဒီတုန်းက မောင့်ကို ဝေဿန္တရာဇာတ်နှင့် ပထမဆုံး မိတ်ဆက်ပေးခြင်း ဖြစ် သည်။ နောက်တော့ ဦးကြော့၏ စုံနံ့သာမြိုင်ကဗျာနှင့် အသိယ အကြိမ် မိတ်ဆက်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကိုသာ ဝေဿန္တရာကို ကျွန်မ မကြိုက်ဘူးဟု ပြောမိသော်လည်း တကယ်တော့ ဝေဿန္တရာသည် ကျွန်မ နှလုံးသား ထဲ တော်တော်လေးစိမ့်ဝင်နေခဲ့ပုံရပါသည်။

'ကလေးတစ်ယောက်ကို မွေးစကနေ အသက်ခုနစ်နှစ် အထိ ငါ့ကိုပေးထားပါ။ ငါကဒီကလေးကို လူကောင်းတစ် ယောက်ဖြစ်လာအောင် လုပ်ပေးနိုင်ပါတယ် ဆိုတဲ့ ဂျေဆူးမက်ဇင် အဆိုစကားကို ပထမဆုံး ဆလိုက်မှာထည့်မယ်။ မမ သဘောတူ လား'

'အင်း ကောင်းတယ်'

ထို့နောက် သူက စိတ်ပါလက်ပါနှင့် ပုံတစ်ပုံထည့်လိုက်၊ စာတမ်းထဲက တချို့စာသားတွေကို ဆလိုက်ထဲ ကူးထည့်လိုက်၊ သူ့ကြည့်ရသည်မှာ အလုပ်တစ်ခုကို စူးစူးစိုက်စိုက်လုပ်နေသူနှင့် မတူ။ ကစားစရာအသစ်အဆန်းတစ်ခု ရလာသည့်ကလေးတစ် ယောက် ကစားစရာကို စိတ်ဝင်တစားဆော့နေသလိုပဲ။

သူ့မျက်ခုံးတွေက သိပ်အထူကြီးလည်း မဟုတ်။ သိပ် အပါးကြီးလည်းမဟုတ်။ အပေါ်မှာ ထောင့်ချိုးလေးတော့ ရှိသည်။ အဖျားက နည်းနည်းသေးသွားပေမယ့် အလယ်မှာတော့ ပြားချင် သလိုလို။ ကျွန်မလက်ညှိုးနှင့်လက်မလေးနှင့်များ မျက်ခုံးတွေကို ဆွဲပြီး စုပေးလိုက်ရင် တန်းသွားနေကျ မျက်ခုံးလေးတွေ။ ကျွန်မ ပြုံးချင်သွား၏။ အခုတော့ ကျွန်မ သူ့ကို ငယ်ငယ်ကလို လုပ်ချင်ရာ လုပ်ပေးလို့ မရတော့သည့် ဘဝတွေသို့ ပြောင်းလဲသွားခဲ့ပြီပဲ။

မျက်တောင်တွေက ငယ်ငယ်ကလိုပဲ သိပ်မကော့ဝါ။ မတိုမရှည်၊ ဒါပေမယ့် မဲနက်နေသည်။ မျက်လုံးကလည်း သိပ် အမဲကြီးမဟုတ်ပါ။ ညိုနက်နက်ပါပဲ။ ဒါပေမယ့် တောက်ပတာ။ မျက်သားက ဖြူဖွေးနေတော့ မျက်ဆံက ပိုရင့်ပြီး တောက်ပ



သွားခဲ့တာ။ သူ့မှာ နှုတ်ခမ်းမွေးစစလေးတော့ ရှိနေပြီပဲ။

ကျွန်မ သူ့ကို စောင့်ကြည့်ရင်း မျက်တောင်တွေလေး လာသည်။ မျက်လုံးက မှေးစင်းလုမတတ်။ အတင်း ဖွင့်ထားရ၏။

မကောင်းပါဘူးလေ။ သူက ကိုယ့်အတွက် ကြိုးစား ပမ်းစား အလုပ်လုပ်ပေးနေတာ။ သို့သော် ညက ကျွန်မ တော်တော် နှင့် အိပ်မပျော်ပါ။ ငိုနေခဲ့သေးတာကိုး။

'မမ အိပ်ချင်နေတာလား'

'ဟင့်အင်း မအိပ်ချင်ပါဘူး'

'ဆာပြီလား'

'အင်း ဒါပေမယ့် ဒါပြီးမှ စားမယ်လေ'

'ဒါဆိုရင် ကျွန်တော် ဒါလေးပြီးအောင် လုပ်လိုက်မလို့'

'အင်း'

'မမ နားနားနေနေ နေလေ။ ကျွန်တော့်ကို အားမနာနဲ့'

သူ ကျွန်မကို လှည့်မကြည့်ပါ။ သို့သော် မှန်ထဲမှာ သူ့ကို မြင်နေရတာမို့ သူ့အာရုံက ကျွန်မဆီမှာမရှိဘဲ ကွန်ပျူတာထဲမှာ သာရှိနေသည်က သိသာသည်။ သူ တကယ်ပဲ ကျွန်မကို ပါဝါပွိုင့် ဆလိုက် လုပ်ပေးရုံ သက်သက် ကျွန်မဆီလိုက်လာတာပေါ့နော်။

သူက တင်မိုး၏ပုံကို သုံးလေးပုံထဲကနေ ရွေးနေတာ မြင်ရသည်။ ကဗျာဆရာကြီး ဦးတင်မိုး၏ ဝပြည့်ပြည့်မျက်နှာ မျက်လုံးများမှေးစင်းသွားအောင် ပြုံးရယ်နေသောမျက်နှာ။

နေလုံးနီနီ ညနေစောင်းတော့
အမေ့ကျောင်းကို သွားရမယ်
ငွေဗျိုင်းဖြူရယ် ကျွန်တော်သွားတော့
လိုက်မှာလားကွဲ့ ပျော်လှတယ်။

www.burmeseclassic.com

www.burmeseclassic.com



တချို့ကဗျာတို့မှာ အင်္ဂလိပ်ဘာသာပြန် ရှိပြီးသား။ တချို့သောဆရာကြီးများက ဘာသာပြန်ထားခဲ့သည်။ တချို့ကဗျာတို့မှာ ဘာသာပြန်ပြီးသား မရှိပေ။ ထိုကဗျာတို့ကို ကိုယ့်ဟာကိုယ် ဘာသာပြန်ခဲ့ရသည်။ ထိုဘာသာပြန်တွေသည် မူရင်းကို ခြေဖျား ပင် မီမှာမဟုတ်ဟု ကိုယ့်ဟာကိုယ်သိပြီးသားပါ။

'မမ ဒါ တော်တော်နဲ့ ပြီးမှာ မဟုတ်ဘူး။ ကျွန်တော် ဒီမှာ ညအိပ်ပြီးလုပ်ပေးဖို့လည်း မမက လက်ခံမှာမဟုတ်ဘူး ဆိုတော့ ညစာ ထွက်မစားဘဲ လုပ်လိုက်ကြမလား'

မင်းဒီမှာ ညအိပ်ဖို့ မမ လက်မခံဘူးလို့ မင်း ဘယ်လိုလုပ်သိလဲ။ ကျွန်မ မေးလိုက်ချင်သည်။ ဟိုတုန်းက အင်ကြင်းဝေဆိုလျှင် မေးလိုက်ပြီပေါ့။ အခုတော့ ကျွန်မ မသိချင်ယောင် ဆောင်တတ်သွားပါပြီ။

'အင်း ဒါဆို အခန်းထဲကို ညစာမှာပြီး စားကြမလား'

'ကောင်းသားပဲ။ ကျွန်တော် လုပ်ပြီးသားလေး မမ ပြန်ကြည့်လိုက်ဦး။ ကျွန်တော် ရေချိုးခန်းဝင်ပြီး မျက်နှာသစ်လိုက်ဦးမယ်နော်'

သူ ရေချိုးခန်းထဲ ဝင်သွားသည့်အခါ သူလုပ်ထားသည့် ပါဝါပွိုင့် ဆလိုက်ချပ်များကို တစ်ခုချင်း ကြည့်ပါသည်။ ကျွန်မ စာတမ်းထဲမှ ကော်ပီလုပ်ပြီး ပြန်ထည့်ထားခြင်း ဖြစ်သော်လည်း အမှားအယွင်းတစ်ခုခု ဖြစ်မှာ စိုးရိမ်သည်။ သူတစ်ခုခု ဖြင့်လိုက်လျှင် သတ်ပုံမှားမှာကို စိုးရိမ်သည်။ သူက ယခုထိ သတ်ပုံ ရောသဒ္ဒါရော မှားတုန်း မဟုတ်လား။

အခုကိုပဲ ကြည့်လေ။

မြန်မာနိုင်ငံတွင် ကလေးကဗျာသမိုင်းကြောင်းသည် ရှည်လျားခဲ့သည်။ ဟိုးရှေးရှေးကတည်းက သားချော့တေးတွေကို



အမည်မသိ စာဆိုတွေစပ်ဆိုခဲ့ကြသည်။ ဥပမာ လူလေးရယ်ငို ခိုဖမ်းလို့ပေး ခိုဖြူခိုပြာနက်ကယ် ဖမ်းခက်လှသေး။

သားချော့တေးဆိုသည့်စကားလုံးတွင် စာလုံးတစ်ခု ကျန်နေခဲ့သည်။ သူက ကျွန်မစာတမ်းထဲက ကူးလိုက်တာဖြစ်သော်လည်း ပြန်ပြီးထည့်လိုက်သည့်အချိန်မှာ တစ်ခုခုနှင့် ကပ်ပြီး ပျက်သွားပုံပေါ်ပါသည်။

ရွှေလမှာ ယုန်ဝပ်လို့
ဆန်ဖွတ်သည့်အဘိုးအို
ဟော ကြည့်ပါဆို
ဆိုသာဆို ပိုမိုသည့်စကား
ကလေးအငိုတိတ်အောင်
အရိပ်အယောင်ပြတယ်
ဖိုးလနတ်သား။

တကယ်တော့ လပေါ်တွင် နတ်သားမရှိပါ။ သေသေချာချာကြည့်လျှင် ဆန်ဖွတ်သည့်အဘိုးအို၏အရိပ်လည်း ပေါ်မနေပါ။ လပေါ်မှာ ကျွန်မတို့မြင်နေရသည်က တောင်တွေချိုင့်ဝှမ်းတွေသာ ဖြစ်ပါသည်။ အခုတော့ လပေါ်မှာ လူတွေရောက်ခဲ့ပြီ။ လကို ဓာတ်ပုံလည်း ရိုက်ပြခဲ့ကြပြီးပြီ။ (တချို့ကတော့ လပေါ်လူရောက်သည်ဆိုတာကို မယုံကြ။ ဆင်ရိုက်တာဟု စွပ်စွဲသည်) ကျွန်မ ငယ်ငယ်တုန်းက ယုန်ကလေးလည်း မြင်ရသည်။ ဆန်ဖွတ်သည့် အဘိုးအိုကိုလည်း မြင်ရသည်။ အသက်ကြီးလာတော့ ဆန်ဖွတ်သည့်အဘိုးအိုကိုရော ယုန်လေးကိုရော မမြင်ရတော့ပေ။ အသက်အရွယ်အရ အမြင်တွေပြောင်းသွားတာလား။ အသက်ငယ်စဉ်က စိတ်ကူးဉာဏ် ကွန့်မြူးနိုင်စွမ်း ပိုများခဲ့တာကြောင့်လား။ ငယ်စဉ်ကတော့ တိမ်တောင်တိမ်လိပ်တွေကို ကြည့်လျှင် နဂါးရုပ်

www.burmeseclassic.com

www.burmeseclassic.com



ဂျွန်ရုပ် ဆင်ရုပ် စသည်ဖြင့် မြင်ရသည်။ အခုတော့ တိမ်တောင်သည် ပုံသဏ္ဌာန် မသဲကွဲ မပြတ်သားသည့် တိမ်တွေပဲ ဖြစ်နေသည်။ ဘာကွာသွားလို့လဲ။ ဘာကွာသလဲဆိုတော့ ကလေးသည် ဖန်တီးဉာဏ်ဖြင့် ပြည့်စုံသည်။ လူကြီးမှာ ထိုဖန်တီးဉာဏ်တွေ လျော့ကုန်သည်။

ထိုအချိန်တွင် ကျွန်မ ရုတ်တရက် ဂီတသံတစ်ခု ကြားလိုက်ရသည်။ တေးသီချင်းသံတစ်ခုပါ။

'နာကျင်စရာများနဲ့ ဖြန့်ကာထားတဲ့×××လှိုင်းတွေထဲ ကူးခတ်နေရင်း ငါ ကမ်းပျောက်နေဆဲ အို မောပန်းနွမ်း××× ဒဏ်ရာတွေ အပြည့်နဲ့ စိမ့်ဝင်ကာ စီးခဲ့ ငါ့ရဲ့သွေး ခါးသီးပေမယ့် ခုံမင်ကာ တမ်းမက် ဒါအဆုံးမရှိတဲ့လမ်း××× အို သိပါတယ်×××'

သီချင်းသံက ပထမတော့ ခပ်တိုးတိုးမျှသာ ထို့နောက် တဖြည်းဖြည်း ကျယ်လောင်လာသည်။

အသံက မျိုးကြီးအသံမဟုတ်။ အဲဒါ မောင့်အသံ ဖြစ်ပါသည်။ မောင် မသိလိုက်ခင်မှာ ကျွန်မ တယ်လီဖုန်းထဲ ထည့်ထားခဲ့သော မောင့်သီချင်းသံပါ။ အဆိပ်ခွက် သီချင်းကို မောင် ဂီတာတီးပြီး ကျွန်မကို သီဆိုပြတုန်းက တယ်လီဖုန်းဖြင့် တိတ်တိတ် အသံသွင်းထားခဲ့တာလေ။

ကျွန်မဖုန်း၏ ဖုန်းမြည်သံမှာ မောင့်သီချင်းသံ ဖြစ်သည်ဟု ကျွန်မ မေ့နေခဲ့သည်။ ကျွန်မ ကမန်းကတန်း တယ်လီဖုန်းကို ရှာဖွေလိုက်သည်။ ဘယ်ရောက်နေပါလိမ့်။ လက်ပွေ့အိတ်ထဲမှာ ထင်တယ်။ မောင်မကြားစေချင်သည့် မောင့်အသံကို မြန်မြန် ပျောက်သွားစေဖို့ ခလုပ်ကို နှိပ်ချင်လှပြီ။ ကပျာကရာ ရှာလေ ဖုန်းကို မတွေ့လေ။ သီချင်းသည် ထပ်ခါထပ်ခါ မြည်နေဆဲ နောက်ဆုံးမှာ လက်ပွေ့အိတ်ထဲမှာနစ်နေသောဖုန်းကို တွေ့၏။



ကျွန်မကိုင်လိုက်ချိန်မှာ ဖုန်းက ကျသွားပြီ။ ထိုအချိန်မှာ ရေချိုးခန်းတံခါး ပွင့်သွားသည်။ ဇဝေဇဝါမျက်နှာထားဖြင့် မောင် ကျွန်မဆီသို့ လျှောက်လာသည်။ ကျွန်မ တယ်လီဖုန်းကို နောက်ထပ် အသံမမြည်အောင် အသံထုထည်ကို အဆုံးထိအောင် ချပြီး တိုးပစ်လိုက်သည်။ သို့သော် မောင် ကြားသွားခဲ့ပြီဆိုတာ မောင့် မျက်လုံးတွေကို ကြည့်ပြီး ကျွန်မ သိလိုက်ပါသည်။

'မမ'

ကျွန်မ မောင့်ထံမှ မျက်နှာလွှဲထားဖို့ ကြိုးစားပေမယ့် မောင့်ကို မျက်လုံးထောင့်မှ ခပ်ရိပ်ရိပ် မြင်နေရပါသည်။

နောက်တစ်ကြိမ် ဖုန်းလာပြန်ပြီ။ သည်တစ်ခါတော့ ကျွန်မက အသံတိတ်ပစ်လိုက်တာမို့ တုန်ခါမှုဖြင့်ပဲ ကျွန်မ သိရသည်။ ကျွန်မ ဖုန်းကို ဖွင့်လိုက်လျှင် မောင့်ထံမှ မျက်နှာလွှဲလို့ရမှာမို့ အားတက်စွာ ဖြေဆိုသည့်ခလုပ်ကို ပွတ်ဆွဲလိုက်ပါသည်။

'ဟဲလို'

'ဟဲလို အင်ကြင်း'

အမျိုးသားတစ်ယောက်အသံ၊ မြန်မာစကားသံ။ ကြားဖူးနေလိုက်တာ။ ဘယ်သူပါလိမ့်။

ကျွန်မဘေးမှာ မောင်သည် အသိစိတ်ကင်းမဲ့သူလို မတ်တတ်ရပ်နေဆဲ။ ကျွန်မဘေးမှာ မောင် ရပ်နေဆဲ။ ကျွန်မ၏ လှုပ်ရှားပြုမူမှုတွေကို စောင့်ကြည့်နေသလိုပဲ ငြိမ်သက်စွာ ရပ်နေခဲ့သည်။

'အင်ကြင်း နင့်ဆီက ဘာအဆက်အသွယ်မှ မရလို့။ ငါ စိတ်ပူလို့ ဆက်လိုက်တာ။ နင် အဆင်ပြေလား။ ဘာထူးခြားလဲ'

ကိုလတ်အသံလား။ ဖုန်းမျက်နှာပြင်ပေါ်မှာ နံပါတ်ကို မတွေ့ရ။ မသိသောနံပါတ်ဟု စာလုံးတွေ ပေါ်နေသည်။ ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



မှာပါ။ ဒါ မြန်မာပြည်ကနေ ကိုလတ် ဆက်နေတာပါ။

'ကိုလတ်လား'

'အေး။ နင် ငါ့ဆီ အီးမေးလ်လည်း ပို့မထားဘူး။ ဘာတွေ ဖြစ်နေတာလဲ ငါမသိရဘူး။ နင် အဆင်ပြေလား'

'ပြေပါတယ် ကိုလတ်ခင်းတဲ့ဇာတ်အတိုင်း ကျနော် ကနေ တယ်လေကိုလတ်'

ကိုလတ် ရယ်ရမလားဟု ကျွန်မ ပြောလိုက်သည့် စကား တွင် ပျော်ရွှင်မှုနှင့် ဟာသဉာဏ် လုံးဝ ပါမသွားခဲ့တာ ကျွန်မ ရိပ်မိပါသည်။ ထို့ကြောင့် ကိုလတ်ဆီမှ ရယ်သံမကြားရပါ။

'ဆောရီး အင်ကြင်း နောက်မှ ငါစဉ်းစားမိတယ်။ ငါ့ စေတနာက ဝေဒနာတွေ ဖြစ်သွားပြီလားလို့ တွေးမိတယ်'

'ဟင့်အင်း မဖြစ်ပါဘူးကိုလတ်။ ဒီမှာ အစစအရာရာ အဆင်ပြေနေပါတယ်'

'တကယ်လား'

'ဟုတ်'

'သူ နင့်ကို အဆက်အသွယ် လုပ်လား'

'ဘယ်သူလဲ ကိုလတ်'

'ခီးမှပဲ တော်ပြီ ငါ မပြောတော့ဘူး'

'ဟားဟားဟား'

သည်တစ်ခါ ရယ်လိုက်ရတာ တကယ်ပဲ အရသာရှိနေ သည်။ ကိုလတ်၏ တကယ်စိတ်တိုသွားသည့်အသံကြောင့် ကျွန်မ ပေါ့ပေါ့ပါးပါး ရယ်နိုင်ပြီပေါ့။

'အေး အေး နင်ရယ်နိုင်ရင် ငါ ဝမ်းသာပါတယ်'

'ကိုလတ် ဖုန်းချလိုက်။ ပိုက်ဆံကုန်မယ်။ ကျနော် ညကျ အီးမေးလ် ပို့လိုက်မယ်။ အကျိုးအကြောင်း အရှည်ကြီး ထည့်ရေး



ပေးလိုက်မယ်။ အပြန်ကျရင် ကိုလတ်အတွက် ဝိုင်တစ်ပုလင်း ဝယ် ခဲ့မယ်နော်'

ကျွန်မ ဖုန်းချလိုက်ပြီး မောင့်ကို မော့ကြည့်နိုင်သွား၏။ မောင်က ကျွန်မအား မရယ်မပြုံး စိုက်ကြည့်နေခဲ့သည်။ မောင့် မျက်လုံးမှာ ဘာအဓိပ္ပါယ်တွေပါလဲဟု မီးရောင်အောက်မှာ ကျွန်မ မခန့်မှန်းနိုင်ပါ။

'မမ'

သူ့မျက်ဝန်းမှာ အံ့ဩသည့်အရိပ်အယောင်လား၊ စိတ် မကောင်းသည့် အရိပ်တွေလား။ ကျွန်မကို သနားညှာတာသည့် မျက်လုံးတွေလား။ ဟင့်အင်း အဲဒီမျက်လုံးမျိုးနဲ့ ငါ့ကို မကြည့်နဲ့။ ကျွန်မကလည်း ညံ့လိုက်တာ။ ဘာဖြစ်လို့များ ဒီသီချင်းကို ဖုန်း မြည်သံ အဖြစ်ကနေ ပြန်ဖျက်မပစ်ခဲ့မိတာလဲ။ ကိုလတ်ကရော ဘာဖြစ်လို့ သူရှိနေချိန်မှာ ဖုန်းဆက်လာရတာလဲ။ ကျွန်မကို ထား ပစ်ခဲ့သူရှေ့မှာမှ ဒီသီချင်းနဲ့ ဒီအသံနဲ့ ကျွန်မနှလုံးသားကို ဖွင့်ဟ ပြမိလေခြင်း။

သူ ကျွန်မကို ဖက်ပွေ့တော့မလို ဟန်ပြင်လာသည်မို့ ကျွန်မ မျက်နှာထားတင်းတင်းဖြင့် မျက်နှာလွှဲပစ်လိုက်မိသည်။

ထိုအခါ သူ နောက်ပြန်ဆုတ်လိုက်သည်။ ကျွန်မတို့ နှစ်ယောက် စကားတစ်ခွန်းမှ မပြောမိကြပြန်ပါ။

မောင့်ကို လှည့်မကြည့်သော်လည်း မောင် ကျွန်မကို ငေးကြည့်နေဆဲဟု ကျွန်မသိနေသည်။ ဘာဖြစ်လို့ သိနေလဲဟု မမေးပါနှင့်။ ကျွန်မ သိနေပါသည်။ မောင့်အသက်ရှူသံကို ကျွန်မ ကြားနေရသည်။ ပင့်သက်ရှိုက်သံလား၊ မသဲကွဲသည့်အသံ။

အခုအချိန်မှာ မောင့်လက်က ကျွန်မပခုံးကို ထိန်းကိုင် လာလျှင်တော့ ကျွန်မ တင်းဆည်ထားသမျှ အကုန်ပြိုကျသွား

www.burmeseclassic.com

www.burmeseclassic.com



တော့မှာပဲ။ ကျွန်မ သိနေသည်။ ကျေးဇူးပြုပြီး သူ့ကို ပြောစရာ သာမန်စကားတစ်ခုခုကို ကျွန်မ အမြန်ရှာတွေ့ပါရစေလား။

နောက်ဆုံးတော့ တိတ်ဆိတ်ပြီး မသက်မသာဖြစ်နေမှု ကို ဖြိုခွဲလိုက်သူက အရွယ်ပိုကြီးရင့်သောကျွန်မ ဖြစ်ရမည့်အစား ပိုငယ်သည့် မောင် ဖြစ်နေခဲ့ပါရောလား။

'မမကြောင့် ကျနော်အင်္ဂလိပ်သီချင်းတွေကို သိလာတာ။ မမကျေးဇူးက သိပ်ကြီးပါတယ်'

အဖြစ်အပျက်နှင့် နည်းနည်းပဲ ဆိုင်သည့် စကားကို ပုံမှန် အသံဖြင့် ပြောလာသည့်အတွက် ကျွန်မ မောင့်ကို ကျေးဇူးတင်ရ ပါသည်။ ကျွန်မ မောင့်ဘက်သို့ ပြန်လှည့်ကြည့်နိုင်သွားပါပြီ။

'အခု ကျနော်က ရန်နဲ့နဲ့သာမက ဂီတပါရောပြီး ကုထုံးထဲ ထည့်ဖို့ စိတ်ကူးနေတာ။ အဲဒါ မမကျေးဇူးပေါ့'

ကျွန်မ ပြောဖို့ စကားရှာဖွေနေဆဲ သူက ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပြီး ကွန်ပျူတာလက်ကွက်ပေါ် လက်ဖျားတွေ တင် လိုက်ပြီ။

'မမရဲ့စာတမ်းမှာ ကလေးကဗျာတွေနဲ့ အောင်မြင်မှု တစ်ခုခုရဲ့ ဆက်စပ်မှုကို သက်သေပြဖို့လိုတယ်လို့ တွေးမိလား။ စာတမ်းရဲ့ အနှစ်ချုပ် ကောက်ချက် လိုတယ်မဟုတ်လား'

'မမ တွေးမိတာပေါ့။ ဒါပေမယ့် ယေဘုယျပဲပြောနိုင်မှာ။ မမမှာ လူသက်သေ မရှိဘူးလေ'

မောင် ကျွန်မဘက်သို့ လှည့်ကြည့်သည်။ ဟိုတုန်းက ကြည့်သည့်မျက်လုံးမျိုး။ ရယ်မြူးသော ရွှင်ပျသော မျက်လုံးမျိုးပါ။

'မမရှေ့မှာ အလွန်ခိုင်လုံတဲ့ သက်သေ လူသားတစ် ယောက် ရှိနေတာပဲ။ မမ သုံးလို့ရတယ်လေ'

'မင်း စိတ်ပြောင်းသွားတာလား'



'စိတ်ပြောင်းတာ မဟုတ်ပါဘူး။ နဂိုကတော့ ခေါင်းစဉ်ကို မြင်လိုက်တော့ ဒွိဒိုးကြီး လုပ်ချလိုက်မှာလားလို့ လန့်သွားတာ။ ကျနော်တို့ဘဝတွေ အထူးသဖြင့် ကျနော်နဲ့ နေမင်းဦးနဲ့ မိုးမခရဲ့ ဘဝတွေက မလှခဲ့ဘူးလေ မမ။ အခုလို ကဗျာတွေနဲ့ ပေါင်းစပ်ပြီး လှလှပပ ကောက်ချက်ဆွဲလိမ့်မယ်လို့ ကျနော် ဘယ်ထင်ထားခဲ့ မိမလဲ။ အခုလိုစာတမ်းမှာတော့ အောင်မြင်တဲ့ပုံပြင်အဖြစ် ကျနော် ပါဝင်ရမယ်ဆိုရင် ကျနော့်လောက် ဂုဏ်ယူရတဲ့သူ လောကမှာ ရှိတော့မယ် မထင်ဘူး'

'အို တကယ်လားမောင်ရယ်'

ကျွန်မ ရင်ထဲမှာ ထိတ်ခနဲ ခုန်သွား၏။ သည်တစ်ခါ ခုန်သည့်ရင်က ကြည်နူးချမ်းမြေ့မှုကြောင့် ဖြစ်ပါသည်။

'တကယ်ပါ မမရယ်။ မမက ကျနော့်ကို အောင်မြင်မှု ပုံပြင်တစ်ခုလို့ သဘောထားခဲ့မယ်ဆိုရင်ပေါ့'

ကျွန်မ သူ့လက်ကို လှမ်းဆွဲကာ ဆုပ်ညှစ်လိုက်မိသည်။ ကျွန်မတို့နှစ်ယောက် လွန်ခဲ့သည့် နှစ် နှစ်ဆယ်ကာလသို့ ပြန် ရောက်သွားသလို ခံစားလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၄)

ထူးခြားစွာပင် ဤတက္ကသိုလ်၏ စာသင်ခန်းတွေမှာ လေအေးစက် မရှိ။ ပြတင်းပေါက်အမြင့်ကြီးတွေကို ဆွဲဖွင့်ထားသော်လည်း ပြတင်းပေါက်က အထက်မှာ။ ကျွန်မတို့ ထိုင်ခုံတွေ ဆီသို့ လေက မဝင်သလောက်ပဲ ဖြစ်သည်။ သည်အခန်းက နားထောင်သူပရိသတ် အများဆုံး ဖြစ်လိမ့်မည်။ ပူနွေးသော လေငွေ့နှင့် အသက်ရှူငွေ့များရောကာ လှောင်အိုက်လာသည်။

မောင်နှင့်ကျွန်မ နားထောင်ဖို့ ပထမဆုံးရွေးချယ်လိုက်သည်ကတော့ ရှေးဟောင်း သုတေသနအခန်း ဖြစ်သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ရှေးဟောင်းမြို့တွေ၊ လူအသုံးအဆောင်တွေ၊ ခေတ်တွေကို စိတ်ဝင်စားမှုကို အခြေခံပြီး စာတမ်းဖတ်မည့်သူထဲတွင် ပြင်သစ်ကျောင်းတက်ရင်း ခင်မင်ခဲ့သည့်သူငယ်ချင်း ငြိမ်းငြိမ်းထွန်း ပါ ပါနေတာမို့ ပထမဦးစားပေး ရွေးချယ်လိုက်ခြင်း ဖြစ်ပါသည်။

ငြိမ်းက နောက်ဆုံးမှ ပြောရမည့်အလှည့် ဖြစ်သည်။ သူ့အရင်ပြောမည့်သူတွေက ပြင်သစ်နိုင်ငံ အမျိုးသား သိပ္ပံနည်းကျ သုတေသနဌာန ရှေးဟောင်းသုတေသနပါမောက္ခ ယန်းပြေပေါ်ထရိုးနှင့် သူ့လက်ရင်းတပည့်အမျိုးသမီး အန်း ဆိုဖီကူဖေး ဖြစ်သည်။ သူတို့နှစ်ယောက်လုံးက မြန်မာနိုင်ငံမှာ တွေ့ရသည့်



သတ္တုခေတ်အထောက်အထားများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြနေသည်။

'တွေ့လား မမ ပါဝါပွိုင့်က ကြည့်သူကို တစ်နည်းနည်းနဲ့ ဆွဲခေါ်တယ်'

'ဟုတ်ပဲ ဒါပေမယ့် သူတို့စာတမ်းက ပုံတွေလိုတာကိုး'

သို့သော် သူတို့က ပြင်သစ်လိုတွေချည်း ပြောနေသဖြင့် ကျွန်မ သိပ်နားမလည်။ မြို့လှ၊ ရွာထင်၊ စမုန်မြစ်ဝှမ်းတို့မှာ တွေ့ရသော သံနှင့်ကြေး စိုက်ပျိုးရေးကိရိယာများ အကြောင်းဟုတော့ ကျွန်မ သိ၏။ ကျွန်မရှေ့တွင် ကျွန်မလိုပဲ ယောင်တောင် ပေါင်တောင်ဖြင့် ဘာကြောင့်မှန်းမသိ ရောက်လာပြီး နားထောင်နေသည့် အမေရိကန်မလေးနှစ်ဦးက စိတ်ညစ်နေကြသည်။ ပြင်သစ်ဘာသာကို သူတို့နားမလည်ကြမှန်း သိသာသည်။ သို့သော် သူတို့စိတ်ဝင်စားသည့်ဆလိုက်ချပ်များကို တစ်ခုချင်း ပြနေတော့ ထထွက်သွားဖို့လည်းခက်။ နားလည်း မလည် ဖြစ်နေပုံရသည်။

သူတို့က ကျွန်မတို့လိုတော့ အားမနာတတ်ပေ။ ဆွေးနွေးသည့်မေးခွန်းတွေ မေးခွင့်ပြုလိုက်သည့်အချိန်တွင် သူတို့ထဲကတစ်ယောက်က သူတို့လိုချင်သည့်ဆလိုက်ကို ပြန်ပြခိုင်းပြီး ပြင်သစ်လိုမဟုတ်ဘဲ အင်္ဂလိပ်လို အနည်းအပါး ရှင်းပြပေးရန် တောင်းဆိုလေသည်။

ဟုတ်တာပေါ့။ တကယ်ဆိုလျှင် ပါမောက္ခဒေါက်တာ ပေါ်ထရိုးသည် အင်္ဂလိပ်လိုပြောချင်ပြော၊ သို့မဟုတ် ဘာသာပြန်ပေးမည့် ဝန်ထမ်းတစ်ယောက်လောက်ကို ညီလာခံအိမ်ရှင် အဖွဲ့က ထားပေးလျှင် ကောင်းမှာပဲ။ ကျွန်မတို့လို အင်္ဂလိပ်စကားပြောသူတွေအတွက် သီးသန့်နားကြပ်လေးတွေပေးထား၊ ဘာသာပြန်သူ၏ ချက်ချင်းပြန်ဆိုမှုကို ကျွန်မတို့ကနားထောင်။ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လောက် ကောင်းမလဲ။ ညီလာခံမှန်သမျှ အခြေခံအားဖြင့် အင်္ဂလိပ် ဘာသာဖြင့် အများနားလည်အောင် ပြောကြသလားလို့။ ဒီမှာ အင်္ဂလိပ်ဘာသာပြန် ထားမပေးဘူးလား။

ပါမောက္ခဒေါက်တာ ပေါ်ထရိုးသည် မိန်းကလေးအား အင်္ဂလိပ်ဘာသာဖြင့် ထပ်မံ ရှင်းပြပေးခဲ့ပါသည်။ ကျွန်မအတွက်လည်း အဆင်ပြေသွားတာပေါ့။

သူငယ်ချင်းငြိမ်းအလှည့်ရောက်တော့ သူက သူ့စာတမ်းကို အင်္ဂလိပ်လို ဖတ်ပါသည်။ တကယ်ဆိုလျှင် ကျွန်မသိသည်။ သူသည် အင်္ဂလိပ်လိုထက် ပြင်သစ်လို ပိုကျွမ်းကျင်သူ ဖြစ်၏။ သို့သော် အမေရိကန်မလေးတွေနှင့်အခြား နိုင်ငံခြားသားများတွေပါ ပါနေသည်မို့ အင်္ဂလိပ်လို ရှင်းလိုက်ခြင်းဖြစ်လိမ့်မည်။ သူဖတ်သည့် စာတမ်းကတော့ တွေ့ရှိရသည့် ရှေးဟောင်းလက်နက် အသုံးအဆောင်တွေကို ဓာတုဗေဒနည်းဖြင့် သရုပ်ခွဲလေ့လာခြင်းဟု ဆိုပါသည်။

ဓာတုဗေဒအဓိကဖြင့် ဘွဲ့ယူခဲ့သည့် မောင်သက်ဝေတော့ ပိုပြီး စိတ်ဝင်စားနိုင်မလား မသိပါ။

ကျွန်မသည်သူ့စာတမ်းကိုနားထောင်နေရင်း ရှေးဟောင်းသုတေသနဘာသာကို မယူခဲ့မိတာ ကံကောင်းလေစွဟု တွေးမိသည်။ မြေတူးဖော်မှုတွေ အလောင်းတွေ၊ အရိုးစုတွေ၊ သံချေးတက်နေသော သံထည်အစုတ်အပြတ်တွေ၊ အပြာရောင်စွန်းထင်း ပေညစ်နေသော ကြွေကိရိယာ အပဲ့အရွဲ့တွေ၊ သစ်ပင်ရိပ် နည်းပါးသည့် အညာနေပူကြီးထဲတွင် ခမောက်တွေ ဦးထုပ်တွေ ဆောင်းလျက် တဲထိုးပြီး အလုပ်လုပ်ရသည့်အဖြစ်မို့ နည်းနည်းမှ မသက်သာပါ။ အခန့်မသင့်လျှင် အရိုးစုကနေ သရဲခြောက်သည့်အဖြစ် ရှိလာနိုင်သေးသည်ဟု ကျွန်မ ဟာသဖြင့် တွေးမိသည်။



ငြိမ်းတို့ တူးဖော်သည့်နေရာမှာ ရမည်းသင်းအလွန် ၇မိုင်ခန့်အကွာတွင်ရှိသည့် မြို့လှဒေသဖြစ်၏။ သင်းချိုင်းတူးဖော်ရာတွင် လူ့ရုပ်ကြွင်းအပြည့်အစုံနှင့် အပိုင်းအစများ တွေ့ခဲ့ရာ လူကြီး ၁၂ ယောက်နှင့် ကလေး၈ယောက်၏ အရိုးစုများကို တွေ့ခဲ့ရသည်ဟု ပြောသည်။

နောက်တစ်ချိန်က ကျွန်မ စာတမ်းဖတ်ရမည့်အချိန် မတိုင်ခင်တစ်ချိန်။ ကျွန်မသူများ၏စာတမ်းကို နားထောင်ချင်တာက တစ်ကြောင်း၊ သူများတွေဘယ်လိုပြောလဲဟု လေ့လာပြီး ကိုယ်နှင့် ချိန်ထိုးချင်တာက တစ်ကြောင်းမို့ သွားတက်လိုက်ပါသည်။ အချိန်က နေ့လည်ထမင်းစားပြီးခါစ ထမင်းဆိပ်တက်ပြီး အိပ်ငိုက်ချင်နေသည့်အချိန်၊ အခန်းတွင်းက လေက နွေးနွေး၊ ပြောနေသည့်ခေါင်းစဉ်က ဝိဇ္ဇာကိုလေ့လာခြင်း တဲ့။

ဘိုးဘိုးအောင်နှင့် ဘိုးမင်းခေါင်တို့အကြောင်းတွေ ဖြစ်သည်။ ပြောနေသူက ပြင်သစ်လူမျိုးစစ်စစ်ကြီး။ ပြင်သစ်စကားသံဝဲသောအင်္ဂလိပ် စကားသံကို ကျွန်မ မနည်း အာရုံစိုက် နားထောင်နေရသည်။ ဘိုးဘိုးအောင်တို့ ဘိုးမင်းခေါင်တို့အကြောင်းတွေကို ကျွန်မလို မြန်မာလူမျိုးစစ်စစ်တောင် နားမလည်တာ သူက သေသေချာချာကြီးကို လေ့လာထားတာပါကလား။ ထိုဝိဇ္ဇာတွေနှင့် မြန်မာပြည်နိုင်ငံရေး၏ အဆက်အစပ်ကို ပြဖို့ ကြိုးစားနေခြင်း ဖြစ်သည်ဟု ကျွန်မ နားလည်သည်။ ကျွန်မ အဘွားကို သတိရသွားပါသည်။

ကျွန်မအချိန်မှာတော့ ကျွန်မပြောမည့်အခန်းမှာ လူက ခပ်နည်းနည်းပါပဲ။ မြန်မာလေးငါးယောက်နှင့် နိုင်ငံခြားသား ဆယ့်ငါးယောက်လောက်ပဲ ရှိသည့် အခန်းကျဉ်းလေးတစ်ခုပါ။ ကျွန်မ မျှော်လင့်ထားသလို ဖေဖေ့ကို ပရိသတ်ထဲတွင် တွေ့လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်မ ဖေဖေ့ကို ပြုံးပြလိုက်သည့်အခါ မနေ့ကထက် လျှော့လျှော့ရှုရှု ပြုံးလိုက်နိုင်သည်ကို သတိထားမိသည်။ ဖေဖေ့ ဘဝကို ကျွန်မ နားလည်ပေးရပေလိမ့်မည်။

'ကလေးကဗျာတွေဟာ လူမျိုးတစ်မျိုးရဲ့ စိတ်ဝိညာဉ်ကို ကြွယ်ဝအောင် ပြုလုပ်ပေးနိုင်ပါတယ်။ ကလေးကဗျာတွေဟာ ယဉ်ကျေးမှုကို သင်ပေးသလို တိုင်းပြည်ချစ်စိတ်ကိုလည်း သင် ပေးနိုင်ပါတယ်။ ကျွန်မတို့ မြန်မာကလေးကဗျာတွေဟာ အဆင့် အတန်း သိပ်မြင့်ပါတယ်။ ရသစုံလင်ရုံမက အတွေးအခေါ်ကိုပါ ပြင်ဆင်ပေးနိုင်တဲ့ အရည်အသွေးနဲ့ ပြည့်စုံပါတယ်'

ကျွန်မ၏ဆလိုက်ချပ်များသည် မနေ့ညက မောင် ပြင် ဆင်ပေးထားသည့်အတိုင်း ဖြစ်သည်။ ပထမဆုံးဆလိုက်မှာ 'ကလေးတစ်ယောက်ကို မွေးစကနေ အသက်ခုနစ်နှစ်အထိ ငါ့ထံ ပေးထားပါ။ ငါက ဒီကလေးကို လူကြီးဖြစ်လာအောင် လုပ်ပေး ပါမယ်' ဟူသည့်စာကြောင်းများ ဖြစ်သည်။

ထို့နောက် ကျွန်မ ကလေးခုနစ်နှစ်မတိုင်မီ လိုအပ်သော အာဟာရများတွင် ကိုယ်အာဟာရနှင့်အတူ နာမ်အာဟာရ၏ အရေးကြီးကြောင်း သက်သေပြချက်များဖြင့် ပြောပြပါသည်။ နာမ် အာဟာရအတွက်တော့ ကလေးကဗျာများက အတော်များများ အထောက်အကူပြုသည်။

ငယ်စဉ်က စာမဖတ်နိုင်သေးသည့်အရွယ်ကတည်းက မေမေက ကျွန်မကို ညအိပ်ရာဝင်ပုံပြင်တွေ ဖတ်ပြတတ်သည်။ ကျွန်မလိုပင် တခြားနိုင်ငံတိုင်းက မိခင်တို့သည် ကလေးများကို ညအိပ်ရာဝင်ပုံပြင်များ ဖတ်ပြကြသည်။ စာဖတ်ခြင်းဖြင့် ကလေး သည် စိတ်ကူးဉာဏ်ကွန့်မြူးခွင့်ကို အဆုံးအစမရှိ လွတ်လပ်စွာ ရရှိသည်။ ဗွီဒီယို ရုပ်မြင်သံကြားတွေနှင့်မတူ။ ကလေးသည် ပုံများ



ထောင်သည့်အခါ ကြားရသည့်စကားလုံးတွေနှင့်အသံနိမ့်မြင့်ဖြင့် သူ့ဟာသူ ပုံဖော်၏။ ကလေးသည် စာဖတ်တတ်လာသည့်အခါ အက္ခရာစာလုံးလေးများကို သူ့စိတ်ကူးထဲတွင် သူ ပုံဖော်၏။

အေးရိပ်သာတဲ့ ပညောင်ညို<br>
ဥသြတွန်သံချို<br>
ဒိုးယိုစီးတဲ့ နဒီတွင်း<br>
သမင်ရေသောက်ဆင်း၊<br>
မြက်ခင်းလဲ့လဲ့ မြေညီညီ<br>
ကံ့ကော်ဝတ်မှုန်စီ<br>
ဇာလီပျော်တဲ့ ကျောင်းသင်္ခမ်း<br>
လူလေးသွားချင်စမ်း။

ချစ်စရာကောင်းလိုက်တဲ့ကဗျာလေး။ ချိုသာသော ကာရံ လေးများဖြင့် စွဲမက်စရာကဗျာလေး။

ကလေး၏အာရုံထဲတွင် ဇာလီနှင့်ဂဏ္ဍာစိန် မောင်နှမ နှစ်ယောက် မိဘနှစ်ပါးနှင့်အတူနေထိုင်သော ဝင်္ကပါတောင်မှ ကျောင်းသင်္ခမ်းလေးကို မြင်လာမည်။ အရိပ်ကောင်းသော ညောင် ပင်ကြီးကိုမြင်လာမည်။ ထို ညောင်ပင်ကြီးသည် ဗောဓိညောင် မဟုတ်။ ပိန္နဲညောင်ဟုခေါ်သော ပင်ညောင်ပင်ကြီးဖြစ်မည်။

မင်းသုဝဏ်၏ညောင်ပင်ကြီးပေါ်မှာ ဥသြလေးကလည်း ချိုသာစွာ တွန်ကျူးလျက်ရှိသည်။ တဖြောင့်တည်း စီးဆင်းသည့် မြစ်ကမ်းစပ်တွင် သမင်လေးတွေက ရေသောက်ဆင်းနေပြန်သေး သည်။

ကလေးငယ်မြင်ဖူးသော မြစ်ကမ်းဘေးက တချို့ ညောင် ပင်ကြီးများသည် အမြစ်တွေ ဘေးသို့ပြန့်ကျယ်လျက် မုတ်ဆိတ်

www.burmeseclassic.com

www.burmeseclassic.com



ဖားဖား ကြီးတွေက မြေကြီးအထိ ထောက်ကန်လျက် ပတ်လည်ကို ကျယ်ဝန်းစွာ အရိပ်ရစေလျက်ရှိပေမည်။

မောင့်အဖေအိမ်သို့ ကျွန်မတို့ ရောက်ဖူးခဲ့သည်။ ပင်းဝ၏ သည်ဖက်ကမ်းက ပင်းဘုရားပွဲကျင်းပရာ ဘုရားကုန်းရွာသို့ ကျွန်မတို့ အုပ်စုလိုက် သွားခဲ့ကြဖူးသည်။ သီတင်းကျွတ်ကာလ တွေ မိုးကာလတွေမှာ မြင်ကွင်းအစုံ မြင်ဖူးသည်။ မြစ်နှင့်နီးသော ထိုတောလမ်းကနေ ခြေလျင်လျှောက်ကြသည်။ ဝက်ပါ ကဗျာထဲ က မြစ်လို သမင်လေး ရေသောက်ဆင်းတာကို မြင်ရလောက် အောင်တော့ မြစ်က လမ်းနှင့် အမြဲတမ်းမနီးပေ။ တစ်ခါတစ်ခါ နီးလိုက် တစ်ခါတစ်ခါ မြစ်နှင့်ဝေးသွားလိုက်။ လယ်ကွင်းတွေတ ကြားထဲမှာ ကွယ်လိုက်နှင့် မြစ်ကို လှည့်လှည့် ကြည့်ရ၊ ဘေးတ ညောင်ပင်ကြီးတွေကို ထိကိုင် ကြည့်ရနှင့်။ ကျွန်မ မောလို့ ထိုင်ချ ပစ်လိုက်သည့် ညောင်ပင်ကို အခုပြန်သွားလျှင် ကျွန်မ အတိအကျ မှတ်မိနေဦးမလား။

ကျွန်မကို နားထောင်နေသည့် အခန်းထဲကလူတွေရော ကျွန်မ မြင်သည့်ညောင်ပင်ကြီးတွေကို မြင်ယောင်ကြမလား။

ယနေ့ခေတ်တွင် ဗွီဒီယို ရုပ်မြင်သံကြား ဂိမ်း စသည် တို့က ကလေးတွေ၏နေ့စဉ်ဘဝမှာ တော်တော် နေရာယူနေကြပြီ။ ကလေးတို့သည် ယခုအခါ ကိုယ်တိုင်အားထုတ်ပြီး တက်ကြွစွာ ပုံဖော်သူအဖြစ်မှ သူတစ်ပါး ပုံဖော်ပေးထားသည်ကို အလိုက်သင့် လိုက်ပါ စီးမျောတတ်သူတွေ ဖြစ်လာခဲ့ပြီ။

မြန်မာကလေးကဗျာလေးများကို လူကြီးတွေ ရှာဖွေပြီး ကလေးတွေနှင့် မိတ်ဆက်ပေးလျှင် ကလေးတို့၏ တီထွင်ဉာဏ် ဖန်တီးဉာဏ်တို့ အားကောင်းလာရုံသာမက ကလေးတို့၏ ကိုယ့် ယဉ်ကျေးမှု ကိုယ့်အမျိုးချစ်စိတ် ကိုယ့်ကျင့်ဝတ်နီတိတို့ကိုလည်း



ရင့်သန်လာအောင် မြေတောင်မြှောက်ပေးပြီးသား ဖြစ်လိမ့်မည်ဟု ကျွန်မ ယုံကြည်သည်။

အခုလို လုပ်ငန်းစဉ်မျိုးတွင် စိတ်ရှည်ဖို့လိုအပ်သည်။ ဆိုးကွက်တစ်ခုကတော့ ရလဒ်ကို သက်သေပြဖို့ ညွှန်းကိန်း ရှာဖွေ ရန် ခက်ခဲခြင်းပေတည်း။ ဘယ်နှယောက်ကို ကဗျာဘယ်နှပုဒ် သင်ကြားပေးလိုက်သဖြင့် ဘယ်လို ယဉ်ကျေးလိမ္မာသွားပါသည် ဆိုတာမျိုး သက်သေပြဖို့ မလွယ်ကူသော လုပ်ငန်းစဉ်ဖြစ်သည်။

သို့သော် အောင်မြင်ခြင်းပုံပြင် သက်သေတစ်ခု ပြရမည် ဆိုလျှင်တော့ ကျွန်မ၏သက်သေသည် ယခုအခါ ပြင်သစ်နိုင်ငံ တောင်ပိုင်း ပရောဗန့်စ်နယ် ဆိုးမြို့တွင်နေထိုင်ပြီး ရန့်ကုထုံး ပညာရှင်အဖြစ် အသက်မွေးနေသော မြန်မာလူငယ် မောင်သက် ဝေ ဖြစ်သည်။ အချိန်ကာလကတော့ နှစ်ပေါင်း နှစ်ဆယ် ဖြစ်ပါ သည်။

ပြန်လှန်မေးခွန်းသုံးခုအတွက် အချိန်ရသည်။

မေးခွန်းမေးသူများမှာ နိုင်ငံခြားသားနှစ်ယောက်နှင့် မြန်မာတစ်ယောက်ဖြစ်သည်။ မြန်မာလူမျိုး မေးခွန်းရှင်သည် ဖေဖေ ဖြစ်နေတာ အံ့သြစရာမဟုတ်ပါ။ မေမေ့ လေ့လာ ဆန်းစစ်ခြင်း စီမံကိန်းဖြစ်သော 'ခုနစ်နှစ်မှ အထက်သို့' သည် ဖေဖေ၏ အကြံ ပေးမှုဖြင့် အကောင်အထည်ပေါ်လာခြင်းမို့ ဖေဖေက အစ အဆုံး မပါနိုင်သည့်တိုင် ရလဒ်အဖြေကို အခုချိန်ထိ စောင့်ကြည့် နေချင် ခဲ့သူ ဖြစ်သည်။

'မြန်မာနိုင်ငံမှာ ကလေးတိုင်း မူလတန်းအရွယ်မှာ ကဗျာ တွေ သင်ရတာပဲ။ ကလေးတိုင်း ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်း ကြရဲ့လား။ ကလေးကဗျာတွေက ကလေးတွေကို ကောင်းမွတ်မှု အတွက် ဖန်တီး ပုံဖော်ပေးနိုင်တယ်ဆိုရင် မြန်မာနိုင်ငံရဲ့ လက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



အနေအထားအရ ဘာဖြစ်လို့ အကျင့်ပျက်ခြစားတဲ့ လူတွေ များလွန်းနေတာလဲ'

ထိုအခါ အဖြေသည် ပညာရေးစနစ်၏ ချို့ယွင်းချက်ကို သိသာထင်ရှားစေသည့် ထင်မြင်ချက်မျိုး ဖြစ်လာတော့သည်။

ကဗျာကို သင်ကြားသူ ဆရာ ဆရာမသည် ကဗျာကို ကလေး တကယ်မြတ်နိုးအောင် သင်ကြားပေးနိုင်ရဲ့လား။ ကလေး၏ မိဘတို့သည် ကလေးကို ခုနစ်နှစ်မတိုင်မီ ကဗျာတွေ ပုံပြင်တွေနှင့် မိတ်ဆက်ပေးရဲ့လား။ ဆရာဆရာမ၏လက်ထဲသို့ အပ်လိုက်သော အချိန်သည် အနည်းဆုံး ငါးနှစ်ခွဲမှ ခြောက်နှစ်ခွဲအရွယ်ဖြစ်နေသည်။ ခုနစ်နှစ်အရွယ်အထိ မိဘနှင့်ဆရာ၏ လုပ်ပိုင်ခွင့်မှာ မညီမျှပေ။ မိဘက ငါးနှစ် ခြောက်နှစ်အထိ လုပ်ပိုင်ခွင့်ရှိ ပြီး ဆရာဆရာမ၏ လုပ်ပိုင်ခွင့်က နည်းပါးရသည့်အထဲ သင်ကြားပုံစနစ် မမှန်ကန်လျှင် ကလေးသည် စာကို တာဝန်အရ သင်ယူတာဖြစ်ပြီး နှလုံးသားဖြင့် သင်ယူတတ်ဖို့ အခွင့်အရေး မရနိုင်ပေ။

'ခင်ဗျားဘဝမှာ ကလေး ဘယ်နှယောက်ကို ကဗျာ သင်ပေးခဲ့ဖူးပါသလဲ။ အဲဒီအထဲက ဘယ်နှယောက်ကို ကျေနပ်အားရပါသလဲ'

ကျွန်မဘဝမှာ ဆယ်နှစ်အတွင်း မြန်မာကလေးပေါင်း နှစ်ရာ့ဆယ့်လေးယောက်ကို အင်္ဂလိပ်ကလေးကဗျာများ သင်ပေးရင်း အခွင့်ရလျှင် မြန်မာကဗျာတွေကိုလည်း မြန်မာလို တစ်မျိုး အင်္ဂလိပ်ဘာသာပြန်တစ်မျိုး သင်ကြားပေးခွင့်ရခဲ့သည်။ ကလေးနှစ်ရာကျော်ထဲမှ ကျွန်မ ဂုဏ်ယူရမည့် ကလေးပေါင်း နှစ်ဆယ့်ငါးယောက်နှင့် သုံးဆယ့်ငါးယောက်ကြားမှာ ရှိပါသည်။ သို့သော် ယခုလုပ်ငန်းစဉ်သည် ကျွန်မတို့ ဆက်သွားရမည့် ခရီးစဉ်ဖြစ်သည်။ ရလဒ်ကို အတိအကျ တိုင်းထွာတွက်ချက်ရန် မဖြစ်နိုင်ပါ။ ထို



ကလေးများသည် ယခုအခါ အသက် ခုနစ်နှစ်မှ ဆယ့်ခုနစ်နှစ်အတွင်းမှာ ရှိကြသေးသည်။ နောက် အနှစ်နှစ်ဆယ် သုံးဆယ်မှာ ယခုထက် တိကျသည့်အဖြေ ထပ်ရလာပါလိမ့်မည်။

ကလေးကဗျာသင်ကြားသူတွေသည် နိုင်ငံတကာတွင် လက်ရှိ တွင်ကျယ်နေသော အီလက်ထရွန်းနစ်မီဒီယာနှင့် ယှဉ်ပြိုင်ပြီး ကလေးတို့ကို ဆွဲဆောင်နိုင်ရန် မည်သည့်အရည်အသွေးများဖြင့် ပြည့်စုံရန် လိုအပ်သည်ဟု ထင်ပါသလဲ။

ထိုအဖြေကို ကျွန်မထက် မေမေက ပိုဖြေနိုင်လိမ့်မည် ထင်ပါသည်။ မေမေသာ ဆိုလျှင် ဘယ်လို ဖြေမှာပါလိမ့်။ ကျွန်မတို့ မြန်မာနိုင်ငံလို တတိယကမ္ဘာနိုင်ငံမှာပင် အီလက်ထရွန်းနစ်မီဒီယာက အလယ်အလတ်တန်းစားနှင့် အထက်လွှာကလေးတို့ကို လွှမ်းမိုးနေပြီမို့ ထိုမေးခွန်းကို ကျွန်မကိုယ်ကျွန်မလည်း မကြာခဏ မေးကြည့်ဖူးခဲ့ပါသည်။

ကျွန်မ ရလာသည့်အဖြေကတော့ ကလေးကဗျာကို သင်ကြားပေးမည့်သူတို့သည် ကလေးကဗျာကို ကလေးအမြင်ဖြင့် ဦးစွာ ချစ်တတ်အောင် နှလုံးသားကို အရင် ပြုပြင်ယူရမည် ဟု ထင်ပါသည်။ နောက်ပြီး ကဗျာအနုပညာ၏စွမ်းအင်ကို အမှန်တကယ် ယုံကြည်သူဖြစ်ရမည်။ ကိုယ်တိုင်က ဖန်တီး တွေးခေါ်ဉာဏ်ရှိသူ ဖြစ်ရမည်။ ထည့်တွက်သင့်သည့် အချက်တစ်ခုကတော့ အချို့ကလေးတို့သည် သင်ယူရာတွင် တတ်မြောက်မှု လျှင်မြန်ပြီး တချို့ကလေးတို့သည် နှေးကွေးသည်။

ပြီးဆုံးသွားသည့်အခါ ဒီနေ့ကတော့ တော်တော်ကို ရှည်လျားတဲ့နေ့ပါပဲဟု ကျွန်မ ရေရွတ်မိသည်။ စိတ်ရောလူရော ပင်ပန်းသောကြောင့်ပါ။ သို့သော် ကျွန်မအနားတွင် ဖေဖေနှင့် မောင် ရှိနေခြင်းသည် ကျွန်မထင်သည်ထက် ပိုပြီး ချောမွေ့စေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ည မောင်လေး မမကို ညစာကောင်းကောင်း ကျွေးလို့ရပြီ။ မာဆေးရဲ့အကောင်းဆုံးဆိုင်ဆိုတာလေ'

'ကျွေးမှာပေါ့ မမ။ ဒါပေမယ့် မာဆေးက ဆိုင်ကို မသွားခင် မမကို ဒီနားတစ်ဝိုက်ကို ပို့ပေးချင်သေးတယ်'

'ဒီနားမှာ ဘာတွေ ရှိလဲမောင်'

'ဒီနားမှာလား။ ပင်လယ်ထဲက ရေလယ်ကျွန်းပေါ်မှာ အိ(ဖ်)ရဲတိုက်ရှိတယ်။ အဲဒါက မွန်တီခရစ်စ်တိုနယ်စားကြီး ဝတ္ထုထဲက ဇာတ်ဝင်ခန်းတချို့ရဲ့ အခြေခံနေရာလေ။ မွန်တီခရစ်စ်တို မဖြစ်ခင်က အက်ဒ်မန်ဒန်တဲ ရောက်နေခဲ့တဲ့ အကျဉ်းထောင်ပေါ့'

'အို ဒါက တကယ်ရှိတာလား'

'မဟုတ်ဘူးလေ။ ဒီ ရှာတိုးဒိ(ဖ်)လို့ခေါ်တဲ့ ရဲတိုက်ကြီးက မူရင်းက တကယ့်ထောင်ကြီး။ အဲဒီထောင်ကို အလက်ဇန္ဒြားဒူးမားက ဝတ္ထုထဲမှာ ထည့်ရေးလိုက်တာလေ မမရဲ့'

'အော် ဒီလိုလား။ ဒါဖြင့် အဲဒီမှာ ဘာရှိလဲ'

'အကျဉ်းခန်းတွေ ရှိတာပေါ့။ သံတိုင်တွေနဲ့။ တကယ့်အကျဉ်းသားတွေ နေခဲ့ရတဲ့နေရာတွေလေ။ အဲဒီမှာ အက်ဒ်မန်ဒန်တဲဆိုတဲ့ နာမည်နဲ့ အကျဉ်းခန်းတစ်ခု တကယ်ရှိတယ်။ ဒါတို့ မမတို့ ဟိုတယ်ကနေ လှမ်းကြည့်ရင်တောင် မြင်နိုင်တယ်။ မမ ပြတင်းကနေ ကြည့်ကြည့်ဖူးလား'

'အင်း ကြည့်ဖူးတယ်။ ဒါပေမယ့် မမအခန်းက ရှုခင်းကောင်းတဲ့အခန်းမဟုတ်တော့ ဟိုတယ်ရှေ့တည့်တည့်က ရင်ပြင်ကိုပဲ မြင်ရတာ မောင်ရဲ့'

'အဲဒီရဲတိုက်ကို ရောက်ဖို့ တစ်မိုင်လောက်တော့ မော်တော်စီးရမယ်။ မမ စိတ်ဝင်စားရင် လိုက်ပို့မယ်။ ဒါပေမယ့် ဒီနေ့တော့ အချိန် နည်းနည်း နောက်ကျနေပြီ'



'ဟုတ်လား'

'နောက်တစ်နေရာက အိပ်က်စ်အွန်ပရောဗန့်စ် ဆိုတဲ့ နေရာလေး။ အဲဒီနေရာက မာဆေးတစ်ဝိုက်မှာ အနုပညာနဲ့ ဆက်စပ်နေတဲ့နေရာလေးပေါ့။ ပန်းချီဆရာတွေ အနုပညာသမားတွေ အဲဒီမှာ ရှိတယ်။ ပန်းချီကားတွေ ဆွဲနေတာ မြင်ရမယ်။ ရောင်းလည်း ရောင်းတယ်။ အဲဒီမှာ ကျနော် စိတ်ဝင်စားဆုံးကတော့ ပီကာဆိုရဲ့ နွေရာသီစံအိမ် ရဲတိုက်ပဲ'

'တကယ်'

'တကယ်ပါ မမရဲ့။ ပီကာဆို တကယ်နေခဲ့တဲ့ နွေရာသီစံအိမ်ပေါ့။ အဲဒီ အိပ်က်စ်အွန် ပရောဗန့်စ် အထိ မမတို့အဖွဲ့တွေ သွားဖို့ အစီအစဉ် ပါချင်မှ ပါမယ်လေ'

'မပါဘူး။ ဒီမာဆေးတစ်ဝိုက်ကို မြင်ကွင်းကောင်းကောင်းနဲ့ အထက်ဆီးက မြင်ဖို့ နိုထရာဒမ်း ဒလာဂါးဒ် ကိုတော့ ပို့ပေးမယ်ပြောတယ်'

Notre-Dame de la Garde သည် မာဆေး၏ အမြင့်ဆုံး ကုန်းမြင့်ပေါ်မှာတည်ဆောက်ထားသည့် ကက်သိုလစ် ဘုရားကျောင်း တစ်ခုဖြစ်သည်။

'ဒါဖြင့် ဒီနေ့ ပီကာဆိုစံအိမ်ကို သွားကြရအောင် အဲဒီနားမှာ အစားအသောက် သိပ်မဆိုးတဲ့ ရှုခင်းကောင်းတဲ့ ဆိုင်လေးတွေ အများကြီးပဲ။ အဲဒီမှာစားကြရအောင်'

အိပ်က်စ်အွန်ပရောဗန့်စ်ဒေသ (Aix-en-provence)သို့ ရောက်ပြီး စားသောက်ဆိုင်တွေဆီသို့ လမ်းလျှောက်သွားသည့် ခရီးမှာ ဝဲယာနှစ်ဖက်လုံး၌ စိမ်းစိုသော သစ်ပင်တွေ ပန်းပင်တွေ လှပစွာ ခြံရံလျက် ရှိ၏။ အဲဒီအထဲမှာ တစ်ခုသော အိမ်တစ်အိမ် ရှေ့တွင် ခပ်ပုပု ချုံပင် တစ်အုပ်ကို မောင်က ပြသည်။ ပွင့်နေသော

www.burmeseclassic.com

www.burmeseclassic.com



ပန်းတို့က ခရမ်းရောင်။ နိုးတံတစ်လျှောက်မှာ အစီအရီဖူးနေသည့် ခရမ်းရောင် ပန်းခက်များသည် လေထဲတွင် ယိမ်းခါလျက် ရှိသည်။

'တွေ့လား ပရောဗန့်စ်မှာ နေရာတိုင်းမှာ လာဗင်ဒါပင်တွေ အလေ့ကျပေါက်တယ်မမ'

ပတ်ဝန်းကျင်မှာ မြင်မြင်သမျှက ပန်းပွင့်တွေ အလှချုံနွယ်ပင်တွေချည်းပဲ။ အိမ်တွေမှာ ခြံဝန်းမရှိလျှင်တောင် အိမ်ရှေ့နားမှာ အိမ်နံရံဘေးမှာ ပန်းချုံပင်ငယ်များကို စိုက်ပျိုးထားကြ သည်။ တချို့အိမ်တွေမှာတော့ ဝရံတာလက်ရန်းတို့ကို ပန်းနွယ်ပင်တို့နွယ်တက်အောင် ပြုပြင်စိုက်ပျိုးထားကြသည်။ အဖြူ၊ အဝါ၊ ပန်းရောင်၊ ခရမ်းရောင် ပန်းများပွင့်သော အစိမ်းရောင် သစ်ရွက်နွယ်များသည် နံရံတို့တွင် ဝရံတာတို့တွင် သိပ်သည်းစွာ ရောစပ်လျက် ရှိသည်။ လက်ရာမြောက်သည့် ပန်းချီကားများသဖွယ် လှပနေ၏။ တိုက်ခတ်လာသည့်လေက လတ်ဆတ် သန့်ရှင်းသည်။

လမ်းအနည်းငယ်လျှောက်သွားပြီးတော့ လူရှင်းသော အရိပ်ရသောဆိုင်ကို ကျွန်မတို့ ရွေးကြသည်။ ဆိုင် တော်တော်များများသည် လမ်းဘေးသစ်ပင်ရိပ်သို့ ချခင်းထားကြသည်။ သစ်ရွက်လှုပ်ခပ်သည့် မြင်ကွင်း၊ တလွင့်လွင့်ကြွေကျလာသည့် ရွက်ဝါကြွေများနှင့် ပန်းပွင့်ချပ်လေးများ၏မြင်ကွင်း၊ လမ်းနှင့် ကပ်လျက်မြက်ခင်းပြင်ကျယ်နှင့် စနစ်ကျသည့် သစ်ပင်ချုံပင်တို့ အလွန်တွင် စိမ်းစိမ်းညို့ညို့ တောင်ကုန်းမြင့်မြင့် မြင်ကွင်း၊ ဒါတွေ ပေါင်းဆုံလိုက်သည့်အခါ စားသောက်ဆိုင်သည် ရင်ခုန်စရာ ဖြစ်လာလေသည်။

'အဲဒါ စန့်ဗစ်ထွား တောင်ကုန်းလို့ခေါ်တယ်'

ကျွန်မလှမ်းမျှော်ကြည့်နေသော တောင်ကုန်းမြင့်မြင့်ကို မောင်က လိုက်ကြည့်လျက် ပြောပြသည်။



အင်္ဂလိပ်လိုဆိုလျှင် စိန့်ဗစ်ထရီတောင်ကုန်းလို့ ခေါ်ရမှာပေ့ါနော်။ နာမည်လေးက ကောင်းလိုက်တာ။ အတိတ်နမိတ်ဆိုတာကို ကျွန်မ ယုံရမည်ဆိုလျှင် ဒါဟာ အောင်မြင်မှုအမိပ္ပါယ် မဟုတ်လား။

'ဒီက စားသောက်ဆိုင်တွေက သိပ်အကောင်းကြီးတော့မဟုတ်ဘူး။ ဒါပေမဲ့ ရှုခင်းလှတယ်။ နေရာကောင်းတယ်။ စိတ်ချမ်းမြေ့တယ်။ ဟိုး မှာ မြင်နေရတဲ့ မှိုင်းမှိုင်းညို့ညို့ တိုက်အိမ်ကြီး အစိမ်းပုတ်ရောင် အဲဒါက ပီကာဆိုနေခဲ့ဖူးတဲ့နေရာပဲ'

အော်။ ပြင်သစ်နိုင်ငံသည် အနုပညာနှင့် အနုပညာရှင်တို့ဖြင့် ပြည့်စုံ ထုံမွှမ်းလျက်ရှိသောနိုင်ငံပါကလား။

ကျွန်မ လှမ်းမြင်နေရသော စန့်ဗစ်ထွား တောင်ကုန်းဆီသို့ ငေးကြည့်မိပြန်သည်။ အပြာရောင်တောင်ကုန်း။ စိမ်းမှောင်သည့်အပိုင်းက တစ်ပိုင်း ဖြူဖျော့သည့်အပိုင်းက တစ်ပိုင်း။ ကောင်းကင်ဆီမှာ တိမ်တချို့ ခပ်ဖြည်းဖြည်း လွင့်နေသည်။

'အဲဒီမြင်ကွင်းမျိုးကို မမ ခဏခဏ ရင်းနှီးနေသလိုပဲ'

'အဲဒီတောင်ကုန်းကို ပေါလ်ဆေဇန်းက ရာသီအမျိုးမျိုးမှာ အရောင်အမျိုးမျိုးနဲ့ ပုံတူအများကြီးရေးဆွဲဖူးတယ်'

'ပေါလ်ဆေဇန်း ဟုတ်လား'

မောင် အသံထွက်ပြီးရယ်သည်။

'မမ ကျွန်တော့်ကို မွေးနေ့လက်ဆောင်ပေးတဲ့ သီချင်းစာအုပ်ထဲမှာ ဒီစန့်ဗစ်ထွား တောင်ကုန်းကို ရေးထားတဲ့ ဆေဇန်းရဲ့ ပန်းချီပုံလေး ကပ်ထားပေးတယ်လေ။ မမ မမှတ်မိဘူးလား'

'ဟင် ဟုတ်လို့လား'

'ဟုတ်တယ် မမရဲ့။ ဒါတောင် မမှတ်မိဘူးဆိုရင် ဘယ်သီချင်းမှာ ကပ်ပေးခဲ့တာလဲလို့ ပိုတောင် မမှတ်မိလောက်ဘူးပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခပ်ရှက်ရှက်ဖြင့် ပြုံးလိုက်မိသည်။ ကျွန်မ ဘယ်လိုလုပ်ပြီး မှတ်မိမှာလဲ။ သီချင်းတွေက အများကြီးကို။

'ကျနော် ဆိုပြမယ်။ အဲဒီသီချင်းကို မမ သတိရမလား လို့ နားထောင်ကြည့်'

ထို့နောက် မောင်က စာသားတွေကို ဂီတသံစဉ်တစ်ခုဖြင့် ခပ်တိုးတိုး သီဆိုပြသည်။

'ဘယ်သူ ပြောနိုင်မလဲ၊ လမ်းက ဘယ်ကို သွားမှာလဲ
နေ့က ဘယ်ကို စီးဆင်းသွားမှာလဲ'

'အို သိပြီ။ အဲဒါ အန်ညာရဲ့သီချင်း။ အချိန်သာလျှင်တဲ့'

ပဟေဠိအဖြေကို ခပ်မြန်မြန်ဖြေလိုက်သည့် ကလေးမတစ်ယောက်လို ကျွန်မ ပျော်သွားသည်။ မောင်ကလည်း ကျေနပ်သွားသလို ပြုံး၏။

'တော်သေးတာပေါ့ မမ မှတ်မိလို့။ ဟုတ်တယ်။ အချိန်သာလျှင် ဆိုတဲ့သီချင်း။ သိပ်ကောင်းတဲ့သီချင်းပဲ မမရဲ့'

ထို့နောက် မောင်က ဆက်ဆိုသည်။

'ဘယ်သူပြောနိုင်မလဲ မင်းအချစ် ပျံသန်းသွားတဲ့အခါ
မင်းနှလုံးသားက ဘာကြောင့် ပင့်သက်ရှိုက်မိလဲဆိုတာ
ဘယ်သူ ပြောနိုင်မှာလဲ မင်းအချစ်က လိမ်ညာတဲ့အခါ
မင်းနှလုံးသားက ဘာကြောင့်ငိုကြွေးမိလဲဆိုတာ
အချိန်ကပဲ ပြောနိုင်ပါလိမ့်မယ်'

မောင်က ရုတ်တရက် သီချင်းညည်းတာရပ်ပြီး ကျွန်မအား အစ်ကိုတစ်ယောက်က ညီမကို ကြည့်သလို ကြင်နာစွာ ကြည့်လေသည်။

'အဲဒီ သီချင်းဘေးမှာ မမ ကပ်ထားတာ ဒီ စန္ဒီဖစ်ထွားစောင်ကုန်းပုံကို ဆေးဇန်းဆွဲထားတဲ့ ပန်းချီပုံပေါ့'



ကျွန်မ မောင့်ကို သဘောကျစွာ ပြုံးကြည့်မိသည်။

'မောင်က ဘယ်လိုလုပ်သိတာလဲ။ ပန်းချီပုံနာမည် ပါလို့လား။ မမ ရေးမထားမိပါဘူး'

'မပါဘူး။ ဒါပေမယ့် မမ ယုံမလားမသိဘူး။ မမပေးတဲ့ အဲဒီစာအုပ်ထဲက စကားလုံးတိုင်း ပုံတိုင်း အရောင်တိုင်းကို ကျနော် အလွတ်ရတယ်။ ပုံတွေကို ထပ်ခါထပ်ခါ ကြည့်ပြီးရင် ကျနော် လိုက်ရှာတယ်။ မမက သီချင်းတွေကိုပဲ ခေါင်းစဉ်နဲ့ အဆိုတော်နာမည်နဲ့ ရေးပေးပေမယ့် ပုံတွေကို အညွှန်းတပ်မပေးဘူးလေ။ ဒီတော့ ကျနော် စိတ်ရှည်လက်ရှည်ရှာတာပေါ့။ အဲဒီတော့ တွေ့တာပေါ့။ ကျနော် တန်ဖိုးအထားဆုံး မွေးနေ့လက်ဆောင်ပါပဲ မမရယ်'

ကျွန်မ စိတ်ထဲမှာ ကြည်နူးစွာ ပြီးတော့ လွမ်းဆွတ်စွာ ပြုံးလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၅)

မောင်နှင့်ကျွန်မ၏ နောက်ဆုံးနေ့ကို ကျွန်မ အမျိုးမှ အဖုံဖုံ ကြိုတင် စိတ်ကူးကြည့်ခဲ့ဖူးပါသည်။ မာဆေးလေဆိပ်သို့ အလာတုန်းက ကိုဉာဏ်လင်းအောင်က လာကြိုခဲ့ပေမယ့် အပြန်မှာ မောင် ကျွန်မကို လေဆိပ်အထိ ပြန်ပို့ပေးမည်ဟု မျှော်လင့်ကြည့်ခဲ့သည်။ နောင်ဘယ်တော့ ပြန်တွေ့မည်ဟု မသေချာသော ခွဲခွာရမည့်အချိန်တွင် မောင်သည် ကျွန်မ ရင်ခွင်ထဲသို့ ခေါင်းဝင်တိုးလျက် မငိုသလို ငိုသလို အသံအက်အက်ဖြင့် နှုတ်ဆက်လာလိမ့်မည်။ ကျွန်မ၏နှလုံးသားက မောင့်အနားမှာ ကျန်ရစ်ခဲ့ပြီး ကျွန်မကိုယ်ခန္ဓာကတော့ လေဆိပ်လူဝင်မှုကြီးကြပ်ရေး ကောင်တာတွေဆီသို့ ခြေလှမ်းနှေးနှေးဖြင့် နွမ်းနယ်စွာ ကြေကွဲစွာ လှမ်းနေရလိမ့်မည်ဟု တွေးခဲ့သည်။

သို့သော် မောင့်ဘက်ကလည်း ကျွန်မ စိတ်ထိခိုက်မှုနည်းအောင် သို့မဟုတ် သာသာထိုးထိုးလေး တွေးကြည့်လျှင် မောင်ကိုယ်တိုင်၏ စိတ်ထိခိုက်မှုနည်းအောင် အသက်သာဆုံးနည်းကို သူ့နည်းသူ့ဟန်နှင့် တွေးနေခဲ့မည်ထင်ပါသည်။

'မမ ကျနော် မမကို လေဆိပ်လိုက်ပို့စေချင်လားဟင်'

မောင်က ပါးနပ်သော ရင့်ကျက်သော လူတစ်ယောက် ဖြစ်ခဲ့ပါပြီကော။ သူ့ဘက်က အများနည်းနိုင်သမျှ နည်းလိုသူ၊ ဘာ



ကိုမှ ဆုံးဖြတ်ချက် ချမပေးလိုသူ လူလည်တစ်ယောက်လည်း ဖြစ်နေပြီပေါ့နော်။

'မင်းက လိုက်မပို့ချင်ဘူးလား မောင်'

'မမက ပို့စေချင်သလားလို့ မေးတာပါ'

'မမကလည်း မင်းလိုက်မပို့ချင်ဘူးလားလို့ မေးနေတာ'

သူ သက်ပြင်းတစ်ချက် ရှိုက်၏။

'မမ လိုက်ပို့စေချင်ရင် ကျနော် လိုက်ပို့မယ်။ မမ မလိုက်စေချင်ရင် ကျနော် လိုက်မပို့ပေးဘူး။ မမ ဘယ်လိုဖြစ်စေချင်လဲ'

လိမ္မာပါးနပ်လိုက်သည့် ကောင်လေးဟု ခါးသက်သက်ပြုံးမိသည်။

'မမက ဘာကို ဖြစ်စေချင်တယ်ဆိုတာထက် မောင် ဘယ်လို ဖြစ်ချင်သလဲဆိုတာကို မမ ပိုစိတ်ဝင်စားတာပါ'

သူ ရယ်သည့်အခါ ရယ်သံက အက်တက်တက်။

'ဒါဆို မမ တော်တော် ပြောင်းလဲသွားပြီလို့ မှတ်ချက်ချရမယ် ထင်တယ်နော်။ အရင်ကတော့ ကျနော့်ဘဝတစ်ခုလုံးကို မမလက်ထဲမှာ ကျနော် ထည့်ထားတာ။ မှောက်လိုမှောက် လှန်လိုလှန် မမ စိတ်တိုင်းကျပဲ ကျနော် နေခဲ့တာ'

'အဲဒီအချိန်တွေမှာ မောင် စိတ်ဆင်းရဲခဲ့သလား'

'ကျနော် ပျော်ပါတယ် သိပ်ပျော်ပါတယ်'

ကျွန်မတို့ စကားဆက် ပြတ်သွားပြန်သည်။ ကျွန်မတို့နှစ်ယောက်ရှေ့ အောက်ဘက်တွင် ပြာလွင်သော မက်ဒီတာရေးနီးယန်းပင်လယ်ကြီး ရှိနေသည်။ မြင့်မားသော တံတိုင်းများ အခိုင်အခန့် ကာရံထားသည့် ရဲတိုက်၏ ကျယ်လွင့်သော မျက်နှာစာရင်ပြင်ကြီးပေါ်မှာ တံတိုင်းကို အားပြုလျက် ရပ်နေစဉ်က အောက်ဘက်ဆီမှ ကျောက်ဆောင်တွေကို ရေလှိုင်း ကြမ်းကြမ်း

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပစ်လိုက်သည့်အသံ၊ လှိုင်းသံ၊ ပင်လယ်လေတဝုန်းဝုန်း တိုက်ခတ်သံတွေကို နားထောင်နေရင်း ကျွန်မ မွန်းကြပ်လာသည်။

ဖြစ်မှဖြစ်ရလေ။ မြန်မာပြည်သို့ ပြန်ခါနီးရက်မှာမှ ထွက်ပြေးဖို့ ဘယ်လိုမှ မလွတ်မြောက်နိုင်သော အကျဉ်းထောင်ကြီး တစ်ခုသို့ ကျွန်မတို့နှစ်ယောက်အတူတွဲပြီး အလည်လာခဲ့ကြသတဲ့။

ကြမ်းတမ်းသောလေသည် ကျွန်မကို ယိမ်းယိုင်သွားစေလုမတတ် ဖြစ်၏။ ကျွန်မ ခေါင်းမှာ စည်းထားသည့် ပိုးပုဝါလေးကို လက်ဖြင့် ဆုပ်ထွေးပြီး ကိုင်မထားလျှင် ဟိုးအောက်ဘက် ရေပြင်ဆီသို့ လွင့်စင်ကျသွားမှာ သေချာသည်။ ကျွန်မ ဘာဖြစ်လို့ အိ(စ်)အကျဉ်းထောင်ကြီးဆီသို့ လာခဲ့မိပါလိမ့်။ ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်နိုင်သည့်နေရာဖြစ်လို့ပေါ့။ ဒါနဲ့ပဲ ကျွန်မက လာရသတဲ့လား။ စိတ်ကျဉ်းကြပ်မွန်းနေသူအတွက် ပိုပြီး အခံရဆိုးဝါးစေသောနေရာတစ်ခုပါပဲ။

'ဒါဖြင့် မမပဲ ပြောပါ။ ကျနော်က မနက်ဖြန်မှာ လေဆိပ်ကို လိုက်ပို့ချင်တယ် ထင်လား၊ လိုက်မပို့ချင်ဘူးထင်လား။ ကျနော် ဘယ်လို ဖြစ်စေချင်မယ်လို့ မမ ထင်လဲ'

မောင်နှင့် ပြန်တွေ့ကတည်းက ကျွန်မ ရင်ထဲကစကားတွေ မေးခွန်းတွေကို မြိုသိပ်ပြီး ပြောသင့်သည့်စကားတွေကိုပဲ ပြောခဲ့ရ၊ မေးသင့်သည့်မေးခွန်းတွေကိုပဲ မေးခဲ့ရတာ စိတ်တွေ ပင်ပန်းလှပါပြီ။ စိတ်ကို လွှတ်ချလိုက်ပြီး တစ်ခါလောက် ကိုယ်သိချင်ဆုံးကိစ္စကို မေးပစ်လိုက်ချင်ပေမယ့် အဲဒါ အင်ကြင်းဝေမှ မဟုတ်ဘဲ။

အခုလည်း ကြည့်ပါ။ ကျွန်မက သူ့စိတ်ကို ခန့်မှန်းပြီး ထင်မြင်ချက် ပေးရဦးမယ်တဲ့။ ကျွန်မ ခန့်မှန်းတာ မှန်ဖို့ မမှန်ဖို့က လိုရင်းအချက် မဟုတ်ပါ။ ကျွန်မ သိပါသည်။

ကျွန်မ ဘယ်လို ဖြေရပါ့မလဲ။



ကျွန်မ လိုရာကို ဆွဲပြီး ဖြေလို့ရပါရဲ့။ သို့သော် အဲဒီလိုတော့လည်း မဖြစ်သင့်ပါ။

'မောင် မမကို လေးနှစ်လုံး အဆက်အသွယ်မလုပ်ခဲ့တဲ့ အမှန်တရားတစ်ခုကို မမက ဘယ်လိုလုပ်ပြီး မသိချင်ယောင်ဆောင်လို့ ရမလဲ။ မောင် မမကို မတွေ့ချင်ဘူး၊ မမြင်ချင်ဘူး။ မမဆီ စာမရေးချင်ဘူး။ ဖုန်းမဆက်ချင်ဘူး။ မောင်ဘယ်ရောက်နေတယ်ဆိုတာတောင် မမကို အသိမပေးချင်ဘူး။ အဲဒီစိတ်ကို မမ သိနေမှတော့ မောင် လေဆိပ်ကို လိုက်ပို့ချင်လား လိုက်မပို့ချင်ဘူးလား မမ ခန့်မှန်းပေးစရာ လိုသေးလို့လားကွယ်'

ကျွန်မ ပင်လယ်ပြာဆီသို့ ငုံ့ကြည့်နေမိသည်။ ကျွန်မ သူ့ရှေ့မှာ မငိုချင်ပါ။ အသံလည်း မတုန်ချင်ပါ။ ကျွန်မက လူကြီးလေ။ သူ့လို လူငယ်မှ မဟုတ်ဘဲ။ ကျွန်မ ထိန်းနိုင်ရမှာပေါ့။

'မမ ကျနော် မမကို မတွေ့ချင်လို့ မမြင်ချင်လို့ ထွက်ခဲ့တာတော့ မဟုတ်ဘူး။ မမအနားမှာ ကျနော် ဆက်နေရင် မမရဲ့ ဂုဏ်သိက္ခာ ညှိုးနွမ်းစေမယ့်အဖြစ်တွေ ဖြစ်သွားမှာစိုးလို့လေ'

ဘာအဖြစ်တွေလဲ။ ကျွန်မ တကယ်ပဲ သိချင်ပါသည်။ သို့သော် သူဖြေမည့်အဖြေကို ကျွန်မ မကြားချင်ပါ။

'မမက ကျနော့်ကို ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ဘူးဆိုတာ ကျနော် သိလိုက်ပြီလေ မမ။ ကျနော် မမနဲ့ နီးနီးနေရက်ပါတော့မလား။ ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့စကားတွေအောက်မှာ မမနစ်အောင် ကျနော်က တွန်းပို့ပေးသလို ဖြစ်မှာ ကျနော် မခံနိုင်ဘူး။ မမက နှစ်ယောက်လုံးသက်သာမယ့်လမ်းကို မှ မရွေးချင်ခဲ့ဘဲကိုး'

အောက်ဘက်မှာ ကျွန်မတို့လို ခရီးသွားဧည့်သည်တွေကို လာကြိုသော သင်္ဘော ဆိုက်ကပ်ဖို့ ရဲတိုက်ဆီ ချဉ်းကပ်လာနေပြီ

www.burmeseclassic.com

www.burmeseclassic.com



ကို မြင်နေရသည်။ ရဲတိုက်အောက်ခြေသို့ အုတ်လှေကားများဖြင့် ဆင်းပြီး အောက်ဘက်ကမ်းပါးသို့ ရောက်အောင် ခပ်သွက်သွက် လှမ်းမှ ရတော့မည်။

'မောင် တို့ကို လာခေါ်တဲ့သင်္ဘောလာနေပြီ။ တို့ ဆင်းကြရအောင်'

မောင် ပြန်ချင်ပြီလား နောက်တစ်ခေါက်သင်္ဘောကို စောင့်ချင်သလား မသိချင် မေးလည်း မမေးချင်တော့ဘဲ နေရာမှ ချက်ချင်း လှည့်ထွက်လာခဲ့မိသည်။ မောင် နောက်က အပြေးလိုက်လာသည့် ဖိနပ်သံကို ကြားရသည်။

'မမ'

သူ့ကို မစောင့်လျှင် ကျွန်မ စိတ်ကောက်သွားပြီဟု မထင်သာ့ထင်သာ ထင်သွားမှာစိုးလို့ စိတ်ကို ထိန်းကာ ပြန်လှည့်ကြည့်လိုက်ပါသည်။

'ကျနော်တို့ ညစာစားကြမှာမဟုတ်လား'

'အေး စားမယ်လေ'

နောက်ဆုံးညစာပေါ့။ ထိုစကားကိုတော့ ကျွန်မ မပြောလိုက်တော့ပါ။

မာဆေးမြို့တွင် ဆိပ်ကမ်းဟောင်းသည် ညအခါ အစည်ကားဆုံးနေရာတစ်ခု ဖြစ်သည်။ စားသောက်ဆိုင်များသည် နွေလေညင်းကို ခံယူနိုင်ဖို့ ဆိုင်အပြင်မှာ ဖြန့်ခင်းထားကြတာ များ၏။

'မမ ဝိုင်နည်းနည်း သောက်မလား'

'နိုး'

ကျွန်မ မူးချင်ပါရဲ့။ သို့သော် ကျွန်မ မောင်နှင့်အတူ ရှိနေချိန်တွင် ဝိုင်မသောက်ချင်ပါ။ ဟိုတုန်းကတည်းက စည်းကမ်း



ကန့်သတ်ချက်တွေနှင့် နေလာခဲ့တာ အခုအခါမှာ ပိုလို့တောင် စည်းကမ်းချက်တွေ များမှ ဖြစ်ပါမည်။

'ဒီကာဗီယေက ရှန်ပိန်နဲ့ ဒါမှမဟုတ်လည်း ဝိုင်နဲ့မှ လိုက်ဖက်တာကို'

'ဘာနဲ့ပဲ လိုက်လိုက် မလိုက်လိုက်ကွယ်'

'ဒီလိုလုပ် ဒီမှာ ပါတီးစ် ဆိုတဲ့ ဘီယာလို ယမကာတစ်မျိုး ရှိတယ်။ ဒီကလူတွေ သောက်ကြတာ။ သိပ်နာမည်ကြီးတာပဲ။ မမ မြည်းကြည့်မလား'

'နိုး။ ဘာ ယမကာမှ မသောက်ပါဘူး'

'ဒါပေမယ့် မမ ကိုဇော်လတ်အတွက်တော့ ဝိုင်ဝယ်မယ် မဟုတ်လား။ ကျနော် ဝယ်ပေးလိုက်မယ်လေ။ ဘယ်ဝိုင် ကောင်းတယ်ဆိုတာ မမ မသိနိုင်ဘူး'

'အေး ဝယ်ပေးလိုက်လေ'

'ဒီကပြီးရင် မိုနိုပရီးဆူပါမားကက်ကို သွားပြီး ဝယ်မယ်'

'ဝိုင် နှစ်ပုလင်းဝယ်ပေးနော် မောင်'

'ဟုတ်ကဲ့'

ကျွန်မတို့ ညစာစားသည့်ဆိုင်သည် ဆိပ်ကမ်းအစပ်မှာ ဖြစ်သဖြင့် ဆိုက်ကပ်ထားသော ရွက်လှေပေါင်းများစွာကို မြင်ရသည်။ လေတိုက်ခတ်မှုကြောင့် ဆိုက်ကပ်ထားသော ရွက်လှေတို့ လှုပ်ယမ်းနေလေသည်။ ကျွန်မတို့စားပွဲ၏ စားပွဲခင်းအဖြူလေးကလည်း တလွင့်လွင့် လှုပ်နေသည်။

'အခု ဒီကပြန်ရင် မမကို ဟိုတယ်လိုက်ပို့ပေးရင်း မမ အိပ်ရာမဝင်ခင် ညဆယ်နာရီမှာ မမ ရေနွေးစိမ်ဖို့ အေရိုမာ သရပ်နည်းနဲ့ ရေချိုးကန်ကို ရေပူနဲ့ ပြင်ဆင်ပေးမယ်။ မာဆေးကမပြန်ခင် စိတ်ရောကိုယ်ပါ လန်းဆန်း အပန်းပြေသွားအောင်လေ'

www.burmeseclassic.com



ကျွန်မ မောင့်ကို ခပ်တွေတွေငေးကြည့်မိသည်။ အဲဒါက မောင် ကျွန်မဆီမှာ ညဉ့်နက်တဲ့အထိ နေမယ်ဆိုတဲ့ အဓိပ္ပါယ်လား။ ဒါမှမဟုတ် တစ်ညလုံးနေမယ်ဆိုတဲ့အဓိပ္ပါယ်လား။ မဟုတ်နိုင်ဘူး။

'အဲဒီလို ရန့်တွေနဲ့ ရေနွေးစိမ်ပြီးရင် မမ စိတ်သစ်လူသစ်ဖြစ်သွားမယ်။ မမစိတ်မှာ နာကျင်မှုတွေရှိနေရင် သက်သာသွားမယ်။ ဘယ်လောက်ထိ စိတ်သစ်လူသစ်ဖြစ်မလဲဆိုရင် သက်ဝေဆိုတဲ့ ဘုန်းကြီးကျောင်းသားလေးကိုတောင် မေ့ပျောက်သွားလိမ့်မယ် သိလားမမ'

'ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်ကွယ်'

'စမ်းကြည့်မယ်လေ'

သူ အပြုံးစစဖြင့် ကျွန်မကို စိုက်ကြည့်လိုက်သည့်အခါ ကျွန်မ ရင်ထဲမှာ လှိုက်ခနဲခုန်လျက် နွေးထွေးသွားသည်။

'ကျနော့်အလုပ်က စိတ်ကုဆရာဝန်က လူနာကို ရောဂါရာဇဝင် မေးသလိုပဲ လူနာကို မျက်နှာချင်းဆိုင်ထိုင် မေးမြန်း စကားပြောပြီး လူနဲ့လိုက်ဖက်မယ့် ရန့်နဲ့အမွှေးဆီတွေ ဖယောင်းတိုင်တွေကို ညွှန်းပေးရုံ ဒါမှမဟုတ် စပ်ပေးရုံပဲ။ စတူန်း(န်)ဗီလာမှာဆိုရင်တော့ လိုအပ်ရင် အနှိပ်ကျွမ်းကျင်တဲ့ မိန်းကလေးတွေက ဆက်လုပ်ပေးသွားတာပေါ့'

'အော် ဒီလိုလား။ မင်းကိုယ်တိုင်တော့ အဆီနဲ့လိမ်းပြီး နှိပ်ပေးတာတို့ဘာတို့ လုပ်စရာမလိုဘူးပေါ့'

မောင် ဟက်ဟက်ပက်ပက် ရယ်မောပါသည်။

'ဟာ မမကလည်း၊ မလိုဘူးလေ။ သူဖြစ်နေတဲ့ အခြေအနေကို မေးမယ်။ သူခံစားနေရတဲ့ ဝေဒနာကိုမေးမယ်။ရန့်ကုထုံးနဲ့ ကုလို့ရလား ဒါမှမဟုတ် ကြီးမားတဲ့ရောဂါတစ်ခုခုနဲ့ ဆက်စပ်



နေလား စစ်ဆေးမယ်။ သူ့မှာ အနံ့မတည့်တာ ယားယံတာ အင်ပြင်ထတာ ဖြစ်ဖူးသလား မေးမယ်။ ပြီးရင် သူနဲ့ သင့်တော်မယ့် အမွှေးဆီကို ပေးလိုက်ရုံပဲလေ။ ဆရာဝန်က လူနာကို သင့်တော်တဲ့ ဆေးပေးလိုက်သလိုပဲပေါ့ မမရဲ့'

'အော်'

ကျွန်မ ရယ်မိတော့မလို ဖြစ်သွား၏။ မောင်က ရိုပ်မိပုံပေါ်သည်။

'အမယ် အထင်မသေးပါနဲ့။ ကျနော် သင်တန်းတက်တဲ့ စရိတ်က သိပ်တော့မနည်းလှဘူး။ သင်တန်းကြေးချည်းပဲ ဒေါ်လာလေးထောင်လောက်ကုန်တယ်။ အမွှေးဆီတို့ ဖယောင်းတိုင်တို့ ဖော်စပ်တာ ဝယ်တာ မပါသေးဘူးနော်'

'ဒါဖြင့် လူနာတစ်ယောက်ကို စမ်းသပ်ခ ဘယ်လောက်ယူလဲ'

'ဒါက လူနာရဲ့ ဝေဒနာအခြေအနေပေါ်မူတည်တယ်။ ယူရိုငါးဆယ်ကနေ တစ်ရာခုနစ်ဆယ့်ငါးယူရိုလောက်အတွင်းပါပဲ'

ကျွန်မတို့ စကားစပြတ်သွားပြန်ပြီး ညစာကို ဆက်စားဖို့ ကြိုးစားကြပြန်သည်။ မောင့်လက်ပတ်နာရီကို လှမ်းကြည့် လိုက်တော့ ညခုနစ်နာရီထိုးတော့မည်ကို မြင်နေရသည်။

'အချိန်တွေ အကုန်မြန်လိုက်တာနော် မောင်။ မနက်ဖြန်ဆို မမ ပြန်ရတော့မယ်'

မောင်က ကျွန်မကို ငေးကြည့်နေရာမှ မျက်လွှာချလိုက်ပြီး သူ့လက်ထဲကိုင်ထားသော ဇွန်းနှင့်ခရင်းကို အသာချလိုက်သည်။

'ကျနော် မမကို လေယာဉ်ကွင်းလိုက်မပို့ချင်ဘူးလို့ မမ ခန့်မှန်းတာတော့ မှန်ပါရဲ့မမရယ်။ ဒါပေမယ့် လိုက်မပို့ချင်တဲ့ အကြောင်းပြချက်ကတော့ မှားတယ်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



စကားအဆက်အစပ်မရှိ ပြောလာသည်။

အလွန်ရိုးစင်းသော အကြောင်းပြချက်ကို ပေးတော့မလို့လား။ ကျွန်မ သူ့ကို ပြုံးကြည့်လိုက်မိသည်။

'ပြောပါဦး ဘယ်လိုများ လွဲသွားလို့လဲ'

'မမက အချိန်တွေ အကုန်မြန်တယ်ဆိုလို့ပါ။ ကျနော် သီချင်းတစ်ပုဒ်ကို သွားသတိရမိလို့။ အဲဒါကလည်း မမ ရေးပေးတဲ့သီချင်းစာအုပ်ထဲ ပါတဲ့သီချင်းပဲ။ နာရီက ကလစ်ကလစ်နဲ့မြည်နေတယ်ဆိုတာကို သွားသတိရမိတယ်'

'ဘာသီချင်းပါလိမ့်'

'ဘလက်ခ်မိုး(စ်) နိုက်(တ်)ရဲ့သီချင်း'

'အော် သိပြီ'

The clock ticks on သီချင်းသည် သံစဉ်လေးလည်းကောင်းပြီး စာသားတွေကလည်း အဓိပ္ပါယ်အပြည့် တွေးစရာတွေကို ပေးလေသည်။

'အဲဒီသီချင်းထဲကလိုပဲ ကျနော်က အတိတ်မှာပဲ နေခဲ့ချင်တာ မမရယ်'

သီချင်းကို ကျွန်မ ကူးရေးရုံသာဖြစ်ပြီး အလွတ်မရပါ။ ထို့ကြောင့် မောင် ပြောလိုသည့်အဓိပ္ပါယ်ကို ကျွန်မ မသိပါ။ မောင်က ကျွန်မမျက်နှာမှ ဇဝေဇဝါအမူအရာကို အကဲခတ်မိဟန် တူ၏။

'သီချင်းကို ကျနော် အလွတ်ရတယ်။ ဘာကြောင့် အလွတ်ရလဲလို့ မေးဦးမလား။ မမ ကူးရေးပေးတဲ့ သီချင်းမို့လေ။ အဲဒီထဲက သီချင်းတိုင်းကို ကျနော် အလွတ်ရတာကိုး'

ကျွန်မ နာကျင်စွာ ပြုံးမိပါသည်။ ထိုစကားတွေက ကျွန်မကို သက်သာရာရစေမည်ဟု မောင်ထင်နေသလားမသိပါ။



မောင်က သံစဉ်မပါဘဲ ကဗျာရွတ်သလို ခပ်ဖြည်းဖြည်းရွတ်ပြသည်။

As the secret fades..
and though the clock ticks on to the future
it's the past my heart will stay
In a time so far away from me
I'll return someday...

လျှို့ဝှက်မှုတွေ မှေးမှိန်ပြီး ကွယ်ပျောက်သွားတဲ့အခါပြီးတော့ နာရီစက်သံ တချက်ချက်က အနာဂတ်ဆီကိုပဲ သွားနေပေမယ့် ကျနော့်နှလုံးသား ကျန်နေခဲ့မှာတာက အတိတ်ဆီမှာပါပဲ၊ ကျနော့်ဆီကနေ သိပ်ကို ဝေးကွာလွန်းတဲ့အချိန်ဆီကို တစ်နေ့နေ့တစ်ချိန်ချိန်မှာတော့ ကျနော် ပြန်လာဖြစ်ပါလိမ့်မယ်။

အတိတ်မှာပဲ ကျန်ရစ်နေချင်သူက သတ္တိနည်းတဲ့သူပဲဟု ကျွန်မ ပြောလိုက်ချင်သော်လည်း ပြောခွင့်မရှိပါ။

ဝိုင်နှစ်ပုလင်းကိုသယ်လျက် ဟိုတယ်သို့ မောင်က ကျွန်မကို လိုက်ပို့ပေးသည်။

'မမ ဝရံတာ ခဏထွက်ပြီး မာဆေးလေညင်းလေးကို ခံလိုက်ပါဦးလား။ ကျနော် မမရေနွေးစိမ်ဖို့ ရေချိုးကန်ကို ပြင်ဆင်ပေးမလို့'

မောင်က ကျွန်မကို ချော့ချော့မော့မော့ ပြောလာတော့ ကျွန်မ မျက်ခုံးပင့်ပြီး ပြုံးလိုက်မိသည်။

'အိုကေ'

ရတာပေါ့။ ကျွန်မလည်း ပြောရမည့် စကားတွေကို ရွေးချယ်ပြီး ပြောသင့်မပြောသင့် စဉ်းစားရင်း မောင်နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ မွန်းကြပ်စွာ မနေချင်ပါ။ ကျွန်မ ဝရံတာထွက်ပြီး မာဆေး၏ညကောင်းကင်ကို မော့ကြည့်ရင်း ကြယ်တွေကို လိုက်ရှာနေမိသည်။ မောင့်သတင်းကို မကြားရသည့် နှစ်တွေတုန်းက ကျွန်မ ကြယ်တွေကို မောင့်နာမည် စာလုံးပေါင်းပြသည့် အလုပ်ကို စိတ်လွတ်လက်လွတ် လုပ်မိသည်။

ကြယ်ကလေးရေ ငါ့မှာ မောင်လေးတစ်ယောက် ရှိတယ်။ သူ့ကို နင် မြင်မိလား။ သူ့နာမည်က မောင်သက်ဝေတဲ့။ သ ကသတ်သက် သဝေထိုး ဝရေ ဝေ သက်ဝေ။ သူ နေကောင်းရဲ့လား၊ သူ ပျော်နေရဲ့လား။ သူ စိတ်ချမ်းသာနေရဲ့လား။ နင်သိလား။

ကျွန်မ ကြယ်တွေနှင့်စကားပြောတတ်သွားတာ ကိုလတ်သိတော့ ကျွန်မအား စိတ်ရောဂါဖြစ်နေပြီဟု နောက်တီးနောက်တောက် ဝေဖန်လေသည်။

'နင် သက်ဝေကို ချစ်သလား အင်ကြင်း'

ကိုလတ် အတည်ပေါက်မေးတုန်းက ကျွန်မ ချက်ချင်းမဖြေနိုင်ဘဲ ခပ်တွေတွေ ဖြစ်သွားခဲ့သည်။ လေးငါးဆယ်စက္ကန့်မျှ စဉ်းစားပြီးတော့ အဲလိုအချစ်မျိုးနဲ့ချစ်တာ မဟုတ်ဘူးထင်တာပဲ ကိုလတ်ရယ် ဟု ခပ်ဆဆ ဖြေခဲ့မိပါသည်။ ကိုလတ်က ခေါင်းခါယမ်းနေခဲ့သည်။

'မင်းမျိုးဆက်ဆိုတဲ့လူက နင့်ကိုယ်နင် လှည့်စားတဲ့နေရာမှာ အသုံးချတဲ့လူပါ အင်ကြင်းရယ်။ နင့်ကို ငါ ငယ်ငယ်ကတည်းက သိလာခဲ့တာပါ'

ကိုလတ်၏ ကောက်ချက်စကားကို ကျွန်မ ထပ်ငြင်းလိုက်ဖို့ ကောင်းသည်ဟု အခုမှ ပြန်သတိရသွားသည်။ ကျွန်မ မငြင်းခဲ့မိပေ။ အဲဒီတုန်းက ကျွန်မ ကိုလတ်ကို ဘယ်လို ပြန်ပြောလိုက်မိပါလိမ့်။ တစ်ခုခုတော့ ပြောခဲ့သည်။ ဘာပါလိမ့်။



ကျွန်မနောက်ဘက်မှာ တံခါးတစ်ချပ် ဖွင့်သံ ကြားလိုက်သည်။ အခန်းထဲကလေအေးက ကျွန်မနောက်ကျောဆီသို့ တိုးဝင်လာသည်ကို သတိပြုမိသည်။

အပြင်ကလေနွေးနွေးက ကျွန်မ ရင်ဘတ်မှာ နွေးစေပြီး နောက်ဘက်က လေက ကျွန်မကျောကို အေးစေသည့် ထူးဆန်းသော ခံစားချက်ကို အာရုံထဲ ထည့်ထား မိသည်။

'မမ'

နောက်လှည့်ကြည့်လိုက်တော့ ခပ်လှမ်းလှမ်းက မီးရောင်ဖြင့် အလင်းကျနေသော မျက်နှာတွင် တည်ငြိမ်သောအပြုံးဖြင့် မောင် ရပ်နေတာ ကျွန်မနှင့် ကပ်ကပ်လေး။

'လာ မမ မြီးမြီ။ လာကြည့်ပါဦး'

ကျွန်မတို့ အခန်းထဲ ပြန်ဝင်လိုက်သည့်အခါ မောင်က ဝရံတာ တံခါးကို ပြန်စေ့ပိတ်လိုက်၏။ ရေချိုးခန်းဆီသို့ နှစ်ယောက်အတူ လျှောက်လာကြသည်။ မောင်က ရှေ့ရောက်သွားပြီး ရေချိုးခန်းတံခါးကို ဖွင့်လိုက်၏။ ထို့နောက် 'ဗွားလား' ဟု ပြင်သစ်သံပီပီသသဖြင့် သူ့လက်ရာကို ပြလေသည်။

လွန်ခဲ့သည့် ခုနစ်နှစ်လောက်တုန်းက ကျွန်မ မောင့်အတွက် ဘဲဥချဉ်ရည်ဟင်းချက်ပေးတုန်းက မြင်လား ဟူသော အဓိပ္ပါယ်ဖြင့် ထိုစကားလုံးအတိုင်း ကျွန်မ ရေရွတ်ခဲ့ဖူးသည်ကို ပြန်သတိရသွား၏။

ဟိုတယ်ရေချိုးခန်းသည် ကျွန်မ မမှတ်မိတော့သော အသစ်တစ်ခု ဖြစ်သွားသည်။ နံရံမှာ မွေးပွမျက်နှာသုပ်ပုဝါတို့က ကျွန်မဆီတွင် နဂိုက ရှိမနေသော အဝါနုပေါ်မှာ ခရမ်းရောင်လာဗင်ဒါခက်များ ဒီဇိုင်းခြယ်သထားသည့် ပုဝါသစ်များဖြစ်သည်။ ရေချိုးကြွေကန်ထဲမှာတော့ မွှေးရနံ့ကြွယ်သည့် ရေနွေးတို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ထားပြီးပြီ။ ရေထဲတွင် ပန်းခက်လေးများ ချစ်စဖွယ် ပေါလောမြောလျက် ရှိသည်။ အနားတွင် ဖယောင်းတိုင်လေးများ ငါးခုလောက် ထွန်းထားသည်။ ထိုဖယောင်းတိုင်တို့ဆီမှ မွှေးရနံ့သည် ကျွန်မတို့ရှိရာ ရေချိုးခန်း တံခါးဝဆီအထိ ပျံ့လွင့်လာသည်။

ပြီးတော့ အခန်းထဲမှာပင် ဂီတသံက ညင်းညင်းနွဲ့နွဲ့ ပျံ့ လွင့်နေသည်။ ရနံ့ရော ဂီတသံရော ပူနွေးသည့်ရေရော။ နူးညံ့သည့် ပန်းပွင့် ပွင့်ချပ်လေးများရော။ နေပါဦး နောက်ထပ် ကျွန်မကို ဘာအာရုံနှင့်များ သူ ကုသပေးနိုင်ဦးမှာပါလိမ့်။ ကျွန်မ နွေးခနဲ ရင်ခုန်လာသည်။

'မမ အဲဒီမှာ စိတ်ကြိုက် အချိန်ယူပြီး စိမ်ပေတော့။ အဲဒီဂီတက မမမွေးနေ့ ရာသီဂြိုဟ်ခွင်နဲ့ တိုက်ပြီး ရှာဝယ်ထားတဲ့ ဂီတ ဒီရေနွေးထဲမှာ ထည့်ထားတာကလည်း မမနဲ့သင့်တော်မယ့် အမွှေးဆီဆပ်ပြာလေးတွေ။ ဖယောင်းတိုင်ကလည်း မမအတွက် လိုအပ်မယ့်ရနံ့ပဲ။ ကျွန်တော့်ပညာကို မမ အံ့သြသွားမှာပါ'

ကျွန်မ အသံထွက်ပြောလျှင် အသံတုန်သွားမည်ကို သိသဖြင့် ရယ်ရုံပဲ ရယ်လိုက်မိသည်။

'ကျွန်တော် မမကို မမတစ်ယောက်တည်း သီးသန့်နေမို့ ထားခဲ့တော့မယ်။ ကျွန်တော် ဆိုးကို ဒီညပဲ ပြန်တော့မယ်'

ကျွန်မ အံ့သြတကြီး ရင်ညွှန့်ဆီမှ ကျင်ခနဲ နာသွား၏။ သူ့ကို မော့မကြည့်မိအောင် အားတင်းပြီး ညီညီညာညာလင်းနေသော နှင်းဆီပန်းပုံ ဖယောင်းတိုင်လေးများကို ငေးကြည့်နေရ သည်။

'လေဆိပ်ကို ကျတော်လိုက်မပို့စေချင်ဘူး မဟုတ်လား'

ကျွန်မ ခေါင်းမညိတ် ခေါင်းမခါမိ။

'မမ ခရီးလမ်းပမ်း ချောမွေ့လုံခြုံပါစေ'



ထို့နောက် ကျွန်မ၏နောက်ကျောမှာ သူ နီးကပ်လာသည်ကို ခံစားရသည်။ ဘယ်လိုသိသလဲဟု မမေးပါနှင့်။ ကျွန်မ သိပါသည်။ ကျွန်မနောက်ကျောဆီမှာ နွေးနွေးလေး ခံစားလိုက်ရတာလည်း ပါမည်။ ကျွန်မ ဆံဖျားတွင် ထွက်သက်လေဖြင့် လှုပ်ခတ်သွားတာလည်း ပါလိမ့်မည်။ ကျွန်မ လက်မောင်းလက်ဖျံမှာ ကြက်သီးမွေးညင်းထသွားတာလည်း ပါလိမ့်မည်။ အသေချာဆုံးကတော့ ကျွန်မလည်တိုင်ဂုတ်ပိုးဆီမှာ အနူးညံ့ဆုံး ထိတွေ့မှုတစ်ခုကို ခံစားလိုက်ရလို့ပါ။

လှည့်မကြည့်နဲ့။ လှည့်ကြည့်လိုက်လျှင် ကျွန်မ၏ တင်းထားသမျှ စိတ်တွေ ပြိုလဲတော့မှာ။

မေမေက ကျွန်မကို ကောင်းကင် တစ်နေရာရာဆီမှ လှမ်းကြည့်နေသလို ခံစားရသည်။ ကျွန်မ မောင့်ကို လှည့်ကြည့်လို့ မဖြစ်ပါ။

မောင်သည် ကျွန်မနှင့်နီးကပ်စွာ ·သည်အတိုင်း စက္ကန့်များစွာ ရပ်တန့်နေသည်။ စကားလည်း တစ်ခွန်းမှ မပြော။ နောက်ထပ် သက်ပြင်းလေးမှ ထပ်မရှိုက်။ ရှိုက်ခဲ့လျှင်လည်း ကျွန်မမကြားအောင် တိုးတိုး တိတ်တိတ်ပေါ့။

တော်တော်ကြာသွားပြီး ကျွန်မ လှည့်မကြည့်တော့တာ သေချာသွားတော့မှ မောင်က စကားတစ်ခွန်းပြောသည်။

'မမ ကျွန်တော် မြန်မာပြည်ကို ပြန်လာမယ်။ မမ စိုးရိမ်စိတ်ထင့်နေတဲ့အဖြစ်မျိုး ဘယ်တော့မှ မဖြစ်စေရဘူးလို့ ကျွန်တော့်ကိုယ်ကျွန်တော် သေချာတဲ့နေ့မှာ ကျွန်တော် ပြန်လာမယ်'

မောင့်အသံက တည်ငြိမ်မှုတွေ ပျက်ပြားလာသည့်အသံဟု ကျွန်မ ထင်ပါသည်။

ကျွန်မ မောင့်ကို သနားသည်။ မောင့်ကို လှည့်ကြည့်ချင်

www.burmeseclassic.com

www.burmeseclassic.com



လှပြီ။ လှည့်ကြည့်လိုက်ရမလား။ သို့မဟုတ် မောင့်လက်ဖျားလေးကို ဖြစ်ဖြစ် ထွေးဆုပ်လိုက်ရမလား။

'မမ မမကတော့ အင်္ဂလိပ်စာယူတာမို့ သိချင်မှသိမှာ။ ကျွန်တော်ကတော့ ဓာတုဗေဒသမားမို့ သိတယ်။ တချို့ဓာတ်တွေက သိပ်မြင့်တဲ့အပူဒဏ်ကို ခံလိုက်ရရင် ဓာတ်ပြယ်သွားတယ် မမရဲ့။ ဥပမာ'

မောင် စကားခဏရပ်ထားသည်။ ကျွန်မ လှည့်ကြည့်ပြီး မေးခွန်းမေးဖို့ အချိန်ပေးလိုက်တာလား။ ကျွန်မကို မောင် ဒုတိယအကြိမ် အခွင့်အရေးပေးလိုက်တာလား။ ကျွန်မ မိုက်မဲစွာပင် လှည့်မကြည့်ခဲ့ပါ။

'ဂျစ်ပဆန်ဆိုတဲ့ ဓာတ်စင်တစ်မျိုးရှိတယ်။ သူက အပူဒီဂရီ ၁၂၅ထိ ပေးပြီးရင် ပြာဖြစ်သွားတယ်။ အဲဒီပြာက နှစ်မျိုးကွဲသွားတာပေါ့ မမရယ်။ အဲဒီပြာကို ဘယ်လိုခေါ်လဲဆိုတော့ ပြာကျသေဆုံးလို့ခေါ်တယ်။ အင်္ဂလိပ်လိုတော့ burnt and dead တဲ့။ မီးလောင်ပြာကျပြီးတဲ့နောက် ဘာဓာတ်မှ ပြန်မဖြစ်တော့ပဲ သေသွားတာ မမ'

အဲဒါ ဓာတုဗေဒသင်ခန်းစာတွေလေ၊ မမတို့ဘဝနဲ့ ဘာဆိုင်လို့ အခုလို ပြောနေရတာလဲ။ ကျွန်မ လှည့်ကြည့်ပြီး မေးလိုက်ဖို့ အခွင့်အရေးပါပဲ။ ဟင့်အင်း။ မမေးနဲ့။

'ဒီတော့ ကျွန်တော် ပြောချင်တာက မမဆီ ကျွန်တော် ပြန်လာမယ်။ ဒါပေမယ့် အချိန်ကို စောင့်ရမယ်။ ကျွန်တော့်ကိုယ် ကျွန်တော် သေချာမှ ပြန်လာမယ်။ မမလည်း စိတ်မပင်ပန်းအောင် ကျွန်တော်လည်း စိတ်မဆင်းရဲအောင် မှုခြေတစ်ခုကို ရောက်ရင် ကျွန်တော်ပြန်လာပါမယ်'

မောင် တဖြည်းဖြည်း ကျွန်မနှင့်ဝေးကွာသွားသည်။



ကျွန်မ သိသည်။ ကျွန်မ အခုနေ မောင် ဟု တစ်ခွန်း လှမ်းခေါ်လိုက်လျှင် မောင် လှည့်ကြည့်မှာ။

ကျွန်မ ခေါ်လိုက်ရမလား။

စိတ်ထွေပြားစွာ ဆုံးဖြတ်ချက်တွေ ခဏခဏ ပြင်တတ်သောမောင်သည် ကျွန်မခေါ်လျှင်သူဆုံးဖြတ်ထားတာတွေ အကုန်ဖျက်ပစ်မှာပဲ သေချာပါသည်။

တံခါးဖွင့်သံ၊ ပြီးတော့ တံခါး ပိတ်သံ။

ကျွန်မ နှုတ်ခမ်းတွေ တင်းနေအောင်စေ့ထားမိရင်း မျက်ရည်တွေ တလိမ့်လိမ့်ကျလာနေသည်။

ဓာတ်သိမ်းတွေထဲမှာတော့ ဒီဓာတ်သိမ်းကို ကျွန်မ မျှော်လင့်မထားခဲ့မိပါ။

www.burmeseclassic.com

www.burmeseclassic.com



(၆)

လေတံခွန်လွှတ်တဲ့အခါ အချိန်တန်ရင် လေတံခွန်ကို ဘီးလုံးဆီ ပြန်ရုတ်သိမ်းလိုက်နိုင်တာကို အောင်မြင်မှုလို့ ခေါ်မလား။

ဒါမှမဟုတ် ကောင်းကင်ကို လွှတ်တင်လိုက်တဲ့ လေတံခွန်ရဲ့နှောင်ကြိုး အပ်ချည်ကြိုးမျှင်လေး လေအရှိန်နဲ့ နောက်ဆုံး ပြတ်ကျသွားပြီး မျက်စိအောက်ကနေ ပျောက်ကွယ်သွားတဲ့အထိ အဝေးဆီ လွင့်မျောအောင် လွှတ်ပေးလိုက်နိုင်ရင် အောင်မြင်မှုလို့ ခေါ်ရမလား။

လေဆန်ကိုတွန်းတိုးပြီး ကောင်းကင်အမြင့်ထိ လေတံခွန်လေး တက်သွားအောင် လွှတ်တင်ရတာ ဘယ်သူမဆို ပျော်ရွှင်ကြတာချည်းပဲ။ ရစ်ဘီးလုံးဆီမှာ ထိန်းချုပ် ကြိုးကိုင်ထားတဲ့ အပ်ချည်ကြိုးဆီကနေ လွှတ်အောင် တွန်းထိုး၊ ယိမ်းနွဲ့၊ လေနဲ့ ခါရမ်း၊ ကြိုးမျှင်လေး ပြတ်တောက်အောင် အချိန်မရွေး ရုန်းထွက်သွားနိုင်တဲ့ လေတံခွန်လေးကို ကိုယ့်ဆီ ပြန်ရောက်လာအောင် ထိန်းချုပ်ပြီး ပြန်သိမ်းချင်ကြသူတွေချည်းပါပဲ။ ကိုယ့် ထိန်းချုပ်မှုက လွတ်ထွက်ပြီး လေအဟုန်မှာ ပြတ်သွားတဲ့အထိ လွှတ်ပေးလိုက်ရတဲ့အရသာကို ဘယ်သူက နှစ်သက်မှာလဲ။

ကိုယ်က လွဲရင် ပေါ့။ ခပ်ကြောင်ကြောင် အတွေးတွေ တွေးတတ်တဲ့ ကိုယ်က လွဲရင်ပေါ့ မောင်ရယ်။

'မနှမြောဘူးလား ဟင် မမ'

ကိုယ့်ကို မင်း တခါတုန်းက မေးခဲ့ဖူးတယ်။ အဲဒီတုန်းက ကိုယ်က ဟန်နဲ့ပန်နဲ့ အေးအေးဆေးဆေး ဖြေခဲ့ဖူးတယ်လေ။

'နှမြောတော့နှမြောတာပေါ့။ ဒါပေမဲ့ လေတံခွန်တစ်ခုရဲ့ဘဝက ကောင်းကင်မှာသာ ရှိတာကိုး။ ဘီးလုံးနားမှာ အပ်ချည်နှောင်ကြိုးနဲ့ ပြားကပ်ပြီး လွှတ်တင်မယ့်သူကို စောင့် မျှော်နေရတာ ဘယ်လောက်များ အဓိပ္ပါယ်မဲ့လိုက်မယ့်ဘဝလဲ။ သွားပါစေ၊ လေကို ဆန်ပြီး ပျံ့ဝဲ လွင့်မျောသွားလိုက်စမ်းပါစေ။ လွတ်လွတ် လပ်လပ် ယိမ်းခါလူးလှိမ့်ရှားရင်း၊ ပျံ့ဝဲရင်း၊ မျက်စိအောက်ကနေ ပျောက်ကွယ်သွားမယ့်လေတံခွန်လေးကို ဂုဏ်ယူစိတ်တစ်ဝက် နှမြောတမ်းတစိတ်တစ်ဝက်နဲ့ ကျေနပ်ပြီး လွမ်းကျန်ရစ်ခဲ့ရတဲ့ အရသာကို ကိုယ်က ကြိုက်တယ်လေ'

လွမ်းကျန်ရစ်ရတဲ့အရသာ။

ဘယ်လောက်များ မိုက်မဲလိုက်တဲ့ စကားပါလိမ့်။

အခုတော့ ကိုယ့်ရဲ့ကောင်းကင်မှာ လေတံခွန်လေး မရှိတော့ပါလား။ ကိုယ်ကိုယ်တိုင်ပဲ ဖြတ်တောက်ပေးလိုက်မိတာ လား။ ဒါမှမဟုတ် လေတံခွန်လေးကိုယ်တိုင်က ဇွတ်အတင်း ရုန်း ခါတိုးထွက် လေဆန်ဆီ ပျံ့ဝဲ တက်သွားခဲ့လို့လား။

လေတံခွန်လေးကတော့ ပျောက်ကွယ်သွားခဲ့ပါပြီ။

လေတံခွန်လေးရေ။

အဆုံးအစမရှိတဲ့ ကောင်းကင်ပြင်ကြီးမှာ မင်းလေး ပျော်ရွှင်ပါရဲ့လား။ လွတ်လပ်ပါရဲ့လား။ ပြတ်ကျန်ရစ်ခဲ့လို့ ညွတ်ကျနိမ့်ဆင်းသွားတဲ့ ကြိုးလေးတစ်မျှင်ကို တိမ်တိုက်တွေ ကြားကနေ မင်း မြင်နေဆဲလား။ မင်းကို တင်းနေအောင် အနားမှာ အမြဲတွဲ

www.burmeseclassic.com

www.burmeseclassic.com



ချည်မထားရက်လို့ မင်းလိုသမျှ ဖြေလျှော့ပေးဖို့ လုံလောက်အောင် စကြဝဠာ တန့်တလျား ရှည်ဆန့်ပေးမယ့် ကြိုးလေးပါ။ မမြင်သာတဲ့ ကြိုးမျှင်လေးပါ။ မင်းမောလာရင်တော့ မင်း ပြန်နားနိုင်ဖို့ အသာလေး ရုတ်သိမ်းပေးမယ့် ကြိုးတစ်ချောင်းပေ့ါ။

ညပေါင်းများစွာ တမ်းတရင်း လွမ်းမောရာက သံသယတစ်ခု ဝင်လာခဲ့တယ်။ ကြိုးပြတ်သွားတဲ့ လေတံခွန်လေးတစ်ခု ရှိတာတော့ မှန်ပါရဲ့။ ဒါပေမယ့် တဝဲလည်လည် ယမ်းခါ ယိမ်းထိုးပြီး လေနှင်ရာ လွင့်မျောသွားတဲ့လေတံခွန်ဟာ မင်းမှ ဟုတ်ရဲ့လား။ အခုအခါ ခိုနားရာမဲ့ လေကိုဆန်ရင်း ဝဲပျံ ယိမ်းယိုင်နေရသူက မင်းမဟုတ်ဘဲ ကိုယ် ကိုယ်တိုင်ပဲ ဖြစ်နေခဲ့ပြီလား။

ကိုယ်ကမှ မင်းကောင်းကင်ရဲ့ လေတံခွန်လေးများလားကွယ်။

ဂျူး

www.burmeseclassic.com